# ကုသရေလလူမျိုး
# ခရီးစဉ်

# ဣသရေလလူမျိုး ခရီးစဉ်

ကယ်တင်ခြင်းမှ ရင့်ကျက်ခြင်းနှင့် ဘုန်းအသရေတိုးခြင်းသို့
ရောက်ရှိရန် ခရစ်တော်၌ ယုံကြည်သူများ၏
ဝိညာဉ်ရေးရာ ခရီးစဉ်ကို လေ့လာခြင်း

**Dr. Brian J. Bailey**

၂၀၁၃ ခုနှစ်၊ ဇွန်လ

အသင်းတော်အတွင်းကန့်သတ်

“The Journey of Israel”
© 2010 Brian J. Bailey
All rights reserved
Second Edition (ISBN # 0-8900381-92-6)

2nd Edition
June, 2013

Printed in Myanmar
Printed by:
ZION CHRISTIAN PUBLISHERS

# ဆက်ကပ်အပ်နှံခြင်း

မိမိလူတို့အား အီဂျစ်ပြည်မှ ကတိတော်ပြည်သို့
နေ့အချိန်တွင် မိုးတိမ်နှင့်
ညအချိန်တွင် မီးတိုင်သဖွယ်
လမ်းပြပို့ဆောင်သော ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်အား
ဆက်ကပ်အပ်နှံပါသည်။

ကျွန်ုပ်တို့၏ ဖိအုန်တောင်သို့ သွားသော ဝိညာဉ်ရေးခရီးစဉ်တွင်
သစ္စာရှိသောဘုရားဖူး ခရီးသွားဖော်ဖြစ်သည့်
ချစ်ရသောဇနီး အော်ဒရေကိုလည်း
ဆက်ကပ်အပ်နှံပါသည်။

# အသိအမှတ်ပြုလွှာ

အထွေထွေအယ်ဒီတာ Paul နှင့် Betsy Caram

အယ်ဒီတာအဖွဲ့ Joyce Aw, Carle Borges, Daniel Humphreys, Mary Humphreys, Sarah Humphreys, Caroline Tham.

အထက်ပါ မိတ်ဆွေများ၏ နာရီပေါင်းများစွာ ကူညီပံ့ပိုးခြင်း မရှိခဲ့ပါက ဤစာအုပ်ထွက်ပေါ်လာရန် မဖြစ်နိုင်သောကြောင့် သူတို့အားများစွာ ကျေးဇူးတင်ရှိပါသည်။ သူတို့၏ ဝိရိယ၊ တီထွင်ဖန်တီးမှုနှင့် ဤစာအုပ်ကို ဘုရားသခင်၏ ဘုန်းတော်အတွက် အကောင်းဆုံးစုစည်းပေးခြင်းအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


| | |
|---|---|
| ကျေးဇူးတင်လွှာ | ၈ |
| အမှာစာ | ၉ |
| နိဒါန်း | ၁၁ |
| ဣသရေလလူမျိုး၏ ခရီးစဉ်မြေပုံ | ၃၀ |
| အပိုင်း ၁ | |
| အခန်း ၁။ မောရှေ၏ အစောပိုင်း အသက်တာ | ၃၁ |
| အခန်း ၂။ အာရေဗျ သဲကန္တာရထဲ၌ | ၅၄ |
| အခန်း ၃။ အီဂျစ်ပြည်သို့ မောရှေ ပြန်လာခြင်း | ၆၂ |
| အခန်း ၄။ အီဂျစ်ပြည်၌ အမှုတော်ဆောင်ခြင်း | ၈၅ |
| အခန်း ၅။ ပင်လယ်နီမှ သိနာတောင်သို့ | ၁၂၁ |
| အခန်း ၆။ သိနာတောင် | ၁၅၃ |
| အခန်း ၇။ သိနာတောင်မှ ကာဒေရှဗာနာသို့ | ၁၇၂ |
| အခန်း ၈။ ကာဒေရှဗာနာ | ၁၈၄ |
| အခန်း ၉။ ကာဒေရှဗာနာမှ ပိသဂါသို့ | ၁၉၄ |
| အပိုင်း ၂ | |
| အခန်း ၁၀။ ခေါင်းဆောင်သစ် ယေရှု | ၂၂၂ |
| အခန်း ၁၁။ ယောဒန်မြစ်ကို ဖြတ်ကူးခြင်း | ၂၃၂ |
| အခန်း ၁၂။ ရှင်ဘုရင် သုံးဆယ့်တစ်ပါး | ၂၅၃ |
| အခန်း ၁၃။ မပြည့်စုံသောအောင်မြင်ခြင်း | ၂၇၅ |
| အပိုင်း ၃ | |
| အခန်း ၁၄။ ရှိလောမြို့ | ၂၈၅ |
| အခန်း ၁၅။ ဟေဗြုန် | ၂၈၉ |
| အခန်း ၁၆။ ဇိအုန်တောင် | ၃၀၅ |
| နိဂုံး | ၃၃၅ |
| နောက်ဆက်တွဲက – ဣသရေလလူမျိုး ခရီးစဉ် လိုရင်းအချုပ် | ၃၄၂ |

# ကျေးဇူးတင်လွှာ

ကွာသရေလခရီးစဉ်ကို စာအုပ်အားဖြင့် ထုတ်ဝေနိုင်သော အခွင့်ပေးတော်မူသော ဘုရားသခင်ကို ရှေးဦးစွာ ချီးမွမ်းပါသည်။ ဒုတိယ အကြိမ် ထုတ်ဝေရန် ခွင့်ပြုပေးသော Pastor Norman Holms နှင့်တကွ Zion Ministry လုပ်ဖော်ဆောင်ဖက်များအပေါ်၌ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဤစာအုပ်တွင် ကွာသရေလလူမျိုး စတင်ပေါ်ပေါက်လာပုံမှစ၍ ကျွန်ခံခဲ့ပုံ၊ ကျွန်ဘဝမှ လွတ်မြောက်ပြီး ဂတိတော်မြေ ခါနန်ပြည်သို့ ထွက်မြောက်လာခဲ့ရာ ခရီးစဉ်တလျှောက်လုံး၌ ကြုံတွေ့လာခဲ့သော အတွေ့အကြုံများ ပြည့်စုံစွာ ဖော်ပြထားသည်။

သမ္မာကျမ်းစာက ''ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သော ငါတို့ကို ဆုံးမစရာဘို့ ကျမ်းစာ၌ ရေးထားလျက်ရှိသတည်း'' (၁ကော ၁၀း၁၁) ဟု ဖော်ပြထားသည့်အတိုင်း ယနေ့ယုံကြည်သူများ၏ နေ့စဉ် ဝိညာဉ်အသက်တာ ခရီးစဉ်၌ သင်ခန်းစာများစွာရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ဖတ်ရှုသူအပေါင်းတို့ထံ၌ ဘုရားသခင်ကောင်းကြီးမင်္ဂလာ သက်ရောက်စေသော။

Anna Dar Hnem Lian
Zion Ministry

# အမှာစာ

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးခရီးစဉ်ကိုနားလည် သဘောပေါက်ရန်အတွက် ဣသရေလလူမျိုးတို့ အီဂျစ်ပြည်မှ ဂတိတော်ပြည်သို့ ခရီးသွားပြီးနောက်ဆုံး ဇိအုန်တောင်သို့ ရောက်ရှိခြင်းကို လေ့လာရပါမည်။

လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက ဤသမိုင်းဝင်ခရီးစဉ်သည် ကျွန်ုပ်တို့ ယုံကြည်သူများ၏ မြေကြီးပေါ်မှ ကောင်းကင်သို့ ဝိညာဉ်ရေး ခရီးသွားခြင်း၊ ခရစ်တော်၌ မွေးကင်းစကလေးဘဝမှ ယုံကြည်ခြင်း၌ ရင့်ကျက်သော မိခင်ဖခင်အရွယ်သို့ ရောက်ရှိသောခရီးစဉ်၏ ပုံစံ တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ မည်သည့် နေရာမှလာခဲ့ပြီး ယခုမည်သည့် နေရာတွင်ရှိလျက် မည်သည့် နေရာသို့ သွားနေသည်ကို ပြသသည့်လမ်းခရီးမြေပုံဖြစ်ပေသည်။

ဣသရေလလူမျိုးတို့၏ ခရီးစဉ်သည် သမိုင်းဖြစ်ရပ် ဖြစ်သည်။ အာဗြဟံ၊ ဣဇက်ယာကုပ်၏ အမျိုးအနွယ်များသည် သူတို့ကျွန်ခံရာ အီဂျစ်ပြည်မှ ထွက်ခွာကြသည်။ ဘုရားသခင်သည် သူတို့အား ပရောဖက် မောရှေအားဖြင့် လွတ်မြောက်စေပြီ သူသည် ဘုရားသခင်၏ ကွယ်ကာမှုအောက်တွင် သူတို့အား အီဂျစ်ပြည်မှ မောဘလွင်ပြင်သို့ ပို့ဆောင်ခဲ့ရာ နှစ်ပေါင်း လေးဆယ်ကျော် ကြာမြင့်ခဲ့သည်။

မောရှေသေဆုံးပြီးနောက်တွင် သူတို့အား ခေါင်းဆောင်သစ်အဖြစ် ယောရှုကို ပေးအပ်ပြီးသူသည် သူတို့အား ယော်ဒန်မြစ်ကို ကျော်ဖြတ်၍ ဂတိတော်ပြည်သို့ ပို့ဆောင်ခဲ့သည်။ သို့သော် သူတို့သည် တပြည်လုံးကို မသိမ်းပိုက်ဘဲနှင့် အနားယူခဲ့ကြပြီး နောင်နှစ်ပေါင်းများစွာ ကြာမြင့်သောအခါတွင် ဘုရားသခင်သည် ဒါဝိဒ်မင်ကြီးကို ပေါ်ထွန်းစေခဲ့သည်။

ဒါဝိဒ်သည် ပြည်တော်တွင်ရှိသော ရန်သူအားလုံးကို နှိမ်နင်း၍ ဣသရေလလူမျိုးတို့အား သူတို့၏ နောက်ဆုံးအနားယူရာ နေရာဖြစ်သော ဇိအုန်တောင်ပေါ် ဘုရားသခင်၏ သန့်ရှင်းသောတောင်တော်ဆီသို့ ပို့ဆောင်ခဲ့သည်။

ဣသရေလလူမျိုးတို့၏ ခရီးစဉ်တွင် အဓိကအာဘော်ကြီး သုံးခုကို စဉ်းစား ကြပါမည်။ ဣသရေလလူမျိုး၏ ခရီးအား တဆင့်ပြီးတဆင့် ကြည့်ရှုသောအခါ မောရှေ၏ အသက်တာအားဖြင့် မိမိလူမျိုးတော်အား သူတို့၏ ခရီးစဉ်တွင် ဦးဆောင်ရန် ဘုရားသခင် အသုံးပြုသောခေါင်းဆောင်၏

အသက်တာတွင် ပြင်ဆင်မှုများရှိသည်ကို တွေ့ရလိမ့်မည်။ ထို့အပြင် ခရီးစဉ်တဲတွင် ပါဝင်နေသော ထာဝရဘုရား၏ ပွဲတော်ခုနှစ်ခုကိုလည်း ကြည့်ရှု၍ ယနေ့ယေရှုခရစ်၏ အသင်းတော်အတွက် ဆီလျော်မှုရှိပုံကို စဉ်းစားဆင်ခြင်ကြပါမည်။

ဒေါက်တာဘရိုင်ယန် (ဂျေ) ဘိုင်လီ

# နိဒါန်း

ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ သူတို့၏ နောက်ဆုံးပန်းတိုင် ဇိအုန်တောင်သို့ သွားသော ခရီးစဉ်ကို တမန်တော်ရှင်ပေါလု၏ စကားအရ ''ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကို ဆုံးမစရာတို့'' ရေးထားလျက် ရှိသည်။ (၁ကော ၁၀း၁–၁၁)

ထိုသမိုင်းဝင်ခရီးစဉ်သည် ပုံဆောင်ပြသော အရာဖြစ်ပြီး ယုံကြည်သူများ ဤဝိညာဉ် ရေးခရီးစဉ်ကို ပုံဖော်ပြနေသည်ဟု ပြောနိုင်ပါသည်။ ယုံကြည်သူတဦး၏ ခရီးစဉ်ကို ကယ်တင်ခြင်းမှ ရင့်ကျက်ခြင်းအထိ ''ခရစ်တော်၌ ကြီးရင့်သောလူ၏ပမာဏသို့ ရောက်သည့်တိုင်အောင်'' ပုံဖော်ပြနေသည်။ (ဖေက် ၄း၁၃) ဤစာအုပ်တွင် ခရစ်ယာန်၏ ခရီးစဉ်အဆင့် တိုင်းကို ကြည့်ရှုကြ မည်ဖြစ်သည်။ လူတစ်ဦးသည် သိုးသူငယ်၏ အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်း ခံရ၍ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် သိကျွမ်းသောအခါ ခရီးစဉ် အစပြုသည်။ နောက်ဆုံးခရီးမှာ ဇိအုန်တောင်ဖြစ်သော်လည်း ထိုနေရာသို့ မရောက်မီတွင် ကိစ္စများစွာကို ဦးစွာ တွေ့ကြုံရင်ဆိုင်ရပေသည်။

ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်ခွာသော အခါ (ဤလောကမှ ကယ်တင်ခြင်း၏ ပုံစံတစ်ခု ဖြစ်သည်) ပင်လယ်နီကို ကျော်ဖြတ်ကြသည်။ ယုံကြည်သူသည် ရေနှစ်ခြင်းခံရမည်ဖြစ်ပြီး ပင်လယ်နီကို ဖြတ်ခြင်းသည် ရေနှစ်ခြင်းနှင့် တူသည်။ (၁ကော ၁၀း၂)။ ထိုနောက် သန့်ရှင်းသော ဝိညာဉ်တော်နှစ်ခြင်းကို ပုံဆောင်သည့် သိနာတောင်သို့ ဆက်သွားရမည်။ ထိုနောက်တွင် ခရီးဆက်ပြီးတောတဲ၌ စစ်ဆေးသောအတွေ့အကြုံများကို သည်းခံပြီး ယော်ဒန်မြစ်ကို ဖြတ်ကူးပြီးမှ (နှလုံးသာအရေဖျားလှီးခြင်း) ဂတိတော် ပြည်သို့ ဝင်ရောက်ရမည်။ ထိုနေရာတွင် အတွင်းနှင့် အပြင်ရန်သူများကို အောင်နိုင်ပြီးမှ ဘုရားသခင်၏ စစ်မှန်သောငြိမ်ဝပ်ခြင်းချမ်းသာသို့ ဝင်စား ရမည်။ ၎င်းကို ကျမ်းစာက ဝိညာဉ်ရေး ဇိအုန်တောင်သို့ တက်ခြင်းဟု ဖော်ပြသည်။ ဇိအုန်တောင်အကြောင်းကို ဆာလံ ၁၃၂း၁၄ တွင် ပြောထားသည်မှာ ''ဤမြို့ကား ငါအစဉ်အမြဲ ကျိန်းဝပ်ရာမြို့တည်း၊ ငါအလို ရှိသည် ဖြစ်၍ ဤမြို့၌ ငါနေမည်။''

ဣသရေလလူမျိုးတို့၏ ခရီးစဉ်ကို သမိုင်းအရနှင့် ထာဝရကာလ ရှုထောင့်

အမြင်ဖြင့် ကြည့်ရှုဆင်ခြင်ခြင်းသည် ထာဝရအကျိုးကျေးဇူးကို ရရှိ စေသည်။ ကျွန်ုပ်တို့၏ အသက်တာအတွက် လမ်းပြမြေပုံဖြစ်ပြီး ကျွန်ုပ်တို့ ဘယ်ကလာ၍ ဘယ်ကိုသွားပြီး ခရီးစဉ်၌ ဘာလုပ်ရမည်ကို ပြသနေသည်။ ထိုခရီးစဉ်ကို ကမ္ဘာမတည်မရှိမီကပင် ဘုရားသခင်၏ နှလုံးတော်ထဲတွင် ကြိုတင်သိရှိ ရုံသာမက ကြံစည်ပြီးသား ဖြစ်သည်။ ဟေဗြဲ ၄း၃ က ရှင်းလင်းစွာ ပြောထား သည်မှာ ကမ္ဘာဦးကပင် အမှုအရာတို့ကို ပြီးစီးခဲ့သည်။

ကွာသရေလလူမျိုးတို့၏ ခရီးစဉ် နောက်ခံ အခြေအနေကို သဘော ပေါက်ရန်အတွက် အာဒံမှ အာဗြဟံအထိ ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အကြံအစည်ကို အတိုချုပ် စဉ်းစားသင့်ပါသည်။ အာဗြဟံသည် ကွာသရေလလူမျိုးတို့၏ ဖခင်ဖြစ် ရုံသာမက ယေရှုခရစ်ကို ကယ်တင်ရှင် အဖြစ် ပဋ္ဌနာပြုသော သူမှန်သမျှ၏ ဖခင်လည်းဖြစ်သည်။

## ပထမဆုံး မျိုးဆက် ဆယ်ခုဆက်

ပထမဆုံးမျိုးဆက်ဆယ်ဆက်သည် အာဒံမှ နောနှင့် ရေလွှမ်းမိုးခြင်း အထိဖြစ်ပြီး ၁၆၅၆ နှစ်ခန့် ကြာမြင့်သည်။ သို့သော် ကမ္ဘာဦးကျမ်းတွင် ဤကာလကို အခန်း ကိုးခန်းဖြင့်သာ ဖော်ပြထားသည်။ ဤကာလသည် လူ့သက်တမ်းရှည်လျားသောကာလဖြစ်သည်။ လူသမိုင်း၏ ဤကာလတွင် ပရောဖက်ပြုချက် အံ့ဩဖွယ်ရာ စီးဆင်းမှုရှိပြီး အနာဂတ်ဆိုင်ရာသမ္မာတရား အားလုံးနီးပါးကို ဖွင့်ပြထားသည်။

ကမ္ဘာဦး ၁–၉သည် ဖန်ဆင်းခြင်းအကြောင်း၊ လူသားကျဆင်းခြင်း၊ ကယ်တင်ခြင်းဂတိတော်၊ ပထမဆုံး လူသတ်မှု၊ မယားတစ်ယောက် ထက်ပိုယူခြင်း စတင်ပုံ၊ လူသားမျိုးနွယ်နှစ်ခုကွဲပြားပုံ – ဘုရားသခင်၏ သားများနှင့် လူ၏သားများ (အကောင်းနှင့်အဆိုး)တို့ကို မှတ်တမ်းတင် ထားသည်။ ဘုရားသခင်နှင့်အတူ နီးကပ်စွာ လျှောက်လှမ်းသော ဧနောက်သည် ခရစ်တော် ဒုတိယကြွလာခြင်းနှင့် တရားစီရင်ခြင်း (ယုဒ ၁း၁၄) အကြောင်းကို ပရောဖက်ပြုထားသည်။ ဧနောက် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရသော အခါ ပထမဆုံး ချီဆောင်ခြင်းဖြစ်ပျက်ခဲ့သည်။

ထို့နောက် ဘုရားကြည်ညိုသူနှင့် ဘုရားမဲ့သူများ အပြန်အလှန် ဆက်ကပ်ခြင်းအားဖြင့် ဆိုးသွမ်းသော မျိုးဆက်နှင့် ဖိနှိပ်မှုပေါ်လာပြီး ရေလွှမ်းမိုး ခြင်းဖြင့် တကမ္ဘာလုံးအား တရားစီရင်ခြင်း ဖြစ်ပျက်လာစေသည်။ ဘုရားသခင်သည် စာရိတ္တဆိုင်ရာ ယိုယွင်းပျက်စီးမှုနှင့် ရက်စက်ကြမ်းကြုတ်

မှုများဖြစ်သော ဤကာလတွင် လူသားမျိုးနွယ်ကို ထိန်းသိမ်းရန် နောအား သင်္ဘော တည်ဆောက်ခိုင်းခဲ့သည်။

**နောက် မျိုးဆက် ဆယ်ဆက်**

နောမှ အာဗြဟံအထိ ဒုတိယခေတ်ကာလ အပိုင်းအခြားတွင် မျိုးဆက် ဆယ်ဆက်ရှိပြီး နှစ်ပေါင်း ၃၀၀မှ ၄၀၀ ကြာမြင့်သည်။ ဤကာလတွင် လူမျိုးများကို အုပ်စုကြီး သုံးခုအဖြစ် ကွဲပြားစွာ တွေ့လာရသည်။ နောမှနေ၍ ဂတိတော်အမျိုးအနွယ်ဖြစ်သောရှေမ၊ ကျိန်းခြင်းခံရသော အမျိုးအနွယ် ဖြစ်သော ဟာမနှင့် ရှေမ၏ ကွယ်ကာမှုအောက်တွင် နေထိုင်ရမည်ဟု ကတိပေးခြင်းခံရသော အာဖက်တို့ဆင်းသက်လာသည်။ ဤလူသုံးယောက်မှ နေ၍ ကမ္ဘာ့လူမျိုးအားလုံး ဆင်းသက်လာသည်။

ဘုရားသခင်သည် ပုန်ကန်မှုကြောင့် ယခင် မြေကြီးသား အားလုံးကို ပျက်ဆီးပြီး နော၊ သူ၏ဇနီး သားသုံးယောက်နှင့် သူတို့၏ ဇနီးများကိုသာ ကျန်ကြွင်း စေသော်လည်း ဘုရားကြည်ညိုသော နော၏ အမျိုးအနွယ်သည် လျင်မြန်စွာ ကျဆင်းခဲ့သည်။ ဟာမသည် ဆိုးညစ်သော အမျိုးအနွယ်ကို ပေါ်ထွက်စေပြီး သူ၏မြေးနိမ်ရောဒသည် ဗာဗလုန်မြို့ကို တည်တောင်သူ ဖြစ်ကာ (ကမ္ဘာ ၁၀း၆–၁၀) ဤဆိုးသွမ်းသော သူအားဖြင့် မကောင်းမှု ခေါင်းပြူ လာတော့သည်။ ဆိုးသွမ်းမှုကြီးမားလှသော ဤမြို့သည် မှားယွင်းသော ဘာသာတရားအားလုံး၏ မူလအစဖြစ်လာသည်။ ဗာဗုလုန်မြို့သားတို့သည် ထာဝရဘုရားကို ဆန့်ကျင်၍ လူသားတို့ကို ဘုန်းကြီးစေမည်။ ရဲတိုက်ကို တည်ဆောက်ကြသည်။ ဘုရားသခင်အား ပြောင်ပြောင်တင်းတင်း ပုန်ကန်မှု ကြောင့် ဘုရားသခင်၏ တရားစီရင်ခြင်းသည် မြေကြီးပေါ်သို့တဖန် ကျရောက်လာသည်။ ဘုရားသခင်သည် ဤကာလတွင် လူမျိုးတို့အား ကွဲပြားစေပြီး သူတို့၏ ဘာသာစကားများကို ရှုပ်ထွေးစေသည်။

ကမောက်ကမဖြစ်ခြင်း၊ ရောနှောခြင်းနှင့် မတရားမှုများရှိနေသည်။ အခြေအနေတွင် ဘုရားသခင်သည် ခါလဒဲပြည်၊ ဥရမြို့မှ အာဗြဟံကို ခေါ်၍ ရွေးချယ်ခဲ့သည်။ ဘုရားသခင်သည် အာဗြဟံကို စကားပြော၍ နေရင်းမြို့မှ ထွက်ခွာပြီး သူပြလတ့ံသောပြည်သို့သွားရန် ပြောသည်။ ထိုပြည်သည် ခါနန်ပြည်ဖြစ်ပြီး နောင်တွင် ပြည်ဝင်အမွေနှင့် သူ၏ အမျိုးအနွယ်၏ အမွေ ဖြစ်လာသည်။

## အာဗြဟံနှင့်ပြုသော ပဋိညာဉ်

ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ်ပြုပြီး သူ၏အမျိုးအနွယ်သည် (သားဣဇက်မှတဆင့်) ကုရှလူမျိုးနေထိုင်သည့်နယ်ဖြစ်သော အီဂျစ်ပြည်မှ ဥဖရတ်မြစ်တိုင်အောင် ခါနန်ပြည်ကို အပိုင်ရမည်ဟု ကတိပြုခဲ့သည်။ ဘုရားသခင်သည် အာဗြဟံအား ကမ္ဘာဦး ၁၅း၁၃–၁၄ တွင် ပြောခဲ့သည်မှာ ထာဝရဘုရားကလည်း သင်၏ အမျိုးအနွယ်သည် သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့် သူတပါးတို့၌ ကျွန်ခံခြင်း၊ နှိပ်စက် ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံး ခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ သူတို့ကို စေခိုင်းသော လူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှ သူတို့သည် များစွာသော ဥစ္စာနှင့် ထွက်ကြလိမ့်မည်။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ ခရီးစဉ်ကို ကမ္ဘာမတည် မရှိမှီကပင် ပြင်ဆင်ထားသည်မှာ နှုတ်ကပတ်တော်အရ ထင်ရှားလှသည်။ အာဗြဟံသား မရမှီ နှစ်ပေါင်းများစွာကတည်းက ဣသရေလလူမျိုးများ အီဂျစ် ပြည်၌ တည်းခိုမည့်အကြောင်းကို ကြိုတင်ပြောပြလျက် သူတို့သည် ဂတိတော်ပြည် မဟုတ်သော သူတပါးပိုင် တိုင်းပြည်တွင် ကျွန်ခံရလိမ့်မည်ဟု ဘုရားသခင်ပြောပြခဲ့သည်။ သို့သော် အီဂျစ်ပြည်၌ နေထိုင်ခြင်းသည် သူတို့အတွက် ဘုရားသခင်၏ နောက်ဆုံးအစီအစဉ် မဟုတ်ပါချေ။ သူတို့သည် ထိုပြည်၌ နှစ်ပေါင်း ၄၀၀ ခန့်သာ နေကြမည်ဖြစ်ပြီး အီဂျစ်ပြည်မှ ပြန်ထွက်လာ မည်ဟု ဂတိပြုထားသည်။ အီဂျစ်လူမျိုးများအပေါ် မောရှေ ကျရောက်စေမည်။ ကပ်ကြီး ဆယ်ခု ကိုလည်း သူတို့ကို ကျွန်ခံစေသော တရားစီရင်ခြင်းအဖြစ် ဘုရားသခင်ပြောဆိုခဲ့သည်။ အာဗြဟံ၏ မြေးယာကုပ် (ဣသရေလ)၏ သားသမီးများ သွားလာမည့် အနာဂတ်ခရီးစဉ်ကိုလည်း ဘုရားသခင်ပြောဆို ခဲ့သည်။

ကမ္ဘာဦး ၁၅ တွင် ဘုရားသခင် အာဗြဟံနှင့် ပဋိညာဉ်ပြုသောအခါ ခါနန်ပြည် တစ်ခုအားလုံး အာဗြဟံနှင့် အမျိုးအနွယ်များကို ထာဝရပေးမည်ဟု ကတိပြုခဲ့သည်။ ပုံမှန်အခြေအနေတွင် ပဋိညာဉ်ပြုရန် အတွက် နှစ်ဦးနှစ်ဖက်မှ ပြည့်ဝစေရမည့်အချက်များရှိသည်။ အာဗြဟံလက်ထက်တွင် တိရိစ္ဆာန် တစ်ကောင်ကို နှစ်ပိုင်းခွဲ၍ အသားစအလယ်တွင် လမ်းလျှောက်ခြင်းအားဖြင့် ပဋိညာဉ်ကို တံဆိပ်ခတ်သည့် ထုံးစံရှိသည်။

သို့သော် ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ် ပြုစေသော ဤနည်းဖြင့် မပြုလုပ်ချေ။ ဤပဋိညာဉ်ကို တမူထူးခြားသောပုံစံဖြင့် တံဆိပ်ခတ်ခဲ့သည်။

နေဝင်သောအခါ အာဗြဟံသည် ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်လျက်၊ ထူသော မှောင်မိုက်နှင့် တွေ့၍ ထိတ်လန့်ခြင်းသို့ရောက်လေ၏ (ကမ္ဘာ ၁၅း၁၂)။ ဤဖြစ်ရပ်မျိုးကို ကျွန်ုပ်တွေ့ကြုံဖူးရာတွင် ကျွန်ုပ်သည် လုံးဝ မတတ်နိုင်ခြင်း၊ ဘယ်အရာကိုမျှ စွမ်းဆောင်နိုင်သော အစွမ်းအစမရှိခြင်းမျိုး ခံစားရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ထူးခြားသော ဂတိတော်ကို မပေးမီ (သို့) ခရစ်ယာန်အသက်တာတွင် အဆင့်သစ်သို့ မဝင်ရောက်မီတွင် ဤသို့တွေ့ကြုံ ခံစားစေလိုပေသည်။

အာဗြဟံသည် နှစ်ခြမ်းခွဲထားသောတိရိစ္ဆာန်များ အလယ်၌ လမ်း မလျှောက်ခဲ့သောသူ အိပ်ပျော်နေစဉ် တိတ်လန့်ဖွယ်ရာ မှောင်မိုက်ကျ ရောက်လျက် အသားစအလယ်တွင် လျှောက်သွားသောသူ နှစ်ဦး ရှိသည်။ တဖန် နေဝင်၍ မိုက်သောအခါ ခွဲထားသော အသားအလယ်၌ မီးခိုးထွက်သော မီးဖို၊ မီးထွန်းလင်းသောမီးခွက်သည် ထင်ရှားစွာ ရှောက်သွားလေ၏။ ထိုနေ့၌ ထာဝရဘုရားသည် အာဗြဟံနှင့် ပဋိညာဉ် ပြုတော်မူလျက်၊ အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော၊ ဥဖရတ်မြစ် တိုင်အောင်၊ ဤပြည်ကိုငှင်း၊ ． ． ． (ကမ္ဘာ ၁၅း၁၇–၁၈)။

မီးဖိုသည် ခမည်းတော်ဘုရားသခင်ဖြစ်ပြီး ကောင်းသော မီးဖြစ်သည်။ (ဟေဗြဲ ၁၂း၂၉) မီးထွန်းလင်းသော မီးခွက်သည် ''ငါသည် ဤလောက အလင်းဖြစ်သည်''ဟု ကြွေးကြော်သော သခင်ယေရှုခရစ် ဖြစ်သည်။ ''နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏'' (ဆာလံ ၁၁၉း၁၀၅)

အာဗြဟံသည် မရေမတွက်နိုင်သော လူတို့၏ အသက်တာများကို အကျိုးသက်ရောက်စေမည်။ အတွေ့အကြုံသစ်ကို ခံစားတော့မည် နေရာတွင် ရပ်နေသည်။ ဘုရားသခင်သူ့ကို ပေးသောကတိသည် သူ၏ အမျိုးအနွယ် သန်းပေါင်းများစွာ ဤအနာဂတ်ကိုသာမက လူသားအားလုံး၏ အနာဂတ် အပေါ် အကျိုးသက်ရောက်မှုရှိလိမ့်သည်။ ခါနန်ပြည်ကို ပိုင်ဆိုင် ရခြင်းသည် အာဗြဟံနှင့် သူ၏အမျိုးအနွယ် ပေါ်တွင် မမူတည်ဘဲ ခမည်းတော်နှင့် သားတော် တို့က ခါနန်ပြည်ကို သူတို့အား ထာဝရပိုင်ဆိုင်စေရန် သဘောတူခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်သည် မပြောင်းလဲနိုင်ဘဲ ခမည်းတော် ဘုရားနှင့် သားတော် ယေရှုခရစ်တို့က ပြုလုပ်ထားသောကြောင့် မပျက်ပြားနိုင်ချေ။

ခမည်းတော်ဘုရားသခင်နှင့် သူ၏ သားတော်တို့သည် နောင်တွင်

အာဗြဟံ၏ သားမြေးတို့အား အီဂျစ်ပြည်သို့ ပို့ဆောင်၍ တောထဲမှတဆင့် နောက်ဆုံးတွင် ယနေ့ပါလက်စတိုင်းဟု ခေါ်ဝေါ်သော ခါနန်ပြည်သို့ ပို့ဆောင်ခဲ့သည်။ ပါလက်စတိုင်းဒေသသည် ဘုရားသခင်၏ နယ်မြေဖြစ်ပြီး ကြာသရေလလူမျိုးများကို ပေးထားသည်။ ကျမ်းစာထဲရှိ ဖိလိတ္တိလူတို့မှ ဆင်းသက်သည်။ ပါလက်စတိုင်းလူမျိုးများအား မပေးထားပါ။ ထို့ကြောင့် ကမ္ဘာမတည်မရှိမှီကပင် ဘုရားသခင်သည် ကြာသရေလလူမျိုးတို့၏ ခရီးစဉ်ကို အီဂျစ်ပြည်မှ ဇီအုန်တောင်အထိ အကွက်ချပြင်ဆင်ပေးထားသည်။ ဘုရားသခင်သည် အာဗြဟံအား ပုံစံတစ်ခုလုံးကို ပြထားပြီး သူ၏ အမျိုးအနွယ်သည် ဘုရားသခင်ကိုယ်တိုင် ပြုလုပ်သည့် မပြောင်းလဲသော ပဋိညာဉ်အားဖြင့် ပြည်တော်ကို အမွေရစေသည်။ သူ၏ အမျိုးအနွယ်သည် အီဂျစ်ပြည်၌ နှစ်ပေါင်း ၄၀၀ ကျွန်ခံရမည်။ အကြောင်း ကို လူမျိုးအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်း (ကပ်ဘေးဆယ်ခုအားဖြင့်) ကျရောက်မည့်အကြောင်း ပြောပြခဲ့သည်။ အာဗြဟံအား သူ၏ အမျိုးအနွယ် သည် ကြီးစွာသောစည်းစိမ်နှင့် ထွက်လာလိမ့်မည်ဟုလည်း ကတိပေးထားသည်။ ကြာသရေလလူမျိုးတို့သည် ထွက်မြောက်သောအခါတွင် အီဂျစ်လူမျိုးတို့ထဲမှ ပစ္စည်းဥစ္စာများကို သိမ်းယူကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ကြာသရေလ လူမျိုးတို့၏ ပန်းတိုင်တခုလုံးကို ပွဲကိုင်နေကြောင်း နားလည်ရသည်။

## အာဗြဟံနှင့် မောရှေအထိ

အာဗြဟံသေဆုံးပြီးနောက် သူ၏ သားကြွေဇက်သည် ခါနန်ပြည်၌ သားယာကုပ်နှင့်အတူ နေထိုင်သည်။ နောင်တွင် ကြာသရေလဟု အမည်ပြောင်းသွားသော ယာကုပ်သည် သားဆယ့်နှစ် ယောက်ရှိပြီး ကြာသရေလ ဆယ့်နှစ်မျိုး ဖြစ်ပေါ်လာသည်။ ယာကုပ်၏ အချစ်ဆုံးသား ယောသပ်ကို သူ၏ အစ်ကိုများက ကျွန်အဖြစ် ရောင်းစားလိုက်ပြီး နောင်တွင် အီဂျစ်ပြည်၌ ထောင်ကျသည်။ အီဂျစ်ပြည်၏ အကျဉ်းထောင်တွင် စိတ်ပျက်ဖွယ်ရာ ကြုံရပြီး နောက် ဘုရားသခင်သည် ယောသပ်အား၊ အီဂျစ်ပြည်၏ ဝန်ကြီးချုပ် ဖြစ်စေကာ ဖါရောမင်းပြီးလျှင် ဒုတိယ အရေးပါဆုံးလူ ဖြစ်စေသည်။

အာဗြဟံပြောသောစကားကို ပြည့်စုံစေရန်အတွက် ဘုရားသခင်သည် ယောသပ်ကို အီဂျစ်ပြည်သို့ စေလွှတ်ပြီး သူ၏ညီအစ်ကိုများအတွက် နေရာပြင်ဆင်လျက် ကယ်လွှတ်ခြင်းကို ယူဆောင်ပေးစေသည်။ (ကမ္ဘာ ၄၅း၅–၈) အီဂျစ်ပြည်တွင် ယောသပ်ကို အခြေချစေပြီးနောက် အိပ်မက်အားဖြင့်

သူ့ကိုသတိပေးလျက် ယာကုပ်သားတို့ အီဂျစ်ပြည်သို့ လာစေရန် အစာခေါင်းပါးခြင်းကို ဖြစ်စေပြီး သူတို့ကို ယောသပ်နှင့် ပြန်လည်ပေါင်းစည်းပေးသည်။ ထို့နောက် ဘုရားသခင်၏ အကောင်းဆုံးအချိန်အခါတွင် ယာကုပ်နှင့် သူ၏အိမ်သားခုနှစ်ဆယ်တို့ အီဂျစ်ပြည်သို့ ပြောင်းရွှေ့ကြသည်။

ကမ္ဘာဦး ၄၆း၂၇ တွင် ယာကုပ်၏ လူစု၌ လူခုနှစ်ဆယ်ရှိသည်။ ကျမ်းစာအနက်ပြန်ခြင်း၌ ပထမဆုံးဖော်ပြချက်ဆိုသော တရားတစ်ခုရှိသည်။ ကျမ်းစာထဲတွင် ပထမအကြိမ်ဖော်ပြသောအရာထဲတွင် ၄င်း၏ ဝိညာဉ်ရေး အနက်ပြန်ခြင်းအတွက်သော့ချက် ပါရှိတတ်သည်။ ဥပမာ – ကမ္ဘာဦး ၁၄ တွင် တဆယ်သုံး'' ဆိုသော ဂဏာန်း ပထမဆုံးအကြိမ် ပါရှိပြီး ရှင်ဘုရင်အချို့သည် တဆယ့်သုံးနှစ်တွင် ပုန်ကန်ကြသည်။ ထို့ကြောင့် ကျမ်းစာထဲတွင် တဆယ့်သုံးသည် ပုန်ကန်ခြင်းကို ကိုယ်စားပြုသည်။

ကျမ်းစာထဲတွင် ''ခုနှစ်ဆယ်'' ဂဏန်းသည် အသက်ကြီးသူခေါင်းဆောင် ဖြစ်ခြင်းကို ကိုယ်စားပြုပြီး ဣသရေလလူမျိုးတွင် အသက်ကြီးသူခေါင်းဆောင် ၇၀ ရှိသည်။ (တောလည် ၁၁း၁၆, ၂၄–၂၅) ယာကုပ်၏ လူ ၇၀ အစုအဝေး၌ ယောကျ်ားနှင့် မိန်းမများပါဝင်ပြီး ၄င်းသည် အသက်ကြီးသူခေါင်းဆောင် ဖြစ်ခြင်းကို ပြောဆိုနေကြောင်း မှတ်သားသင့်သည်။ ထို့ကြောင့် ကျမ်းစာသည် မိန်းမအမှုတော်ဆောင်နှင့် ခေါင်းဆောင်များကို ထင်ရှားစွာအသိအမှတ်ပြု ပါသည်။ ၄င်းသည် ယနေ့ ခရစ်ယာန်အသိုင်းအဝိုင်းများစွာတွင် မှားယွင်းစွာ ဆန့်ကျင်ခြင်းခံရသော အမျိုးသမီးအမှုတော်ဆောင်များစွာအတွက် အားပေးချက်ဖြစ်သည်။ အမျိုးသမီးများသည် ခရစ်တော်၏ ကိုယ်ခန္ဓာ၌ အရေးပါလှသော ကဏ္ဍတွင် ပါဝင်ကြပြီး သူတို့၏ အရေးပါမှုကို မသေးသိမ်စေသင့် ပါချေ။

အာဗြဟံမှ မောရှေအထိအသက်တာ စီးဆင်းပုံကို ဆက်ကြည့်သော အခါ ဘုရားသခင်သည် ယာကုပ်အား အီဂျစ်ပြည်သို့ သွားစေရန် လမ်းပြင်ဆင်ပေးထားသည်ကို တွေ့ရသည်။ ဆာလံ ၁၀၅း၁၇–၂၄ ''ကျွန်ဖြစ်စေဘို့ အရောင်းခံရသော ယောသပ်ကို သူတို့ရှေ့မှာ စေလွှတ်တော်မူ၏။ သူ့ကို ခြေချင်းခတ်၍ သံနှင့် ညှင်းဆဲကြ၏။ သူ့၏စကား မပြည့်စုံမှီတိုင်အောင် ထာဝရဘုရား၏ အမိန့်တော်အတိုင်း စုံစမ်းခြင်းကို ခံရ၏။ လူတို့ကို အစိုးရသော အရှင်တည်းဟူသော ရှင်ဘုရင်သည် စေလွှတ်၍ သူ့ကို နှုတ်ပြီးမှ ချမ်းသာ ပေးတော်မူ၏။ သူသည် မိမိအလိုရှိသည်အတိုင်း မင်းအရာရှိတို့ကို ချည်နှောင်၍ မှူးတော်မတ်တော်တို့ကို ဆုံးမပိုင်သောအခွင့်နှင့် နန်းတော်အုပ်၊

နိုင်ငံတော်အုပ် အရာ၌ ထိုသူကို ခန့်ထားတော်မူ၏။ ကလ္လသရေလသည်လည်း အဲဂုတ္တုပြည်သို့ ရောက်လာ၍ ယာကုပ်သည် ဟာမင်မျိုးနေရာပြည်၌ တည်းခိုး၏။ ဘုရားသခင် သည် မိမိလူတို့ကို အလွန်များပြားစေ၍ ရန်သူတို့ထက် အားကြီးစေတော်မူ၏။''

ဘုရားသခင်၏ အစီအစဉ်တွင် တိုးတက်မှု ရှိပါသည်။ ဘုရားသခင်သည် အာဗြဟံအား သူ၏ အမျိုးအနွယ်ကို အီဂျစ်ပြည်သို့ ကျွန်အဖြစ်ပို့၍ ဤအမှုကို ပြီးမြောက်စေမည်ဟု ပြောသည်။ ဤကိစ္စပြီးမြောက်ရန်အတွက် ယောသပ်ကို အီဂျစ်ပြည်သို့ ဆောင်သွားသည်။ ထို့နောက် ဘုရားသခင်သည် ယောသပ်ကို ဖာရောမင်းအောက်တွင် အီဂျစ်ပြည်၏ အမြင့်ဆုံး အုပ်စိုးသူအဖြစ် ချီးမြှောက်ခဲ့သည်။ ဤအချက်ကြောင့် ယာကုပ်နှင့် သားများ အီဂျစ်ပြည်သို့ ရွှေ့ပြောင်းနိုင်ပြီး ယောသပ်က သူတို့ကို စောင့်ရှောက်ခဲ့သည်။

ကလ္လသရေလလူမျိုးများ အီဂျစ်ပြည်တွင် တိုးပွား၍ ကောင်းစားကြသောကြောင့် အီဂျစ်လူမျိုးများက ငြူစူကြသည်။ နောင်တွင် ယောသပ်ကို မသိသော ဖာရောမင်းပေါ်လာသောအခါ ကလ္လသရေလလူမျိုးတို့အား ကျွန်အဖြစ် ပြုလုပ်ကြသည်။ ဘုရားသခင်သည် အီဂျစ်လူမျိုးတို့၏ စိတ်နှလုံးကို ပြောင်းလဲစေ၍ မိမိလူတို့အား မုန်းတီးစေပြီး သူ၏အစေခံ ကျွန်များအပေါ် သိမ်မွေ့စွာ ကိုင်တွယ် ခဲ့သည်။ (ဆာလံ ၁၀၅း၂၅) ဘုရားသခင်သည် ကောင်းမြတ်ခြင်းနှင့် သမ္မာတရား ကို ချစ်မြတ်နိုးသူတို့၏ နှလုံးသားကို ဘယ်တော့မှ မမာကြောစေဘဲ မကောင်းမှု ကို ရွေးချယ်သောသူတို့၏ နှလုံးသားကိုသာ မာကြောစေကြောင်း သတိရပါ။

## ကယ်လွှတ်သောသူ မောရှေ၏ ဘဝ

ဘုရားသခင်သည် မိမိ၏စုံလင်သော အကြံအစည်ကို အကောင်အထည် ဖော်ရန် အရာခပ်သိမ်းကို သူ့နေရာနှင့်သူဖြစ်စေသည်။ ကလ္လသရေလ လူမျိုးများ ကျွန်ဘဝကျရောက်လျက် ညည်းတွားငိုကြွေးကြသည်။ သူတို့သည် ကယ်လွှတ်မည်သူကို အသည်းအသန် လိုအပ်နေပေသည်။ ထိုနောက်က မောရှေ ကယ်လွှတ်သူအနေဖြင့် ရောက်လာစေရန် လမ်းပြင်ဆင်ပေးသည်။ ''တဖန်မိမိကျွန် မောရှေနှင့် ရွေးကောက်တော်မူသော အာရုန်ကို စေလွှတ်တော်မူ၏'' ဆာလံ ၁၀၅း၂၆။ ဘုရားသခင်သည် မောရှေကို ရွေးချယ်လျက် မိမိလူတို့ကို အီဂျစ်လူမျိုးတို့၏ ဖိနှိပ်ခြင်းနှင့် ကျွန်ပြုခြင်းမှ လွတ်မြောက်စေခဲ့သည်။

ဘုရားသခင်၏ ရွေးနှုတ်ခြင်းအစီအစဉ်၏ အဆင့်တိုင်းတွင် ဘုရားသခင်

သည် ကြီးမားသော ကျေးဇူးတော်နှင့် ညဏ်ပညာကိုပေးသည့် တန်ဆာပလာများကို ရွေးချယ်ခဲ့သည်။ ဘုရားသခင် ရွေးချယ် ခန့်ထားသော ထိုခေါင်းဆောင်များသည် လူ့သမိုင်း၏ တိကျသော ကပ်ကာလ အသီးသီးတွင် ပေါ်ထွန်းလာပြီး ဘုရားသခင် ပြင်ဆင်ထားသော ရည်ရွယ်ချက်များကို ပြည့်စုံစေလျက် ကိုယ်တော်၏ လူတို့အား သူတို့၏ မျိုးဆက်အတွက် ကြံရွယ်ထားသော အမွေထဲသို့ ပို့ဆောင်စေသည်။ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေ၊ ယောရှု၊ ဒါဝိဒ်၊ ရှောလမုန်၊ ပရောဖက်များနှင့် သခင်ယေရှုခရစ်တို့ အားလုံးသည် ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အစီအစဉ်ကြီးများကို ပြည့်စုံစေရန် သမိုင်းတလျှောက်တွင် ပေါ်ထွန်းလာကြသည်။

ခမ္မသစ်ကာလတွင် ဘုရားသခင်သည် အသင်းတော်၏ အခြေခံအုတ်မြစ်ကို ချရန် တမန်တော်များကို အသုံးပြုခဲ့သည်။ တမန်တော်ပေါလုသည် တပါးအမျိုးသားများထံ ဟောပြောရန် အထူးသဖြင့် ဘိသိက်ခြင်းနှင့် ခန့်ထားခြင်းခံရသည်။ အသင်းတော်ကို အခြေပြုတည်ဆောက်ထားသည့်အဓိကသြဝါဒများနှင့် ယုံကြည်ခြင်း၏ အခြေခံအချက်များကို တည်တံ့စေခဲ့သူမှာ ပေါလုဖြစ်သည်။ နောင်အသင်းတော် သမိုင်းတွင် Wycliffe, Luther နှင့် Wesly တို့ကို သန်းရှင်းသောဝိညာဉ်တော်သည် အသုံးပြုလျက် အသင်းတော်ကို အမှောင်ခေတ်မှ ခေါ်ထုတ်၍ ၄င်းကျရောက်နေသည့် ကျဆင်းမှုများထဲမှ ဆွဲထုတ်ခဲ့သည်။

ဤစာအုပ်တွင်မူ အီဂျစ်ကျွန်ဘဝမှ မိမိမျိုးဆက်ကို ခေါ်ထုတ်ရန် အသုံးပြုခံရသည့် ကယ်လွှတ်သော သူမောရှေအကြောင်းကိုသာ အာရုံစိုက် ကြပါမည်။ အရေးကြီးလှသောသမ္မတရားကို ဖော်ထုတ်ရန်အတွက် ဤခရီးစဉ်၏ ခေါင်းဆောင် မောရှေ၏ အသက်တာကို လေ့လာဖို့ လိုအပ်ပြီး သူ၏ အသက်တာသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးခရီးစဉ်ကို ပြီးစီးစေမည့် အချက်များကို ဖော်ထုတ်ပေးနေသည်။ မောရှေ၏ အသက်တာသည် နှစ် ၄၀ ပါဝင်သော ကာလသုံးခု ပါဝင်သည်။

၁။ ခေါ်တော်မူခြင်း – မွေးဖွားသည်မှ အီဂျစ်ပြည်မှ ထွက်ပြေးသည်အထိ (၄၀ နှစ်)
၂။ ရွေးချယ်တော်မူခြင်း – အာရဗျတောထဲတွင် (၄၀) နှစ်
၃။ သစ္စာရှိခြင်း – သူ့အားအပ်နှင်းထားသည့် အမှုတော်လုပ်ငန်းတွင် (၄၀) နှစ်

ဤနေရာတွင် ဤခေါင်းစဉ်သုံးခုကို အသုံးပြုရခြင်းမှာ မောရှေသည်

သစ္စာရှိသောခေါင်းဆောင်အနေဖြင့် ကျွန်ုပ်တို့ လိုက်လျောက်စရာပုံ သက်သေဖြစ်သောကြောင့် ဖြစ်သည်။ ဤစကားများကို ဖတ်ရှုရသူတိုင်းသည် အဆင့်အမျိုးမျိုး၌ ခေါင်းဆောင်ဖြစ်စေရန် ခေါ်ခြင်းခံရကြသည်။ ''ကိုယ်တော်နှင့်အတူရှိသော သူတို့သည်လည်း ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူဖြစ်ကြ၏။'' (ဗျာ ၁၇း၁၄)

ယုံကြည်သူတိုင်းကို အမှုတော်ဆောင်ဆုကျေးဇူး ငါးမျိုးအတွက် မခေါ်သော်လည်း (ဖေက် ၄း၁၁) လူ့ဘဝတွင် တိကျသော ရည်ရွယ်ချက်နှင့် တာဝန်အတွက် ခေါ်ခြင်းကို ခံရကြသည်။ သို့သော် ဘုရားသခင်၏ ခေါ်ခြင်းခံရရုံဖြင့် မလုံလောက်ဘဲ ရွေးချယ်တော်မူခြင်းခံရရန် လိုအပ်သည်။ ယေရှုက မဿဲ ၂၂း၁၄ တွင် ရှင်းလင်းစွာ ဖော်ပြထားသည်မှာ ''ခေါ်တော်မူသောသူများသော်လည်း ရွေးချယ်တော်မူသောသူ နည်း၏''

အခေါ်ခံရခြင်းနှင့် ရွေးချယ်ခံရခြင်း၏ ကွာခြားမှုကို စဉ်းစားကြည့်သောအခါ ဤအဆင့်သုံးဆင့်ကို ရှင်းလင်းစွာ ပုံပေါ်နေသော ဒါဝိဒ်၏ အသက်တာကို ကြည့်လျှင်များစွာ အကျိုးရှိပါလိမ့်မည်။ ဒါဝိဒ်သည် ကာလသရေလလူမျိုး၏ ခရီးစဉ်တွင် သော့ချက်တစ်ခုဖြစ်ပြီး သူ၏အသက်တာကို ဤစာအုပ် နောက်ပိုင်းတွင် လေ့လာကြမည်ဖြစ်သည်။ ဒါဝိဒ်သည် ကာလသရေလလူမျိုးတို့အား စစ်မှန်သောငြိမ်ဝပ်ခြင်းချမ်းသာကို ဝင်စားစေ၍ ရန်သူ အားလုံးကို အောင်နိုင်လျက် နောက်ဆုံးခြေကုပ်စခန်းဖြစ်သော ဇိအုန်ဒေသကို သိမ်းပိုက် ခဲ့သည်။ ပဋိညာဉ် သေတ္တာတော်ထဲရှိ ဘုရားသခင်၏ ဘုန်းတော်ကို ဇိအုန် တောင်သို့ သယ်ဆောင်ခဲ့သည်။

ဒါဝိဒ်သည် အသက် ၁၇ နှစ်အရွယ်ခန့်တွင် ဘုရားသခင်၏ ခေါ်ခြင်းကို ခံရသည်။ ရှမွေလသည် ဒါဝိဒ်၏ ဇာတိမြို့ဖြစ်သော ယေရုရှလင်မြို့သို့သွား၍ ဆီနှင့် ဘိသိက်ပေးခဲ့သည်။ ဤအရာသည် ဒါဝိဒ်ရရှိသော ဘိသိက်ခြင်း သုံးခုအနက် ပထမတစ်ခုဖြစ်သည်။ ဤဘိသိက်ခြင်း၌ သူ့အား ကာလသရေလ ရှင်ဘုရင်ဖြစ်ရန် ခေါ်တော်မူခဲ့သည်။ ကာလသရေလရှင်ဘုရင်ဖြစ်ရန် ပထမ ဘိသိက်ခြင်းနှင့် အသက် ၃၀ အရွယ်တွင် ယုဒပြည်၏ ရှင်ဘုရင်အဖြစ် ရွေးချယ်၍ ဟေဗြုန်မြို့၌ ဘိသိက်ခြင်းအကြားတွင် ၁၃ နှစ်ခန့်ကြာမြင့်ခဲ့သည်။ အဆိုပါနှစ်များ၏ ၁၀နှစ်ခန့်ကို ရှောလုလိုက်လံသဖြင့် တောထဲ၌ နေ၍ ကုန်ဆုံးစေခဲ့ရသည်။ ဒါဝိဒ်ဒုတိယ ဘိသိက်ခြင်းကို ရရှိသောအခါ ဘာဖြစ်သနည်း။ သူ့အားသူ၏ အမှုတော် လုပ်ငန်း၌ နေရာချထားသည်။ ဘုရားသခင်၏ ရွေးချယ်ခံရခြင်းသည် ကျွန်ုပ်တို့၏ အမှုတော်လုပ်ငန်း (သို့) ခေါ်ခြင်းထဲသို့ နေရာချခြင်း (သို့)

ဘုရားသခင်က ထည့်သွင်းခြင်းဖြစ်သည်။

ခရစ်ယာန်အသက်တာ၌ တတိယအဆင့်မှာ ဘုရားသခင်ပေးသော အမှုတော်လုပ်ငန်း (သို့) ရာထူး၌ သစ္စာရှိခြင်းဖြစ်သည်။ မောရှေသည် ခေါ်ခြင်းခံရ၍ ရွေးချယ်ခံရရုံသာမက သစ္စာရှိသောသူလည်းဖြစ်သည်။ ''မောရှေ သည် နောက်ဟောပြောလတံ့သောအရာတို့ကို သက်သေခံခြင်းငှါ၊ အစေခံကဲ့သို့ အိမ်တော်တအိမ်လုံး၌ သစ္စာစောင့်၏။'' (ဟေဗြဲ ၃း၅) ကျွန်ုပ်တို့သည် သစ္စာရှိကြောင်း ပြသရန်အတွက် အသက်တာအတွက် ဘုရားသခင်ပေးသော လမ်းကြောင်းမှ ချော်မသွားဘဲ လုပ်စေသောအမှုကို ပြုလုပ်ရမည်။

ဤသမ္မာတရားတွင် အရေးကြီးသော သွင်ပြင် တစ်ခုမှာ အမှုတော်ထဲသို့ ဝင်ရောက်ရာ အဆင့်များရှိပြီး ၎င်းကိုဒါဝိဒ်၏ အသက်တာက ရှင်းလင်းစွာ သရုပ်ဖော်ပြနေသည်။ ဒါဝိဒ်သည် အသက် ၁၇ နှစ်ခန့်တွင် ခေါ်ခြင်းခံရပြီး ဗက်လင်မြို့၌ ဘိသိက်ခြင်းခံရသည်။ ဟေဗြုန်မြို့တွင် ဘုရားသခင်၏ ရွေးချယ်ခြင်းခံရပြီး ယုဒရှင်ဘုရင်အဖြစ် ခန့်ထားခြင်းခံရသည်။ သို့သော် ဒါဝိဒ်၏ နဂိုမူလခေါ်ခြင်းမှ ယုဒပြည်၏ ဘုရင်ဖြစ်ရန် သာမကဘဲ ဣသရေလတနိုင်ငံလုံး၏ဘုရင်ဖြစ်ရန် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အမှုတော် လုပ်ငန်း အဆင့် တစ်ခု၌ထားပြီး စစ်ဆေးသည် ဒါဝိဒ်သည် ယုဒရှင်ဘုရင်အဖြစ် ခုနှစ်နှစ်ခွဲပတ်လုံး စစ်ဆေးခြင်း ခံရသည်။ သူသည် သေးငယ်သောအမှု၌ သစ္စာရှိကြောင်း သက်သေထူပြီးသောအခါ တတိယအကြိမ် ဘိသိက်ခြင်းခံရလျက် ဣသရေလတနိုင်ငံလုံး၏ ရှင်ဘုရင်အဖြစ်ရာထူးတိုးပေးခြင်းခံရသည်။

ဤအရာသည် နှုတ်ကပတ်တော်တွင် တွေ့ရသော မပျက်စီးနိုင်သည့် နိယာမဖြစ်ပြီး သေးငယ်သောအရာတွင် သစ္စာရှိပါက ဘုရားသခင်သည်သာ၍ များသောအရာကို အပ်နှင်းလိမ့်မည်။ သေးငယ်သောအမှုတွင် သစ္စာမရှိပါက ပို၍ အပ်နှင်းတော့မည် မဟုတ်ချေ။ ''အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်သောအမှု၌ သစ္စာ မရှိသောသူသည် ကြီးသော အမှု၌လည်း သစ္စာမရှိ။'' (လုကာ ၁၆း၁၀) ခရစ်တော်က လုကာ ၁၉း၁၇ တွင် ပြောသည်မှာ ''သခင်ကသာဓု၊ ငယ်သားကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ မြို့ဆယ်မြို့ကို အုပ်စိုးလော့ဟု မိန့်တော်မူ၏။'' ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တော်ပေးသော တာဝန်တိုင်းတွင် သစ္စာရှိရန် ကြိုးစားပါ။ ကိုယ်တော်သည် သင့်ကို ကြွယ်ဝစွာ ကောင်းကြီးပေး၍ ဆုချလိမ့်မည်။

ဘုရားသခင်ခေါ်သောအချိန်နှင့် ရွေးချယ်သောအချိန်ကြားတွင် ကြာမြင့်သောကာလရှိတတ်ကြောင်းကို ဒါဝိဒ်၏ အသက်တာအရ တွေ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခေါ်ခြင်း (သို့) အမှုတော်ထဲသို့ နေရာချခါစတွင် အမှုတော်လုပ်ငန်း၏ နိမ့်သော အဆင့်တွင် နေရာချတတ်သည်။ ထိုအဆင့်တွင် သစ္စာရှိကြောင်း သက်သေထူပြီးသော အခါ ကျွန်ုပ်တို့ အတွက် ပြင်ဆင်ထားသောအရာ အပြည့်အဝဆီသို့ တိုးမြှင့်ပေးလိမ့်မည်။ ထို့ကြောင့် အမှုတော်လုပ်ငန်း၌ အဆင့်များရှိသည်ကို တွေ့ရသည်။ သင့်အသက်တာတွင် ဘုရားသခင်သည် သင့်အားသေးငယ်သော အသင်းတော်တွင် လက်တောက် သင်းအုပ်ဆရာ ထို့နောက် သင်းအုပ်ဆရာအဖြစ် ခန့်ထားလိမ့်မည်။ ဤတာဝန်များတွင် သစ္စာရှိကြောင်း သက်သေ ထူပြပြီးသောအခါ သင့်အသက်တာအတွက် ကိုယ်တော်ကြံရွယ် ထားသောအရာ အပြည့်အဝဆီသို့ တိုးမြှင့်ပေးလိမ့်မည်။

**ခရီးစဉ်ကို ယေဘုယျဖော်ပြချက်**

ကွာသရေလလူမျိုးတို့၏ ခရီးစဉ်တွင် အဆင့် ခုနစ်ဆင့်ရှိသည်။ ဤခရီးစဉ်သည် အီဂျစ်ပြည်တွင် စတင်သည်။ ထိုနေရာမှ ဘုရားသခင်သည် သူတို့ကို ထွက်မြောက်ရာတွင် ပို့ဆောင်ခဲ့ပြီး ပင်လယ်နီကို ဖြတ်သန်းစေခဲ့သည်။ ထို့နောက် ကွာသရေလလူမျိုးတို့သည် တောထဲတွင် နှစ်ပေါင်း ၄၀ အချိန်ကုန်ဆုံးခဲ့ပြီး ယောရှုက ယော်ဒန်မြစ်ကို ဖြတ်သန်းကာ ဂတိတော် ပြည်သို့ ပို့ဆောင်ခဲ့သည်။ နောင်နှစ်ပေါင်း များစွာ အကြာတွင် ဒါဝိဒ်မင်းကြီးသည် ယေရုရှလင် မြို့နှင့် ဇိအုန်တောင်ကို သိမ်းပိုက်ခဲ့ပြီး ကွာသရေလနိုင်ငံတွင် နောက်ဆုံးခြေကုပ်စခန်းကို သိမ်းပိုက်ခဲ့သဖြင့် ကွာသရေလလူမျိုးအတွက် ဘုရားသခင်ပြင်ဆင် ထားသော အမွေအပြည့်အဝကို ရရှိခဲ့သည်။

**ခရီးစဉ်၏ အဓိက အပိုင်း သုံးပိုင်း**

၁။ အီဂျစ်ပြည်မှ ယော်ဒန်မြစ်သို့ (မောရှေ လက်ထက်တွင်)
၂။ ခါနန်ပြည်သို့ ဝင်ရောက်ရန် ဖြတ်ကျော်ခြင်း (ယောရှုလက်ထက်တွင်)
၃။ ခါနန်ပြည်နှင့် ဇိအုန်တောင်ကို အပြည့်အဝ သိမ်းပိုက်ခြင်း (ဒါဝိဒ် လက်ထက်တွင်)

**ခရီးစဉ်၏ အဓိက ခေါင်းဆောင်သုံးဦး**

၁။ မောရှေသည် ကွာသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ယော်ဒန်မြစ်သို့ ပို့ဆောင်သည်။

၂။ ယောရှုသည် ဣသရေလလူမျိုးတို့အား ယော်ဒန်မြစ်မှ ဂတိတော် ပြည်သို့ ပို့ဆောင်သည်။

၃။ ဒါဝိဒ်သည် ဣသရေလလူမျိုးတို့အား အမွေအပြည့်အဝရရှိရန် ဦးဆောင်ပြီး ဇိအုန်တောင်သို့ ပို့ဆောင်သည်။

မောရှေသည် ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ယော်ဒန်မြစ်အထိ သူတို့အမွေ၏ နယ်စပ်ဆီသို့ ပို့ဆောင်ခဲ့သည်။ ယောရှုသည် ဣသရေလ လူမျိုးတို့အား ဂတိတော်ပြည်သို့ ပို့ဆောင်သော်လည်း အပြည့်အဝငြိမ်ဝပ်ခြင်း ချမ်းသာထဲသို့ မပို့ဆောင်ခဲ့ချေ။ (ဟေဗြဲ ၄း၈) လူတို့သည် ပျင်းရိ၍ ပြည်တော်တွင် ရန်သူများစွာ ကျန်ရှိသေးသည် (ယောရှု ၁၃း၁ ၁၈း၂–၃)။

မျိုးဆက်များစွာ အကြာတွင် ဒါဝိဒ်သည် ဇိအုန် ခြေကုပ်စခန်းကို သိမ်းပိုက်ပြီး ဘုရားသခင် ငြိမ်ဝပ်စွာ အနားယူရာနေရာဖြစ်စေခဲ့သည်။ (ဆာလံ ၁၃၂း၁၃–၁၈) ဣသရေလလူမျိုးတို့သည် ဒါဝိဒ် နန်းစံ ခုနှစ်နှစ်မတိုင်မီတွင် အီဂျစ်ပြည်မှ ဇိအုန်တောင်သို့ သွားသော ခရီးစဉ်ကို မပြီးစီးစေခဲ့ကြပါ (၂ရာ ၅း၁–၇) ဒါဝိဒ်သည် တတိယအကြိမ် ဘိသိက်ခြင်းကို ခံရပြီး အသက် ၃၇ နှစ်အရွယ်တွင်မှ ဇိအုန်တောင်ကို သိမ်းပိုက်၍ ပဋိညာဉ်သေတ္တာတော်ကို ထားရှိခဲ့သည်။

နောက်ဆုံးပန်းတိုင်ဖြစ်သော ဇိအုန်တောင်သို့ ရောက်ရှိရန် ခရီးစဉ်သည် စုစုပေါင်း ၄၄၃ နှစ်ကြာမြင့်ခဲ့သည်။ ရှောလမုန်နန်းစံလေးနှစ်တွင် ဗိမာန်တော်ကို ဆောက်လုပ်ခြင်းမတိုင်မီ နှစ်ပေါင်း ၄၈၀ အလိုတွင် ခရီးစဉ်အစပြုခဲ့သည် (၃ရာ ၆း၁) ဒါဝိဒ်နန်း နှစ်ခုနှစ်နှစ်တွင် ဣသရေလရှင်ဘုရင်အဖြစ် ဘိသိက်ခြင်း ခံရသောအခါတွင် ဇိအုန်တောင်ကို အောင်နိုင်ခဲ့သည်။ သူသည် ယုဒပြည်ကို ခုနှစ်နှစ်ခွဲ အုပ်ချုပ်ပြီးနောက် ဣသရေလဘုရင်ဖြစ်လာသည်။ (၂ရာ ၅း၅) သူသည် စုစုပေါင်း နှစ် ၄၀ အုပ်စိုးခဲ့သည်။ (၂ရာ ၅း၄)

ဤသို့ ကောက်ချက်ချနိုင်ရန် အောက်ပါ အချက်တို့ကို ကြည့်ရှုရမည်။ နှစ်ပေါင်း ၄၈၀ အနှုတ် ရှောလမုန်နန်းစံပထမလေးနှစ် ညီမျှခြင်း ၄၇၆ နှစ်ဖြစ်ပြီး ၄၇၆ အနုတ် ဇိအုန်တောင်ကို ဒါဝိဒ်သိမ်းပိုက်သည် နန်းစံ ၃၃ နှစ်ညီမျှခြင်း ၄၄၃ နှစ်ဖြစ်သည်။ ထို့ကြောင့် ထွက်မြောက်သည့် အချိန်မှ ဇိအုန်တောင်သို့ ရောက်ရှိသည်အထိ ဣသရေလလူမျိုးတို့၏ ခရီးစဉ်သည် ၄၄၃ နှစ်ခန့် ကြာမြင့် သည်။ ယနေ့တွင် ဘုရားသခင်သည် ဝိညာဉ်တော်အား အသင်းတော်ကို ကျွန်ုပ်တို့၏ မျိုးဆက်အတွင်းတွင် ခရီးစဉ်တစ်ခုလုံးကိုပြီးစီးစေရန် မ စ လိမ့်မည်။

## ကျွန်ုပ်တို့၏ ပွဲတော် ခုနစ်ခု

၁။ မောရှေ

(၁) ပသခါပွဲ (အီဂျစ်ပြည်၌)

(၂) တဆေးမဲ့မုန့်စားပွဲ (အီဂျစ်ပြည်၌)

(၃) အဦးသီးသောအသီးစားပွဲ (ပင်လယ်နီကို ဖြတ်ကျော်ပြီးနောက်၊ ပုံဆောင်ချက်အားဖြင့်)

(၄) ပင်တေကုတ္တေပွဲ (သိနာတောင်၌)

(၅) တံပိုးမှုတ်ပွဲ (မောဘလွင်ပြင်၌ ပုံဆောင်ချက် အားဖြင့်)

၂။ ယောရှု

(၆) အပြစ်ဖြေရာပွဲ (ယော်ဒန်မြစ်ကို ဖြတ်ကျော်ပြီး ဂိလဂါလ၌၊ ပုံဆောင်ချက်အားဖြင့်)

၃။ ဒါဝိဒ်

(၇) တဲတော်ပွဲ (ဒါဝိဒ်က ဇိအုန်ကို သိမ်းပိုက် ပြီးနောက် ရှောလမုန် လက်ထက်တွင် ယေရုရှလင်မြို့၌)

အဆိုပါပွဲတော်များသည် ကျွန်ုပ်တို့၏ အီဂျစ်ပြည်မှ ဇိအုန်တောင် ခရီးစဉ်တွင် တိုက်ရိုက် သော်၄င်း ပုံဆောင်ချက်အားဖြင့် သော်၄င်း ပြည့်စုံခဲ့သည်။ ဘုရားသခင်၏ ကျွန်ုပ်တို့ဖြစ်သော အသင်းတော် (ဂလာ ၆း၁၆) သည် လည်း ပွဲတော် ခုနစ်ခုစလုံးကို ဝိညာဉ်ပိုင်းအရ တွေ့ကြုံခံစားရမည်။

၁။ ပသခါပွဲသည် ကယ်တင်ခြင်းကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့ သည် အီဂျစ်ပြည်တွင် သိုးသငယ်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်း ခံရသည်။ အလားတူပင် ကျွန်ုပ်တို့သည် ဘုရားသခင် သိုးသငယ်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်းခံရသည်။

၂။ တဆေးမဲ့မုန့်စားပွဲသည် စင်ကြယ်သောဘုရားသခင်၏ နှုတ်ကပတ်တော် အားစားသုံးခြင်းကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့ သည် ပသခါ သိုးသငယ်၏ အသွေးအားဖြင့် ရွေးနှုတ်ခြင်းခံရပြီးသည်နှင့် တပြိုင်နက် တဆေးမဲ့မုန့်ကို စတင်စားသုံးကြသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကယ်တင်ခြင်းကို ခံရပြီးနောက်တွင် ဘုရားသခင်၏ စင်ကြယ်သောနှုတ်ကပတ်တော်ကို စားသုံးကြရမည်။

၃။ အဦးသီးသောအသီးစားပွဲသည် ရေနစ်ခြင်းမင်္ဂလာနှင့် ထမြောက်သော အသက်တာကို ကိုယ်စားပြုသည်။ ဣသရေလလူမျိုးများ ပင်လယ်နီကို ဖြတ်သန်းသောအခါ သူတို့ကို အတိတ်နှင့် ဖြတ်တောက်ပေးပြီး အီဂျစ်ပြည်သို့ ပြန်ဆွဲယူရန် ကြိုးစားနေသောတန်ခိုးကို ဖျက်ဆီးပေးသည်။ ကျွန်ုပ်တို့ ရေနစ်ခြင်းခံသောအခါ အသက်တာရှိ ချုပ်နှောင်မှုများစွာ ကျိုးပျက် သွားသည်။

၄။ ပင်တေကုတ္တေပွဲသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံခံခြင်းကို ကိုယ်စားပြုသည်။ ဣသရေလလူမျိုးတို့သည် ပင်တေကုတ္တေပွဲကျင်းပသည့် တတိယလတွင် သိနာတောင်သို့ ရောက်ရှိကြသည်။ သိနာတောင်တွင် သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံနှင့်ဆိုင်သော လက္ခဏာများအားလုံးရှိသည်။ ဣသရေလ လူမျိုးတို့သည် ဘုရားသခင်၏ မီးကို တွေ့၍ အသံတော်ကိုကြားရကာ ထောက်ပံ့ခြင်း၊ နိမိတ်လက္ခဏာ၊ အနာငြိမ်းခြင်းရရှိပြီး ဘုရားသခင်၏ မျက်မှောက်တော်ကို ခံစားကြရသည်။

၅။ တံပိုးမှုတ်ပွဲသည် ရှေ့ဆက်သွားရန် ခေါ်ခြင်း အသစ်ကို ကိုယ်စားပြုသည်။ ဘုရားသခင်သည် မိမိလူတို့အား တောထဲမှ ဂတိတော်ပြည်နှင့် ဇိအုန်တောင်ဆီသို့ ရှေ့ဆက်သွားရန် ပြောဆိုနေသည်။

၆။ အပြစ်ဖြေရာပွဲသည် စိတ်နှလုံးကို ဝေဒနာခံစေခြင်း၊ ပို၍နက်ရှိုင်းသော ဆေးကြောခြင်းနှင့် နှလုံးသား အရေဖျားလှီးခြင်းကို ကိုယ်စားပြုသည်။ ဣသရေလ လူမျိုးတို့သည် ယော်ဒန်မြစ်ကို ကျော်ဖြတ်ပြီး သောအခါ ဂိလဂါလတွင် အရေဖျားလှီးခြင်းခံ၍ ရှင်ဘုရင် ၃၁ ပါး အပါအဝင် ပြည်တော်မှ ရန်သူအားလုံးကို စတင်ရင်ဆိုင် ဖယ်ရှားကြသည်။

၇။ တဲတော်ပွဲသည် ဘုရားသခင်၏ ဘုန်းတော်နှင့် တန်ခိုးတော်ကို ကိုယ်စားပြုသည်။ နှစ်ပေါင်းများစွာ အကြာတွင် ဒါဝိဒ်မင်းကြီးသည် ပြည်တော်တွင် နောက်ဆုံးခြေကုပ်စခန်းဖြစ်သည့် ဇိအုန်တောင်ကို သိမ်းပိုက်ပြီး ဇိအုန်တောင်ထိပ်ပေါ်တွင် မိမိပြင်ဆင် ထားသောတဲ၌ ပဋိညာဉ်သေတ္တာတော်ကို ထားခဲ့သည်။ ဇိအုန်တောင်သည် ဘုရားသခင် အထူးကျိန်းဝပ်ရာနေရာ ဖြစ်သည်။ ဒါဝိဒ်၏ သားတော် ရှောလမုန်သည် ပဋိညာဉ်သေတ္တာတော်ကို ဇိအုန်တောင်ထိပ်ပေါ်မှ ယူ၍ ဗိမာန်တော်ထဲ၌ နေရာချထားပြီး ဘုရားသခင် ဘုန်းတော်သည် ကမ္ဘာတိုင်းနိုင်ငံများဆီသို့ ပျံ့နှံ့သွားသည်။

## ဣသရေလ လူမျိုး၏ ခရီးစဉ်အကျဉ်းချုပ်

ကမ္ဘာဦးကျမ်း – ဣသရေလ လူမျိုးတို့၏ ခရီးစဉ်ကို ဘုရားသခင်သည် ကမ္ဘာမတည်မရှိမီတွင် အစပြုခဲ့သည်။ (ဟေဗြဲ ၄း၃)။ ရေလွှမ်းမိုးပြီး များမကြာမီတွင် ဘုရားသခင်သည် အာဗြဟံနှင့် သူ၏ အမျိုးအနွယ်အား ပဋိညာဉ်ပြုပြီး ခါနန်ပြည် တစ်ခုလုံးကိုပေးရန် ကတိပြုသည်။ (ကမ္ဘာ ၁၅း၁၈–၂၁) ခါနန်ပြည်တွင် ကိုယ်တော်ကျိန်းဝပ်ရာ ဇိအုန်တောင်ရှိသည်။ ဘုရားသခင်သည် အာဗြဟံအား သူ၏ အမျိုးအနွယ်သည် ပြည်တော်ကို အမွေမခံရမီတွင် တိုင်းတပါး (အီဂျစ်ပြည်) ၌ နှစ်ပေါင်း ၄၀၀ ညှင်းဆဲခံရမည်ဟု ရှင်းလင်းစွာ ဖေါ်ပြခဲ့သည်။ ထို့နောက်တွင် ဘုရားသခင်သည် ထိုနိုင်ငံကို တရားစီရင်၍ ဣသရေလ လူမျိုးတို့အား ကြီးစွာသော စည်းစိမ် ဥစ္စာနှင့် ထွက်မြောက်စေသည်။ (ကမ္ဘာ ၁၅း၁၃–၁၄)

ဘုရားသခင်သည် ထိုခရီးစဉ် မစတင်မီကတည်းက ကြိုတင်စီစဉ်ပဲ့ပြင်ခဲ့သည်။ ဘုရားသခင်သည် ယောသပ်ကို အီဂျစ်ပြည်သို့ စေလွှတ်ခဲ့သည်။ ထို့နောက် အစာခေါင်းပါးခြင်းက ယာကုပ်နှင့် သူ၏ မိသားစုကို အီဂျစ်ပြည်သို့ ပြောင်းရွှေ့စေသည်။ သူတို့သည် နှစ်ရာနှင့် ချီ၍ အီဂျစ်ပြည်တွင် ဆက်လက်နေထိုင်ကြပြီး လူသုံးသန်းခန့် တိုးပွားလာသည်။ ယောသပ်၏ အသက်တာနောက်ပိုင်းတွင် အခြား ဖါရောမင်း နန်းတက်လာပြီး အာဗြဟံ၏ သားမြေးတို့အား ကျွန် အဖြစ်ပြုလုပ်ခဲ့သည်။

ထွက်မြောက်ရာကျမ်းမှ တရားဟောရာကျမ်းအထိ။ အချိန်တန်သော အခါ မောရှေကို မွေးဖွားခဲ့ပြီး အာဗြဟံ ပြီးနောက် ခုနှစ် ဆက်မြောက် ဖြစ်သည်။ ယဇ်ပူဇော်သော သိုးသငယ်၏ အသွေးအားဖြင့် ဘုရားသခင် သေခြင်းမှ ကယ်တင်ခဲ့ပြီး ပသခါပွဲကို အစပြုပေးခဲ့သည်။ မောရှေသည် ဖါရောနှင့် အီဂျစ်ပြည် အပေါ်တွင် ဘုရားသခင်၏ တရားစီရင်ခြင်းကို ကျရောက်စေခဲ့သည်။ ထို့နောက် ဣသရေလ လူမျိုးတို့အား ကျွန်ဘဝမှ ကယ်လွှတ်၍ ကတိတော်ပြည်သို့ လမ်းညွှန်ခဲ့သည်။ ဤသို့ဖြင့် သူတို့၏ ခရီးစဉ်စတင်ခဲ့သည်။

သူတို့၏ ခရီးဆုံးမှာ ဂတိတော်ပြည်သာမဟုတ်ဘဲ ဘုရားသခင် ကျိန်းဝပ်ရာ ဇိအုန်တောင်ဖြစ်သည်။ (ထွက် ၁၅း၁၇) ဘုရားသခင်၏ ခေါ်ခြင်း သည် အမှုတော်တစ်ခု (သို့) အမွေတော်တစ်ခုဆီသို့မဟုတ်ဘဲ သခင်ယေရှုခရစ် ဆိုသော ပုဂ္ဂိုလ်ဆီသို့ဖြစ်သည်။ အီဂျစ်ပြည်မှနေ၍ သူတို့သည် ပင်လယ်နီကို ဖြတ်သန်းကြသည်။ တတိယလ ပင်တေကုတ္တေပွဲ အချိန်တွင် သိနာတောင်သို့ ရောက်ရှိကြသည်။ သို့သော် အဆုံးစွန်သော ခေါ်ခြင်းမှာ သိနာတောင်

ပတ်လည်တွင် တပ်ချရန်မဟုတ်ဘဲ ဇိအုန်တောင်သို့ ဖြစ်သည်။ တောထဲတွင် စစ်ဆေးခြင်း ဆယ်ခုကို ကျရှုံးပြီးနောက် ကာဒေရှဗာနာ အရပ်၌ ဘုရားသခင်သည် လက်ရှိမျိုးဆက်အား မိမိ၏ ငြိမ်ဝပ်ခြင်းချမ်းသာသို့ မဝင်ရောက်ရဟု ကြေငြာခဲ့သည်။ ငြိမ်ဝပ်ခြင်း ချမ်းသာသည် ယော်ဒန် မြစ်တဖက် ဂတိတော်ပြည်နှင့် ဇိအုန်တောင်တွင် ရှိသည်။ ထို့ကြောင့် ကလ္သရေလလူမျိုးတို့သည် ထိုမျိုးဆက် သေဆုံးသည်အထိ ၃၈ နှစ် လုံးလုံး ဦးတည်ရာမဲ့ တောထဲ၌ လှည့်လည်ကြသည်။

ယောရှုမှတ်စာ။ ယောရှုသည် တရားစီရင်ခံရသော ထိုမျိုးဆက်ကို ယော်ဒန်မြစ်မှ ဂတိတော်ပြည်သို့ ပို့ဆောင်ခဲ့သည်။ ယော်ဒန်မြစ်ကို ဖြတ်ခြင်းသည် ဇာတိ အသေခံခြင်းကို ကိုယ်စားပြုသည်။ ယော်ဒန်မြစ်ကို ဖြတ်ကျော်ပြီးသောအခါ သူတို့၏ နှလုံးသားများ ပြောင်းလဲသွားကြသည်။ အီဂျစ်ပြည်သို့ မပြန်လိုကြ တော့ပါ။ ယောရှုသည် သူတို့အား အတွင်းပိုင်း အသက်တာကို အုပ်စိုးသည်။ သခင်များကို ပုံဆောင်သော ရှင်ဘုရင် ၃၁ ပါးနှင့် တိုက်ခိုက်ရာတွင် ဦးဆောင်ခဲ့သည်။ ဇာတိအသက်တာ၏ ကဏ္ဍတိုင်းကို နှုတ်ကပတ်တော်အားဖြင့် တစစီ ဖြတ်တောက်ပစ်ရမည်။

တရားသူကြီးမှတ်စာ။ ယောရှုက ''ပြည်တော်ကို မသိမ်းယူဘဲ မည်မျှ ကြာမြင့်စွာနေကြမည်နည်း'' ဟု မေးခဲ့သည်။ (ယောရှု ၁၈း၃) ဘုရားသခင်သည် ယောရှုအား 'သင်တို့သိမ်းစရာမြေများစွာ ကျန်သေးသည်' ဟုဆိုသည်။ (ယောရှု ၁၃း၁) ယောရှုသည် ကလ္သရေလ လူမျိုးတို့အား ပြည့်ဝသောငြိမ်ဝပ်ခြင်းကို မပေးခဲ့ချေ။ (ဟေဗြဲ ၄း၈) တရားသူကြီးမှတ်စာက ကလ္သရေလ လူမျိုးတို့သည် ယောရှုသေဆုံးပြီးနောက် အပေးအယူလုပ်၍ ရန်သူတို့နှင့်အတူ နေထိုင်ပုံကို မှတ်တမ်းတင်ထားသည်။ နယ်မြေများစွာကို ရန်သူတို့က ဆက်လက်ထိန်းသိမ်း ထားပြီး ဇိအုန်တောင်ကိုလည်း ယေဗုသိလူတို့က သိမ်းပိုက်ထားသည်။

ဗမ္မရာဇဝင်ပထမ နှင့် ဒုတိယစောင်။ မျိုးဆက်အတော်ကြာ ပြီးနောက်တွင် ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် ညီသောသူ ဒါဝိဒ်နန်းတက်သည်။ အသက် ၃၇ နှစ် အရွယ်တွင် ဇိအုန်ရဲတိုက်ကို သိမ်းပိုက်၍ ပဋိညာဉ်သေတ္တာတော်ကို ဇိအုန်တောင်ပေါ်၌ထားသည်။ ဇိအုန်တောင်သည် သန့်ရှင်းသောတောင်အဖြစ် လူသိများလာခဲ့သည်။ ဇိအုန်တောင်၌ တွေ့ရသော ဘုန်းတော်တန်ခိုး ကိုးကွယ်မှုနှင့် ရင်နှီးမှုတို့သည် ခရီးစဉ်၏ အခြားနေရာများထက် သာ၍ ကြီးမားပေသည်။ နောက်ဆုံးတွင် အီဂျစ်ပြည်မှ ကလ္သရေလ လူမျိုးတို့ ခရီးစတင်ပြီး

နှစ်ပေါင်း ၄၄၃ နှစ် အကြာတွင် ခရီးဆုံးဖြစ်သည့် ဇိအုန်တောင်သို့ ရောက်ရှိကြသည်။

ဓမ္မရာဇဝင် တတိယနှင့် စတုတ္ထစောင်၊ ရာဇဝင်ချုပ် ပဌမနှင့် ဒုတိယစောင်။ ဒါဝိဒ်၏သား ရှောလမုန်သည် ဗိမာန်တော်ကို တည်ဆောက်၍ သေတ္တာတော်ကို ဇိအုန်တောင်မှယူ၍ ဗိမာန်တော်ထဲ၌ ထားသည်။ ရှောလမုန်၏ ဗိမာန်တော်တွင် ဘုရားသခင်၏ ဘုန်းတော်သည် ကြီးမားလှသဖြင့် ယဇ်ပုရောဟိတ်တို့သည် မတ်တပ်ပင် ပရပ်နိုင်ကြချေ။ (၃ရာ ၈း၁–၁၁) လူမျိုးတို့သည် ဘုရားသခင်၏ ပညတ်တော်ကို ကြားနာရန်နှင့် ဗိမာန်တော်၌ ထင်ရှားပြသော ဘုရားသခင်၏ ဘုန်းတော်ကို တွေ့မြင်ရန်အတွက် လာရောက်ကြသည်။ ထို့ကြောင့် ယုံကြည်သူတိုင်း၏ ပန်းတိုင်မှာ အီဂျစ်ပြည်မှ ဇိအုန်တောင် ဆီသို့ ဝိညာဉ်ရေး ခရီးစဉ်ကိုပြီးစီးစေပြီး ဘုန်းအသရေဆီသို့ ရောက်၍ လူမျိုးများထံ ထိုဘုန်းတော်ကို သယ်ဆောင်ရန်ဖြစ်သည်။

ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်သည် သူ၏ အစေခံများမှတဆင့် သူ၏ နှုတ်ကပတ်တော်ကို နိမိတ်လက္ခဏာ အံ့သြဖွယ်ရာများဖြင့် အတည်ပြုပေးသည်။ မာကု ၁၆း၂၀ တွင် ဖတ်ရသည်မှာ ''တပည့်တော်တို့သည်လည်းထွက်သွား၍ သခင်ဘုရားသည် မစတော်မူသည်နှင့်၄င်း၊ သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်စေတော်မူသည်နှင့်၄င်း၊ ခပ်သိမ်းသော အရပ်တို့၌ တရားဟောကြ၏။'' တမန်တော်တို့သည်လည်း လူများရှေ့မှာ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုအရာများကို ပြုကြ၏။ ထိုသူအပေါင်းတို့သည် ရှောလမုန် ကနားပြင်၌ တညီတညွတ်တည်းနေကြသဖြင့် ကြွင်းသောသူ တစုံတယောက်မျှမပေါင်းဘော်ဝံ့သော်လည်း၊ လူများတို့သည် ကောင်းကြီးပေးကြ၏။ (တမန် ၅း၁၂) ''ယေရှုကလည်း သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သော အမှုတို့ကို မမြင်ရလျှင် ယုံခြင်းမရှိကြဟု မိန့်တော်မူသော်'' (ယော ၄း၄၈) ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ နိမိတ် လက္ခဏာနှင့် အံ့သြဖွယ်ရာကို တောင်းခံ၍ လူတို့၏ နှလုံးသားအား ဧဝံဂေလိတရားအတွက် ဖွင့်ဟပေးရန် ဆုတောင်းရပေမည်။

# အပိုင်း တစ်

## အီဂျစ်ပြည်မှ ယော်ဒန်မြစ်သို့

# အခန်း ၁

## မောရှေ၏အစောပိုင်း အသက်တာ

ပရောဖက် မောရှေ၏ အစောပိုင်းအသက်တာကို ကြည့်ရှုကြပါမည်။ သူ့အသက်တာ၏ နှစ်ပေါင်း ၄၀ ကာလ အကျုံးဝင်သည်။ မောရှေ၏ မိဘများကို ထွက်မြောက် ၂း၁–၂ တွင် တွေ့ရသည်။ ''ထိုကာလ၌ လေဝိအမျိုးသား တယောက်သည် လေဝိအမျိုးသမီးနှင့် အိမ်ထောင်ဘက်ပြု၍ မိန်းမသည် ပဋိသန္ဓေယူသဖြင့် သားယောကျ်ားကို ဘွားမြင်လေ၏။ ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင် သုံးလပတ်လုံး ဖွက်ထားလေ၏။ မောရှေ၏ ဖခင်သည် လေဝိလူမျိုး အာမရံဖြစ်သည်။ မောရှေ၏ မိဘအမည်ကို ဤနေရာတွင် မဖော်ပြသော်လည်း ထွက်မြောက် ၆း၂၀ က အာမရံနှင့် ယောခေဗက်ဖြစ်ကြောင်းကို ပြောပြသည်။ ''အာမရံသည် မိမိအရီးယောခေဗက်နှင့် စုံဘက်၍ သူသည် အာရုန်နှင့် မောရှေကိုဌင်း၊ သူတို့အစ်မ မိရိအံကိုဌင်း ဘွားလေ၏။'' (ထွက် ၆း၂၀)

### ၁။ သူ၏ မျိုးစဉ်ဆက်

မောရှေ၏နောက်ခံသမိုင်းနှင့် ကြီးပြင်းလာပုံကို ကောင်းစွာ သိရှိရန် သူမိသားစု၏ စရိုက်လက္ခဏာကို ကြည့်ရှုဖို့လိုပါသည်။ ထို့ကြောင့် မောရှေ၏ မျိုးစဉ်ဆက်ကို စဉ်းစားကြပါမည်။ ကျွန်ုပ်တို့သည် မိဘနှင့် ဘိုးဘွားတို့၏ ထုတ်ကုန်များဖြစ်ကြသည်။ မိဘနှင့် ဘိုးဘေးတို့သည် ကျွန်ုပ်တို့အား ဗီဇနှင့် စရိုက်လက္ခဏာ အကောင်းနှင့်အဆိုးအချို့ကို လက်ဆင့်ကမ်းပေးခဲ့ကြသည်။

ကျွန်ုပ်တို့၏ ဘိုးဘေးများက မည်သည့်အရာကို လက်ဆင့်ကမ်းပေးခဲ့ ကြောင်း သိရှိရန် မိမိ၏ မျိုးစဉ်ဆက်ကို နားလည်ရန် အရေးကြီးပါသည်။

**လေဝိအမျိုး**

လူ့ဘဝတွင် အရေးကြီးဆုံးအရာမှာ လူတဦးအပေါ် ဘုရားသခင်၏ ထင်မြင်ချက်နှင့် သက်သေခံချက်ပင်ဖြစ်သည်။ မာလခိ ၂း၄–၇ တွင် လေဝိ အကြောင်း ဘုရားသခင်၏ သက်သေခံချက်ကို တွေ့ရသည်။ ''ငါ၏ပဋိညာဉ်ကို လေဝိအမျိုး၌ တည်စေခြင်းငှါ၊ ဤပညတ်စကားကို သင်တို့ဆီသို့ ငါပေးလိုက် ကြောင်းကို သင်တို့သိရကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။ ငါဖွဲ့သော အသက်ပဋိညာဉ် ငြိမ်ဝပ်ခြင်း ပဋိညာဉ်သည် ထိုအမျိုး၌ ရှိ၏။ ငါ့ကိုကြောက်ရွံ့၍ ငါ၏နာမတော်ရှေ့၌ ထိတ်လန့်သောကြောင့် ငါဖွဲ့၍ပေး၏။ ထိုအမျိုးသည် သစ္စာတရား စကားကိုပြောတတ်၏။ သူ့နှုတ်၌ အပြစ်ကို ရှာ၍ မတွေ့။ ငြိမ်ဝပ်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ငါနှင့်အတူသွားလာ၍ များစွာသောသူတို့ကို ဒုစရိုက်အပြစ်မှ လွဲရှောင် စေတတ်၏။'' (ယစ်ပုရောဟိတ်၏နှုတ်ခမ်းသည် ပညာကို စောင့်ရမည်။ သူ၏ နှုတ်၌ လူတို့သည် တရားတော်ကို ရှာကြမည်။ အကြောင်းမူကား သူသည် ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားစေလွှတ်တော်မူသော တမန်ဖြစ်၏) (မာလခိ ၂း၄–၇) လေဝိနှင့် သူ၏သားမြေးတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ သောကြောင့် ဘုရားသခင်သည် သူတို့ အမျိုးအား အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်း ပဋိညာဉ်ကို ပြုခဲ့သည်။ ဘုရားသခင်သည် မိမိကို ကြောက်ရွံ့သော သူများနှင့် ပဋိညာဉ်ပြုပါသည်။ (ဆာ ၂၅း၁၄)

**မောရှေ၏ဝိညာဉ်ရေးရာတိုးတက်မှုအခြေအနေ**

မောရှေ၏မိဘများဖြစ်ကြသော အာမရံနှင့် ယောခေဗက်၏ အသက်တာကို ခေတ္တမျှကြည့်ရှုကြပါစို့။ ထွက်မြောက် ၆း၁၆–၁၈ က အာမရံသည် ကောဟတ်မှ တဆင့် လေဝိအမျိုးမှဆင်းသက်လာသည်ဟု ဆိုသည်။ အာမရံသည် လေဝိ၏ မြေးဖြစ်သဖြင့် မောရှေသည် လေဝိ၏ မြစ်ဖြစ်သည်။

ထွက်မြောက်ရာ ၆း၂၀ တွင် ''အာမရံသည် မိမိ အရီးယောခေဗက်နှင့် စုံဘက်၍ သူသည် အာရုန်နှင့် မောရှေကိုဘွားမြင်၏။ သူတို့အစ်မ မိရိအံကိုဖွားလေ၏။'' အာမရံသည် အဒေါ်ဖြစ်သူ ယောခေဗက်နှင့် လက်ထပ်၍ မိရိအံ၊ အာရုန်နှင့် မောရှေဆိုသော သားသမီးသုံးဦးကို ရရှိသည်။ (တော ၂၆း၅၉)

ထိမ်းမြားလက်ထက်ခြင်းနှင့် ပတ်သက်၍ အရေးကြီးသည် ဟု ဘုရားသခင် ပြောထားသော ကျမ်းပိုဒ်ကိုသာ ကောင်းစွာ နားလည်ရန် မာလခိ ၂း၁၅–၁၆ ကို ကျွန်ုပ်တို့ ကြည့်ရန် လိုအပ်သည်။ မာလခိ ၂း၁၅–၁၆ ''တစ်ဦးတည်းကိုသာ ဖန်ဆင်းတော်မူပြီ မဟုတ်လော။ သို့သော်လည်း၊ ကိုယ်တော်၌ ဝိညာဉ်တော်အကျန်အကြွင်းရှိ၏။ အဘယ်ကြောင့်တစ်ဦးတည်းကိုသာ ဖန်ဆင်းတော်မူသနည်း ဟူမူကား၊ ဘုရားသခင်နှင့် ထိုက်တန်သော အမျိုးကို ရှာ၍ ထိုသို့ဖန်ဆင်းတော်မူ၏။ သို့ဖြစ်၍ ကိုယ်စိတ်သဘောကို ချုပ်တည်းကြလော့။ အသက်ပျိုစဉ်အခါ လက်ထပ်သောမယားကို သစ္စာဖျက်၍ မပြစ်မှားကြနှင့်။'' ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဘုရားဝတ်၌ မွေ့လျော်သော မျိုးဆက်ကို ရရန်ဖြစ်သည်။ ဘုရားသခင်က သန့်ရှင်းသော ထိမ်းမြားခြင်းဖြင့် သန့်ရှင်းသော သား၊ သမီးများကို ရရန် အလို ရှိသည်။ ပြိုကွဲသော အိမ်ထောင်နှင့် ခိုက်ရန်ဖြစ်ပွားသော အိမ်ထောင်တို့သည် သားသမီးများ၌ ဖြစ်ပွားစေသည်။

အာမရံနှင့် ယောခေဗက်တို့၏ သားသမီး သုံးဦးသည် ဝိညာဉ်ရေးတိုးတက်မှုကို သရုပ်ဖေါ်နေပြီး ဤကလေးသုံးဦးအပေါ်တွင် ဘိသိတ်ခြင်းနှင့် ကောင်းကြီးတိုးတက်ပုံကို ထင်ရှားစွာ တွေ့ရသည်။ မိရိအံနှင့် အာရုန်သည် မောရှေမတိုင်မီတွင် မွေးဖွားခဲ့သည်။ မိရိအံသည် ပရောဖက်မဖြစ်ပြီး အာရုန်သည် ပရောဖက်နှင့် ယဇ်ပုရောဟိတ်ဖြစ်သည်။ နောက်ဆုံးမွေးသောမောရှေသည် သားသမီး သုံးဦးအနက် အကြီးမြတ်ဆုံးဖြစ်သည်။ သူသည် ဘုရားသခင်၏ ကိုယ်စားစကားပြောပြီး ဖာရောအတွက် ဘုရားသခင်လိုဖြစ်သည်။ (ထွက် ၇း၁)။

မိဘတို့၏ ဝိညာဉ်ရေးအခြေအနေသည် သားသမီးများအပေါ်တွင် ကြီးစွာသော အကျိုးသက်ရောက်မှုကို ပေးကြောင်း ပြောလိုပါသည်။ သန္ဓေတည်စတွင် မိဘတို့၏ ဝိညာဉ်ရေးအခြေအနေသည် သားသမီးတို့၏ ဝိညာဉ်ရေး အခြေအနေကို ဆုံးဖြတ်ပေးသည်။ မိဘများတိုးတက်၍ ဝိညာဉ်ရေးအသက်တာ ရင့်ကျက်လာသည်နှင့်အမျှ သားသမီးတို့ ကောင်းကျိုး ခံစားရသည်။

## တူညီသောအမျိုးအစားကို မွေးထုတ်ခြင်း

သဘာဝတရားတွင် အရာခပ်သိမ်းတို့သည် မိမိအမျိုးအစားအတိုင်း ထုတ်လုပ်ပေးကြသည်။ ကမ္ဘာဦး ၁း၁၂ က ဤသို့ရှင်းလင်းစွာပြောဆိုထား

သည်။ ''မြေသည် မြက်ပင်ကိုင်း၊ စပါးသီးမျိုးကိုဖြစ်စေသော စပါးပင်ကိုင်း၊ မိမိ၌ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကိုင်း ပေါက်စေ၏။''

ပန်းသီးပင်သည် ပန်းသီးကိုသာ ထုတ်လုပ်ပေးလိမ့်မည်။ ကောင်းသော ရည်ရွယ်ချက် မည်မျှရှိရှိ၊ ပန်းသီးပင်သည် သစ်တော်သီးကို သီးစေမည် မဟုတ်ချေ။ ဤအရာသည် ဖန်ဆင်းခြင်းတရားကို ပြောင်းပြန်လှန်ခြင်း ဖြစ်သည်။ ထို့အပြင် ပန်းသီးပင်သည် အမျိုးအစားအလိုက် ပုံစံကွဲအမျိုးမျိုးကို ထုတ်လုပ်ပေး လိမ့်မည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်ုပ်နှင့် ဇနီးသည်သည် အရသာရှိလှသော ရွှေပန်းသီးထွက်ရှိသည့် ဝါရှင်တန်ပြည်နယ်တွင် နေထိုင်ခဲ့ ကြသည်။ အကောင်းဆုံး ရွှေပန်းသီးကို ထုတ်လုပ်ရန် သိပ္ပံပညာရှင်များက နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ အသီးများသည် သူတို့၏ အမျိုးအစားအပေါ်တွင် မူတည်သည်။ အသီးအရွက်နှင့် တိရစ္ဆာန်လောကအတွက်သာ ဤအချက် မှန်ကန်ရုံသာမက လူသားများ အတွက်လည်း မှန်ကန်သည်။ ကျွန်ုပ်တို့၏ အဖြစ်အတိုင်း သားသမီးတို့ထဲတွင် ထုတ်လုပ်ပေးကြသည်။ ကျွန်ုပ်တို့သည် မိဘနှင့် ဘိုးဘွားတို့၏ထုတ်ကုန် ဖြစ်သည်။

သားသမီးများသည် မိဘတို့၏ ဗီဇကို ယူဆောင်ကြကြောင်းမှာ လူသိများသောအချက်ဖြစ်သည်။ အမှုတော်ဆောင် တစ်ဦးသည် သားသမီးတို့၏ စရိုက်နှင့်ပတ်သက်၍ ဘုရားသခင်အား ခါးသီးစွာ အပြစ်တင်ညည်းတွားကြောင်း ကြားဖူးပါသည်။ ဘုရားသခင်က ''သူတို့ကို သင်သန္ဓေတည်စေသည့်အချိန်တွင် ရှိသည့် သင်၏ ဗီဇကို သူတို့ယူကြသည်'' ဟု ဖြေခဲ့သည်။ ထို့ကြောင့် သူနောင်တရ၍ အသက်တာအကြီးအကျယ်ပြောင်းလဲသွားသည်။

မိဘများ၏စရိုက်ကို အမွေခံခြင်းသည် မောရှေ အတွက် အကောင်းဖက်မှ ဖြစ်သလို အခြားသူများအတွက် အဆိုးဖက်တွင်လည်းဖြစ်ခဲ့သည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့မကျော်လွှားနိုင်သော အမွေ ဆက်ခံသည့် အပြစ် (သို့) ချည်နှောင်မှု မရှိပါချေ။ ရှင်ပေါလုက ပြောသည်မှာ ''ထိုမှတပါး ပညတ်တရားသည် တဖန် ဝင်သဖြင့် ပြစ်မှားသောအပြစ် ပွားများ၏။ သို့သော်လည်း အပြစ်ပွားများသည်အရာမှာ ကျေးဇူးတော် သာ၍ ကြွယ်ဝ၏။ ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည် သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့ သခင်ယေရှုခရစ် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့် ယှဉ်သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။'' (ရောမ ၅း၂၀–၂၁) ကျွန်ုပ်တို့၏ အသက်တာ (သို့) မျိုးရိုး၌ အပြစ်ပေါ်များသောအခါ

ကျေးဇူးတော် သာ၍ ကြွယ်ဝနိုင်ပါသည်။ ကျွန်ုပ်တို့ဖြောင့်မတ်ခြင်းတရား၌ ကျင်လည်သည်နှင့်အမျှ ကျေးဇူးတော်က အုပ်စိုးနိုင် ပါသည်။

လူများစွာတို့သည် ဘိုးဘေးတို့၏ အသက်တာကြောင့် ပြဿနာမျိုးစုံနှင့် ရင်ဆိုင်ရသည်။ အမွေဆက် ခံလာရသောအပြစ်နှင့် ချည်နှောင်မှုများကို လျစ်လျူရှု၍ မရပါ။ လူတို့အား ကျွန်ုပ်တို့အကြံပြု ဆွေးနွေးသောအခါ လူတို့ပြုမူရခြင်း၏ အကြောင်းရင်းများ ရှိကြောင်းကို မမေ့သင့်ပါချေ။ သူတို့၏ အပြုအမူများကို မိဘနှင့် မျိုးရိုးထဲတွင် ခြေရာခံ၍ ရတတ်ပါသည်။ မိဘနှင့် ဘိုးဘွားတို့၏ အသက်တာသည် သားသမီးတို့၏ စရိုက်ကို ဆုံးဖြတ်ပေး ရုံသာမက ဝိညာဉ်ရေးပြဿနာ (သို့) ကောင်းကြီးမင်္ဂလာကိုလည်း ဆုံးဖြတ်ပေးသည်။

မျိုးဆက်တစ်ခုပြီး နောက်တစ်ခု လက်ဆင့်ကမ်းရသော ဝတ်ရုံတစ်ခု ရှိသည်။ ဘုရားသခင်က မိဘများနှင့် ပြုနိုင်သော ပဋိညာဉ်ရှိသည်။ ထိုပဋိညာဉ်ကြောင့် ဝတ်ရုံကို လက်ဆင့်ကမ်းရသည်။

ကောင်းကြီးနှင့် ကျိန်ခြင်းများကို မျိုးဆက်တစ်ခုမှ တစ်ခုသို့လက်ဆင့်ကမ်း၍ ရသည်။ နှစ်ပေါင်းများစွာအကြာက ကင်ဆာရောဂါဖြစ်နေသော အမှုတော်ဆောင် တဦးနှင့် ကျွန်ုပ်တွေ့ဆုံခဲ့သည်။ ''သင်၏မိဘနှင့် ဘိုးဘွားများမှာ ဒီရောဂါရှိသလား'' ဟု မေးရန် ဝိညာဉ်တော်က နိုးဆော်သည်။ သူက 'ရှိပါတယ်' ကျွန်တော်တို့ မိသားစု မျိုးရိုးမှာ လူတိုင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ကင်ဆာနဲ့ ဆုံးကြတယ်'' ဟု ဖြေသည်။ ကင်ဆာဝိညာဉ်ကို မျိုးဆက်တခုပြီးတခု လက်ဆင့်ကမ်းခဲ့သည်။ ကင်ဆာဝိညာဉ်ကို ချည်နှောင်၍ ချိုးဖျက်ပြီး သူ၏ သားသမီးများဆီသို့ မရောက်စေရန် ဆုတောင်းပေးကြသည်။

မိဘနှင့် ဘိုးဘွားတို့ထံမှ စရိုက်ဗိဇကိုသာမက ကောင်းကြီးနှင့် ကျိန်ခြင်းကိုပါ လက်ဆင့်ကမ်းပေးကြောင်းကို သဘောပေါက်ရန် အရေးကြီးသည်။ ကောင်းကြီးနှင့် ကျိန်ခြင်းသည် ရပ်တန့်စေခြင်းမရှိပါ။ မျိုးရိုးတွင် ဆက်ရှိနေသည်။ လူတို့နှင့် အကြံပြုဆွေးနွေးသောအခါ မျိုးရိုးကိုသိရန် အရေးကြီးပြီး သူတို့ပြဿနာနှင့်ဆိုင်သောအရာကို ဖေါ်ထုတ်ပြတတ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က နယူးဇီလန်နိုင်ငံ အမျိုးသမီးအစည်းအဝေးတစ်ခုတွင် ဟောပြောနေစဉ် ရုပ်ပါရုံတစ်ခုကို မြင်ရသည်။ ပရိတ်သတ်များမှာ အကြံပေး သင်းအုပ်ဆရာများမှလွဲ၍ မိန်းမများသာဖြစ်သည်။ ဤရုပ်ပါရုံတွင် အဘွား၊ အမေနှင့် သမီးဆိုသော မျိုးဆက် ၃ ခု၏ နှလုံးသားကို မြင်ရသည်။ အဘွား၏ နှလုံးသားထဲတွင် ပေါင်းပင်ကလေးရှိပြီး အသက်တာရှိ

ချုပ်နှောင်မှု တစ်ခု ဖြစ်သည်ဟု ဖော်ပြသည်။ သူမ၏ သမီးထံတွင် ၎င်းကို လက်ဆင့်ကမ်းပေးပြီး သမီးအထဲ၌ သန်မာသော ချုပ်ပင်ဖြစ်လာသည်။ သမီးဖြစ်သူကလည်း ထိုချုပ်နှောင်ခြင်းကို မိမိ၏ သမီးထံ လက်ဆင့်ကမ်းပေးရာ ထိုသမီးအထဲ၌ ပေါင်းပင်နှင့် ချုံပုတ်သာမကဘဲ အပင်ကြီးဖြစ်သွားသည်။ ထို့ကြောင့် အဘွားက သူ့သမီးထံပြဿနာကိုလက်ဆင့်ကမ်းပြီး ထိုမှတဆင့် မြေးထံသို့ရောက်ရှိခဲ့သည်။ အဘွားနှင့် မိခင်တို့က ဘုရားသခင်အားဖြေရှင်းခွင့် မပြုသောကြောင့်ဖြစ်သည်။ ဆိုးသောအကျင့်နှင့်အပြစ်များ ကောင်းကြီးနှင့် ဘိသိက်ခြင်းများသည် ယေဘုယျ အားဖြင့် နောက်မျိုးဆက်များတွင် တိုးပွား တတ်သည်။

အကြောင်းကိစ္စများကို နှလုံးသားထဲကနေ မကိုင်တွယ်မဖြေရှင်းပါက၊ ထိုအရာများကို ကျွန်ုပ်တို့၏ သား၊ သမီးများထံသို့ လက်ဆင့်ကမ်းပြီး သူတို့ အသက်တာ၌ သာ၍ အားကြီးလာသည်။

မိဘများသည် စိတ်နှလုံးကို ဖြူစင်အောင် ထိန်းသိမ်းခြင်းအားဖြင့် ဘုရားမဲ့သောအရာတစ်ခုကိုမျှ သားသမီးတို့ထံ လက်ဆင့်မကမ်းပေးရန် အရေးကြီးသည်။ ကျွန်ုပ်တို့သည် သူတပါးထံတွင် အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ထပ်မံ ထုတ်လုပ်ပေးလိမ့်မည်။ ကျွန်ုပ်တို့၏ ဇာတိနှင့် ဝိညာဉ်သား သမီးများထံသို့ ကောင်းကြီးနှင့် ဘုရားဗီဇကိုသာ လက်ဆင့်ကမ်းပေးဖို့ ဆုတောင်းကြပါစို့။

## ခရစ်တော်၌လူသစ်ဖြစ်ခြင်း

ကျွန်ုပ်တို့၏ မျိုးဆက်သည် ကျွန်ုပ်တို့မည်သူ ဖြစ်သည်ကို ကြီးမားသော အတိုင်းအတာအထိ ဆုံးဖြတ်ပေးနေသည်။ သို့သော် ဤနောက်ဆုံး ပြောဆိုချက်ကို ကျွန်ုပ်ရှင်းလင်းဖို့ လိုပေမည်။ လူများစွာတို့က သူတို့မှာ ဘုရားကြည်ညိုမှု ကင်းသော မိဘများရှိသောကြောင့် လူ့ဘဝတွင် အောင်မြင်ရန် လမ်းမရှိဟု ထင်မှတ်ကြသည်။ ဤအရာ လုံးဝ မှားယွင်းပေသည်။ မိဘတို့က ကျွန်ုပ်တို့၏ သဘာဝဗီဇကို လက်ဆင့် ကမ်းပေးကြသည် မှန်သော်လည်း ခရစ်တော်ထံ လာသောအခါ ကျွန်ုပ်တို့သည် သတ္တဝါသစ်များ ဖြစ်လာကြသည်။

ရှင်ပေါလုကပြောသည်မှာ ''လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ် ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (၂ကော ၅း၁၇) ကျွန်ုပ်တို့သည် မိမိအထဲရှိ သတ္တဝါသစ်နှင့် ဗီဇသစ်ကိုပြုစုပျိုးထောင်၍ မှန်ကန်သော အသိပညာ

အားဖြင့် အသစ်ပြုပြင်ရမည်။ ဤသမ္မတရား၌ အောင်မြင်ခြင်းအတွက် မြော်လင့်ခြင်းရှိသည်။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် မိဘများနှင့် ကွာခြားနိုင်ပါသည်။ ယောရှိမင်းကို ခေတ္တမျှ ဆင်ခြင်ကြည့်ပါ။ သူ၏ ဖခင် အာမုန်နှင့် အဖိုးမနာရှေတို့သည် ယုဒပြည်တွင် အဆိုးဆုံး မင်းနှစ်ပါးဖြစ်ကြသည်။ သို့သော် ယေရှိသည် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချ၍ သူတို့နှင့် မတူဘဲ ပြုမူခဲ့သည်။ သူသည် အသက်ရှစ်နှစ်အရွယ်တွင် ရှင်ဘုရင် ဖြစ်လာပြီး အသက်ရှင်သမျှ ကာလပတ်လုံး ဘုရားသခင်ရှေ့တွင် တရားသောအမှုကို ပြုသည်။(၂ရာချုပ် ၃၄း၁-၂)

နောက်ဥပမာတခုကို ကြည့်လျှင် ဘုရင် ယေရောဗောင်သည် ရွှေနွား သငယ်ရုပ်တုကို ပြုလုပ်၍ ဣသရေလလူမျိုးတို့အား ရုပ်တု ကိုးကွယ်ခြင်းသို့ တွန်းပို့ခဲ့သော မြောက်ပိုင်း ဣသရေလနိုင်ငံကို တည်ထောင်သည်။ ယေရောဗောင်၏ သားအား ဘုရားသခင်အပေါ်တွင် မှန်ကန်သော နှလုံးသား ရှိခြင်းကြောင့် ဘုရားသခင်က သိမ်းယူခဲ့သည်။ ''ဣသရေလအမျိုးသား အပေါင်းတို့သည် ငိုကြွေးမြည်တမ်းခြင်းကိုပြု၍ သင်္ဂြိုဟ်ကြလိမ့်မည်။ ယေရောဗောင်အမျိုးသားစုတွင် ထိုသူငယ်တယောက်တည်းသာ သင်္ဂြိုဟ်ခြင်းကို ခံရလိမ့်မည်။ အကြောင်းမူကား၊ ယေရောဗောင် အမျိုးသားစုတွင် ထိုသူငယ် တစ်ယောက်သည် ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၌ ကြည်ညို သော စိတ်ရှိ၏။'' (၃ရာ ၁၄း၁၃)

**အသစ်သောမျိုးစေ့ကြဲပါ**

နှစ်ပေါင်းများစွာက ကျွန်ုပ်တို့၏မိတ်ဆွေတစ်ယောက်သည် သူမ၏ ကလေးများအတွက် အလွန်စိုးရိမ် ပူပန်သည်။ သူမနှင့် သူမ၏ခင်ပွန်းတို့သည် အသစ်တဖန် မွေးဖွားခြင်းကို ခံပြီး ဝိညာဉ်တော်နှင့် မပြည့်မှီကတည်းက သား၊ သမီးများ ရရှိခဲ့တာဖြစ်သည်။ ထိုစဉ်က သူတို့ကလေးများ သိပ်မ လိမ္မာ ကြပါ။ သူမသည် စိတ်ပျက်ခြင်းနှင့် ဘုရားသခင်ထံပြောပါသည်။ 'အိုဘုရားသခင်၊ ကျွန်မ အထဲ၌ မှားသမျှကို ကျွန်မ၏ သားများ၌ တွေ့မြင်ရပါသည်။ ကျွန်မ ဘာကိုများ ဖြစ်ပွားစေလိုက်သလဲ။ ' ဘုရားသခင်က သူမအား 'မျိုးစေ့အသစ် စ ကြဲပါ' ဟုပြောပါသည်။ တစ်ခြားစကားနှင့် ပြောမည်ဆိုပါက – 'သင် စိုက်သည့်အရာကို သင်ရိတ်သိမ်းနေတာ။ သို့သော် ယခုမှ စ၍ ခြားနားသော မျိုးစေ့ကို စ ကြဲပါ။' ဟု ဘုရားသခင်က ပြောနေခြင်းဖြစ်သည်။

သူမသည် ဘုရားသခင်၏စကားကို နားထောင်ပြီး သူမ၏ ကလေးများကို နည်းလမ်းမှန်သို့ ပြုစုပျိုးထောင်စ ပြုနေပြီ။ သူမသည် မှန်မှန်ကန်ကန်ဖြင့် နူးညံ့သိမ်မွေ့စွာ စည်းကမ်းကြပ်မတ်နေပြီး သူမသည် သား၊ သမီးများအထဲ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော သမ္မာတရားကို အစပြု စိုက်ပျိုးနေပြီ။ ထိုကောင်းသော မျိုးစေ့များက သား၊ သမီးများ အသက်တာ၌ စိုက်ပျိုးခဲ့ပြီးသော မကောင်းသော မျိုးစေ့များက တစ်ဖြည်းဖြည်းချင်း အနိုင်ယူ အောင်မြင်လာသည်။ ရလဒ်အားဖြင့် သားနှစ်ယောက်တို့သည် အံ့သြစရာ ကောင်းသော ခရစ်ယာန်များဖြစ်လာပြီး ထူးချွန်စွာဖြင့် တက္ကသိုလ်မှ ဘွဲ့ ရကြသည်။ ဤလူငယ် နှစ်ဦး၏အသက်တာကို လှည့်ပြောင်းပေးလိုက်တဲ့ အဓိက အချက်ကတော့ သူတို့အထဲ၌ မကောင်းသောမျိုးစေ့ကြဲခြင်းကို ရပ်တံ့ပြီး မှန်သော မျိုးစေ့ကိုသာ စ ကြဲမည်ဟု မိခင်၏ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

အကယ်၍၊ သင်ပြုမိခဲ့သော အမှုများကြောင့် သင်၏ကလေးများသည် သင့်ကို ဆန့်ကျင်ပြီး လမ်းလွှဲနေပါက သင်စိတ်မပျက်ပါနှင့်။ ဘုရားသခင်၌ မျှော်လင့်ခြင်း ထားပါ။ သူတို့အထဲ၌ မှန်သောမျိုးစေ့ကို စကြဲပြီး ၊ သူတို့ အထဲ၌ သင်စိုက်ခဲ့သော မှားသောမျိုးစေ့များကို အမြစ်ကနေ ဆွဲနှုတ်ပါ။ မှန်သောမျိုးစေ့ကို သင်ကြဲလျှင် ထိုမျိုးစေ့၏အသီးကို သင်ရိတ်သိမ်းရမည်။ သတိရပါ။ ကောင်းသောမျိုးစေ့ကို စ ကြဲဘို့ ဘယ်တော့မှ နောက်မကျပါ။

## ဝိညာဉ်ရေးရာမျိုးပွားခြင်း

ဝိညာဉ်ရေးရာ မျိုးပွားခြင်းဆိုသော ဝိညာဉ်သားသမီးနှင့် မြေးများ မွေးထုတ်ခြင်းအကြောင်းကို ခေတ္တဆင်ခြင် လိုပါသည်။ ခရစ်ယာန်ဘာသာ၏ အခြေခံပန်းတိုင်နှစ်ခု ရှိပြီး ပထမမှာ ဘုရားသခင်ကို သိကျွမ်း၍ ဘုရားသခင်နှင့် တူစေရန်ဖြစ်သည်။ ဒုတိယမှာ တပည့်တော်ဖြစ်စေ၍ ခရစ်တော်၏ အသိတရားနှင့် စရိုက်သဘာဝကို တည့်သွင်းပေးရန်ဖြစ်သည်။

ယေရှုကပြောသည်မှာ ''သင်တို့သွား၍ လူမျိုး တကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။'' (မဿဲ ၂၈း၁၉) ဘုရားသခင်သည် ကျွန်ုပ်တို့ အား တပည့်တော်များစွာ မွေးထုတ် စေလိုပြီး မှန်ကန်သောအရာများကို သူတို့အထဲ၌ ထည့်သွင်းပေးစေလိုသည်။ ကျွန်ုပ်တို့၏ ဝိညာဉ် သားသမီးများထံ လက်ဆင့် ကမ်းပေးသောအရာ အရေးပါပုံကို အသင်းတော် အစည်းအဝေးတစ်ခုက သရုပ်ဖော်ပြခဲ့သည်။ သင်းအုပ်ဆရာသည် အနည်းငယ်နောက်ကျမည် ဖြစ်သော ကြောင့် ကျွန်ုပ်အား အစည်းအဝေးကို စတင်စေသည်။ ဝတ်ပြုခြင်း အစီအစဉ် ချောမွေ့ပြီး ဝိညာဉ်အထဲ၌ ကိုးကွယ်သောအချိန်တစ်ချိန် ရှိသည်။ ဘုရားသခင်ကို ကျွန်ုပ်အာရုံပြုနေစဉ် ရုတ်တရက် အသင်းတော်၏ ကြမ်းပြင်တုန်လှုပ် လာသည်။ ဘာဖြစ်နေသည်ကို ကျွန်ုပ်မစဉ်းစားတတ်ပါ။ မျက်စိကို ဖွင့်ကြည့်သောအခါ လူတယောက်ခုန်ပေါက် နေသည်ကို တွေ့ရသည်။ သူ၏ မျက်နှာမှာနီရဲနေပြီး လျင်မြန်စွာ ဖရောဖက်ပြုသဖြင့် မည်သူကမျှ သူ့ကို နားမလည်ပါ။ သူ၏ ပရောဖက်ပြုချက်မှာ ဘုရားသခင်ထံမှ ဖြစ်နိုင်သော်လည်း သူပေးသည့် အမူအယာကြောင့် မည်သူ့အတွက်မှ ကောင်းကျိုး မဖြစ်ပါချေ။

သိပ်မကြာမီတွင် ကြမ်းပြင်တဖန် လှုပ်ခါသွားပြီး နောက်တယောက်သည် ထိုသူပရောဖက် ပြုသည် နည်းတူ အခြားသော ဘာသာစကားဖြင့် သတင်း စကားကိုပေးလာသည်။ ထို့နောက် အခြားတယောက်က အလားတူ အမူအယာ နှင့် အသံအားဖြင့် အနက်ပြန် လိုက်သည်။ ဤအချိန်တွင် ကျွန်ုပ်တစ်ခုခု ပြောသင့်သည်ဟု စဉ်းစားနေစဉ် သင်းအုပ်ဆရာရောက် လာပြီး သူ၏ အသင်းသားများနှင့် တစ်ပုံစံတည်း ပရောဖက်ပြုလာသည်။

ဤသင်းအုပ်ဆရာသည် သူဝိညာဉ် ဆုကျေးဇူး အသုံး ပြုသည့်ပုံစံကို အသင်းသားများထံ ထုတ်လုပ်ပေး ကြောင်း ကျွန်ုပ်သဘောပေါက်လိုက်သည်။ သို့သော် မသင့်လျော်ဘဲ ဘုရားသခင်က အသင်းတော်ကို ပေးလိုသော

သတင်း စကားမှ အာရုံလွဲချော်စေသည်။ ဤအချိန်တွင် အသင်းသားများကို ပဲ့ပြင်ခြင်းမဟုတ်ဘဲ အစည်းအဝေးပြီးသောအခါ သင်းအုပ်ဆရာကို ကျွန်ုပ်စကား ပြောခဲ့ရသည်။

အထက်ပါဖြစ်ရပ်၌ သင်းအုပ်ဆရာသည် မိမိအသင်းသားများထံတွင် မိမိကိုယ်ကို မွေးထုတ်ခဲ့သည်။ သူတို့သည် သူ့လိုပင် ပရောဖက်ပြု၍ အခြားသောဘာသာစကားပြောကြသည်။ ကျွန်ုပ်တို့သည် မိမိနှင့် အမျိုးအစား တူသူများကို မွေးထုတ်ပေးသည်မှာ သဘာဝပင် ဖြစ်သည်။ ဟောရှေ ၄း၉ ၌ လူတို့သည် ယဇ်ပုရောဟိတ်များအတိုင်းပြုကြသည်ဟု ဆိုသည်။ အသင်းသား များသည် သင်းအုပ်ကို အတုယူတတ်ကြသည်။ သူ့လိုပြုမူ၍ ပြောဆိုတတ်ကြ သည်။ ခေါင်းဆောင်က အသင်းတော်တွင် ချမှတ်သည့်လေသံအတိုင်း အသင်း သားများထံတွင် ပေါ်ထွက်လာမည်။ အသင်းသားများသည် သင်းအုပ်၏ ပုံသက်သေကို လိုက်လျှောက်ကြသည်။ လူအများစုသည် ယေရှုကို မမြင်ဘဲ သင်းအုပ်ကိုသာ မြင်ကြသည်။ သူတို့၏ သင်းအုပ်သည် ယေရှုနှင့်တူသည်ဟု ယူဆကြသည်။ သင်းအုပ်အော်ပါက အသင်းသားများလည်းအော်တတ်ကြသည်။ သင်းအုပ်က အေးဆေးပါက အသင်းသားများလည်း အေးဆေးတတ်ကြသည်။ ယေဘုယျအားဖြင့် ဤအချက်မှန်ကန်ပေသည်။

နှစ်အနည်းငယ်ခန့်က ကျွန်ုပ်နှင့် ဇနီးတို့သည် ဆွစ်ဇာလန်ရှိ ကျမ်းစာ ကျောင်းတစ်ခုကို တာဝန်ယူ ခဲ့ရသည်။ တစ်နေ့တွင် ဇနီးသည် ကျောင်းအုပ်နှင့် မိသားစုထံလည်ပတ်ခဲ့သည်။ လည်ပတ်စဉ်တွင် သူတို့၏ လေးနှစ်အရွယ် သားလေးသည် လက်နောက်ပစ်လျက် စကားပြောပြီး ရှေ့တိုးနောက်ဆုတ် လမ်းလျှောက်နေသည်ကို သတိပြုမိသည်။ မိဘတို့က သူ့အား ''ဒေးဗစ် ဘာလုပ်နေတာလဲ'' ဟု မေးရာ သူက ''ကျွန်တော် ဆရာ Bailey လို လုပ်နေတာပါ'' ဟု ပြောကြားခဲ့သည်။ ကျွန်ုပ် တရားဟောသောအခါ လက်ကို နောက်ပစ်လေ့ရှိသည်။ ကျွန်ုပ်သတိ မထားမိသော အကျင့်ဖြစ်သော်လည်း ထိုကလေး၏ စိတ်ထဲတွင် ၎င်းက တရားဟောခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သူတပါးထံ ထပ်မံထုတ်လုပ်တတ်ကြောင်းကို သဘောပေါက်သင့်သည်။ ထို့ကြောင့် ကောင်းသော စံနမူနာဖြစ်ရန် အရေးကြီးပါသည်။

### ၂။ မောရှေ၏ မွေးဖွားခြင်း

မောရှေမွေးဖွားခြင်းကို မကြည့်မီ နောက်ကွယ်မှ အခြေနေနှင့် ဖြစ်ရပ်များကို ဦးစွာ စဉ်းစားကြပါမည်။ ''ယောသပ်နှင့် အစ်ကိုများမှစ၍ ထိုကာလအမျိုးသား

အပေါင်းတို့သည် သေကြကုန်၏။ ဣသရေလ အမျိုးသားတို့သည် သားကို ဘွား၍ အလွန်တိုးပွါး များပြားသဖြင့် အလွန်အားကြီး၍ တပြည်လုံး၌ နှံ့ပြား ကြလေ၏။ ထိုနောက်မှ အဲဂုတ္တုပြည်၌ ယောသပ်ကို မသိသော ရှင်ဘုရင်သစ် ပေါ်လာ၏။'' (ထွက် ၁း၆–၈)

ဤဖါရောသည် အလွန်ဆိုးပြီး ဣသရေလ လူမျိုးတို့အား ညှင်းဆဲသည်။ ''ထိုရှင်ဘုရင်ကလည်း၊ ဣသရေလ အမျိုးသားတို့သည် ငါတို့ထက် သာ၍ များကြ၏၊ သာ၍ အားကြီးကြ၏။ လာကြသူတို့ကို လိမ္မာစွာ ပြုကြစို့။ သို့မဟုတ် သူတို့သည် များပြားကြလိမ့်မည်။ နောက်တခါ စစ်မှုရောက်လျှင် ငါတို့ရန်သူဘက်သို့ ဝင်စား၍ ငါတို့ကို တိုက်သဖြင့် ပြည်တော်ထဲက ထွက်သွားကြလိမ့်မည် ဟု မိမိလူတို့အား ဆိုလေ၏။ ထိုကြောင့် အဲဂုတ္တုမင်းတို့သည် ကျပ်တည်းစွာ နှိပ်စက်ညှဉ်းဆဲစေခြင်းငှါ အအုပ်အချုပ်ခန့်ထားကြ၏။ ဣသရေလ လူတို့သည် ဘဏ္ဍာတော် သိုထားဘို့၊ ပိသုံမြို့နှင့် ရာမသက်မြို့ကို တည်ဆောက်ရကြ၏။'' (ထွက် ၁း၉–၁၁) ထို့ကြောင့် သူတို့၏ ဝန်ထုပ်ဝန်ပိုးများဖြင့် ဒုက္ခဝေဒနာ စွဲကပ်စေရန် သူတို့အပေါ် ခက်ခဲသော အလုပ်တာဝန်ကို စေခိုင်းသူကို ခန့်ထားသည်။ ဖါရောဘုရင်အတွက် အထောက်အပံ့ဖြစ်သော ပိသုံမြို့နှင့် ရာမသက်မြို့ တို့ကို တည်ဆောက်သည်။ ဤသို့ဖြင့် ကြီးစွာသောဒုက္ခဝေဒနာကို ခံစားရသည်။

## ကျွန်ဘဝတွင် မွေးဖွားခြင်း

ဣသရေလလူမျိုးတို့အပေါ် ဖါရော၏ရက်စက်ပုံကို ထွက်မြောက် ၁း၁၃–၁၄ တွင် မှတ်တမ်းတင်ထားသည်။ ''သူတို့ကြောင့် အဲဂုတ္တုလူတို့သည် စိတ်ညစ်၍ အလွန်ကြမ်းတမ်းစွာ ညှဉ်းဆဲကြ၏။ သရွတ်နှင့် အုတ်လုပ်သောအမှု၊ လယ်လုပ်သောအမှုအမျိုးမျိုး၌ ခဲယဉ်းစွာစေခိုင်း၍ အလွန်ဆင်းရဲပင်ပန်း စေကြ၏။ စေခိုင်းလေရာရာ၌လည်း ခဲယဉ်းစွာစေခိုင်းကြ၏။'' (ထွက် ၁း၁၃–၁၄) ဣသရေလ လူမျိုးတို့၏အသက်တာမှာ ခါးသီးလှပြီး ဘုရားသခင်ထံ အော်ဟစ်ကြသည်။ ဤပတ်ဝန်းကျင် အခြေအနေတွင် မောရှေမွေးလာသည်။ မောရှေမွေးခြင်း၏ နောက်ကွယ်တွင် ကျွန်ဘဝနှင့် သူ၏ လူမျိုးကယ်တင်ရှင် လိုအပ်ပုံကိုတွေ့ရသည်။

လူများစွာတို့က ဆိုးသောပတ်ဝန်းကျင်သည် လူ၏ စာရိတ္တကိုပျက်ပြား စေသည်ဟု ယုံကြည်ကြသည်။ အချို့က ကလေးတဦးသည် စံပြလူမှုရေး အခြေအနေတွင် ကြီးပြင်းလာပါက ကောင်းသောကလေးဖြစ်လိမ့်မည်ဟု

ဆိုကြသည်။ သို့သော် ကျမ်းစာကိုကြည့်သောအခါ ဘုရားသခင်၏ အကြီး မြတ်ဆုံးလူအချို့သည် ဆိုးဝါးသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာကြသည်။

မောရှေသည် ကျွန်လူမျိုးမှ ဖွားမြင်ခဲ့သည်။ အီဂျစ်ပြည်တွင် ညှင်းဆဲခြင်း ညည်းတွားခြင်း၊ ခါးသီးခြင်းနှင့် ကလေးငယ်ကြီးပြင်းရေးအတွက် မကောင်းသော အခြေနေမှန်သမျှရှိသည်။ ပိုမိုကျော်ကြားသော သခင်ယေရှုကလေးငယ်ကို နာဇရက်မြို့တွင် မွေးဖွားခဲ့သည်။ နာဇရက်သည် အမည်ဆိုးရှိသဖြင့် နာသနေလက ''နာဇရက်မြို့မှ ကောင်းသောအရာတစုံတခု ထွက်လိမ့်မည် လော'' ဟု ပြောဆိုခဲ့သည်။ (ယော ၁း၄၆) ထိုနေရာသည် ဆိုးသော နေရာ ဖြစ်သော်လည်း ဘုရားသခင်သည် သားတော်ယေရှုကြီးပြင်း လာရာနေရာအဖြစ် ရွေးချယ်ခဲ့သည်။ ကလေးများသည် မိဘများ၏ ဝတ်လုံနှင့် ဘိသိက်ခြင်းဖြင့် ဖုံးလွှမ်းခံရသည်။ ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် အခက်ခဲဆုံး အခြေအနေမှာပင်လျှင် သူတို့ကို ထိမ်းသိမ်းနိုင်သည်။ ဟေရှာယ ၅၃း၂ တွင် ခရစ်တော်အကြောင်းကို 'သွေ့ခြောက်သောမြေ၌ပေါက်သော အညွန့်ကဲ့သို့ ကြီးထွားသည်' ဟု တွေ့ရသည်။ ယေရှုသည် ခြောက်သွေ့သော မြေမှာရှိသော နူးညံ့သည့် အပင်ဖြစ်သည်။ ကိုယ်တော်ကြွလာချိန်တွင် ဣသရေလ နိုင်ငံနှင့် အထူးသဖြင့် နာဇရက်မြို့သည် ဝိညာဉ်ရေးရာ အခြေအနေဆိုးဝါးနေသည်။ သို့သော် ကိုယ်တော်သည် သူ၏ အခြေအနေကို အောင်နိုင်၍ ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေခဲ့သလို ကျွန်ုပ်တို့အယောက်တိုင်းလည်း ပြုလုပ် နိုင်ပါသည်။ ယုံကြည်ခြင်းသည် ရန်သူနှင့် အဆီးအတားအားလုံးကို ကျော်လွှား နိုင်ပါသည်။

လူများစွာတို့သည် သားသမီးများကို တိုင်းတစ်ပါးတွင် ပျိုးထောင်ရန် (သို့) ဤတိုင်းပြည်၏ ခက်ခဲသောနေရာတခုတွင် ပျိုးထောင်ရန် ဘုရားသခင်၏ ခေါ်ခြင်း ခံရသည်။ ''ကျွန်ုပ်တို့၏ သားသမီးများဘယ်လို ဖြစ်ကုန်ကြမလဲ'' ဟု သူတို့စဉ်းစား ကြပေလိမ့်မည်။ မောရှေနှင့် သခင်ယေရှုကို သတိရပါ။ သင်၏ သားသမီးတို့သည် ဆုတောင်းပေးခြင်းနှင့် ဘုရားသခင်၏ နည်းလမ်း အတိုင်း လေ့ကျင့် ပေးခြင်းအားဖြင့် ခရစ်တော်နည်းတူ ''သွေ့ခြောက်သောမြေ၌ ပေါက်သော အပင်ကဲ့သို့'' ဖြစ်လာနိုင်ပါသည်။

အချုပ်အားဖြင့် မောရှေသည် ညှင်းဆဲခြင်း ဝမ်းနည်းခြင်း၊ ချုပ်နှောင်ခြင်း ခံရသောအချိန်တွင် မွေးဖွားလာပြီး ဣသရေလလူမျိုးကို ရက်စက်သော ဘုရင်က အုပ်စိုးသော အချိန်ဖြစ်သည်။ သူတို့သည် ရက်စက်သောသခင်ကို အစေခံကြရသည်။ စာတန်၏ နှိုးဆော်မှုဖြင့် ဖါရောသည် ဟေဗြဲယောကျ်ား

ကလေးများကို သတ်ရန် အမိန့်ပေးသည်။ ရှိဖရနှင့်ပုအာအမည်ရှိသော ဟေဗြဲဝမ်းဆွဲမတို့ကို အဲဂုတ္တုရှင် ဘုရင်က သင်တို့သည် ဟေဗြဲမိန်းမတို့အား ဝမ်းဆွဲလုပ်၍ မွေးရာအရပ်၌ စောင့်နေသောအခါ ယောကျ်ားဖြစ်လျှင် သေစေ၊ မိန်းမဖြစ်လျှင် အသက်ရှင်စေဟု အမိန်းတော်ရှိ၏။ (ထွက် ၁း၁၅–၁၆) ယခုလို မျိုးပြုန်းအောင်သတ်ဖြတ်ခြင်းကို ကျမ်းစာတွင် သုံးနေရာ၌တွေ့ရသည်။ ပထမမှာ ဖါရောက ဟေဗြဲ ယောကျ်ားလေးများကို သတ်ဖြတ်စေခြင်းဖြစ်ပြီး ဒုတိယမှာ သခင်ယေရှုမွေးချိန်တွင် ဟေရုန်မင်းက အလားတူ အမိန့်ကိုပေးခဲ့သည်။ (မဿဲ ၂း၁၆) တတိယအကြိမ်မှာ စာတန်သည် နောက်ဆုံးသောကာလတွင် မွေးခါစ ယောကျ်ား ကလေးကို သတ်ဖို့ကြိုးစားသည် အချိန်တွင် ဖြစ်လိမ့်မည်။ (ဗျာ ၁၂း၂–၄)

## မိခင်ကယုံကြည်ခြင်းဖြင့်ကြောက်ရွံ့ခြင်းမရှိဘဲ ဖွက်ထားခြင်း

မောရှေ မွေးဖွားခြင်းကို ထွက် ၂း၁–၂တွင် မှတ်တမ်းတင်ထားသည်။ ''ထိုကာလ၌ လေဝိအမျိုးသားတစ်ယောက်သည် လေဝိအမျိုးသမီးနှင့် အိမ်ထောင်ပြု၍ မိန်းမသည် ပဋိသန္ဓေယူသဖြင့် သားယောကျ်ားကို ဘွားမြင်လေ၏။ ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင် သုံးလပတ်လုံး ဖွက်ထားလေ၏'' ထွက်၊ ၂း၁–၂။

မိဘများ၏ ယုံကြည်ခြင်းက ဟေဗြဲယောကျ်ား ကလေးအားလုံးကို သတ်ခိုင်းသည့် ဖါရော၏အမိန့်မှ မောရှေကို ထိန်းသိမ်းပေးခဲ့သည်။ ''မောရှေကို ဘွားမြင်ပြီးမှ အဆင်းလှသောသူငယ်ဖြစ်သည်ကို မိဘတို့သည်မြင်လျှင် ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမိန့်တော်ကို မကြောက်ဘဲ သုံးလပတ်လုံး သူ့ကို ဝှက်ထားလေ၏။'' (ဟေဗြဲ ၁၁း၂၃) ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် သားသမီးတို့တွေ့ကြုံရမည့် အခက်အခဲအားလုံးကို ကျော်လွှားပေးနိုင်သည်။ သင်းအုပ်များသည် ယုံကြည်ခြင်းနှင့်ပြည့်ဝရန် အလွန်အရေးကြီးပြီး သူတို့၏ ယုံကြည်ခြင်းကို အသင်းတော်ရှိ မိဘများထံ ကူးစက်စေခြင်းအားဖြင့် သူတို့၏ သားသမီးများကို ကာကွယ်ပေးနိုင်သည်။

မောရှေမိဘများ၏ ယုံကြည်ခြင်းကို မောရှေထံ ကူးစက်စေကြသည်။ ဟေဗြဲ ၁၁း၂၄–၂၉ တွင် မောရှေ၏ အသက်တာသည် မိဘများလိုပင် ယုံကြည်ခြင်း အသက်တာဖြစ်သည်ဟု ဖတ်ရသည်။ ကျွန်ုပ်တို့သည် မိမိမှာ ရှိသောအရာကိုသာ သူတစ်ပါးထံ လွှဲပြောင်းပေးနိုင်သည်။ ဥပမာ၊ အကယ်၍ လူတစ်ဦးတစ်ယောက်သည် ဒေါ်လာ ၁၀၀ လိုအပ်နေသည်ဆိုပါစို့။ သင့်၌

ဒေါ်လာ ၁၀ ပဲရှိပါက သင်သည် ထိုသူ၏လိုအပ်ချက်ကို အပြည့်အဝ မဖြည့်ဆည်းပေးနိုင်ပါ။ သင်ကူညီနိုင်သည့်ပမာဏသာ ကူညီပေးနိုင်ပေလိမ့်မည်။ သင်၌ ရှိသောအရာကိုသာ သူတစ်ပါးအား ပေးအပ်နိုင်မည် ဖြစ်သည်။ မောရှေ၏ မိဘများကို ဟေဗြဲ ၁၁ တွင် ယုံကြည်ခြင်း သူရဲကောင်းများ အဖြစ် ရေတွက်ခဲ့သည်။ သင်သည် မိဘဖြစ်ပါက မောရှေ၏ မိဘများလို ပြုမူရန် ကြိုးစား၍ သားသမီးများထံတွင် ယုံကြည်ခြင်းကို ထည့်ပေးပါ။ မိဘများသည် သားသမီးများထံ လက်ဆင့်ကမ်း ပေးနိုင်ကြသောကြောင့် မှန်ကန်သောအရာနှင့် ပြည့်ဝ နေရန် အလွန်အရေးကြီးပါသည်။ မိဘများသည် သားသမီးတို့ထံ ထည့်ပေး သောအရာအတွက် တာဝန်ရှိသည်။ ထို့ကြောင့် မိဘများသည် ဘုရား မျက်နှာကို ရှာ၍ ဘုရားသခင် ထံမှ မလာသောအရာ အားလုံးမှ စင်ကြယ်စေရန် ဆက်ကပ်သင့်သည်။ အဓိကသော့ချက်မှာ မိဘများ သည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်မှုရှိခြင်းအားဖြင့် သားသမီးများထံ မှန်သော၊ ကောင်းသော အရာများကို သာ လက်ဆင့်ကမ်း ပေးနိုင်မည်ဖြစ်သည်။

**ဖါရော၏ သမီးတော်က ကယ်ဆယ်ခြင်း**

ဣသရေလ လူမျိုး၏ကယ်တင်ရှင် မောရှေကို ဣသရေလလူမျိုး၏ ရန်သူ ဖါရော၏သမီးတော်က ကယ်တင်၍ ကျွေးမွေးပြုစုခဲ့သည်။ (ထွက် ၂း၅–၁၀) ဒေသနာ ၂း၂၆ က ဘုရားသခင်၏ နိယာမကို ဖေါ်ပြခဲ့သည်။ ''ရှေ့တော်၌ ကောင်းသောသူအား ဉာဏ်ပညာ၊ သိပ္ပံအတတ်နှင့် ဝမ်းမြောက် ခြင်း အခွင့်ကို ပေးတော်မူ၏။'' အပြစ်ရှိသောသူအား ပင်ပန်းစွာ အလုပ်လုပ်ရသောအခွင့် ကိုင်း၊ ဘုရားသခင်၏ရှေ့တော်၌ ကောင်းသောသူအား ပေးစရာဘို့ ဆည်းဖူး သိုထားရသောအခွင့်ကိုင်း ပေးတော်မူ၏။'' (ဒေသနာ ၂း၂၆)။ ဘုရားသခင် သည် ဖြောင့်မတ်သောသူကို ပြုစု၍ အစေခံပြီး ကောင်းကြီးပေးရန် ဆိုးသောသူနှင့် စာတန်ကိုပင် အသုံးပြုပါသည်။

ဖါရော၏ သမီးတော်သည် မောရှေ၏ မိခင် ယောခေဗက်အား သူ့ကို စောင့်ရှောက်ခြင်းအတွက် လစာပေးသေးသည်။ ''ဖာရောဘုရင်၏ သမီးတော်က ဤသူငယ်ကို ယူသွား၍ ငါဘို့ထိန်းသော အခကို ငါပေးမည်ဟု မှာထားသည် အတိုင်း၊ ထိုမိန်းမသည် သူငယ်ကိုယူသွား၍ ထိန်းလေ၏။ (ထွက် ၂း၉) မောရှေ၏ မိခင်သည် ယုံကြည်ခြင်းနှင့် ပြုမူသောကြောင့် ဘုရားသခင်သည် အခြေအနေများကို ပြင်ဆင်ပေးသဖြင့် မောရှေကို မဆုံးရှုံးရသည်သာမက အီဂျစ်နန်းတော်က သူမ၏ သားရင်းကို ကြည့်ရှုခြင်းအတွက် လုပ်အားခ

ပေးရသည်။ အခြေအနေများ အံ့သြဖွယ်ရာ လှည့်ပြောင်း သွားခြင်းဖြစ်ပေသည်။ ရှင်ဘုရင်၏ အမိန့်ဆိုးကို သူ၏ သမီးတော်ကိုယ်တိုင်က ပြောင်းပြန်လှန်၍ ဖြောင့်မတ်သောသူကို ကောင်းကြီးပေးရန် အသုံးပြုခဲ့သည်။ ဤအခြေအနေမှ ဥပမာမှာ ဘုရား၏သန့်ရှင်းသူများကို အပြစ်သားများမှ ကြည့်ရှုပြုစုရခြင်း ဖြစ်သည်။

## ၃။ ဖါရော၏ နန်းတော်တွင် မောရှေ ကြီးပြင်းလာခြင်း

မောရှေသည် ဖါရော၏ သမီးတော်၏သားအဖြစ် နန်းတော်တွင် ကြီးပြင်းလာသည်။ ''သူငယ်ကြီးပွား သောအခါ ဖာရောဘုရင်၏ သမီးတော် ထံသို့ ပို့ဆောင် ၍ မင်းသမီးသည် သားအရာ၌ ခန့်ထားလျက် မောရှေအမည် ဖြင့် မှည့်၏။ အကြောင်းမူကား ရေထဲက ငါနှုတ်ယူသည်ဟု ဆိုသတည်း။'' (ထွက် ၂း၁၀) ဘုရားသခင်သည် မောရှေအား နောင်တချိန်တွင် ဣသရေလ လူမျိုး၏ ခေါင်းဆောင်ဖြစ်လာစေရန် လိုအပ်သည့် လေ့ကျင့်မှုရယူစေရန် ဖါရော၏ နန်းတော်တွင် ကြီးပြင်စေဖို့ ကြိုတင်ခွဲခန့် မှတ်သားထားခဲ့သည်။

## ဉာဏ်ပညာ

တမန် ၇း၂၂ က ဤကာလတွင် မောရှေအသက်တာ၌ ဖြစ်ပျက်သော အရာကို ဖေါ်ပြသည်။ ''မောရှေသည်လည်း အဲဂုတ္တု အတတ်ပညာအလုံးစုံတို့ကို သင်၍ နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။'' ခေါင်းဆောင်မှုအတွက် အကြီးမားဆုံး လိုအပ်ချက်မှာ ဉာဏ်ပညာဖြစ်ပြီး၊ ဉာဏ်ပညာထဲတွင် အခြားသင်ယူသည့် ကျွမ်းကျင်မှု အားလုံးပါဝင်သည်။ ဒါဝိဒ်သည် ရှောလမုန်အား ပညာ၏တန်ဖိုးကို သုတ္တံ ၄း၇ ၌ သွန်သင်ခဲ့သည်။ ''ပညာသည် အမြတ်ဆုံးသောအရာဖြစ်၏။ ပညာကိုဆည်းပူးလော့။ ဆည်းပူးသမျှသော ဥစ္စာတို့တွင် ဉာဏ်ကို ဆည်းဖူး လော့။''

ဒံယေလ ၁း၄ တွင် ဗာဗုလုန်ရှင် ဘုရင်ရှေ့တွင် ခစားရန် ရွေးချယ်ခံရသော ဣသရေလ လူငယ်များတွင် အောက်ပါအရည်အချင်းမျိုး လိုအပ်သည်။ '' မကောင်းသော လက္ခဏာကင်းလျက်၊ လှသော အဆင်းသဏ္ဍာန်နှင့် ပြည့်စုံ၍ ကောင်းသောဉာဏ်နှင့် တကွ အထူးထူးအပြားပြားသော အတတ်ပညာများကို လေ့ကျက်၍ နန်းတော်၌ အမှုတမ်းခြင်းငှါ တတ်စွမ်းနိုင်သောလူပျိုတို့ကို ဣသရေလ မင်းမျိုးမင်းသားထဲကရွေးကောက်၍ ခါလဒဲ ဘာသာအတတ်ကို သင်စေဟု အမိန့်တော်ရှိ၏။'' (ဒံယေလ ၁း၄) ခေါင်းဆောင်မှုနေရာအတွက်နှင့်

ရှင်ဘုရင် ရှေ့မှောက်တွင် ရပ်နိုင်ရန် ဉာဏ်ပညာကို လိုအပ်သည်။

ကျွန်ုပ်တို့သည် အသက်တာ၏ ကဏ္ဍတိုင်းတွင် ဉာဏ်ပညာကို လိုအပ်သော်လည်း အချိန်၊ ငွေကြေးနှင့် လူဆိုသောကဏ္ဍ သုံးမျိုးတွင် ဘုရားသခင်ကို ပညာလိုအပ်ကြောင်းကို မီးမောင်းထိုးပြလိုပါသည်။ ပညာရှိသောသူသည် မိမိ၏အချိန်၊ ငွေကြေးနှင့် လူများကို ကိုင်တွယ်တတ်သည်။ ပညာမရှိသောသူတို့သည် အချိန်ကို ဖြုန်း၍ ငွေကြေးကို မှားယွင်းစွာ ကိုင်တွယ်ပြီး လူတို့ကို မမှန်မကန် ဆက်ဆံသည်။

ယုံကြည်သူများနှင့် ခေါင်းဆောင်များအနေဖြင့် အချိန်ကို ပညာရှိစွာ စီမံခန့်ခွဲ၍ မိနစ်တိုင်းကို အကျိုးရှိစေရမည်။ ဆာလံ ၉၀း၁၂ တွင် မောရှေဆုတောင်းသည်မှာ ''အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမိမည်အကြောင်း ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်းငှါ သွန်သင်တော်မူပါ'' (ဆာလံ ၉၀း၁၂)။ ပေါလုက ဖေက် ၅း၁၆ တွင် ''ကာလအချိန် ဆိုးယုတ်သောကြောင့် အချိန်ကို ရွေးနှုတ်ရန်'' ပြောထားသည်။ ခေါင်းဆောင်များသည် ငွေကြေးပိုင်းတွင် ရိုးသားမှုနှင့် ကောင်းသောဝေဖန်ပိုင်းခြားမှုရှိရမည်။ ထို့အပြင် ဘုရားသခင် သူ့အား အပ်နှင်းသောလူတို့ကို တန်ဖိုးထား၍ လိုအပ်ချက်များကို ကြည့်ရှုပေးရမည်။ တစ်ခါတစ်ရံ ဘုရားသခင်က လူတစ်ယောက်၌ မရှိမဖြစ် လိုအပ်သောအရာ သုံးခုကို ပေးတတ်သည်။ သို့သော် ပညာမရှိသော သူကတော့ အားလုံး ဖြုန်းတီးပစ်လိုက်မှာ ဖြစ်သည်။ သူ၏ အချိန်ကို ဖြုန်းတီးမည်။ ငွေကိုလည်း ဖြုန်းတီးမည်။ ပြီးတော့ သူ၏ စိတ်နေသဘောထားဖြင့် လူတွေကို အဝေးသို့ မောင်းထုတ်ပစ်လိုက်သည်။

**လောကီပညာသင်ကြားခြင်းအပေါ် မှန်ကန်သော စိတ်သဘောထားရှိခြင်း**

မောရှေ၏ ကြီးပြင်းပုံနှင့်ပတ်သက်၍ အရေးကြီးသော အချက်တစ်ခုမှာ လောကီပညာသင်ကြားခြင်းအပေါ် သူ၏သဘောထားဖြစ်သည်။ ကျွန်ုပ်တို့သည် ပညာသင်ကြားခြင်းနှင့် အလုပ်အကိုင်အပေါ်တွင် မှန်ကန်သော စိတ်သဘောထားရှိရန် လိုသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လောကီပညာ လေ့ကျင့်ခြင်းများကို မထီမဲ့မြင် မပြုသင့်ပါ။ ဤအချက်သည် နိုးထမှုဖြစ်ချိန်တွင် အထူးသဖြင့် အရေးကြီးပါသည်။ ကျွန်ုပ်နှင့်ဇနီးတို့သည် နှစ်အတော်ကြာက နယူးဇီလန်နိုင်ငံ နိုးထမှုတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး သင်ခန်းစာများစွာရရှိခဲ့သည်။ နိုးထမှုတွင် ဘုရားသခင်သည် ဝိညာဉ်တော်ကို သွန်းလောင်းသဖြင့် လူများစွာ ကယ်တင်ခြင်း ရရှိပြီး

ဘုရားကျောင်း တက်လာကြသည်။

နိုးထမှုတွင် မှားယွင်းတတ်သောအချက်တစ်ခုမှာ လူများစွာတို့သည် သူတို့၏ လောကီလုပ်ငန်းများကို မထီမဲ့မြင် ပြုလာကြသည်။ အထူးသဖြင့် ဘုရားသခင်၏ ထိတွေ့ခဲ့ခြင်း ခံခဲ့ရသော ဆယ်ကျော်သက်ရွယ်များနှင့် နှစ်ဆယ်ကျော်ကျော်လူငယ်များ၌ဖြစ်သည်။ ဘုရားသခင်၏ တို့ထိမှုကို ခံရသဖြင့် လူ့ဘဝတွင် အရေးကြီးသည်မှာ တရားဟောခြင်း (သို့) သက်သေခံခြင်းသာရှိပြီး အခြား ဘာမှမရှိဟု ထင်လာကြသည်။ သူတို့သည် အလုပ်ထွက်၍ ယုံကြည်ခြင်းဖြင့်သာ အသက်ရှင်တော့ မည်ဟု စိတ်သဘော ထားကြသည်။ သို့သော် ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှသာ လာပြီး ဘုရားသခင်သည် သူ၏ ရည်ရွယ်ချက်များ ဆောင်ရွက်ရန်သာ ယုံကြည်ခြင်းကို ပေးပါသည်။ ကျွန်ုပ်တို့၏ လောကီအလုပ်အကိုင်ကိုလည်း ရည်ရွယ်ချက် တစ်ခုဖြင့် ကြိုတင်ခွဲခန့်ထားသည်။

ဘုရားသခင်သည် လူအချို့အား သူ့ကိုယ် အစေခံရန်အတွက် လောကီ အလုပ်ကို မစွန့်လွှတ်စေဟု ကျွန်ုပ် မပြောပါ။ ယေရှုသည် ပေတရု အန္ဒြေ၊ ယာကုပ်နှင့် ယောဟန်ကို ခေါ်သည်နှင့်တပြိုင်နက် သူတို့သည် ပိုက်ကွန်ကို ချက်ခြင်းစွန့်ပစ်၍ နောက်တော်သို့ လိုက်ကြသည်။ (မဿဲ ၄း၁၈–၂၂) လေဝိသည် အမှုတော်ဆောင်ရင် ယေရှုခေါ်သည်နှင့် တစ်ပြိုင်နက် အခွန်ခံ အလုပ်ကို စွန့်ပစ်လိုက်သည် (မာ ၂း၁၄) ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်၌ လိုက်လျှောက်၍ အချိန်ပြည့်အမှုတော်ဆောင်ရန် မပြောမချင်း လောကီအလုပ်ကို လုပ်ကိုင်ရန် ဖြစ်သည်။

ဟေရှာ ၂၈း၂၃–၂၆ က ဘုရားသခင်သည် ဝိညာဉ် နယ်ပယ်နှင့် လောကီ နယ်ပယ်တွင် ကျွမ်းကျင်မှုကို ပေးကြောင်း ပြောဆိုနေသည်။ ''ငါပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့စကားကို စေ့စေ့နားထောင် နာယူကြလော့။ လယ်လုပ်သောသူသည် မျိုးစေ့ကို ကြဲခြင်းငှါ၊ မြေကိုဆွလျက်၊ မြေစိုင်ကို ချေလျက်၊ အစဉ်လယ်ထွန်တတ်သလော။ လယ်မျက်နှာကို ညှိပြီးမှ စမုန်နက် မျိုးစေ့၊ ဇီယာမျိုးစေ့ကို ကြဲသည်မဟုတ်လော။ ဂျုံစပါးမျိုးစေ့ကို အတန်းတန်း စိုက်၍၊ မုယောစပါးနှင့် ကောက်စပါးမျိုးစေ့ အသီးအသီး တို့ကို သူတို့အရပ်၌ ကြဲသည်မဟုတ်လော။ အကြောင်းမူကား၊ သူ၏ ဘုရားသခင်သည် စီရင် တတ်သောဉာဏ်ကို ပေးတော်မူ၏။ သူ့ကိုလည်း သွန်သင်တော်မူ၏။''

ဤအခန်းကြီး၏ အခန်းငယ် ၂၇ နှင့် ၂၈ မှာ – လယ်ယာလုပ်ငန်းနှင့် ပတ်သက်၍ သွင်ပြင်လက္ခဏာရှုထောင့်ကို သာ၍ မြင်ရသည်။ သို့သော်

ဟေရှာယ ၂၈း၂၉ က ကျွန်ုပ် ဆိုလိုသောအချက်ကို ဖော်ပြသည်။ ''ထိုအမှုသည်လည်း၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားအကြံပေး တော်မူသောအမှုတည်း။ အကြံပေးတော်မူခြင်းသည် အံ့သြဘွယ်ဖြစ်၏။ ဉာဏ်တော်သည်လည်း ထူးဆန်းပေ၏။''

ဘုရားသခင်သည် လယ်သမားအား စိုက်ပျိုးရန် လိုအပ်သော ပညာကို ပေး၍ မည်သို့ စိုက်ပျိုး၍ ရိတ်သိမ်းရမည်၊ မည်သည့် ကိရိယာကိုသုံးရမည်ကို သွန်သင်သည် ဟေရှာယ ၂၈း၂၉ ၄င်းကို ခြုံငုံ၍ ပြောထားသည်မှာ '' ထိုအမှုသည်လည်း ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရတုဘုရား အကြံပေး တော်မူသောအမှုတည်း။ အကြံပေးတော်မူခြင်းသည် အံ့သြဖွယ် ဖြစ်၏။ ဉာဏ်တော် သည်လည်း ထူးဆန်းပေး၏။'' လယ်လုပ်ရန် ဉာဏ်ပညာသည် ဝိညာဉ်သဘော ရှိပုံမရသော်လည်း အသက်တာအတွက် လွှန်စွာ လိုအပ် ပါသည်။ ဉာဏ်ပညာကြောင့် ကျမ်းစာထဲတွင် နာမည်ကျော်သော သူ့အားလုံးကို စဉ်းစားကြည့်ပါ။ မောရှေ ရှောလမုန်နှင့် ဒံယေလတို့ကို ရုတ်ခြည်း စဉ်စား၍ ရပေသည်။ မောရှေသည် အီဂျစ်ပြည် လောကီနန်းတော်တွင် သင့်ယူခဲ့ရသည်။ ဒံယေလသည် ဗာဗုလုန် နန်းတော်တွင် အလားတူပညာသင်ယူခဲ့သည်။ ရှောလမုန်တွင် ထိုအခွင့်အရေးမရှိခဲ့ချေ။ ရှောလမုန်သည် အလွှန်ပညာ ရှိသော်လည်း လူဘဝတွင် မအောင်မြင် ခဲ့ပေ။ မိဘများနှင့် သင်းအုပ်များသည် လူငယ်တို့နှင့်အတူ ဆုတောင်း၍ သူတို့အသက်တာအတွက် ဘုရားသခင်၏ အလိုတော်ကို ရှာဖွေ၍ မည်သည့်လောကီအလုပ်နှင့် ကျွမ်းကျင်မှုကို သင်ယူ စေလိုသနည်းဟု မေးလျှောက်သင့်ပါသည်။

လူတစ်ယောက်အတွက် ဘုရားသခင်ပြင်ဆင် ထားသော အလုပ်အကိုင်ကို ကျွန်ုပ်တို့မည်သို့ ဆုံးဖြတ်ရမည်နည်း။ သော့ချက်မှာ လူ၏ ဆန္ဒဖြစ်သည်။ ဘုရားသခင်သည် လူတစ်ဦး၏ နှလုံးသားထဲတွင် လုပ်ငန်းတစ်ခုခုအတွက် ဆန္ဒများကို ထည့်ပေးသည်။ လုပ်ငန်း (သို့) စွမ်းရည်တစ်ခုခုကို ဘုရားသခင်က လိုက်စားစေလိုသောအခါ ၄င်းအရာကို လုပ်ဆောင် နိုင်မည့် ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားလည်း ရှိလိမ့်မည်။ ဤအချက်များသည် ဘုရားသခင် ပြင်ဆင်နှင့်သော အလုပ်အကိုင်ကို ဆုံးဖြတ်ရာတွင် ကောင်းသောစည်းမျဉ်း ဖြစ်သည်။

ဆွမ်ဇာလန်နိုင်ငံတွင် သင်းအုပ်လုပ်ချင်သည်ဟု ကျွန်ုပ်ဇနီးအား ပြောပြ သော အမျိုးသမီးငယ်တစ်ဦး ရှိသည်။ ကျွန်ုပ်တို့က ဘုရားသခင် သင့်အားထို အမှုတော်အတွက် ခေါ်မခေါ်သိရန် ဆုတောင်းပါဟု ပြန်ပြောကြသည်။

ဆုတောင်းသောအခါ ဘုရားသခင်သည် ဟေဗြဲ ၅း၄ ကို ဖေါ်ပြပြီး "ဘုရားသခင်သည် အာရုန်ကို ခေါ်တော်မူသကဲ့သို့ ခေါ်တော်မူသော သူမှတပါး အဘယ်သူမျှ ထိုအရာမြတ်ကို မသိမ်းမယူရ" ဟု ခံစားစေသည်။ သူမအား သင်းအုပ်အဖြစ် မခေါ်ကြောင်း ထင်ရှားစွာ ဖေါ်ပြခဲ့သည်။ သူမသည် စိတ်ဓါတ်ကျနေသဖြင့် 'ဘုရားသခင် သင့်ကို ဘာလုပ်ဖို့ ခေါ်သလဲ ဆုတောင်းကြည့်ကြစို့' ဟု အားပေးလိုက်သည်။ ဆုတောင်းပြီးနောက် သူမက ဘုရားသခင်သည် ကျွန်မကို ဆရာဝန်ဖြစ်စေချင်သည်ဟု ခံစားတယ်' ဟု ပြောလာသည်။ ကျွန်ုပ်တို့လည်း ဆုတောင်း၍ အလားတူခံစားကြသည်။ ဆွစ်ဇလန်တွင် ယခင်က ဆရာဝန် ဖြစ်လိုသူများလှသဖြင့် အစိုးရသည် အကောင်းဆုံး ကျောင်းသားကို ရွေးချယ်ရန် အလွန်ခက်သော ဂရိစာမေးပွဲကို စစ်သည်။ သူမသည် ဂရိစာ မတတ်သောကြောင့် စိတ်ပူနေသည်။ ကျွန်ုပ်တို့က ဘုရားသခင်သည် သင့်ကို ဆရာဝန် လုပ်ရန် ခေါ်ပါက ဆွစ်အစိုးရက သင့်ရှေ့မှာ ထားသောတောင်ကို ဘုရားသခင် ဖယ်ရှားပေးနိုင်ပါသည်' ဟု အားပေးလိုက်သည်။ သူမကို ဘုရားသခင်သည် ဂရိစာ လေ့လာနိုင်သောအစွမ်းကို ပေးသဖြင့် သူမသည် အလွန်မြင့်သောအမှတ်ဖြင့် အောင်မြင်ခဲ့သည်။

ယနေ့တွင် သူမသည် ဆရာဝန်တစ်ဦးဖြစ်နေပြီး ခင်ပွန်းသည်မှာလည်း ဆရာဝန်ဖြစ်သည်။ သူမတွင် ချစ်စရာကောင်းသောမိသားစုရှိပြီး အသင်းတော်အတွက် ကောင်းကြီးမင်္ဂလာဖြစ်သည်။ သူမသည် အသက်တာအတွက် ဘုရားသခင်အလိုတော်ရှိသော လုပ်ငန်းကိုလုပ်ကိုင်သောကြောင့် အလွန်ပျော်ရွှင်၍ ကောင်းကြီးခံစားရသည်။ သူမမှာ သင်းအုပ်ဖြစ်နိုင်မည့် စွမ်းရည် မရှိကြောင်းနှင့် ဆရာဝန်အနေဖြင့် အပျော်ဆုံးဖြစ်မည်ကို သိပေသည်။ ဘုရားသခင်သည် အကောင်းဆုံးကို သိပေသည်။ ထို့ကြောင့် ဘုရားသခင်၏ အလိုတော်ကို ရှာဖွေရန် အရေးကြီးပါသည်။

လူများစွာတို့သည် နိုးထမှုဖြစ်ချိန်တွင် မိမိတို့၏ အလုပ်အကိုင်များကို အရေးမကြီးဟု ခံစားတတ်ကြောင်း နားလည်ရန် အလွန်အရေးကြီးသည်။ သို့သော် နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာနားလည်ရသည်မှာ ကျွန်ုပ်တို့၏ အလုပ်အကိုင်များကို ဘုရားသခင်သည် အသုံးပြုလျက်ထာဝရကာလအတွက် အသုံးပြုနိုင်မည်။ စရိုက်သဘာဝနှင့် အစွမ်းသတ္တိများကို ဖွံ့ဖြိုးစေသောကြောင့် အရေးကြီးပါသည်။ ထိုအရာသည် ကောင်းကင်နှင့်ဆိုင်သောခေါ်ခြင်းအတွက် ပြင်ဆင်ပေးပါသည်။

ကောင်းကင်ဘုံတွင် လူအားလုံးတရားဟောကြမည် မဟုတ်ပါ။ ကောင်းကင်

နိုင်ငံတော်တွင် လိုအပ်သောအခြားစွမ်းရည်များစွာရှိသည်။ ကောင်းကင်နိုင်ငံသည် အလွန်ကြီးမားသောနိုင်ငံကြီးဖြစ်သည်။ ကောင်းကင်ကို တွေ့မြင်သောသူတို့ အံ့အားသင့်ကြသည့်အချက်မှာ မြေကြီးနှင့် ဆင်တူနေသောကြောင့်ဖြစ်သည်။ ထိုနေရာတွင် အဆောက်အဦးများ အိမ်များ၊ စာအုပ်များ၊ မြစ်များ၊ ရေကန်များနှင့် အခြားအရာများစွာရှိသည်။ နိုင်ငံတစ်ခုလုံးကိုလည်းပတ်စေရသည်။ ဘုရားသခင်သည် ပညာတော်အားဖြင့် ဤမြေကြီးကို အုပ်ချုပ်၍ လူတို့အား သူ၏ပညတ်ကို လုပ်ဆောင်တတ်စေရန် တန်ဆာဆင် ပေးသည်။ ထို့ကြောင့် ယုံကြည်သူတိုင်းသည် ဘုရားသခင်၏ အမြင်တွင်အရေးပါပြီး နိုင်ငံတော်တွင် ပါဝင်ရမည့် ထူးခြားသော ကဏ္ဍများ ရှိနေသည်။

ဘုရားသခင် ကျွန်ုပ်တို့အသက်တာအတွက် ပြင်ဆင်ပေးသော ကောင်းကြီးအားလုံးကို ရရှိရန်အတွက် လောကီအလုပ်အကိုင်အပေါ် မှန်ကန်သော စိတ်သဘောထားရှိရမည်။ ဘုရားသခင် ပြင်ဆင်ပေးသော အလုပ်အကိုင်သည် သင့်အား မြေကြီးပေါ်နှင့် ထာဝရအမှုတော်လုပ်ငန်းအတွက် တန်ဆာ ဆင်ပေးလိမ့်မည်။

## ၄။ အီဂျစ်လူမျိုး၏သားအရာကို ငြင်းပယ်ခြင်း

ယခုတွင် အီဂျစ်လူမျိုး၏ သားအရာကို မောရှေ ငြင်းပယ်ချိန်မှစ၍ အာရေဗျတောထဲတွင် နေထိုင်ချိန် အထိ နှစ်ပေါင်း ၄၀ ကာလကို ကြည့်ရှု့ကြပါမည်။ ''မောရှေသည် အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသော ကာမဂုဏ်ကို ခဏခံစားခြင်းထက်၊ ဘုရားသခင်၏ လူတို့နှင့်အတူညှဉ်းဆဲခံရခြင်းကို သာ၍ အလိုရှိသဖြင့်၎င်း၊ အဲဂုတ္တုပြည်၏ စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်း၊ ဒုက္ခသည် သာ၍ မြတ်သော စည်းစိမ်ဖြစ်သည်ကို စိတ်တင်သဖြင့်၎င်း၊ ယုံကြည်ခြင်းစိတ်ရှိ၍ ဖာရောဘုရင် သမီး၏ သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကို ပယ်၏။ အကြောင်းမူကား နောက်ရလတ္တံ့သောအကျိုးကို ထောက်စာမျှော်လင့်လျက်နေ၏။'' (ဟေဗြဲ ၁၁း၂၄–၂၆)

မောရှေသည် အံ့သြစရာကောင်းသောလူ ဖြစ်သည်။ သူသည် အီဂျစ်ပြည်၏ ဂုဏ်သရေနှင့် အခွင့်ထူးများကို ငြင်းပယ်ပြီး ဘုရားသခင်၏ လူတို့နှင့်အတူ ညှင်းဆဲခံရခြင်းကို ရွေးချယ်ခဲ့သည်။ သူသည် ဖါရော၏ နန်းတော်တွင် ကြီးပြင်လာပြီး ရုပ်တုကိုးကွယ်သောသူများနှင့် ဝန်းရံနေချိန်တွင်ပင် ဘုရားသခင်သည် သူ၏ခေါ်ခြင်းကို ဖွင့်ပြခဲ့သည်။ မောရှေသည် သူ၏ အသက်တာတွင် ဘုရားသခင်၏ ခေါ်ခြင်းနှင့် အလိုတော်အတွက် ဆက်ကပ်မှုပြုခဲ့သည်။

ဤအချက်သည် ခေါင်းဆောင်ဖြစ်ခြင်း၏ အခက်အခဲတစ်ခုဖြစ်သည်။

လူများစွာတို့သည် ဘုရားသခင်သူတို့ကို ခေါ်ကြောင်း သိမှတ်၍ အမှုတော်မြတ်ထဲသို့ ဝင်ရောက်ကြသည်။ သို့သော် နှလုံးသားထဲတွင် စစ်မှန်သော ဆက်ကပ်မှုကို မပြုလုပ်ပါက ကဲ့ရဲ့ခံရခြင်းများ၊ ဘုရားသခင်၏ ခေါ်ခြင်းကြောင့် အသက်တာတွင် ရောက်လာသည့်အခက်အခဲများနှင့် ဆင်းရဲခြင်းများကို သည်းခံလိုစိတ်ရှိမည် မဟုတ်ပါ။

မောရှေသည် ဘုရားသခင်ကို အစေခံရန်အတွက် သူရရှိနိုင်သည့် ပျော်ရွှင်မှုနှင့် စည်းစိမ်ချမ်းသာကို ငြင်းပယ်ခဲ့သည်။ မောရှေသည် ဘုရားသခင်၏ ခေါ်ခြင်း နောက်သို့လိုက်ရန် ဆက်ကပ်အပ်နှံမှု ပြုလုပ်ခဲ့သည်။ ခေါ်ခြင်းကို သူအသိအမှတ်ပြုရုံသာမက အလိုတော်ကို ဆောင်ရန် ဆက်ကပ်အပ်နှံ၍ အီဂျစ်ပြည်၏ စည်းစိမ်ကို စွန့်လွှတ်ပြီး ဣသရေလလူမျိုးနှင့် ဆင်းရဲခံရန် ရွေးချယ်ခဲ့သည်။ ထိုဆုံးဖြတ် ချက်၏ ရလဒ်ကို ကျမ်းစာတွင် တွေ့ရပြီး သူသည် အကြီးမြတ်ဆုံးလူသားတစ်ယောက်ဖြစ်လာခဲ့သည်။

## ၅။ မိမိလူတို့ကို ကာကွယ်ခြင်း

တမန်တော် ၇း၂၃–၂၅ တွင် ''အသက်လေးဆယ်စေ့သောအခါ ဣသရေလ အမျိုးသားဖြစ်သော မိမိညီအစ်ကိုတို့ကို အကြည့်အရှု သွားမည်ဟု အကြံရှိ၏။ အမျိုးသားချင်းတစ်ယောက်သည် ညှဉ်းဆည်းခံ ရသည်ကို မြင်လျှင် သူ့ဘက်ကနေ၍ အဲဂုတ္တုလူကို ကွပ်မျက်သဖြင့်၊ ထိုညှဉ်းဆဲခံရသောသူအား အနိုင်ပေးလေ၏။ ဘုရားသခင်သည် ဤသူလက်ဖြင့် ငါတို့ကို ကယ်နှုတ်တော်မူမည့်အရာကို ညီအစ်ကိုတို့သည် နားလည်လိမ့်မည်ဟု ထင်မှတ်သော်လည်း၊ တိုသူတို့သည် နားမလည်ဘဲနေကြ၏။''(ထွက်၊ ၂း၁၁–၁၂ ကို ကြည့်ပါ)။

မောရှေသည် အသက် ၄၀ မတိုင်မီ အစောကြီးကတည်းကပင် ဘုရားသခင်၏ ခေါ်ခြင်းကို သိခဲ့သည်။ သူ၏ နှလုံးသားထဲတွင် ငယ်ရွယ်စဉ်မှစ၍ ထိုခေါ်ခြင်းကို ပြုစုပျိုးထောင်ခဲ့သည်။ အခြားသူတို့ကလည်း မောရှေ၏ ခေါ်ခြင်းကို အသိအမှတ်ပြုကြ ပုံရသည်။ တမန် ၇း၂၅ တွင် မောရှေသည် ညီအစ်ကိုတို့က ဘုရားသခင်သည် သူ၏လက်ဖြင့် ကယ်နှုတ်မည်ဟု နားလည်ကြလိမ့်မည်ဟု ထင်မှတ်ကြောင်း ဖော်ပြသည်။ ဤစကားစုကြောင့် ဣသရေလ လူမျိုးတို့သည် မောရှေ၏ ခေါ်ခြင်းကို ယေဘုယျအားဖြင့် သိကြမည်ဟု ယုံကြည်ရသည်။ ဘုရားသခင်သည် လူတစ်ယောက်ကို ခေါ်သောအခါ

အခြား သူများထံတွင်လည်း အတည်ပြုပေးသည်။ ဥပမာ ဒါဝိဒ်ကို ရှမွေလက ဘုရင်ဖြစ်ရန် ဘိသိက် ပေးကြောင်းကို ဣသရေလ နိုင်ငံတလျှောက်လုံးတွင် လူများစွာက သိပေလိမ့်မည်။

**၆။ အီဂျစ်ပြည်မှယုံကြည်ခြင်းဖြင့် ထွက်ပြေးခြင်း**

ယခုတွင် ကျမ်းစာထဲ၌ ပုံစံနှစ်မျိုးဖြင့် မှတ်တမ်း တင်ထားသော အခြေအနေ တစ်ခုကို စဉ်းစား ကြည့်ပါမည်။ ''ထိုသူက၊ အဘယ်သူသည် သင့်ကို ငါတို့ အပေါ်မှာ အကဲအမှူးတရားသူကြီးအရာ၌ ခန့်ထားသနည်း။ အဲဂုတ္တုလူကို သတ်သကဲ့သို့ ငါ့ကို သတ်လိုသလောဟု ပြန်ဆို၏။ ထိုအခါ မောရှေသည် မိမိပြုသော အမှုထင်ရှားပြီဟု သိ၍ ကြောက်လေ၏။ ထိုသတင်းကို ဖာရော ဘုရင်ကြားသောအခါ မောရှေကို သတ်ခြင်းငှါ၊ ရှာကြံလေ၏။ မောရှေသည် ဖာရောဘုရင်ထံမှထွက်ပြေး၍ မိဒျန်ပြည်သို့ရောက်လျှင် ရေတွင်းနားမှာထိုင်၍ နားနေလေ၏။'' (ထွက် ၂း၁၄-၁၅) ဖါရောဘုရင်သည် အီဂျစ်လူမျိုးအား သတ်ကြောင်း သိသောအခါ သူ့ကို သတ်ရန် ရှာသဖြင့် မောရှေသည် အီဂျစ်ပြည်မှ မိဒျန်ပြည်သို့ ထွက်ပြေးရသည်။

သို့သော် ဟေဗြဲ ၁၁း၂၇သည် ဤဖြစ်ရပ်၏ ကောင်းကင်ဘုံမှ ရှုထောင့် အမြင်ကို ပေးထားသည်။ ''ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမျက်ကို မကြောက်ပဲ၊ အဲဂုတ္တုပြည်ကို စွန့်သွား၏။ အကြောင်းမူကား မျက်မြင်မရသော ဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏။'' (ဟေဗြဲ ၁၁း၂၇) မောရှေ အီဂျစ်ပြည်မှ ထွက်ပြေးခြင်းကို ဘုရားသခင်၏ မှတ်တမ်းတင်ပုံသည် မောရှေ ကိုယ်တိုင်၏ မှတ်တမ်းတင်ပုံနှင့် ကွာခြားနေသည်။

လူတို့သည် လုပ်ရပ်တစ်ခုကို ကြည့်၍ ''ဒါအရှုံးဘဲ'' ဟု လျင်မြန်စွာ မှတ်ချက်ချတတ်သည်။ လူများစွာတို့သည် ရှင်ဘုရင်ကို ကြောက်သောကြောင့် မောရှေထွက်ပြေးသည်ဟု ယူဆကြသော်လည်း နှလုံးသားကို မြင်သော ဘုရားသခင်သည် မောရှေ၏ နှလုံးသားကို ကြည့်၍ ယုံကြည်ခြင်းကြောင့် အီဂျစ်ပြည်မှ သူထွက်သွားသည်ဟု မှတ်တမ်းတင်ခဲ့သည်။ မောရှေ အီဂျစ်ပြည်မှ ထွက်ခွာခြင်းကို ထာဝရကာလပတ်လုံး ဤသို့ မှတ်တမ်းတင်ထားပေသည်။

ဘုရားသခင်သည် လူတစ်ဦး၏ လုပ်ရပ်များ နောက်ကွယ်ရှိ စိတ်သဘော အမှန်ကို အမြဲမြင်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား သူပြောသော အရာများအပေါ် ကျွန်ုပ်တို့၏ တုန့်ပြန်ပုံကို ကြည့်ရှုသည်။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အသက်တာ၏ မှတ်တမ်းများကို ပြသမည်ဖြစ်ပြီး မြေကြီးပေါ်တွင်

လူတို့က ကျွန်ုပ်တို့အပေါ် ထင်မြင်ပုံနှင့် များစွာ ကွာခြားလိမ့်မည်ဟု ကျွန်ုပ် သေချာပါသည်။ သူတပါးအပေါ် စီရင်ဆုံးဖြတ်ခြင်းကို အလွန်သတိထားပါလေ။

အကြိမ်များစွာတွင် လူတို့က လူတစ်ယောက်အကြောင်းကို ''ဒီအခြေ အနေမှာ သူမအောင်မြင်ခဲ့ဖူး''ဟု ပြောဆိုတတ်ကြသည်။ သို့သော် ဘုရားသခင်က မှတ်တမ်းတင်ပုံမှာ ကွားခြားလေ့ရှိတတ်သည်။ သင်းအုပ် များသည် ဘုရားသခင်အား ''ကိုယ်တော်ဘုရား၊ သူတို့ဘာကြောင့် ဒီလို လုပ်ကြသလဲ။ အဲဒီလူကို ကိုယ်တော်မြင်သလို မြင်ခွင့်ပြုတော်မူပါ'' ဟု တောင်းလျှောက် သင့်သည်။

ခေါင်းဆောင်၏ အခွင့်ထူးနှင့် တာဝန်ဝတ္တရား တစ်ခုမှာ သူတပါးအား စောင့်ရှောက်ရန် ဖြစ်သည်။ သူတပါးကို အကြံပြုဆွေးနွေးပေးသော ခေါင်းဆောင်များနှင့် သင်းအုပ်များသည် သူတို့ကို ဘုရားသခင်၏ အမြင်ဖြင့် မြင်၍ သူတို့၏ စိတ်ရင်းသဘောကို နားလည်ပေးသင့်သည်။ လူတဦးသည် သူလုပ်သော အရာကို ဘာကြောင့် လုပ်ကြောင်း နားလည်သောအခါ သူ၏ လုပ်ရပ်များကို သာမက လုပ်ရပ်၏ အရင်းအမြစ် ကိုပါ ပြောဆိုနိုင်ပေလိမ့်မည်။ အပင်တစ်ပင်သည် မကောင်းသော အသီးကို သီးစေပါက မကောင်းသော အသီးကို ဖယ်ရှားရုံဖြင့် မလုံလောက်ဘဲ အရင်းအမြစ်ကို ဖြေရှင်းဖို့လိုသည်။

# အခန်း ၂

## အာရေဗျ သဲကန္တာရထဲ၌

### ၁။ ယေသရော၏ သမီးများကို ကူညီခြင်း

မောရှေသည် မိမိလူတို့၏ ငြင်းပယ်ခြင်းကိုခံရ၍ အသက်ဘေးကို ကြောက်လျက် အီဂျစ်ပြည်မှ ထွက်ပြေးချိန်တွင် အလွန်ဝမ်းနည်း၍ စိတ်ဓါတ်ကျနေလိမ့်မည်။ သူ၏ လုပ်ဆောင်လိုသော စိတ်ဓါတ်များ ကျိုးပဲ့သွားသည်။ အီဂျစ်လူမျိုးကို သတ်ပြီးနောက် ဣသရေလ လူမျိုးတို့သည် သူ့အား သူတို့၏ ခေါင်းဆောင်အဖြစ် လက်ခံကြလိမ့်မည်ဟု ထင်မှတ်ခဲ့သော်လည်း သူတို့က သူ့ကို ငြင်းပယ်ကြသည်။ အောင်မြင်ခြင်းကို ရှာတွေ့မည့်အစား၊ အရာခပ်သိမ်းတို့သည် တစ်စစီ အပိုင်းပိုင်းဖြစ်နေသည်ကို မောရှေတွေ့ရသည်။ ချီးမြှောက်ခြင်း အချိန်ဖြစ်ပြီ ဟု မကြာခဏ စဉ်းစားသည့်အခါ၊ မိမိကိုယ်မိမိ တောထဲ၌ လည်နေပါလား လို့ တွေ့မြင်ကောင်း တွေ့မြင်ပါလိမ့်မည်။

မည်သို့ဆိုစေ၊ သူ၏မျှော်လင့်ခြင်းတွေ ကြေမွသွားပြီး စိတ်ပျက်နေသည့် အချိန်၊ သဲကန္တာရ ကဲ့သို့သော အခြေအနေမှာ ဖြောင့်မတ်ခြင်းတရားအတွက် မတ်တပ်ရပ် နေဆဲဖြစ်သည်။

ထွက် ၂း၁၅–၁၇ တွင် ''ထိုသတင်းကို ဖာရောဘုရင်ကြားသောအခါ မောရှေကို သတ်ခြင်းငှါ ရှာကြံလေ၏။ မောရှေသည် ဖာရောဘုရင်ထံမှ ထွက်ပြေး၍၊ မိဒျန်ပြည်သို့ရောက်လျှင် ရေတွင်းနားမှာထိုင်၍ နားနေလေ၏။ ထိုအခါ မိဒျန်ယဇ်ပုရောဟိတ်၏ သမီးညီအစ်မ ခုနစ်ယောက်တို့သည် မိမိတို့အဘ၏ သိုးဆိတ်များကို ရေတိုက်ခြင်းငှါ လာ၍၊ ရေခပ်ပြီးလျှင် ရေသောက်ခွက်တို့၌ လောင်းကြ၏။ သိုးထိန်းအချို့တို့လည်း လာ၍ သိုးဆိတ်များကို မောင်းကြ၏။ ထိုအခါ မောရှေသည် ထ၍ ထိုမိန်းမတို့ဘက်၌ နေလျက် သိုးဆိတ်များကို ရေတိုက်လေ၏။'' (ထွက် ၂း၁၅–၁၇)

သို့သော် စိတ်ကြေကွဲနေချိန်၌ပင်လျှင် သူနှင့် လုံးဝ မသိသည့် ယေသရော၏ သမီး ခုနစ်ယောက်ကို ကွယ်ကာ၍ ဖြောင့်မတ်ခြင်း တရားဖက်မှ ရပ်တည်ခဲ့သည်။ သူတို့၏သိုးများကို ရေတိုက်ခဲ့သည်။ ဤအချက်သည် မောရှေအား ယေသရော အိမ်သို့ဝင်နိုင်ရန် တံခါးဖွင့်ပေးခဲ့ပြီး သူ၏ဇနီးသည်ကို

တွေ့ဆုံစေခဲ့သည်။

## ၂။ ဇိပေါရကို မောရှေလက်ထပ်ခြင်း

မောရှေလုပ်ရပ်၏ရလဒ်ကို ထွက် ၂း၁၈–၂၂ တွင် တွေ့ရသည်။ '' ထိုမိန်းမ တို့သည် အဘရွေလထံသို့ရောက်ကြသော်၊ အဘက အဘယ်ကြောင့် ယနေ့ အလျင်အမြန် ရောက်လာရကြသနည်းဟု မေးလေ၏။ သူတို့ကလည်း အဲဂုတ္တု လူတစ်ယောက်သည် အကျွန်ုပ်တို့ကို သိုးထိန်းတို့လက်မှ ကယ်နှုတ်၍ ရေလိုသမျှကို ခပ်သဖြင့် သိုးဆိတ်များကို ရေတိုက်ပါသည်ဟု ပြန်ပြော၏။ အဘကလည်း ထိုသူသည် အဘယ်မှာ ရှိသနည်း။ အဘယ်ကြောင့် သူ့ကို ပစ်ထားခဲ့သနည်း။ အစာ စားစေခြင်းငှါ သူ့ကို ခေါ်ချေကြဟု ဆိုလေ၏။ မောရှေသည် ထိုသူထံမှာနေ၍ ပျော်မွေ့သဖြင့် သမီး ဇိပေါရကို မောရှေအား ထိမ်းမြားပေးစားလေ၏။ ထိုမိန်းမဘွားသောသားကို ဂေရရှုံ အမည်ဖြင့် မှည့်၏။ အကြောင်းမူကား ငါသည် တစ်ကျွန်းတစ်နိုင်ငံ၌ ဧည့်သည်အာဂန္တုဖြစ်ရပြီဟု ဆိုသတည်း။'' (ထွက် ၂း၁၈–၂၂) ယေသရောသည် (သို့မဟုတ် Reuel) မောရှေအား သမီး ဇိပေါရကို ပေးစားပြီး သူ၏ မိသားစုထဲသို့ ဖိတ်ခေါ် ကြိုဆိုခဲ့သည်။ မောရှေသည် နောင်နှစ်ပေါင်း ၄၀ ကို ယေသရော၏ သိုးနွားများကို ထိန်းကျောင်းလျက် ကုန်လွန်စေခဲ့သည်။ (ထွက် ၃း၁)

ဤသို့သတ္တိရှိသောလုပ်ရပ်သည် သူ၏နောက် နှစ်ပေါင်း ၄၀ အသက်တာ အတွက် သော့ချက်ဖြစ်ပြီး သူ၏ဇနီးထံသို့ပို့ဆောင်၍ နေစရာနေရာနှင့် အလုပ် အကိုင်ကိုပေးသည်။ ထိုလုပ်ရပ်က သူ၏အသက်တာအတွက် ဘုရားသခင်၏ ထောက်ပံ့ ပြင်ဆင်ခြင်းကို ဖြေလွှတ်ပေးလိုက်သည်။ စိတ်ပျက်အားလျော့ခြင်း ချိုင့်ဝှမ်းထဲ၌ပင်လျှင် ကျွန်ုပ်တို့၏ လုပ်ရပ်များနှင့် စိတ်နေသဘောထားများသည် အလွန်အရေးပါပေသည်။ ကျွန်ုပ်တို့သည် စစ်ကြောခြင်းနှင့် ကန္တာရ အတွေ့အကြုံကို ဖြတ်သန်းရသောအခါတွင် ကျွန်ုပ်တို့အား စောင့်ရှောက် ရန်နှင့် နှစ်သိမ့်ရန် လူများကို ဘုရားသခင် စေလွှတ်တော်မူသည် ဘုရားသခင် သည် ပရောဖက် ဧလိယကို ကျွေးမွေးရန် မုဆိုးမအား စကားပြောသည်။ (၃ ရာ ၁၇း၉) လူတစ်ယောက် လိုအပ်နေချိန်တွင် ကူညီရန် (သို့) နှစ်သိမ့်ရန် ဘုရားသခင် အလိုတော်ရှိသလားဟု သိရန် အကင်းပါးသင့်ပါသည်။

## ၃။ ကန္တာရ၏ရည်ရွယ်ချက်

ဘုရားသခင်သည် မောရှေအား သဲကန္တာရတွင် နှစ်ပေါင်း ၄၀ အဘယ်ကြောင့်နေစေပါသနည်း။ ဤအချိန်တွင် အချက်လေးခုကိုသာ မီးမောင်းထိုးပြလိုပါသည်။

ပထမအချက်အနေဖြင့် ဘုရားသခင်သည် မောရှေအား သိုးများကို နားလည်သော၊ ကြင်နာသော သိုးထိန်း ဖြစ်စေလိုသည်။ ထွက်မြောက်ရာ ၃း၁ ၌ ဖတ် ရသည်မှာ ''မောရှေသည် မိမိယောက္ခမ မိဒျန်ယဇ် ပုရောဟိတ် ယေသရော၏ သိုးဆိတ်များကို ထိန်းစဉ်၊ တောနောက်ဘက်သို့ ဆောင်သွား၍ တောရပ် အမည်ရှိသော ဘုရားသခင်၏ တောင်သို့ ရောက်လေ၏။ ''မောရှေသည် ယေသရော၏ သိုးများအတွက် သိုးထိန်းအဖြစ် တောထဲတွင် နှစ်ပေါင်း ၄၀ ကုန်လွန်စေခဲ့သည်။ ဘုရားသခင်သည် မောရှေအား အရေးမပါ သလို ထင်ရသောလုပ်ငန်းအား နှစ်ပေါင်း ၄၀ လုပ်စေရခြင်းတွင် တိကျသော ရည်ရွယ်ချက် ရှိပါသည်။ ဘုရားသခင်သည် မိမိလူတို့အား ဟေရှာ ၅၃း၆ သိုးကဲ့သို့ လမ်းလွဲလျက်ရှိကြသည်ဟု နှိုင်းထားသည်။ ဘုရားသခင်သည် မောရှေအား နူးညံ့သောသိုးထိန်းဖြစ်စေရန် သွန်သင်နေသည်။

ဒါဝိဒ်သည်လည်း သိုးစုကို ထိန်းကျောင်းခြင်းအားဖြင့် လူတို့အား ဦးဆောင်ရန် သင်ယူခဲ့သည်။ ''ကျွန်တော်မျိုး ဒါဝိဒ်ကို သိုးခြံများထဲက ရွေးယူတော်မူ၏။ သားငယ်ရှိသော သိုးမတို့ကို ထိန်းခြင်း အမှုမှနှုတ်၍၊ မိမိ လူတည်းဟူသော ယာကုပ်အမျိုးသား အမွေတော်တည်းဟူသော ဣသရေလ လူတို့ကို ကျွေးမွေးစေခြင်းငှါ၊ သို့ထားတော်မူ၏။ ထိုသူသည် ဖြောင့်သော သဘောရှိသည်အတိုင်း ကျွေးမွေး၍ လိမ္မာသောလက်နှင့် ပို့ဆောင်လေ၏။'' (ဆာ ၇၈း၇၀–၇၂)

ဒုတိယအချက်နေဖြင့် ဘုရားသခင်သည် မောရှေအား ညှဉ်းသည့် အာဂန္တု ဖြစ်ရခြင်းသည် မည်သို့ရှိကြောင်းကို သိစေလိုပြီး အခြားသူများ အပေါ် သနားဂရုဏာ စိတ်ထားရှိတတ်စေလိုသည်။ မောရှေသည် တောထဲတွင်သား နှစ်ယောက်ကို ရရှိခဲ့သည်။ ပထမသား၏ အမည်မှာ ဂေရရှုံ ဖြစ်ပြီး '' ညှဉ်းသည့် အာဂန္တု'' ဟု ဆိုလိုသည်။ ''ထိုမိန်းမဘွားသောသားကို ဂေရရှုံ အမည်ဖြင့် မှည့်၏။ အကြောင်းမူကား ငါသည် တစ်ကျွန်းတစ်နိုင်ငံ၌ ညှဉ်းသည့် အာဂန္တုဖြစ်ရပြီဟု ဆိုသတည်း။'' (ထွက် ၂း၂၂)

မောရှေသည် ညှဉ်းသည့် အာဂန္တုဖြစ်ရခြင်းကို နားလည်သည်။ အီဂျစ်ပြည်တွင် ညှဉ်းသည့် အာဂန္တုများဖြစ်စေကြသော ဣသရေလလူမျိုးတို့ကို

ခေါ်ထုတ်၍ တိုင်းတစ်ပါးသို့ဆောင်ရန်အတွက် သူသည် ဧည့်သည် အာဂန္တုု၏ နှလုံးသားကို သိကျွမ်းရသည်။

ဘုရားသခင်သည် ဣသရေလ လူမျိုးတို့အား ဧည့်သည် အာဂန္တုုများအပေါ် ဆက်ဆံပုံနှင့် ပတ်သက်၍ တိကျသော ညွှန်ကြားချက်ကိုပေးခဲ့သည်။ (ထွက် ၂၂း၂၁။ ဝတ် ၁၉း၁၀း၂၃း၂၂။ တရား ၁၀း၁၈–၁၉း ၂၄း၂၉–၂၁း ၂၆း၁၂–၁၃) ''တစ်ကျွန်းတစ်နိုင်ငံသားဖြစ်သော ဧည့်သည်ကို မညှဦးဆဲရ၊ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့ဘူးသောကြောင့် ဧည့်သည်၏ စိတ်သဘောကို သိကြ၏။'' (ထွက် ၂၃း၉) သူတို့သည် ဧည့်သည် အာဂန္တုုများကို မဖိနှိပ်ရသည် သာမက သူတို့ကို ကိုယ်နှင့်အမျှ ချစ်ကြရမည်။ ''သင်၏ပြည်၌တည်းနေသော ဧည့်သည်ကိုမညှင်းဆဲရ၊ သင်နှင့်အတူနေသောဧည့်သည်ကို ကိုယ်အမျိုးသားချင်း ကဲ့သို့ မှတ်ရမည်။ ကိုယ်နှင့်အမျှ ချစ်ရမည်။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ (ဝတ် ၁၉း၃၃–၃၄)

ကျွန်ုပ်တို့သည် တိုင်းတစ်ပါး၌နေထိုင်ခြင်းကို နားလည်သင့်သည်။ ဧည့်သည် အာဂန္တုုဖြစ်ခြင်းသည် အထီးကျန်ခြင်း၊ မတူညီသောဘာသာစကား၊ မတူညီသော ထုံးစံနှင့် အစားအစာ၊ မတူညီသော ယဉ်ကျေးမှုနှင့် မိတ်ဆွေဖွဲ့ခြင်းနှင့် နားလည်ပေးခြင်းတို့ လိုအပ်ကြောင်းခံစားရသည်။

သူတပါးအပေါ် သနားကြင်နာတတ်ရန်အတွက် ဧည့်သည်ဖြစ်ရခြင်းကို ခံစားပေးတတ်ရမည်။ တိုင်းတစ်ပါးတွင် နေထိုင်ရခြင်းသည် အလွန်အထီးကျန်၍ ကြောက်စရာကောင်းတတ်သည်။ ကျွန်ုပ်သည် ပြင်သစ်နိုင်ငံတွင် သာသနာပြုစဉ် လုံးဝဧည့်သည် အာဂန္တုုလိုခံစားရသည်။ ပြင်သစ်စကားကို နှစ်ပေါင်းများစွာ သင်ယူခဲ့သော်လည်း ကလေးများပြောနေသောစကားကို နားလည်ရန် အလွန်ခက်ခဲခဲ့သည်။ အင်္ဂလန်တွင် ကျွန်ုပ်သင်ယူခဲ့သောပညာတတ် ပြင်သစ်စကားသည် သူတို့ပြောဆိုသော ပြင်သစ်စကားနှင့် ကွာခြားလှသည်။ ကျွန်ုပ်အတွက် ခက်ခဲလှသော အတွေ့အကြုံပါပေ။

နိုင်ငံခြားဘာသာစကားကို သင်သိလျှင်လည်း ဘာသာစကားတိုင်းတွင် ကိုယ်ပိုင်စိတ်ဓာတ်နှင့် တမူထူးခြားသော စဉ်စားပုံရှိသောကြောင့် အပြည့်အဝ နားလည်ရန် ခက်ခဲပါသည်။ တောင်ပစိဖိတ်ကျွန်းတွင် ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်က ဤအရာကို သရုပ်ဖော်ပြသနေသည်။ ပြင်သစ်နိုင်ငံမှ ကျွန်ုပ်တို့၏ ကျောင်းသားတစ်ဦးသည် နယူးကာလေဒိုးနီးယားတွင် သင်းအုပ်လုပ်နေသည်။ ပြင်သစ်နိုင်ငံတွင် သူ့ထံလာလည်ပတ်သော ကနေဒါ

သာသနာပြု ဆရာအား သူက ''ကျွန်ုပ်အပန်းဖြေခရီးသွားမယ်'' ဟု ပြောလိုက်သည်။ သာသနာပြုဆရာသည် ထိုသင်းအုပ်ပြောသော ပြင်သစ်စကားကို နားမလည်သဖြင့် ပြင်သစ်အဘိဓါန်ထဲတွင် ကြည့်ရှုပြီး သင်းအုပ်ဆရာသည် အငြိမ်းစားယူတော့မည်ဟု ပြောကြောင်း ကောက်ချက်ချလိုက်သည်။ သင်းအုပ်ဆရာ အပန်းဖြေခရီးထွက်နေစဉ် ထိုသာသနာပြု ဆရာသည် သူ၏ မိတ်ဆွေတဦးအား ထိုအသင်းတော်၏ သင်းအုပ်ဆရာ အသစ်ပြုလုပ်ရန် ပြောဆိုခဲ့သည်။ သင်းအုပ်ဆရာ အပန်းဖြေခရီးမှ ပြန်လာပြီး မကြာခင် ကျွန်ုပ်တို့ ရောက်ရှိသွားသည်။ နားလည်မှုလွဲမှားခြင်းက မည်မျှ ပျက်စီးမှုဖြစ်စေသည်ကို စဉ်းစားကြည့်ပါလေ။ ဘာသာစကားကို အပြည့်အဝ နားလည်းစေရန်အတွက် လူတို့၏ စိတ်ဓါတ်ကို နားလည်းရမည်။

နိုင်ငံခြားတွင် သာသနာပြုရခြင်းသည် အလွန်ခက်ခဲသည်။ ဘာသာစကား တူလျှင်လည်း သူတို့၏ ယဉ်ကျေးမှုနှင့် လုပ်ဆောင်ပုံများသည် သင်နှင့် လွန်စွာ ကွာခြားနိုင်သည်။ ဇိအုန်မိသဟာယဆိုသော ကျွန်ုပ်တို့၏ သာသနာပြု အဖွဲ့ အစည်းတွင် တစ်ကမ္ဘာလုံးရှိ သာသနာပြုဆရာများပါဝင်ကြသည်။ သူတို့ များစွာသည် သာသနာကွင်း၌ မည်မျှ အထီးကျန်ကြောင်း ကျွန်ုပ်အား ရင်ဖွင့် တတ်ကြသည်။ အထီးကျန်ခြင်းကို သင်းအုပ်ခေါင်းဆောင်နှင့် သာသနာပြုဆရာ တိုင်းက ဘုရားသခင်ကျေးဇူးတော်အားဖြင့် ကျော်လွှာကြရမည်။

မောရှေသည် အထီးကျန်နိုင်ခြင်းကို ဘယ်လို အနိုင်ယူ ကျော်လွှားရမည်ကို သင်ယူရပေသည်။ ထိုအကြောင်းကြောင့် သူ၏ သားဦးကို Gershom ဟု မှည့်ခေါ်ရခြင်းဖြစ်သည်။ ဤအမှုကို ဘုရားသခင်က သူ၏ နှုတ်ကပတ်တော်၌ ဖော်ပြရခြင်းသည် ဤမှန်ကန်ချက်များကို ကောက်သင်းကောက်သလို ကောက်ယူရယူပြီး လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို မြင်တတ်ရန် ဖြစ်သည်။

တတိယအချက်အနေဖြင့် ဘုရားသခင်သည် မောရှေအား ကန္တာရ နှင့် အကျွမ်းဝင်စေလိုသည်။ မောရှေသည် နောင်တစ်ချိန်တွင် ဣသရေလ လူမျိုးတို့အား ဂတိတော်ပြည်သို့ ပို့ဆောင်ရာတွင် ဖြတ်သန်းရမည့်လမ်း နယ်မြေနှင့် အကျွမ်းဝင်စေလိုသည်။

သူတစ်ပါးကို ဦးဆောင်ရန်အတွက် ရှေးဦးစွာ သူတစ်ပါးအား ပို့ဆောင်လို သောနေရာသို့ ကိုယ်တိုင်သွားရမည်။ သို့မဟုတ်ပါက မည်သို့လမ်းပြရမည်ကို သိမည်မဟုတ်သလို လမ်းခရီးတွင် ရှိသည့်အဆီးအတားများကို သိမည် မဟုတ် ပါချေ။ ပြဿနာများပေါ်လာသောအခါ မည်သို့တုန့်ပြန်ရမည်ကို သိမည်

မဟုတ်ချေ။

ဘုရားသခင်သည် အသင်းသားများ (သို့) အမှုတော်လုပ်ငန်းတစ်ခုလုံး အတွက် ပြင်ဆင်ထားသောအရာများဆီသို့ ခေါင်းဆောင်များကို ပို့ဆောင်ပြီး အမွေကို ပြည်းစမ်းခံစားစေသည်။ ကန္တာရသည် ပုံသွင်းပြုလုပ်နေသော ကာလဖြစ်သည်။ ဘုရားသခင်သည် ခေါင်းဆောင်အယောက်တိုင်းအတွက် ကန္တာရ အတွေ့အကြုံများကိုပံ့ပြင်ပေးပြီး နောင်တချိန်တွင် သူတို့ဦးဆောင် ရမည့်လူများ၏ စိတ်နေသဘောထားနှင့် တုန့်ပြန်မှုများကိုနားလည်စေသည်။

ကျွန်ုပ်တို့သည် ကန္တာရအတွေ့အကြုံကို ကိုယ်တိုင် နားလည်ခြင်းအားဖြင့် အခြားသူများအလားတူ တွေ့ကြုံရသောအခါ ကူညီအားပေးနိုင်သည်။ ထိုပြင်ဆင်မှု မရှိဘဲနှင့် ခေါင်းဆောင်များသည် သူတပါး ကြုံတွေ့နေရသော အရာများကို နားမလည်သောကြောင့် ပြစ်မြင်လွယ်တတ်ကြသည်။ ခေါင်းဆောင်၏ အမှတ်လက္ခဏာတစ်ခုမှာ လူတို့ ကြုံတွေ့နေရသောအရာ များကို နားလည်ပေးပြီး မှန်ကန်သောဖက်သို့ ညွှန်ပြနိုင်ခြင်းဖြစ်သည်။

စတုတ္ထအချက်အနေဖြင့် ဘုရားသခင်သည် မောရှေ၏အသက်တာ တွင် နှိမ့်ချခြင်းကို ပေါ်ထွက်စေလိုသည်။ မောရှေ၏ အသက်တာ၌ နှိမ့်ချခြင်း တိုးပွားရန် ဘုရားသခင် အလိုရှိသည်။ နှိမ့်ချခြင်းဆိုရာတွင် အခြေအနေတိုင်း၌ ဘုရားသခင်အပေါ် လုံးလုံးမှီခိုနေခြင်း ဖြစ်သည်။ အမှန်စင်စစ် ဘုရားသခင်သည် သာလျှင် သူ့လူတို့အား ခေါင်းဆောင်များအားဖြင့် ဦးဆောင်လမ်းပြရမည် ဖြစ်သည်။ ခေါင်းဆောင်သည် မိမိဉာဏ်ဖြင့် လှုပ်ရှားခြင်း မပြုရ။

ဘုရားသခင်သည် မောရှေအား သူ၏ အသက်တာတွင် နှိမ့်ချခြင်း တိုးပွားစေရန် တောထဲသို့ နှစ်ပေါင်း (၄၀) စေလွှတ်ခဲ့သည်။ ဤသည်ကား ယုံကြည်သူတိုင်းအတွက် တောလမ်းခရီး၏ အဓိကရည်ရွယ်ချက်တစ်ခု ဖြစ်ကြောင်း၊ 'သင့်ကို နှိမ့်ချ စုံစမ်း၍ နောက်ဆုံး၌ ကျေးဇူးပြုလိုသောငှါ၊ သင်၏ ဘိုးဘေး မသိဘူးသော မန္နနှင့် တော၌ ကျွေးမွေးတော်မူသော သင်၏ ဘုရားသခင် ထာဝရဘုရားကို မမေ့လျော့၍' ဟု တရားဟောရာကျမ်း ၈း၁၆ တွင် ဖော်ပြသည်။

### ၄။ ဘုရားသခင်က ရွေးကောက်ခြင်း

ခရစ်ယာန်အသက်တာ၌ အဓိက အဆင့်ကြီး သုံးခုမှာ (ဗျာ ၁၇း၁၄)

၁။ ဘုရားသခင်က ခေါ်ခြင်း

၂။ ဘုရားသခင်က ရွေးကောက်ခြင်း

၃။ ဘုရားသခင်က သစ္စာရှိသည်ဟု တွေ့ရှိခြင်း

အခန်း ၁ တွင် မောရှေအသက်တာ၌ ဘုရားသခင်၏ ခေါ်ခြင်းကို စဉ်းစား ခဲ့ပြီး အခန်း ၂ ၌ တောထဲမှာ နှစ်ပေါင်း ၄၀ နေစဉ် ဘုရားသခင်၏ ရွေးကောက်ခြင်းကို ကြည့်ရှုခဲ့ပါပြီ။ ''ယေရှုက ခေါ်တော်မူသောသူ အများ ရှိသော်လည်း ရွေးကောက်သောသူ နည်းသည်'' ဟု ဆိုသည် (မဿဲ ၂၂း၁၄)

ကျွန်ုပ်တို့သည် မည်သည့်နေရာတွင် ဘုရားသခင်၏ ရွေးကောက်ခြင်းကို ခံရသနည်း။ ဟေရှာ ၄၈း၁၀ တွင် တွေ့ရသလိုပင် ဒုက္ခမီးဖိုထဲ၌ ရွေးကောက်ခြင်း ခံရကြသည်။ ''ငါသည် သင့်ကို စစ်ခဲ့ပြီး သို့သော်လည်း ငွေကိုစစ်သကဲ့သို့ မဟုတ်၊ ဒုက္ခမီးဖိုထဲ၌ သင်ကို စုံစမ်းခဲ့ပြီ။ (ဟေရှာ ၄၈း၁၀) မီးဖြင့် စစ်ကြောခြင်း ထဲ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖြူစင်သန့်ရှင်းစေ၍ ရွေးကောက်ခဲ့သည်။ ''အရည်ကျို၍ စုံစမ်းခြင်းကိုခံနိုင်သော်လည်း ပျက်စီးတတ်သောရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍ မြတ်သည်နှင့် ယေရှုခရစ် ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလိုငှါ ဖြစ်မည်အကြောင်း၊ အထူးထူး အပြားပြားသော စုံစမ်းနှောင့်ရှက်ခြင်းကို ခံရသောအကြောင်းရှိလျှင် သင်တို့ သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော် ကို ထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။ (၁ပေ ၁း၇)

ကန္တာရထဲ၌ ဆင်းရဲခံရချိန်တွင် ကျွန်ုပ်တို့၏ သဘောထားများက ဘုရားသခင်ရွေးကောက်မည် (သို့) မရွေးကောက်မည်ကို ဆုံးဖြတ်ပေးသည်။ မောရှေသည် တောထဲတွင် စစ်ဆေးခြင်းကို အောင်မြင်သဖြင့် ရွေးကောက်ခံရပြီး မီးလောင်သောချုံတွင် စေခိုင်းခြင်းခံရသည်။ ဒါဝိဒ်အသက်တာတွင်လည်း အဆင့် ၃ ဆင့်ကိုတွေ့ရသည်။ ဒါဝိဒ်သည် ငယ်သော အရွယ်တွင် ဣသရေလ ဘုရင်ဖြစ်ရန် ရွေးကောက်ခြင်း ခံရသည်။ နှစ်ပေါင်းများစွာ စစ်ကြောခြင်းနှင့် ဆင်းရဲခြင်း ခံရပြီး ၁၃ နှစ်ခန့် အကြာတွင် ဇိကလတ်မြို့၌ အရာခပ်သိမ်း ဆုံးရှုံးပြီးသောအခါတွင် ဘုရားသခင်၏ ရွေးကောက်ခြင်းကို ခံရသည်။

ဒါဝိဒ်သည် ယုဒရှင်ဘုရင်အဖြစ် သစ္စာရှိပြီး နောင်တွင် ဣသရေလ ဘုရင်အဖြစ် သစ္စာရှိခဲ့သည်။ ဇိကလတ်မြို့ မိသားစုအပါအဝင် အရာခပ်သိမ်းကို ဆုံးရှုံးသည့် အချိန်တွင် ဒါဝိဒ်၏ စိတ်နေသဘောထား ကြောင့် ရာဇပလ္လင်ဆီသို့ ရောက်ရှိခဲ့သည်။ ရက်အနည်းငယ်အကြားတွင် ရှောလုအသတ်ခံရပြီး ဒါဝိဒ်လည် ယုဒဘုရင်အဖြစ် ဘိသိက်ပေးခြင်းခံရသည်။ ဇိကလတ်မြို့တွင် သူ၏လူတို့ကပင် သူ့အား ကျောက်ခဲနှင့် ပစ်သတ်လိုကြသော်လည်း

ဒါဝိဒ်သည် ထာဝရဘုရား၌ မိမိကိုယ်ကို အားပေးခဲ့သည်။ (၁ရာ ၃ဝး၆) ထို့ကြောင့် စစ်ကြောခံရချိန်တွင် မှန်ကန်သောစိတ်သဘော အမြဲထားရှိပါက ကိုယ်တော် သင့်အား ဆုချ လိမ့်မည်။

# အခန်း ၃

## အီဂျစ်ပြည်သို့ မောရှေ ပြန်လာခြင်း

### ၁။ မီးလောင်နေသောချုံ

ထွက်မြောက်ရာကျမ်းအခန်းကြီး ၃ တွင် ဘုရားသခင်သည် မီးလောင်နေသော ချုံတွင် ဘုရားသခင်နှင့် တွေ့ဆုံးသည်။ ထွက် ၃း၁–၂ ''မောရှေသည် မိမိယောက္ခမ မိဒျန်ယဇ်ပုရောဟိတ် ယေသရော၏ သိုးဆိတ်များကို ထိန်းစဉ်၊ တောနောက်ဘက်သို့ ဆောင်သွား၍ ဟောရပ်အမည်ရှိ သော ဘုရားသခင်၏ တောင်သို့ရောက်လေ၏။ ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက် သော မီးလျှံ၌ ထင်ရှား၏။ မောရှေသည် ကြည့်သော အခါ၊ မီးလောင်၍ ချုံမကျွမ်းဘဲ ရှိသည်ကိုမြင်လျှင်။''

မီးလောင်နေသောချုံတွင် မောရှေသည် ဘုရားသခင်နှင့် အသစ်စက်စက် တွေ့ဆုံပြီး ဣသရေလ လူမျိုးတို့အား အီဂျစ်ပြည်မှ ခေါ်ထုတ်ရန် တာဝန် ပေးခြင်းခံရသည်။ တောထဲမှထွက်လာသောအခါ ဘုရားသခင်နှင့် အသစ်တဖန် တွေ့ဆုံပြီး ကိုယ်တော်ထံမှ အသစ်စေခိုင်းခြင်းကို ရရှိရန် လိုအပ်သည်။ မကြာခဏ ဆိုသလို ကန္တာရအတွေ့အကြုံ (သို့) ဆင်းရဲခံရ ပြီးနောက်တွင် စေခိုင်းခြင်းကိုခံရတတ်ပြီး လေ့ယသည်လည်း စိတ်ဓါတ်ကျသည့်ကာလကို ကျော်ဖြတ်ပြီး နောက်တွင် ထပ်မံတာဝန်ပေးခြင်းကို ခံရသည်။

ခရစ်ယာန်အသက်တာတွင် ပထမအဆင့်မှာ ခေါ်ခြင်းဖြစ်ပြီး ထို့နောက် ဘုရားသခင်ထံမှ တာဝန်ပေးခြင်းခံရမည်။ ဘုရားသခင်သည် အမှုတော်တစ်ခုခု အတွက် ခေါ်လျှင်လည်း တာဝန်ပေးစေခိုင်း၍ ဘိသိက်ခြင်း မပေးမှီတွင် အမှုတော်ကို မစတင်ဘဲ စောင့်ဆိုင်းရမည်။ ကျွန်ုပ်တို့သည် မိမိဖါသာ စေလွှတ်၍မရဘဲ ဘုရားသခင်က စေခိုင်း၍ စေလွှတ် ရမည်။ (ဟေရှာ ၆း၈) ဤအချက်ကို ရောမ ၁၀း၁၅ တွင် ထင်ရှားစွာတွေ့ရသည်။ ''လူကို မစေလွှတ် လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည် ကား ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုး ချမ်းသာ၏။ ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၏ ခြေတို့သည် တင့်တယ်စွာ တကားဟု လာသတည်း။ (ရောမ ၁၀း၁၅)

## ဘုရားသခင်၏ မီး

မောရှေသည်အဘယ်ကြောင့် မီးလောင်နေသောချုံကိုမြင်သနည်း။ မီးလောင်သော်လည်း ပြာကျမသွားသော ချုံဖုတ်သည် ထူးခြားသောဖြစ်စဉ် ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား တာဝန်ပေးရန်နှင့် အသက်တာ အတွက် အကြံအစည်တော်ကို ပြည့်ဝစေနိုင်ရန် ကိုယ်တော်၏ မီးကို ယူဆောင် ပေးဖို့ ဆုတောင်းသင့်သည်။ မီးသည် ကျမ်းစာထဲတွင် ကိစ္စအမျိုးမျိုးကို ပုံဆောင်သည်။

၁။ ဓမ္မဟောင်းယဇ်ကောင်းများကို မီးရှို့၍ ကျွမ်းလောင် စေသည်။ (ဝတ် ၂း၃၊ ၅း၁၂)
၂။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဇာတိသဘာဝကို လောင် ကျွမ်းစေ၍ ဖြူစင်သန့်ရှင်းစေသည်။ (ဟေရှာ ၄း၄)
၃။ ဓမ္မသစ်ကျမ်းရှိ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းသည် ထာဝရ ဘုရား၏ မီးနှင့် ဗတ္တိဇံခံခြင်း ပါဝင်ပြီး ချော်များ၊ အညစ်အကြေးများကို လောင်ကျွမ်းစေသည်။ (တမန် ၂း၄၊ မဿဲ ၃း၁၂)
၄။ မီးသည် ဘုရားသခင်၏မျက်မှောက်တော်၏ ပုံဆောင်ချက်တစ်ခုဖြစ်သည်။ (ယေဇ ၁း၂၇၊ ထွက် ၁၃း၂၁၊ ၂၄း၁၇) ဟေဗြဲ ၁၂း၂၉ က ''ထာဝရဘုရား သည် လောင်သောမီး ဖြစ်တော်မူသည်'' ဟု ဆိုသည်။

ဘုရားသခင်သည်ကျွန်ုပ်တို့အားတစ်စုံတစ်ခုပြုလုပ်ရန်စေခိုင်းသောအခါ ဘုရားအလိုတော်ပြည့်စုံရန်ဘုရားသခင်၏မီးသည်ကျွန်ုပ်တို့အသက်တာထဲ၌ ဦးစွာလာ၍ သန့်ရှင်းစင်ကြယ်စေသည်။

## သန့်ရှင်းသောမြေ

မီးလောင်နေသောချုံတွင် မောရှေ၏ တုန့်ပြန်ချက်၌ အံ့သြစရာ သမ္မာတရားကို တွေ့ရသည်။ ''အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း၊ ဤထူးဆန်းသော ရူပါရုံကို ငါသွား၍ ကြည့်ရှုမည်ဟု ဆို၏။ မောရှေသွား၍ ကြည့်ရှုကြောင်းကို ထာဝရဘုရား မြင်တော်မူလျှင် မောရှေ၊ မောရှေဟု ချုံထဲက ခေါ်တော်မူ၏။ မောရှေကလည်း အကျွန်ုပ်ရှိပါ၏ဟု လျှောက်လေ၏။'' (ထွက် ၃း၃–၄) မောရှေ ကြည့်ရှုကြောင်းကို ဘုရားသခင် တွေ့သောအခါ ချုံထဲမှ ဘုရားသခင် ခေါ်တော်မူသည်။ မောရှေ၏ နှလုံးသားသည် ဘုရားသခင် ပြုလုပ်နေသောအမှုသစ်ကို သတိပြုမိအောင် နိုးကြားမှုရှိသည်။

အရာခပ်သိမ်းသည် မောရှေ ထိုအချိန်၌ သွားကြည့်ခြင်းအပေါ် မူတည်

နေသည်။ ထိုနေ့တွင် ဘုရားသခင် သူ့ကို စကားပြောရန် မမျှော်လင့်သလို မီးလောင်နေသောချုံဖြင့် စကားပြောရန် လုံးဝ မမျှော်လင့်ပါ။ ကျွန်ုပ်တို့ လုံးဝ မမျှော်လင့်သည့် အချိန်များတွင် ဘုရားသခင် စကားပြောတတ်သည်။ ဘုရားကျောင်းထဲနှင့် တဦးချင်း ဘုရားဝတ်ပြုချိန်တွင် ဘုရားသခင်စကား ပြောတတ်သည်။ သို့သော် အလုပ်လုပ်နေချိန် နေ့စဉ်လုပ်ငန်း လုပ်ဆောင်ချိန်၊ တံမြက်စည်းလှည်းချိန်နှင့် ချက်ပြုတ်နေချိန်များတွင် စကားပြောတတ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်စကားပြောမည့် အချိန်ကို မသိသောကြောင့် အသံတော်ကို အကင်းပါးစွာသိလျက်၊ ဆုတောင်းသည့် အနေအထား အမြဲ ရှိနေရမည်။ ဘုရားသခင်က မောရှေအား သန့်ရှင်းသော မြေတွင် ရပ်နေသည် ဟု ပြောခဲ့သည်။ ''ဘုရားသခင်ကလည်း မချဉ်းနှင့် သင်၏ ခြေနင်းကို ချွတ်လော့။ သင်နင်းသောအရပ်အား သန့်ရှင်းသောမြေဖြစ်သည်ဟူ၍၄င်း။'' (ထွက် ၃း၅) ဘယ်အရာက မြေကိုသန့်ရှင်းစေသနည်း။ ၄င်းသည် အခြား မြေများနှင့် မကွာခြားပါ။ ဘုရားသခင်၏ မျက်မှောက်တော်က မြေကို သန့်ရှင်း စေပြီး ဘုရားသခင်သည် သန့်ရှင်တော်မူသည်။ မြေ၊ အဆောက်အဦးနှင့် လူကို ဘုရားသခင်၏ မျက်မှောက်တော်က သန့်ရှင်းစေသည်။

ဖိနပ်များသည် အမှိုက်ကို စုဆောင်းတတ်ပြီး မစင်ကြယ်သောအရာသည် ဘုရားသခင်၏ သန့်ရှင်းခြင်းရှေ့တော်တွင် မရပ်နိုင်ပါ။ ထို့ကြောင့် ဘုရားသခင် သည် မောရှေအား ခြေနင်းကို ချွတ်စေသည်။ သန့်ရှင်းခြင်းဆိုသည်မှာ လောကမှ ခွဲခွါခြင်းနှင့် ဘုရားသခင်အတွက် ခွဲထားခြင်းဖြစ်သည်။ သန့်ရှင်းခြင်း သည် အပြစ်နှင့် ခွဲခွာခြင်း၊ ဘုရားသခင်နှင့် ပူးပေါင်းခြင်းပါဝင်သည်။

''ငါသည်သင့်အဘ၏ဘုရား၊ အာဗြဟံ၏ ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ ဘုရားဖြစ်သည်ဟူ၍၄င်း၊ မိန့်တော်မူ၏။ မောရှေသည် ဘုရားသခင် ကို မကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်နေ၏။'' (ထွက် ၃း၆) ဘုရားသခင်က သူ့ဖခင်၏ ဘုရားဖြစ်ကြောင်း မောရှေကို ပြောခြင်းအားဖြင့် မောရှေ၏ ဖခင်၊ အာမရံ၏ ယုံကြည်ခြင်းကို အသိအမှတ်ပြုနေသည်။ ဟေဗြဲ ၁၁း၂၃ တွင် မောရှေ၏ မိဘများသည် ယုံကြည်ခြင်းသူရဲကောင်း၌ ပါဝင်ကြသည်။ အာမရံ၏ ယုံကြည်ခြင်းကို မောရှေထံ လက်ဆင့်ကမ်းခဲ့သည်မှာ သေချာသည်။

ခရစ်ယာန်မိသားစုမှ သားသမီးများစွာတို့သည် ဘုရားသခင်နှင့် ကိုယ်တိုင်ဆက်ဆံရေး မရှိကြသောကြောင့် လမ်းလွဲတတ်ကြသည်။ သူတို့ နောင်တရ၍ ပြန်လာသောအခါ သူတို့မိဘ၏ ဘုရားသခင်နှင့် တွေ့ဆုံကြသည်။ တိမောသေထံစာရေးရာတွင် ရှင်ပေါလုသည် တိမောသေ၏ မိခင် ဥနိတ်နှင့်

အဘွာ လောဣတို့၏ ယုံကြည်ခြင်းကို အသိအမှတ်ပြုခဲ့သည်။ ''သင်၏ အဘွားလောဣ၊ အမိဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းတည်း ဟူသော၊ ငါသဘောကျသည် အတိုင်း၊ သင်၌လည်း တည်သောယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်၄င်း၊ နေ့ညဉ့်မပြတ် ဆုတောင်းပဋ္ဌနာပြုသည်တွင် သင့်ကို မခြားမလပ် အောက်မေ့သည်ဖြစ်၍၊ ငါ့ဘိုးဘေး ကိုးကွယ်သည်အတိုင်း ကိုယ်ကိုကိုယ် သိသောစိတ်စင်ကြယ်ခြင်းနှင့်တကွ ငါကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။ (၂တိ ၁း၅) ဘုရားသခင်အား ယုံကြည်ခြင်းကို မျိုးဆက် တဆက်ပြီးတဆက် လက်ဆင့်ကမ်းနိုင်သည်။

## မိမိလူတို့အတွက် ဘုရားသခင်ဝန်တာထားခြင်း

ထွက် ၃း၇–၁၀ တွင် ဘုရားသခင်သည် မောရှေထံ မိမိနှလုံးသားကို ဖွင့်ပြကာ သူတို့အတွက် ဝန်တာထားရှိ ပုံကို ပြသခဲ့သည်။ ''ထာဝရဘုရားက လည်း၊ အဲဂုတ္တုပြည်၌ရှိသော ငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကို ငါစေ့စေ့ မြင်ခဲ့ပြီ။ သူတို့ကိုစေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသော အသံကိုလည်း ငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်း ဝေဒနာကို ငါသိ၏။ သူတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ခါနန်လူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိသူတို့နေရာ၊ နို့နှင့်ပျားရည်စီးတတ်သော ပြည်သို့ ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။ ယခုတွင်လည်း ဣသရေလ အမျိုးသားတို့ ငိုကြွေးသောအသံသည် ငါ့ထံသို့တက်ရောက်၍၊ သူတို့ကို အဲဂုတ္တုလူတို့သည် ညှဉ်းဆဲခြင်းအမှုကိုလည်း ငါမြင်ရပြီ။ ထို့ကြောင့် ယခုသွားလော့။ သင်သည် ငါ၏ လူဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်မည် အကြောင်း၊ သင့်ကို ဖာရောဘုရင်ထံသို့ ငါစေလွှတ်မည် ဟု မိန့်တော်မူ၏။'' (ထွက် ၃း၇–၁၀)

ထွက် ၃း၇–၁၀ ၌ မောရှေအား ဘုရားသခင် ပြောသော သတင်းစကား တွင် ပါသောအချက် ခုနစ်ချက်ကို မီးမောင်းထိုးပြလိုသည်။

၁။ ''သူတို့ခံရသော ဆင်းရဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ'' (ငယ် ၇)

၂။ ''သူတို့မြည်တမ်းသောအသံကို ငါကြားခဲ့ပြီ'' (ငယ် ၇)

၃။ ''သူတို့နာကြဉ်းခြင်းဝေဒနာကို ငါသိ၏'' (ငယ် ၉)

၄။ ''အဲဂုတ္တုလူတို့သည် ညှင်းဆဲခြင်းအမှုကို ငါမြင်ရပြီ'' (ငယ် ၉)

၅။ ''သူတို့ကို ကယ်နှုတ်ခြင်းငှါ ငါဆင်းလာပြီ'' (ငယ် ၈)

၆။ ''သူတို့ကို အဲဂုတ္တု ပြည်မှ ကယ်နှုတ်၍ နို့နှင့် ပျားရည်စီးသော ပြည်သို့

ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ'' (ငယ် ၈)

၇။ ''ငါသည် ဣသရေလ လူမျိုးတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်မည် အကြောင်း သင့်ကို ဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်'' (ငယ် ၁၀)

အချက် ၁–၄သည် ဣသရေလ လူတို့၏ ဆင်းရဲခံရပုံကို ဘုရားသခင် မြင်ကြောင်းကိုပြသည်။ အချက် ၅–၇ က သူတို့ဆင်းရဲရခြင်းအား တုန့်ပြန်ပုံကို ပြသည်။ ''အမှုရောက်လေရာ၌ သူတို့ကို ညှင်းဆဲတော်မမူ၊ ရှေ့တော်မှ စေလွှတ် သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော် ရှိသည်အတိုင်း ရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော် မူ၏။'' (ဟေရှာ ၆၃း၉) ကျွန်ုပ်တို့ ဆင်းရဲခံရသောအခါ ကိုယ်တော်လည်း ခံရသည်။

အားယူပါလော့ ဘုရားသခင်သည် သင်၏ ကြေကွဲမှုကိုမြင်ပြီး သင့်ကို မမေ့ပါ။ ဘုရားသခင်သည် ဣသရေလ လူတို့ကိုပင် ဆုတောင်းခြင်းကို ချက်ခြင်း အဖြေ မပေးပါ။ သို့သော် သူ၏ စုံလင်သောအချိန်၌ ဆင်းရဲခံရမှုမှ ကယ်လွှတ်လိမ့်မည်။

## ဣသရေလလူမျိုး လွတ်မြောက်ရန် ဂတိတော်

ထွက် ၃း၈ ၌ ဣသရေလလူမျိုးအား ကယ်လွှတ်ရန် ဂတိတော်၌ အရေးကြီးသော သမ္မာတရားပါဝင်သည်။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တု လူတို့လက်မှ ကယ်နုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည် စီးတတ်သောပြည်သို့ ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။ ''ဘုရားသခင်သည် သူတို့အား အဲဂုတ္တု ကျွန်ဘဝမှ ယူ၍ နို့နှင့် ပျားရည်စီးသောပြည်သို့ ပို့ဆောင်လိမ့်မည်။

ဘုရားသခင်သည် ပြဿနာအခြေအနေ၊ ချုပ်နှောင်မှုမှ ကယ်လွှတ်သော အခါ ပိုကောင်းသော အရာဆီသို့ ပို့ဆောင်လိုသည်။ ကယ်လွှတ်ခြင်းတွင် အဆင့် ၂ ဆင့်ပါဝင်သည်။ (၁) မကောင်းသောအရာမှ ကယ်လွှတ်ခြင်းနှင့် (၂) ကောင်းသောအရာဆီသို့ ပို့ဆောင်ခြင်းဖြစ်သည်။ ဤသမ္မာတရားကို သဘောပေါက်ရန် လိုအပ်သည်။ ဘုရားသခင်သည် ဤလောကမှ ကယ်လွှတ်ရုံ သာမက ကျွန်ုပ်တို့၏ အမွေကို အပြည့်အဝ ပေးလိုသည်။ ဤသမ္မာတရားကို သစ်ပင် ရွှေ့စိုက်ခြင်းက ဖေါ်ပြနေသည်။ သစ်ပင်ကို အပြစ်မှမဆွဲနှုတ်မှီ နေရာတခုကိုပြင်ဆင်ထားရသည်။ လူတို့အား ဆွေးနွေးပေးသောအခါ သူတို့ အခြေအနေ၏ ဤနိယာမကို နားလည်ရမည်။ အသက်တာတွင် ဦးတည်ချက်

ပြောင်းလိုပါက ဘုရားသခင် သူတို့အတွက် ပြင်ဆင်ပြီးသား နေရာရှိသလားဟု မေးရမည်။ သွားရမည့်နေရာမရှိဘဲ မိသားစုသည် ပစ္စည်းများကို ထုတ်ပိုး၍ ရွှေ့ပြောင်းခြင်းမှာ ပညာမရှိပါ။

ဘုရားသခင်သည် သူတို့အား လက်ရှိအခြေအနေမှ ကယ်လွှတ်သည်ဟု ပြောပြသော သူများစွာကို ကျွန်ုပ်အကြံပြုဆွေးနွေးခဲ့သည်။ နောက် ဘာလုပ်မလဲဟု မေးသောအခါသူတို့မှာ ဘာစိတ်ကူးမှမရှိချေ။ ဘုရားသခင်သည် သူတို့အား ရွှေ့လျားစေကြောင်း သိရန် သက်သေသည် သူတို့ ဘယ်ကို သွားနေသလဲဆိုတာ သူတို့ သိဘို့ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို မလွှတ်မချင်း လက်ရှိနေရာ (သို့) အခြေအနေကို မစွန့်ခွာရဘူး။

ဘုရားသခင်က မောရှေအား ခန့်အပ်စေခိုင်းသော အမှုကို ထွက်မြောက်ရာကျမ်း ၃း ၁၀ တွင်တွေ့ရသည်။ 'ထို့ကြောင့် ယခုသွားလော့။ သင်သည် ငါ၏လူ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်မည် အကြောင်း၊ သင့်ကို ဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။ ' ဘုရားသခင်က ဤနေရာမှာ မရပ်တံ့သွားပါဘူး။ အစောပိုင်းက ပြောခဲ့သလိုဘဲ၊ ဘုရားသခင်က သူတို့အား ကယ်ထုတ်ရုံသာမဟုတ်၊ သူတို့အား အခြားသော နိုင်ငံ – ဂတိတော် မြေသို့ ပို့ဆောင်ခဲ့သည်။ ရှင်းလင်းတိကျသော အစီအစဉ် ဦးစွာပထမ မသတ်မှတ်ဘဲ ဘုရားသခင် ဘယ်တော့မှ မရွှေ့လျားပါ။ ကျွန်ုပ်တို့ လည်း ထိုနည်းအတိုင်း ပင်ဖြစ်ရမည်။

## မောရှေ၏ တုန့်ပြန်မှု

မောရှေသည် ဘုရားသခင်၏စေခိုင်းချက်ကို သိမ်မွေ့စွာ တုံ့ပြန်ခဲ့သည်။ မောရှေကလည်း၊ အကျွန်ုပ်သည် အဘယ်သို့သော သူဖြစ်၍၊ ဖါရောဘုရင်ထံသို့ ဝင်သဖြင့်၊ ဣသရေလအမျိုးတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ပါမည်နည်းဟု ဘုရားသခင်အား လျှောက်လျှင်၊ (ထွက် ၃း၁၁) မောရှေသည် ခေါင်းဆောင် တစ်ဦး၏ နှိမ့်ချမှုသိမ်မွေ့မှုနှင့် တုံ့ပြန်သည်။ ယခင်က သူ၏ စိတ်သဘောနှင့် ကန္တာရ အတွေ့အကြုံပြီးနောက် သဘောထားကွာခြားသွား သည်။ လွန်ခဲ့သော နှစ် ၄၀ က အီဂျစ်လူမျိုးကို သတ်ကာ မိမိခွန်အားဖြင့် ဣသရေလ လူမျိုးကို သူ့ထံစုရုံးဖို့ကြိုးစားသည်။ ရလဒ်မှာ ခါးသီးသော အရှုံးဖြစ်သည်။ နှစ် ၄၀ အကြာတွင် တောထဲ၌ နှိမ့်ချပြီး ဘုရားသခင်အပေါ် လုံးဝမှီခိုလာသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလည်း နှိမ့်ချသော သဘောရှိရန်နှင့် မိမိနှင့် မထိုက်တန်သော ခံစားမှုရှိ စေလိုသည်။

**မောရှေ၏ခေါင်းဆောင်မှုကို မျက်နှာသာပေးသောအရာ ၃ ခု**

အမှန်တွင် မောရှေသည် ဣသရေလ လူမျိုးကို အီဂျစ်ပြည်မှ ကယ်နှုတ်ရန် အသင့်တော်ဆုံးဖြစ်သည်။ အဓိက အကြောင်းရင်း ၃ ခု မှာ–

၁။ မောရှေသည် ဖါရော နန်းတော်တွင် ကြီးပြင်းလာသည်။ ဖါရော နန်းတော်တွင် ကြီးပြင်းလာခြင်းက သူ့အား ဖါရောနှင့် ရင်ဆိုင်ရန် ပြင်ဆင်ပေးပြီး အီဂျစ်ပြည်မှ ဣသရေလ လူမျိုးကို ဦးဆောင်စေသည်။ ဘုရင်ရှေ့မှောက်တွင် မည်သို့ရပ်ရမည်ကို မောရှေသည်သင်ယူပြီးသားဖြစ်သည်။

ဘုရားသခင်သည် ဘုရင်ရှေ့မှာ မည်သို့ပြုမူရမည်ကို မသိသူအား ဖါရောထံ မစေလွှတ်ပါ။ ဒံယေလ ၁း၄ တွင် ဒံယေလနှင့် သူ့သူငယ်ချင်း ၃–ဦး တို့သည် သူတို့အရည်အချင်းအရ ဘုရင့်နန်းတော်တွင် ရပ်တည်ရသည်။

ကျွန်ုပ်ကလေးဘဝတွင် ဖခင်သည် အင်္ဂလန်ဘုရင် ဂျော့ ၆ နှင့် တွေ့ဆုံခွင့် ရသည်။ အဖေက ဘက်ကင်ဟမ်နန်းတော်သို့ ကျွန်ုပ်ကိုခေါ်သွားသည်။ ထိုအတွေ့အကြုံကို ကျွန်ုပ်မမေ့နိုင်ပါ။ ဘုရင်နန်းမတွေ့ခင် သူ့ရှေ့မှာ မည်သို့ ပြုမူရမည်ကို ညွှန်ကြားကြသည်။

ဖါရောနန်းတော်တွင် မောရှေ၏ ပြင်ဆင်မှုက ဣသရေလလူမျိုးကို ကယ်လွှတ်ရန် ပြင်ဆင်ပေးသည်။

၂။ မောရှေသည် အခွင့်အာဏာနှင့် ခေါင်းဆောင်မှုအတွက် လေ့ကျင့် ခြင်း ခံရသည်။ ဣသရေလလူမျိုးကို ကယ်လွှတ်သူသည် ဦးဆောင်၍ အုပ်ချုပ်တတ်သူဖြစ်ရမည်။ မောရှေသည် သူ့လက်ထက်တွင် အမြင့်ဆုံး လွှတ်တော်၌ လေ့ကျင့်သင်ကြားခဲ့သည်။ ဖါရောသမီးတော်၏ မွေးစားသားအဖြစ် သူသည် ခေါင်းဆောင်ဖြစ်ရန် ပြင်ဆင်ခြင်းခံရပေလိမ့်မည်။ ကျွန်ုပ်ဇနီးနှင့်အတူ အာဖရိကတိုက်သို့ ပထမဆုံးသွားရောက်ချိန်တွင် အာဖရိက သာသနာပြုဆရာ ဟောင်းတစ်ဦးက အာဖရိကတွင် အမှုတော်ဆောင်ရန် လိုအပ်သော အရည်အချင်း ၃ ခုမှာ အခွင့်အာဏာ၊ အစွမ်းအစနှင့် ခွင့်လွှတ်ခြင်းဖြစ်သည်ဟု ပြောပြသည်။ မည်သည့်နိုင်ငံတွင်မဆို အမှုဆောင်ရန် ထိုနိယာမ အကျုံးဝင် ပါသည်။ ခေါင်းဆောင်များတွင် ဘုရားပေးသော အခွင့်အာဏာ ရှိရမည်။ အခွင့်အာဏာကို တောင်းယူ၍မရဘဲ ဘုရားသခင် ပေးမှသာရပါသည်။

ခေါင်းဆောင်များတွင် အမှုတော်ဆောင်နိုင်သော အစွမ်းအစရှိရမည်။ လူတို့သည် အမှုတော်ဆောင်များ အား ကျမ်းစာမေးခွန်းအားလုံးကို ဖြေနိုင်၍ လူ့ဘဝပြဿနာအားလုံးဖြေရှင်းနိုင်ရန် မျှော်လင့်ကြသည်။

အာဖရိကတိုက်တွင် ပထမဆုံးအမှုတော်ဆောင်ခဲ့စဉ် ရှေးကျသော

လူမျိုးထံ တရားဟောရာကျမ်းကို သင်ကြားပေးခဲ့သည်။ ထိုသင်းအုပ်များသည် ကျမ်းစာကို ကောင်းစွာသိကြပြီး မထင်ရှားသော ကျမ်းပိုဒ်များမှ ခက်ခဲသော မေးခွန်းများကို မေးကြသည်။ သူတို့နှင့်အတူ တစ်ချို့ အခန်းကြီးတွေကို ကျွန်ုပ်သွားပါမည်။ မဆီလျော်ဟု ထင်ရသော အခန်းငယ်များ ကို ကျော်သွားမည်။ အခန်းကြီး တစ်ခုစီ၏ အဆုံး၌ မေးခွန်းတစ်စုံတစ်ခုရှိ၊ မရှိ ကျွန်ုပ်အမြဲ မေးသည်။ အလွယ်တကူ နားမလည်နိုင်သော အခန်းငယ်များ သည် ဘာကို ဆိုလိုကြောင်း သိချင်ကြသည်။ ထိုကဲ့သို့ အလွယ်တကူ သဘော မပေါက်နိုင်သော အခန်းငယ်များသည် အလွန်အရေးကြီးသည်။ ခေါင်းဆောင်များသည် ထိုရောက်၍ ကျမ်းစာကို ကောင်းမွန်စွာ သိရပေမည်။

တရားဟော ၂၃ သင်သောအခါ အငယ် ၁၈ ကို မဆီးလျော်ဟု ယူဆကာ ကျွန်ုပ် ကျော်လိုက်သော်လည်း အမှုတော်ဆောင်ကြီးက အဓိပ္ပါယ်ကိုသိလိုသည်။ ပြည့်တန်ဆာလုပ်၍ရသောငွေ၊ ခွေးကိုရောင်း၍ ရသောငွေကို သစ္စာကတိပြု စေခြင်းငှါ၊ သင်၏ ဘုရားသခင်ထာဝရဘုရား၏ အိမ်တော်သို့မသွင်းရ။ ထိုသို့သော ငွေကို စက်ဆုပ်ရွံရှာတော်မူ၏ (တရားဟော ၂၃း၁၈)။ အသင်းတော် များက ပြည့်တန်ဆာထံမှ အကူကို လက်မခံရဟု ဆိုလိုကြောင်း ပြောပြ လိုက်သည်။

စာသင်ခန်းတခုလုံးတိတ်ဆိတ်သွားပြီး ထိပါးလွယ်သော အကြောင်းအရာကို ကျွန်ုပ်ပြောလိုက်မိကြောင်း သဘောပေါက်သွားသည်။ သူတို့ဘယ်လို လုပ်နေ ကြောင်း မေးကြည့်လိုက်သည်။ ဤတွင် အချမ်းသာဆုံးလူများသည် ပြည့်တန်ဆာများဖြစ်သည်ဟု ပြောပြကြသည်။ သင်းအုပ်များသည် အသင်းတော် ရှင်သန်နိုင်ရန်အတွက် သူတို့၏ အလှူငွေများကို လက်ခံနေကြသည်။

သူတို့ကို ခက်ခဲသောဆုံးဖြတ်ချက်ချရန် ဝိညာဉ်တော်က ဖေါ်ပြနေသည်။ အလွန်ဆင်းရဲသောကြောင့် ပြည့်တန်ဆာ၏ အလှူအပေါ် မှီခိုနေကြသော် လည်း ကျမ်းစာနှင့် ဆန့်ကျင်နေသောအမှု ဖြစ်သည်။ ခေါင်းငုံ၍ ကျွန်ုပ်နှင့်အတူ ဆုတောင်းရန် ဖိတ်ခေါ်လိုက်သည်။ ဆုတောင်းနေစဉ် ဘုရားသခင်က ပညာ တရားစကားကို ပေးလာသည်။ ငွေအလုံအလောက် ရသူ ဘယ်နှစ်ယောက် ရှိသလဲဟု မေးသောအခါ တယောက်မှ လက်မထောင်ဘဲ 'ဒီအပြစ်ကြောင့် ငွေကြေးခက်ခဲတာ ဖြစ်နိုင်ချေ။ နောက်တနင်္ဂနွေနေ့မှာ ပြည့်တန်ဆာ ရဲ့အလှူငွေကိုလက်မခံတော့ဘူးလို့ ကြေငြာနိုင်ဖို့ ကျေးဇူးတော် ကို တောင်းခံ ရအောင်' ဟု ဆက်ပြော လိုက်သည်။

မှန်ကန်သောအရာပြုလုပ်ဖို့လာ ထိုသင်းအုပ်များ ဆက်ကပ်ရန် နာရီဝက်

ခန့်ကြသည်။ တယောက်ပြီး တယောက် နှုတ်ကပတ်တော်အပေါ် သစ္စာရှိရန် ဆက်ကပ်ကြသည်။ သူတို့ဆက်ကပ်မှုကို ဘုရားသခင် ဂုဏ်ပြုရန် ကျွန်ုပ်တို့ ဆုတောင်းကြသည်။

လအနည်းငယ်အကြာတွင် ထိုမြို့သို့ သွားလည်သောအခါ သင်းအုပ်များ၏ မျက်နာတောက်ပနေသည်။ နှုတ်ကပတ်တော်ကို နာခံပြီးနောက် ပြည့်တန်ဆာအလှူကို လက်မခံသောအခါ လွန်စွာ ကောင်းကြီးခံစားရသည်။ အိမ်နှင့် ဘုရားကျောင်းကို အမိုးမိုးနိုင်လာသည်။ ဤဥပမာအားဖြင့် မြင်တွေ့နိုင်သည့်အတိုင်း၊ အမှုတော်ဆောင်တစ်ယောက်အနေဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ မေးလာသောမေးခွန်းများကို ဖြေကြားနိုင်စွမ်း ရှိရမည်။

ခေါင်းဆောင်အတွက် တတိယအရည်အချင်းမှာ ခွင့်လွှတ်ခြင်းဖြစ်သည်။ သူတို့သည် ခွင့်လွှတ်၍ မေ့ပျောက်နိုင်ရမည်။ စိတ်နာခြင်းနှင့် ထိခိုက်ခြင်းကို သိမ်းမထားဘဲ ရန်လိုခြင်းမရှိရပါ။ သူတပါးမည်သို့ ပြုလုပ်၍ ပြောဆိုစေကာမူ ခွင့်လွှတ်၍ မေ့ပျောက် နိုင်အောင် ဆုတောင်းရမည်။ သူတို့က ခွင့်လွှတ်ရန် တောင်းခံပါ 'ခွင့်လွှတ်ပါတယ် ဘုရားကောင်းကြီး ပေးပါစေ' ဟု ပြောနိုင်ရမည်။ အချို့အပြစ်များကို ပြုပြင်ရန် အချိန်ပေးရသော်လည်း ချက်ခြင်းခွင့်လွှတ်ရမည်။

ကျွန်ုပ်တို့သည် အမြဲတမ်း ခွင့်လွှတ်ရမည်။ သို့သော် အသင်းတော်အနေအထား၌ အပြစ်အမျိုးအစားပေါ်မူတည်ပြီး သူတို့သည် ပြန်လည်ပြုပြင်ခြင်းကို မခံမှီ သူတို့ကိုယ်သူတို့ သက်သေထူဘို့ စမ်းသပ်ကာလ လိုပေလိမ့်မည်။

၃။ မောရှေသည် ဣသရေလ လူမျိုးဖြစ်ပြီး အဲဂုတ္တုနှင့် ဟေဗြဲလူမျိုးတို့၏ စိတ်ထားကို ကောင်းစွာသိသည်။ မောရှေသည် ဖါရောနန်းတော်တွင် ကြီးပြင်းလာသော ကြောင့် မိမိလူတို့၏ စိတ်ကိုသာမက အီဂျစ်လူမျိုးတို့၏ စိတ်ထားကိုပါ သိသည်။

### "ငါဖြစ်သည်အတိုင်း ငါဖြစ်သည်"

ထွက်မြောက် ၃း၁၃–၁၅ တွင် မောရှေသည် ဘုရားသခင်၏ အမည်ကို ဖွင့်ပြခြင်းခံရသည်။ မောရှေကလည်း၊ အကျွန်ုပ်သည် ဣသရေလအမျိုးတို့ ရှိရာသို့ရောက်၍၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင်သည် ငါ့ကို သင်တို့ ရှိရာသို့ စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏

နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကိုပြန်၍ မေးသောအခါ၊ အဘယ်သို့ ပြန်ပြောရပါမည်နည်းဟု ဘုရားသခင်အား မေးလျှောက်လေ၏။ ဘုရားသခင်ကလည်း၊ ငါဖြစ်သည့်အတိုင်း ငါဖြစ်၏ ဟူ၍၄င်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလ အမျိုးတို့အား ပြန်ပြောလော့ဟူ၍၄င်း၊ မောရှေအား မိန့်တော်မူ၏ (ထွက် ၃း၁၃–၁၅)။

ဘုရားသခင်သည် မောရှေအား 'ငါဖြစ်သည်အတိုင်း ငါဖြစ်သည်' ဟု ဖွင့်ပြရာ သခင်ယေရှုခရစ်ကိုယ်တိုင်ပင် ဖြစ်သည်။ 'ငါဖြစ်သည်' လူ့ဇာတိ မခံမီ နှစ်ပေါင်း ၁၅၀၀ အရင်ကပင် မောရှေထံ ထင်ရှားပြခဲ့သည်။ (ယော ၁း၁၄) ယေရှုမြေကြီးပေါ်မှာရှိစဉ် ''အာဗြဟံမဖြစ်မီ ငါဖြစ်သည်' ဟု ပြောခဲ့သည် (ယော ၈း၅၈) ငါဖြစ်သည်။'' အဓိပ္ပါယ်မှာ ''ငါအမြဲဖြစ်ပြီး၊ အမြဲဖြစ်လိမ့်မည်'' ဟေဗြဲ ၁၃း၈ က ပြောသည်မှာ ယေရှုခရစ်သည် မနေ့၊ ယနေ့ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏။

ကျွန်ုပ်တို့လည်း ဘုရားသခင်၏ နာမတော်ကို ဖွင့်ပြချက် ရရှိရန်လိုသည်။ ဘုရားသခင်တွင် နာမည်များစွာရှိပြီး သူခေါ်သောအမှုတော်နှင့် ကိုက်ညီသည်။ အမည်ကိုဖွင့်ပြလိုသည်။ ဘုရားနာမတော်ဖွင့်ပြခြင်းနှင့်အတူ ဝိညာဉ်အရာကို ထည့်သွင်းပေးသည်။

နှစ်ပေါင်းများစွာပင် ကျွန်ုပ်နှင့်ဇနီးသည် တကမ္ဘာလုံး ဆက်တိုက်ခရီးသွား လျက် နိုင်ငံ ၁၀၀ ကျော်တွင် အမှုတော်ဆောင်ခဲ့သည်။ ထိုနောက် ဘုရားသခင် သည် ကျွန်ုပ်အား ခရီးသွားခြင်း ခေတ္တရပ်၍ ထောင်ကျော်သော အသင်းသား များကို သင်းအုပ်လုပ်ရန်ခေါ်ခဲ့သည်။ သင်းအုပ်လုပ်ပြီး နှစ်အတော်ကြာတွင် သင်းအုပ်ဝတ်လုံကို ထပ်မံလိုအပ်ကြောင်း သဘောပေါက်လာသည်။ ကျွန်ုပ် ဆုတောင်းခြင်းကို ကိုယ်တော်နားညောင်းပြီး သင်းအုပ်လုပ်နေစဉ် ကျွန်ုပ်၏ စရိုက်နှင့် အမှုအရာ ပြောင်းလဲသွားသည် ခရီးသွားသောဆရာ၏ ဝတ်လုံနှင့် ဘိသိက်ခြင်းသည် သင်းအုပ်ဘိသိက်ခြင်းနှင့် ကွာခြားလှသည်။ အပတ်စဉ် သင်းအုပ်သည် အသင်းသားများကို ကျွေးမွေးရပြီး ယုံကြည်ခါစကို နို့တိုက်၍ ရင့်ကျက်သူကို အသားကျွေးရသည်။

သို့သော် ကျမ်းစာဆရာများသည် ရင့်ကျက်သော ယုံကြည်သူများကို အမှုတော်ဆောင်လေ့ရှိပြီး နှုတ်ကပတ်တော်အသားကို ကျွေးရန် ကြိုးစားရမည်။ ဘုရားသခင်သည် ကျွန်ုပ်၏ ပြုမူနေထိုင်ပုံ တစ်ခုလုံးနှင့် အကျင့်ပါနေသည့် အပြုအမူအားလုံးကို ကျွန်ုပ်သင်းအုပ်ဆရာအမှုကို ပြုနေစဉ် ပြောင်းလဲ

ပေးလိုက်သည်။ ထိုအချိန်တွင် ဘုရားသခင်သည် ရူပါရုံအားဖြင့် သူ၏ ကျောဖက်ကိုပြသသည်။ ကိုယ်တော်သည် ကွင်းပြင်အလယ်ရှိ ကျောက်တုံး ပေါ်တွင် ထိုင်လျက် သိုးများကို ကြည့်နေသည်။ ထိုသိုးများသည် အသင်းသား များ ဖြစ်သည်ဟု နားလည်စေသည်။ ရင့်ကျက်သော သိုးသည် ကိုယ်တော်ထံ လာလျက် ခြေထောက်ကို လာပွတ်တိုက်ရာ ကိုယ်တော်က သူ့ကို ပွတ်သပ် ပေး၍ ခဏအကြာတွင် သိုးသည် လုံးဝ ကျေနပ်လျက် ပြန်ထွက်သွားသည်။ ထိုနောက် ရူပါရုံ ပြီးဆုံးသွားသည်။

''ကိုယ်တော် ဘာပြောပြ လိုပါသလဲ''ဟု မေးရာ ကိုယ်တော်က ''သင့်ဟာ အသင်းတော်က လူတွေကို မကြည့်ရှုဘူး'' ဟု ဆိုသည်။ ကျွန်ုပ်က ဒါပေမဲ့ ကိုယ်တော်အစည်းအဝေးပြီးတိုင်း ဆွေးနွေးချင်တဲ့ လူတွေလာရင် အတွင်းရေးမှူးက သူတို့နာမည်တွေယူပြီး ကျွန်တော်နဲ့ တွေ့ဖို့ချိန်းပေးတယ်။ လူနာအားလုံး အတွက်လည်း ဆုတောင်းပေးပါတယ်ဟု ပြန်ပြောသောအခါ ကိုယ်တော်က ''သင်ဟာ ဖျားနာသူနဲ့ ပြဿနာရှိသူတွေကိုသာ ဂရုစိုက်တယ်။ နေကောင်းတဲ့လူတွေကို ဂရုမစိုက်ဘူး သိုးအားလုံးဟာ သိုးထိန်းရဲ့ထိတွေ့မှုကို လိုအပ်တယ်။ သူတို့ဟာ သိုးထိန်းနဲ့ ပူးပေါင်းထားကြတယ်။ အသင်းတော်မှာ ရှိတဲ့ လူတိုင်းနဲ့ သင်လက်ဆွဲနှုတ်ဆက်ရမယ်'' ဟု ဆိုသည်။

နောက်တနင်္ဂနွေနေ့တွင် အသင်းသားများအား ရူပါရုံကိုရှင်းပြလျက် '' နောက်ဆုံးသီချင်းဆိုပြီးသောအခါတွင် သီချင်း ဦးဆောင်သူက ဦးဆောင် သွားမှာ ဖြစ်တယ်။ ခဏလောက်စောင့်ပေးကြပါ။ ဘုရားကျောင်း နောက်ဆုံးကို ကျွန်တော်သွားပြီး အယောက်တိုင်းနဲ့ လက်ဆွဲနှုတ်ဆက်ချင်ပါတယ်'' ဟု ပြောလိုက်သည်။ ရလဒ်မှာ အံ့သြစရာပင် လူများစွာတို့က ''ကျွန်တော်တို့ ဆရာကို အဝေးကနေ မြင်ဖူးကြတယ်။ အခုတော့ တကယ် ထိတွေ့ခွင့်ရပြီ'' ဟု လာပြောကြသည်။ သိုးထိန်းထံမှ သိုးဆီသို့ ဝိညာဉ်အရာ ထည့်သွင်းပေးပုံကို နားလည်လာရသည်။ သိုးတို့သည် သင်းအုပ်၏ ထိတွေ့ခြင်းကို လိုအပ်သည်။

ထိုအတွေ့အကြုံအားဖြင့် ဘုရားသခင်သည် ကောင်းသောသိုးထိန်း ဆိုသော နာမကို ဖွင့်ပြခဲ့သည်။ ထိုပွင့်ပြချက်နှင့်အတူ ကျွန်ုပ်အထဲတွင် ကောင်းသောသိုးထိန်း၏ သဘာဝကို ထည့်သွင်းပေးသဖြင့် သင်းအုပ် လုပ်ငန်းကို ပြည့်ဝစေသည်။

သင်းအုပ်အားလုံးသည် ကောင်းသောသိုးထိန်း အဖြစ် ဘုရားသခင်၏ ဖွင့်ပြခြင်းကို တောင်းခံသင့်သည်။ ယေရှုသည် ကောင်းသော သိုးထိန်းဖြစ်သည်။ (ယော ၁၀း၁၁၊၁၄) သိုးထိန်းရာတွင်တော်သည်။ သင်းအုပ်အဖြစ် အောင်မြင်

လိုပါက ကိုယ်တော်သည် ကောင်းသော သိုးထိန်းဖြစ်ကြောင်း ဖွင့်ပြမှုရရှိရန် ဆုတောင်းပါလေ။

## လူတို့ကို ပြင်ဆင်ခြင်း

ကျွန်ုပ်တို့သည်ခေါင်းဆောင်ကို ဘုရားသခင် မည်သို့ ပြင်ဆင်ပေးကြောင်း လေ့လာပြီးနောက် ယခုတွင် ဣသရေလလူမျိုးတို့အားပြင်ဆင်ခြင်းကို အနည်းငယ်စဥ်းစားကြပါမည်။ ခေါင်းဆောင်ကို ပြင်ဆင်ရုံဖြင့် မလုံလောက်ဘဲ ခေါင်းဆောင် နောက်သို့လိုက်ရန် နောက်လိုက်များကိုလည်း ပြင်ဆင်ပေးရမည်။ ဘုရားသခင်သည် ဣသရေလ လူမျိုးများ အီဂျစ်ပြည်မှ ထွက်ခွါချင်ရန် အခြေအနေများကို ဖန်တီးရသည်။

ကျွန်ခေါင်းများက သူတို့ကို ညှဥ်းဆဲစေရန် လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ သူတို့ကို အီဂျစ်ပြည်၌ သက်တောင့်သက်တာမရှိစေရန် ဖြစ်သည်။ သို့မဟုတ်ပါက သူတို့ထွက်ခွာချင်မည်မဟုတ်ပါ။ သူတို့ထွက်သွားပြီးနောက်ပိုင်းတွင် အီဂျစ်ပြည်သို့ အမြဲ ပြန်သွားလိုကြပြီး ထိုပြည်မှ အမွှေးအကြိုင် ကြက်သွန်သခွါးသီး စသည်တို့ကို သတိရကြသည်။ ထိုပြည်သည် လောကကို ပုံဆောင်သည်။ သူတို့ အီဂျစ်ပြည်မှ ထွက်စေရန် ပြင်ဆင်ပေးသောအရာ အချို့ရှိသည်။

၁။ သူတို့သည် ရက်စက်သော ဘုရင်၏ ကျွန်ခံရသည် (ထွက် ၁း၁၀)
၂။ ရက်စက်သော ကျွန်ခေါင်းတို့က ညှဥ်းဆဲကြသည်။ (ထွက် ၁း၁၁)
၃။ သူတို့၏ဘဝသည် ခါးသီးလာသည် (ထွက် ၁း၁၄)
၄။ သူတို့သည် 'သံမီးဖို' ထဲမှာ ရောက်နေကြသည် (တရားဟော ၄း၂၀)
၅။ သူတို့၏ မျိုးစေ့များကို ခြေဖြင့် နင်းလျက် ရေသွယ်ပေးရသည်။ (တရားဟော ၁၁း၁၀)

ဣသရေလ လူမျိုးတို့သည် ခြေထောက်ဖြင့် ဘီးကလေးကိုနင်းလျက် အီဂျစ်တို့၏ ကောက်ပဲသီးနှံကို ရေသွယ်ပေးရသည်။ နိုင်းမြစ်မှ ဂေါရှင်ပြည်အထိ အဆင့်ဆင့် ရေသွယ်ယူရခြင်းမှာ ပင်ပန်းခက်ခဲလှသည်။ သူတို့၏ ဘဝသည် အလွန်ခက်ခဲပြီး ထို့ကြောင့်လည်း အီဂျစ်ပြည်မှ ထွက်ခွါလိုစေသည်။ သူတို့သည် ရက်စက်သော ဘုရင်နှင့် ကျွန်ခေါင်းများ လက်အောက်တွင် နေရသည်။ ယုံကြည်သူများအတွက်လည်း ဤအရာတွင် ဝိညာဥ်ပိုင်း လိုက်လျောက်စရာ ပါဝင်သည်။

ကျွန်ုပ်သရုပ်ဖေါ်ပြပါမည်။ မိတ်ဆွေ သင်းအုပ်တစ်ယောက်သည် ပြဿနာ

ရှိသော အသင်းတော်သို့ စေလွှတ်ခံရသည်။ ထိုအသင်းတော်မှာ ကွဲပြားမှု ရှိပြီး လူများစွာ စွန့်ခွါနေသောကြောင့် သူ့အတွက် ဆုတောင်းပေးရန် ပြောလာသည်။ ဘုရားသခင်က ကျွန်ုပ်တို့ဇနီးမောင်နှံအား ပြဿနာသည် ယခင် သင်းအုပ်၏ အကျင့်ပျက်ပြားမှုကြောင့်ဖြစ်သည်ဟု ဖေါ်ပြသည်။ မိတ်ဆွေက 'ဒါမှန်တယ်။ ဒါပေမဲ့ သူဝန်ခံပြီးပြီ'။

ကျွန်ုပ်တို့ထပ်မံဆုတောင်းသောအခါ ဘုရားသခင် က အသင်းတော် ပေါ်တွင် အကျင့် ပျက်ပြားခြင်း ဝိညာဉ်ရှိနေသည်ကိုပြသသည်။ ဝိညာဉ်များတွင် ပုံစံအမျိုးမျိုးရှိပြီး အချို့မှာ အလွန်ထူးဆန်းသည်။ ဤအကျင့်ပျက်ပြားသော ဝိညာဉ်တွင် အမြီးရှည်ကြီးရှိပြီး အသင်းတော်၏ အုတ်မြစ်ထဲကို ဆွဲလုပ် ထားသည်။ ''ဒါဘာဆိုလိုသလဲ' ဟု ကိုယ်တော့်အားမေးသောအခါ ''သင်းအုပ် ဆရာနောင်တရသော်လည်း အသင်းသားများသည် သူ့ကိုခွင့်မလွှတ်ခဲ့ကြပါ။ ထိုခွင့်မလွှတ်ခြင်းက အကျင့်ပျက်ပြားသောဝိညာဉ်ကို ဆက်လက်တည်ရှိ စေသည်' ဟု ဆိုသည်။ ဤအရာကို မိတ်ဆွေအား ပြောပြသောအခါ သူက မိမိအသင်းတော်သို့ လာရန် ဖိတ်ခေါ်သည်။ ကျွန်ုပ်တို့ ရောက်သွားသောအခါ ဘုရားသခင်က အသင်းတော်ပေါ်တွင် နတ်ဆိုးမင်း (သို့) အကျင့်ပျက်ပြားခြင်း အုပ်စိုးသော ဝိညာဉ်ရှိနေပြီး သူ့အောက်တွင် အခြားကျွန်ခေါင်းများစွာ အလုပ်လုပ်နေကြောင်းဖေါ်ပြသည်။

အသင်းသားများက ယခင်သင်းအုပ်ကို ခွင့်မလွှတ်သောကြောင့် အကျင့် ပျက်သောဝိညာဉ်အုပ်စိုးနေသည်။ ရလဒ်မှာ လူများစွာတို့သည် မတရားသော မေထုန်ကို ပြုကြသည်။ အကျင့်ပျက်သောဝိညာဉ် ကြီးစိုးရုံသာမက တပ်မက်သောဝိညာဉ် ပုန်ကန်သောဝိညာဉ် မနာလိုသောဝိညာဉ်တို့လည်း ရှိသည်။ မနာလိုခြင်းက လူတို့နှလုံးသားကို မာကြောစေပြီး ထို့ကြောင့် ကွဲပြားမှု ဖြစ်ပေါ်လာသည်။

ဤအရာက လှည့်စားခြင်းနှင့် စိတ်ဓါတ်ကျခြင်း ဝိညာဉ်ကို လူတို့အပေါ် သက်ရောက်စေသည်။ ဤဝိညာဉ်အားလုံး (အစေခံဝိညာဉ်များ) သည် အဓိက အုပ်စိုးသော အကျင့်ပျက်ပြားသော ဝိညာဉ်အောက်တွင် လှုပ်ရှားကြသည်။

အကျင့်ပျက်ပြားသောဝိညာဉ်က မတရားသော မေထုန်၊ တပ်မက်ခြင်း ပုန်ကန်ခြင်း၊ နှလုံးသားမာကြော ခြင်း၊ ကွဲပြားခြင်း၊ လှည့်စားခြင်းနှင့် စိတ်ပျက် ခြင်းကို ဖြစ်စေသည်။

ကျွန်ုပ်အဓိကပြောလိုသည်မှာ ရှင်ဘုရင် အုပ်စိုးနေသောဝိညာဉ်တော်ကို ဖြေရှင်းရုံသာမက ဒုတိယ အုပ်စိုးသောဝိညာဉ်များကိုလည်း ရင်ဆိုင်ရသည်။

က္ကလသရေလ လူမျိုးတို့သည် ဖါရောဘုရင်နှင့် ဒုတိယအုပ်စိုးသောဝိညာဉ်များထံမှ လွတ်မြောက်ဖို့ လိုသည်။ သူတို့၏ အသက်တာများသည် ချည်နှောင်ခံရခြင်းကြောင့် လွန်စွာခါးသီးသည်။ သို့သော် ထိုအရာက ဘုရားသခင် ဘာပြောမလဲ ဆိုတာကို နားထောင်ချင်အောင် ပြုပေးလိုက်သည်။

ခေါင်းဆောင်များသည် ကြိုတင်ပြင်ဆင်မှု လိုအပ်ကြောင်း သတိရပေလိမ့်မည်။ လူတွေကလည်း ခေါင်းဆောင်အတွက် ကြိုတင်ပြင်ဆင်မှု ပြုရမည်။ ထိုသို့ဖြင့် ခေါင်းဆောင်တစ်ယောက်သည် အခြေအနေတစ်ခုသို့ သွားရန် အချိန်ရှိမည်။

## လက္ခဏာသက်သေ ၃ ခု

မောရှေသည် မိမိလူတို့ကိုကောင်းစွာသိသည်။ ထွက် ၄း၁ တွင် ကိုယ်တော် အား မေးသည်မှာ မောရှေကလည်း၊ ထိုသူတို့သည် အကျွန်ုပ်ကို မယုံ၊ အကျွန်ုပ် စကားကို နားမထောင်ဘဲနေ၍၊ ထာဝရဘုရားသည် သင့်အား ထင်ရှားတော် မမူဟု ဆိုကြပါလိမ့်မည်ဟု ပြန်လျှောက်လေ၏။ ဆက်လက်၍ ဘုရားသခင်သည် မောရှေအား က္ကလသရေလလူမျိုးများ ယုံကြည်လက်ခံစေရန် တန်ခိုးကိုပေးသည်။ ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်သည် သူ၏ စကားတော်ကို နိမိတ်လက္ခဏာ များဖြင့် အတည်ပြုကြောင်း သိရသည်။ (မာကု ၁၆း၁၇၊ တမန်၊ ၅း၁၂) 'ယေရှုကလည်း၊ သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံကြည်ခြင်းမရှိကြဟု မိန့်တော်မူသော်' (ယောဟန် ၄း၄၈)

ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ထားသည့် မည်သည့်နေရာ၌ မဆို စာတန်အပေါ် သြဇာအာဏာ ရှိရမည်။

၁။ မြွေဖြစ်သွားသော မောရှေ၏ လှံတံ
၂။ မောရှေ၏လက်နူနာစွဲ၍ ပြန်ကောင်းခြင်း
၃။ မောရှေကရေကို သွေးဖြစ်စေခြင်း

**၁။ မြွေဖြစ်သွားသောမောရှေ၏ လှံတံ**။ ထာဝရဘုရားကလည်း၊ သင်၏ လက်၌ ဘယ်အရာရှိသနည်းဟု မေးတော်မူလျှင်၊ လှံတံရှိပါ၏ဟု လျှောက်၏။ မြေပေါ်မှာပစ်ချလော့ဟု မိန့်တော်မူသည်အတိုင်း ပစ်ချသဖြင့်၊ လှံတံသည် မြွေဖြစ်၍၊ မောရှေသည် သူ့ရှေ့မှ ပြေးလေ၏။ ထာဝရဘုရားကလည်း၊ သင့်လက်ကို ဆန့်၍ သူ့အမြီးကို ကိုင်ဖမ်းလော့ဟု မိန့်တော်မူသည်အတိုင်း၊

မောရှေသည် လက်ကို ဆန့်၍ ဖမ်းမိသဖြင့်၊ သူ၏လက်၌ လှံတံဖြစ်ပြန်လေ၏။ သို့ပြုလျှင် သူတို့ ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ ဘုရား၊ ယာကုပ်၏ ဘုရားတည်းဟူသော ထာဝရဘုရားသည် သင့်အား ထင်ရှားတော်မူကြောင်းကို သူတို့သည် ယုံကြလိမ့်မည်ဟု မိန့်တော်မူ၏။ (ထွက် ၄း၂–၅) မောရှေက လှံတံကိုပစ်ချလိုက်လျှင် မြွေဖြစ်သွားသည်။ လှံတံသည် အခွင့်အာဏာသင်္ကေတ ဖြစ်သည် (ဆာ ၁၁၀း၂။ ဗျာ ၂း၂၇၊ ၁၂း၅) မြွေသည် စာတန်၏ သင်္ကေတဖြစ်သည်။ (ကမ္ဘာ ၃း၁။ ဗျာ ၁၂း၉၊ ၂၀း၂) ထို့ကြောင့် ဤသင်္ကေတက မောရှေသည် စာတန်အပေါ် အခွင့်အာဏာရှိခြင်းကို ပုံဖော် နေသည်။

ထိုနည်းတူ ကျွန်ုပ်တို့သည် ဘုရားသခင်နေရာချသောနေရာတွင် စာတန် အပေါ် အခွင့်အာဏာရှိသည်။ မြွေသည် မြွေပုံသရဖူကို ဆောင်းသော ဖါရောကို လည်း ပုံဆောင်သည်။ ထို့ကြောင့် မောရှေသည် စာတန်ပေါ်၌ပဲ မဟုတ်၊ ဖါရောမင်းအပေါ်၌လည်း အခွင့်အာဏာရှိသည်။

**၂။ မောရှေ၏ လက်နူနာစွဲ၍ ပြန်ကောင်းခြင်း** တစ်ဖန် ထာဝရဘုရားက၊ သင်၏လက်ကို သင်၏ ရင်ခွင်သို့ သွင်းလော့ဟု မိန့်တော်မူသည်အတိုင်း၊ လက်ကိုရင်ခွင်သို့သွင်း၍ ထုတ်ပြန်သောအခါ၊ လက်သည် မိုးပွင့် အဆင်းကဲ့သို့ နူလေ၏။ တစ်ဖန် သင်၏ လက်ကို သင့်ရင်ခွင်သို့ သွင်းဦးလော့ဟု မိန့်တော် မူသည်အတိုင်း၊ တစ်ဖန်လက်ကို ရင်ခွင်သို့ သွင်း၍ ထုတ်ပြန်သောအခါ၊ ပကတိအသားဖြစ်ပြန်လေ၏။ ထိုသူတို့သည် သင့်ကို မယုံ၊ ပထမ နိမိတ် သက်သေကို နားမထောင်လျှင်၊ နောက်ဖြစ်သော နိမိတ်သက်သေကို ယုံကြလိမ့်မည်။ (ထွက် ၄း၆–၈)။

မောရှေသည် လက်ကို ရင်ခွင့်ထဲသို့ထည့်သောအခါ နူနာစွဲသွားသည်။ ပြန်ထည့်သောအခါ ပြန်ကောင်း သွားသည်။ နူနာသည်အပြစ်၏သင်္ကေတ ဖြစ်သည်။ မိရိအံ၊ ဂေဟာဇိ၊ ဩဇိမင်းတို့သည် သူတို့အပြစ်ကြောင့် နူနာစွဲကြ သည်။ (တော ၁၂း၁၀၊ ၄ရာ ၅း၂၇၊ ၂ရာချုပ် ၂၆း၁၉) ထို့ကြောင့် ဤလက္ခဏာ သက်သေများသည် မောရှေက အပြစ်အပေါ် အခွင့်အာဏာ ရှိကြောင်းကို ပြသသည်။ ဤအရာသည် ခေါင်းဆောင်အတွက် အလွန်အရေးကြီးသည်။ ဘုရားသခင် ၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် အပြစ်အပေါ် သြဇာအာဏာ ရှိရမည်။ ကျွန်ုပ်တို့အတွက်သာမက သူတစ်ပါးတို့အား အပြစ်မှ ကယ်နှုတ်ရန် ကျွန်ုပ်တို့သည် အပြစ်နှင့် ကင်းစင်ရမည်။ ကျွန်ုပ်တို့

ချည်နှောင်နေသော အပြစ်ကနေ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကျွန်ုပ်တို့ မကယ်နှုတ်နိုင်။ ထိုနိယာမကို တမန် ၁၉း၁၃–၁၆ တွင် တွေ့ရသည်။ ထိုအခါ အရပ်ရပ်သို့လှည့်လည်၍ မိဠာန်သစ္စာ ပေးတတ်သော ယုဒလူအချို့တို့က၊ ပေါလု ဟောပြောသော ယေရှုကို ငါတိုင်တည်၍ သင်တို့ကို မိဠာန်သစ္စာပေး၏ ဟု ဆိုလျက်၊ နတ်ဆိုးစွဲသော သူတို့၏ အပေါ်၌ သခင်ယေရှု၏နာမတော်ကို မြွက်စမ်းကြ၏။ သကေဝ အမည်ရှိသော ယဇ်ပုရောဟိတ်မင်း၏သား ခုနစ်ယောက်တို့သည် ထိုသို့ ပြုကြ၏။ နတ်ဆိုးကလည်း၊ ယေရှုကို ငါသိ၏။ ပေါလုကိုလည်း ငါသိ၏။ သင်တို့ကား၊ အဘယ်သူနည်းဟု ပြောဆိုပြီးလျှင်၊ နတ်ဆိုးစွဲသောသူသည် ထိုသူတို့အပေါ်သို့ ခုန်တက်၍ နိုင်သဖြင့် လုယက်နှိပ်စက်သောကြောင့်၊ ထိုအိမ်မှ အဝတ်မပါဘဲ အနာများနှင့် ထွက်ပြေးစေ၏။

လွတ်မြောက်ခြင်းရရန်ဆုတောင်းပေးသော အစည်းအဝေးတစ်ခု၌ သင်းအုပ်ဆရာသည် မာနကြီးသောဝိညာဉ်ထံမှ လွတ်မြောက်ရန် မိန်းမ တစ်ဦး အား ငြိမ်သက်စွာနှင့် နူးညံ့စွာ ဆုတောင်းပေးသည်။ အသင်းတော်ထဲမှ လူငယ် တစ်ယောက်ထွက်လာ၍ မောက်မာစွာ အော်ဟစ်လျက် ''ယေရှုနာမနဲ့ မာနကြီးတဲ့ ဝိညာဉ်ထွက်လော့'' ဟု ဆိုသည်။ မိန်းမထဲမှ နတ်ဆိုးက ပြန်ဖြေ သည်မှာ ''မင်းကြောင့်တော့ ငါမထွက်ဘူး'' သူ့အထဲမှာထက် မင်းမှာ မာန ပိုရှိတယ်'' ကျွန်ုပ်တို့သည် နတ်ဆိုးနှင်ထုတ်ဖို့ အခွင့်အာဏာရှိရန်အတွက် ကိုယ်တိုင် သန့်ရှင်းစင်ကြယ်ကြရမည်။ စာတန်သည် သင်မည်သို့ဖြစ်ကြောင်း သိသည်။

**၃။ မောရှေက ရေကို သွေးဖြစ်စေခြင်း** သို့မဟုတ် ထိုနိမိတ်နှစ်ပါးကို မယုံ၊ သင်၏စကားကို နားမထောင်လျှင်၊ သင်သည်မြစ်ရေအချို့ကို ယူ၍ ကုန်းပေါ်မှာ သွန်းလော့။ ထိုသို့မြစ်ထဲက ယူသောရေသည် ကုန်းပေါ်မှာ သွေးဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏ (ထွက် ၄း၉)။ ဤအရာသည် နှစ်ထပ်ကွမ်း လက္ခဏာ သက်သေဖြစ်သည်။ မောရှေကို ဆန့်ကျင်သူများအပေါ် သေခြင်းနှင့် တရားစီရင်ခြင်းကျရောက်စေပြီး ဘုရားသခင်ကို ယုံကြည်သူများအတွက် ကယ်တင်ခြင်းနှင့် အသက်ရှင်ခြင်းကို ဖြစ်စေသည်။

## ယေသရော၏ အုပ်ချုပ်မှုကို မောရှေဝန်ခံခြင်း

မောရှေ၏ နှိမ့်ချမှုကို ထွက် ၄း၁၈ တွင် တွေ့ရသည်။ မောရှေသည်လည်း၊ ယောက္ခမ ယေသရောထံသို့ပြန်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော ကျွန်ုပ် အမျိုးသားချင်းတို့သည် အသက်ရှင်သေး သလော့ဟု ကြည့်ရှုခြင်းငှါ၊ သူတို့ ရှိရာသို့ ကျွန်ုပ်သွားရသော အခွင့်ကို ပေးပါလော့ ဟု ဆိုသော်၊ ယေသရောက၊ ငြိမ်ဝပ်စွာသွားလော့ဟု ပြန်ဆိုလေ၏။

မောရှေသည် အသက် ၈၀ ခန့်ရှိ၍ အသက်ရှင်သော ဘုရားနှင့် တွေ့ဆုံပြီးခါစ ဖြစ်သော်လည်း ဦးတည်ချက်အသစ်အတွက် ယောက္ခမ ယေသရော၏ အုပ်ချုပ်မှုကို နှိမ့်ချစွာ ဝန်ခံခဲ့သည်။ သူသည် မိမိအပေါ်တွင် အာဏာစက်အဖြစ် ဘုရားသခင်ထားသောသူအပေါ် နာခံမှုရှိသည်။ သူ၏ကောင်းကြီးနှင့် သဘော တူညီမှုကို တောင်းခံခဲ့သည်။ ကျွန်ုပ်တို့သည် မှန်ကန်စွာပြုမူ၍ မိဘ၊ အလုပ်ရှင် သင်းအုပ်စသည့် မိမိအထက်တွင် ဘုရားသခင်ထားသောသူများကို ရိုသေရမည်။

## ဖါရောအတွက် မောရှေ၏ သတင်းစကား

ထွက် ၄း၂၁–၂၃ တွင် ဖါရောအတွက် ဘုရားသခင်၏ သတင်းစကားကို တွေ့ရသည်။ အခြားသော အနာဖြစ်လျှင်၊ အသက်အတွက် အသက်ကိုငှင်း၊ မျက်စိအတွက်မျက်စိကိုငှင်း၊ သွားအတွက် သွားကိုငှင်း၊ လက်အတွက် လက်ကိုငှင်း၊ ခြေအတွက် ခြေကိုငှင်း၊ မီးလောင်ခြင်းအတွက် မီးလောင်ခြင်း ကိုငှင်း၊ ရှနာခြင်းအတွက် ရှနာခြင်းကိုငှင်း၊ ဒဏ်ချက်ရာအတွက် ဒဏ်ချက် ရာကိုငှင်း ခံရမည်။

သားဦးများ အဘယ့်ကြောင့် အသတ်ခံရသနည်း။ ဖါရောဘုရင်သည် ဘုရားသခင် ၏ သားဦး၊ ဣသရေလကို မသွားခိုင်းပါ။ ဘုရားသခင်က အဲဂုတ္တု၏ သားဦးကို သူသတ်မည့်အကြောင်း မောရှေအား ပြောသည်။ အဲဂုတ္တုပြည်၏ တစ်ဘက်၌ နောက်ဆုံးသော ကပ်ဘေးသည် အလဲအလှယ် ဖြစ်ရမည်။

## ၂။ တည်းခိုရာစခန်း၌ အရေဖျားလှီးခြင်း

တည်းခိုရာစခန်း၌ အရေဖျားလှီးခြင်းကို ထွက် ၄း၂၄–၂၆ တွင် မှတ်တမ်းတင်ထားသည်မှာ ထိုအခါ၊ ဇိပေါရသည် ဓားကိုယူ၍ သား၏ အရေဖျားကို လှီးဖြတ်ပြီးမှ၊ လင်၏ ခြေရင်း၌ ပျပ်ဝပ်လျက်၊ အကယ်စင်စစ် သင်သည် အကျွန်ုပ်၌ သွေးနှင့် ယှဉ်သောလင်ဖြစ်သည်ဟု ဆို၏။ ထိုအခါ

မောရှေကို လွှတ်တော်မူ၏။ မယားကလည်း၊ အရေဖျားလှီး မင်္ဂလာကြောင့်၊ သင်သည် အကျွန်ုပ်၌ သွေးနှင့်ယှဉ်သောလင်ဖြစ်၏ဟု ဆိုသတည်း။

အံ့သြဖွယ်ကောင်းလှသောဖြစ်ရပ်ဖြစ်သည်။ မောရှေသည် ဣသရေလ လူတို့အား ကယ်လွှတ်ရန် ဘုရားသခင်၏ တာဝန်ပေးခြင်းကို ခံရခါစဖြစ်သည်။ ဘုရားသခင်သည် သူ့အား တန်ခိုး၊ အခွင့်အာဏာနှင့် နိမိတ်လက္ခဏာ ၃ ခု ကို ပေးသည်။ မောရှေလည်း စကားတော်နာခံ၍ မိသားစုကို အီဂျစ်ပြည်သို့ ခေါ်သွားသည်။ အီဂျစ်ပြည်သို့ အသွားတွင် ကိုယ်တော်က သူ့ကိုသတ်ရန် ရှာသည်။ မောရှေသည် သူဟောပြောသည့်အတိုင်း မကျင့်သောကြောင့် သားကို အရေဖျားမလှီးခြင်းကြောင့်ဖြစ်သည်။

ဤတွင် ကျွန်ုပ်တို့ သင်ယူရန် သင်ခန်းစာရှိပါသည်။ မောရှေသည် ဘုရားသခင်၏ လမ်းကြောင်းပေါ်တွင် ဘုရားသခင်က စေခိုင်းသောအမှုကို ပြီးမြောက်ရန် သွားနေသည်။ သို့သော် ဘုရားသခင်က သူ့ကိုသတ်ရန် ရှာနေသည်။ ဘာဖြစ်လို့လဲ။ အဘယ်ကြောင့်ဆိုသော် အဲဂုတ္တု သူဟောရမည့် အရာကို သူ မလေ့ကျင့်သောကြောင့် ဖြစ်သည်။

ဘုရားသခင်နှင့် အာဗြဟံ ပဋိညာဉ်ပြုခြင်း၏ အမှတ်အသားနှင့် တောင်းဆို ချက်မှာ အရေဖျားလှီးခြင်းဖြစ်သည်။ ငါသည် သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု၊ သင်နှင့်သင်၏ အမျိုးအနွယ် အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။ ယခု သင်ဧည့်သည်ဖြစ်၍နေသော ခါနာန်ပြည် တစ်လျှောက်လုံးကို၊ သင့်အားငှင်း၊ သင့်နောက်၌ သင်၏ အမျိုးအနွယ်အားငှင်း၊ အစဉ်အမြဲ အပိုင်ပေးမည်။ သူတို့၏ ဘုရားလည်း ငါဖြစ်မည်ဟု မိန့်မြွက်တော်မူ၏။ တစ်ဖန် ဘုရားသခင်က၊ သို့ဖြစ်၍ သင်နှင့်တကွ သင့်နောက်၌ သင်၏အမျိုးအနွယ် အစဉ်အဆက် တို့သည် ငါ၏ပဋိညာဉ်ကို စောင့်ရှောက်ရကြမည်။ သင်နှင့်တကွ သင့်နောက်၌ သင်၏ အမျိုးအနွယ်သည်၊ ငါ့ရှေ့မှာ စောင့်ရှောက်ရသော ငါ၏ပဋိညာဉ် ဟူမူကား၊ သင်တို့တွင် သားယောကျ်ားတိုင်း အရေဖျားလှီး မင်္ဂလာကို ခံရမည် (ကမ္ဘာ ၁၇း၇-၁၀)။

ပဋိညာဉ်ပါအချက်မှာ အရေဖျားလှီးခြင်းဖြစ်ပြီး လက်တော်မှာ အာဗြဟံ၏ အမျိုးအနွယ်များ ခါနန် ပြည်ကို အမွေခံရန်ဖြစ်သည်။ မောရှေသည် ပဋိညာဉ်၏ အမှုတော်ဆောင်ဖြစ်သည်။ သူ၏ခေါ်ခြင်းမှာ ဣသရေလ လူမျိုးတို့အား အီဂျစ်ပြည်မှ ဂတိတော် ပြည်သို့ ပို့ဆောင်ရန်ဖြစ်သည်။ ဂတိတော်ပြည်၌ နေထိုင်ရန် လိုအပ်ချက်မှာ အရေဖျားလှီးခြင်းဖြစ်ပြီး မောရှေသည် သူ၏

မိသားစု၌ပင် ၄င်းကို မကျင့်သုံးချေ။ ဤအရာသည် သူ၏သတင်းစကားကို လုံးဝငြင်းပယ်ခြင်း ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ် အလွန် ပွင့်ပွင့်လင်းလင်း ဖြစ်ချင်ပါသည်။

ကျွန်ုပ်တို့၏တရားဟောခြင်းက မကယ်တင်နိုင်ပါ။ ဘုရားပေးသော တာဝန်ကို လုပ်ဆောင်ခြင်းကလည်း မကယ်တင်နိုင်ပါ။ ကယ်တင်ခြင်းရရန် မိမိဟောသည့်အတိုင်း ကျင့်သုံးရမည်။ ဘုရားသခင်ကြီးမားစွာ အသုံးပြုလျက် ဘုရားသခင်၏ အခွင့်အာဏာကို ပြသကာ အသီးသီးခြင်း၊ နိမိတ်လက္ခဏာ ပြခြင်း ပြုကြသော်လည်း အသက်တာပျက်စီးသွားသော အမှုတော်ဆောင် များစွာကို ကျွန်ုပ်သိပါသည်။ သူတို့ဟောသည့်အတိုင်း မကျင့်သုံးသောကြောင့် သူတို့ကို ဘုရားသခင်ငြင်းပယ်သည်။ သူတို့သည် တရားဟောသဖြင့် အလိုတော်ကို ဆောင်သလိုဖြစ်သော်လည်း သူတို့၏ အသက်တာမှာမူ မိမိဟောပြောသည်နှင့် တခြားစီဖြစ်နေသည်။

လူများစွာက ''ကျွန်ုပ်ပရောဖက်ပြုပြီး ပြည့်စုံလာ သောကြောင့် ဘုရားသခင် ကျွန်ုပ်ကို လုံးဝငြင်းပယ်မည် မဟုတ်ပါ'' ဟု ပြောကြသည်။ ကယ်တင်ခြင်း၏ အခြေခံမှာ ယေရှုခရစ်၏ အသွေးတော်ဖြစ်ပြီး ကောင်းသောအကျင့် (သို့) ပရောဖက်ပြုခြင်းမဟုတ်ပါ။ အလင်း၌ လျှောက်လှမ်းပါက အသွေးတော်သည် ကျွန်ုပ်တို့အသက်တာအတွက် အကျိုးသက်ရောက်မှုရှိ ပါသည်။ ဘုရားသခင် သည် အလင်း၌ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏ (၁ယော ၁း၇)။ ယေရှုက မဿဲ ၇း၂၁–၂၃ တွင် ပြောသည်မှာ သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင် နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော် အခွင့်နှင့် များစွာသော တန်ခိုးတို့ကို ပြပါပြီ မဟုတ်လောဟု အများသော သူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့ လျှောက်ကြသောအခါ သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်းငါပြောမည်။

တရားဟောခြင်းအမှုတော်ဆောင်ခြင်း၊ လူနာကို ကျန်းမာစေခြင်း၊

နိမိတ်လက္ခဏာပြုခြင်းက မကယ်တင်နိုင်ဘဲ အလင်းတွင် လျှောက်လှမ်းရပါမည်။ ယေရှု၏အသွေးတော်နှင့် ဖြောင့်မတ်ခြင်းက ထာဝရအသက်စိတ်ချမှုကို ပေးသည်။ ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏ (၁ယော ၁း၉)။ ကမ္ဘာတစ်ဝှမ်း ကျမ်းစာကျောင်းတွင် ကျွန်ုပ် သွန်သင်ပေးခဲ့သမျှ သူအားလုံး ကောင်းကင်ဘုံ ရောက်လိမ့်မည်ဟု ပြောနိုင်လောက်သူ ကျွန်ုပ်ဖြစ်ချင်ပါသည်။ ဝမ်းနည်းစရာမှာ ယခင် ကျောင်းသားဟောင်းများစွာတို့သည် ဖြောင့်မတ်ခြင်းလမ်းထဲမှ ထွက်သွား ကြသည်။ ကျွန်ုပ် တရားဟောရမည့် ညီလာခံတစ်ခုတွင် တရားဟောဆရာ တစ်ဦးက သူ၏တရားဟောချက်တွင် ကျွန်ုပ်တို့၏ ကျမ်းစာကျောင်းတွင် ကျောင်းသား ကိုးဆယ် ရှိခဲ့သည်။ ယနေ့ သုံးဦးသာ အမှုတော်ဆောင်ကြပြီး ကျန်သောသူများအမှုတော် မဆောင်ကြပါ။ အချို့မှာ အရက်ဆိုင်ပင် သွားတတ် ကြသည်။

ခရစ်ယာန်များစွာတို့သည် ဘုရားသခင်တောင်း ဆိုသည့်ပေးဆပ်မှုကို ပြုလုပ်လျက် သာသနာမြေသို့ သွားပြီး အလိုတော်ဆောင်ရန် ဆန္ဒရှိ ကြသည်။ သို့သော် သူတို့၏ အပြစ်များနှင့် မနာခံခြင်းများကို ဘုရားသခင်ပြုပြင်ပေးရန် ခွင့်မပြုလိုကြချေ။ ယုံကြည်သူများစွာအတွက် အမှုတော်လုပ်ငန်းသည် ဖြူစင်သောနှလုံးသားထက် ပို၍ အရေးကြီးနေသည်။ လူတို့သည် ဘုရားသခင် အတွက် လုပ်ရဲသောအမှုများကြောင့် ကျွန်ုပ်အံ့အားသင့်ခဲ့ရသော်လည်း အကြီးမားဆုံး စွန့်လွှတ်မှုကိုပြုလုပ်သူများသည် နှလုံးသားထဲတွင် ဖေါက်ပြန် နောက်ဆုတ်နေသူများ ဖြစ်တတ်သည်။ သို့သော် ယဇ်ပူဇော်ခြင်း အတွက် ဘုရားသခင်မှာ စံနှုန်းရှိပါသည်။

ရှမွေလသည် ရှောလုမင်းယဇ်ပူဇော်ရခြင်း၏ စိတ်ရင်းသဘောကို ဖေါ်ထုတ်ခဲ့သည်။ ရှမွေလကလည်း၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ ငြင်းဆန်သောသဘောသည် နတ်ဆိုးနှင့် ပေါင်းခြင်း ကဲ့သို့၄င်း၊ ခိုင်မာသောသဘောသည် ဗေဒင်တန်ဆာကို သုံးခြင်း ကဲ့သို့၄င်း အပြစ်ကြီး၏။ သင်သည် ထာဝရဘုရား၏ စကားတော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ရှင်ဘုရင်အရာကို နုတ်၍ သင့်ကို ပယ်တော်မူပြီဟုဆို၏ (၁ရာ ၁၅း၂၂–၂၃)။

နားထောင်သည်ဆိုခြင်းမှာ ဘုရားသခင်ပြောသည်ကို နားထောင်၍

ပြုလုပ်ခြင်း ဖြစ်သည်။ ရှောလုသည် ယဇ်ပူဇော်ခြင်းပြုလုပ်သော်လည်း ၎င်းကို ဘုရားသခင် စိတ်မဝင်စားပါ။ ဘုရားသခင်သည် ရှောလုအား သူ၏ နှလုံးသားထဲမှ မနာခံခြင်းကို ပြုပြင်၍ နာခံစေလိုသည်။ ပုန်ကန်ခြင်းသည် ဗေဒင်တန်ဆာ သုံးခြင်းနှင့်တူသည်။ ဘုရားသခင်၏စကားကို နားမထောင်ဘဲ ပုန်ကန်ခြင်းသည် ကြီးလေးသော ပြစ်မှုဖြစ်သည်။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥ ထက်သာ၍ ကောင်း၏။

## ဇိပေါရ၏ဖြောင့်မတ်သောလုပ်ရပ်

မောရှေသည် ဖနီး၏ အပြုအမူကြောင့် ထာဝရ ဘုရားသခင်၏ သတ်ခြင်းမှ ကယ်တင်ခြင်းရရှိ ခဲ့သည်။ တောထဲ၌ နှစ်ပေါင်း ၄၀ နေစဉ်တွင် ဇိပေါရသည် မောရှေထက် ဘုရားသခင်နှင့် ပိုမိုနီးကပ်စွာ လျှောက်လှမ်းခဲ့ပုံရသည်။ ထိုအခါ ဇိပေါရသည် ဓားကို ယူ၍ သား၏ အရေဖျားကိုလှီးဖြတ်ပြီးမှ၊ လင်၏ ခြေရင်း၌ ပစ်ပယ်လျက်၊ အကယ်စင်စစ် သင်သည် အကျွန်ုပ်၌ သွေးနှင့် ယှဉ်သောလင် ဖြစ်သည်ဟုဆို၏။ ထိုအခါ မောရှေကို လွှတ်တော်မူ၏။ မယားကလည်း၊ အရေဖျားလှီးမင်္ဂလာကြောင့်၊ သင်သည် အကျွန်ုပ်၌ သွေးနှင့်ယှဉ်သောလင်ဖြစ်၏ ဟု ဆိုသတည်း (ထွက် ၄း၂၅–၂၆)။ ဇိပေါရသည် မောရှေမလုပ်ခဲ့သဖြင့် သားကို ကိုယ်တိုင်အရေဖျားလှီးပေးခဲ့သည်။ ဤအချက်တွင် သူမသည် တောထဲ၌ စိတ်ပျက်ပြီး မိသားစု၌ ဘုရားသခင်၏ ပညတ်ကိုစောင့်ထိန်းရန် နှေးကွေးခဲ့သော မောရှေထက် ဘုရားသခင်အပေါ် ပိုမိုသစ္စာရှိပေသည်။ ဤအချက်က မောရှေနှင့် ဇိပေါရကြားတွင် ကြီးမားသော ပဋိပက္ခကို ဖြစ်စေသည်။ ဇိပေါရက မောရှေ၏ အသက်ကို ကယ်တင်ခဲ့သည်။

ဘုရားကို ကြောက်ရွံ့သောမိန်းမသည် အမှုတော် ဆောင်၏ အသက်တာတွင် ခြားနားမှုကိုဖြစ်စေတတ်သည်။ ဖနီးသည် ခင်ပွန်းကို တည်ဆောက်သလို ဖျက်ဆီးနိုင်သည်။ ဘုရားသခင်ဆီသို့ တွန်းပို့နိုင်သလို လမ်းမှားသို့တွန်းပို့ နိုင်သည်။ ဖနီးမောင်နှံတို့သည် မေတ္တာနှင့် ကောင်းသောအမှုအတွက် တယောက်ကို တယောက် တိုက်တွန်းကြရမည်။ မကြာခဏပင် မိန်းမများသည် ယောကျ်ားများထက် ဖိအားပေးမှုနှင့် စစ်ကြောမှုများကို ပို၍ ကြံ့ကြံ့ခံနိုင်ကြသည်။

## ၃။ အာရုန်နှင့် တွေ့ဆုံခြင်း

ထွက် ၄း၂၇–၂၈ တွင် မောရှေသည် အစ်ကို အာရုန်နှင့် တွေ့ဆုံသည်။ ထာဝရဘုရားကလည်း၊ မောရှေကို ခရီးဦးကြိုပြုခြင်းငှါတောသို့ သွားလော့ဟု အာရုန်အားမိန့်တော်မူသည်အတိုင်း၊ အာရုန်သည် သွားလျှင်၊ ဘုရားသခင်၏ တောင်ပေါ်၌ မောရှေကိုတွေ့၍ နမ်းခြင်းကိုပြု၏။ မောရှေသည်လည်း၊ မိမိကို စေလွှတ်တော်မူသော ထာဝရဘုရား၏ စကားတော် အလုံးစုံတို့ကိုငှ၄င်း၊ မှာထား တော်မူသမျှသော နိမိတ်သက်သေတို့ကို၄င်း၊ အာရုန်အား ကြားပြောလေ၏။

ဤတွေ့ဆုံခြင်းသည် အလွန်အရေးပါလှပြီး မောရှေလက်ထောက်ဖြစ် လာမည့် အာရုန်သည် ရှုပါရုံကို အခြားသူများထံ လက်ဆင့်မကမ်းမှီ ဦးစွာ ခံယူဖို့လိုနေသည်။ သော့ချက်မှာ သင်းအုပ်ခေါင်းဆောင်သည် မိမိရှုပါရုံကို လက်ထောက်သင်းအုပ် (သို့) အမှုတော်ဆောင်ထံ ထည့်သွင်းပေးရမည်။ ထိုသူနှစ်ဦးသည် ခိုင်မြဲစွာ အတူတကွ ရပ်နေနိုင်ခြင်းငှါ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏ နှလုံးသားထဲ သက်သေခံလိမ့်မည်။

## ၄။ အသက်ကြီးသူများကို စုရုံးစေခြင်း

ဤနိယာမကို ဘုရားသခင်သည် ထွက် ၃း၁၆ ၌ မောရှေအား ဖွင့်ပြခဲ့သည်။ သွား၍ ဣသရေလ အမျိုး အသက်ကြီးသူတို့ကို စုဝေးစေပြီးလျှင်၊ သင်တို့ ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ ဘုရားတည်းဟူသော ထာဝရဘုရားသည် ငါ့အား ထင်ရှားတော်မူလျက်၊ အကယ်စင်စစ် သင်တို့ကို ငါအကြည့်အရှုလာ၍၊ အဲဂုတ္တုပြည်၌ သင်တို့အား ပြုသော အမှုကို ငါမြင်ပြီ။

အာရုန်နှင့်တွေ့ပြီးနောက် မောရှေသည် ဣသရေလ လူမျိုး အသက်ကြီး သူများနှင့် တွေ့ဆုံပြီး ဘုရားသခင်၏ အကြံအစည်ကိုဖေါ်ပြသည်။ ထိုသူ ညီနောင် နှစ်ပါးတို့သည် သွား၍ ဣသရေလ အမျိုးသားအသက်ကြီး သူတို့ကို စုဝေးစေပြီးလျှင်၊ အာရုန်သည် မောရှေအား ထာဝရဘုရား မိန့်တော်မူသော စကားတော် အလုံးစုံတို့ကို ပြန်ပြော၍၊ လူတို့ရှေ့မှာ နိမိတ်သက်သေတို့ကို ပြလေ၏။ ထိုလူများတို့သည် ယုံကြည်၏။ ထာဝရဘုရားသည် ဣသရေလ အမျိုးတို့ကို အကြည့်အရှု ကြွတော်မူသည်ကို၄င်း၊ သူတို့ခံရသော ဆင်းရဲခြင်း ကို မှတ်တော်မူသည်ကို၄င်း ကြားသောအခါ၊ ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏ (ထွက် ၄း၂၉–၃၁)။ ဘုရားသခင်၏ ဖွင့်ပြခြင်း အစီအစဉ်ကို ဤနေရာတွင် ရှင်းလင်းစွာ တွေ့ရသည်။ ရှေးဦးစွာ သူ၏ အကြံအစည်ကို မောရှေထံဖွင့်ပြပြီး

မောရှေက အာရုန်ထံ ဖွင့်ပြကာ မောရှေနှင့် အာရုန်က အသက်ကြီးသူတို့အား ပြောပြပြီးနောက်မှ ဣသရေလ လူမျိုး ပရိတ်သတ်ထံ ကြားပြောသည်။

ဘုရားသခင်သည် ဦးစွာ အသင်းတော်ခေါင်းဆောင်ကို စကားပြောသည်။ အသင်းတော်အတွက် အလိုတော်ကို အကြီးဆုံးသင်းအုပ်အားဖွင့်ပြသည်။ ထိုသူတို့က လက်ထောက်သင်းအုပ်အသင်းတော် ဘုတ်အဖွဲ့ဆီသို့ ပြောပြရမည်။ နောက်ဆုံးအဆင့်မှာ အသင်းသားများအားပြောပြရန်ဖြစ်သည်။ စီးပွားရေး လောကတွင်လည်း ဤနိယာမကို တွေ့ရသည်။ ကုမ္ပဏီ ဥက္ကဋ္ဌသည် ရူပါရုံနှင့် ပန်းတိုင်ကို ဒု-ဥက္ကဋ္ဌအား ပြောပြ၍ ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် ရှယ်ယာရှင်များကို ပြောပြရမည်။ ကျမ်းစာနှင့် ကိုက်ညီသောနိယာမဖြစ်သည်။ ဤနိယာမကို လျစ်လျူရှုကြသောကြောင့် အမှားများစွာ ကျူးလွန်ခဲ့သော သင်းအုပ်များကို ကျွန်ုပ်တွေ့ဖူးသည်။ သူတို့အသင်းတော်သည် ဘုရား ပြောနေသောအရာကို လက်မခံနိုင်ခြင်းမှာ ခေါင်းဆောင်များက ဤအဆင့်များကို လျစ်လျူရှုခဲ့သော ကြောင့်ဖြစ်သည်။ ရလဒ်အနေဖြင့် အသင်းတော် ကွဲပြားသည် လည်း ရှိတတ်သည်။ သင်းအုပ်များသည် သင်းအုပ်အဖွဲ့နှင့် ခေါင်းဆောင်များကို မဝေငှဘဲ အသင်းတော်အား ဦးတည်ချက်အသစ်ကို ထုတ်မပြော သင့်ပါချေ။

အာရုန်သည် မောရှေအား ထာဝရဘုရားမိန့်တော်မူသော စကားတော် အလုံးစုံတို့ကို ပြန်ပြော၍၊ လူတို့ရှေ့မှာ နိမိတ်သက်သေတို့ကို ပြလေ၏။ (ထွက်၊ ၄း၃၀)။

ဣသရေလ လူမျိုးအားလုံးသည် မောရှေ၏ သတင်းစကားကို ယုံကြည် လက်ခံကြသည်။ ဦးချ၍ ဘုရားသခင်ကိုလည်း ကိုးကွယ်ကြသည်။ အဘယ် ကြောင့်ဆိုသော် မောရှေက သူ့သတင်းစကားကို ကြေငြာသည် မဟုတ်ပါ။ အာရုန်နှင့် ဣသရေလ အသက်ကြီးသူတို့သည် လူမျိုးအတွက် လမ်းညွှန်ချက်ကို အပြည့်အဝ ထောက်ခံကြသည်။ မောရှေသည် ပူးပေါင်း ထားသော ခေါင်းဆောင်အဖွဲ့၏ အခွင့်အာဏာနှင့် စကားပြောသည်။ ညီညွတ်ခြင်း၌ ကြီးမားသောတန်ခိုးပါရှိသည်။

# အခန်း ၄

## အီဂျစ်ပြည်၌ အမှုတော်ဆောင်ခြင်း

### ၁။ အစပိုင်းတွင် ဖါရောက ငြင်းပယ်ခြင်း

ဣသရေလ လူမျိုးတို့က သတင်းစကားကို ခံယူပြီးသောအခါ မောရှေနှင့် အာရုန်တို့သည် ထာဝရဘုရား၏ စကားတော်ကို ဖါရောထံ ကြေငြာသည်။ မောရှေ၏ ဘေးမှာ ညီညွတ်သောခေါင်းဆောင်မှု၊ သူ့ကို ယုံကြည်သော ပရိသတ်၊ သူ့ကို ရှင်းလင်းစွာ ညွှန်ကြားစေလွှတ်သော ဘုရားသခင်ရှိကြောင်း သတိယပါ။ သို့ပေသော်လည်း၊ သူ၏သတင်းစကားကို လက်ခံမည် မဟုတ်သော ရှင်ဘုရင် ကျွန်ုပ်တို့၌ ရှိနေသည်။

ထိုနောက်မှ၊ မောရှေနှင့် အာရုန်သည် ဖါရောဘုရင်ထံသို့ဝင်၍၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားက၊ ငါ၏လူတို့သည် တော၌ ငါ့အဖို့ ပွဲခံစေခြင်းငှါ လွှတ်ရမည်ဟု မိန့်တော်မူကြောင်းကို လျှောက်၏။ ဖါရောမင်း ကလည်း၊ ထာဝရဘုရား၏ စကားကို နားထောင်၍ ဣသရေလ အမျိုးတို့ကို ငါလွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကို ငါမသိ၊ ဣသရေလအမျိုးတို့ကို ငါမလွှတ်ဟု ဆိုလေ၏။ သူတို့ကလည်း၊ ဟေဗြဲလူတို့၏ ဘုရားသခင်သည် ကျွန်တော်တို့နှင့် တွေ့တော်မူပြီ။ တောသို့သုံးရက်ခရီးသွား၍၊ ကျွန်တော်တို့ ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ရသောအခွင့်ကို ပေးတော်မူပါ။ သို့မဟုတ် ကာလနာဘေး၊ ဓားဘေး တစ်စုံတစ်ခုဖြင့် ကျွန်တော်တို့ကို ဒဏ်ခတ်တော်မူလိမ့်မည်ဟု လျှောက်ဆို၏။ အဲဂုတ္တု ရှင်ဘုရင်ကလည်း၊ မောရှေနှင့် အာရုန်၊ သင်တို့သည် ဤလူများတို့ကို အဘယ်ကြောင့် အလုပ်ပြတ် စေသနည်း။ အမှုတော်ကိုသွား၍ ဆောင်ရွက်ကြဟု မိန့်တော်မူ၏ (ထွက် ၅း၁–၄)။

အီဂျစ်ပြည်နှင့် ဖါရောဘုရင်၏ထူးခြား အရေးပါမှုကို စဉ်းစားကြည့်ပါစို့။ အီဂျစ်ပြည်၏ အမျိုးသား အထိမ်းအမှတ်မှာ ပိရမစ်များဖြစ်ပြီး ဖါရောများ၏ ဆေးစိမ်ထားသော ရုပ်အလောင်းကို ထည့်ထားသည်။ သေသောသူကို အထူးဆေးစိမ်ကြသောအီဂျစ်ပြည်သည် သေခြင်းကို ကိုယ်စားပြုသည်။ လောက၏ အဆုံးသည် သေခြင်းနှင့် ငရဲဖြစ်သောကြောင့် လောကကိုလည်း

ပုံဆောင်နေသည်။ (ရော ၆း၂၁) ငရဲသည် ကမ္ဘာ့အလယ်ဗဟိုဌ်ရှိသည် (ယေဇ ၃၂း၁၈) ဖါရောဏ် သရဖူတွင် မြွေရုပ်ကို ထွင်းထုထားသည်။ မြွေသည် စာတန်ကို ပုံဆောင်သည်။ ထို့ကြောင့် ဖါရောသည် ဤလောကဏ် မင်းဖြစ်သော စာတန်ကို ပုံဆောင်သည်။ ကျွန်ုပ်တို့ မြို့ဒေသဏ် ကြီးစိုးနေသော နတ်ဆိုးကိုလည်း ပုံဆောင်သည်။ ယေဇကျေလကို အဲဂုတ္တုပြည်သား အလုံးအရင်းနှင့် မြေအောက်အရပ်သို့ တိုင်အောင် ဆင်းသွားသော၊ ရွေးနှုတ်ခြင်း မခံရသော တိုင်းနိုင်ငံများအတွက် မြည်တမ်းရန် ပြောသည်။ (ယေဇကျေလ ၃၂း၁၈)

အကယ်၍ ဘုရားသခင်က သင်ဏ်မြို့ (သို့) ဒေသကို ခရစ်တော်အားပေးဖို့ သင်က ဂတိပေးပါက ထိုဂတိကို သင်ဏ်လက်ထောက်သင်းအုပ်နှင့် အသင်း လူကြီးများကို ပြောရမည်။ ထိုဒေသကို လွှမ်းမိုးသောစာတန်ဏ် အင်အားများကို ထည့်သွင်း စဉ်းစားဖို့ မမေ့ပါနှင့်။ အုပ်စိုးနေသောတန်ခိုးကို မဆွဲချမချင်း ဝိညာဉ် လွတ်လပ်မှု ရရှိမည် မဟုတ်။

## ၂။ ဝန်ထုပ်တိုးပွားလာခြင်း

မောရှေဏ် သတင်းစကားကို ငြင်းပယ်ရုံသာမက ဖါရောသည် ဣသရေလ လူတို့အား ဝန်ထုပ်ကို တိုးပွား စေသည်။ ဖါရောဏ် ရက်စက်သော ဆက်ဆံမှုကို ထွက် ၅း၅–၁၀ တွင် တွေ့ရသည်။ တစ်ဖန်လည်းပြည်တော်၌ ထိုလူတို့သည် ယခုများကြဏ်။ အမှုမထမ်းစေခြင်းငှါ သင်တို့သည် အခွင့်ပေးကြသည်တကားဟု ဖါရောဘုရင်ဆို၍၊ ထိုနေ့ချင်းတွင် အအုပ်အချုပ်၊ အကြပ်အဆော်တို့ကို ခေါ်ပြီးလျှင်၊ အုတ်လုပ်စရာဖို့ကောက်ရိုးကို လူတို့အား အရင်ပေးသကဲ့သို့ မပေးနှင့်။ သူတို့သည် ကောက်ရိုးကို ကိုယ်ဖို့ ရှာယူကြစေ။ အုတ်ကိုကား၊ အရေအတွက်အားဖြင့် အရင်ကဲ့သို့လုပ်စေရမည်၊ အလျှင်းမလျော့စေနှင့်။ သူတို့သည် ပျင်းရိကြဏ်။ ထိုကြောင့် သွား၍ ငါတို့ ဘုရားသခင်အား ယဇ်ပူဇော် ကြစို့ဟု ကြွေးကြော်တတ်ကြဏ်။ သို့ဖြစ်၍ စည်းကြပ်လျက် လုပ်ကြစေ။ ပင်ပန်းစေကြ။ လူမိုက်စကားကို နားမထောင်စေနှင့်ဟု မိန့်တော်မူဏ်။

## ၃။ ဣသရေလ လူတို့က ငြင်းပယ်ခြင်း

ဣသရေလ လူတို့သည် မောရှေဏ် သတင်းစကားကို လက်ခံပြီး သောအခါ အခြေအနေ ပိုကောင်းမလာဘဲ ပိုဆိုးလာသည်။ ဖါရောမင်းထံမှ ထွက်သွားကြစဉ်၊ လမ်း၌ စောင့်လျက်နေသော မောရှေနှင့်အာရုန်ကို

တွေ့လျှင်၊ ထာဝရဘုရားသည် သင်တို့ကို ကြည့်ရှု၍ စီရင်တော်မူပါစေသော။ အကြောင်းမူကား၊ ဖါရောမင်းနှင့် အမှုတော်ထမ်းအပေါင်းတို့သည် ငါတို့ကို ရွံရှာစေခြင်းငှါ၄င်း၊ ငါတို့ကိုသတ်ရသော အခွင့်ရှိစေခြင်း ငှါ၄င်း၊ သင်တို့သည် ပြုကြပြီတကားဟု ဆိုကြ၏ (ထွက် ၅း၂၀–၂၁)။

မောရှေနှင့် အာရုန်၏ နိမိတ်လက္ခဏာကို ယုံကြည်၍ စကားကို လက်ခံခဲ့သောသူများက သူတို့ကို ရန်တွေ့လာသည်။ သူတို့သည် အခြေအနေအတွက် မောရှေနှင့် အာရုန်ကို အပြစ်တင်ကြပြီး ဘုရားသခင်က တရားစီရင်ရန်ပင် တောင်းဆိုကြသည်။ မောရှေနှင့် အာရုန်အပေါ် ထောက်ခံမှုချက်ခြင်းကွယ်ပျောက်သွားသည် ဘုရားသခင်၏ အသံတော်ကို နားထောင်သောအခါ စာတန်ဆီးတားသည်ကို သိရမည်။ အခြေအနေများသည် ပိုကောင်းမလာမှီ ပိုဆိုးတတ်ပါသည်။ ချုပ်နှောင်မှုကို ပုံဆောင်သော ကျွန်ခေါင်းများသည် ဣသရေလ လူမျိုးတို့၏ ဝန်ထုပ်ကို တိုးပွားစေသည်။

မကြာခဏဆိုသလို ကျွန်ုပ်တို့ကို ဘုရားသခင်စကားပြောပြီး ထိုစကားကို နားထောင်ရာနောက်တွင် ကျွန်ုပ်တို့၏ ပြဿနာနှင့် ဝန်ထုပ်များတိုးလာတတ်သည်။ သင်းအုပ်တဦးသည် အသင်းတော်အတွက် ဘုရားသခင်၏ လမ်းညွှန်ချက်အသစ်ကို စတင်သောအခါ အသင်းသားများက အစတွင် လက်ခံသော်လည်း ခက်ခဲလာသောအခါ သင်းအုပ်ကို သံသယဝင်၍ အပြစ်တင်တတ်သည်။ စာတန်က လူတွေကို စိတ်ဓါတ်ကျအောင်လုပ်ပြီး သူတို့၏ ခေါင်းဆောင်အပေါ်ထားသော ယုံကြည်မှုတို့ကို ပျောက်ပျက်သွားအောင် ကြိုးစားလိမ့်မည်။ အချို့တို့သည် ဖျားနာ၍ တစ်ခြားသူတို့၏ ချည်နှောင်ခံရခြင်းသည့်လည်း သာ၍ တိုးပွားလိမ့်မည်။

ခေါင်းဆောင်များသည် စာတန်ဆီမှ လာသော ဆန့်ကျင်မှုများအတွက် ကြိုတင်ပြင်ဆင်ရမည်။ ရံဖန်ရံခါ မိမိလူတို့ထံမှ လာတတ်သော ဆန့်ကျင်မှုများအတွက်လည်း ကြိုတင်ပြင်ဆင်ရမည်။ တခုခုဖြစ်တိုင်း ခေါင်းဆောင်ကို အပြစ်တင်ကြသည်။ လူတို့သည် သင်းအုပ်အား ''ဘုရားသခင်ကို ကိုးကွယ်ပြီး ဘုန်းကြီးတဲ့အစည်းအဝေးတွေကို ကြုံခဲ့ဖူးတယ်။ အခုတော့ ဘုရားသခင်နဲ့တွေ့ဖို့ ခက်နေပြီး ဘုရားသခင်ဆီက တကယ်ကြားရဲ့လား ''ကျွန်တော်တို့အသံကြားမှားသွားပြီး အဲဒါဆရာ့ အပြစ်ဘဲ'' ဟု ပြောတတ်ကြသည်။ ဣသရေလလူမျိုးတို့လည်း မောရှေကို အလားတူ သဘောထားကြသည် ခေါင်းဆောင်များသည် မာရန်နတ်၏ ဆန့်ကျင်မှုနှင့် လူတို့၏ ဆန့်ကျင်မှုအတွက် ပြင်ဆင်ထားရမည်။ ခေါင်းဆောင်တစ်ဦးသည် ဘုရားသခင်ထံမှ

ကြား၍ အသင်းတော်နှင့် အမှုတော်ကို ထိုဖက်သို့ ဦးတည်စေသောအခါ စာတန်က ဆန့်ကျင်လိမ့်မည်။ လူတို့ စိတ်ပျက်စရာများကို ဖန်တီးပြီး ခေါင်းဆောင်အပေါ်တွင် ယုံကြည်ခြင်းပျက်ပြားစေမည်။

မောရှေသည် ကွာသရေလ လူမျိုးတို့၏ ငြင်းပယ်မှုကို မည်သို့ ကိုယ်တွယ်သနည်း။ ဘုရားသခင်ထံ သူဆုတောင်းသည်။ မောရှေသည်လည်း၊ ထာဝရဘုရားထံတော်သို့သွား၍၊ အိုဘုရားရှင်၊ ကိုယ်တော်သည် ဤလူမျိုးကို အဘယ်ကြောင့် ညှင်းဆဲတော်မူသနည်း။ အကျွန်ုပ်ကို အဘယ်ကြောင့် စေလွှတ်တော်မူသနည်း (ထွက် ၅း၂၂–၂၃)။ လူ့ဘဝတွင် တွေ့ကြုံရသော ပြဿနာတိုင်း၏ အဖြေအတွက် ဘုရားသခင်ထံသွား၍ အကြံတောင်းရမည်။ ခေါင်းဆောင်သည် ဘုရားသခင်ထံသို့သွား အဖြေရှာရမည်။ ကိုယ်တော်သည် အလုံးစုံတို့၏ အလုံးစုံပင် (၁ကော ၁၅း၂၈)။

မောရှေသည် ကွာသရေလ လူမျိုးတို့၏ ဝန်ထုပ် တိုးပွားခြင်း၌ ဘုရားသခင် လက်တော်ကို မြင်သဖြင့် ''ကိုယ်တော် ဤလူတို့အား အဘယ်ကြောင့် ဆိုးဝါးစွာ ပြုရသနည်း'' ဟု မေးခဲ့သည်။ 'ကိုယ်တော်ဘာကြောင့် ဒီလိုဖြစ်ခွင့်ပေးသလဲ' ဟု မေးလိုက်ခြင်းဖြစ်သည်။ အသက်တာတွင် ဘုရားသခင်၏ အထွဋ်အမြတ် အာဏာကို သိရမည်။ ဖြစ်သမျှအတွက် နတ်ဆိုးကို အပြစ်တင်ရန်မဟုတ်ပါ။ ယောဘလိုပင် ကိုယ်တော် ခွင့်မပြုလျှင် ဘာမှမဖြစ်နိုင်ကြောင်း နားလည်လျက် ကိုယ်တော် ဘာလုပ်နေသည် ကို မေးလျှောက်ရမည်။

ထွက် ၅း၂၃ ၌ တွေ့ရသည်မှာ ခေါင်းဆောင်သည် ပြည့်စုံသော ရှုပါရုံကို တစ်ချိန်တည်း၊ တစ်ကြိမ်တည်းမရနိုင်ကြောင်းတွေ့ရသည်။ မောရှေက လျင်မြန်သော ကယ်လွှတ်ခြင်းဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ရှည်လျား၍ ခက်ခဲသောတိုက်ပွဲအတွက် ပြင်ဆင်မထားပါ။ သူသည် ကွာသရေလ လူမျိုးတို့အား လျင်မြန်သော ကယ်တင်ခြင်းဖြစ်မည်ဟု ခံစားစေသည်။ မကြာခဏ ဆိုသလို ဘုရားသခင်အလိုတော် အကောင်အထည် ဖေါ်ရန် မည်မျှကြာမည်ကို နားလည်ခြင်းမရှိကြပါ။

ဘုရားသခင်စကားပြောသောအခါ မနက်ဖြန် ဖြစ်မလို မျှော်လင့်တတ်ကြသည်။ သို့သော် များစွာသောအချိန်တွင် ဘုရားသခင်၏ အလိုတော် ပြည့်စုံရန် များစွာသောမနက်ဖြန်များ ကြုံတွေ့ရတတ်သည်။ တခါတရံ အချိန်များစွာ နှစ်ချီ၍ ကြာတတ်ပါသည်။

ထာဝရဘုရားကလည်း၊ ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည် ယခုသိမြင်လိမ့်မည်။ သူသည် ကြီးစွာသော တန်ခိုးကို တွေ့မြင်၍

ငါ၏လူတို့ကို လွှတ်ရလိမ့်မည်။ ကြီးစွာသော တန်ခိုးကို တွေ့မြင်၍ သူတို့ကို မိမိပြည်မှနှင် ရလိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏ (ထွက် ၆း၁)။ ဘုရားသခင်က ဖါရောဘုရင်အပေါ် ဆုံးမပြီးသောအခါ ဣသရေလ လူတို့အား ထွက်ခွါစေမည်ဟု ဆိုသည်။ ဘုရားသခင်သည် ဖြစ်လာမည့် အရာအားလုံးကို မဖေါ်ပြပါ။ ဒုက္ခ၊ ဖိအားပေးမှုနှင့် စစ်ကြောခြင်းများ အားလုံးကိုသိပါက ခံနိုင်မည်မဟုတ်ပါ။ ပညာတော်အားဖြင့် ဘုရားသခင်သည် အဆုံးစွန်သော အကြံတော် ကိုသာ ဖေါ်ပြသည်။ ယခုနှင့် ရှုပါရုံပြည့်စုံသည့် ကာလအကြာတွင် ဖြစ်ပျက်မည့်အရာများကို ပုံကြီးမချဲ့ပါ။

ထာဝရဘုရားကလည်း၊ ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည် ယခုသိမြင်လိမ့်မည်။ သူသည် ကြီးစွာသော တန်ခိုးကို တွေ့မြင်၍ ငါ၏လူတို့ကို လွှတ်ရလိမ့်မည်။ ကြီးစွာသောတန်ခိုးကို တွေ့မြင်၍ သူတို့ကို မိမိပြည်မှနှင် ရလိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏ (ထွက် ၆း၁)။ ဘုရားသခင်သည် မောရှေအား နောက်ဆုံးရလဒ်ကို တွေ့ရမည် ဖြစ်သော်လည်း ဆန့်ကျင်မှုနှင့် နောင့်နှေးမှုများ အရင်တွေ့ရမည်ကိုပြောမပြပါ။ ထွက် ၆း၂–၃ တွင် ဘုရားသခင်သည် မောရှေနှင့် ထပ်မံတွေ့ဆုံ၍ ယေဟောဝါဆိုသော နာမကို ဖွင့်ပြသည်။ တစ်ဖန် ဘုရားသခင်သည် မောရှေ၌ ဗျာဒိတ် ထားတော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည်အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား၊ အနန္တတန်ခိုးရှင်၊ ဘုရားသခင် နာမနှင့် ထင်ရှားသော်လည်း၊ ထာဝရဘုရားနာမအားဖြင့် သူတို့သည် ငါ့ကို မသိကြ (ထွက် ၆း၂–၃)။ ထွက် ၆း၄–၈ တွင် ဘုရားသခင်သည် ဣသရေလ လူမျိုးတို့အတွက် အံ့သြဖွယ် ဂတိတော်များကို ပေးတော်မူသည်။ သူတို့သည် အရပ်ရပ် လည့်၍၊ ဧည့်သည် နေရာပြည်၊ ခါနာန်ပြည်ကို သူတို့အား ပေးခြင်းငှါ၊ သူတို့နှင့် ငါပြုသော ပဋိညာဉ်ကို ငါတည်စေပြီ။ အဲဂုတ္တုလူတို့က အစေကျွန်ခံစေသော ဣသရေလ အမျိုးတို့၏ ညည်းတွားမြည်တမ်းခြင်းအသံကို ငါကြားရပြီ။ ငါ့ပဋိညာဉ်ကိုလည်း ငါအောက်မေ့၏။ ထိုကြောင့် ဣသရေလ အမျိုးတို့အား ပြောရသောစကားဟူမူကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တု လူတို့လက်မှလွှတ်၍၊ သူတို့၏ ညှင်းဆဲခြင်း ထဲက နှုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ ငါ၏ လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင် ဖြစ်မည်။ ငါသည် သင်တို့ကို အဲဂုတ္တု လူတို့လက်မှ လွှတ်သော သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့ သိကြလိမ့်မည်။

ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ပေးမည်ဟု ကျိန်ဆိုသော ပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဖို့ ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ ဟု မိန့်တော်မူ၏။

## ၄။ ဣသရေလ လူမျိုးတို့ တဖန် နားမထောင်ကြခြင်း

ဘုရားသခင်နှင့် ဤသို့ ဆုံတွေ့ပြီးနောက် မောရှေခွန်အားရှိလာသည်။ ဣသရေလ လူမျိုးတို့အား စကားပြောရဲသောသတ္တိရှိလာသည်။ ထိုသို့ မောရှေသည် ဣသရေလအမျိုးတို့အား ဆင့်ဆိုသော်လည်း၊ သူတို့သည် အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာ ညှဉ်းဆဲခြင်းကို ခံရသောကြောင့်၊ မောရှေစကားကို နားမထောင်ဘဲနေကြ၏ (ထွက် ၆း၉)။ ဝန်ထုပ်တိုးပွားလာသောအခါတွင် ဣသရေလ လူမျိုးတို့သည် အလွန်စိတ်ဓါတ်ကျလျက် မြော်လင့်ခြင်းနှင့် ယုံကြည်ခြင်းအားလုံး ကုန်ဆုံးသွား ကြသည်။ ပြဿနာတခုမှာ သူတို့သည် ဘုရားသခင်ထံမှ တိုက်ရိုက်မကြားကြဘဲ မောရှေမှ တဆင့်သာကြားကြသည်။ ဤပြဿနာသည် တောထဲတွင်လည်း ပြန်ပေါ်လာသည်။ ဘုရားသခင်၏ စကားသံကို နားထောင်ခြင်း၊ နာခံခြင်း မရှိကြပါ။ ထို့ကြောင့် ဘုရားသခင်ထားသော စစ်ဆေးခြင်းကို ကျရှုံးကြသည်။ ဖါရောဓ၏ ခေါင်းမာခြင်းနှင့် ဣသရေလလူမျိုးတို့အား ထွက်ခွာခွင့်မပေးခြင်းအပေါ် ဘုရားသခင်၏ တုံ့ပြန်မှုကို ထွက် ၆း၁၀–၁၃ တွင် တွေ့ရသည်။ ထာဝရဘုရား ကလည်း၊ အဲဂုတ္တု ရှင်ဘုရင် ဖါရောမင်းထံသို့ဝင်၍၊ သူသည် ဣသရေလအမျိုးတို့ကို မိမိပြည်မှလွှတ်ရမည်အကြောင်းပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ မောရှေကလည်း၊ ဣသရေလအမျိုးသားတို့သည် အကျွန်ုပ် ပြောစကားကို နားမထောင်ဘဲနေသည်ဖြစ်၍ အရေဖျားလှီးခြင်းကို မခံသောနှုတ်နှင့်ပြောတတ်သော အကျွန်ုပ်၏စကားကို ဖါရောမင်းသည် အဘယ်သို့ နားထောင်ပါမည်နည်းဟု ထာဝရဘုရားရှေ့မှာ လျှောက်ဆို၏။ ဘုရားသခင်သည် မောရှေနှင့် အာရုန်အား ဖါရောနှင့် စကားပြောခွင့်ပေးပြီး ဣသရေလ လူမျိုးအား အီဂျစ်ပြည်မှ ထွက်ခွင့်ပေးရန် တောင်းဆိုကြသည်။

## ၅။ ဖါရောအတွက် ဘုရားသခင်လိုဖြစ်ခြင်း

ထွက် ၇း၁ တွင် မောရှေသည် အသစ်သော ဘိသိက်ခြင်းနှင့် အခွင့်အာဏာအဆင့်သစ်၊ သာ၍ကြီးသော ဝိညာဉ်ရေးဝတ်လုံကိုရရှိပြီး သာ၍ မြင့်သော အမှုတော်ကို ရရှိသည်။ ထာဝရဘုရားကလည်း၊ သို့ဖြစ်၍ သင့်ကို

ဖါရောဘုရင်၏ ဘုရားအရာ၌ ငါခန့်ထား၏။ သင်၏အစ်ကို အာရုန်သည် သင်၏ ပရောဖက်ဖြစ်ရလိမ့်မည် (ထွက် ၇း၁)။ သင့်ကို ဖါရောအတွက် ဘုရားသခင်ကဲ့သို့ဖြစ်စေပြီး သင့်အစ်ကို အာရုန်သည် သင်၏ ပရောဖက် ဖြစ်လိမ့်မည်ဟု NIV ကျမ်းစာက ပြောသည်။ မောရှေမတိုင်မီတွင် မည်သည့် လူသားမျှ အခြားလူသားအတွက် ဘုရားဖြစ်ခွင့်မရပါ။ ဘုရားသခင်သည် မောရှေက မိမိကိုယ်ကို တိကျစွာ ကိုယ်စားပြုလျက် သူ၏ သတင်းစကားကို တိကျစွာ ပြောဆိုမည်ဟု စိတ်ချကြောင်းဆိုလိုသည်။

မောရှေသည် ဘုရားသခင်၏ နာမအသစ်ဖွင့်ပြချက်နှင့် လတ်ဆတ်သော ဘိသိက်ခြင်းရရှိပြီးသောအခါ ဖါရောနှင့် ကြုံရမည့်ပြဿနာကို ပို၍ နားလည် လာသည်။ ငါမိန့်တော်မူသမျှတို့ကို သင်သည် ပြန်ပြောရမည်။ ဖါရောဘုရင် သည် ဣသရေလအမျိုးတို့ကို မိမိပြည်မှ လွှတ်လိုက်မည် အကြောင်းကို၊ သင်၏ အစ်ကို အာရုန်သည် သူ့ထံ၌ လျှောက်ရမည်။ ငါသည်လည်း ဖါရောမင်း၏ နှလုံးကို ခိုင်မာစေ၍ အဲဂုတ္တုပြည်၌ ငါ၏ နိမိတ်လက္ခဏာ အံ့ဖွယ်သောအမှုတို့ကို များပြားစေမည် (ထွက် ၇း၂–၃)။ ဤဖွင့်ပြချက်သစ်က ဖါရောနှင့် ဆိုင်ရာတွင် ဖြစ်လာသော ဆန့်ကျင်မှုများ အတွက် ခံနိုင်ရည်ရှိစေသည်။

ဘုရားသခင်သည် သင့်အသက်တာတွင်လည်း အလားတူပြုလုပ်လိမ့်မည်။ သင့်ကို ခေါ်သောအရာကို တစေ့တစောင့်ဖော်ပြပြီး လမ်းတလျှောက်တွင် ပိုမိုရှင်းလင်းလာကြသော်လည်း ကြုံရမည့် အခက်အခဲနှင့် ပြဿနာများ အားလုံးကို မပြသပါ။ ဖြစ်လာမည့် အရာအားလုံးကိုသိပါက ခံနိုင်ကြမည် မဟုတ်ပါ။ ကျမ်းစာကျောင်းသားများသည် ကျောင်းဝင်ခါစတွင် ဘုရားသခင်၏ ခေါ်ခြင်းကိုရရှိသည်ဟု ထင်ကြသော် လည်း ၄င်းသည် အစသာရှိသေးသည်။ အောင်မြင်သော အမှုတော်သို့သွားရာလမ်းသည် စစ်ကြောခြင်းများစွာ ရှိသော်လည်း အောင်မြင်နိုင်သော ကျေးဇူးတော်ကို ကိုယ်တော်ချပေးလိမ့်မည်။

## ၆။ မျက်လှည့်ဆရာတို့၏ ဆန့်ကျင် ရင်ဆိုင်ခြင်း

မောရှေနှင့် အာရုန်သည် ဖါရောနှင့် သူ၏မျက်လှည့် ဆရာများကို ရင်ဆိုင်ကြသည်။ မောရှေနှင့်အာရုန်သည် ဖါရောဘုရင်ထံသို့ဝင်၍ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ပြုသဖြင့်၊ အာရုန်သည် ဖါရောဘုရင်ရှေ့၊ သူ၏ ကျွန်များရှေ့မှာ လှံတံကိုချ၍ မြွေဖြစ်လေ၏။ ထိုအခါ ဖါရောဘုရင်သည် ပညာရှိများ၊ ပြုစားတတ်သောသူများတို့ကိုခေါ်၍၊ အဲဂုတ္တုအမျိုးဝိဇ္ဇာ

အတတ်အားဖြင့် ထိုအတူပြု၍၊ မိမိတို့ကိုင်သော လှံတံများကိုချ၍ မြွေဖြစ်ကြလေ၏။ သို့သော်လည်း အာရုန်၏လှံတံသည် သူတို့၏ လှံတံများကို မျိုလေ၏။ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ သူတို့၏စကားကို နားမထောင်ဘဲနေ၏ (ထွက် ၇း၁၀–၁၃)။

ထွက်မြောက်ရာကျမ်းတွင် မျက်လှည့်ဆရာများ၏ နာမည်ကို မဖော်ပြသော်လည်း ၂တိ ၃း၈ တွင် ''ယန္နေနှင့် ယံဗြေ'' ဟု ဖော်ပြထားသည်။ ယန္နေနှင့် ယံဗြေသည် မောရှေကို ဆီးတားသကဲ့သို့၊ ထိုသူတို့သည် သမ္မာတရားကို ဆီးတားကြ၏။ စိတ်နှလုံးယိုယွင်း၍ ယုံကြည်ယောင်ဆောင်သောသူ ဖြစ်ကြ၏'' (၂တိ ၃း၈)။

အာရုန်၏ လှံကို ဖါရောရှေ့၌ပစ်ချသောအခါ မြွေဖြစ်သွားသည်။ ယန္နေနှင့် ယံဗြေသည် သူတို့ လှံတို့ကို ပစ်ချလျှင် မြွေဖြစ်သွားသည်။ သို့သော် အာရုန်၏ လှံသည် သူတို့ လှံများကို မြိုချလိုက်သည်။ စာတန်နှင့် သူ၏ လွှမ်းမိုးအောက်၌ ရှိသောသူများသည်လည်း နိမိတ်လက္ခဏာကို ပြုလုပ်နိုင်ကြသောကြောင့်လည်း နိမိတ်လက္ခဏာနှင့် ပရောဖက်ပြုခြင်းတို့သည် လူတစ်ယောက်အပေါ် ဘုရား၏ ဝိညာဉ်တော်ရှိကြောင်း သက်သေမဟုတ်ပါ။ ယေရှုက ပြောသည်မှာ အဲဂုတ္တု အမျိုး ဝိဇ္ဇာဆရာတို့သည်လည်း ဝိဇ္ဇာအတတ်ဖြင့် ထိုအတူပြုကြ၏။ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ သူတို့၏ စကားကို နားမထောင်ဘဲနေ၏ (မဿဲ ၇း၂၂–၂၃)။ ဝိညာဉ်ဆုကျေးဇူးများကို စာတန်ကလည်း အတု လုပ်နိုင်ကြောင်းကို ရှင်ပေါလုက ပြောထားသည်။ အကြောင်းမူကား၊ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏ တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သောအမှုစောင့်ဖြစ်ကြ၏။ ဤအမှုသည် အံ့ဩဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသော ကောင်းကင်တမန် ဖြစ်ယောင်ဆောင်တတ်၏ (၂ကော ၁၁း၁၃–၁၄)။

နှစ်ပေါင်းများစွာအရင်က လူတယောက်သည် ပရောဖက်ပြုခြင်းနှင့် ထိုးထွင်းခြင်း ဆုကျေးဇူးကို အားကြီးစွာ အသုံးပြုနေကြောင်းတွေ့ခဲ့ရသည်။ လူတစ်ဦး၏ အသက်တာအသေးစိတ်အချက်များကို တိကျစွာဖော်ပြ တတ်သည်။ ကျွန်ုပ် အလွန်အံ့ဩသော်လည်း ဘုရားသခင်က ကျွန်ုပ်၏ဝိညာဉ်မျက်စိကို ဖွင့်ပေးသဖြင့် ကျဆင်းသော ကောင်းကင်တမန်က ဤအရာများကို ဤသူအား ဖွင့်ပြကြောင်းတွေ့ရသည်။ ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့် နတ်ဆိုး၏ လုပ်ဆောင်ချက်ကို ခွဲခြားသိစေရန် ဆုတောင်းရမည်။

## ဖါရောက နှလုံးသားကို ခိုင်မာစေခြင်း

ထွက် ၇း၁၃–၁၄ တွင် ဖါရောက သူ့နှလုံးသားကို ခိုင်မာစေကြောင်း ဖတ်ရသည်။ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ သူတို့၏စကားကို နားမထောင်ဘဲနေ၏။ ထာဝရဘုရားကလည်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ ဣသရေလလူတို့ကို မလွှတ်ဘဲနေ၏။ ပေါလုက ရောမ ၉း၁၇–၁၈ တွင် ပြောသည်မှာ ကျမ်းစာ၌ ဖာရောဘုရင်ကို ဆိုသည်ကား၊ ငါ့တန်ခိုးကို သင်၌ငါပြခြင်းငှါ၎င်း၊ ငါ့နာမကို မြေကြီးတစ်ပြင်လုံး တွင် ကျော်စောစေခြင်းငှါ၎င်း၊ သင့်ကို ချီးမြှောက်ခဲ့ပြီဟု ဆိုသတည်း။ ထိုသို့နှင့်အညီ၊ ကျေးဇူးပြုလိုသော သူကို ကျေးဇူးပြုတော်မူ၏။ ခိုင်မာ စေလိုသောသူကိုလည်း ခိုင်မာစေတော်မူ၏။

ဖါရောက မိမိနှလုံးသားကို ဆယ်ကြိမ် မာကြောစေပြီး ဘုရားသခင်ကလည်း ဆယ်ကြိမ် မာကြောစေသည်။ မကောင်းမှုကို ပုံမှန်လုပ်နေသူများ၏ နှလုံးသားကို ဘုရားသခင် မာကြောစေတတ်သည်။ ဘုရားသခင်၏ အထွတ်အမြတ်အာဏာ ရှိခြင်းကို ရောမ ၉း၁၉–၂၃ တွင် တွေ့ရသည်။ သို့ဖြစ်လျှင်၊ ဘုရားသခင်သည် အဘယ်ကြောင့် အပြစ်တင်တော်မူသေးသနည်း။ အဘယ်သူသည် အလိုတော်ကို ဆီးတားဖူးသနည်းဟု ဆိုမည်လော။ ဘုရားသခင်ကို ငြင်းဆန်သောအချင်းလူ၊ သင်သည်ကား အဘယ်သူနည်း။ လုပ်ခံရသော အရာသည် လုပ်တတ်သောသူအား၊ အဘယ်ကြောင့် ငါ့ကို ဤသို့လုပ်သနည်း ဟု ဆိုရမည်လော။ အိုးထိန်းသမားသည် အိုးမြေကို ပိုင်သည်မဟုတ်လော။ အိုးမြေတစ်ပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်ကိုလုပ်ပိုင်သည် မဟုတ်လော။ ဘုရားသခင်သည် မိမိအမျက်တော်ကိုပြ၍၊ တန်ခိုးတော်ကို ထင်ရှားစေခြင်းငှါ အလိုတော်ရှိလျက်၊ ပျက်စီးခြင်းအဖို့ ပြင်ဆင်သောအမျက်ခံရာ အိုးများတို့ကို အလွန်သည်းခံခြင်းခန္တီနှင့်သည်းခံတော်မူသည်မှန်လျှင် အဘယ်ပြောဖွယ် ရှိအံ့နည်း။ ချီးမြှောက်ခြင်းအဖို့ ပြင်ဆင်တော်မူနှင့်သော ကရုဏာခံရာ အိုးများ တည်း ဟူသော၊ ယုဒအမျိုးသားတို့အထဲမှသာမဟုတ်၊ တပါးအမျိုးသား တို့ထဲမှ ပရောဖက်ဟောရှေဆိုသည်အတိုင်းခေါ်တော်မူသောငါတို့၌ ဘုန်းအာနုဘော် တော်ကြွယ်ဝခြင်းငှါပြုတော်မူသည်မှန်လျှင် အဘယ်ပြောဘွယ်ရှိအံ့နည်း။

ဘုရားသခင်က သူသည် မာကြောစေလိုသူကို မာကြောစေပြီး သနား လိုသောသူကို သနားသည်ဟု ပြောခဲ့သည်။ ဤသည်ကား ဘုရားသခင်၏ အချုပ်အခြာ၊ အထွဋ်အထိပ် ဖြစ်ခြင်းကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ မည်သို့ ဆိုစေ လူတစ်ဦးသည် ထောက်ချောက်ထဲသို့ ကျနိုင်သည့်အချိန်ကတော့

လူတစ်ယောက်က ခပ်သိမ်းသော အရာတို့သည် ဘုရားသခင်၏ အချုပ်အခြာ ထဲ၌ ဖြစ်ကြောင်း ယုံကြည်သည့်အခါ ထိုကိစ္စလူက ရွေးချယ်စရာ မရှိ။ ဤအရာသည် စစ်တုရင်ကစားခြင်းနှင့် တူပေမည်။ ထိုကစားခြင်း၌ ဘုရားသခင် က လူတစ်ယောက်ကို မာကျောစေပြီး ထိုအကွက်ထဲမှာ ရွှေ့လိုမိ့ပြီး အခြား တစ်ယောက်ကို ဤအကွက်ထဲသို့ ရွှေ့ပေမည်။ အကယ်၍ စစ်တုရင် အဖြူတုံး (ကယ်တင်ပြီး) သင်အဆင်ပြေလိမ့်မည်။ သို့သော် သင်သည် စစ်တုရင် အနက်တုံး (မကယ်တင်) ဖြစ်ပါက သင်သည် ဒုက္ခရောက်နေပြီ။ ဤအရာက တစ်ဦးတစ်ယောက်ကို အသက်တာပြိုင်ပွဲ၏ ဘယ်နေရာ ရောက်နေသလဲ ဆိုတာကို စဉ်းစားစရာဖြစ်စေလိမ့်မည်။ အကယ်၍ သူသည် စစ်တုရင်နယ်ရုပ် သာ ဖြစ်ပြီး အချုပ်အချာဖြစ်သောဘုရားသခင်က ဘယ်မှာ ထားထား၊ ထားသည့်နေရာ၌ နေရမည်ဖြစ်သည်။

ထွက်မြောက်ရာကျမ်းက ရောမဩဝါဒစာမှာ ပေါလုပြောသော ဖါရောဘုရင် အကြောင်း၏နောက်ကွယ်မှာ ရာဇဝင် သမိုင်းတစ်ခု ပေးထားပါသည်။ သေချာစွာ သတိပြုရမည့် ရာဇဝင်သမိုင်းဖြစ်သည်။သို့သော် ဘုရားသခင်၏ အထွတ်အမြတ် အာဏာနှင့် လူ၏ လွတ်လပ်သောဆန္ဒကို ဘက်မျှစွာ နားလည်ရပါမည်။ ဘုရားသခင်သည် ဖါရောနှလုံးသားကို ဘာကြောင့် မာကြောစေသနည်း။ အဖြေကို ထွက် ၁း၈–၁၁ မှာ တွေ့ရသည်။ ထိုနောက်မှ အဲဂုတ္တုပြည်၌ ယောသပ်ကိုမသိသော ရှင်ဘုရင်သစ် ပေါ်လာ၏။ ထိုရှင်ဘုရင် ကလည်း၊ ဣသရေလအမျိုးသားတို့သည် ငါတို့ထက် သာ၍ များကြ၏။ သာ၍အားကြီးကြ၏။ လာကြ၊ သူတို့ကို လိမ္မာစွာပြုကြစို့။ သို့မဟုတ် သူတို့သည် များပြားကြလိမ့်မည်။ နောက်တစ်ခါစစ်မှုရောက်လျှင် ငါတို့ ရန်သူဘက်သို့ ဝင်စား၍ ငါတို့ကို တိုက်သဖြင့်၊ ပြည်တော်ထဲက ထွက်သွားကြ လိမ့်မည်ဟု မိမိလူတို့အားဆိုလေ၏။ ထိုကြောင့် အဲဂုတ္တုမင်းတို့သည်၊ ကျပ်တည်းစွာ နှိပ်စက်ညှဉ်းဆဲစေခြင်းငှါ အုပ်ချုပ်ခန့်ထားကြ၏။ ဣသရေလ လူတို့သည် ဘဏ္ဍာတော်သိုထားဖို့၊ ပိသုံမြို့နှင့် ရာမသက်မြို့ကို တည်ဆောက် ကြရ၏ (ထွက် ၁း၈–၁၁)။

ဖါရောဘုရင်သည် သူ၏နှလုံးသားကို ဘုရား၏ လူတို့နှင့် ဆန့်ကျင် ထားသည်။ ထို့ကြောင့် ဘုရားသခင်မဟုတ်ဘဲ ဖါရောက သူ့အသက်တာ လမ်းကြောင်းကို ချမှတ်ထားတာဖြစ်သည်။ ဘုရားသခင်၏ အချုပ်အချာ ဖြစ်ခြင်းကိုလည်းကောင်း၊ လူ၏လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကိုလည်းကောင်း ကျွန်ုပ်တို့ နားလည်ရမည်။ ဘုရားသခင် လုပ်ရမည့်အပိုင်း ရှိသလို လူလုပ်ရမည့်

အပိုင်းရှိသည်။ ဆာလံ ၁၈း၂၅–၂၆ က လူအချို့အပေါ် ဘုရားသခင် အဘယ်ကြောင့် သနားပြီး၊ အချို့အပေါ် အဘယ်ကြောင့် ခိုင်မာရသည်ကို ပြောပြသည်။ သနားတတ်သောသူအား ကိုယ်တော်သည် သနားခြင်း သဘော ကို၄င်း၊ ဖြောင့်မတ်သောသူအား ဖြောင့်မတ်ခြင်းသဘောကို၄င်း၊ သန့်ရှင်းသောသူအား သန့်ရှင်းခြင်းသဘောကို၄င်း၊ ဆန့်ကျင်သောသူအား ဆန့်ကျင်သောသဘောကို၄င်း ပြတော်မူ၏ (ဆာ ၁၈း၂၅–၂၆)။

ယေရှုက မဿဲ ၅း၇ ၌ သနားတတ်သော သူတို့သည် သနားခြင်းခံ ရမည်ဟု ပြောသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ နှလုံးသားအခြေအနေ အတိုင်း ဆက်ဆံပါသည်။ ကျွန်ုပ်တို့သနားတတ်ပါက သနားခြင်းဖြင့် ဆက်ဆံသည်။ ရိုးသားပါက ရိုးသားစွာ ဆက်ဆံသည်။ ကျွန်ုပ်တို့ လှည့်ဖြား တတ်လျှင်လည်း လှည့်စားခြင်းကို မခံစေပါ။

အိပ်မက်တော်ကိုပြန်ပြောစေခြင်းငှါ မာဂုပညာရှိ၊ ဗေဒင်တတ်၊ ပြုစားတတ်သောဆရာ၊ ခါလဒဲဆရာတို့ကို ခေါ်ချေဟု အမိန့်တော်ရှိသည် အတိုင်း၊ သူတို့သည် အထံတော်သို့ ရောက်လာကြသည်ရှိသော်၊ (ဒံယေလ ၂း၂) ဘုရားသခင်သည် မည်သူ့အပေါ်တွင် ပညာပေးသနည်း။ ပညာရှိသော သူက ပညာကိုရသည် အသိတရားရှိသော သူအား အသိဉာဏ်ကို ပေးသည်။

သံလွင်အမည်ရှိသော တောင်ခြေရင်း၌ ဗက်ဖာဂေရွာနှင့် ဗေသနိရွာ အနီးသို့ ရောက်တော်မူသောအခါ၊ တပည့်တော်နှစ်ယောက်တို့ကို စေလွှတ်၍၊ (လုကာ ၁၉း၂၉) ကျွန်ုပ်တို့သည် မိမိရထားသောအရာထက် ပိုမိုရရှိကြသည်မှာ ကျမ်းစာ၏ နိယာမဖြစ်သည်။ ကျွန်ုပ်တို့မှာ သနားတတ်သော နှလုံးသားရှိပါက ပိုမိုသနားခြင်းခံရမည်။ ''ငွေက ငွေကို မွေးသည်'' ဆိုခြင်းမှန်လှသည်။ ငွေရရန် ငွေကို သုံးရသည်။

လူတို့သည် ဘုရားသခင်၏ အထွဏ်အမြတ် အာဏာနှင့် လူ၏ လွတ်လပ်သောဆန္ဒကို နားမလည်ကြသောအခါ လူ့အမှားများအတွက် ကိုယ်တော်ကို အပြစ်တင်ကြသည်။ လူအချို့က ဖါရောသည် ဘုရားသခင် ပြင်ဆင်နှင့်သည့်အတိုင်း လုပ်ဆောင်ရပြီး၊ သူ့မှာ ရွေးစရာမရှိသောကြောင့် သူ့ကို အပြစ်မတင် သင့်ပါဟု ဆိုကြသည်။ အချို့က ယုဒရှကာယုတ်ကိုလည်း အလားတူပြောကြသည်။ ဘုရားသခင်သည် ဖါရော မှားယွင်းစွာ ရွေးချယ်မည်ကို ကြိုတင်သိပြီး သူ၏ အမျက်တော်ခံရာအဖြစ် လျောက်ပတ်စွာ အသုံးပြု လိုက်သည်။

သို့သော် ဖါရောမင်းက ကိုယ်တိုင်ရွေးချယ်ရသည်။ ဘုရားသခင်သည်

သူ့အား မှန်ကန်သောဆုံးဖြတ်ချက်ချရန် အခွင့်အရေး ပေးသော်လည်း သူငြင်းဆန်ခဲ့သည်။ ဖါရောမင်းကလည်း၊ ထာဝရဘုရား၏စကားကို နားထောင်၍၊ ဣသရေလအမျိုးတို့ကိုငါလွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကိုငါမသိ၊ ဣသရေလအမျိုးတို့ကို ငါမလွှတ်ဟု ဆိုလေ၏ (ထွက် ၅း၂)။ ထို့ကြောင့် ဖါရောသည် သူ့ဆန္ဒဖြင့် နားမထောင်ခဲ့ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ရွေးချယ်သောဘဝလမ်းကြောင်းပေါ်၌ ကျွန်ုပ်တို့ကို နေရာချသည်။ ဘုရားသခင်ကို အစေခံရန် ရွေးချယ်ပါက ထိုဆုံးဖြတ်ချက်ကို ဂုဏ်ပြုပြီး နာခံနိုင်သောကျေးဇူးတော်ကိုချပေးသည်။

### ၇။ ကပ်ကြီးဆယ်ပါး

နောက်ဆုံးမှာတော့ ဘုရားသခင်သည် သေကြေပျက်စီးတတ်သော လူနှင့်သာ ပြုမူဆက်ဆံပါက လွှန်စွာ အံ့ဩစရာကောင်းသော တန်ခိုးကို ဖော်ပြနေစရာ မလိုပါ။ ဘုရားသခင်သည် သေတတ်သော လူထက် သာလွန်သော အရာနှင့် ပြုမူဆက်ဆံနေခြင်းဖြစ်သည်။။။

အကြောင်းမူကား၊ ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးနှင့် တိရစ္ဆာန်တို့၏ သားဦး အပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ဘုရားတို့ကိုတရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏ ထွက် ၁၂း၁၂။ တောလည် ၃၃း၄ ကလည်း ဤအချက်ကို အတည်ပြုနေသည်မှာ ''အကြောင်းမူကား၊ ထာဝရဘုရား ဒဏ်ခတ်တော်မူသော သားဦးအပေါင်းတို့ကို အဲဂုတ္တုလူတို့သည် သင်္ဂြိုဟ်ရကြ၏။ သူတို့၏ ဘုရားများကိုလည်း၊ ထာဝရဘုရားသည် တရားစီရင်တော်မူ၏။''

ဘုရားသခင်သည် ဖါရောနှင့် အီဂျစ်လူမျိုးတို့ကိုသာမက အီဂျစ် ဘုရားများကို တရားစီရင်သည်။ အီဂျစ်ဘုရားများသည် ဝိညာဉ်ဆိုးများဖြစ်ပြီး သူတို့မှားယွင်းသော ဘုရားဖြစ်ကြောင်းကို ပြသ၍ တရားစီရင်ရန် ကပ်ဆယ်ခုကို ဘုရားသခင်အသုံး ပြုခဲ့သည်။ ဤကပ်ဘေးများအားဖြင့် ဘုရားသခင်သည် ဖါရောဘုရင်၏တန်ခိုးကို ဆွဲချသည်သာမကဘဲ အဲဂုတ္တုပြည်ကို ဆင်းရဲခမ်းခြောက်စေသည်။ အဲဂုတ္တု လူတို့ ကိုးကွယ်သော ဝိညာဉ်ဆိုး၊ နတ်ဆိုးတို့နှင့် ဆက်ဆိုင်သော ဘုရားများကို ဆွဲချနေခြင်းဖြစ်သည်။

**၁။ ရေကိုသွေးဖြစ်စေခြင်း (၇း၂၀-၂၅)**

မောရှေနှင့် အာရုန်သည် ထာဝရဘုရား မိန့်တော်မူသည်အတိုင်းပြု၍၊ အာရုန်သည် ဖါရောဘုရင်ရှေ့၊ သူ၏ ကျွန်များရှေ့မှာ လှံတံကို ချီ၍ မြစ်ရေကို ရိုက်သဖြင့်၊ မြစ်ရေရှိသမျှသည် သွေးဖြစ်လေ၏။ မြစ်၌ရှိသော ငါးတို့သည်လည်း သေကြ၍၊ မြစ်ရေနံ့သောကြောင့်၊ အဲဂုတ္တုလူတို့သည် မြစ်ရေကိုမသောက်နိုင်ကြ။ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ သွေးပြန့်နှံ့လျက် ရှိလေ၏။ အဲဂုတ္တုအမျိုး ဝိဇ္ဇာဆရာတို့သည်လည်း ဝိဇ္ဇာအတတ်ဖြင့် ထိုအတူပြုကြ၏။ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာ၍ သူတို့၏ စကားကို နားမထောင်ဘဲနေ၏။ နန်းတော်သို့ လှည့်ပြန်သွား၍ ထိုအမှုကိုနှလုံးမသွင်းဘဲ နေလေ၏။ ထိုအခါ အဲဂုတ္တုလူတို့သည် မြစ်ရေကို မသောက်နိုင်သောကြောင့်၊ သောက်ရေကိုရခြင်းငှါ မြစ်နားမှာတွင်းတူးကြ၏။ ထာဝရဘုရားသည် မြစ်ကို ဒဏ်ခတ်၍ ခုနစ်ရက်ကိုလွန်စေတော်မူ၏ (ထွက် ၇း၂၀–၂၅)။ နိုင်းမြစ်သည် အီဂျစ်ပြည် အတွက် အဓိကရေလမ်းကြောင်း ဖြစ်သည်။ ၎င်းသည် မွန်မြတ်ပြီး အီဂျစ်လူမျိုးတို့က ဘုရားအဖြစ် ကိုးကွယ်ကြသည်။ ဘုရားသခင်သည် ရေကို သွေးဖြစ်စေလျက် သူတို့ ဘုရားကို တရားစီရင်ခဲ့သည်။ ဘုရားသခင်သည် အီဂျစ်တို့၏ဘုရားများထဲမှတပါးကို စီရင်လိုက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် အီဂျစ်တို့၏ဘုရားများထဲမှတပါးကိုစီရင်လိုက်ခြင်းဖြစ်သည်။ မြစ်ထဲမှ ငါးအားလုံးသေဆုံးကြပြီး အီဂျစ်လူမျိုးတို့သည် ရေကို မသောက်နိုင်ကြ။

**၂။ ဖါးများ (၈း၁-၁၅)**

ဒုတိယ ကပ်ဘေးတွင် ဘုရားသခင်သည် အီဂျစ်ပြည်ကို ဖါးနှင့် ပြည့်စေသည်။ ဖါးသည် အီဂျစ်တို့၏နောက်ထပ် ဘုရားတပါးဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့ ကိုးကွယ်နေသောဖားကိုမုန်းတီးစေသည် ။ နှုတ်ကပတ် တော်၌ ဖါးသည် မစင်ကြယ်သော ဝိညာဉ်နှင့် မှားယွင်းသော ပရောဖက်ပြုချက်ကို ပုံဆောင်သည်။ ''ထိုအခါ၊ နဂါး၏ခံတွင်းထဲကငှင်း၊ သားရဲ၏ခံတွင်းထဲကငှင်း၊ မိစ္ဆာပရောဖက်၏ ခံတွင်းထဲကငှင်း၊ ဖားကောင်ကဲ့သို့ ညစ်ညူးသောဝိညာဉ် သုံးပါးထွက်သည်ကို ငါမြင်၏'' (ဗျာ ၁၆း၁၃)။

အီဂျစ် မျက်လှည့်ဆရာများလည်း ဤနိမိတ်လက္ခဏာကို ပြုလုပ်ကြ သော်လည်း ၎င်းဖါးများကို မြစ်နှင့် ရေကန်ဆီသို့ ပြန်သွားစေရန် မလုပ်နိုင် ကြချေ။ ဖါရောသည် ဖါးများကို ဖယ်ရှားပေးဖို့ မောရှေကို တောင်းပန်သည် (ထွက် ၈း၈)။ နောက်တနေ့တွင် မောရှေသည် သူတို့နေအိမ်များနှင့်

လယ်ကွင်းထဲရှိ ဖါးများကို သေစေပြီး မြစ်ထဲရှိ ဖါးများကိုသာ ကျန်ရှိစေသည်။ ထိုသို့ ပြုလုပ်ပြီးသောအခါ ဖါရောသည် နှလုံးခိုင်မာပြီး ဣသရေလ လူမျိုးတို့အား အီဂျစ်ပြည်မှ ထွက်ခွင့်မပေးချေ။

**၃။ ခြင်ကောင်များ (၈း၁၆-၁၉)**

တတိယ ကပ်ဘေးမှာခြင်ကောင်ဖြစ်ပြီး ထွက် ၈း၁၆–၁၉ တွင် မှတ်တမ်း တင်ထားသည်။ တစ်ဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ရှိသောမြေမှုန့်သည် ခြင်ကောင်ဖြစ်စေခြင်းငှါ၊ အာရုန်သည် လှံတံကိုင်လျက် လက်ကိုဆန့်၍၊ မြေမှုန့်ကို ရိုက်စေခြင်းငှါ ပြောလော့ဟု မိန့်တော်မူသည်အတိုင်း၊ အာရုန်သည် လှံတံကိုကိုင်လျက် လက်ကိုဆန့်၍ မြေမှုန့်ကို ရိုက်လေ၏။ မြေမှုန့်သည်လည်း လူ၌၎င်း၊ တိရစ္ဆာန်၌၎င်း၊ ခြင်ကောင်ဖြစ်လေ၏။ အဲဂုတ္တုပြည်တစ်လျှောက်လုံး၌ မြေမှုန့် ရှိသမျှသည် ခြင်ကောင်ဖြစ်လေ၏။ ဝိဇ္ဇာဆရာတို့လည်း၊ ခြင်ကောင်တို့ကို ဖြစ်စေခြင်းငှါ ဝိဇ္ဇာတတ်အားဖြင့် ထိုအတူပြု၍ မတတ်နိုင်ကြ။ သို့ဖြစ်၍ လူတို့နှင့်တိရစ္ဆာန်တို့၌ ခြင်ကောင်တို့သည်ရှိကြ၏။ ထိုအခါ ဝိဇ္ဇာဆရာတို့က၊ ဤအမှုသည် ဘုရားသခင်၏ တန်ခိုးကြောင့်ဖြစ်သည်ဟု ဖါရောဘုရင်အား လျှောက်ထား ကြ၏ (ထွက် ၈း၁၆–၁၉)။

အီဂျစ် လူမျိုးတို့သည် သူတို့မြေကိုလည်း ကိုးကွယ်ကြသောကြောင့် ထိုမြေကို ခြင်ကောင်ဖြင့် ဒဏ်ပေးသည်။ မြေမှုန့်များသည် ခြင်ကောင်များ ဖြစ်သွားကြသည်။ အီဂျစ် မျက်လှည့်ဆရာများသည် ပထမဆုံး ကပ်ဘေးနှစ်ခုကို အတုလုပ်ကြသော်လည်း ဖန်ဆင်းခြင်းအမှုဖြစ်သော ဤကပ်ဘေးကို လိုက်မတု နိုင်ကြပါ။ မျက်လှည့်ဆရာတို့သည် ဘုရားသခင်လက်ရာတော်မှန်း သိမှတ် ကြသဖြင့် ဖါရောအား ထွက် ၈း၁၉ ၌ ဤအရာသည် ဘုရားသခင်၏ လက်ညှိုးတော် ဖြစ်သည်ဟု ပြောကြသည်။ နတ်ဝိဇ္ဇာဆရာ ရှိမှန်သည်လည်း ဘုရားသခင်၏ လက်တော်ကို သိသည်။ (တမန် ၈း၉–၂၄) အမှန်က အမှားကို သိသည်ထက် အမှားက အစစ်အမှန်ကိုပါ သိတတ်ကြ ပေသည်။ သို့သော် ဖါရောသည် သူတို့စကားကို နားမထောင်ချေ။

**၄။ ယင်ရဲများ (၈း၂၀-၃၂)**

စတုတ္ထ ကပ်ဘေးမှာ ယင်ရဲများဖြစ်ပြီး ထွက် ၈း၂၀–၂၁ တွင် ရေးထားသည်။ ''ထာဝရဘုရားကလည်း၊ သင်သည်နံနက်စောစောထလော့။

ရေဆိပ်သို့ထွက်သွားသော ဖါရောဘုရင်ရှေ့မှာရပ်၍ ထာဝရဘုရားက၊ ငါ၏လူတို့သည် ငါ့အားဝတ်ပြုမည်အကြောင်း၊ သူတို့ကို လွှတ်လော့။ မလွှတ်ဘဲနေလျှင် သင်နှင့်သင်၏ ကျွန်များ၊ လူများ၊ အိမ်များထဲသို့ ယင်ရဲတို့ကို ငါစေလွှတ်သဖြင့် အဲဂုတ္တုလူတို့နေသောအိမ်၊ ရပ်သောမြေသည် ယင်ရဲနှင့် အပြည့်ရှိရလိမ့်မည်။'' ဗေလဇေဗုသည် ''ယင်ရဲများ၏ သခင်'' ဟု အဓိပ္ပါယ်ရပြီး စာတန်၏ ဘွဲ့နာမတစ်ခု ဖြစ်သည်။ ဤကပ်ဘေးသည် အီဂျစ်ပြည်အပေါ် တရားစီရင်ခြင်းဖြစ်သလို စာတန်အပေါ်လည်း တရားစီရင်ခြင်း ဖြစ်သည်။ ''တစ်ရံရောအခါ စကားအသော နတ်ဆိုးကို နှင်ထုတ်တော်မူ၍၊ နတ်ဆိုးထွက်သည်နောက် အသောသူသည် စကားပြော၏။ အစုအဝေးတို့သည်လည်း အံ့ဩကြ၏။ အချို့တို့က၊ ဤသူသည် နတ်ဆိုးမင်း ဗေလဇေဗုလကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု'' ဆိုကြ၏ (လုကာ ၁၁း၁၄–၁၅)။

''ဘုရားသခင်သည် မိမိလူနှင့် အီဂျစ်လူမျိုးတို့ကို ကွဲပြားခြားနားစေခဲ့သည်။ ဣသရေလတို့အား ဤတရားစီရင်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ တဖန် အီဂျစ်တို့၏ဘုရားများအပေါ် ဘုရားသခင်၏ စီရင်ခြင်းကို တွေ့ရပြီး သူတို့ဘုရားများနှင့် နောက်ကွယ်ရှိ ဝိညာဉ်ဆိုးများ အပေါ်၌လည်း မောရှေတွင် အခွင့်တန်ခိုးရှိကြောင်းတွေ့ရသည်။

''ငါသည် မြေကြီးအလယ်၌ ထာဝရဘုရားဖြစ်ကြောင်းကို သင်သိစေခြင်းငှါ ငါ၏ လူတို့နေရာ ဂေါရှင်ပြည်ကို ထိုနေ့၌ ငါခြားနားစေ၍ ထိုပြည်၌ ယင်ရဲမရှိရ။ ထိုသို့ငါ၏ လူတို့နှင့်သင်၏ လူတို့ကိုငါခြားနားစေမည်။ နက်ဖြန်နေ့၌ ထိုနိမိတ် ထင်ရှားလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ပြောလော့'' ဟု မောရှေအား မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရား ပြုတော်မူသဖြင့်၊ အလွန်ကြမ်းတမ်းသော ယင်ရဲတို့သည် ဖါရောဘုရင် အိမ်အစရှိသောသူ၏ ကျွန်တို့အိမ်၊ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ ရောက်လာ၍၊ ထိုယင်ရဲတို့ကြောင့် အဲဂုတ္တုပြည်ပျက်လေ၏ ထွက် ၈း၂၂–၂၄။ ထို့နောက် အငယ် ၂၅ နှင့် ၂၈ တွင် ဖါရောသည် ဣသရေလလူမျိုးတို့ အီဂျစ်ပြည်မှထွက်ခွာရန်ကိစ္စကို မောရှေနှင့် ဆွေးနွေးလာသည်။

## ၅။ တိရစ္ဆာန်များရောဂါစွဲကပ်ခြင်း (၉း၁–၇)

ပဉ္စမကပ်ဘေးမှာ အီဂျစ်ပြည်၏ သိုးနွားများအပေါ် ပြင်းစွာသော အနားဘေးကျရောက်ခြင်းဖြစ်သည်။ ထာဝရဘုရားကလည်း၊ သင်သည် ဖါရောဘုရင်ထံသို့ ဝင်၍ ငါ၏လူတို့သည် ငါ့အားဝတ်ပြုမည်အကြောင်း၊

သူတို့ကိုလွှတ်လော့။ မလွှတ်ဘူးဟုငြင်း၍ ဆီးတားသေးလျှင်၊ ထာဝရဘုရား၏ လက်တော်သည် လယ်ပြင်၌ရှိသော တိရစ္ဆာန်၊ မြင်း၊ မြည်း၊ ကုလားအုပ်၊ သိုး၊ နွားသို့ပေါ်၍ ရောက်၍ အလွန်ပြင်းစွာသော ရောဂါစွဲလိမ့်မည်။

အီဂျစ်လူမျိုးတို့သည် ကျွဲ၊ နွားပုံ ရုပ်တု ဘုရားများကို ကိုးကွယ်ကြသည်။ မင်ဖစ် (Memphis) အရပ်၌ အေပစ် (Apis) နွားဘုရားသည် သူတို့ အထွဋ်အမြတ်ထားသော နွားဘုရားဖြစ်သည်။ သူတို့၏ နွားဘုရားများနှင့် ရုပ်တုများကို အမေရိကန်၊ အီဂျစ်နှင့် ဗြိတိသျှ ပြတိုက်များတွင် တွေ့နိုင်သည်။ အီဂျစ်တို့၏ ရုပ်တုကိုးကွယ်မှုသည် ကျွသရေလ လူတို့အပေါ် လွှမ်းမိုးမှုရှိပုံရပြီး တောထဲ၌ နွားသငယ် ရုပ်တုကို ပြုလုပ်ကြသည်။ (ထွက် ၃၂း၄) ကျွသရေလ လူတို့သည် ဤအီဂျစ်ဘုရားကို ကိုးကွယ်ခဲ့သည်။ (ယေဇ ၂၀း၆–၁၇)

ထပ်မံ၍ ဘုရားသခင်သည် မိမိလူတို့နှင့် အီဂျစ်တို့ကို ခွဲခြားခဲ့သည်။ အီဂျစ်တို့၏ တိရစ္ဆာန် သေဆုံးသော်လည်း ကျွသရေလတို့၏ တိရစ္ဆာန်များ မသေကြပါ။ ထာဝရဘုရားသည် ကျွသရေလလူတို့၏ တိရစ္ဆာန်နှင့် အဲဂုတ္တု လူတို့၏ တိရစ္ဆာန်ကို ခြားနားစေသဖြင့်၊ ကျွသရေလအမျိုးပိုင်သော တိရစ္ဆာန် တစ်ကောင်မျှမသေရ။ နက်ဖြန်နေ့၊ အဲဂုတ္တုပြည်၌ ထိုအမှုကို ထာဝရ ဘုရားပြုတော်မူမည်ဟု မှန်သောအချိန်ကို ချိန်းချက်တော်မူပြီဟု ဟောပြောလူတို့၏ ဘုရားသခင် ထာဝရဘုရားမိန့်တော်မူသည် အကြောင်းကို ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ နက်ဖြန်နေ့၌ ထိုအမှုကို ပြုတော်မူသဖြင့်၊ အဲဂုတ္တု လူတို့၏ တိရစ္ဆာန်အမျိုးမျိုး သေကြ၏။ ကျွသရေလတို့၏ တိရစ္ဆာန်တစ်ကောင်မျှ မသေ။ ဖါရောဘုရင်သည် လူကို စေလွှတ်၍၊ ကျွသရေလအမျိုးတို့၏ တိရစ္ဆာန် တစ်ကောင်မျှ မသေကြောင်းကို သိရ၏။ သို့သော်လည်း နှလုံးခိုင်မာပြန်၍၊ ကျွသရေလလူတို့ကို မလွှတ်ဘဲ နေလေ၏ ထွက် ၉း၄–၇။ ဘုရားသခင်သည် ကျွသရေလလူမျိုးတို့အား အီဂျစ်ပြည်၏ မှားယွင်းသောဘုရားများထက် စစ်မှန်သောဘုရားသခင်ကိုသာ ကိုးကွယ်ရန် ပိုကောင်းကြောင်းကို ပြသ နေသည်။

### ၆။ အနာစိမ်းများ (၉း၈–၁၂)

ဆဋ္ဌမကပ်ဘေးမှာ အနာစိမ်းများဖြစ်သည်။ ''ထာဝရဘုရားကလည်း၊ မီးဖိုထဲက ပြာကို လက်နှင့်ယူ၍ မောရှေသည် ဖါရောဘုရင်ရှေ့၌ မိုးကောင်းကင်သို့ ပစ်လွှင့်စေ။ ထိုပြာသည် အဲဂုတ္တုပြည်တစ်လျှောက်လုံး၌ ပြန့်နှံ့သော အမှုန့်ဖြစ်၍၊ ပြည်တစ်လျှောက်လုံးတွင် လူနှင့် တိရစ္ဆာန်တို့၌ အခဲအကျိတ်

ပြည့်သော အနာဆိုးဖြစ်လိမ့်မည်ဟု မောရှေနှင့် အာရုန်တို့အား မိန့်တော်မူသည့် အတိုင်း၊ သူတို့သည် မီးဖိုထဲက ပြာကိုယူ၍၊ ဖါရောဘုရင်ရှေ့မှာ ရပ်လျက်၊ မောရှေသည် မိုးကောင်းကင်သို့ ပစ်လွှင့်သဖြင့်၊ ထိုပြာသည် လူနှင့်တိရစ္ဆာန်တို့၌ အခဲအကျိတ်ပြည့်သော အနာဆိုးဖြစ်လေ၏'' (ထွက် ၉း၈–၁၀)။

အနာစိမ်းဘေးသည် သူတို့၏ အသွေးအသားကို တိုက်ခိုက်သောကြောင့် အထူးသဖြင့် နာကျင်သောတရားစီရင်ခြင်းဖြစ်သည်။ အီဂျစ်လူမျိုးတို့သည် သူတို့၏ ရှေးဟောင်း အနုပညာ လက်ရာများက ဖော်ပြနေသလိုပင် ကာမဂုဏ် ခံစား၍ အကျင့်ပျက်ပြား ကြသည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့၏ ကာမဂုဏ်လိုက်စားလိုခြင်းနှင့် အကျင့် ပျက်ပြားခြင်းတို့အား တရားစီရင်သည်။

မျက်လှည့်ဆရာများသည်လည်း အနာစိမ်းပေါက်သောကြောင့် မောရှေ ရှေ့မှာပင် မရပ်နိုင်ကြတော့ချေ။ ဤသို့ဖြစ်ပြီးသောအခါတွင်လည်း ဖါရောသည် ဘုရားသခင်ရှေ့တွင် နှိမ့်ချခြင်းမရှိချေ။ ထွက်မြောက် ၉း၁၁–၁၂ တွင် တွေ့ရသည်မှာ ''ဝိဇ္ဇာဆရာတို့သည် အနာဆိုးကြောင့်၊ မောရှေရှေ့မှာ မရပ်မနေနိုင်။ ထိုအနာဆိုးသည် ဝိဇ္ဇာဆရာတို့၌၎င်း၊ အဲဂုတ္တုလူအပေါင်းတို့၌ ၎င်းစွဲသတည်း။ ထာဝရဘုရားသည် ဖါရောဘုရင်၏ နှလုံးကို ခိုင်မာ စေတော်မူသည်ဖြစ်၍၊ မောရှေအား မိန့်တော်မူသည်အတိုင်း၊ သူတို့စကားကို နားမထောင်ဘဲနေလေ၏။''

## ၇။ မိုးသီးများ (၉း၁၃-၃၅)

သတ္တမကပ်ဘေးမှာ မီးနှင့် ရောသော မိုးသီးဖြစ်သည် (ဆာ ၇၈း၄၇) ဤအရာသည် အီဂျစ် လူမျိုးတို့ကိုးကွယ်သော စိုက်ပျိုးရေးကို တရားစီရင်ခြင်း ဖြစ်သည်။ သူတို့သည် အိုစီရစ်ခေါ် မီးဘုရားကိုလည်း ကိုးကွယ်ကြသည်။ လယ်ပြင်ရှိ သစ်ပင်များနှင့် အပင်များ၊ တရားစီရင်ချိန်တွင် လယ်ပြင်၌ ရှိနေကြသော လူနှင့် တိရစ္ဆာန်များသေဆုံးကြသည်။

ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ လူတို့ပေါ်မှာ၎င်း၊ တိရစ္ဆာန်တို့ပေါ်မှာ၎င်း၊ လယ်ပြင်၌ ရှိလေသမျှသော အပင်များပေါ်မှာ၎င်း၊ မိုးသီးရွာစေခြင်းငှါ၊ သင်၏လက်ကို မိုးကောင်းကင်သို့ ဆန့်လော့ဟု မောရှေ အား မိန့်တော်မူ၏။ မောရှေသည် မိမိလှံတံကို မိုးကောင်းကင်သို့ဆန့်၍၊ ထာဝရဘုရားသည် မိုးကြိုးနှင့် မိုးသီးကို လွှတ်တော်မူ၏။ မီးသည်လည်း မြေပေါ်မှာပြေးလေ၏။ ထိုသို့ထာဝရဘုရားသည် အဲဂုတ္တုပြည်၌ မိုးသီးရွာ စေတော်မူသဖြင့်၊ အဲဂုတ္တုပြည် တည်ထောင်သည်ကာလမှစ၍ တစ်ခါမျှ

မဖြစ်ဘူးသော မိုးသီး၊ မီးနှင့်ရောစ၍ အလွန်ပြင်းထန်သော မိုးသီးဖြစ်လေ၏။ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ လယ်ပြင်မှာရှိသမျှသော လူနှင့်တိရစ္ဆာန်များ၊ မြက်ပင်များ၊ သစ်ပင်များတို့ကို မိုးသီးထိလေ၏ (ထွက် ၉း၂၂–၂၅)။ ထာဝရဘုရားကို ကြောက်ရွံ့၍ သတိပေးချက်ကို တုန့်ပြန်သော သူတို့သည် အသက်ချမ်းသာရာရကြသည်။

သတိပေးချက်ကို နားမထောင်ဘဲ လယ်ပြင်တွင် ကျန်နေသောသူများ ပျက်စီးကြသည်။ ထိုကြောင့် ယခုစေလွှတ်၍၊ လယ်ပြင်၌ရှိသော တိရစ္ဆာန်များနှင့် ရှိလေသမျှတို့ကို သိမ်းယူလော့။ အိမ်သို့မဆောင်လျှင်၊ လယ်ပြင်၌ တွေ့သမျှသော လူနှင့်တိရစ္ဆာန်တို့ပေါ်မှာ မိုးသီးကျ၍ သူတို့သည် သေကြလိမ့်မည် အကြောင်းကို ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ကြောက်ရွံ့သော ဖါရောဘုရင်၏ ကျွန်တို့သည် မိမိကျွန်နှင့် မိမိတိရစ္ဆာန်တို့ကို အိမ်သို့ ပြေးစေကြ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ပမာဏမပြုသော သူတို့သည် မိမိကျွန်၊ မိမိတိရစ္ဆာန်တို့ကို လယ်ပြင်၌ ထားကြ၏ (ထွက် ၉း၁၉–၂၁)။

ဖါရောသည် မိမိအပြစ်ကို ဝန်ခံပြီး ဘုရားသခင် ဖြောင့်မတ်၍ သူနှင့် သူ့လူတို့ ဆိုးညစ်ကြောင်းကို ဝန်ခံခဲ့သည်။ ထိုအခါဖါရောဘုရင်သည် လူကိုစေလွှတ်၍၊ မောရှေနှင့်အာရုန်ကိုခေါ်ပြီးလျှင်၊ ဤအမှု၌ ငါပြစ်မှားပြီ။ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။ ငါနှင့်ငါ၏ လူတို့သည် အပြစ်များပါ၏။ တန်ပါပြီ။ အားကြီးသော မိုးကြိုးနှင့် မိုးသီးစဲမည်အကြောင်း၊ ထာဝရဘုရားကို တောင်းပန်ပါ။ သင်တို့ကို ငါမဆီးတား အလျင်အမြန် လွှတ်မည်ဟု ဆိုလေ၏ ထွက် ၉း၂၇–၂၈။ သို့သော် ကပ်ဘေးရပ်စဲသောအခါ ဖါရော နှလုံးသာ ပြန်ခိုင်မာ၍ ကွာသရေလလူတို့အား မလွှတ်ပေးချေ။ (ထွက် ၉း၃၄–၃၅)

## ၈။ ကျိုင်းကောင်များ (၁၀း၁–၂၀)

အဋ္ဌမကပ်မှာ ကျိုးကောင်များဖြစ်သည်။ (ဆာ ရ၈း၄၆) အီဂျစ်လူမျိုးတို့သည် အင်းဆက် ဘုရားဖြစ်သော စီဘီကို ကိုးကွယ်ကြသည်။

မောရှေသည် ဤဘုရားအပေါ်တွင် တန်ခိုးရှိပြီး ကျိုင်းကောင်များ တစ်ပြည်လုံးကို ဖုံးလွှမ်း၍ မိုးသီးက မဖျက်ဆီးခဲ့သော အရာအားလုံးကို ဝါးမျိုစေသည်။ ဘုရားသခင်သည် အီဂျစ်လူမျိုးတို့၏ အစာရေစာကို ပြတ်တောက်သဖြင့် သူတို့ဆာလောင်မွတ်သိပ်ကြသည်။

မြည်းမ၌ အဦးဖွားသောမြည်းသူငယ်ကို၊ သိုးသူငယ်နှင့် ရွေးရမည်။ မရွေးလိုလျှင်၊ မြည်းသူငယ်လည်ပင်းကို ချိုးရမည်။ လူသားတို့တွင် သားဦးအပေါင်းကို ရွေးရမည်။ နောင်ကာလ၌ သင်၏ သားကလည်း၊ အဘယ်သို့နည်းဟု မေးမြန်းလျှင်၊ သင်ကလည်း ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ၊ ထာဝရဘုရားသည် အားကြီးသောလက်တော်ဖြင့် ငါတို့ကို နှုတ်ဆောင်တော်မူ၏။ ဖါရောဘုရင်သည် ငါတို့ကို အလွယ်တကူ မလွှတ်ဘဲနေသောအခါ၊ အဲဂုတ္တုပြည်၌ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏။ ထိုကြောင့် အဦးဖွားသော တိရစ္ဆာန် အထီးရှိသမျှတို့ကို ထာဝရဘုရားအား ယဇ်ပူဇော်ရမည်။ ကိုယ်သားတို့တွင် သားဦးကို ရွေးရမည်ဟု ပြန်ဆိုရမည် (ထွက် ၁၃း၁၃–၁၅)။

ထွက်မြောက် ၁၀း၇ တွင် ဖါရောဏ်အရာရှိများက ဣသရေလလူမျိုးများကို လွှတ်ပေးရန် တောင်းပန် ကြသည်။ ဖါရောသည် ဟေဗြဲ ကလေးငယ်များ အီဂျစ်ပြည်တွင် နေရစ်ရမည်ဆိုသောအချက်ဖြင့် ဣသရေလလူမျိုးတို့ကို လွှတ်ပေးမည်ဟု မောရှေအား ကမ်းလှမ်းသည်။ (ထွက် ၁၀း၈–၁၁)

## ၉။ မှောင်မိုက်ခြင်း (၁၀း၂၁–၂၃)

နဝမကပ်ဘေးမှာ သုံးရက်ပတ်လုံး အီဂျစ်ပြည်တွင် အမှောင်ထုကျရောက်ပြီး ဣသရေလလူမျိုးတို့တွင် အလင်းရှိသည်။ တစ်ဖန် ထာဝရဘုရားက၊ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ မှောင်မိုက်သာညမဟုတ်၊ စမ်းသပ်၍ တွေ့ရသော မှောင်မိုက်ဖြစ်စေခြင်းငှါ၊ သင်၏ လက်ကို မိုးကောင်းကင်၌ ဆန့်လော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ မောရှေသည် မိမိလက်ကို မိုးကောင်းကင်သို့ဆန့်၍၊ အဲဂုတ္တုပြည် တစ်လျှောက်လုံး၌ ထူထပ်သော မှောင်မိုက်သည် သုံးရက်ပတ်လုံးဖြစ်လေ၏။ ထိုအခါ တစ်ယောက်ကို တစ်ယောက်မမြင်နိုင်ကြ။ သုံးရက်ပတ်လုံး အဘယ်သူမျှ မိမိနေရာမှမထရကြ။ သို့ရာတွင် ဣသရေလ အမျိုးတို့သည်၊ မိမိတို့နေရာ၌ အလင်းကို ရကြ၏ (ထွက် ၁၀း၂၁–၂၃)။

အီဂျစ်ပြည်၏ အဓိက ဘုရားတစ်ဆူမှာ 'ရာ' (Ra) ဟု ခေါ်သော နေဘုရား ဖြစ်သည်။ သူတို့သည် အခြားဘုရားထက်နေ ဘုရားကိုပို၍ ကိုးကွယ်ကြသည်။ ဖါရော၏ အမည်မှာလည်း ''နေ'' ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် အီဂျစ်ပြည်အပေါ် အမှောင်ထုကို ကျရောက်စေသောအခါ နေဘုရား၏ တန်ခိုးကို ချိုးဖျက်လိုက်သည်။

**၁၀။ သားဦးများကို သတ်ခြင်း (ထွက် ၁၂)**

ဒသမ ကပ်ဘေးမှာ အီဂျစ်သားဦးများကို သတ်ခြင်းဖြစ်သည်။ အကြောင်းမူကား၊ ယနေ့ညဥ့်တွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးနှင့် တိရစ္ဆာန်တို့၏ သားဦးအပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏။ သိုးသူငယ်၏သွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏ လက္ခဏာသက်သေဖြစ်၍၊ ထိုသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါလွန်သွားမည်။ ထိုသို့ အဲဂုတ္တုပြည်ကို ငါသည် ဒဏ်ခတ်သောအခါ၊ ဖျက်ဆီးခြင်း ဘေးဥပဒ်သည် သင်တို့ကို မသင့်ရောက်ရ (ထွက် ၁၂း၁၂–၁၃)။ သန်းခေါင်အချိန်၌ ထာဝရဘုရားသည် နန်းထိုင်သော ဖါရောဘုရင်၏ သားဦးမှစ၍ ထောင်ထဲမှာ ချုပ်ခံရသောသူ၏ သားဦးတိုင်အောင်၊ အဲဂုတ္တုပြည်၌ သားဦးရှိသမျှကိုင်း၊ တိရစ္ဆာန်တို့၏ သားဦးရှိသမျှကိုင်း ဒဏ်ခတ်တော်မူ၏။ ထိုညဥ့်တွင် ဖါရောဘုရင်နှင့် သူ၏ ကျွန်များ၊ အဲဂုတ္တုလူများတို့သည် ထကြ၍၊ အသေကောင်ကင်းသော အိမ်တစ်အိမ်မျှ မရှိသောကြောင့်၊ အဲဂုတ္တုပြည်၌ ကြီးစွာသော ငိုကြွေးခြင်း ဖြစ်လေ၏ (ထွက် ၁၂း၂၉–၃၁)။

အီဂျစ်ပြည်၏ သားဦးများနှင့် တိရစ္ဆန်များကို ဘုရားသခင်သတ်ပြီး ဖါရော၏ သားဦးကိုလည်း သတ်သည်။ သားဦးများကိုသတ်ခြင်း၏ ရည်ရွယ်ချက်ကား အဘယ်နည်း။ ဣသရေလသည် ဘုရားသခင်၏ သားဦးဖြစ်ပြီး ဖါရောက သူတို့ကို လွှတ်မပေးချေ။ ဘုရားသခင်သည် ဖါရောအား ''ငါ့သားကို သင်မလွှတ်ပါက သင့်သားဦးများကို ငါသတ်မည်။'' ထို့ကြောင့် ဤစီရင်ခြင်းသည် သားဦးများကို လဲလှယ်ခြင်းဖြစ်သည်။ ထို့ကြောင့် သားဦးများ အလှဲအလှယ် ပြုခြင်းရှိသည်။ ဤအရာကား ကပ်ဘေးတို့၏ နောက်ကွယ်မှာရှိသော အဓိက အကြောင်းရင်းအတွက် အကြံဉာဏ် ရရှိစေသည်။ ထိုအရာကတော့ ဘုရားသခင်၏ အားကြီးသော တန်ခိုးကို ပြရန် နှင့် သူတို့၏ဘုရားများကို ကိုင်တွယ် ဖြေရှင်းပြီး သူတို့ တန်ခိုးများကို ချိုးဖျက်ဖို့ ဖြစ်သည်။

**ကပ်ဘေးဆယ်ပါးအားဖြင့် ဘုရားသခင် တရားစီရင်သော အီဂျစ်ဘုရားများ**

| | |
|---|---|
| ကပ်ဘေး | မှားယွင်းသောဘုရားကို တရားစီရင်ခြင်း |
| ရေကိုသွေးဖြစ်စေခြင်း | နိုင်းမြစ် |
| ဖားများ | ဖားဘုရား |
| ခြင်ကောင်းများ | မြေ |
| ယင်ရဲများ | ဗေလဇေဗုလ၊ ယင်ရဲများ၏ သခင် |
| အနာရောဂါဆိုး | ကျွဲနွားဘုရား |
| အနာစိမ်း | ကာမဂုဏ်ခံစားခြင်း၊ လိင်ဘုရား |
| မိုးသီး | စိုက်ပျိုးရေးဘုရားနှင့် အိုမီးရစ်မီးဘုရား |
| ကျိုင်းကောင် | စီဘီ၊ အင်းဆက်ဘုရား |
| အမှောင်ထု | ‘ရာ’၊ နေဘုရား |
| သားဦးများကိုသတ်ခြင်း | သူတို့၏သားဦးများ |

**ဖါရော၏ အပေးအယူလုပ်ရန် ကမ်းလှမ်းချက်လေးခု**

ဖါရောသည် ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်ခွာရန် ကမ်းလှမ်းချက် လေးခုပေးပြီး လေးခုစလုံးတွင် အခြေအနေ တစ်ခုပါဝင်နေသည်။ စာတန်သည် ဘုရားသခင်၏ လူတို့ကို ကျော့မိစေရန် မသိမသာ နည်းလမ်းများဖြင့် အပေးအယူလုပ်စေသည်။ ကျွန်ုပ်တို့ ကောင်းစွာ ပြုရမည်။ ထို့နောက် လိုက်နာ စောင့်ထိန်းပြီး တာဝန်ယူလုပ်ဆောင်ရန် မှတ်ထားရမည်။

**၁။ ဖါရောသည် ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်တွင် ဘုရား သခင်ကို ဝတ်ပြုစေရန် ကမ်းလှမ်းသည်။** ထိုအခါ ဖါရောဘုရင်သည် မောရှေနှင့် အာရုန်ကိုခေါ်ပြီးလျှင်၊ သင်တို့သည် ဤပြည်၌ သင်တို့၏ ဘုရားသခင်အား ယဇ်ပူဇော်သွားကြလော့ဟု မိန့်တော်မူသော်၊ (ထွက် ၈း၂၅) မောရှေက ထွက် ၈း၂၆ တွင် တုန့်ပြန်ခဲ့သည်။ မောရှေက ထိုသို့မပြုသင့်။ ပြုလျှင် အဲဂုတ္တုလူတို့၏ ရွံရှာဖွယ်သောအရာကို အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ရပါမည်။ အဲဂုတ္တုလူတို့၏ ရွံရှာဖွယ်သောအရာကို သူတို့မျက်မှောက်၌ ယဇ်ပူဇော်လျှင်၊ သူတို့သည် အကျွန်ုပ်တို့ကို ခဲနှင့်ပစ်ကြလိမ့်မည် မဟုတ်လော။ စာတန်က ရွေးနှုတ်ခံပြီးသူအား ထို ‘မြေ ’ (သို့) အဲဂုတ္တုပြည် (လောကထဲ)၌ နေရန် တိုက်တွန်းသည်။ ဝိညာဉ်ရေး သင်ခန်းစာမှာ စာတန်သည် ခရစ်ယာန်တို့အား လောကထဲတွင် ဘုရားသခင်ကို အစေခံစေ

လိုသည်။ ကျွန်ုပ်တို့လောကထဲတွင်နေပါက လောကကြောင့် ပျက်စီးစေပြီး ဘုရားသခင်၏ စာရိတ္တစံနှုန်းများအား အပေးအယူလုပ်လိမ့်မည်ဟု စာတန် သိပေမည်။ ''သင်တို့သည် ဘုရားမဲ့ဖြစ်စဉ်က သူတစ်ပါး သွေးဆောင် သဖြင့်၊ စကား မပြောနိုင်သော ရုပ်တုရှိရာသို့ ပါသွားသောသူဖြစ်ကြောင်းကို သင်တို့ သိကြ၏'' (ရော ၁၂း၂)။

**၂။ ဖါရောသည် ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ထွက်၍ ခွင့်ပေးသော်လည်း ဝေးဝေးမသွားရန် ကမ်းလှမ်းသည်။** ဖါရောဘုရင်က လည်း၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားအား၊ တောဌယဇ်ပူဇော်မည် အကြောင်း၊ သွားရသောအခွင့်ကို ငါပေးမည်။ သို့ရာတွင် ဝေးဝေးမသွားရကြ။ ငါ့အဖို့ တောင်းပန်လော့ဟု မိန့်တော်မူ၏ ထွက် ၈း၂၈။ စာတန်သည် ကျွန်ုပ်တို့အား လောကထဲတွင် မထိန်းထားနိုင်သောအခါ လောကနှင့်နီးကပ်စွာ နေရန် သွေးဆောင်သည်။ ဒေမသည် ဤလောက၏ အရာများနှင့် အပြည့်အဝ ခွဲခွာခဲ့ခြင်း မရှိသောကြောင့် တချိန်တွင် လောကထဲသို့ ပြန်လည်သွေးဆောင် ခံရတော့သည်။ ငါ့ထံသို့မြန်မြန်လာခြင်းငှါ ကြိုးစားလော့။ အကြောင်းမူကား၊ ဒေမသည် ယခုဘဝကို နှစ်သက်သောစိတ်ရှိသည်နှင့် ငါ့ကိုစွန့်ပစ်၍၊ သက်သာလော နိတ်မြို့သို့ သွားပြီ။ ကရက္ကေသည် ဂလာတိပြည်သို့၎င်း၊ တိတုသည် ဒါလမာတိပြည်သို့၎င်း သွားပြီ (၂တိ ၄း၁၀)။

**၃။ ဖါရောသည် ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ထွက်ခွာခွင့် ပေးသော်လည်း သူတို့ မိန်းမများနှင့် ကလေးများအား အီဂျစ်ပြည်တွင် နေရစ်စေရန် ကမ်းလှမ်းသည်။** မောရှေနှင့်အာရုန်ကို တစ်ဖန် ဖါရော ဘုရင်ထံသို့ သွင်းပြန်၍၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားအား ဝတ်ပြုခြင်းငှါ သွားကြ လော့။ သို့ရာတွင် သွားရသောသူတို့သည် ဘယ်သူနည်းဟု မေးလျှင်၊ မောရှေက၊ အကျွန်ုပ်တို့သည် သူငယ်၊ သူအို၊ သားသမီး၊ သိုး၊ နွားပါလျက် သွားပါမည်။ အကြောင်းမူကား၊ ထာဝရဘုရားရှေ့တော်၌ ပွဲခံရပါ မည်ဟု ပြန်ဆိုလေသော်၊ ဖါရောမင်းက သင်တို့နှင့် သူငယ်များကို ငါလွှတ်သည်အတိုင်း၊ ထာဝရဘုရားသည် သင်တို့၌ရှိစေသော။ သတိပြု၊ မကောင်းသော အကြံကို ကြံကြသည်တကား။ ထိုသို့မဖြစ်ရာ။ အရင်တောင်းလျှောက်သည် အတိုင်း၊ ယောကျ်ားဖြစ်သော သူတို့သာသွား၍ ထာဝရဘုရားအား ဝတ်ပြုကြဟု မိန့်တော်မူသဖြင့် သူတို့ကို အထံတော်မှနှင်ကြလေ၏ ထွက် ၁၀း၈–၁၁။

ပထမ အပေးအယူနှစ်ခုကို ကမ်းလှမ်း၍ မအောင်မြင်သောအခါ စာတန် သည် ကျွန်ုပ်တို့မိသားများအား လောကထဲတွင် ထားရစ်ရန် လှည့်စားတတ်

သည်။ ခရစ်ယာန်များစွာနှင့် အမှုတော်ဆောင်များပင်လျှင် မိမိတို့ ဘုရားဝတ်၌ မွေ့လျော်သော်လည်း သားသမီးတို့အား လောကီဆန်ရန် ခွင့်ပြု ကြသည်။ အချို့မိဘတို့သည် သားသမီးတို့၏ ဝိညာဉ်ရေးကောင်းစားမှုကို ပဓါနမထားပဲ သားသမီးတို့ လောကီကောင်းစားရေးကို ဦးစားပေးတတ်ကြသည်။

**၄။ ဖါရောသည် သိုး၊ နွားများမပါဘဲ ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ထွက်သွားရန် ကမ်းလှမ်းသည်။** ထိုအခါ ဖါရောဘုရင်သည် မောရှေနှင့် အာရုန်ကိုခေါ်၍ ထာဝရဘုရားအားဝတ်ပြုခြင်းငှါ သွားကြလော့။ သို့ရာတွင် သိုး၊နွားများကို ထားခဲ့ကြစေ။ သူငယ်များကိုခေါ်ကြစေဟု မိန့်တော်မူ၏ ထွက် ၁၀း၂၄။ ဖါရော၏ စတုတ္ထမြောက်အပေးအယူလုပ်ရန် ကမ်းလှမ်းချက်က ဣသရေလလူမျိုးတို့အား သားသမီးများကို ခေါ်ဆောင် ခွင့်ပေးသော်လည်း သိုးနွားများကို ချန်ထားစေသည်။ သိုးနွားများမရှိပါက ဣသရေလလူမျိုးတို့သည် ဘုရားသခင်အား ယဇ်ပူဇော် စရာ ဘာမှရှိမည် မဟုတ်ပါ။ ဤအရာသည် ဤလူ့ဘဝ၏ အရေးကိစ္စများနှင့် အလုပ် ရှုပ်လွန်း သဖြင့် ဘုရားသခင်အား ပေးလှူစရာအချိန်၊ ခွန်အား (သို့) ပစ္စည်းဉစ္စာမရှိခြင်းကို ပုံဆောင်သည်။

## ၈။ ပသခါပွဲကို စတင်ကျင့်သုံးခြင်း

နိဒါန်းတွင် ပြောခဲ့သလိုပင် ဣသရေလခရီးစဉ်နှင့် ကျွန်ုပ်တို့အသက်တာ ဆက်စပ်ပုံကို လေ့လာရာတွင် ပွဲတော်ခုနှစ်ခုကို ဖေါ်ထုတ်ခဲ့သည်။ ယုံကြည်သူ များသည် ဝိညာဉ်ပိုင်းတွင် ထိုပွဲတော်များကို ကျင်းပကြရမည်။ ဘုရားသခင်သည် သားဦးများကို သတ်သောဆယ်ခုနှင့် နောက်ဆုံးကပ်ဘေး မတိုင်မှီတွင် ပသခါ ပွဲတော်ကို စတင်ကျင်းပစေသည်။ အီဂျစ်ပြည်သည် သေမင်းပြည်ဖြစ်သည်။ ပသခါပွဲသည် သိုးသငယ်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်းခံရပုံကို ပုံဆောင်နေသည်။ တံခါးတိုင်မှာ သုတ်ထားသော အသွေးသည် ဟေဗြဲလူတို့၏ အသက်ကို ကယ်ဆယ်ပေးသည်။ သေခြင်းအတွက် ဖြေဆေးမှာ သိုးသငယ် သွန်းသော အသွေးဖြစ်သည်။

ပသခါပွဲတော်အကြောင်းပြောပြရာတွင် ယုံကြည်သူများအတွက် ကျင့်သုံ းစရာကို စဉ်းစားလို ပါသည်။ ပသခါပွဲတွင် ဝိညာဉ်ရေးသင်ခန်းစာနှင့် သင်္ကေတများစွာ ပါဝင်သည်။ တစ်နည်းကား၊ ပညတ်တရားသည် နောက် ဖြစ်လတံ့သော မင်္ဂလာအကျိုးတို့၏ သေချာသော ပုံသဏ္ဍာန်ကိုမပြ၊ အရိပ်ကိုသာ ပြသည်ဖြစ်၍၊ နှစ်စဉ်မပြတ် ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ ချဉ်းကပ်သော သူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ရာ

(ဟေဗြဲ ၁၀း၁)။ ကျမ်းစာပုံနှင့် သင်္ကေတများသည် သမ္မာတရား၏ ပုံရိပ်များဖြစ်ကြသည်။ အရိပ်သည် ရုပ်ပုံအစစ်၏အခြေခံ အောက်ပိုင်းနှင့် သွင်ပြင်ကိုပေးနေသော်လည်း တိကျသော ပုံရိပ်မဟုတ်ပါ။ သူတို့က အမြဲတမ်း တိကျတာတော့ မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပုံဆောင်ချက်တစ်ခုကို လိုသည်ထက် ပို၍ မစဉ်းစားရန် သတိပြုရမည်။

ပသခါပွဲကို ပထမလတွင် ကျင်းပကြသည်။ ဤလသည် သင်တို့၌ လဦးတည်းဟူသော နှစ်စဉ်တွင် ပထမလဖြစ်ရမည် (ထွက် ၁၂း၂)။ ဤအချက်က ကျွန်ုပ်တို့ ဒုတိယမွေးခြင်းခံသည့် အချိန်မှစ၍ ပသခါပွဲကို ကျင်းပ ကြောင်းပြောဆိုနေသည်။ ကျွန်ုပ်တို့တွေ့ရှိခဲ့ပြီးသလိုပင် ပသခါပွဲသည် သိုးသငယ်၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းရရှိခြင်းကို ပုံဆောင်သည်။ ကယ်တင်ခြင်း (သို့) ပသခါပွဲ၌ ခရစ်ယာန်အတွေ့အကြုံစတင်သည်။

ထွက် ၁၂း၃ သင်တို့သည် ဣသရေလ အမျိုး ပရိသတ်အပေါင်းတို့ကို မှာထားရသော စကားဟူမူကား၊ ဤလဆယ်ရက်နေ့၌ သင်တို့ရှိသမျှသည် မိမိအိမ်ထောင်အသီးအသီးအတိုင်း တအိမ်ထောင်လျှင် သိုးသငယ် တကောင်စီ ယူရမည်။ ဣသရေလ လူမျိုးများသည် ပထမလ ဆယ်ရက်နေ့တိုင်းတွင် တအိမ်ထောင် သိုးတစ်ကောင်စီ ယူရကြသည်။ ''ဆယ်'' ဂဏာန်း၏ အဓိပ္ပါယ်သည် ကျမ်းစာနံပါတ်အရကြည့်လျှင် ပညတ်ကို ပုံဆောင်သည့် ဆယ်ရက်နေ့တွင် သိုးကို ယူခြင်းက ပညတ်တော်ပြည့်စုံခြင်းကို ဆိုလိုသည်။ ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည် မဟုတ်။ ပြည့်စုံခြင်းငှါ ငါလာသတည်း (မဿဲ ၅း၁၇)။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ပသခါ သိုးသငယ်ဖြစ်ပြီး ဓမ္မဟောင်း၏ပညတ်တရားကို ပြည့်ဝစေသည်။

ပသခါသိုးသည် အပြစ်အနာဆာကင်းရသည်။ သိုးသငယ်ဖြစ်စေ၊ ဆိတ်သူငယ်ဖြစ်စေ၊ သင်တို့ယူသောအကောင်သည် အပြစ်မပါ၊ အခါမလည် သော အထီးဖြစ်ရမည် (ထွက် ၁၂း၅)။ ကျွန်ုပ်တို့၏ ပသခါ သိုးသငယ်ယေရှုသည် အပြစ်နှင့် ကင်းစင်သည်။ ကိုယ်တော်သည် လောက၏ အပြစ်အတွက် စုံလင်သော အပြစ်ကင်းသည့် ယဇ်ဖြစ်သည်။ ''အဘယ်အပြစ်မျှ မရှိ၊ အညစ်အကြေးနှင့် ကင်းစင်သောသိုးသူငယ်၊ ခရစ်တော်၏ အသွေးတော် မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့'' (၁ပေ ၁း၁၉)။

အပြစ်ကင်းသောဘုရားသခင်၏ သိုးသငယ်သည် ကျွန်ုပ်တို့၏ အပြစ်များကို မိမိအပေါ် ယူဆောင်သွားသည်။ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရား

သခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည် အကြောင်းတည်း (၂ကော ၅း၂၁)။ ယေရှုသည် ကျွန်ုပ်တို့နည်းတူ အဖက်ဖက်မှ စုံစမ်းခြင်းခံရသော်လည်း အပြစ် မကျူးလွန်ခဲ့ပါ။ ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲ ဒုက္ခများကြောင့် မကြင်နာနိုင်သော သူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုး သော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏ (ဟေဗြဲ ၄း၁၅)။ (ဟေဗြဲ ၉း၂၈)

ပသခါသိုးသငယ်၏ အရိုးကို မချိုးရဟု ထွက် ၁၂း၄၆ တွင် တွေ့ရသည်။ တစ်အိမ်တည်း၌ တစ်ကောင်ကို စားရ၏။ အသားကို အိမ်ပြင်သို့ ယူမသွားရ။ အရိုးကိုလည်း မချိုးရ။ ရှေးကာလတွင် သိုးထိန်းများသည် စကားနားမထောင်ဘဲ လမ်းလွဲတတ်သောသိုးများ နောက်တဖန် လျှောက်မသွားစေရန် ခြေထောက်ကို ချိုးလေ့ရှိသည်။ ခြေထောက်ချိုးခြင်းသင်္ကေတမှာ စကားနားမထောင်ခြင်း ဖြစ်သည်။

ဤအရာသည်လည်း ယေရှုကို ကြိုတင်ပရောဖက်ပြုခြင်းဖြစ်သည်။ လူတို့ ပြုတတ်သောပရိယာယ်နှင့်ကင်းလွတ်စေခြင်းငှါ၊ ကျိန်းဝပ်တော်မူရာအတွင်း အရပ်၌ ထိုသူတို့ကို ဝှက်ထားတော်မူ၏။ ရန်တွေ့ခြင်းအသံကို ကွယ်ကာလျက်၊ တဲတော်တွင် သူတို့ကို စောင်မတော်မူ၏။ (ဆာလံ ၃၄း၂၀)။ ယော ၁၉း၃၃–၃၆) ကိုယ်တော်သည် ပသခါသိုးသငယ်၏ အချက်များအားလုံးကို ပြည့်ဝစေသည်။

ထိုသိုးသူငယ်တို့ကို ထိုလ ဆယ့်လေးရက်တိုင်အောင် စောင့်ထားပြီးမှ၊ ညဦးအချိန်၌ ဣသရေလအမျိုးအစုအဝေး ပရိတ်သတ်အပေါင်းတို့သည် သတ်ရကြမည် (ထွက် ၁၂း၆)။ ဆယ်ရက်နေ့တွင် သိုးကိုယူ၍ ဆယ့်လေးရက်နေ့ ညနေတွင် သတ်ရသည်။ ထိုလေးရက်တာအတွင်း ထိုသိုးသူငယ်သည် အနာအဆာ ကင်းကြောင်း သေချာဘို့ စစ်ဆေးရမည်။ ပသခါသိုးသငယ် ယေရှုကို အနုတ်၊ ကာယဖ၊ ဟေရုဒ်နှင့် ပိလတ်မင်းဆိုသော လူလေးဦးက စစ်ဆေးကြသည်။ ကိုယ်တော့်တွင် အပြစ် ရှာမတွေ့ကြပါ။ အလားတူပင် ကျွန်ုပ်တို့ကို ဤလောက၊ အသင်းတော်၊ စာတန်နှင့် ကိုယ်တော်၏ စစ်ဆေးခြင်း ကို ကျွန်ုပ်တို့ ခံရလိမ့်မည်။

ထွက် ၁၂း၆ က ဣသရေလလူမျိုးတို့အားလုံးက ပသခါသိုးကို သတ်

ရသည်ဟု ဆိုသည်။ ယေရှုခရစ်ကို သတ်သူမှာ ဂျူးလူမျိုးတို့ဖြစ်သည်။ ပိလတ်မင်းကလည်း၊ သို့ဖြစ်လျှင် ခရစ် ဟု ခေါ်ဝေါ်သော ယေရှုကို ဘယ်သို့ ပြုရမည်နည်းဟု မေးပြန်သော်၊ ထိုသူအပေါင်းတို့က၊ သူသည် လက်ဝါး ကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံပါလေစေဟုဆိုကြ၏ (မဿဲ ၂၇း၂၂)။ ဂျူးလူမျိုး တို့က သူ့ကိုလက်ဝါးကားတိုင်တွင် ရိုက်ထားပါဟုဆိုကြသည်။ ထိုတစ်ချိန် တည်းမှာ ပင်၊ အခြားပွဲတစ်ခုကိုလည်း အတည်ပြုတည်ထောင်ခဲ့သည်။ တဆေး မပါသော မုန့်ပွဲဖြစ်သည်။ ဤပွဲတော် နှစ်ခုကို ဆက်တိုက်စောင့်ထိန်းရမည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ထာဝရ နှင့် ဆက်စပ်သော သမ္မာတရား ဖြစ်ပြီး မျိုးစဉ်ဆက်တိုင်းအတွက် အကျုံးဝင်သည်။

ဣသရေလလူမျိုးတို့သည် သိုးသငယ်အသွေးကို ယူ၍ အိမ်တံခါးတိုင်တို့ကို သုတ်ကြသည်။ သိုးသူငယ်၏ အသားကို စားရသောအိမ်၏ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌၊ သိုးသူငယ်၏သွေးကို ယူ၍ထိုးရမည် (ထွက် ၁၂း၇)။ ခရစ်တော်၏ အသွေးတော်ကို လက်တွေ့မကျင့်သုံးပါက ကျွန်ုပ်တို့အတွက် အကျိုးမရှိပါ။

အသားကို မီးနှင့် ကင်ပြီးမှ၊ ထိုညဉ့်ချင်းတွင် တဆေးမပါသောမုန့်၊ ခါးသောဟင်းသီးဟင်းရွက်နှင့် စားရမည်။ အသားစိမ်းသည်ဖြစ်စေ၊ ရေနှင့် ပြုတ်သည်ဖြစ်စေ မစားရ၊ ခေါင်း၊ ခြေထောက်၊ အသည်း၊ နလုံးစသည် တို့နှင့်တကွ၊ မီးကင်ပြီးမှ စားရမည်။ နံနက်တိုင်အောင် ထိုအသားကို မကြွင်း စေရ။ အနည်းငယ်ကြွင်းလျှင် မီးနှင့်ရှို့ရမည် (ထွက် ၁၂း၈–၁၀)။ ဣသရေလ လူမျိုးတို့သည် သိုးသားကို မီးနှင့် ကင်၍ တဆေးမဲ့မုန့်၊ ခါးသောအရွက်နှင့် စားရန် ညွှန်ကြားခံရသည်။ သိုးသငယ်၏အသားကို မီးနှင့်ကင်ခြင်းက သိုး၏အဟာရအားလုံးကို မပျက်မယွင်းရှိစေသည်။ သိုးသငယ်၏ အသားနှင့် တဆေးမဲ့မုန့်သည် နှုတ်ကပတ်တော် ဖြစ်သည်။ ယေရှုသည် နှုတ်ကပတ်တော် လူ့ဇာတိ ခံယူခြင်း ဖြစ်သည်။ (ယော ၁း၁၄) အသက်မုန့်လည်းဖြစ်သည်။ သင်၏သွေးကို ဆုံးရှုံးသော်၊ သင်သေရလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အား သွေးကို သောက်ရန် မိန့်မှာသည်။ အဘယ်ကြောင့်ဆိုသော် သူ၏အသက်နှင့် သူ၏ဝိညာဉ်တို့သည် အသွေး၌ ရှိသည်။ ကျွန်ုပ်တို့သည် သူ၏အသားကို အမှန်တကယ် စားနေခြင်းမဟုတ်၊ သူ၏သွေးကို အမှန်တကယ် သောက် နေခြင်း မဟုတ်ပါ။ (ယော ၆း၃၅) ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏ အသားကို မစား၊ သွေးကို မသောက်လျှင် သင်တို့၌ အသက်မရှိ၊ (ယော ၆း၅၃)။ ကျွန်ုပ်တို့သည် ဘုရား၏နှုတ်ကပတ်တော်ကို စားသုံးရမည်။

(၁ကော၊ ၁၁း၂၃–၂၆)။

ပွဲတော်မင်္ဂလာတွင် ကိုယ်တော်၏ ခန္ဓာနှင့် အသွေးကို ပုံဆောင်သည့် မုန့်နှင့် စပျစ်ရည်ကို သုံးဆောင်ကြသည်။ နှုတ်ကပတ်တော်သည်လည်း လူဇာတိ အဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၄င်း၊ သစ္စာတော်နှင့်၄င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်တစ်ပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ (ယော ၁း၁၄)။ ပသခါသိုးသငယ်၏ အသားသည် နှုတ်ကပတ်တော်ကို ပုံဆောင်ပြီး နှုတ်ကပတ်တော်ကို စားသုံးရမည်။

ထွက် ၁၂း၁၁ တွင် ပသခါပွဲစားရမည်ပုံစံကို ဖေါ်ပြထားသည်မှာ အဘယ်သို့ စားရမည်နည်းဟူမူကား၊ ခါးစည်းကိုစည်းလျက်၊ ခြေနင်းကိုစီးလျက်၊ တောင်ဝေှးကို ကိုင်လျက် အလျင်အမြန်စားရမည်။ ထာဝရဘုရား၏ ပသခါ ဖြစ်သတည်း။

ဤအရာက ခရီးစဉ်တစ်ခုအတွက် ကြိုတင်ပြင်ဆင်ခြင်းကို ပုံဖော်နေခြင်း ဖြစ်သည်။ တိုက်ပွဲဝင်ရန် ပြင်ဆင်နေသော မည်သည့် ယောက်ျားမဆို ခရီးထွက်ရန် ပြင်ဆင်သည်။ ထို့ကြောင့် ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် လက်ခံသည့်အခါ ခရီးစဉ်တစ်ခုကို အစပြုပြီး ပန်းတိုင်တစ်ခုစီသို့ ဦးတည်သွားသည်။

မသေရအောင် ထိန်းသိမ်းကာကွယ်ခြင်းအလို့ငှါ၊ ဣသရေလ လူတို့သည် သိုးသူငယ်၏အသွေးကို လူတို့ အိမ်များ၌ သုတ်လိမ်းရသည်။ ထိုနည်းတူစွာ၊ ယုံကြည်သူများအနေဖြင့် ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့၏ အကာအကွယ် ဖြစ်သည်။ အသွေးသွန်းခြင်း မရှိဘဲ အပြစ် လွှတ်ခြင်းမရှိ။ ကျွန်ုပ်တို့၏ အပြစ်ကို ခွင့်လွှတ်ဖြေလွှတ်တာ ခရစ်တော်၏ အသွေးပင် ဖြစ်သည်။ (ဟေဗြဲ ၉း ၂၂)

ခုနှစ်ရက်ပတ်လုံး တဆေးမပါသော မုန့်ကို စားရမည်။ ပထမနေ့ရက်၌ တဆေးကို အိမ်များမှ ပယ်ရမည်။ ပထမနေ့မှစ၍ ခုနှစ်ရက်နေ့တိုင်အောင်၊ တဆေးပါသောမုန့်ကို စားသောသူမည်သည်ကား၊ ဣသရေလအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည် (ထွက် ၁၂း၁၅)။ တဆေးမဲ့မုန့် စားပွဲကိုပသခါပွဲနှင့်အတူ စတင်ပြုလုပ်ကြသည်။ (ထွက် ၁၂း၁၇၊ ဝတ်၂၃း၆)။

ဣသရေလလူမျိုးတို့သည် ပသခါပွဲကျင်းပရန် မှာကြားခံရပြီး (ထွက် ၁၂း၁၄) တဆေးမဲ့မုန့်စားပွဲ (ထွက် ၁၂း၁၇)ကိုလည်း မျိုးဆက်တိုင်း၌ ထာဝရကျင်းပစေသည်။ သူတို့သည် တဆေးမဲ့မုန့်ကို ခုနှစ်ရက် စားကြရသည်။ (တရားဟော ၁၆း၃–၈) ‘‘ခုနှစ်’’ ဂဏန်းသည် ‘‘ပြည့်စုံခြင်း’’ ကို ပုံဆောင်သည်။

တဆေးသည် အပြစ်၏ သင်္ကေတဖြစ်ပြီး (၁ကော ၅း၆–၈) ဟန်ဆောင်ခြင်း (လုကာ ၁၂း၁) နှင့် မှားယွင်းသောဩဝါဒ (မဿဲ ၁၆း၁၂) ၏ သင်္ကေတဖြစ်သည်။ ခုနှစ်သည် ကျွန်ုပ်တို့ဝိညာဉ်အသက်တာ၏ အစ၊ အဆုံးကို ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ခရစ်ယာန် အတွေ့အကြုံများ စစချင်းမှစ၍ ကျွန်ုပ်တို့၏ နေ့ရက်များ ကုန်ဆုံးသည့်တိုင်အောင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ် စစ်စစ်ကို ဖတ်ရမည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းရပြီးသောအခါ အသက်တာတလျှောက်လုံး ဖြူစင်သည့်နှုတ်ကပတ်တော်ကို စားသုံးရမည်။

ပထမနေ့မှစ၍ ဣသရေလအမျိုးတို့သည် တဆေးများကို အိမ်ထဲမှ ဖယ်ရှားကြရသည်။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်း ရသည်နှင့်တဆေး အားလုံးကို ဖယ်ရှာကြရမည်။ ကျွန်ုပ်တို့အသက်တာ သန့်ရှင်းစင်ကြယ်စေရာတွင် ကိုယ်တော် လုပ်ဆောင်ပေးသော်လည်း ကျွန်ုပ်တို့ ဖက်မှလည်း ကြောက်ရွံ့တုန်လှုပ်သော စိတ်နှင့် ကြိုးစားရမည်။ (ဖိလိ ၂း၁၂) အသက်တာနှင့် အိမ်များမှ အပြစ်အားလုံးကို ဖယ်ရှားရပေမည်။

မိမိနေအိမ်နှင့် အသက်တာတွင် ဘုရားမဲ့မဂ္ဂဇင်း၊ ရုပ်ပုံ၊ စာအုပ်၊ အနုပညာ ပစ္စည်းနှင့် တီဗီအစီအစဉ်များကို ဖယ်ရှားရမည်။ ဒါဝိဒ်က ''ကျွန်ုပ်ရှေ့တွင် မတရားသော အရာကို မထားပါ'' ဟု ဆိုသည်။ (ဆာ ၁၀၁း၃) စာအုပ်များကို လွန်စွာ သတိထားရမည်။ ဘာသာရေး စာအုပ်အပါအဝင် စာအုပ်များစွာတွင် ဝိညာဉ်ဆိုးများရှိသည်။ အချို့နိုင်ငံမှ အနုပညာပစ္စည်းများတွင် နတ်ဆိုး ပါဝင်သည်။ မကောင်းသော ရုပ်ပုံများကို ကြည့်သောအခါ ထိုမှတဆင့် နတ်ဆိုး ဝင်ရောက်ခွင့်ရရှိ တတ်သောကြောင့် မကောင်းသောရုပ်ပုံအားလုံးကို ဖျက်ဆီးရန် တောလည် ၃၃း၅၂ က ပညတ်ထားသည်။ ကယ်တင်ခြင်း ရသည်နှင့် တပြိုင်နက် အပြစ်ကို ဖယ်ရှားရန် အရေးကြီးသည်။

ဣသရေလလူမျိုးတို့သည် ဟုဿုပ်ပင်ကို သွေးထဲသို့ နှစ်၍ အိမ်၏ တံခါးတိုင်ကို သုတ်ရသည်။ ''ဟုဿုပ်ပင် ညွန့်တစ်စည်းကို ယူ၍ အင်တုံ၌ ထည့်သောသွေးထဲမှာ နှစ်ပြီးလျှင်၊ တံခါးထုပ်တံခါးတိုင်နှစ်ဘက် တို့ကို ထိုးသုတ်ကြလော့။ ထို့နောက် နံနက်တိုင်အောင် ဘယ်သူမျှ မိမိအိမ်တံခါးပြင်သို့ မထွက်သွားရ'' (ထွက် ၁၂း၂၂)။ ဟုဿုပ်ပင်သည် ပင်ငယ်ဖြစ်ပြီး ပန်းပွင့် ကလေးများစွာ ပွင့်သည်။ အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှါ၊ ဟုဿုပ်ပင်ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ်ကို မိုးပွင့်ထက် သာ၍ ဖြူစေခြင်းငှါ ဆေးကြောတော်မူပါ (ဆာလံ ၅၁း၇)။ ကျမ်းစာထဲတွင် ဟုဿုပ်ပင် သည် ဆေးကြောခြင်းနှင့် ဒွန်တွဲနေသည်။ ထို့ကြောင့် သွေး၌နှစ်သော ဟုဿုပ်

ပင်သည့် ယေရှု၏ အသွေးတော်က သန့်ရှင်းစေကြောင်းကို ကိုယ်စားပြုသည်။

ခရစ်တော်၏ အသွေးတော်တန်ခိုးကို ထွက် ၁၂း၂၃ တွင် တွေ့ရသည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှါ ထုတ်ချင်းခပ်သွားတော်မူမည်။ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ ရှိသော သွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော်မူမည်။ ဖျက်ဆီးသောသူသည် သင်တို့ကို ဒဏ်ခတ်ခြင်းငှါ၊ အိမ်ထဲဝင်ခွင့်ကို ပေးတော်မမူ။ အသွေးတော်သည် တရားစီရင်ခြင်းနှင့် စာတန်၏ တန်ခိုးမှ ကွယ်ကာသည်။ စာတန်ကို ဘုရားသခင်က ထိန်းချုပ်ထားကြောင်း ကျမ်းစာအရ သိရသည်။ သူသည် ဘုရားသခင် ခွင့်ပြုသောအရာကိုသာ ပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့ကို အသွေးတော်နှင့် ဖုံးအုပ်ထားလျှင် ကွယ်ကာမှုရရှိသည်။ သူ၏ အသွေးတော်သည် ကျွန်ုပ်တို့အား တရားစီရင်ခြင်းမှ ကာကွယ်ပေးသည်။ အခြားမည်သည့်အရာမျှ ကျွန်ုပ်တို့ကို ခွင့်လွှတ်ခြင်းမပေးနိုင်။ အသွေးတော်နှင့် မိမိကိုယ်ကို အဆက်မပြတ် မည်သို့ ဖုံးအုပ်ရမည်နည်း။ အဖြေကို (၁ယော ၁း၇) တွင်တွေ့ရသည်မှာ ဘုရားသခင်သည် အလင်း၌ ရှိတော်မူ သကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ခြင်း ရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ နှုတ်ကပတ် တော်ကို နာခံခြင်း အားဖြင့် အလင်း၌လျှောက်လှမ်းရန်ဖြစ်သည်။

**ပသခါပွဲမှ ဝိညာဉ်ရေးသင်ခန်းစာများ**

၁။ ပသခါပွဲကို ပထမလ တွင် ကျင်းပသည်။ ဒုတိယမွေးခြင်းခံ၍ ခရစ်ယာန် အသက်တာအစပြုသော အချိန်တွင် ပသခါပွဲကို ကျွန်ုပ်တို့တွေ့ကြုံရသည်။

၂။ ပညတ်တရားကို ပုံဆောင်သည့် ဆယ်ရက်မြောက် နေ့တွင် ပသခါသိုးကို ရွေးချယ်ကြသည်။ ကျွန်ုပ်တို့၏ ပသခါ ယေရှုသည် ပညတ်တရားကို ပြည့်စုံစေသည်။

၃။ ပသခါသိုးသည် အပြစ်အနာအဆာကင်းရသည်။ ယေရှုခရစ် ကျွန်ုပ်တို့၏ ပသခါသိုးသည် အပြစ်နှင့် ကင်းစင်သည်။

၄။ ပသခါသိုး၏ အရိုးကို မချိုးရပါ။ ၄င်းသည် မနာခံခြင်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့၏ ပသခါ ယေရှုသည် နာခံသောသိုးသငယ်ဖြစ်သောကြောင့် ကားတိုင်ပေါ်တွင် သူ၏အရိုးကို မချိုးရပါ။

၅။ ပသခါသိုးကိုလေးရက် စစ်ဆေးကြည့်ရှုကြသည်။ ယေရှုခရစ်၊ ပသခါ

သိုးသငယ်ကို လူလေးဦးက စစ်ဆေးကြသလို ကျွန်ုပ်တို့သည်လည်း ကမ္ဘာလောက၊ အသင်းတော်၊ စာတန်နှင့် ကိုယ်တော်၏ စစ်ဆေးခြင်းကို ခံကြရမည်။

၆။ ဣသရေလ ပရိတ်သတ်များက ဆယ့်လေး ရက်နေ့တွင် ပသခါသိုးကို သတ်ကြသည်။ ဣသရေလလူအားလုံးက ယေရှုခရစ်ကို ကားတိုင် တင်သတ် ကြသည်။

၇။ ဣသရေလလူများသည် ကွယ်ကာခြင်းခံရရန် သိုးသငယ်အသွေးကို အိမ်တွင် သုတ်ရသည်။ ကျွန်ုပ်တို့လည်း တရားစီရင်ခြင်းမှ လွတ်မြောက်ရန် ခရစ်တော် အသွေးတော်ကို သုတ်လိမ်းရမည်။

၈။ သိုးသငယ်အသားကို မီးနှင့် ရှို့၍ စားကြရသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်ဆံစားသုံးရန် မီးနှင့် စစ်ကြောခြင်းကို ဖြတ်သန်း ရမည်။

၉။ ဣသရေလလူမျိုးတို့သည် သိုးသငယ်၏အသားနှင့် တဆေးမဲ့ မုန့်ကို စားရပြီး ၄င်းတို့သည် နှုတ်ကပတ် တော်ကို ပုံဆောင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုစားသုံးရမည်။

၁၀။ ဣသရေလလူမျိုးတို့သည် ခါးပန်းကိုစည်းလျက်၊ ခြေနင်းစီးလျက် တောင်ဝှေးကို ကိုင်လျက် ပသခါပွဲကို စားပြီး အီဂျစ်ပြည်မှ ထွက်ရတော့မည် ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းရသည်နှင့် ချက်ခြင်း လောကကို စွန့်ခွာ၍ ဝိညာဉ်ရေးခရီးကို အစပြုကြရမည်။

၁၁။ ဣသရေလလူမျိုးတို့သည် တဆေးမဲ့ မုန့်စားသည် ခုနစ်ရက်တွင် မိမိအိမ်မှတဆေးအားလုံးကို ဖယ်ရှားရသည်။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရသည်နှင့် အပြစ်များကို ဖယ်ရှားရမည်။

၁၂။ ဣသရေလလူမျိုးတို့သည် ဆေးကြောခြင်း၊ သန့်စင်ခြင်းကို ပုံဆောင်သည်။ ဟုဿုပ်ပင်ကို သိုးသငယ်အသွေးထဲ၌ နှစ်မြှုပ်ရသည်။ ခရစ်တော်၏ အသွေးတော်သည် အပြစ်အားလုံးကို ဆေးကြောပေးသည်။

## ၉။ ပင်လယ်နီသို့ခရီးသွားခြင်း စစ်ကြောပြီးနောက်ကြွယ်ဝစေခြင်း

ထွက်မြောက် ၁၂း၃၅–၃၆ က ဤအချက်ကို သရုပ်ပေါ်နေသည်မှာ မောရှေစီရင်သည်အတိုင်း၊ ဣသရေလအမျိုးတို့သည် ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာများကို အဲဂုတ္တုလူတို့၌ တောင်းကြ၏။ တောင်းသည် အတိုင်းလည်းပေးချင်သောစေတနာစိတ်ကို အဲဂုတ္တုလူတို့အား ထာဝရဘုရား

ပေးတော်မူသဖြင့်၊ အဲဂုတ္တုလူတို့၏ ဥစ္စာများကို လုယူကြ၏။

က္လသရေလ လူမျိုးတို့သည် ရွှေ၊ ငွေ၊ အဝတ်အထည်တို့ကို အီဂျစ်လူမျိုးများအား ပြန်ပေးမည်ဟု ခံစားစေလျက် ချေးငှားခြင်းမဟုတ်ပါ။ က္လသရေလ လူမျိုးတို့သည် အီဂျစ် ကျွန်ဘဝတွင် နှစ်ရာနှင့်ချီ၍ နေခဲ့ရခြင်းအတွက် လုပ်အားခကို တည့တည်းနှင့် ရလိုက်ကြခြင်း ဖြစ်သည်။

အီဂျစ်လူမျိုးတို့က ထိုပစ္စည်းများကို အဘယ်ကြောင့် လိုလားပေးကြသနည်း။ ပထမအနေဖြင့် ဘုရားသခင်သည် က္လသရေလလူမျိုးတို့အား အီဂျစ်လူမျိုးများရှေ့တွင် မျက်နှာရစေသည်။ ဒုတိယအနေဖြင့် အီဂျစ် လူမျိုးများသည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ထပ်မ ခံလိုသောကြောင့် သူတို့အား ထွက်သွားစေလိုသည်။ ထို့ကြောင့် က္လသရေလလူမျိုးတို့ အီဂျစ်ပြည်မှ ထွက်သွားစေရန် တောင်းသမျှကို လုပ်ပေးလိုကြသည်။ ဤအချက်ကို ထွက် ၁၂း၃၃ က ထင်ရှားစေသည်မှာ အဲဂုတ္တုလူတို့ကလည်း၊ ငါတို့ရှိသမျှသည် အသေကောင်ဖြစ်ကြပြီဟု ဆိုလျက်၊ က္လသရေလလူတို့ကို အဲဂုတ္တုပြည်ထဲက အလျင်အမြန် လွှတ်ခြင်းငှါ ကျပ်ကျပ်နှိုးဆော်ကြ၏။

ဤအရာသည် အာဗြဟံအား ဘုရားသခင်ပြုသော ဂတိတော်ပြည့်စုံခြင်း ဖြစ်သည်။ သူတို့ကိုစေခိုင်းသောလူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှ၊ သူတို့သည် များစွာသော ဥစ္စာနှင့် ထွက်ကြလိမ့်မည် (ကမ္ဘာ ၁၅း၁၄)။ မိမိလူတို့ကို ရွှေငွေပါလျက် ထုတ်ဆောင်တော်မူ၍၊ သူတို့အစုစု၌ အားနည်း သောသူ တစ်ယောက်မျှမရှိ (ဆာ ၁၀၅း၃၇)။ နိယာမမှ ဘုရားသခင်သည် ကျွန်ုပ်တို့အား စစ်ကြောပြီးသောအခါ ကြွယ်ဝစေသည်။ အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်တို့ကို စုံစမ်းတော်မူပြီ။ ငွေကိုစစ်သကဲ့သို့ အကျွန်ုပ်တို့ကို စစ်ဆေး တော်မူပြီ။ ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊ ကျောကုန်း ပေါ်မှာလေးသော ဝန်ကို တင်တော်မူပြီ။ အကျွန်ုပ်တို့ခေါင်းပေါ်မှာ သူတစ်ပါးကို စီးစေတော်မူပြီ။ မီး၌၄င်း၊ ရေ၌၄င်း သွားရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ ရောက်ကြ ပါ၏ (ဆာလံ ၆၆း၁၀-၁၂)။

ယောဘအား စစ်ကြောပြီးသောအခါတွင် ယခင်ထက် နှစ်ဆကောင်းကြီး ပေး၍ ကြွယ်ဝစေသည်။ ထိုအခါ သူ၏ညီအစ်ကို နှမများ၊ အရင်သိကျွမ်းသော သူများအားလုံးတို့သည် သူ့ထံသို့လာ၍ သူ၏အိမ်၌ သူနှင့်အတူ စားသောက်ကြ၏။ သူ့ပေါ်မှာ ထာဝရဘုရား ရောက်စေတော်မူသော ဒုက္ခဆင်းရဲရှိသမျှကို အောက်မေ့၍ သူနှင့်အတူညည်းတွားခြင်းနှင့် နှစ်သိမ့်စေခြင်းကို ပြုကြ၏။ ထိုသူအပေါင်းတို့သည်လည်း၊ ငွေတစ်ပြားစီနှင့် ရွှေနားတောင်း တစ်ဖက်စီ

ပေးကြ၏ (ယောဘ ၄၂း၁၁)။

သင်တို့အရှက်ကွဲခြင်းအရာ၌ နှစ်ဆသောအကျိုးကိုခံရ၍၊ အသရေပျက်ခြင်းအရာ၌လည်း၊ သူတို့အဖို့ကိုခံစားလျက်၊ ဝမ်းမြောက်ကြလိမ့်မည်။ သူတို့မြေ၌ နှစ်ဆသောအဖို့ကို အမွေခံရ၍၊ ထာဝရဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကြလိမ့်မည် (ဟေရှာ ၆၁း၇ ဇာခရိ ၉း၁၂)။ အချင်းချစ်သူခွန်အားယူလော့။ စစ်ကြောခြင်း၊ ခက်ခဲမှုနှင့် ဝမ်းနည်းခြင်းတို့ကို ဖြတ်ကျော်ပြီးသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကြွယ်ဝစေ၍ကျယ်ဝန်းစေပါသည်။ ကြွယ်ဝခြင်းသည် သဘာဝပိုင်း၊ ဝိညာဉ်ပိုင်း၊ စီးပွားရေးပိုင်းစသည့် အသွင်အမျိုးမျိုးဖြင့် ရောက်လာနိုင်သည်။

## ရာမသက်မြို့မှ သုကုတ်သို့

ဣသရေလလူမျိုးတို့ ခရီးစဉ်၏ ပထမပိုင်းမှာ ရာမသက်မြို့မှ သုကုတ်ဆီသို့ဖြစ်သည်။ (တောလည် ၃၃း၅) ဣသရေလအမျိုးတို့သည် ရာမသက်မြို့မှ ပြောင်း၍ သုကုတ်အရပ်၌ စခန်းချကြ၏။ ထွက် ၁၂း၃၇ မိန်းမနှင့် ကလေးမပါဘဲ ယောကျာ်း ၆၀၀၀၀၀ ကျော်ရှိသည်။ (ထွက် ၃၈း၂၆) တော ၁း၄၅၊ ၂း၃၂၊ ၁၁း၂၁) မိန်းမနှင့် ကလေးပါလျှင် ထွက်မြောက်ချိန်၌ လူနှစ်သန်းသုံးသန်းခန့်ရှိသည်။

## ရောနှောနေသောလူအုပ်ကြီး

အမျိုးမျိုးသော လူအများတို့သည်လည်း၊ သိုးနွားအစရှိသော များစွာသော တိရစ္ဆာန်တို့နှင့် တကွ လိုက်ကြ၏ (ထွက် ၁၂း၃၈)။ အီဂျစ်လူမျိုးအချို့နှင့် အခြား လူမျိုးများသည် ဣသရေလလူမျိုးတို့နှင့်အတူ အီဂျစ်ပြည်မှ ထွက်လာကြသည်။ ရောနှောနေသော လူစုကြီးသည် ပြဿနာများကို ဖြစ်စေကြသည်။ ကယ်တင်ခြင်းမခံရသူနှင့် ကယ်တင်ခြင်းခံရသူတို့ ရောနှောနေသောလူအမြောက်အများရှိနေခြင်းသည် ယနေ့ ကျွန်ုပ်တို့ အချိန်၌ လွန်စွာ စိုးရိမ်ရသောအကြောင်းကိစ္စ ဖြစ်သည်။ ဂျူးမဟုတ်သော လူများသည် ယေဟောဝါကို ခိုင်မာစွာ ယုံကြည်ခြင်း မရှိသောကြောင့် ကွဲပြားမှုကိုဖြစ်စေကြသည်။ ဤအရာကို ပိုက်ကွန် ဥပမာနှင့် နှိုင်းပြလို ပါသည်။ တစ်နည်းကား၊ ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍ အမျိုးမျိုးသော ငါးတို့ကို အုပ်မိသော ပိုက်ကွန်နှင့်တူ၏။ ငါးနှင့်အပြည့်ရှိသောအခါ တံငါတို့သည် ကုန်းပေါ်သို့ ဆွဲတင်၍ ထိုင်လျက်၊ ကောင်းသော ငါးကို ခြင်းထဲသို့ ရွေးချယ်ထည့်ထား၍၊ မကောင်းသော ငါးကိုပြင်သို့ပစ်လိုက်ကြ၏ (မဿဲ ၁၃း၄၇–၄၈)။ အသင်းတော်သို့ လူအမျိုးမျိုးရောက်လာကြသည်။ ဝိညာဉ်ရေးရာအရ ပြောရသော်

ကောင်းသောသူ၊ မကောင်းသောသူ နှစ်မျိုး၊ နှစ်စားရောက်လာ ကြသည်။ ကယ်တင်ခြင်းခံရခြင်းမှာ အခွင့်အရေးအားလုံး၌ ရယူရန် သေချာကြောင်း သိစေရမည်။ တစ်ချိန်တည်းမှာပင် မကောင်းသောပန်းသီးများသည် ကောင်းသောပန်းသီးများကို မထိခိုက်စေရန် သေချာစေရမည်။ မကောင်းမှု ဆွဲငြိနေသောသူတို့သည် ကောင်းသောသူများကို မပျက်စီးစေရ။

**ယောသပ်၏အရိုးများ**

ထွက် ၁၃း၁၉ တွင် ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်သောအခါ မောရှေသည် ယောသပ်၏ အရိုးကို သယ်ဆောင်သွားသည်ဟု ဖတ်ရသည်။ အထက်ကာလ၌ ယောသပ်က၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုးတို့ကို ဤအရပ်မှယူသွားရမည်ဟူ၍ ဣသရေလအမျိုးတို့ကို ကျပ်ကျပ်ကျိန်ဆိုစေသောကြောင့်၊ သူ၏ အရိုးတို့ကို မောရှေသည် မိမိ၌ ယူဆောင်လေ၏ (ထွက် ၁၃း၁၉)။ယောသပ်သည် ဣသရေလလူမျိုးတို့အား ဂတိတော်ပြည်သို့ သူ၏ အရိုးကို သယ်ဆောင်သွားရန် ကတိပြုစေသည်။ ယောသပ်သည် ပရောဖက် ရူပါရုံရှိသောသူဖြစ်သည်။ ယောသပ်သည် သေဆဲရှိသောအခါ၊ ယုံကြည်ခြင်း အားဖြင့် ဣသရေလ အမျိုးတို့၏ ထွက်မြောက်ခြင်းအရာကို ပြ၍ မိမိအရိုးတို့၏ အကြောင်းကို မှာထားလေ၏ (ဟေဗြဲ ၁၁း၂၂)။ ဤအရာက ကမ္ဘာဦးကျမ်း ၅၀း၂၄–၂၅ ကို ညွှန်းပါသည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့၏ မျိုးနွယ်ကို ခါနန်ပြည်သို့ ပို့ဆောင်ပြီး သူတို့၏ အမွေဖြစ်စေမည် ဆိုသော ဘုရားသခင်၏ ဂတိတော်ကို ယောသပ်က နောက်ထပ်တစ်ဖန် အတည်ပြုခြင်းဖြစ်သည်။ ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို ကြည့်ရှု ကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့၊ ဤပြည်မှဆောင်သွားတော်မူမည်ဟု အစ်ကို တို့အား ဆို၏။ တစ်ဖန်တုံ၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို ကြည့်ရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုးတို့ကို ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣသရေလ အမျိုးသားတို့ကို ကျိန်ဆိုစေ၏ (ကမ္ဘာ ၅၀း၂၄–၂၅)။

သူသည် ဂတိတော် ပြည် အတွက် ဘုရားသခင်၏ ဂတိတော်မပြည့်စုံမှီ သေဆုံးခဲ့သော်လည်း ယောသပ်သည် ယုံကြည်ခြင်းဖြင့် ဂတိတော်ကို ဝင်စားခဲ့သည်။ လူတို့သည် ဂတိတော်မပြည့်စုံမှီ သေဆုံးသော်လည်း ယုံကြည်ခြင်းအားဖြင့် နောက် မျိုးဆက်၏ ကောင်းကြီးမင်္ဂလာထဲသို့ ဝင်စား

နိုင်ပေသည်။

## သုကုတ်မှ သေံမြို့သို့

သုကုတ်မှ ဣသရေလလူမျိုးတို့သည် သေံသို့ဆက်သွားကြသည်။ တစ်ဖန် သူတို့သည် သုကုတ်အရပ်မှထွက်သွား၍ တောအနား၊ သေံမြို့၌ စခန်းချကြ၏။ သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ လမ်းပြဖို့ မိုးတိမ်တိုင်အားဖြင့်၄င်း၊ ည၌အလင်းပေးဖို့ မီးတိုင်အားဖြင့်၄င်း၊ သူတို့ရှေ့က ကြွတော်မူ၏။ နေ့အချိန်၌ မိုးတိမ်တိုင်၊ ညဉ့်အချိန်၌ မီးတိုင်ကို သူတို့ရှေ့မှ ရုပ်သိမ်းတော်မမူ (ထွက် ၁၃း၂၀–၂၂)။ သူတို့ခရီးသွားကြသည်တွင် သခင်ဘုရား သူတို့ရှေ့မှ ကြွ၍ နေ့အချိန်တွင် မိုးတိမ်တိုင်နှင့် ညအချိန်တွင် မီးတိုင်အားဖြင့် ပါရှိသည်။

## သေံမြို့မှ ပိဟဟိရုတ်မြို့သို့

သေံမြို့မှဣသရေလလူမျိုးတို့သည် မိဂဒေါလနှင့် ဗာလဇေဖုန်မြို့အနီး ပိဟဟိရုတ်မြို့သို့ရောက်ကြသည်။ မိဂဒေါလမြို့နှင့် ပင်လယ်စပ်ကြား၊ ဗာလဇေဖုန်မြို့ရှေ့မှာ တပ်ချစေခြင်းငှါ မှာလိုက်လော့။ ထိုမြို့ရှေ့၊ ပင်လယ် ကမ်းနားမှာ တပ်ချရကြမည် (ထွက် ၁၄း၂)။ ဗာလ၏ အဓိပ္ပါယ်မှာ ''သခင်'' ဇေဖုန်''သည် ''ဖုံးကွယ်သည်'' (သို့) 'မှောင်မိုက်' ဆိုသောဟေဗြဲ စကားလုံးမှ လာသည်။ ဗာလဇေဖုန်၏ အဓိပ္ပါယ်တခုမှာ 'မှောင်မိုက်၏သခင်' ဖြစ်သည်။ ဘုရားသခင်သည် သူတို့အားကြီးမားသော အောင်ပွဲကိုပေး၍ ရန်သူများကို ဖျက်ဆီးနိုင်စေရန် မှောင်မိုက်အတွေ့အကြုံကို ပေးသည်။ ဘုရားသခင်သည် တခါတရံ မှောင်မိုက်ကာလသို့ ပို့ဆောင်တတ်သည်။

## ၁၀။ ဖါရောက လိုက်ဖမ်းခြင်း

ဘုရားသခင်သည် ဖါရော၏နှလုံးကို ခိုင်မာစေသဖြင့် ဣသရေလလူမျိုး နောက်လိုက်စေလျက် သူနှင့် အီဂျစ်လူမျိုးများအပေါ် တရားစီရင်ခြင်းကို ပြီးဆုံးစေသည်။ (ထွက် ၁၄း၅–၁၂) အကြောင်းမူကား၊ ဖါရောဘုရင်က၊ ဣသရေလအမျိုးတို့သည် ကျဉ်းကျပ်ရာသို့ ရောက်ကြပြီ၊ တောလမ်းပိတ်လျက် ရှိ၏ဟု ဆိုလိမ့်မည်။ ငါသည်လည်း၊ ဖါရောဘုရင်၏ နှလုံးကို ခိုင်မာစေ၍၊ သူသည် ဣသရေလတို့ကို လိုက်လိမ့်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်း ကို အဲဂုတ္တုလူတို့သည် သိစေခြင်းငှါ၊ ထိုမင်းနှင့် သူ၏ စစ်သူရဲအလုံး

အရင်းအားဖြင့် ငါ့ဘုန်းပွင့်လိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ ထိုသူတို့သည် ပြုကြ၏ (ထွက် ၁၄း၃–၄)။ ဣသရေလတို့၏ စိတ်သဘောထားများသည် အလွန်စိတ်ဝင်စားစရာကောင်းသည်။

ဣသရေလတို့၏စိတ်နေသဘောထားကို စိတ်ဝင်စားဖွယ်တွေ့သည်။ ဣသရေလလူမျိုးတို့သည် ဖါရောလိုက်လာကြောင်း မြင်သောအခါ အီဂျစ်ပြည်မှ မထွက်ခဲ့လျှင် ကောင်းသားဟု ဆန္ဒပြုကြသည်။ ဖါရောဘုရင်သည် ချဉ်းလာသောအခါ၊ ဣသရေလ အမျိုးတို့သည် မျှော်ကြည့်၍၊ အဲဂုတ္တုလူတို့ စစ်ချီလာကြောင်းကို မြင်လျှင်၊ အလွန်ကြောက်လန့်၍ ထာဝရဘုရားအား အော်ဟစ်ကြ၏ (ထွက် ၁၄း၁၀–၁၁)။

ဣသရေလတို့က ဤသို့ ပြောရခြင်းသည် သူတို့သည် ကြောက်ရွံ့ခြင်းနှင့် ပြည့်နေသောကြောင့် ဟု တစ်ချို့က ထင်ပေလိမ့်မည်။ ဒုက္ခရောက်သောအခါ ခရစ်ယာန် များစွာသည် အလားတူ စိတ်ထားရှိလျှက် လောကသို့ ပြန်သွားလိုကြောင်း ပြောတတ်ကြသည်မှာ ''လောကထဲမှာ နေခဲ့ရင် ကောင်းသားဘုရားသခင်ကို အစေခံရတာနဲ့စာရင် ပိုလွယ်သေးတယ်။''

ဆက်နွယ်ဖြစ်ပေါ်လာသော အခြေအနေကို ကျွန်ုပ်တို့အတွက် နူတ်ကပတ်တော်၌ မှတ်တမ်းတင်ခြင်းမဟုတ်။ တစ်ချို့သောလူတို့၏ စိတ်နှလုံးသဘောထားများကို ကျွန်ုပ်တို့ အသိအမှတ်ပြုဖို့ လိုအပ်သည်။ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက် ရှိကြပါစေဟု အဲဂုတ္တုပြည်၌ ငါတို့ ပြောရာတွင်၊ ဤအမှုကို ရည်ဆောင်၍ ပြောသည် မဟုတ်လော။ ငါတို့သည် ဤတော၌ သေရသည်ထက်၊ အဲဂုတ္တု လူတို့ထံ၌ အစေကျွန်ခံလျှင် သာ၍ ကောင်းသည်ဟု ဆိုကြ၏ (ထွက် ၁၄း၁၂)။ လူတို့ မေ့ပျောက်လွယ်ကြသည်။ သူတို့သည် အီဂျစ်ပြည်တွင် ကျွန်ဖြစ်လျက် ရက်စက်စွာ ဆက်ဆံ ခံရသော်လည်း ထိုနေရာသို့ ပြန်သွားလိုကြသည်။ ဝမ်းနည်း စရာကောင်းသော်လည်း လူတို့သည် ချည်နှောင်ခြင်းကို ချစ်ကြသည်။

ပေါလုသည် ကောရိန္သုယုံကြည်သူများ၏ အသက်တာတွင် ထိုပြဿနာကို ပြောဆိုခဲ့သည်။ သူတစ်ပါးသည် သင်တို့ကို ကျွန်ခံစေခြင်း၊ ရောင်းစားခြင်း၊ ဥစ္စာကို လုယူခြင်း၊ ရန်တွေ့ခြင်း၊ ပါးရိုက်ခြင်းကို ပြုလျှင် သင်တို့သည် သည်းခံကြ၏ (၂ကော ၁၁း၂၀)။ ခရစ်ယာန်များ အပါအဝင် လူများစွာတို့သည် ချုပ်နှောင်မှုကို ကြိုက်ကြပြီး မထွက်မြောက်လိုကြပါ။

နှစ်အနည်းငယ်အကြောက နတ်ဆိုး ၆၀ ရှိသော မိန်းမတဦးအတွက် အမှုတော်ဆောင်များက ဆုတောင်းပေးကြသည်။ အများစုကို နှင်ထုတ်

နိုင်သော်လည်း နတ်ဆိုးအချို့မှာ အလွန်အားကြီး၍ နက်ရှိုင်းစွာ တွယ်ကပ်နေကြသည်။ ကျန်သောနတ်ဆိုးအချို့ကို နှင်ထုတ်ပေးရန် ကျွန်ုပ်နှင့် ဇနီးအား ခေါ်ကြသည်။ ဆုတောင်းခြင်းအားဖြင့် တကောင်မှလွဲ၍ အားလုံးကို နှင်ထုတ်နိုင်ကြသည်။ နောက်ဆုံး နတ်ဆိုးထွက်ရန် ဆုတောင်းသောအခါ အံ့သြစရာကိစ္စဖြစ်လာသည်။ ကျဆင်းသော ကောင်းကင်တမန်တပါးလာ၍ နတ်ဆိုးကို ဆုတောင်းခြင်းအပေါ် ဆီးတားမှုကို အားဖြည့်ပေးသည်။ ဤ နောက်ဆုံးသော နတ်ဆိုးကို ကျွန်ုပ်တို့ မနှင်ထုတ်နိုင်သော အကြောင်းအရင်း ရှိသည်။ သူမသည် ထိုအရာကို အရှုံးမပေးချင်ပါ။ထိုကောင်းကင် တမန်သည် ကျယ်သောအသံနှင့် ပြောလျက်သူရှိကြောင်း သိစေသည်။ ''လူကို ကောင်းကင်တမန်ထက် အနည်းငယ်နှိမ့်၍ ဖန်ဆင်းထားကြောင်း သတိပေးပါရစေ'' ဟု ဆိုသည်။

ဘုရားသခင်က ထိုမိန်းမကို လွတ်မြောက် စေလိုကြောင်း ကျွန်ုပ်တို့ သိသည်။ ''သင်လွတ်မြောက်လိုပါက လွတ်မြောက်နိုင်သည်'' ဟု သူမကို ပြောလိုက်သည်။ သို့သော် ထိုနောက်ဆုံးနတ်ဆိုးထံမှ မလွတ်မြောက်လိုပါ။ နတ်ဆိုးသည် ဘုရားတန်ခိုးတော်ကို မခံနိုင်သောကြောင့် ထွက်လိုသော်လည်း မိန်းမကထွက်ခွင့်မပေးပါ။

သူမသည် ချုပ်နှောင်မှုကို လိုလားသဖြင့် ဘာမှလုပ်ပေး၍မရပါ။ ထိုညတွင် သူမ၏ မိတ်ဆွေများထံ ပြောပြသည်မှာ ''ဒီည ကျွန်မလွတ်မြောက်နိုင်ပေခဲ့ ချုပ်နှောင်မှုကို လက်မလွှတ်ပေးချင်ဘူး။'' တစ်ချို့လူတွေက သူတို့၏ ချည်နှောင်ခြင်းကို ခင်တွယ်ကြသည်။ ပင်လယ်နီမှာလည်း ထိုစိတ်သဘောထားသည် ကုသရေလ လူတို့၌ ရောင်ပြန်ဟပ်လျက်ရှိသည်။ – 'အဲဂုတ္တုလူတို့ကို အစေခံခြင်းငှါ ငါတို့ကို လွှတ်ထားလိုက်ပါ'။ ''ငါတို့သည် ဤတော၌ သေရသည် ထက် အဲဂုတ္တုလူတို့ထဲ၌ အစေခံလျှင် သာ၍ ကောင်းသည်ဟု ဆိုကြ၏။''

# အခန်း ၅

## ပင်လယ်နီမှ သိနာတောင်သို့

### ၁။ ပင်လယ်နီကို ကျော်ဖြတ်ခြင်း

ဣသရေလလူမျိုးတို့သည် ဖါရောလိုက်လာကြောင်း တွေ့သောအခါ အလွန် ကြောက်လန့်ကြသည်။ (ထွက် ၁၄း၁၀) မောရှေသည် သူတို့၏ '' ကြောက်ရွံ့ခြင်းကို ဖယ်ရှားပေးရန် ကြိုးစားခဲ့သည်။'' မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည်၊ ယနေ့ပြတော်မူသော ကယ်တင်ခြင်း ကို ကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သော အဲဂုတ္တုလူတို့ကို၊ နောက်တစ်ဖန် အလျှင်းမမြင်ရကြ။ သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာ နေရကြမည်ဟု လူများ တို့အား ဆို၏ (ထွက် ၁၄း၁၃–၁၄)။ ခေါင်းဆောင်မှု 'မကြောက်နှင့်' ဆိုသော စိတ်သဘောကို မောရှေပြသကဲ့သို့ ကျွန်ုပ်တို့လည်း ထားရမည်။

သူတို့၏ ကြောက်ရွံ့ခြင်းနှင့် အလျှင်လိုခြင်းကြောင့်၊ အီဂျစ်ပြည်သို့ ပြန်လို ကြသည်။ အခြေအနေအားလုံး အဆင်မပြေချိန်၊ မှောင်မိုက်ခြင်းနှင့် ခက်ခဲခြင်းများ ဖုံးလွှမ်းနေချိန်သည် ဆုံးဖြတ်ချက်ချရန် မသင့်တော်ဆုံး အချိန်ဖြစ်သည်။ စိတ်မကောင်းစရာမှာ လူများစွာတို့က သူတို့ မှောက်မိုက်နှင့်ကြုံရချိန်သည် သူတို့ကောင်းဖို့ ဘုရားသခင် ပြင်ဆင်ထားသောအချိန်ဖြစ်သည်ဟု ထင်ကြသည်။ (သို့) သူတို့စိတ်မရှည်ဘဲ ဘုရားသခင်ကို စောင့်ရမည့်အစား မိမိကိုယ်ပိုင် အလင်းကို ထွန်းလင်းစေရန် ကြိုးပမ်းကြသည်။

လူများစွာတို့သည် မှောင်မိုက်ကာလတွင် ဖေါက်ပြန်နောက်ဆုတ်ကြသည်။ (ဟေရှာ ၅၀း၁၁) ဖေါက်ပြန် နောက်ဆုတ်ချိန်တွင် မှားယွင်းစွာ လက်ထပ်မိကြသည်။ ဘုရားသခင်ကိုစောင့်မျှော်လျက် ကိုယ်တော်ပြင်ဆင်ထားသော မှောင်မိုက်ကာလကို ကျော်ဖြတ်ပို့ဆောင်ရန် ကိုးစားဖို့လိုသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဂူထဲတွင် မထားခဲ့ဘဲ လှိုင်ခေါင်းမှတဆင့် သာ၍ ထွန်းလင်းသောအရပ်သို့ ပို့ဆောင်တတ်ပါသည်။ ကိုယ်တော့်ကို စောင့်မျှော်ပါ။ အမှောင်ထဲတွင် မိမိဘာသာ အလင်းပြုလုပ်ရန် မကြိုးစားပါနှင့် (သို့) ကိုယ်တော်ထံမှ ရှင်းလင်းစွာ မကြားရဘဲ ခက်ခဲချိန်တွင် အဓိက

ဆုံးဖြတ်ချက်များ မချမှတ်ပါနှင့်။ ဘုရားသခင်က မောရှေအားဖြင့် စကားပြောပါသည်။ 'ငြိမ်ဝပ်စွာနေ၍ ဘုရားသခင်၏ ကယ်တင်ခြင်းကို တွေ့မြင်ပါ။' ချစ်သူတို့၊ မှောင်မိုက်၍ ခက်ခဲသောအချိန်များ၌ ငြိမ်ဝပ်စွာနေပါ။ ထပ်၍ ပြောပါရစေ။ မျှော်လင့်ချက် ကုန်ဆုံး ချိန်၌ ဘယ်တော့မှ ဆုံးဖြတ်ချက်မချပါနှင့်။

## "ရှေ့သို့ဆက်သွားပါ"

ထွက် ၁၄း၁၅ တွင် ဘုရားသခင်သည် မောရှာအား ပြောသည်မှာ " ထာဝရ ဘုရားကလည်း၊ အဘယ်ကြောင့် ငါ့ကို အော်ဟစ်သနည်း။ ဣသရေလ အမျိုးတို့သည် တက်သွားစေခြင်းငှါ မှာလိုက်လော့။" ကျွန်ုပ်တို့အား ဘာလုပ်ရမှန်း မသိဘဲ ဘုရားသခင်၏လမ်းညွှန်မှုကို ရှာနေလျှင် ဘုရားသခင် တိတ်ဆိတ်နေသောအခါ လမ်းကြောင်းပေါ်တွင် ဆက်နေပြီး ရှေ့သို့ ဆက်တိုး ရမည်။ မှောင်မိုက်သောကာလကို ကျော်ဖြတ်ရပြီး အသက်တာအတွက် ဘုရားသခင်၏ လမ်းညွှန်ချက်ကို ရှုပ်ထွေးနေသောအခါ ဘုရားနောက်ဆုံး ပြောသောအရာနှင့် လုပ်စေသောအရာကို သတိရသင့်သည်။ နှစ်ပေါင်းများစွာက ကျွန်ုပ်တို့ ဇနီးမောင်နှံ အနောက်အာဖရိက၊ ကင်မရွန်းနိုင်ငံတွင် ရှိနေကြသည်။ နောက် ဘာထပ်လုပ်ရမည်ကို မသိကြပါ။ အင်္ဂလန်သို့ ပြန်ရမည်လော (သို့) အမေရိက (သို့) ဖိုင်ရာ နိုင်ငံသို့ သွားရမည်လော ဟု စဉ်းစားနေကြသည်။ သာသနာပြုဘုတ်အဖွဲ့ထံ စာရေး၍ ဖိုင်ရာနိုင်ငံသို့ သွားရမည်လောဟု မေးသော်လည်း အဖြေမရပါ။ ထိုအခါ ဘုရားသခင်က သူ၏ ကောင်းကင်တမန်သည် ကျွန်ုပ်တို့ရှေ့မှာ သွားလျှက် ဖိုင်ရာနိုင်ငံတွင် စောင့်နေလိမ့်မည်ဟု ပြောလာသည်။

ကျွန်ုပ်တို့သည် လူဖြူသင်္ချိုင်းဟု သိကြသော မြူခါမြို့တွင် နေထိုင်ကြသည်။ ထိုနိုင်ငံ၏ လက်ကမ်းစာစောင်များကလည်း ညှော်သည်များထိုဒေသသို့ မသွားရန် သတိပေးထားသည်။ ပူပြင်းလှသဖြင့် နေ့ခင်း ၂နာရီမှ ၄ နာရီ အကြားတွင် အိပ်ရာဝင်ရသည်။ အိပ်ရာပေါ်တွင် လှဲပြီး အနည်းငယ် အကြာတွင် ချွေးထွက်မှုကြောင့် ကုတင်ပေါ်တွင်ပင်ချွေးရာဖြင့် ကိုယ်ခန္ဓာကောက်ကြောင်းကို မြင်ရသည်။ ထိုမြို့တွင် လူတို့၏ ပျမ်းမျှ သက်တမ်းမှာ နှစ် ၄၀ သာဖြစ်သည်။

တစ်နေ့ခင်းတွင် အိပ်ရာပေါ်မှာရှိနေစဉ် နံရံကို စိုက်ကြည့်သောအခါ ရေနံဆီဖိတ်သွားသောနေရာကို ဖြတ်လျက် ပရွက်ဆိတ်များသွားနေကြသည်ကို မြင်ရသည်။ ပုရွက်ဆိတ်များသည် သူတို့အချင်းချင်း အနံ့ခံခြင်းကို မှီခိုလျက်

သူတို့ ဦးတည်ရာရှာကြပြီး တစ်ကောင်နောက်တစ်ကောင်လိုက်ကြသည်။ ရေနံဆီက သူတို့၏အနံ့ကို ပျောက်ဆုံးစေသည်။ သူတို့ ရှုပ်ထွေးကုန်ပြီး ဘယ်သွား ရမှန်းမသိဘဲ ဖြစ်နေကြသည်။ သို့သော် အချို့ပရွက်ဆိတ်များသည် ရေနံဆီကို ကျော်လျက် မိမိတို့ဘယ်သွားမှန်းမသေချာသော်လည်း လမ်းကြောင်း အတိုင်း ဆက်သွားကြသည်။ ရေနံဆီထိသောနေရာကို ကျော်ပြီးသောအခါ အနံ့ပြန်ခံနိုင်ကြပြီး ပန်းတိုင်သို့ဆက်လက်ဦးတည်နိုင်ကြသည်။ ဤဖြစ်ရပ် အားဖြင့် သမ္မာတရားတစ်ခုသွန်သင် ခံရသည်။ ''သင့်လမ်းကြောင်းပေါ်တွင် ရေနံဆီကွက်များ ရှိနေသည်။ ဦးတည်ချက်အတိုင်း ဆက်သွားပါက လမ်းကြောင်းကို ပြန်ရောက်လာလိမ့်မည်'' ဟု ကိုယ်တော်ပြောသည်။

ထို့ကြောင့် သာသနာပြုဘုတ်အဖွဲ့ထံမှ အဖြေကို မရသော်လည်း လမ်းကြောင်း ပေါ်ဆက်နေ၍ ဖိုင်ရာနိုင်ငံသို့ သွားရန် ဆုံးဖြတ်လိုက်သည်။ လေယာဉ်ဖြင့် သွားရာတွင် ကိုယ်တော်က ''ငါ့၏ကောင်းကင်တမန်သည် သင်နှင့်အတူ ရှိလိမ့်မည်'' အကြိမ်ကြိမ်ပြောသည်။ ကျွန်ုပ်သည် ဇနီးအား လူတိုင်းလေယာဉ်ပေါ်မှ အရင်ဆင်းစေရန် ပြောလိုက်သည်။ ကျွန်ုပ် ဆင်းလိုက်သောအခါ လူတစ်ယောက်သည် ကျွန်ုပ်အမည်ပါသော ဆိုင်းဘုတ်ကို ကိုင်လျက် ရှိနေသည်။ ဘုရားသခင်က ငါ၏ကောင်းကင်တမန်သည် ထိုနေရာမှာ သင့်ကိုစောင့်နေလိမ့်မည်ဟု ငါပြောသည်မဟုတ်လော'' ဟု ဆိုသည်။ ကျွန်ုပ်တို့ လမ်းကြောင်းပေါ်တွင် ဆက်နေရန် ဆုံးဖြတ်ထားသောကြောင့် မှောင်မိုက် ကာလထဲမှ ထွက်လာပြီး ဘုရားသခင်၏ လမ်းပြမှုကို ရှင်းလင်းစွာ တွေ့လာ ရသည်။

ကျွန်ုပ်ဘာဆိုလိုသနည်း။ သင်သည် ဘုရားပေးသော ဦးတည်ချက်အတိုင်း သွားနေစဉ် ရုတ်တရက်အလွန်ရှုပ်ထွေးလာပြီး ဘုရားသခင်ထံမှ မကြားရ တော့ပါက မကြောက်လန့်ပါနှင့်။ နောက်မဆုတ်ပါနှင့်။ လမ်းကြောင်း ပေါ်တွင် ဆက်နေပါက အမှောင်ထဲမှ ထွက်လာနိုင်လိမ့်မည် (သို့) ရေနံဆီကွက်ပေါ်မှ ထွက်လာ၍ ဦးတည်ချက်ကိုပြန်တွေ့ ရလိမ့်မည်။ အကယ်၍ နောက်ပြန် လှည့်ပါက သင့်လမ်းကြောင်းပျောက်ပြီး သင့်လုပ်ငန်းကိုလည်း ပြီးစီးမည်မဟုတ်။ ဣသရေလတို့၏ အနေအထားသည် ထိုဒင်္ဂတွင် ထိုသို့ ဖြစ်နေသည်။

ဘုရားသခင်က 'ရှေ့သွား၊ ဆက်သွား' ဟု ပြောသည်။ ထို့ကြောင့် ပင်လယ်နီကို ဖြတ်ရသည်။ ထိုသို့ မပြုမီ ဘုရားသခင်က အခြားနိမိတ် လက္ခဏာပြသည်။ 'သင်မူကား၊ လှံတံကို ချီပြီးလျှင်၊ ပင်လယ်ပေါ်မှာ လက်ကို

ဆန့် ပင်လယ်ရေကို ခွဲလော့။ ဣသရေလ အမျိုးသားတို့သည် ပင်လယ် အလယ်၌ မြေပေါ်မှာ လျှောက်သွားရကြမည်။ ငါသည်လည်း အဲဂုတ္တု လူတို့၏ နှလုံးကို ခိုင်မာစေသဖြင့် ၊ သူတို့သည် လိုက်ကြလိမ့်မည်။ ဖါရောဘုရင်နှင့် သူ၏ဗိုလ်ခြေ၊ ရထား၊ မြင်းစီးသူရဲများအားဖြင့် ငါ့ဘုန်းပွင့်လိမ့်မည်။' (ထွက်၊ ၁၄း၁၆–၁၇)

## အမှောင်နှင့် အလင်း

ဘုရားသခင်သည် မိုးတိမ်တိုင်အားဖြင့် ဣသရေလတပ်နှင့် အီဂျစ်တပ်ကို ခွဲခြားလိုက်သည်။ အီဂျစ်တပ်သည် လုံးဝမှောင်မိုက်နေပြီး ဟေဗြဲတပ်တွင် လင်းနေသည်။ ''ထိုအခါ ဣသရေလတပ်ရှေ့မှာ သွားသော ဘုရားသခင်၏ ကောင်းကင်တမန်သည် နောက်၌လိုက်သဖြင့်၊ မိုးတိမ်တိုင်သည် သူတို့ရှေ့က ရွှေ့၍ နောက်၌ ရပ်နေလေ၏။ ထိုသို့ အဲဂုတ္တုတပ်နှင့် ဣသရေလ တပ်စပ်ကြားသို့ရောက်လျှင်၊ အဲဂုတ္တုလူတို့၌ မိုက်သောမိုးတိမ်ဖြစ်၍၊ ဣသရေလ တို့အား အလင်းကို ပေးလျက်နေသဖြင့်၊ တစ်ညဥ့်လုံးတစ်တပ်နှင့် တစ်တပ် မချဉ်းနိုင်ရာ'' (ထွက် ၁၄း၁၉–၂၀)။ ဘုရားသခင်သည် ရန်သူကို ထိန်းချုပ် နေသည်။ ဘုရားသခင်သည် အခြေအနေတိုင်း၏ အရှင်သခင် ဖြစ်သည်။

## ရေကို ကွဲစေခြင်း

ထွက် ၁၄း၂၁–၂၂ တွင် ဘုရားသခင်သည် ပင်လယ်နီကို နှစ်ခြမ်းကွဲစေပြီး ဣသရေလလူမျိုးတို့အား ကုန်းပေါ်တွင် သွားစေသည်။ မောရှေသည် ပင်လယ်ပေါ်မှာ လက်ကိုဆန့်၍၊ ထာဝရဘုရားသည် တစ်ညဥ့်လုံး၌ အားကြီးသော အရှေ့လေအားဖြင့် ပင်လယ်ရေကို လှန်ပြန်၍၊ မြေကို ပေါ်စေတော်မူသည်နှင့်၊ ရေသည် ကွဲပြတ်လျက်ရှိ၏။ ဣသရေလအမျိုးတို့သည် ပင်လယ် အလယ်၌ မြေပေါ်မှာ လျှောက်သွားကြ၍၊ ရေသည် သူတို့ လက်ျာဘက်၊ လက်ဝဲဘက်မှာ ကျောက်ထံရံကဲ့သို့ ရှိနေ၏ (ထွက် ၁၄း၂၁–၂၂)။ လူအချို့ကပင်လယ်နီ တိမ်သောကြောင့် သူတို့သွားနိုင် ကြသည်ဟု ဆိုကြသည်။ သို့သော် သင်းသည် ရေတိမ်ထဲ၌ ဖါရော၏စစ်တပ်နှင့် မြင်းများကို နှစ်သက်နိုင်သဖြင့် ပိုကြီးမားသော နိမိတ်လက္ခဏာဖြစ်သည်။ ရွှံ့နွံ ရှိရာ နေရာဟု သူတို့ ခံစားမိသည်။ ခြောက်သွေ့သော မြေပေါ်မှာ လွယ်လွယ်ကူကူ ဖြတ်သန်း ရတာ ရွှံ့နွံမြေဖြစ်လို့ပဲဟု သူတို့ ခံစားမိသည်။ မည်သို့ဆိုစေ၊ ရေကို နှစ်ခြမ်း ခွဲသည်ထက် အဲဂုတ္တု စစ်တပ်တစ်ခုလုံးနှင့်တကွ သူတို့ မြင်းများကို

ရှံ့အိုင် ရေထဲမှာ နှစ်မြုပ်စေဖို့က သာ၍ ကြီးမားသော နိမိတ်လက္ခဏာ လိုပေသည်။

**အီဂျစ်လူမျိုးတို့ စိတ်ဒုက္ခရောက်ခြင်း**

အီဂျစ်တို့က ဣသရေလလူတို့နောက်လိုက် သောအခါ ဘုရားသခင်က သူတို့ကို ဒုက္ခရောက်စေသည်။ ''အဲဂုတ္တုလူများ၊ ဖါရောဘုရင်၌ပါသောမြင်း၊ ရထား၊ မြင်းစီးသူရဲအပေါင်းတို့သည်၊ ပင်လယ်အလယ်သို့ လိုက်ဝင်ကြ၏။ နံနက်ယံ၌ ထာဝရဘုရားသည် မီးမိုးတိမ်တိုင်အားဖြင့် အဲဂုတ္တုတပ်ကို ကြည့်ရှု၍ နှောင့်ယှက်တော်မူ၏။ သူတို့ရထား အသွားခက်စေခြင်းငှါ ရထားဘီးများကို ချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း၊ ဣသရေလ လူတို့ထံမှ ပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက်၊ အဲဂုတ္တုလူတို့တစ်ဖက်၌ စစ်တိုက်သည်ဟု ပြောဆိုကြ၏'' (ထွက် ၁၄း၂၃–၂၅)။ အီဂျစ်လူမျိုးတို့၏ မြင်းရထားဘီးများ ပြုတ်ထွက်ကုန်သည်။ ဘုရားသခင် သူတို့ကို တိုက်ခိုက်နေမှန်းသိသဖြင့် နောက်ပြန်ဆုတ်ရန် ဆုံးဖြတ်ကြသည်။

**ရေပြန်လာခြင်း**

''ကိုယ်တော်သည် ပင်လယ်နီမှရေကို ပြန်ကျလာစေသဖြင့် အီဂျစ်လူမျိုးများ ရေနစ်ခံကုန်ကြသည်။ မိုးလင်းသောအခါ၊ မောရှေသည် လက်ကို ပင်လယ်ပေါ်မှာ ဆန့်သဖြင့်၊ ပင်လယ်ရေသည် အားကြီး၍ ပြန်လာသည်ကို၊ အဲဂုတ္တုလူတို့သည် ပြေးကြသော်လည်း၊ ထာဝရဘုရားသည် သူတို့ကိုပင်လယ်အလယ်၌ လှဲတော်မူ၏။ ထိုသို့ပင်လယ်ရေသည် ပြန်လာ၍၊ ပင်လယ်ထဲသို့ လိုက်ဝင်သော ဖါရောဘုရင်၏ ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကို လွှမ်းမိုးသဖြင့်၊ တစ်စုံတစ်ယောက်မျှ မကျန်ရစ်ရ'' (ထွက် ၁၄း၂၇–၂၈)။ ဘုရားသခင်သည် ထိုနေ့တွင် ဣသရေလလူမျိုးတို့အား အီဂျစ်လူတို့လက်မှ ကယ်တင်ခဲ့သည်။ ဣသရေလလူတို့သည် ကုန်းကြောင်းသွားသကဲ့သို့၊ ယုံကြည်ခြင်းအားဖြင့် ဒေပင်လယ်အလယ်၌ လျှောက်သွားရကြ၏။ ထိုသူတို့ နည်းတူ အဲဂုတ္တုလူတို့သည် သွားမည်အားထုတ်သောအခါ နှစ်မြုပ်ကြ၏ (ဟေဗြဲ ၁၁း၂၉)။ ဣသရေလလူမျိုးတို့သည် ယုံကြည်ခြင်းကြောင့် ပင်လယ်နီကို ဖြတ်နိုင်ကြသည်။ အီဂျစ်တို့က လိုက်ကြသောအခါ ရေနစ်သေကြသည်။ ရောမ ၁၄း၁၃ က ''ယုံကြည်ခြင်း မပါဘဲ ပြုလုပ်သမျှသည် အပြစ်ဖြစ်သည်'' ဟု ဆိုသည်။

## ပင်လယ်နီကို ဖြတ်ခြင်း၏ ပုံဆောင်ချက်

ရာဇဝင်သမိုင်းကြောင်းကို ကောင်းစွာနားလည်ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော်၊ ဣသရေလတို့ ပင်လယ်နီကို ဖြတ်ကူးခြင်းသည် ရာဇဝင်သမိုင်း၌ ထင်ရှားပြီး အရေးကြီးသော ဖြစ်ရပ်ဖြစ်သည်။ ကိုးကားချက်များကို နှုတ်ကပတ်တော်ထဲ၌ အကြိမ်ပေါင်းများစွာ တွေ့ရသည်။ (တော၊ ၂၁း၁၄၊ တရား၊ ၁၁း၄၊ ယောရှု ၂း၁၀၊ ၄း၂၃၊ နေဟမိ ၉း၉၊ ဆာလံ ၁၀၆း၉–၁၁၊ ၂၂၊ ၁၃၆း၁၃–၁၅၊ တမန်တော် ၇း၃၆၊ ဟေဗြဲ ၁၁း၂၉။)

ဖြစ်ရပ်နှင့် ဆက်စပ်၍ဝိညာဉ်ရေးရာမှန်ကန်ချက်နှင့် သင်ခန်းစာများစွာ မှီးငြမ်းကိုးကားစရာ ရှိပါသည်။

အစောပိုင်းက ဖော်ပြခဲ့သလို၊ သိုးသူငယ်၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းရပြီး အသွေးတော်၌ ပါဝင်သည့်အခါ အဲဂုတ္တု ပြည်၌ ဣန်ုပ် တို့၏ ခရီးစဉ် အစပြုပြီ။ တဆေးမဲ့ မုန့်ပွဲကိုလည်း အစပြုနေပြီ။ ထိုသို့ အားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်စစ်စစ်ကို ဆက်လက် စားသုံးနေသည်။ ထို့နောက် ရေနှစ်ခြင်းမင်္ဂလာကို ပုံဆောင်သော ပင်လယ်နီသို့ ရောက်လာသည်။ သိုးသူငယ်၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းကို ရပြီးနောက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသုံးစ ပြုလာပြီ။ ခရစ်ယာန်အသက်တာ၌ နောက် တစ်ဆင့် အဓိက အရေးကြီးတာက ရေနှစ်ခြင်းမင်္ဂလာ ခံရန် ဖြစ်သည်။ ရေနှစ်ခြင်းမင်္ဂလာသည် ဖြောင့်မတ်ခြင်း၏ အပြုအမူ တစ်ခုလည်း ဖြစ်သည်။ (မသဲ ၃း ၁၅)၊ ၁ ကော ၁၀း၁–၂ မှာ ဣန်ုပ်တို့ ဤသို့ ဖတ်ရသည်။ – 'ညီအစ်ကိုတို့၊ ငါတို့ဘိုးဘေးအပေါင်းတို့သည် မိုဃ်းတိမ်အောက်မှာ ရှိ၍ ပင်လယ်အလယ်၌ ရှောက်သွားကြသည်ဟူ၍၎င်း၊ မိုဃ်းတိမ်နှင့်ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကို ခံကြသည်ဟူ၍၎င်း'။

ဝိညာဉ်တော် လှုပ်ရှားမှုကို လက်ခံသော လူများက သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်းသည် အရေးကြီးသော ဖြစ်ရပ် ဖြစ်ပြီး ရေနှစ်ခြင်းသည် အရေးမကြီးပါ ဟုပြောကြသည်။ ဘယ်လိုဘဲ ဖြစ်ပါစေ၊ ရေနှစ်ခြင်းမင်္ဂလာသည် ဟောင်းသောအသက်တာမှ ချည်နှောင်ခြင်းများကို ဖြတ်တောက်သလို ဝိညာဉ်ဆိုး၊ နတ်ဆိုးတို့၏ ချည်နှောင်ခြင်းများကိုလည်း ဖြတ်တောက်သည်။

ထွက်မြောက်ရာကျမ်း ၁၃း၃ မှာ မောရှေပြောသကဲ့သို့ အဲဂုတ္တု ချည်နှောင်ခြင်းကို ကိုယ်စားပြုသည်။ 'မောရှေကလည်း၊ သင်တို့သည် ကျွန်ခံ နေရာ အဲဂုတ္တု ပြည်မှ ထွက်သွားသောနေ့ရက်ကို အောက်မေ့ကြလော့။'

ရေနှစ်ခြင်းမင်္ဂလာသည် ဣန်ုပ်တို့ အသက်တာဟောင်း၏ များစွာ သော

ချည်နှောင်ခြင်းထဲမှ လွတ်မြောက်စေနိုင်သည်။ ချည်နှောင်ခြင်းအားလုံးကို မဖြတ်တောက်ပေမယ့် တစ်ချို့ကိုတော့ ဖြတ်တောက်သည်။ ''ထိုသို့ အဲဂုတ္တုလူတို့၌ ထာဝရ ဘုရားပြုတော်မူသောအမှုကြီးကို၊ ဣသရေလ လူတို့သည် မြင်၍၊ ထာဝရ ဘုရားကို ကြောက်ရွံ့ကြ၏။'' ထာဝရဘုရားနှင့် ကိုယ်တော်၏ ကျွန် မောရှေကို ယုံကြည်ကြ၏ (ထွက် ၁၄း၃၁)။ ပင်လယ်နီကိုဖြတ်ခြင်းကြောင့် ရရှိသောနောက်ရလဒ်တခုမှာ ဘုရားသခင်နှင့် သူတို့ ခေါင်းဆောင် မောရှေ အပေါ်တွင် ယုံကြည်မှု တိုးတက်စေသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကိုလည်း တိုးတက်စေသည်။

ပင်လယ်နီကို ဖြတ်ကျော်ခြင်းသည် ဣသရေလ လူတို့အတွက် များစွာလုပ်ဆောင်ပေးသော်လည်း သူတို့နှလုံးသားထဲတွင် အီဂျစ်ပြည်ကို ချစ်နေခြင်း အားမဖယ်ရှားပေးပါ။ တောထဲတွင် သွားလာသော အချိန်တစ်လျှောက်လုံးတွင် ဣသရေလလူမျိုးတို့သည် အဆင်မပြေဖြစ်တိုင်း အီဂျစ်ပြည်သို့ ပြန်ချင်ကြသည်။ (ထွက် ၁၄း၁၁–၁၂၊ ၁၆း၃၊ ၁၇း၃။ တော ၁၁း၅၊ ၂၀း ၁၄း၄) သူတို့သည် အီဂျစ်ပြည်မှ ထွက်လာသော်လည်း အီဂျစ်ပြည်သည် သူတို့အထဲမှ မထွက်သေးပါ။

ဆိုရိုးစကားတစ်ခုရှိသည်မှာ ''ကလေးငယ်ကို လယ်တောထဲမှ ခေါ်ထုတ်လာ၍ရသော်လည်း သူ့နှလုံးသားထဲမှ လယ်တောကိုမူ ထုတ်ပစ်၍မရပါ'' သင်သည် လူတစ်ယောက်ကို သူ၏ ပတ်ဝန်းကျင်မှ ခေါ်ထုတ်လာရုံဖြင့် ထိုပတ်ဝန်းကျင်ကို သူ့နှလုံးသားထဲမှ ဖယ်ရှားလိုက်ပြီဟု မဆိုလိုပါ။ ရေနှစ်ခြင်းသည်လည်း အလားတူဖြစ်ပါသည်။ ကျွန်ုပ်တို့ကို လောကနှင့် ကွဲကွာစေသော်လည်း ဤလောကကို ချစ်ခြင်းမှ မပြည့်ဝ မသန့်စင်စေပါ။

ပင်လယ်နီကို ဖြတ်ခြင်းသည် ဣသရေလ လူမျိုးတို့အတွက် အဓိက ငါးချက်ကို လုပ်ဆောင်ပေးသည်။

၁။ ပင်လယ်နီက ဣသရေလလူမျိုးတို့ကို အီဂျစ်ပြည် နှင့် ခွဲခွာစေသည်။
၂။ ပင်လယ်နီက သူတို့အား ချုပ်နှောင်မှုမှ လွတ်မြောက်စေသည်။
၃။ ပင်လယ်နီသည် သူတို့အပေါ်ရှိ ဖါရောမင်း၏ တန်ခိုးကို ချိုးဖျက်ပေးသည်။
၄။ ပင်လယ်နီသည် အီဂျစ်ပြည်သို့ ပြန်ခေါ်မည့် ရန်သူကို ဖျက်ဆီးပေးသည်။
၅။ ပင်လယ်နီသည် ဘုရားသခင်နှင့် သူတို့ ခေါင်းဆောင်များအပေါ် ယုံကြည်မှုတိုးတက်စေသည်။

ရေနှစ်ခြင်းသည် ယုံကြည်သူအသက်တာ၌ အဓိက ငါးချက်ကို လုပ်ဆောင်ပေးသည်။

၁။ ရေနှစ်ခြင်းသည် လောကနှင့် ကျွန်ုပ်တို့ကို ကွဲကွာစေသည်။
၂။ ရေနှစ်ခြင်းသည် ကျွန်ုပ်တို့အသက်တာမှ ချုပ်နှောင်မှုများစွာကို ချိုးဖျက်ပေးသည်။
၃။ ရေနှစ်ခြင်းသည် စာတန်၏ တန်ခိုးကို ဖြတ်တောက် ပေးသည်။
၄။ ရေနှစ်ခြင်းသည် လောကထဲသို့ ပြန်သွားရန် သွေးဆောင်သူများ၏ သြဇာကို ဖြတ်တောက်ပေးသည်။
၅။ ရေနှစ်ခြင်းသည် ဘုရားသခင်၏ ခေါင်းဆောင်များအပေါ် ယုံကြည်မှု တိုးပွားစေသည်။

## အဦးသီးသောအသီးပွဲတော်

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းအရ ပသခါပွဲကို ခရစ်တော်ထံ အသက်တာ ပေးအပ်သည်နှင့် ကျင်းပကြပြီး နှုတ်ကပတ်တော်ကို ဆင်ခြင်လျက်တဆေးမဲ့မုန့်ကို စားကြသည်။ (ဆာ ၁း၂၁ ပသခါနှင့် တဆေးမဲ့ မုန့်စားပွဲကို အီဂျစ်ပြည်တွင် ကျင်းပကြသည်။

တတိယပွဲတော်မှာ အဦးသီးသောအသီးပွဲတော်ဖြစ်သည်။ သင်တို့သည် ငါပေးသောပြည်သို့ရောက်၍ စပါးကို ရိတ်သောအခါ၊ အဦးရိတ်သော ကောက်လှိုင်းတစ်စည်းကို ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်။ သင်တို့သည် စိတ်တော်နှင့် တွေ့ခြင်းငှါ၊ ယဇ်ပုရောဟိတ်သည် ဥပုသ်နေ့လွန်မှ နက်ဖြန် နေ့တွင် ထိုကောက်လှိုင်းကို ထာဝရဘုရားရှေ့တော်၌ ချီလွှဲရမည် (ဝတ် ၂၃း၁၀–၁၁)။

ပသခါ ဥပုသ်နေ့နောက်တစ်ရက်တွင် ယဇ်ပုရောဟိတ်သည် ရိတ်သိမ်းခြင်း အသစ်မှ ကောက်နှံအချို့ကို ဘုရားသခင် ရှေ့တော် ကွဲဝှေ့ယမ်း၍ ပူဇော်ရသည်။ သူတို့၏ အဦးသီးသောအသီးကို ကိုယ်တော်လက်ခံပါက ကျန်သော ရိတ်သိမ်း ခြင်းကိုလည်း လက်ခံမည်ဟု သိရသည်။

၁ကော ၁၅း၂၀–၂၁ တွင် ပေါလုက ခရစ်တော်သည် သေလွန်သော သူတို့တွင် သားဦးဖြစ်သည်ဟု ဆိုသည်။ ယခုမူကား၊ ခရစ်တော်သည် သေခြင်းမှပြန်ရှင်တော်မူ၍၊ အိပ်ပျော်သောသူတို့တွင် အဦးသီးသော အသီး ဖြစ်တော်မူပြီ။ သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့၊ သေသောသူတို့၏ ပြန်ရှင်ခြင်းတရားသည် လူအားဖြင့် တည်လျက်ရှိ၏။ ထို့ကြောင့် အဦးသီးသောအသီးသည် ရှင်ပြန်ထမြောက်ခြင်းကို ကိုယ်စား ပြုနေသည်။

ရေနှစ်ခြင်းသည်လည်း သေခြင်းမှ ထမြောက်ခြင်းကို ပုံဆောင်သည်။ ဤအကြောင်းကို ပေါလုက ရောမ ၆း၃–၅ တွင် ပြောဆိုထားသည်မှာ ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့ မသိသလော။ ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ပြန်ရှင်တော် မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သော အသက်၌ ကျင်လည် ရကြသတည်း။ တစ်နည်းကား၊ အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကို ဆောင်၍၊ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက် ရှိသည်မှန်လျှင်၊ ပြန်ရှင်တော် မူခြင်း၏ပုံသဏ္ဌာန်ကို ဆောင်၍ စိုက်ပျိုးလျက် ရှိကြလိမ့်မည်။

ကောလော ၂း၁၂ က ရေနှစ်ခြင်းသည် ထမြောက်သော အသက်တာကို ပုံဆောင်ကြောင်း အတည်ပြုပေးနေသည်။ ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ ခရစ်တော်ကို သေခြင်းမှ ပြန်ရှင်စေတော်မူသော ဘုရားသခင်၏ တန်ခိုးတော်ကို သင်ယုံကြည်ခြင်းအားဖြင့်၊ ဗတ္တိဇံကိုခံ၍ ထိုသခင်နှင့်အတူ ပြန်ရှင်ခြင်းသို့ ရောက်ကြ၏ (ကောလော ၂း၁၂)။ ရေနှစ်ခြင်း သည် ကျွန်ုပ်တို့အား ခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ထမြောက်ခြင်းနှင့် ထပ်တူပြုစေသည်။ ရေနှစ်ခြင်းခံပြီးသောအခါ အသစ်သော အသက်တာ၌ ကျင်လည်ကြရမည်။

ထို့ကြောင့် ရေနှစ်ခြင်းနှင့် ထမြောက်ခြင်းကို ပုံဆောင်သည့် ပင်လယ်နီကို ဖြတ်သန်းခြင်းအား ထမြောက်သောအသက်တာကို ပုံဆောင်သည့်အဦးသီးသော အသီးနှင့် ဆက်နွယ်၍ ရပါသည်။

ဣသရေလလူမျိုးများသည် အီဂျစ်ပြည်မှ ထွက်သောအခါ ဤပွဲကို ကျင်းပကြောင်း မှတ်တမ်း မရှိသော်လည်း နောက်ပိုင်းမှ ပေါ်လာခြင်း မဟုတ်ဘဲ ပသခါဥပုသ်နေ့ပြီး နောက်ရက်တွင် ကျင်းပကြရသည်။ သူတို့ အီဂျစ်ပြည်မှ ထွက်၍ ပသခါကျင်းပပြီး ပင်လယ်နီကို ဖြတ်ကြသည်။ ဤပွဲတော်များကို နောင်တွင် ပိုမိုအသေးစိတ်လေ့လာကြမည်။

### ၂။ မောရှေ၏သီချင်း

ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ ရှိနေသမျှ ကာလပတ်လုံး လူတို့၏ ရန်သူများကို မနှိမ်နင်းနိုင်။ သူတို့၏ ရန်သူကနေ လွတ်မြောက်သော်လည်း

ဖာရောဘုရင်သည် သူတို့အားလိုက်လံ ဖမ်းဆီးနေဆဲဖြစ်သည်။ ဣသရေလလူတို့သည် ပင်လယ်နီကို ဖြတ်သန်းသည့်အခါ ဘုရားသခင်သည် သူ၏လူတို့ကို ဘုန်းတန်ခိုးတော်နှင့် ကယ်လွှတ်သည်သာ မဟုတ်ဘဲ ဖါရောဘုရင်နှင့် သူ၏ စစ်တပ် အားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

ထွက်မြောက်ရာကျမ်း ၁၅း၁–၁၉ မှာ မောရှေ၏ သီချင်းကို ကျွန်ုပ်တို့အဘို့ မှတ်တမ်းတင်ထားသည်။ ထွက်မြောက်ရာကျမ်း ၁၅း၁–၂ မှာ 'ထိုအခါ မောရှေနှင့် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား သီချင်းဆိုသော စကားဟူမူကား၊ ထာဝရဘုရာသည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍ ကိုယ်တော်အားသီချင်းဆိုပါအံ့။ မြင်းနှင့်မြင်းစီးသူရဲကို ပင်လယ်ထဲသို့လှဲချတော်မူပြီး ထာဝရဘုရားသည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကို ကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ထိုဘုရားသည် ငါကိုးကွယ်သော ဘုရားသခင် ဖြစ်တော်မူ၍ ထောမနာပြုပါမည်။ ငါ့ဘိုးဘေးတို့၏သခင်ဖြစ်တော်မူ၍ ငါ ချီးမြှောက်ပါမည်' ဟု ဖတ်ရသည်။

ဤကား ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးသော သမ္မာတရား ဖြစ်သည်။ ကျွန်ုပ်တို့၌ ရန်သူရှိသည့်အခါ၊ ကျွန်ုပ်တို့၏ ရန်သူကို လုံး၀ နှိမ်နင်း အောင်မြင်ကြောင်း သေချာစေရမည်။ ရန်သူကို ဖျက်ဆီးဖို့သည် အမိန့်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့နောက်သို့ ဆက်လက်လိုက်လံ ဖျက်ဆီးခြင်း မပြုနိုင်မှာ ဖြစ်သည်။

တစ်ချို့ဒေသများ၌အဆုံးမသတ်နိုင်သော ပြဿနာများနှင့် ရင်ဆိုင်နေရသောအသင်းတော်များ ရှိသည်။ ထိုပြဿနာသည် မကြာခဏ မျိုးစဉ်ဆက်သို့ သွားသည်။ လွန်လေပြီးသောနှစ်များ၌ နိုးထမှု ရှိခဲ့ပြီး သိသာထင်ရှားသော ကောင်းကြီးမင်္ဂလာထဲသို့ ထိုးဖောက်ခဲ့တာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့သော် ရန်သူကို ကိုင်တွယ်ဖြေရှင်းခြင်း မပြုခဲ့ပေ။ ရလာဒ်ကတော့ ရန်သူက အနာဂတ်မျိုးဆက်များကို ဒုက္ခပေးဖို့ ပြန်လာသည်။ ဝိညာဉ်တန်ခိုးများနှင့် ရင်ဆိုင်တိုက်ခိုက်သည့်အခါ ပြီးဆုံးသည့်တိုင်အောင် တိုက်ရမည်။ သို့မှသာ သူတို့ကို အပြတ်ရှင်းပြီး သူတို့ကို အနိုင်ရမှာဖြစ်သည်။

ဗျာဒိတ်ကျမ်း ၁၅း၃ မှာ အောင်မြင်သော သန့်ရှင်းသူတို့သည် မောရှေ၏ သီချင်းကို ကောင်းကင်၌ ဆိုနေကြောင်းတွေ့ရသည်။ 'ထိုသူတို့သည် ဟုတ်မှန်ကြပါ၏။'

ချည်နှောင်ခြင်းမှ လွတ်မြောက်ပြီး ချည်နှောင်ခြင်း၏အမြစ်ကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်သူတို့ကို ကျွန်ုပ် တွေ့ဖူးသည်။ ထို့ကြောင့် ချည်နှောင်ခြင်းက သူတို့နောက်ကို လိုက်နေဆဲဖြစ်ပြီး သူတို့ကို အမိအရပြန်ဖမ်းသည်။

ဒါဝိဒ်မင်းကြီးက သူ၏ရန်သူများကို လုံးလုံးလျားလျား မဖျက်ဆီးမချင်း ရန်သူနောက်ကို မညှာမတာ လိုက်လံ ဖမ်းဆီးမှာပဲဟု ဆိုသည်။ (၂ ဓမ္မရာဇဝင် ၂၂း၃၈–၄၁)

အထူးသဖြင့် ကျွန်ုပ်တို့ မိသားစုထဲ၌ ပြဿနာများ မျိုးစဉ်ဆက် တစ်လျှောက် ဆင်းသက်သည့်အခါ ချည်နှောင်ခြင်းတွေက ရပ်လိုက်၊ ဖြစ်လိုက် ဖြစ်နေသည်ဟု မြင်ရသည်။ ချည်နှောင်ခြင်းအပေါ် ဩဇာညောင်း လွှမ်းမိုးသော မျိုးစဉ်ဆက် တစ်ခုကို ချည်နှောင်ခြင်းက ကျော်သွားကောင်း ကျော်သွားပေမည်။ သို့သော် နောက်မျိုးဆက် တစ်ခုစီပြန်လာမည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ယင်းတို့ကို ချည်နှောင်ပြီး ငရဲထဲသို့ ပစ်ထည့်လိုက်ပါ။ သို့မှသာ နောက်မျိုးဆက်များကို မနှောင့်ယှက် မဆီးတားနိုင်ဘဲ အခြားသူများအပေါ်မှာလည်း မလွှမ်းမိုးတော့ဘဲ ဩဇာမညောင်း ဖြစ်မှာ ဖြစ်သည်။ ရန်သူ၏ တန်ခိုးများကို ချိုးဖျက်ပြီး ငရဲထဲမှာ ချည်နှောင်သည့်အခါ ကျွန်ုပ်တို့၏ အသက်တာ၌ မလုံခြုံမကာကွယ်နိုင်သော ကဏ္ဍရှိခဲ့လျှင်လည်း အခိုင်အမာ ခံတပ် မရရှိနိုင်တော့ပါ။

## ဇိအုန်တောင်

မောရှေသည် ဇိအုန်တောင်အား ဣသရေလလူမျိုးတို့၏ နောက်ဆုံး လမ်းဆုံးအဖြစ် ပြောခဲ့သည်။ အိုထာဝရဘုရား၊ ကိုယ်တော်ကိန်းဝပ်တော်မူရာဖို့ ဖန်ဆင်းတော်မူသောအရပ်ဖြစ်သော ကိုယ်တော်၏ အမွေခံတော်မူရာတောင်တွင် သူတို့ကို ကိုယ်တော် သွင်းတော်မူလိမ့်မည်။ အိုထာဝရဘုရား၊ လက်တော်နှင့် တည်တော်မူသော သန့်ရှင်းရာဌာနတော်၌ နေရာချတော်မူလိမ့်မည် (ထွက် ၁၅း၁၇)။ ကိုယ်တော်သည် မိမိကျိန်းဝပ်ရာဂတိတော်ပြည်ဖြစ်သော ဇိအုန်တောင်သို့ သူတို့ကို ခေါ်လာဖို့ရည်ရွယ်သည်။ ထိုမျိုးဆက်ဇိအုန်တောင်သို့ မရောက်ကြပါ။ နှစ် ရာနှင့်ချီပြီးမှ ဒါဝိဒ်သည် ဇိအုန်ရဲတိုက်ကို သိမ်းပိုက်လျက် ပရောဖက်ပြုချက်ကို ပြည့်စုံစေခဲ့သည်။

ထွက် ၁၅း၁၇ ပါ တောင်သည် သိနာတောင် မဟုတ်ပါ။သိနာတောင်သည် တောထဲတွင် လှည့်လည်စဉ်ရောက်ရှိရာတောင်ဖြစ်သည်။ ဤတောင်သည် အမွေခံရာ ဇိအုန်တောင်သာ ဖြစ်သည်။ – သန့်ရှင်းသော ပြည်တော်စွန်းတိုင်အောင်၄င်း၊ လကျ်ာလက်တော်အားဖြင့် အပိုင်ရတော်မူသော ဤတောင်သို့၄င်း၊ သူတို့ကို ပို့ဆောင်တော်မူ၏ (ဆာ ၇၈–၅၄)။ ယခင်ကတွေ့ရှိခဲ့သလိုပင် သူတို့၏ ခရီးစဉ်သည် ခရစ်ယာန်တို့၏ ခရီးစဉ်ကို ပုံဆောင်နေသည်။ သူတို့၏ နောက်ဆုံးခရီးမှာ ဇိအုန်တောင်ဖြစ်သလိုပင်၊ ယုံကြည်သူများ၏ နောက်ဆုံး

ခရီးမှာ ကောင်းကင်ဇိအုန် တောင်ဖြစ်သည်။ ယုံကြည်သူတစ်ယောက်အတွက် သူဘယ်သွားနေသလဲ။ သူ၏အမွေက ဘယ်မှာရှိသလဲ ဆိုတာသိဖို့ လွန်စွာ အရေးကြီးသည်။ ကလေသရေလတို့၏ ခရီးစဉ်သည် ခရစ်ယာန်တို့၏ ဝိညာဉ်ရေးရာ ခရီးစဉ်ကို ကိုယ်စားပြုကြောင်း သတိပြုခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကလေသရေလ တို့၏ အဆုံးစွန်သော ပန်းတိုင်သည် ဇိအုန်တောင်ဖြစ်ကြောင်း ရှင်းလင်းစွာ လက်ခံပြီးသည့်အတိုင်း ယုံကြည်သူတို့၏အဆုံးစွန်သော ပန်းတိုင်သည် ကောင်းကင်ဆိုင်ရာ ဇိအုန်တောင်ဖြစ်သည်။

သင်တို့သည် ဇိအုန်တောင်သို့၎င်း၊ အသက်ရှင်တော်မူသော ဘုရားသခင် ၏ မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့သို့၎င်း၊ အတိုင်း မသိများစွာသော ကောင်းကင်တမန်တို့၏ စုဝေးခြင်းသို့၎င်း၊ . . . (ဟေဗြဲ ၁၂း၂၂–၂၃)။ ယုံကြည်သူများ၏ ခေါ်ခြင်းမှာ ကောင်းကင်ဇိအုန်တောင် ဖြစ်သော ဘုရားသခင် ကျိန်းဝပ်ရာနေရာဆီသို့ ဖြစ်သည်။ ဘုရားသခင်သည် ဇိအုန်တောင်ရှုပါရုံကို ကျွန်ုပ်တို့အား ပေးလိုသည်။

ယုံကြည်သူများသည် အသက်တာအတွက် ဝိညာဉ် ရှုပါရုံရှိရန် အရေးကြီး လှသည်။ အသက်တာတွင် ဘုရားပေးလိုသောအကောင်းဆုံးကိုသာ ရယူရမည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်ုပ်ခန္ဓာသေဆုံး၍ ကောင်းကင် တမန်က ကောင်းကင်သို့ ခေါ်သွားသည်။ မြစ်ကိုဖြတ်၍ ကောင်းကင်သို့ ရောက်သောအခါ ကျွန်ုပ် ဘဝတစ်ခုလုံးကို မြင်ရသည်။ ဤအချက်နှင့် ပတ်သက်၍ ကျွန်ုပ် အသက်တာ၌ သိရှိလာသည်မှာ – ဤဇာတိ၌ နေရစဉ် ကာလတစ်လျှောက် ကျွန်ုပ်တို့ ပြုခဲ့သော အမှုတစ်ခုထက်မက ထို့ထက်ပိုသောအမှုများအတွက် အစီရင်ခံရပေမည်။ ကျွန်ုပ်သည် အချိန်မတန်မှီ သေဆုံး၍ ဘုရားသခင် ပြင်ဆင်ထားသောအမှုကို မပြည့်စုံစေ ခဲ့ရကြောင်း ပြောပြသည်။ သနားခြင်း၊ ဂရုဏာဖြင့် ဘုရားသခင်သည် ကျွန်ုပ်ကို မြေကြီးပေါ်သို့ ပြန်သွားခွင့် ပြုပြီး သူ၏ အစီအစဉ်ကို ပြီးစီးစေရန် အခွင့်ပေးသည်။

ထိုအတွေ့အကြုံပြီးနောက်တွင် ယုံကြည်သူများ၏ အသက်တာတွင် ဘုရားသခင်၏ အလိုတော်နှင့် ပန်းတိုင်ကို ပြီးစီးစေရန် ကျွန်ုပ်အလွန် ဝန်တာရှိလာသည်။ ကမ္ဘာ မတည်မရှိမီကတည်းက ကျွန်ုပ်တို့အတွက် အကြံအစည်၊ ပန်းတိုင်နှင့် အမွေတို့ကို ခွဲခန့်မှတ်သားထားပြီးသား ဖြစ်သည်။ မိမိတို့၏ အမွေကို လက်လွှတ်အဆုံးရှုံးမခံပါနှင့်။ ကိုယ်တော်သည် ကျွန်ုပ်တို့ အယောက်တိုင်းအတွက် အမွေကို ပြင်ဆင်ထားသော်လည်း ရှေ့ဆက်မတိုးပါက ထိုအမွေထဲသို့ ဝင်ရောက်ရမည် မဟုတ်ပါ။ ကိုယ်တော်သည် အီဂျစ်မှ

ထွက်လာသော မျိုးဆက်ကို ဂတိတော်ပြည်သို့ ဝင်စေရန် ပြင်ဆင် ထားသည်။ သို့သော် သူတို့၏ မနာခံခြင်းနှင့် မယုံကြည်ခြင်းကြောင့် တောထဲမှာ သေဆုံးကြသည်။ ဘုရားသခင်ရှေ့တွင် ကျွန်ုပ်တို့ရပ်ကြသောအခါ အလိုတော်ကို ပြည့်စုံစေသည်၊ မပြည့်စုံစေသည်ကို စာရင်းရှင်း ကြရမည်။

**ပရောဖက်မ မိရိအံ**

ထွက် ၁၅း၂၀–၂၁ တွင် မိရိအံသည် ပတ်သာကိုကိုင်လျက် မိန်းမတို့ကို သီချင်းနှင့် အကဦးဆောင်လေသည်။ အာရုန်၏ အစ်မဖြစ်သော ပရောဖက်မမိရိအံသည် ပတ်သာကိုကိုင်၍၊ မိန်းမအပေါင်းတို့သည် ပတ်သာတီးလျက် ကလျက်လိုက်သွားကြ၏။ မိရိအံကလည်း၊ ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲကိုခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အား သီချင်းဆိုကြလော့။ မြင်းနှင့် မြင်းစီးသူရဲကို ပင်လယ်ထဲသို့ လှဲချတော်မူပြီဟု သူတို့နှင့် သံပြိုင်၍ ဆိုလေ၏။

ကျမ်းစာက မိရိအံကို ပရောဖက်မ ဟုခေါ်သည်။ ထို့ကြောင့် ဘုရားသခင်သည် မိန်းမများနှင့် ယောကျ်ားများကို ငါးမျိုးသော အမှုတော်ဆောင်ခြင်းအတွက် ခေါ်ပါသည်။ (ဧ ၄း၁၁) သိသာထင်ရှားစွာ အမျိုးသမီး တစ်ယောက်သည် ပရောဖက်မ ဖြစ်နိုင်သည်။

အမှုတော်ဆောင်ခြင်း၌ အမျိုးသမီးများနှင့် ပတ်သက်၍ ထင်မြင်ဝေဖန်ချက်နှစ်ခု ပြုလိုပါသည်။ ပထမ – အမှုတော်အတွက် ခေါ်ခြင်းခံရသော ညီအစ်မများကို ညီအစ်ကိုများက လက်ခံရမည်။ ဒုတိယ – ဘုရားသခင်ထံမှ လာသော ခေါ်ခြင်းကို ခံရသော ညီအစ်မများသည် မိရိအံ ကဲ့သို့ ခေါ်ခြင်း ခံရကြောင်း သိရှိရမည်။ ဤကား၊ အလွန်အရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော်၊ အမျိုးသမီးများကို လက်မခံကြ။ အမှုတော်ဆောင်ခြင်းဆိုတာ ညီအစ်ကိုများအတွက်သာ ဖြစ်သည်ဟု စဉ်းစားပြီး ရှန်းကန်နေရသည်။ မိန်းမတို့သည် ဘုရားသခင် နိုင်ငံတော်တွင် အရေးပါသော အပိုင်းတွင်ပါဝင်၍ ထိရောက်သော အမှုတော်ဆောင်ဖြစ်နိုင်ကြောင်း သဘောပေါက်ဖို့လိုသည်။ ဘုရားသခင် ခေါ်သောသူတို့ကို ကျွန်ုပ်တို့ထောက်ပံ့ဖို့လိုပါသည်။

**၃။ ခါးသောရေ**

ခရစ်ယာန်များကို အသက်တာ၌ စိတ်ပျက်စရာများရှိကြောင်း ပြင်ဆင်ပေးထားရမည်။ ပင်လယ်နီပြီးနောက် ဣသရေလလူမျိုးများ တောထဲတွင် ၃ ရက် ခရီးသွားလျက် ရေကို ရှာမတွေ့ကြချေ။ မာရအရပ်၌ ရေကို တွေ့သော

အခါ ခါးသဖြင့် မသောက်နိုင်ကြ။ ထိုနောက် မောရှေသည် ဣသရေလလူတို့ကို၊ ဒေ့ပင်လယ်မှ ဆောင်သွား၍၊ သူတို့သည် ရှုရတောသို့ ရောက်ကြ၏။ ထိုတော၌ သုံးရက်ခရီးသွား၍ ရေကို မတွေ့ရကြ။ မာရအရပ်သို့ရောက်သောအခါ မာရရေသည် ခါးသောကြောင့် မသောက်နိုင်ကြ။ ထိုကြောင့် ထိုအရပ်ကို မာရဟု သမုတ်ကြသတည်း။ လူများတို့သည် မောရှေကို ပြစ်တင်၍ မြည်တမ်းလျက်၊ အဘယ်သို့သောက်ရပါမည်နည်းဟု ဆိုကြ၏ (ထွက် ၁၅း၂၂–၂၄)။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ ခရီးစဉ်တွင် ခါးသီးသော အချိန်များရှိလိမ့်မည်။ အသက်တာတွင် ခါးသီးသောအရာကို ကျော်လွှားနိုင်ရန် လိုသည်။ ခါးသီးခြင်းသည် အလွန်အန္တရာယ်ရှိသည်။ သင်တို့တွင် တစ်စုံတစ်ယောက်မျှ ဘုရားသခင်၏ ကျေးဇူးတော်ကို မရဘဲမနေစေခြင်းငှါ၄င်း၊ ခါးစွာသောပင်မြစ်ပေါက်၍ သင်တို့ နှောင့်ယှက်သဖြင့်၊ လူအများတို့သည် အပြစ်နှင့် မညစ်ညူးစေခြင်းငှါ၄င်း၊ . . . . (ဟေဗြဲ ၁၂း၁၅)။

လူတဦးထဲမှာရှိသော ခါးသီးခြင်းအမြစ်သည် လူများစွာကို ညစ်ညူးစေနိုင်သည်။ ခါးသီးခြင်းသည် လျင်မြန်စွာ ပြန့်ပွားတတ်သည်။ စိတ်ပျက်ခြင်းနှင့် နာကျင်ခြင်းများအား ကျေးဇူးတော်နှင့် မကျော်လွှား တတ်ပါက ခါးသီးခြင်း ဖြစ်လာသည်။ လူ့ဘဝတွင် စိတ်ပျက်စရာများစွာ ကြုံရနိုင်သည်။ သို့သော် စစ်ကြောခြင်းများအားလုံးနှင့် အခြေအနေအားလုံးကို ကျော်လွှားနိုင်ရန်အတွက် ကျေးဇူးတော်ကို ရရှိနိုင်ပါသည်။ စိတ်ပျက်စရာများကို အောင်မြင်နိုင်ရန် ဘုရားသခင်ကျေးဇူးတော်ကို ဆီလျှော်အောင် အသုံးပြုဖို့ ပျက်ကွက်သည့်အခါ ခါးသီးမှုများ ကျွန်ုပ်တို့ အသက်တာမှာ ဝင်ရောက်လာသည်။ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ် တစ်ဦး၌သော်လည်းကောင်း၊ အခြေအနေ တစ်ခု၌သော်လည်းကောင်း (သို့) တစ်ဦးတစ်ယောက်က ကျွန်ုပ်တို့အား ပြုသောအမှု၌သော်လည်းကောင်း စိတ်ပျက်တာ ဖြစ်ကောင်းဖြစ်ပေမည်။ မည်သို့ဆိုစေ၊ စုံစမ်းစစ်ဆေးခြင်းအတွက် လည်းကောင်း၊ အခြေအနေတိုင်းအတွက်လည်းကောင်း ကျေးဇူးတော်ကို ရရှိနိုင်ပါသည်။

ခါးသီးခြင်းကို အောင်မြင်ရန် သော့ချက်ကို ထွက် ၁၅း၂၅ တွင် တွေ့ရှိနိုင်သည်။ မောရှေသည် ထာဝရဘုရားအား အော်ဟစ်၍ ထာဝရဘုရားသည် သစ်ပင် တစ်ပင်ကို ပြတော်မူ၏။ ထိုအပင်ကို ရေထဲသို့ချပြီးလျှင်၊ ရေသည် ချိုလေ၏။ ထိုအရပ်၌ သူတို့ကို စူးစမ်း၍ စီရင်ထုံးဖွဲ့တော်မူသည်ကား၊ . . . (ထွက် ၁၅း၂၅)။ မာရအရပ်၏ ခါးသောရေသည် မောရှေက သစ်ပင်ကို ပစ်ချလိုက်သောအခါ ချိုသွားသည်။ သစ်ပင်သည် ခရစ်တော်အသေခံသည့်

လက်ဝါး ကပ်တိုင်ကို ပုံဆောင်သည်။ ကားတိုင်သို့ သွားခြင်းအားဖြင့် ခါးသီးခြင်း ကို အောင်မြင်နိုင်သည်။

ခါးသီးခြင်းကို ကျော်လွှားနိုင်မည့်အဆင့် သုံးခုမှာ–

၁။ သင်၏အတွေ့အကြုံနှင့် ခါးသီးသောခံစားချက်ကို ကားတိုင်သို့ ယူဆောင်သွားပါ။

၂။ သင့်ကိုပြစ်မှားသောသူအပေါ် ခွင့်လွှတ်ပါ။

၃။ သင့်အပေါ်ပြစ်မှားသောအရာကို မေ့ပျောက်ပါ။

ခွင့်လွှတ်ခြင်းသည် မေ့ပျောက်ခြင်း၌ အမြစ်တွယ်နေသည်။ ပြစ်မှားသော ကိစ္စကို မမေ့ပျောက် ဘဲနှင့် အမှန်တကယ်ခွင့်မလွှတ်နိုင်ပါ။ ကမ္ဘာဦး ၄၁း၅၁ တွင် ဖတ်ရသည်မှာ သားဦးကို ကားမနာရှေအမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ ငါခံရသမျှသော ပင်ပန်းခြင်းနှင့် ငါ့အဘ၏ အိမ်သားအပေါင်းတို့ကို ငါမေ့စေခြင်းငှါ ဘုရားသခင်ပြုတော်မူပြီဟု ဆိုသတည်း။ ယောသပ်သည် သူ၏ သားဦး မနာရှေဟု မှည့်ပြီး 'မေ့ပျောက်ခြင်း' ဟု အဓိပ္ပါယ်ရသည်။ ယောသပ်က ဘုရားသခင်သည် သူ၏ရုန်းကန်ခြင်းနှင့် ဆင်းရဲခြင်းများကို မေ့ပျောက် စေသည်ဟု ဆိုသည်။ ယောသပ်၏ ဒုတိယသား အမည်မှာ 'ဖေရိမ်' ဖြစ်ပြီး 'နှစ်ထပ်ကွမ်းအသီးသီးခြင်း' ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် မေ့ပျောက် တတ်ခြင်းသည် အသီးသီးသော ခရစ်ယာန်အသက်တာဆီသို့ ပို့ဆောင် ပေးသည်။

ကျွန်ုပ်နှင့် ဇနီးသည် ထိုဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်၍ အမှုတော်ဆောင်ချိန်တွင် ဟိုတယ်ထဲတွင် ကျမ်းစာကျောင်း ဖွင့်ကြသည်။ ဥရောပတိုက်မှ လူများ ဟိုတယ်သို့လာ၍ ကျွန်ုပ်တို့အား အကြံဉာဏ် တောင်းခံကြသည်။ အချို့အကြံပြု ဆွေးနွေးချိန်သည် နာရီပေါင်းများစွာကြာပြီး သူတို့၏ အပြစ်များနှင့် ရုန်းကန်ခြင်းများကို ဝန်ခံကြသည်။ သူတို့အတွက် ထိုးဖေါက်အောင်မြင်မှု ရရှိစေရန် ဆုတောင်းပေးကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အခြေအနေ တစ်ခုစီအတွက် အဖြေပေးပြီးသားဖြစ်သောကြောင့် အောင်မြင်သော သူအဖြစ် လျှောက်လှမ်းရမည်။

သို့သော် ကျွန်ုပ်သည် သူတို့အပြစ်များကို အကုန်လုံးသိနေတော့သည်။ သူတို့ကို ထပ်တွေ့သောအခါ သူတို့ပြောပြသမျှအားလုံးကို မှတ်မိနေသည်။ ဤသို့ဆက်သွား၍ မဖြစ်ကြောင်း ဘုရားသခင်ကို ဆုတောင်း၍ပြောပြလိုက်သည်။ ''အကြံပြုဆွေးနွေး ပြီးသောအခါ သင့်အခန်းသို့ပြန်သွား၍ သင်၏ မနာရှေ (မေ့ပျောက်ခြင်း) ကို ငါ့ထံမှ တောင်းခံပါ'' ဟု ကိုယ်တော်က

ပြောသည်။ ကျွန်ုပ်ဆိုလိုသော အချက်ကို ဖော်ပြရန် – ဦးထုပ်တစ်ခုကို ချွတ်ပြီး အခြားတစ်ခုကို ဆောင်းသော ကလေးတစ်ယောက်နှင့် တူသည်။ သင်တို့အားလုံး ပြုရမည့်အမှုကတော့ ဆုတောင်းရမည်– 'ဘုရားသခင်၊ ဤ ဦးထုပ်ဟောင်းနှင့် အတွေးအခေါ်ဟောင်းတို့ကိုချွတ်ပြီး ဦးထုပ်အသစ်ကို ဆောင်းပါ၏။ မနာရှေကို ဆောင်းပါ၏။' လူတို့နှင့် ကျွန်ုပ်အကြံ ပြုဆွေးနွေးသည့်အခါတိုင်း ကိုယ်တော်မှတ်မိ စေလိုသည့်အရာမှလွဲ၍ မေ့ပျောက်စေရန် ဆုတောင်းလေ့ရှိရာ အဆင်ပြေ လာပြီး လူတို့က သူတို့ပြောပြတာ မှတ်မိသေးလားဟု မေးလာသော အခါ သူတို့နှင့် ဆွေးနွေးဖူးမှန်းကိုပင် သတိမရတော့ပါ။

ဤအတွေ့အကြုံက များစွာခြားနားမှုကို ဖြစ်စေသည်။ လူတို့က ကျွန်ုပ်ကို ထိခိုက်စေ၍ တစ်ခုခု ဆန့်ကျင်ပြုမူသောအခါ သူတို့လုပ်ခဲ့တာကို ခွင့်လွှတ်နိုင်ရန်အတွက် မနာရှေ (မေ့ပျောက်ခြင်း) ကိုပေးရန် တောင်းလျှောက် လေ့ရှိသည်။ ဘုရားသခင်သည် ယောသပ်အတွက် ပြုလုပ်ပေးသလိုပင် မေ့ပျောက်ခြင်းကို ပေးနိုင်ပါသည်။ ဤအရာသည် အံ့သြစရာကောင်းပြီး အကြံဉာဏ်ပေးခြင်း၌ ဘုရားသခင်၏ မေ့မေ့လျော့လျော့ ဖြစ်ခြင်းသည်လည်း ကောင်းပါ၏။ များစွာသော လူတို့သည် ယုံကြည်စိတ်ချရပြီး တိုင်ပင်နိုင်မည့် အကြံပေးပုဂ္ဂိုလ် လိုအပ်သည်။ မိမိ၏ အဖြစ်အပျက်ကို ဝန်ခံပြီး အရာရာကို နေရာမှန်ဖြစ်စေ နိုင်မည့်သူ၊ သူတို့ ရှန်းကန်နေရသည့်အဖြစ်များကို သူတစ်ပါးအား ပြန်မပြောမည့်အကြံပေးပုဂ္ဂိုလ် လိုအပ်ကြသည်။ နောက်ပိုင်းမှာတော့ ထိုအကြံပေးပုဂ္ဂိုလ်ကို ပြန်လှည့်မကြည့်ချင်ပါ။ 'အဲဒီလူက ငါ့ရဲ့ လျှို့ဝှက်ချက်အားလုံးကို စုသိမ်းထားတယ်' လို့ ထင်ကြသည်။

မနာရှေနှင့်အတူလူတစ်ယောက်ကို ကြည့်ပြီး ကျွန်ုပ်နှင့် ဘာဝေ့တယ်ဆိုတာ သတိမရဘူး။ လူတွေက ကျွန်ုပ်ထံပြန်လာပြီး သူတို့ ပြောခဲ့သည့်အရာများကို မှတ်မိသလားဟု မေးကြသည်။ ထိုသူတို့ကို အကြံပေးခြင်းများပြုခဲ့ခြင်းကိုပင် ကျွန်ုပ်မမှတ်မိပါ။ မေ့မေ့လျော့လျော့နေခြင်း – အလွန်တန်ဖိုးကြီးသည်။ အကျွန်ုပ်တို့၏ ဝိညာဉ်များကို လွတ်လပ်ပေါ့ပါး စေသည်။ သန့်ရှင်းသော မေ့မေ့လျော့လျော့ဖြစ်ခြင်းကို အိမ်၌ လေ့ကျင့်ရမည်။ ဇနီးမောင်နှံကြားမှာလည်းကောင်း၊ မိဘနှင့် သား၊ သမီး ကြားမှာလည်းကောင်း အကျိုးသက်ရောက်ပေမည်။

သင်းအုပ်များအတွက် သန့်ရှင်းသော မေ့မေ့လျော့လျော့ ဖြစ်ခြင်းကို လိုသည်ထက်ပိုအောင် အလေးပေးမပြောချင်ပါ။ ငယ်ရွယ်သော သင်းအုပ်တစ်ယောက်သည် သူ၏ပထမ ပရိသတ်ထဲ ဒါဝိဒ်မင်းကြီးတောထဲ၌

တွေ့ခဲ့သောလူများနှင့် တူသော သူများကို တွေ့ကောင်းတွေ့ပေမည်။ အကြွေး ရှိသောသူများ၊ စိတ်ပင်ပန်းပူဆွေးသောက ရောက်နေသူများ၊ မကျေမနပ် ဖြစ်နေသူများ ဖြစ်ကြသည်။ (၁ဓမ္မရာဇဝင် ၂၂း ၂) ကိုဖတ်ပါ။ ဤအရာက ပုံမှန်ဖြစ်တတ်ပါသည်။ ဘုရား၌မွေ့လျော်သောသင်းအုပ်၊ အရာရာကို သင့်အတွက်ရှင်းပေးသော သင်းအုပ်ကို မဆက်ခံပါက သာ၍ သံသယ ဖြစ်စရာ ကောင်းသည်။ ကျွန်ုပ်တို့ အကြောင်းကို ပြောသောသူအမျိုးမျိုး မကြာခဏ ရှိပေမည်။ မှန်တာရော၊ မမှန်တာရော ပြောကြပေမည်။ အနာကျင်ဆုံးကတော့ မှန်သောစကားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ မမှန်သောစကားဖြစ်လျှင် ဘဲတစ်ကောင်၏ ကျောပေါ်မှ လိမ့်သွားသောရေကဲ့သို့ လိမ့်သွား၊ ပျောက်ကွယ် သွားပေမည်။

တစ်ဦးတစ်ယောက်က တစ်ခုခုကို ပြောသည့်အခါ ဘုရားသခင်ထံ မြန်မြန် သွားပြီး သင့်ရဲ့သန့်ရှင်းသော မေ့မေ့လျော့လျော့ ဖြစ်ခြင်းကို တောင်းပါ။ ဤသို့ဖြင့် ငြိမ်သက်ခြင်းနှင့်အောင်မြင်ခြင်းကို ကျွန်ုပ်တို့ ရရှိနိုင်သည်။ မာရ အရပ်မှာ ရှိသောရေ (ခါးသီးသော အတွေ့အကြုံ)ကို အောင်ပွဲခံနိုင်ခြင်းငှါ ယခုပင် စတင်လေ့ကျင့်ပါ။ သင့်ကိုယ်ပိုင်အသက်တာမှာ အောင်မြင်ခြင်းကို ရရှိသည့်အခါ သူတစ်ပါးအား သင် လက်ဆင့်ကမ်းနိုင်မည်။

သည်းခံခြင်း၏အရည်အသွေးက – 'ဘုရားသခင် ကိုယ်တွယ်ခြင်း မခံရသေးသော သူ၏နှလုံးသားထဲမှ မကောင်းသော၊ ဆိုးသွမ်းသော အရာတို့ကို ခံနိုင်ရည်ရှိခြင်း'ကို ဆိုလိုသည်။ ရှင်ပေါလုက ဖေက်သြဝါဒစာ ၄း ၁–၂ တွင် – 'ခေါ်တော်မူခြင်း ကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့် အထိုက်အလျောက် ကျင့်ဆောင်မည်အကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသော ငါသည် သင်တို့ကို တိုက်တွန်းနှိုးဆော်ပါ၏။ အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် ၊ မေတ္တာ စိတ်နှင့် တယောက်ကိုတယောက် သည်းခံခြင်းရှိကြ၍' ဟုဆိုပါသည်။

ခေါင်းဆောင်တစ်ယောက်အနေဖြင့် သင့်ကိုယ်ပိုင်အသက်တာမှာ လွန်စွာ အရေးကြီးသော လိုအပ်ချက်ရှိပြီး ပြောကောင်း ပြောပေမည်။– ' ဘုရားသခင်၌ ဤအရာကို ကိုယ်တွယ်ဖြေရှင်းပေးပါ။' မည်သို့ဆိုစေ ဘုရားသခင်က ခပ်သိမ်းသောအရာတို့ကို ဦးစွာပထမ ကိုင်တွယ်ဖြေရှင်းမည်။ နောက်ဆုံးမှာ ကျွန်ုပ်တို့ အပူပင်သောက အဖြစ်ဆုံးကို ကုစားပေးလိမ့်မည်။ လူတစ်ယောက်၏ အသက်တာရဲ့ကိစ္စများကို ကိုင်တွယ်ဖြေရှင်းသည့်အခါ ဘုရားသခင် အစီအစဉ် ရှိသည်။ တစ်ခါတစ်ရံ ပရိသတ်ထဲ၌ ဘုရားသခင်

ကိုင်တွယ်ဖြေရှင်းခြင်း မပြုရသေးသောပြဿနာရှင် လိုအပ်သည်။ ဤအရာက ကျွန်ုပ်တို့ အသက်တာ၌ သည်းခံခြင်း၏ ထူးကဲသော အရည်အသွေးကို တိုးပွား စေခြင်းငှါ ဖြစ်သည်။ သူတစ်ပါး၌တွေ့သော အပြစ်အနာဆာ၊ မိမိ၌ရှိသော အပြစ်အနာဆာတို့ကို သည်းခံခြင်းငှါ ကျွန်ုပ်တို့ သင်ယူရမည်။

ကျွန်ုပ်တို့ မကြာခဏ အဆက်အသွယ်လုပ်ရမည့် အချို့သောသူများကို ကျွန်ုပ်စဉ်းစားနိုင်သည်။ သူတို့က ချစ်စရာကောင်းသောသူများ ဖြစ်ကြသည်။ သို့သော် သူတို့အသက်တာမှာ စိုးရိမ်ဖွယ်ကောင်းသော ပြဿနာ များရှိသည်။ တစ်ခါတစ်ခါ သူတို့ရဲ့ပြဿနာတွေကြောင့် သူတို့နှင့် မိသဟာယဖွဲ့ခြင်းကို ဖြတ်တောက်ရမလားလို့ ခံစားမိသည်။ သို့သော် ဘုရားသခင်က ထပ်၍ ထပ်၍ ပြောသည့်အရာကတော့ – 'အဲဒီ ပြဿနာကို ငါ့အချိန်မှာ ငါကိုင်တွယ် ဖြေရှင်း မယ်၊ နင့်အထဲ၌ သည်းခံခြင်းပွားများလာအောင် အဲဒါကို ငါ အသုံးပြုနေတာ'။

မမေ့ပါနှင့်။ ဘုရားသခင်က ခေါင်းဆောင်များကို ဖြစ်စေတာပါ။ ထို့ကြောင့် သင်းအုပ်ကို ပရိသတ်အတွက်ဘဲ ရွေးတာမဟုတ်ပါဘူး။ ပရိသတ်ကို သင်းအုပ် အတွက် သတိကြီးစွာထားပြီး ရွေးချယ်တာလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ပရိသတ်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမည်။ ထိုပရိသတ် သည် ကျွမ်းကျင်စွာရွေးချယ်ခံရသူများဖြစ်ပြီး ဘုရားသခင်၏ သဘောသဘာဝ နှင့် အရည်အသွေးများကို ကျွန်ုပ်တို့၌ လုပ်ဆောင်ရန် ဖြစ်သည်။

### ၄။ အနာငြိမ်းစေသောဘုရားသခင်

ထွက် ၁၅း၂၆ တွင် ကိုယ်တော်ပြောသည်မှာ သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ စကားကို စေ့စေ့နားထောင်၍ နှစ်သက်တော်မူ သော အကျင့်ကို ကျင့်လျှင်၄င်း၊ ပညတ်တရားတော်အလိုသို့ လိုက်၍ စီရင်တော် မူချက်တို့ကို စောင့်ရှောက်လျှင်၄င်း၊ ငါသည် အဲဂုတ္တုလူတို့၌ စွဲစေသောရောဂါ တစ်စုံတစ်ခုကိုမျှ သင်တို့၌မစွဲစေ။ ငါသည် သင်တို့၏ ရောဂါကို ငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ ၄င်းသည် ယေဟောဝါ ရာဖာဆိုသော ဘုရားသခင်အမည်ကို ဖွင့်ပြခြင်းဖြစ်ပြီး သင့်ကို အနာငြိမ်းစေသောဘုရား 'ကျွန်ုပ်တို့အနာကို ငြိမ်းစေသောဘုရား' ဟု ဆိုလိုသည်။

အနာငြိမ်းခြင်းသည် ဧဝံဂေလိတရားတွင်ပါဝင်ပြီး ခရစ်ယာန်အသက်တာ အတွက် အရေးကြီးသည်။ ဘုရားသခင်သည် သူ့အား အနာငြိမ်းစေသော ဘုရားအဖြစ် သိစေလိုသည်။ အနာငြိမ်းခြင်းကို အပြစ်ပြေခြင်းထဲ၌ ပြင်ဆင်ပေး

ထားသည်။ မဟာစေခိုင်းချက်ကြီးတွင် ကိုယ်တော်က မာကု ၁၆း၁၅–၁၈ ၌ ပြောသည်မှာ သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့ သွား၍၊ ဝေနေယျ သတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။ ယုံကြည်သော သူတို့၌ ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ ငါ၏ နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကို ပြောကြလတံ့။ မြွေတို့ကို ဖမ်းကိုင်ကြလတံ့။ သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့် ကင်းလွတ်ကြလတံ့။ မကျန်းမာသောသူတို့ပေါ်မှာ လက်ကို တင်၍ ချမ်းသာပေးကြလတံ့ဟု မိန့်တော်မူ၏ (မဿဲ ၄း၂၃)။ ခရစ်တော်၏ အဓိက အမှုတော်လုပ်ငန်းသုံးခုမှာ သွန်သင်ခြင်း၊ ဟောပြောခြင်းနှင့် အနာငြိမ်းခြင်းတို့ ဖြစ်သည်။ ကိုယ်တော်သည် သူ့အသင်းတော်အား အနာငြိမ်းခြင်း ဆုကျေးဇူး သုံးစွဲစေလိုသည်။

## ၅။ ဧလိမ်

ဣသရေလလူမျိုးတို့သည် မာရမှနေ၍ ဧလိမ်သို့ သွားကြသည်။ ထိုနောက်မှ ရေတွင်းဆယ်နှစ်တွင်း၊ စွန်ပလွံပင်ခုနစ်ဆယ်နှင့် ပြည့်စုံရာ ဧလိမ်ရွာသို့ ရောက်၍၊ ထိုအရပ်တွင် ရေရှိရာ အနားမှာတပ်ချကြ၏ (ထွက် ၁၅း၂၇)။ ၎င်းကို တော ၃၃း၉ တွင်လည်း မှတ်တမ်းတင်ထားသည်။ သူတို့ ခရီးစဉ်တွင် ဧလိမ်၌ ရပ်နားပြီး ထိုနေရာမှာ ရေတွင်း ၁၂ တွင်းနှင့် စွန်ပလွန်ပင် ၇၀ ရှိကြောင်း ကျမ်းစာက ဘာကြောင့် မှတ်တမ်းတင်ထားသနည်း။ ''ဖြောင့်မတ်သောသူ၏နှုတ်သည် အသက်ရေတွင်းဖြစ်၏။ မတရားသောသူ၏ နှုတ်ကိုကား ညှဉ်းဆဲခြင်းအပြစ်သည် ပိတ်သိမ်းမည်။'' (သုတ္တံ ၁၀း၁၁)

''ဆယ့်နှစ်'' ဂဏန်းသည် အုပ်ချုပ်ခြင်းကို ကိုယ်စား ပြုသည်။ ဣသရေလ လူမျိုး ၁၂ မျိုးနှင့် တပည့်တော် ၁၂ ပါးရှိသည်။ 'ခုနစ်ဆယ်' ဂဏန်းသည် အသက်ကြီးသူကို ကိုယ်စားပြုသည်။ (တော ၁၁း၁၆) ဧလိမ်နှင့် ဆက်စပ်လျှက် 'ဆယ့်နှစ်' နှင့် 'ခုနစ်ဆယ်' ဂဏန်းကို သုံးထားကြောင်း မှတ်သားသင့်သည်။ ယေရှုသည် တပည့်တော် ၁၂ ပါးရှိပြီး အပါး ၇၀ ကိုလည်း စေလွှတ်သည်။ (လု ၁၀း၁–၁၇) ဧလိမ်တွင် အသင်းတော်ခေါင်းဆောင်မှုအကြောင်း သမ္မာတရားအချို့ပါဝင်သည်။ 'ရေတွင်း'သည် ရေငတ်ပြေစေသောရေ အရင်းအမြစ်ဖြစ်သည်။ ယေရှုက ယော ၄း၁၄ တွင် ပြောသည်မှာ ငါပေးသော

ရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသော ရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်း အလိုငှါ ထွက်သော စမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ကျွန်ုပ်တို့ နှလုံးသားထဲမှ အသက်စမ်းရေ စီးထွက်ပြီး သူတစ်ပါးထံစီးဆင်း သင့်ပါသည်။ (ယော ၇း၃၈)

ကျမ်းစာထဲတွင် ၁၂ ဂဏန်းနှင့် ရေတွင်း၏ ထူးခြားမှုကို ဂရုပြုပါ။ ခေါင်းဆောင်များသည် လူတို့အတွက် အသက်ရေတွင်းလိုဖြစ်ရမည်။ ဖြောင့်မတ်သူ၏ နှုတ်သည် အသက်ရေတွင်းဖြစ်၏။ မတရားသော သူ၏ နှုတ်ကို ကား၊ ညှဉ်းဆဲခြင်း အပြစ်သည် ပိတ်လိမ့်မည် (သုတ္တံ ၁၀း၁၁)။ ခေါင်းဆောင် တို့သည် သူတို့၏ နှလုံးသားမှ ရေတွင်း မခမ်းခြောက်စေရန် ဂရုစိုက်ရမည်။ အသက်ရေသည်တို့အမှုဆောင်ရမည့်သူများထံသို့ စီးဆင်းနေရမည်။ အမှုတော်ဆောင်များသည် ဘုရားသခင်နှင့် အတိတ်က တွေ့ကြုံဖူးသောအရာနှင့် အသက်ရှင်လျက် ယနေ့တွင် ခရစ်တော်နှင့် ရင်းနှီးစွာ မဆက်ဆံပါက သူတို့၏ ဝိညာဉ်ရေတွင်း ခမ်းခြောက် သွားလိမ့်မည်။

ကျွန်ုပ်တို့၏ရေတွင်းကို ရပ်တန့်ခမ်းခြောက်စေနိုင်သော နည်းလမ်း တစ်ခုသည် အတိတ်၌နေနေခြင်းဖြစ်သည်။ များစွာသောသူတို့ ဤကဲ့သို့ပင် ဖြစ်သည်။ မကြာသေးမီက စည်းဝေးကြီးတစ်ခုမှာ ကျွန်ုပ်တို့အားလုံး ကောင်းစွာ သိနေကြသော သူတစ်ယောက်အကြောင်းကို ပြောကြသည်။ ဤအရာက သူတို့ ပြန်ပြောတာ ဖြစ်သည်။ – 'သူက အခု အတိတ်မှာ နေနေတယ်။ ဘုရားသခင် လုပ်နေကျအရာတွေကို အပြစ်ကျူးလွန်ပြီး ဘုရားသခင်၏ ယခုလက်ရှိ အတွေ့အကြုံများသူမနေပါ'။ သူသည် ကုန်းပြင်မြင့်မှာပဲ ရှိနေပြီး ဘုရားသခင်၏ သန့်ရှင်းသောတောင်သို့ ဘုရားသခင်နှင့် ဆက်လျှောက် လှမ်းခြင်းမပြု။ တစ်နည်းအားဖြင့် သူ၏ရေတွင်းသည် ရပ်တံ့သွားပြီ။ (ဗျာဒိတ် ၃း၁) ။

ကျွန်ုပ်တက်သော ကျမ်းစာကျောင်းတစ်ခုမှာ အင်မတန်မှ ချစ်စရာ ကောင်းသော ဇနီးမောင်နှံရှိကြသည်။ နောက်ပိုင်းမှာ သင်းအုပ်များဖြစ် လာကြ သည်။ ငါးနှစ်နောက်ပိုင်းမှာ ပြန်တွေ့ကြသည်။ အပြန်အလှန် ပြောဆိုကြပုံသည် ဟိုအချိန်ကျမ်းစာကျောင်း တက်နေစဉ်က ပုံစံအဆင့် အတိုင်းပင် ဖြစ်သည်။ ဝမ်းနည်းဖွယ်ကောင်းတာက သူတို့သည် ဘုရားသခင်၌ ရွေ့လျားလှုပ်ရှား လုပ်ဆောင်ခြင်း မရှိပေ။ ကျွန်ုပ်တို့ တစ်ဦးချင်းသည် ဘုရားသခင်လက်ရှိ အတွေ့အကြုံရှိဖို့ လိုအပ်သည်။ ယခုပင် ဘုရားသခင်က တစ်ခုခုပြောနေသည်။

လေိမ်အရပ်၌ စွန်ပလွန်ပင် ခုနစ်ဆယ်ကို တွေ့ရသည်။ ခုနစ်ဆယ်

သည် အသက်ကြီးသူဖြစ်ခြင်း၏ ကိန်းဂဏန်းဖြစ်သည်။ စွန်ပလွန်ပင်သည် ဖြောင့်မတ်ခြင်းကို ဆိုသည်။ (ဆာလံ ၉၂း ၁၂) ဟေရှာယ ၆၁း၃ က 'ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းအသရေတော်ဘို့ ထာဝရဘုရား စိုက်ပျိုးတော်မူသောအပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်' ဟု ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်ကြီးသူဖြစ်ခြင်း၏ အရည်အသွေးတစ်ခုကို ရရှိသည်။ အသက်ကြီးသူတို့သည် စွန်ပလွန်ပင်ကဲ့သို့ ဖြောင့်တန်းပြီး ဖြောင့်မတ်ရမည်။ ထိုထက်မက၊ ဖြောင့်မတ်သောသူတို့သည် အခြားဖြောင့်မတ်သူများ အားဖြင့် မိမိကိုယ်မိမိ ဝန်းရံစေရမည်။

လေဝိသည် သဲကန္တာရမှာ စိမ်းလန်းစိုပြေသော အရပ်ဖြစ်သည်။ ထို့ကြောင့် ခေါင်းဆောင်သည် သူ၏ သိုးစုအတွက် စိမ်းလန်းနေသောအရပ် အိုအေစစ် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ခေါင်းဆောင်သည် ဖြောင့်မတ်ရမည်။ ရေငတ်နေသောဝိညာဉ်များအတွက် ရေငတ်ပြေစေသော ရေတွင်းဖြစ်ရမည်။ သူတစ်ပါး အတွက် ပုံသက်သေဖြစ်ရမည်။

သာဒိအသင်းတော်သည် ဘုရားသခင်နှင့် အတိတ်က ကြုံတွေ့ခဲ့ခြင်းဖြင့် အသက်ရှင်နေခြင်း၏ အန္တရာယ်ကို ပြသနေသည်။ သာဒိမြို့၌ရှိသော အသင်းတော်၏ တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ ဘုရားသခင်၏ ဝိညာဉ်ခုနစ်ပါးနှင့် ကြယ်ခုနစ်လုံးရှိသောသူ၏ အမိန့်တော်ကား၊ သင်၏ အကျင့်ကို ငါသိ၏။ သင်သည် အသက်ရှင် ဟန်ရှိသော်လည်း သေလျက် နေသည်ကို ငါသိ၏ (ဗျာ ၃း၁)။ သာဒီ အသင်းတော်သည် အသက်ရှင်သည့် အမည်ကိုရသော်လည်း ဝိညာဉ်သေနေသည်။ အတိတ်က ဘုရားသခင် လုပ်ခဲ့သောအရာပေါ်တွင် အသက်ရှင်လိုသော်လည်း ကိုယ်တော်လက်မခံပါ။

အမှုတော်ဆောင်တစ်ယောက် သူ့မှာရှိတာ၊ မရှိတာတွေကို ညည်းတွား နေခြင်းကို နားထောင်ရခြင်းထက် နှလုံးသားကို ကြေကွဲစေသည့် အရာမရှိပါ။ သူ၏သတင်းစကား၌ ထိုသဘောထားများ စီးဆင်းနေသည်။ သူ၏နှုတ်မှ စီးထွက်သော ရေသည် ခါးတာရယ်၊ ချိုတာရယ် နှစ်မျိုးစလုံး ဖြစ်နေသည်။

တစ်ခါတစ်ရံ ဘုရားသခင်က ကျွန်ုပ်တို့ အပေါ်၌ ကြွယ်ဝစွာ သွန်းလောင်း သည်။ ကြွယ်ဝခြင်းနှင့် နေခြင်းကို မိမိအပေါ်၌ ရက်ရောစွာ ပေးကမ်းခြင်း ကင်းလျက် သင်ယူရမည်။

## ၆။ အစာလိုအပ်ခြင်း

လေဝိမ်မှ သိနာတောင်သို့ခရီးသွားပြီးနောက် ဣသရေလလူမျိုးတို့သည် သိန်တောတွင်ရပ်ကြသည်။ တစ်ဖန် ဣသရေလအမျိုး ပရိသတ် အပေါင်းတို့သည် လေဝိမ်အရပ်မှထွက်၍ ခရီးသွားကြ၏။ အဲဂုတ္တုပြည်မှ ထွက်သွားသောနောက်၊ ဒုတိယလ ဆယ်ငါးရက်နေ့တွင်၊ လေဝိမ်အရပ်နှင့် သိနာတောင် စပ်ကြားမှာ သိန်တောသို့ရောက်ကြ၏။ ထိုတော၌ ဣသရေလအမျိုး ပရိသတ် အပေါင်းတို့က၊ ငါတို့သည် အဲဂုတ္တုပြည်၌ အမဲသားချက်သော အိုးကင်းနားမှာ ထိုင်၍ ဝစွာစားရသောအခါ၊ ထာဝရဘုရား၏ လက်တော်ဖြင့် သေလျှင် သာ၍ ကောင်း၏။ ယခု ဤစုဝေးလျက်ရှိသော လူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လိုသောငှါ၊ ဤတောအရပ်သို့ ဆောင်ခဲ့ပြီတကားဟု မောရှေနှင့် အာရုန်ကို ပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏ (ထွက် ၁၆း၁–၃)။

တောထဲတွင် သွားရသည့် ရည်ရွယ်ချက်မှာ ဣသရေလလူမျိုးတို့အား စစ်ဆေး၍ အတည်ပြုရန် ဖြစ်ကြောင်း သတိရသင့်သည်။ (တရားဟော ၈း၂၊၁၆) ထို့ကြောင့် တောထဲတွင် သူတို့အား စုံစမ်းရန် ဘုရားသခင်အသုံးပြုသည်။ စစ်ကြောခြင်းအမျိုးမျိုးကို တွေ့ရသည်။ ယခုတွင် သူတို့သည် ဆာလောင်ခြင်း ပိုင်း၌ စစ်ဆေးခြင်းခံရကြသည်။ သို့သော်စစ်ဆေးခြင်းကို သူတို့ မအောင်မြင်ခဲ့ပေ။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလည်း ဤကမ္ဘာတွင် တနည်းအားဖြင့် စစ်ဆေးလိမ့်မည်။ ကျွန်ုပ်တို့သည် ငွေကြေးချို့တဲ့ခြင်းနှင့် ဆာလောင်ခြင်း ကြုံရချိန်များရှိလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌ သစ္စာရှိခြင်းကို ထွက်ပေါ်စေလိုသည်။ သေးငယ်သော အရာအတွက် ကျေးဇူးတင်တတ်လျက် သေးငယ်သောအမှု၌ သစ္စာရှိစေလိုသည်။ (လုကာ ၁၉း၁၇) ကျွန်ုပ်တို့၏ အစာအိမ်ပြည့်ဝ ရောင့်ရဲခြင်း မရှိလျှင်လည်း သူ့ကိုအစေခံ မည်လောဟု သိလိုသည်။

ထိုအခါ ထာဝရဘုရားက ကြည့်ရှုလော့။ ငါသည် သင်တို့အဖို့ မိုးကောင်းကင်က မုန့်မိုးကိုရွာစေမည်။ လူတို့သည် နေ့တိုင်းထွက်၍ တစ်နေ့ စားလောက်အောင် သိမ်းယူရကြမည်။ ငါ၏ တရားအတိုင်း ကျင့်မည်လော့၊ မကျင့်မည်လော့ဟု ထိုသို့သောအားဖြင့် သူတို့ကို ငါစုံစမ်းမည် (ထွက် ၁၆း၄)။ ဘုရားသခင်သည် သူတို့လိုအပ်ချက်များပြည့်ဝစေရန် နိမိတ်လက္ခဏာပြုလုပ်ခဲ့သည်။ မန္နာမုန့်ကို ကောင်းကင်မှရွာကျစေသည်။ သို့သော် တစ်နေ့တွင် ပမာဏ တခုစီ သူပေးသည်။ ရှယ်ယာပေးပြီး ရည်ရွယ်ချက်မှာ ဘုရားသခင်၏

ပညတ်တော်အတိုင်း လိုက်လျှောက်မည်၊ မလိုက်လျှောက်မည်ကို သိရန် ဖြစ်သည်။

တစ်ခါတစ်ရံ ဘုရားသခင်က ကျွန်ုပ်တို့ လိုအပ်သော အရာကို ထောက်ပံ့ပြီး ပေးတာ ရှည်လျားသောကာလတစ်ခုဖြစ်ပေမည်။ ကျွန်ုပ်တို့ လိုအပ်သည့် အရာများကို ရရှိပါသည်။ သို့သော် ကျွန်ုပ် ဤသို့ ပြောလို့ ရမလားတော့မသိပါ။ ကျွန်ုပ်တို့ လုံလောက်သော ပြင်းပြသည့် ဆန္ဒတစ်ခုမရှိပါ။ ကျွန်ုပ်တို့ ဆန္ဒရှိသည့်အရာအားလုံးတော့ လုံလောက်အောင် ရရှိချင်မှ ရရှိမည်။ သို့သော် လိုအပ်သည့်အရာကိုတော့ ရရှိပါသည်။ ဤတွင် အစာတစ်ခုထဲ ကိုသာ ညွှန်းဆိုတာ မဟုတ်ဘဲ အသက်တာ၏ အခြား ကဏ္ဍများ အတွက်လည်း ညွှန်းဆိုခြင်းဖြစ်သည်။

သာသနာနယ်မြေများတွင် ဤပြဿနာများ မကြာခဏ ဖြစ်ပေါ်လာသည်။ လူတို့က 'ဒီဟာကိုလိုချင်တယ်။ ဟိုဟာကို လိုချင်တယ်။ ဒီလိုပုံစံမျိုး အိမ်လိုချင်တယ်။ ကားသစ်လိုချင်တယ်။ ဤဒေသမှာ ငါ့ရဲ့ကလေးတွေကို မကြီးပြင်းစေချင်ဘူး။' စသည်ဖြင့် ပြောကောင်းပြောကြပေမည်။ ကျွန်ုပ်၏ နှလုံးသားကို ကြေကွဲစေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထွက်မြောက်ရာကျမ်း ၁၆း ၄ မှာ ဘဲ နေနေကြသည်။ လူတို့၏ အထောက်အမကို ဘုရားသခင်က ကန့်သတ်ထားသည့် နေရာမှာပင် နေနေကြသည်။ သူတို့မှာ လုံလောက်စွာရှိသည်။ သို့သော် သူတို့က နောက်ထပ် သာ၍ သက်တောင့်သက်သာဖြစ်ချင်ကြသည်။ အခြားသူများ၌ မရှိသော သက်တောင့်သက်သာ ဖြစ်ခြင်းကိုပင် လိုချင်ကြသည်။ ဘုရားသခင်က သူတို့အား လိုအပ်သည်များကို ပေးပြီးပြီ။ သို့သော် သူတို့ မရောင့်ရဲပါ။

တခါတရံတွင် ဘုရားသခင်သည် အလိုအပ်ဆုံး အရာကိုသာ ထောက်ပံ့ပြီး ငွေကြေးအရင်းအမြစ်ကို ကန့်သတ်ထားသည်။ ရှင်သန်ရန်အတွက် လိုအပ်သော အရာအားလုံးကို ရရှိသော်လည်း လိုချင်သမျှကို မရရှိပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထောက်ပံ့ခြင်းနှင့် တင်းတိမ်ရောင့်ရဲသင့်သည်။

စီးပွားရေးစစ်ကြောမှုများကို အောင်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ ဆန္ဒကို ကားတိုင်တွင် ရိုက်ထားလျက် ကိုယ်တော်ပေးသောအရာနှင့် ကျေးဇူးတင်တတ်ရမည်။ ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွား မှန်၏ (၁တိ ၆း၆)။ ဖိလိ ၄း၁၁–၁၃ ၌ ပါသော ပေါလု၏ စိတ်သဘောသည် ကိုယ်တော်၏ ထောက်ပံ့ခြင်းနှင့် ရောင့်ရဲရန် ပြသနေသည်။ ငါချို့တဲ့လိုအပ်ခြင်းကြောင့် ဤအရာများကို ပြောနေခြင်း

မဟုတ်ပါ။ အကြောင်းမူကား၊ ငါတွေ့ကြုံသမျှသော အခြင်းအရာတို့၌ ရောင့်ရဲသော စိတ်ရှိအံ့သောငှါ ငါသင်မိပြီ။ ချို့တဲ့ခြင်းကိုငှင်း၊ ကြွယ်ဝခြင်းကိုငှင်း ခံတတ်၏။ ဝစွာစားခြင်း၊ မွတ်သိပ်ခြင်း၊ စည်းစိမ်ရှိခြင်း၊ ဆင်းရဲခြင်းတို့ကို ခံရအံ့သောငှါ၊ အရပ်ရပ်တို့တွင် အရာရာ၌ ငါသင်မိပြီ။ ငါ့ကို ခွန်အားနှင့် ပြည့်စေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါ တတ်စွမ်းနိုင်၏ (ဖိလိ ၄း၁၁–၁၃)။

အမှုတော်ဆောင်တစ်ယောက် သူ့မှာရှိတာ၊ မရှိတာတွေကို ညည်းတွား နေခြင်းကို နားထောင်ရခြင်းထက် နှလုံးသားကို ကြေကွဲစေသည့် အရာမရှိပါ။ သူ၏သတင်းစကား၌ ထိုသဘောထားများ စီးဆင်းနေသည်။ သူ၏နှုတ်မှ စီးထွက်သော ရေသည် ခါးတာရယ်၊ ချိုတာရယ် နှစ်မျိုးစလုံး ဖြစ်နေသည်။

တစ်ခါတစ်ရံ ဘုရားသခင်က ကျွန်ုပ်တို့ အပေါ်၌ ကြွယ်ဝစွာ သွန်းလောင်း သည်။ ကြွယ်ဝခြင်းနှင့် နေခြင်းကို မိမိအပေါ်၌ ရက်ရောစွာ ပေးကမ်းခြင်း ကင်းလျက် သင်ယူရမည်။

တင်းတိမ်ရောင့်ရဲခြင်းသည် ဘုရားသခင်၏ အရည်အချင်းမျိုးဖြစ်ပြီး ကျွန်ုပ်တို့ထံ အလိုလို ရောက်မလာပါ။ ပေါလုက သူသည် အနည်းငယ်နှင့် ရောင့်ရဲသလိုအများကြီးနှင့် ရောင့်ရဲရန် သင်ယူခဲ့သည်ဟု ဆိုသည်။ အနည်းငယ် နှင့် ရောင့်ရဲတတ်ရန်နည်းလမ်းမှာ အနည်းငယ်သာရှိသော အချိန်ကာလကို ဖြတ်သန်းရန် ဖြစ်သည်။ ယေဇကျေလသည် အကန့်အသတ်နှင့် စားသောက် ရသောကာလကို ဖြတ်သန်းရသည်။ (ယေဇ ၄း၉–၁၁) ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသောအရာနှင့် အသက်ရှင်တတ်ရမည်။ မိမိအတွက် မဖြုန်းတီးဘဲ ကြွယ်ဝခြင်းကိုလည်း ကိုင်တွယ်တတ် ရမည်။ ဘုရားသခင်သည် စီးပွားရေးအရ ကျွန်ုပ်တို့ကို စုံစမ်းလိမ့်မည်။ ကူသရေလလူမျိုးတို့ ကျရှုံးခဲ့သော စစ်ဆေးချက် ဆယ်ခုအနက် တစ်ခုမှာ ဤအရာဖြစ်သည်။ ကျွန်ုပ်တို့သည် တောထဲမှ ဂတိတော်ပြည်ဆီသို့နှင့် ဖိအုန်တောင်သို့ ရောက်ရှိလိုပါက အသက်တာ၏ ကဏ္ဍတိုင်းတွင် ဘုရားသခင်၏ ထောက်ပံ့ခြင်းနှင့် ရောင့်ရဲ တတ်ရမည်။ (တော ၁၄း၂၂–၂၃)

## ကူသရေလလူမျိုးတို့မနာခံခြင်း

ဘုရားသခင်သည် ကူသရေလလူမျိုးတို့အား မန္နမုန့်ကို နောက်တနေ့အထိ သိမ်းမထားရန်ပြောသည် (ထွက် ၁၆း၁၉)။ သူတို့သည် တနေ့စာ ကောက်ယူ၍ ထိုနေ့တွင် အကုန်စားရန်ဖြစ်သည် (ထွက် ၁၆း၄)။ သို့သော် ကူသရေလ

လူအချို့နားမထောင်ကြောင်း တွေ့ရသည်။ အချို့တို့သည် မောရှေစကားကို နားမထောင်ဘဲ၊ နံနက်တိုင် အောင်ကျန်စေသဖြင့်၊ ပိုးဖြစ်၍ နံလေသော်၊ မောရှေသည် အမျက်ထွက်၏ (ထွက် ၁၆း၂၀)။

ဣသရေလလူမျိုးတို့သည် ခြောက်ရက်မြောက်နေ့ တွင် နှစ်ဆလောက် ယူရမည်ဖြစ်ပြီး ဥပုသ်နေ့တွင် အနားယူ၍ စားသောက်နိုင်ရန်ဖြစ်သည် (ထွက် ၁၆း၂၂–၂၆)။ ဝမ်းနည်းစရာမှာ အချို့တို့သည် ဤပညတ်ကိုလည်း မနာခံကြချေ (ထွက် ၁၆း၂၇)။ ဘုရားသခင်သည် သူတို့အား ထွက် ၁၆း၂၈ တွင် ဆုံးမလျက် ''သင်တို့သည် ငါ၏ ပညတ်ကိုမည်မျှ ချိုးဖောက်ကြမည်နည်း'' ဟုမေးခဲ့သည်။

## ၇။ ရေလိုအပ်ခြင်း

### ဣသရေလလူမျိုးတို့မောရှေကို အပြစ်တင်မြည်တမ်းကြခြင်း

ဣသရေလလူမျိုးတို့သည် သိန်တောမှ ထွက်၍ရေဖိဒိမ်သို့ရောက်ပြီး စခန်း ချကြသည် ရေဖိဒိမ်အရပ်၌လည်း ဘုရားသခင်သည် သူတို့အား ရေမရှိခြင်းနှင့် စစ်ဆေးသည်။ ဣသရေလအမျိုးပရိသတ်အပေါင်းတို့သည်၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သိန်တောက ထွက်၍ ခရီးသွားသဖြင့်၊ ရေဖိဒိမ်အရပ်၌ စခန်းချကြ၏။ ထိုအရပ်၌လူများသောက်ဖို့ရာ ရေမရှိ (ထွက် ၁၇း၁–၃)။ လူတို့သည် ရေငတ်ခြင်းကြောင့် မောရှေကို ဝေဖန်၍ ကျောက်တုံးနှင့် ပစ်လို ကြောင်း တွေ့ရသည်။

ထိုကြောင့် လူများတို့က၊ သောက်ဖို့ ရေပေးပါဟု ဆို၍ မောရှေကို ရန်တွေ့ကြ၏။ မောရှေကလည်း၊ ငါ့ကို အဘယ်ကြောင့် ရန်တွေ့ကြသနည်း။ ထာဝရဘုရားကို အဘယ်ကြောင့် စုံစမ်းကြသနည်းဟု ဆိုလေ၏။ လူများ တို့သည် ရေငတ်၍ မောရှေကို ပြစ်တင်မြည်တမ်းလျက်၊ ငါတို့မှစ၍ သားသမီး တိရစ္ဆာန်တို့ကို အငတ်ထား၍ သတ်ခြင်းအလိုငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်းဟု ဆိုကြ၏။ ထိုအခါ မောရှေသည် ထာဝရဘုရားအား အော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ ပြုရပါမည် နည်း။ အကျွန်ုပ်ကို ခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏ (ထွက် ၁၇း၂–၄)။ ဣသရေလလူမျိုးတို့သည် အီဂျစ်ပြည်သို့ ပြန်လိုကြပြီး သူတို့မှာ မယုံကြည်ခြင်း ဆိုသော ဆိုးညစ်သည့် နှလုံးသား ရှိနေသည် (တရားဟော ၃၂း၂၀)။

ကျွန်ုပ်တို့သည် လောကသို့ပြန်ကြည့်ခြင်းကို ဂရုပြုရမည်။ ကျွန်ုပ်သည် သင်းအုပ်မဖြစ်မီ ကျောင်းဆရာလုပ်ခဲ့ကြသော ပြင်သစ်နိုင်ငံမှ ဇနီးမောင်နှံ နှစ်ဦးကိုသိပါသည်။ သူတို့သည် ဘုရားသခင်ကို အစေခံရန် ဘာစွန့်လွှတ်ခဲ့ရသည်ကို အမြဲအာရုံစိုက်နေသည်။ ''ကျွန်ုပ်တို့ဟာ အမှုတော်ဆောင်ဖို့ ဆယ့်ငါးနှစ် လုပ်သက်ကို စွန့်လွှတ်ခဲ့ကြတယ်'' ဟု နောက်ကြောင်းကိုအမြဲ ညည်းတွား ပြောဆိုကြသည်။

လောတ၏မယားသည် သောဒုံနှင့် ဂေါမောရမြို့ကို ပြန်လည်ကြည့်သော အခါ ဆားတိုင်ဖြစ်သွားသည်။ (ကမ္ဘာ ၁၉း၂၆) သူမ၏ နှလုံးသားသည် ထိုနေရာမှာ ရှိနေဆဲဖြစ်သောကြောင့် နောက်လှည့်ကြည့်ခဲ့သည်။ ဣသရေလ လူမျိုးတို့၏ နှလုံးသားသည် အီဂျစ်ပြည်ကို အမြဲသတိရနေ သောကြောင့် ဂတိတော်ပြည်သို့ မဝင်ရပါ။ တောထဲတွင် အီဂျစ်ပြည်သို့သာ ပြန်သွားလို ကြသည်။ သူတို့၏လက်ရှိ အခြေအနေနှင့် အီဂျစ်ပြည်ကို အမြဲ နှိုင်းယှဉ် ကြသည်။ ဒေသနာ ၇း၁၀ က သတိပေးနေသည်မှာ ရှေးကာလသည် ယခုကာလထက် အဘယ်ကြောင့် သာ၍ ကောင်းသနည်းဟု မမေးနှင့် ထိုသို့ မေးလျှင်၊ ပညာတရားအတိုင်း မေးသည် မဟုတ်။ ဤလောကကို ချစ်ခြင်း နှလုံးသားထဲမှ ထွက်သွားရန် တောင်းလျှောက်ရမည်။

### ကျောက်ဆီသို့သွားခြင်း

ရေမရှိခြင်းအတွက် ဘုရားသခင်၏ အဖြေမှာ မောရှေအား၊ ဟောရပ်ရှိ ကျောက်ကို ရိုက်စေခြင်း ဖြစ်သည်။ မောရှေသည် ယုံကြည်ခြင်းနှင့် ကျောက်ကို ရိုက်သောအခါ ရေထွက်လာပြီး သူတို့အတွက် လုံလောက်သည်။ ထာဝရဘုရား ကလည်း၊ လူများရှေ့သို့ သွား၍ ဣသရေလအမျိုး အသက်ကြီးသူတို့ကို ခေါ်လော့။ မြစ်ကို ရိုက်သော သင်၏ လှံတံကို ကိုင်လျက်၊ ဟောရပ်အရပ်သို့ သွားလော့။ ထိုအရပ်၌ ရှိသော ကျောက်ပေါ်တွင် သင့်ရှေ့မှာ ငါရပ်နေမည်။ သင်သည် ထိုကျောက်ကို ရိုက်ရမည်။ လူများသောက်ဖို့ ထိုကျောက်ထဲက ရေထွက်လိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။ မောရှေသည်လည်း ဣသရေလ အမျိုးအသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြုလေ၏။ ဣသရေလအမျိုး တို့က၊ ထာဝရဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိသလောဟု ထာဝရဘုရား ကို စုံစမ်း၍ ရန်တွေ့သောအကြောင်းကြောင့်၊ ထိုအရပ်ကို မဿာနှင့် မေရိဘဟု သမုတ်သတည်း (ထွက် ၁၇း၅-၇)။ မောရှေသည် ဘုရားသခင်စကား နားထောင်၍ လူတို့ရှေ့မှာ ဟောရပ်သို့ သွားသည်။ ခေါင်းဆောင်များသည်

အကြွင်းမဲ့ နာခံရန် လိုသည်။ ခေါင်းဆောင်တစ်ယောက်အတွက် လုံးဝဥဿုံ နားထောင်နာခံခြင်းသည် မရှိမဖြစ်ပင် လိုအပ်သည်။ ခေါင်းဆောင်သည် လူအများ၏ အရှေ့မှာ အမြဲတမ်းသွားရမည်။ သိုးထိန်းသည် သိုးများ၏ရှေ့မှာ အမြဲတမ်းသွားရမည်။ ပရိသတ်၏ လိုအပ်ချက်များကို ရှာဖွေခြင်းသည် သိုးထိန်း၏ တာဝန်ဖြစ်သည်။ ခေါင်းဆောင်သည် ပရိသတ်တို့၏ ဦးခေါင်းပေါ်၌ သာ မဟုတ်ဘဲ ဝိညာဉ်ရေးရာ ဦးခေါင်းလည်း ဖြစ်ရမည်။ ခေါင်းဆောင် များသည် လူတို့ရှေ့မှာသွားရမည်။ သင်းအုပ်၏ တာဝန်မှာ အသင်းသားများ ရှေ့တွင် သွားလျက် သူတို့၏ လိုအပ်ချက်ကို ရှာဖွေရသည်။

## ၈။ အာမလက် လူမျိုးနှင့် စစ်တိုက်ခြင်း

ဣသရေလလူမျိုးတို့ရေဖိဒိမ်၌ရှိစဉ် အာမလက်လူမျိုးတို့ လာပြီး စစ်တိုက်ကြသည် (ထွက် ၁၇း၈–၁၆) သူတို့သည် ဧသော၏မြေးဖြစ်ပြီး (ကမ္ဘာ ၃၆း၁၂) သူ၏သားမြေးတို့က သူ့အမည်ကို ယူကြသည်။ ဧသောသည် ဇာတိဆန်သောသူဖြစ်သည်။ ဣသရေလလူမျိုးတို့ အာမလက်နှင့် စစ်တိုက်ခြင်း သည် ခရစ်ယာန်တို့က ဇာတိနှင့် တိုက်ခိုက်ခြင်းကို ပုံဆောင်သည်။ ပရိတ်သတ် ထဲ၌ အောင်မြင်ခြင်းရခြင်းငှါ ကျွန်ုပ်တို့တိုက်ခိုက်ရမည့် အဟန့်အတား တစ်ခု သည် အသွေးအသား ဆန္ဒပင်ဖြစ်သည်။

ထွက်မြောက်ရာကျမ်း ၁၇း၈–၁၆ ပါ အကြောင်းအရာသည် လွန်စွာ စိတ်ဝင်စားစရာကောင်းသည်။ မောရှေသည် သူ၏ လက်များကို မြှောက်နေသမျှ ကာလပတ်လုံး ဣသရေလတို့ အောင်ပွဲခံရသည်။ သူ၏လက်များကို ချလိုက်သည့်အခါ အာမလက်လူတို့ အနိုင်ခံရသည်။ ကျွန်ုပ်ဖော်ထုတ်လိုသည်မှာ ဤတိုက်ပွဲများသည် မြန်ဆန်သောတိုက်ပွဲမဟုတ်၊ မိနစ် အနည်းငယ်အတွင်း ပြီးသွားသည် မဟုတ်။

ရံဖန်ရံခါ အသွေးအသား ဆန္ဒနှင့် ဇာတိဆန်သော လိုအင်ဆန္ဒများကို တိုက်ခိုက်ရသည်မှာ ကြာရှည်သည်။ ခေါင်းဆောင်သည် မိမိနှင့်တကွ မိမိပရိသတ်များ အသွေးအသားတောင့်တမှုမှ လုံးဝ လွတ်မြောက်ခြင်းရခြင်းငှါ နောက်ဆုံးအောင် မြင်ခြင်းကို မရမချင်း ဖွဲ့ရှိရမည်။ ကျွန်ုပ်တို့၏ ပန်းတိုင်သည် ရှင်ပေါလုကြွေးကြော် ကြေညာသည့်အရာကို ရရှိဘို့ ဖြစ်သည်။ – ‘‘ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွားမှန်၏’’ (၁ တိမောသေ ၆း၆)။

## ၉။ ကိုယ်စားလွှဲအပ်ခြင်း

ထွက် ၁၈ ''ယေသရောထုံး ကျင့်သုံးခြင်း''ကို သည်။ ယေသရောသည် မောရှေ၏ဇနီးနှင့် သားနှစ်ယောက်ကို သူရှိရာတောထဲသို့ ခေါ်လာသည်။ မောရှေသည် သူ့ကို ကြိုဆို၍ ဣသရေလလူမျိုးများ၌ ဘုရားပြုသော ကောင်းမှု အလုံးစုံကို ပြောပြသည်။ (ထွက်၊ ၁၈း၅)။ ဤအခန်းတွင် ယေသရောသည် မောရှေအား အခွင့်အာဏာနှင့် တာဝန်ကို ကိုယ်စားလွှဲအပ်ရန်နှင့် သူ တစ်ယောက်တည်းအတွက် ဝန်ထုပ်လေးလွန်းကြောင်း အကြံပေးသည်။ ထို့ကြောင့် ကိုယ်စားလွှဲအပ်ခြင်းကို ''ယေသရော ကျင့်သုံးခြင်း'' ဟု ခေါ်သည်။ လာရောက်လည်ပတ်စဉ် မောရှေကိုယ်တိုင် လူအားလုံး အတွက် အမှုစီရင်ပေး နေသည်ကို မြင်ရသည်။

နက်ဖြန်နေ့၌ မောရှေသည်၊ လူများကို တရားစီရင်ခြင်းငှါ ထိုင်လေ၏။ နံနက်မှစ၍ ညဦးတိုင်အောင် လူများတို့သည် မောရှေရှေ့မှာ နေကြ၏။ မောရှေသည် လူများတို့အား ပြုသမျှကို ယောက္ခမမြင်လျှင်၊ ဤလူများတို့အား ပြုသော အမှုအဘယ်သို့နည်း။ သင်သည် တစ်ယောက်တည်း ထိုင်လျက်၊ လူအပေါင်းတို့သည် နံနက်မှစ၍ ညဦးတိုင်အောင် သင့်ရှေ့မှာ အဘယ်ကြောင့် နေရကြသနည်းဟု ဆို၏။ မောရှေကလည်း၊ ဤသူတို့သည် ဘုရားသခင်၏ အယူတော်ကို ခံလို၍ ကျွန်ုပ်ထံသို့လာသောကြောင့် ဤသို့ဖြစ်၏။ သူတို့သည် အမှုရှိလျှင် အကျွန်ုပ်ထံသို့လာ၍ သူတို့၏ အမှုကို ကျွန်ုပ်ဆုံးဖြတ်ရ၏။ ဘုရားသခင်၏ ပညတ်တရားများကို သင်ကြားပို့ချရ၏ဟု ယောက္ခမအား ပြောလျှင်၊ ယောက္ခမက၊ သင်ပြုသောအမှုသည် မတော်မသင့်ဖြစ်၏။ သင်မှစ၍ သင်၌ ပါသော ဤလူများတို့သည် အမှန်အားလျော့ကြလိမ့်မည်။ ဤအမှုသည် သင်၌ အလွန်လေး၏။ တစ်ယောက် တည်းမတတ်နိုင်သော အမှုဖြစ်၏။ ငါ့စကားကို နားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ ရှိတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်နှင့် ဆိုင်သောအမှု၌ လူများတို့၏ အမှုကိုစောင့်လျက် ဘုရားသခင် အထံတော်သို့ဝင်၍ လျှောက်ရမည်။ သူတို့အား လည်းပညတ်တရားတော်များကို သင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်း ပြရမည် (ထွက် ၁၈း၁၃–၂၀)။ ယေသရောသည် မောရှေအား သူ့ဖါသာ အကုန်လုပ်လျှင် ခြေကုန်လက်ပမ်း ကျသွားလိမ့်မည်ဟု ပြောသည်။ သူ၏ အဓိက တာဝန်မှာ ဘုရားသခင်၏ လူတို့ကို ကိုယ်စားပြုရန်ဖြစ်ကြောင်း မောရှေအား ပြောသည် သူသည် လူတို့ကိုယ်စား ဘုရားသခင်ထံ သွားရမည် ဖြစ်သော်လည်း လူတိုင်းကို

ကိုယ်တိုင်တာဝန် ယူနေပါက ထိုသို့ပြုလုပ်နိုင်မည် မဟုတ်ချေ။ ဩဇာအာဏာလွှဲအပ်ခြင်းကို ခေါင်းဆောင်တိုင်း သင်ယူရမည်။

ထွက်မြောက်ရာကျမ်း ၁၈း ၂၀ မှာ ခေါင်းဆောင်၏ အငန်းအတာကို ဖော်ပြသည်။ – 'သူတို့အားလည်း ပညတ်တရားတော်များကို သင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသော အမှုကိုလည်း ပြရမည်'။ ပလ္လင် ပေါ်ကနေပြီး နည်းလမ်းများ၊ ပညတ်တော်များနှင့် ဘုရားသခင်၏အမိန့် ပြဌာန်းချက်များကို ပရိသတ်များအား ကျွန်ုပ်တို့ သင်ပေးသည်။ သူတို့ လျှောက်ရမည့်လမ်း၊ သူတို့လုပ်ရမည့်အလုပ်တို့ကို ကျွန်ုပ်တို့ ပြောပြသည်။

ခေါင်းဆောင်ခြင်းပညာသည် ဩဇာအာဏာနှင့် တာဝန်များကို သူတစ်ပါး အား လွှဲအပ်နိုင်ခြင်း အစွမ်းအစပေါ်မှာ အခြေခံသည်။ သင်၏ အသင်းတော် ကြီးထွားသည်နှင့်အမျှ သင့်ရဲ့ ခေါင်းဆောင်မှု တည်ဆောက်ခြင်းနှင့် သူတို့အား တာဝန်များပေးခြင်း သင် ပို၍ အချိန်ယူရမည်။

ယနေ ဤတာဝန်ယူတတ်သူတစ်ဦးချင်းတို့သည် နေအိမ်အုပ်စု ခေါင်း ဆောင်များ (လက်အောက်ခံသိုးထိန်းများ) ဟု အများအားဖြင့် ခေါ်သည်။ ခေါင်းဆောင်များအတွက် အရည်အချင်းများကို ထွက်မြောက်ရာကျမ်း ၁၈း၂၁ –၂၂ တွင် ဖော်ပြထားသည်။ – 'ထိုမှတစ်ပါး ဘုရားသခင်ကို ကြောက်ရွံ့ လျက်၊ သစ္စာနှင့် ပြည့်စုံလျက်၊ လောဘကို ရွံရှာလျက်၊ တတ်စွမ်း နိုင်သော သူတို့ကို လူအပေါင်းတို့အထဲက ရွေးကောက်၍ ၊ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ ခန့်ထားရမည်။ ထိုသူတို့သည် ခပ်သိမ်းသော အချိန်၌ လူများတို့ကို တရားစီရင်ကြစေ။ ကြီးသောအမှု၌ သင်၏အယူကို ခံကြစေ။ ငယ်သောအမှုကို အလိုလို စီရင်ကြစေ။ သို့ဖြစ်လျှင် သူတို့သည် ဝိုင်းညီ၍ အမှုထမ်းသဖြင့် သင်သည် သက်သာလိမ့်မည်။'

သင်းအုပ်များသည် ပရိသတ်များမပါဘဲ အုပ်စုခေါင်းဆောင်များနှင့် သီးခြား တွေ့၍ ညှိနှိုင်းကြားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရရမည်။ ဤအချက်နှင့် ပတ်သက်၍ အခြားကျမ်းပိုဒ်ကို ဓမ္မသစ်တွင်လည်း တွေ့ရသည်။ 'သက်သေ ခံချက် အများရှိသည်နှင့် ဤတတ်စွမ်းနိုင်သောသူတို့ အပ်ပေးလော့' (၂ တိ ၂း၂)

ကောင်းမွန်သော တာဝန်လွှဲအပ်ခြင်း၏ အဓိကအချက်သည် လက်အောက် ခံ သိုးထိန်းများကို သင်ပေးဘို့ဖြစ်ပြီး သူတို့ကလည်း ကျန်သိုးများကို ကြည့်ရှုခြင်း ဖြင့် သင့်အား အပြန်အလှန်ကူညီလိမ့်မည်။

အကယ်၍ လူတစ်ယောက်သည် ကောင်းစွာ စည်းရုံးတတ်ပြီး

သူ့အား အထောက်အကူပြုသည့် ကောင်းစွာလေ့ကျင့်ပျိုးထောင်ထားသော လက်အောက်ခံ သိုးထိန်းများရှိသူ ဖြစ်ပါက လူတစ်သောင်းကို သူတစ်ယောက်တည်း ကြည့်ရှုနိုင်သည်။ မည်သို့ဆိုစေ၊ တစ်ခါတစ်ခါ ပရိသတ်များကို အသင်းတော်များသို့ အသီးသီး ခွဲထွက်ဖို့ ဘုရားသခင်၏ အလိုတော်ဖြစ်လိမ့်မည်။ ထိုသို့အားဖြင့် သာ၍ တိုးပွားခြင်းဖြစ်စေဖို့ ဖြစ်သည်။ ဤအရာအားလုံးတို့သည် အရပ်ဒေသပေါ်မှာ မူတည်သည်။ သေချာတာကတော့ ဘုရားသခင်၏ စိတ်ဖြစ်သည်။

တနင်္ဂနွေ နံနက်မှာ အချိန်ခွဲပြီး အစည်းအဝေးထားခြင်းသည် အမြဲတမ်း အကောင်းဆုံးတော့ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အသင်းတော် တစ်ပါးတည်းအထဲမှာ ပရိသတ်နှစ်ခုကို ဦးတည်နေရမှာ ဖြစ်သည်။ အလွန်ခက်ခဲပေမည်။

တမန်တော်ဝတ္ထု၌ အသင်းတော်သည် တိုးပွားခြင်းပြဿနာရှိနေသည်။ ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသော်၊ နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ ဟေလေနစ်အမျိုး မုဆိုးမတို့ကို မလုပ်ကျွေးဟု ထိုအမျိုးတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို ပြစ်တင်ကြ၏ (တ ၆း၁)။ အသင်းတော် လျင်မြန်စွာ ကြီးထွားသောအခါ လူအချို့သည် ချန်လုပ်ထားသလို လျစ်လျူရှုသလို ခံစားတတ်သည်။

ထိုအခါ တစ်ကျိပ်နှစ်ပါးသော တမန်တော်တို့သည် တပည့်တော် အပေါင်းတို့ကို ခေါ်ပြီးလျှင်၊ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ထား၍ စားပွဲ၌ လုပ်ကျွေးမှုကို မဆောင်သင့်။ ထိုကြောင့် ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်၊ အသရေရှိသောလူ ခုနစ်ယောက်တို့ကို သင်တို့တွင် ရှာကြလော့။ ဤအမှုကို ဆောင်ရွက် စေခြင်းငှါ ထိုသူတို့ကို ငါတို့သည် ခန့်ထားကြမည်။ ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍ နေမည်ဟု ဆိုကြ၏ (တ ၆း၂–၄)။ တမန်တော် ၁၂ ပါးသည် အသင်းတော်ကို ကိုယ်တိုင် ထိရောက်စွာ မကြည့်ရှုနိုင်တော့ပါ။ သင်းထောက်များက လက်တွေ့ ပိုင်းနှင့် သေးငယ်သောအပိုင်းများတွင် ကူညီစေရန် လိုအပ်ပြီး သူတို့ကမူ ဝိညာဉ်ပိုင်းကို အာရုံစိုက်ရသည်။ အမှုတော်ဆောင်များသည် ဆုတောင်းခြင်း ဘုရားသခင်၏ လမ်းညွှန်မှုသစ်ကို ရှာခြင်းနှင့် ကျမ်းစာလေ့လာခြင်းစသည့် ဝိညာဉ်ပိုင်းကို ဦးစားပေးရမည်။

ခရစ်ယာန်တက္ကသိုလ်၊ ကမ္ဘာလုံးဆိုင်ရာ ကျမ်းစာကောလိပ်နှင့် ကျောင်းများ

အသင်း၊ သင်းအုပ်မိသားဟာယ၊ အသင်းတော်၊ သာသနာပြုမိတ်သဟာယ စသည်တို့၏ ဥက္ကဋ္ဌအနေဖြင့် ကျွန်ုပ်သည် တာဝန်နှင့် အာဏာကို အမြဲ ကိုယ်စား လွှဲအပ်ရသည်။ ကျမ်းစာကျောင်း၏ အမှိုက်ပုံးကို ဘာအရောင် သုတ်ရမည်ဟု အမေးခံရချိန်လည်း ရှိပါသည်။

ခေါင်းဆောင်များသည် ထိုကဲ့သို့ အသေးအဖွဲ့များနှင့် အချိန်မကုန် သင့်ပါ။ ထိပ်ဆုံးခေါင်းဆောင်များသည် လက်အောက်ခံခေါင်းဆောင်များ မကိုင်တွယ် နိုင်သော အခြေအနေကိုသာ ကိုင်တွယ်ရမည်။ ထို့ကြောင့် လူတို့ကို အချို့သော အငန်းအတာများအတွက် ခွဲခန့်ပြီး 'အကြောင်းအရင်းများစွာဖြင့် သင့်ကို တာဝန်လွှဲအပ်သည်။ ထိုကိစ္စများကို ဖြေရှင်းဖို့ သင် တာဝန်ယူပါ။ အကယ်၍ သင့်အတွက် အရမ်းခက်ခဲမည် ဆိုလျှင် ကျွန်ုပ်ထံ လာပါ။ ' ဟု ပြောပါ။

စကြာဝဠာတခုလုံးသည် ကိုယ်စားလွှဲအပ်ခြင်း နိယာမဖြင့် လည်ပတ် နေသည်။ ကိုယ်တော်သည် လူတို့အား တာဝန်အတွက် တန်ဆာဆင်ပေးသည်။ အမှုတော်ဆောင်၏ အဓိက တာဝန်မှာ နှုတ်ကပတ်တော် သွန်သင်ဟောပြောရန် ဖြစ်သည်။ ကနဦး အသင်းတော်တွင် အမှုတော်ဆောင်များသည် ဆုတောင်းခြင်း နှင့် နှုတ်ကပတ်တော်လေ့လာခြင်းအတွက် အချိန်ပေးကြသည်။ အမှုတော် ဆောင်များသည် အသင်းတော်အဆောက်အဦး (သို့) အသင်းတော် လည်ပတ်စေခြင်းကိစ္စမျိုးအတွက် အချိန်ကို အဓိက မသုံးသင့်ပါ။ ဂရုမစိုက်ပါက အသင်းတော် အဆောက်အဦးသည် အမှုတော်ဆောင်၏ အချိန်ကို ဝါးမျို နိုင်သည်။

အသင်းတော်သေးငယ်ချိန်တွင် အမှုတော်ဆောင်များသည် သေးငယ်သော ကိစ္စများတွင် ပါဝင်ရတတ်ပါသည်။ နှစ်ပေါင်းများစွာ အရင်က ကျွန်ုပ်သည် Guatemala နိုင်ငံတွင် မြေလျှောင်လှုပ်ပြီးနောက် လူများအတွက် အိမ်ထောင်နှင့် ချီ၍ ဆောက်လုပ်ခြင်းကို တာဝန်ယူပေးခဲ့ရဖူးသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း သံရိုက်ပေးခဲ့သည်။ သို့သော် ပန်းတိုင်မှာ ခေါင်းဆောင်များကို မွေးထုတ်၍ တာဝန်ပေးပြီး ကျွန်ုပ်တို့က ဝိညာဉ်ပိုင်းကို အချိန်ပေးရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် လူတို့အား တာဝန်ပေးသောအခါ အခွင့်အာဏာကိုပါ ပေးရမည်။ လူတစ်ဦးကို ရာထူးခန့်ပြီးပါက အလုပ်လုပ်ခွင့်ပြုရမည်။ သူတို့ကို ကြီးကြပ်ခြင်းမရှိဟု မဆိုလိုဘဲ သူတို့ဖါသာ ဆုံးဖြတ်ချက်ချခွင့်ပေးရမည်။

အသင်းတော်ဆိုတာဘာလဲ။ ယုံကြည်သူတို့၏ အစုအဝေးဖြစ်သည်။ အာဖရိက၏ အချို့သောနေရာများ အသင်းတော်အဆောက်အဦးမရှိပါ။ Kenya ရှိရွာတစ်ခုမှာ သူတို့ရဲ့ ဘုရားရှိခိုးကျောင်းက သစ်ပင်အောက်မှာ

ဖြစ်ပြီး သစ်ငုတ်တိုများနှင့် သစ်သားများကို ထိုင်ခုံအဖြစ် အသုံးပြုသည်။ အမှန်ကတော့ အဆောက်အဦးများကို သိပ် ဂရုစိုက်စရာ မလိုပါ။ သဘာဝ အားဖြင့် ဘုရားသခင်က အသင်းတော် (ဘုရားရှိခိုးကျောင်း) ကို ပေးနိုင်ပါသည်။ သို့သော် မြို့ပေါ်မှာတော့ သိပ်အလုပ်ဖြစ်မှာ မဟုတ်။

နိဂုံးမှာ 'Jethrogation' ၏ အဓိကအချက်သည် တာဝန်နှင့် ဩဇာအာဏာကို ကျွန်ုပ်တို့ လွှဲအပ်နိုင်မည့် သူတို့အား ရွေးခြင်းဖြစ်သည်။ လူတစ်ယောက်ကို တစ်ကြိမ်တစ်ခါ ခန့်ထားပြီးသည့်အခါ အလုပ်ကို ပြီးစီးအောင် လုပ်၊ မလုပ် သိရန် သင် စစ်ဆေးပါ။ သို့သော် အသေးစိတ် ဝင်မပါနှင့်။ သူ့အလုပ်သူ လုပ်ပါစေ။

# အခန်း ၆

## သိနာတောင်

### ၁။ သိနာတောင်သို့ ခရီးသွားခြင်း

ဣသရေလလူတို့သည် ရေဖိဒိမ်မှ သိနာတောင်သို့ တတိယလတွင် ခရီးသွားကြသည်။ ဣသရေလအမျိုးတို့သည် အဲဂုတ္တုပြည်မှ ထွက်သွားသော နောက်၊ တတိယလ တစ်ရက်နေ့၌ သိနာတောသို့ ရောက်ကြ၏။ ရေဖိဒိမ် အရပ်က ထွက်သွားပြီးမှ သိနာတောသို့ရောက်၍၊ ထိုတော၌ တောင်ရှေ့မှာ တပ်ချကြ၏ (ထွက် ၁၉း၁–၂)။ ကျွန်ုပ်ထပ်ချဲ့လိုသည့်အချက်ကတော့ သူတို့ သိနာတောကို လာသည့်အခါ တတိယလ၌ သိနာတောင်ခြေ စခန်းချကြသည်။ တတိယလ၏ ပွဲတော်သည် ပင်တေကုတ္တေ ပွဲနေ့ဖြစ်သည်။ ထို့ကြောင့် သိနာသည် ပင်တေကုတ္တေ ပုံဆောင်ချက်ဖြစ်သည်။ သိနာတောင်၌ဖြစ်ပွားသော ဖြစ်ရပ်များသည် ပင်တေကုတ္တေ အတွေ့အကြုံများနှင့် ဆက်စပ်သည်။ သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်းခံရသည့်အခါ ဖြစ်ပေါ်လာသောအရာများကို ပုံဆောင်သည်။ ဤကား အလွန်လှပသော အမှန်တရားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မကြာခဏ သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်း ခံရခြင်းကို အခြားသောဘာသာစကားပြောခြင်းနှင့် ညီမျှစေသောကြောင့် ဖြစ်သည်။ အမှန်ကတော့ ပင်တေကုတ္တေ အတွေ့အကြုံ၌ ထုပ်ပိုးထားသော အခြား ကောင်းကြီးမင်္ဂလာ မြောက်များစွာရှိသည်။

### ၂။ ဘုရားသခင်၏မျက်မှောက်တော်ထဲသို့ ခေါ်ခြင်း

ရှေးဦးစွာ သူတို့သည် ဘုရားမျက်မှောက်တော်ထဲသို့ အခေါ်ခံရသည်။ မောရှေသည် ဘုရားသခင့်ထံတော်သို့တက်သွားလျှင်၊ ထာဝရဘုရားသည် တောင်ပေါ်က ခေါ်တော်မူ၍၊ သင်သည် ယာကုပ်အမျိုး၊ ဣသရေလ သားတို့အား ပြန်ပြောရသော အမိန့်တော်ဟူမူကား၊ ‌. ‌. ‌. (ထွက် ၁၉း၃)။ ဘုရားသခင်သည် သိနာတောင်တွင် ဣသရေလလူမျိုးအတွက် ဂတိတော်

များကို မောရှေအား ပြောပြသည်။ ထို့ကြောင့်သိနာတောင်၌ ဘုရားသခင်၏ မျက်မှောက်တော်နှင့် အသံတော်ကိုတွေ့ရသည်။ ဝိညာဉ်တော်နှစ်ခြင်းကို ရရှိသောအခါ မျက်မှောက်တော်၏ အဆင့်သစ်ထဲသို့ဝင်ရောက်ကြပြီး အသံတော်ကို ပိုကြားတတ်လာကြသည်။ ယခင်က မသိဘူးသော နည်းလမ်းများအားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင် စကားပြောခြင်းကို ကြားရသည်။

## လင်းယုန်အတောင်ပေါ်၌ သယ်ဆောင်ခံရခြင်း

ဤတွင် ဘုရားသခင်က ကုလားရေလတို့အား ပေးသောအချို့ဂတိတော်များ ရှိသည်။ ထွက်မြောက်ရာကျမ်း ၁၉း၄ တွင် ဘုရားသခင်က 'ငါသည် အဲဂုတ္တု လူတို့၌ပြုသောအကြောင်း၊ သင်တို့ကို လင်းယုန်အတောင်ဖြင့်ထမ်း၍ ကိုယ်ဖို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ' ဟုဆိုသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား 'ရွှေလင်းယုန် ခရစ်ယာန်များ' ဖြစ်စေချင်သည်။ ရွှေလင်းယုန်၌ တမူထူးခြားသောလက္ခဏာများရှိရာ ယင်းတို့သည် အရေးကြီးသည်။

လင်းယုန်၏ ထူးခြားသောလက္ခဏာ တစ်ခုကတော့ အလွန်နီးသော အရာများကို မြင်နိုင်စွမ်းရှိသလို အလွန်ဝေးသောနေရာမှာရှိသည့် အရာကို မြင်နိုင်သောအဝေးကြည့်မှန်ပြောင်းကဲ့သို့သော မှန်ဘီလူးရှိသည်။ ခရစ်ယာန်များအနေနှင့် အထူးသဖြင့် ခေါင်းဆောင်တစ်ယောက်အနေဖြင့် လင်းယုန်မျက်စိ ရှိရန် အရေးကြီးသည်။ အသက်တာ၏အနီးကပ် အသေးစိတ်ဖြစ်သော အရာများကို အာရုံစိုက်ရမည်ဖြစ်သော်လည်း ကြီးမားသောရူပါရုံလည်း ရှိရမည်။

ကျွန်ုပ်၏ ဇနီးက မြွေများကို မကြိုက်ပါ။ မြွေများစွာရှိသော ကျွန်ုပ်တို့ သာသနာပြုဆရာများ သွားလုပ်သည့်အခါ ထွက်မြောက်ရာကျမ်း ၁၉း၄ သည် ကျွန်ုပ်တို့အတွက် အသက်ရှင်လာသည်။ အာဖရိကမှာ ညသည် လျင်မြန်စွာ ရောက်လာသည်။ မှောင်မဲ့နေသော အာဖရိကအကြောင်းကို ပြောလျှင် အရမ်းမှောင်သည်။ အမှောင်ကို တို့ထိ နိုင်သည်။ ထင်ရှားတာက သင့်ရဲ့အသက်တာ ညနေ ၆ နာရီမှာ မရပ်တန့်နိုင်။

ကျွန်ုပ်တို့ နေသည့်နေရာမှာ လူသွားလမ်းက လွဲ၍ လမ်းမကြီးတွေ မရှိပါ။ မီးအိမ်ကို ကိုင်ထားပြီး ခြေထောက်မှာ လည်း မီးအိမ်ကို ချည်ထားရသည်။ သို့မှသာ မိမိသွားသောလမ်းကို မြင်ရမှာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နေရာတိုင်းမှာ မြွေများ ရှိနေသည်။ ဤအတွေ့အကြုံသစ်က ဆာလံ ၁၁၉း၁၀၅ အတွက် နားလည်မှု အသစ်များကို ပေးသည်။ 'နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။'

ဘုရားသခင်၏ နှုတ်ကပတ်တော်က လမ်းတလျှောက် မြင်ရန် ဘာလိုအပ်သလဲ ဆိုတာကို ပြပြီး လက်ရှိအခြေအနေများကိုလည်း ထွန်းလင်းတောက်ပစေသည်။ ထိုအရာများသည် လင်းယုန်မျက်စိများဖြစ်သည်။ တာတို၊ တာဝေးရှုပါရုံရှိသည်။

မြွေများကို မနှစ်သက်သော ကျွန်ုပ် ဇနီးသည်အကြောင်း ပြန်သွားရအောင်။ တစ်ညမှာ ဘုရားသခင်က ကျွန်ုပ်၏ဇနီးကို အိပ်မက်ပေးပါသည်။ သူမသည် ထူထပ်သောမြက်တွေကြားထဲမှာလျှောက်သွားနေသည်။ ထိုနေရာ၌ မြွေရှိသည်။

မည်သို့ဆိုစေ။ အဲဒီအရာက သူမကို ကြောက်သောကြောင့် မြွေက လျောထွက်သွားသည်။ နောက်တစ်နေ့ ထိုနေရာမှာပဲ လျှောက်သွားသည့်အခါ သူမ၏ အိပ်မက်က အမှန်ဖြစ်လာသည်။ မြွေတစ်ကောင် ထွက်လာပြီး သူမကို မြင်တာနဲ့ မြက်တောထဲကို ဝင်သွားသည်။ အာဖရိကနှင့် တစ်ခြား ဤနိုင်ငံ အချို့မှာ ကျွန်ုပ်တို့ သင်ယူရမှာက ဘုရားသခင်က အာဒံနှင့် ကျွန်ုပ်တို့ အားလုံးကို တိရစ္ဆာန်များအပေါ် အုပ်ချုပ်ဖို့ ပေးခဲ့သည်။ သူတို့ကို မကြောက်ဘူး ဆိုရင် သူတို့ရှိရာသို့ လျှောက်နေမှာပဲ။ သူတို့လည်း ထွက်သွားလိမ့်မည်။ မကောင်းဆိုးဝါး ဝိညာဉ်များက ကျွန်ုပ်တို့ကို အလွန်ကြောက်သည်။ ကျွန်ုပ်တို့ ဘာဖြစ်တယ် ဆိုတာကြောင့် မဟုတ်ဘဲ။ ကျွန်ုပ်တို့ အထဲ၌ရှိသော သူကြောင့် ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ဝိညာဉ်ဆိုး၊ နတ်ဆိုးများကို မကြောက်သော 'လင်းယုန် ခရစ်ယာန်များ' ဖြစ်စေချင်သည်။ မှောင်မိုက်သည် အလင်းကို မနိုင်။ သို့သော် အလင်းက အမှောင်ကို နိုင်သည်။ ဤသည်ကား အမြဲတမ်း ကျွန်ုပ်တို့၏ စိတ်နေသဘောထားဖြစ်ရမည်။

တစ္ဆေ ခြောက်သည့်အိမ်မှာ တစ်ညတာ ကုန်လွန်စေသည့် ညီအစ်မ တစ်ယောက်ကို သတိရပါသည်။ လူတွေက အဲဒီအိမ်မှာ တစ္ဆေများ ကိုယ်ယောင် ပြတာကိုလည်း တွေ့ကြသည်။ အထူးသဖြင့် သူမ နေသည့် အခန်းမှာ ထိုကဲ့သို့ တွေ့ကြခြင်း ဖြစ်သည်။ အဲဒီ ညမှာ ကြောက်စရာကောင်းသောတစ္ဆေများက သူမအား ကြမ်းတမ်းစွာ လာနှိုးကြသည်။ သူမက ရိုးရိုးသား သားပဲ ပြောလိုက်သည်။ 'ငါ အေးအေး ဆေးဆေး နားနေတာကို ဘာလာနှောင့်ယှက် နေတာလဲ။ ထွက်သွား။' တစ္ဆေများက ထွက်သွားသည်။ ဤကား 'လင်းယုန်ခရစ်ယာန်' များ၏ စိတ်နေသဘောထားဖြစ်သည်။ လင်းယုန်က မြွေနောက်ကို သွားတာ မမေ့နှင့်။ မြွေက လင်းယုန်ထံကနေ ထွက်ပြေးသွားသည်။ နောက်ထပ် တစ်ခြားလမ်း မရှိပါ။

## ဘုရားသခင်၏ တစ်မူထူးခြားသော ဘဏ္ဍာ

ထွက်မြောက်ရာကျမ်း ၁၉း ၄– ၅ မှာ ဘုရားသခင်က 'ငါသည် အဲဂုတ္တုလူတို့ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတ အတောင်ဖြင့် ထမ်း၍ ကိုယ်တို့ သိမ်းယူသော အကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည်' ဟု ပြောပါသည်။ ကလသရေလများနှင့် ခရစ်တော်အားဖြင့် ရွေးနှုတ်ခံရသူတို့သည် အသင်းတော်ခေတ်ကာလ၌ ဘုရားသခင်၏ ထူးကဲသော ဘဏ္ဍာများ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အလွန်ကြီးမားသော အဖိုးအခကို ပေးခဲ့သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ တန်ဖိုးမထားသော အရာများကို ကျွန်ုပ်တို့ ဘယ်တော့မှ တန်ဖိုး ကြီးကြီး မပေးပါ။

## ယဇ်ပုရောဟိတ်တို့၏နိုင်ငံ

ထွက်မြောက်ရာကျမ်း ၁၉း ၆ တွင် ဘုရားသခင်က ဆက်လက်၍ 'သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုး၊ သန့်ရှင်းသော လူမျိုးဖြစ်ကြလိမ့်မည် ဟူသော အမိန့်တော်ကို ကလသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟု မိန့်တော်မူ၏' ဟုပြောပါသည်။ တစ်နိုင်ငံလုံးအတွက် ဘုရားသခင်၏ အကြံအစည်သည် ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များဖြစ်ရန် ဘိသိက် ခံရကြဖို့ ဖြစ်သည်။ ကလသရေလတို့ ဆုံးရှုံးသောအရာကို အသင်းတော်က တဖန် ပြန်ရယူသည်။

၁ပေ ၂း၅၊၉ မှာ ရွေးနှုတ်ခံပြီးသူတို့ကို မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုးဟု ညွှန်းဆိုပါသည်။ – 'အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဗိမ္ဗာတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဗိမ္ဗာယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုး လည်းဖြစ်ကြ၏'။ ကျွန်ုပ်တို့သည် ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များဖြစ်ခြင်း ငှါ ခေါ်ခြင်းခံရသည်။

ဗျာဒိတ်ကျမ်း ၅း ၉–၁၀ က ယင်းကို အတည်ပြုပါသည်။ 'ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့်၊ အသီးအသီး ဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍၊ အသွေးတော်နှင့် ဘုရားသခင်အဘို့ ရွေးနှုတ်တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင်ရှေ့မှာ၊ ရှင်ဘုရင်အရာ၌၄င်း၊ ယဇ်ပုရောဟိတ်အရာ၌၄င်း၊

ခန့်ထား၍၊ မြေကြီးပေါ်မှာ စိုးစံရသော အခွင့်ကိုပေးတော်မူ၏။ ထို့ကြောင့်၊ ကိုယ်တော်သည် စာစောင်ကို ခံယူ၍ ၊ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ ဟု အသစ်သောသီချင်းကို သီ၍ လျှောက်ဆိုကြ၏'

၁ ဓမ္မရာဇဝင်ကျမ်း ၂း၈ မှာ – 'ဆင်းရဲသောသူကို မြေမှုန့်ထဲကဌင်း၊ ငတ်မွတ်သောသူကို နောက်ချေးပုံထဲက ဌင်း၊ ချီးမြှောက်၍ ၊ မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊ ဘုန်းကြီးသောပလ္လင်ကို အမွေခံရသောအခွင့်ကို ပေးတော်မူ၏။ အကြောင်းမူကား၊ မြေကြီးတိုင်တို့ကို ထာဝရဘုရားပိုင်၍၊ ထိုတိုင်တို့အပေါ်မှာ လောကဓာတ်ကို တည်တော်မူပြီ' ဟု ဖော်ပြသည်။

## ၃။ လူတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း

ထွက်မြောက်ရာကျမ်း ၁၉း၁၀ မှာ – လှပသော သန့်ရှင်းစင်ကြယ်ခြင်းကို တွေ့ရသည်။ – 'ထာဝရဘုရားကလည်း သူတို့အဝတ်ကို လျှော်စေ၍' ဤအရာက သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်း ဘယ်လိုဆက်စပ်သလဲ လို့ တစ်ချို့က မေးကောင်းမေးပါလိမ့်မည်။ အမှန်ကတော့ – ဤအရာက ဗတ္တိဇံ ခံယူရန် အရည်အချင်းတစ်ခုဖြစ်သည်။ ဤအရည်အချင်းကို တစ်ခါတစ်ရံ လျစ်လျူရှုကြသည်။ နာခံခြင်းပါဝင်သည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားကို နာခံရမည်။ ဤအရာကို တမန်တော် ၅း၃၂ မှာ ပြန်ဖော်ပြသည်။ ' ထိုအကြောင်းအရာတို့သည် သက်သေခံဖြစ်တော်မူသည်ဟု ပြောဆိုကြ၏' သို့ဖြစ်၍သန့်ရှင်းသောဝိညာဉ်တော် ဗိတ္တိဇံ ခံရရန် နားထောင်နာခံခြင်း အတိုင်းအတာတစ်ခုတော့ရှိသည်။

အခြားသင်းအုပ်တစ်ယောက်နှင့် ကျွန်ုပ်သည် သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်း ခံလိုသောသူတို့နှင့် စည်းဝေးကြသည်။ အမျိုးသမီး တစ်ယောက်က ထွက်လာပြီး 'ဘုရားသခင် ကျွန်မကို သန့်ရှင်းသော ဝိညာဉ်တော်၌ နှစ်ခြင်း ပေးပါ' ဟု ဘုရားသခင်ထံ အော်ငိုပါသည်။ အမျိုးသမီး သင်းအုပ်က သူမ၏ စိတ်ထဲ၌ 'ဘုရားသခင်၊ ဒီအမျိုးသမီးကတော့ရမှာ သေချာပါတယ်' ဟု ပြောပါသည်။ ထို့နောက် ဘုရားသခင်က သူမ၏ မျက်စိများကို ဖွင့်ပြီး သူမသည် လည်း ထိုအမျိုးသမီးအား ဘုရားသခင် မြင်သကဲ့သို့ မြင်သည်။ ထို အမျိုးသမီးသည် ဝိညာဉ်တော်ကို ဘာဖြစ်လို့ မရတာလဲ ဆိုတာကို သူမ သဘောပေါက်လိုက်သည်။ သူမမှာ စကားနားထောင်ခြင်း၌ အသက်မရှင်ခဲ့ပါ။

နောက်ထပ် ဥပမာ တစ်ခုကို ပြောပြချင်ပါသည်။ ညီအစ်ကို တစ်ယောက် သည် သန့်ရှင်းသောဝိညဉ်တော်ကို ရရန် ဆုတောင်းနေစဉ် ထာဝရဘုရားသည်

သူ့အား စကားပြောပါသည်။ ထိုစကား ''သင်အခြားတဘက်အခန်းသို့ သွားပြီး သင့်လှောင်အိမ်ထဲမှ ငှက်လေးကို လွှတ်ပေးပါ'' ဟူ၍ ဖြစ်သည်။ ဤငှက်ကလေးသည် မွေးကတည်းက လှောင်အိမ်ထဲမှာကြီးပြင်းလာတာ မဟုတ်ပါ။ ထိုညီအစ်ကိုမှာ ငှက်ကလေးကို ဖမ်းပြီး၊ လှောင်အိမ်ထဲမှာ ထည့်ထားခြင်း ဖြစ်သည်။ ညီအစ်ကိုသည် ကလေးသူငယ်ကဲ့သို့ပင်၊ ဘုရားစကားကို နားထောင်၍ အခြားအခန်းတဘက်သို့သွားပြီး၊ ငှက်လှောင်အိမ်ကို ဖွင့်ကာ၊ ငှက်ကလေးကို လွှတ်လိုက်သည်။ ဘုရားစကားကို နားထောင်လိုက်သည်နှင့် တပြိုင်နက်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နှစ်ခြင်းကို သူ ရရှိသွားသည်။

တခါတရံ ဘုရားသခင်သည် သူ၏သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်းကို မပေးမီ စကားနားထောင်ခြင်းကို ဘုရားရှင်အလိုရှိသည်။ ဘုရားသခင်သည် နှစ်ခြင်းပေးသူဖြစ်သည်။ ထို့ကြောင့် ဤစစ်မှန်ချက်ကို လူတွေက လက်ဆင့်ကမ်းဖို့ သတိပြုရမည်။ တခါတရံ ဘုရားသခင် ဤသို့စကား ပြောသောအချိန် ရှိသည်။ ''ငါသည် သင့်အား သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်းပေးမည်။ သို့သော်သင့်အား ငါ စကားပြောထားသောအရာအတွက် သင်အရင်ဆုံး နားထောင်ဖို့ ငါ အလို ရှိသည်။'' ထို့ကြောင့် ကျွန်ုပ်တို့သည် ကျမ်းချက်အားလုံးကို လေ့လာကြည့်ရှုရန် လိုအပ်သည်။

### ၄။ ပညတ်တရားကို ရရှိခြင်း

ထွက် ၂၀ တွင် ဘုရားသခင်သည် မောရှေအား ပညတ်တော် ၁၀ပါးကို ကျောက်ပြား ၂ ခု ပေါ်တွင် ပေးသည်။ ပညတ်တော်တွင် အပိုင်း ၂ခုပါဝင်ပြီး ပထမ လေးခုမှာ ဘုရားနှင့်ဆိုင်၍ ကျန် ၆ ခုမှာ လူများအပေါ် တာဝန်ဝတ္တရားဖြစ်သည်။ ပညတ်တော်ဆယ်ပါးသည် ကျွန်ုပ်တို့အတွက် အရေးပါသည်။ ယေရှုသည် ပညတ်တော်ကို ချိုးဖေါက်ရန် မဟုတ်ဘဲ ပြည့်စုံစေရန် ကြွလာသည်။ ''ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည် မဟုတ်။ ပြည့်စုံခြင်းငှါ ငါလာသတည်း'' (မဿဲ ၅း၁၇)။ ပညတ်တော်ကိုမည်သို့ ပြည့်စုံစေရမည်နည်း။ အဖြေမှာ ရောမ ၈း၄ အကြောင်းမူကား၊ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ် ပကတိအတိုင်း ကျင့်သော ငါတို့သည်၊ တရား၌ပါသော ပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။ ဝိညာဉ်ထဲ၌ လျှောက်လှမ်းပြီး ဇာတိသဘောကို ငြင်းပယ်သောအခါ၊ ပညတ်တော်ကို လေးစားတန်ဖိုးထားသော အခါ ပြည့်စုံစေနိုင်သည်။

ယေရ ၃၁း၃၃ ၌ ဣသရေလလူမျိုးအတွက် ပဋိညာဉ်သစ်ကို ပြောထားပြီး ကျွန်ုပ်တို့အတွက် ဖြစ်သည်။ နောင်ကာလအခါ ဣသရေလအမျိုးတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏ လူဖြစ်ကြလိမ့်မည် (ယေရ ၃၁း၃၃)။ ပဋိညာဉ်သစ်ဆိုသည်မှာအဘယ်နည်း။ ပဋိညာဉ်သစ်မှာ ကျောက်ပြားပေါ်မှာရေးသားထားသောအရာမဟုတ်ပဲ နှလုံးသားပေါ်တွင် ဘုရားသခင် ပညတ်တော်ကို ရေးထားခြင်းဖြစ်သည်။ ပေါလုက ဤအချက်ကို ဟေဗြဲ ၈း၁၀ တွင် အတည်ပြုပြောထားသည်။ သတိရပါ။ သန့်ရှင်းသော ဝိညာဉ်တော် ခံရစဉ် ဘုရားသခင်၏ ပညတ်တော်များကို အသစ်တဖန် တန်ဖိုးထား နားလည်လာလိမ့်မည်။

**ပညတ်တော် ဆယ်ပါး**

၁။ ငါမှတပါးအခြားသောဘုရားကို မကိုးကွယ်ရ (၂၀း၃)
၂။ ရုပ်တုဆင်းတုမလုပ်ရ (၂၀း၄–၅)
၃။ ဘုရားနာမကို မုသာနှင့်ဆိုင်၍ မမြွက်ဆိုရ (၂၀း၇)
၄။ ဥပုသ်နေ့ကို သန့်ရှင်းစေလော့ (၂၀း၈)
၅။ မိဘကို ရိုသေလော့ (၂၀း၁၂)
၆။ လူအသက်ကို မသတ်ရ (၂၀း၁၃)
၇။ သူ့မယားကို မပြစ်မှားရ (၂၀း၁၄)
၈။ မခိုးရ (၂၀း၁၅)
၉။ အိမ်နီးချင်းအပေါ် မမှန်သောသက်သေမခံရ (၂၀း၁၆)
၁၀။ မတပ်မက်ရ (၂၀း၁၇)

**၅။ ပဋိညာဉ်ကို ဣသရေလလူမျိုးများနှင့် အတည်ပြုခြင်း**

ထွက် ၂၃း၂၀–၃၃ တွင် ဘုရားသခင်သည် ဣသရေလလူမျိုးနှင့် ပဋိညာဉ်ကို အတည်ပြုသည်။ ဘုရားသခင်က မောရှေနှင့် အသက်ကြီးသူတို့ကို တောင်ပေါ်သို့ တက်လာပြီး သူ့ထံလာရန် ခေါ်သည်။ –တစ်ဖန် ထာဝရဘုရားက၊ သင်သည် အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော ဣသရေလ အမျိုးအသက်ကြီးသူ ခုနစ်ကျိပ်နှင့်တကွ၊ ထာဝရဘုရားထံတော်သို့တက်၍၊ သူတို့သည် ဝေးဝေး ကိုးကွယ်ကြစေ၏။ သင်တစ်ယောက်တည်းသာ

ထာဝရ ဘုရားထံတော်သို့ ချဉ်းကပ်ရမည်။ အခြားသော သူမချဉ်းကပ်ရ။ လူများတို့သည် သင်နှင့်အတူ မတက်ရကြဟု မောရှေအား မိန့်တော်မူ၏ (ထွက် ၂၄း၁–၂)။

ဣလသရေလလူမျိုးသည် ဘုရားသခင်စကားကို နာခံရန် ကတိပေးသည်။ ဂတိတော်ပြည့်စုံရန် နာခံခြင်းလိုသည်။ ပဋိညာဉ် စာကိုလည်းယူ၍၊ ပရိသတ်များရှေ့မှာ ဖတ်ပြီးလျှင်၊ သူတို့ကလည်း၊ ထာဝရဘုရား မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည်ဟု ပြောဆိုကြ၏။ မောရှေသည်လည်း၊ သွေးကိုယူ၍ လူများပေါ်မှာဖြန်းလျက်၊ ဤသွေးကား ဤအမှုအရာတို့တွင် သင်တို့၌ ထာဝရဘုရား ဝန်ခံတော်မူသော ပဋိညာဉ်၏ သွေးဖြစ်သည်ဟု ပြောဆို၏ (ထွက် ၂၄း၇–၈)။

### ၆။ တောင်ပေါ်တွင် ရက်ပေါင်း ၄၀ နှင့် ညပေါင်း ၄၀

မောရှေသည် တောင်ပေါ်တွင် ရက်ပေါင်း ၄၀ နေသည်။ (ထွက် ၂၄း၁၈) ထိုအခါ၊ မောရှေ၊ အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော ဣလသရေလ အမျိုး အသက်ကြီးသူ ခုနစ်ကျိပ်တို့သည် တက်၍၊ ဣလသရေလအမျိုး၏ ဘုရားသခင်ကို မြင်ကြ၏။ ခြေတော်အောက်၌ နီလာကျောက်ဖြင့် ပြီးသော ကျောက်ခင်း ကဲ့သို့၎င်း၊ ကြည်လင်သော ကောင်းကင်မျက်နှာကဲ့သို့၎င်း ထင်လေ၏ (ထွက် ၂၄း၉–၁၀)။

ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်းခံရချိန်တွင် ဘုရားသခင်၏ တို့ထိခြင်းကို ခံရသည်။ ဘုရားသခင် သည်အမှန်တကယ် စစ်မှန်ကြောင်း အလွန်ထင်ရှားသိသာလာသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ပတ်သက်၍၎င်း၊ ကောင်းကင်နှင့် စပ်ဆိုင်၍၎င်း ရူပါရုံရရှိကြသည်။ ဤအရာက သူတို့ တွေ့ကြုံခံစားရတာ ဖြစ်သည်။ ဤအရာအားလုံး သိနာတောင်ပေါ်တွင် ဖြစ်ပွားသည်။ ဤမှန်ကန်ချက်များကို ကျွန်ုပ်ကြိုးစား တင်ပြရခြင်းကတော့ – သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်း ကောင်းကြီး မင်္ဂလာ၏ အတိုင်းအတာကို သင်မြင်တတ်ရန် ဖြစ်သည်။

### ၇။ တဲတော်ပုံစံ

တောင်ထိပ်မှာ ရက်ပေါင်း ၄၀ နေစဉ်အတွင်း ဘုရားသခင်သည် မောရှေအား တဲတော်ပုံစံကို ပေးသည်။ ငါပြသမျှသောတဲတော်ပုံ၊ တဲတော် တန်ဆာပုံနှင့်အညီ လုပ်ရမည် (ထွက် ၂၅း၉)။ မောရှေသည် တဲတော်ကို

ဘုရားသခင် ပြသောပုံစံအတိုင်း အလုံးစုံပြုလုပ်ရန် အလွန်အရေးကြီးသည် ၄င်းသည် ကောင်းကင် တဲတော်ကို ပုံရိပ်ပေးနေသည်။ မောရှေသည် တဲတော်ကို ဆောက်လုပ်အံ့သောအခါ၊ တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ အလုံးစုံတို့ကို လုပ်ခြင်းငှါ သတိပြုမည်ဟု ဗျာဒိတ်တော်ကို ခံရသည် ဖြစ်၍၊ ထိုယဇ်ပုရောဟိတ်တို့သည် ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့်သာ ဆိုင်လျက် ဝတ်ကိုပြုနေကြ၏ (ဟေဗြဲ ၈း၅)။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ပေးသော ပုံစံအတိုင်း ပြုလုပ်ရမည်။

တဲတော်တွင် အပိုင်းသုံးပိုင်းရှိသည်။

၁။ ပြင်ပတန်တိုင်း (၁၀၀ x ၅၀ x ၅ တောင်)

၂။ သန့်ရှင်းရာဌာန (၂၀ x ၁၀ x ၁၀ တောင်)

၃။ အသန့်ရှင်းဆုံးဌာန (၁၀ x ၁၀ x ၁၀ တောင်)

တဲတော်၏ အတိုင်းအတာနှင့် တင်စားချက်အချို့ကို ဖော်ပြလိုပါသည်။ ပြင်ပတန်တိုင်းပတ်လည်ရှိ ပိတ်ချောတံတိုင်းသည် ၅ တောင် မြင့်သည်။ ပြင်ပတန်တိုင်း၏ အလျားအတောင် ၁၀၀ နှင့် အနံမှာ အတောင် ၅၀ ဖြစ်သည်။ ပိတ်ချော တံတိုင်း၏ မျက်နှာပြင်ဧရိယာမှာ ၁၅၀၀ စတုရန်းတောင် (၁၀၀ + ၁၀၀ + ၅၀ + ၅၀ x ၅ = ၁၅၀၀) ဖြစ်သည်။ မောရှေနှင့် ပညတ်တရား ပေးသည့်ကာလမှ ခရစ်တော်အကြားတွင် နှစ် ၁၅၀၀ ခန့်ကြာသည်။ ထို့ကြောင့် ပြင်ပတန်တိုင်းသည် ဓမ္မဟောင်း၏ကာလ ဖြစ်သည်။

သန့်ရှင်းရာဌာန၏ ထုမှာ ၂၀၀၀ ကုဗတောင် ဖြစ်သည်။ အသင်းတော်ခေတ်ကာလသည် နှစ် ၂၀၀၀ ခန့်ကြာသည်။ ထို့ကြောင့် သန့်ရှင်းရာဌာနသည် အသင်းတော်ကာလကို ပုံဆောင်သည်။ အသန့်ရှင်းဆုံး ဌာန၏ ထုမှာ ၁၀၀၀ ကုဗတောင်ဖြစ်သည်။ ခရစ်တော်မြေကြီးပေါ်တွင် အုပ်စိုးခြင်းသည် နှစ် ၁၀၀၀ ဖြစ်သည်။ (ပြင်ပတန်တိုင်းတွင် အမိုး၊ အကာမရှိသောကြောင့် ၄င်း၏ထုကို တင်စားခြင်းမပြုလုပ်ပါ။

အောက်ပါ တင်စားချက်ကို တွေ့ရသည်။

၁။ ပြင်တန်တိုင်းသည် ဓမ္မဟောင်းကာလ နှစ် ၁၅၀၀ ကို ပုံဆောင်သည်။

၂။ သန့်ရှင်းရာဌာနသည် အသင်းတော်ကာလ နှစ် ၂၀၀၀ ကို ပုံဆောင်သည်။

၃။ အသန့်ရှင်းဆုံးဌာနသည် ခရစ်တော်အုပ်စိုးသည့် နှစ် ၁၀၀၀ ကို ပုံဆောင်သည်။

သိနာတောင်သည် ပင်တေကုတ္တေအတွေ့အကြုံကို ကိုယ်စားပြုသဖြင့် ဝိညာဉ်တော်နှစ်ခြင်းအားဖြင့် အသင်းတော်ကာလအတွက် ဘုရားသခင်

အလိုတော်ကို နားလည်စေသည်။

**၈။ ရွှေနွားသူငယ်**

ဣသရေလလူမျိုးသည် မောရှေ သိနာတောင်မှ ပြန်လာသည်ကို မစောင့်နိုင်ကြတော့ပါ။ မောရှေသည် တောင်ပေါ်မှာ ကြာမြင့်စွာ ရှိနေကြောင်းကို လူများတို့သည် သိမြင်သောအခါ၊ အာရုန်ထံသို့စုဝေးကြ၍၊ ထပါ။ ငါတို့ရှေ့မှာ သွားရသော ဘုရားတို့ကို ငါတို့အဖို့လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှ နုတ်ဆောင် သော ထိုမောရှေ၌ အဘယ်သို့ဖြစ်သည်ကို ငါတို့မသိပါဟု ပြောဆိုကြ၏ (ထွက် ၃၂း၁)။

သူတို့သည်အာရုန်အား သူတို့အတွက် ဘုရားပြုလုပ်ပေးစေသည်။ အာရုန်သည် ဖိအားပေးမှုကြောင့် ရွှေနွားသူငယ်ရုပ်တုကို ပြုလုပ်ပေးသည်။ ထို့နောက်ထိုဘုရားက သူတို့ကိုအီဂျစ်ပြည်မှ ခေါ်ထုတ်ပေးသည်ဟု ကြွေးကြော် လိုက်သည်။ အာရုန်သည် ဘုရားသခင်၏ပရောဖက်နှင့် မောရှေ၏ လက်ထောက်ဖြစ်သည်။ သူသည် အီဂျစ်ပြည်မှ နိမိတ်လက္ခဏာများနှင့် ကပ်ဘေးများကို မြင်တွေ့ခဲ့သည်။ ဘုရားသခင်ကသူတို့ကို အီဂျစ်ပြည်မှ ခေါ်ထုတ်ပေးကြောင်း သူကောင်းစွာ သိသော်လည်း လူတို့အလိုကို လိုက်သည်။

အာရုန်ကလည်း၊ သင်တို့မယားသားသမီးများ၏ ဆင်သော ရွှေနားတောင်း များကိုချွတ်၍၊ ငါ့ထံသို့ဆောင်ခဲ့ကြဟု ဆိုလျှင်၊ လူအပေါင်းတို့သည် မိမိတို့နား၌ ဆင်သော ရွှေနားတောင်းများကို ချွတ်၍၊ အာရုန်ထံသို့ဆောင်ခဲ့ကြ၏။ အာရုန်သည်လည်း လက်ခံ၍၊ နွားသူငယ်ရုပ်ပုံသဏ္ဌာန်ကို ကညစ်နှင့် ရေးသားပြီးလျှင် သွန်းလေ၏။ လူများတို့ကလည်း၊ အို ဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နုတ်ဆောင်သော သင်၏ ဘုရား ဖြစ်တော်မူသည်ဟု ဆိုကြ၏ (ထွက် ၃၂း၂-၄)။ အာရုန်သည် ရွှေနွားသူငယ် ရုပ်တုကိုးကွယ်ခြင်းနှင့် ထာဝရဘုရားအား ကိုးကွယ်ခြင်းကို ရောရန် ကြိုးစားသည်။ အာရုန်သည် ထိုအမှုကို သိမြင်လျှင်၊ ရုပ်တုရှေ့မှာ ယဇ်ပလ္လင်ကို တည်၍၊ နက်ဖြန်နေ့သည် ထာဝရဘုရားအဖို့ပွဲခံရသော နေ့ဖြစ်သည်ဟု တပ်ကိုလည်း၍ ကြော်ငြာစေ၏ (ထွက် ၃၂း၅)။ သူသည် ကိုးကွယ်မှုကို ရောစပ်လိုက်သည်။ ဤသို့ရောစပ်ခြင်းသည် ဣသရေလ လူမျိုးများတွင် သာမက ယနေ့အသင်းတော်များစွာတွင်လည်း ရောစပ်နေသောကိုးကွယ်မှုများ ကို တွေ့ရသည်။ ဆွစ်အသင်းတော် ကိုးကွယ်ခြင်းတစ်ခုတွင် ဘုရားသခင်က စင်ပေါ်မှာ နတ်ဆိုးရှိသည်ကို ကျွန်ုပ်အား မြင်စေသည်။ အသင်းတော်တွင်

ဘိသိတ်ခြင်းရှိသလို၊ အခြားသော နတ်ဆိုး လွှမ်းမိုးမှုလည်းရှိသည်။ အဘယ်ကြောင့်နည်း။ ကိုးကွယ်မှုရောနှော နေခြင်းမှာ နှလုံးသားအကြွင်းမဲ့ မဟုတ်သောကြောင့်ဖြစ်ပြီး လူတွေထဲတွင် အပြစ်ရှိနေခြင်းကြောင့်ဖြစ်သည်။

## ၉။ လေဝိလူတို့ကခေါ်ခြင်းကို တုန့်ပြန်ခြင်း

မောရှေသည် တပ်စခန်း တံခါးဝတွင်ရပ်လျက် ထာဝရဘုရားဖက်မှာ အဘယ်သူနေမည်နည်းဟု မေးရာ လေဝိလူမျိုးတို့နေကြသည်။ ကျန် ၁၁ မျိုးက ထာဝရဘုရားဘက် ရပ်တည်ရန် မရွေးကြချေ။ တပ်တံခါးဝမှ ရပ်လျက်၊ ထာဝရဘုရားဘက်၌ ဘယ်သူနေသနည်း။ ငါ့ထံသို့လာစေဟုဆိုလျှင်၊ လေဝိအမျိုးသားအပေါင်းတို့သည် သူ့ထံ၌ စုဝေးကြ၏ (ထွက် ၃၂း၂၆)။

ဘုရားသခင်အတွက် ရပ်တည်သည့်အဖိုးအခအဖြစ် လေဝိလူတို့သည် မိမိ ညီအစ်ကိုတို့ကို ဆန့်ကျင်ရသည်။ မောရှေကလည်း၊ လူတိုင်းဓားလွယ်လျက် တပ်တစ်မျက်နှာတံခါးမှ တစ်မျက်နှာတံခါးတိုင်အောင် ထုတ်ချင်းခတ်သွား၍၊ အသီးအသီး မိမိညီအစ်ကို၊ မိမိအပေါင်းအဖော်၊ မိမိအိမ်နီးချင်းကို သတ်စေဟု ဣသရေလ အမျိုး၏ ဘုရားသခင်ထာဝရဘုရား အမိန့်ရှိတော်မူသည်ဟု မောရှေစီရင်သည့်အတိုင်း၊ လေဝိအမျိုးတို့သည်ပြု၍၊ ထိုနေ့၌ လူသုံးထောင် လောက်သေကြ၏ (ထွက် ၃၂း၂၇–၂၈)။ ထို့ကြောင့် ဘုရားသခင်သည် လေဝိလူမျိုးတို့အား ယဇ်ပုရောဟိတ် ပြုလုပ်စေသည်။

ယုံကြည်သူတိုင်းလည်း ထိုကဏ္ဍတွင် စစ်ဆေးခြင်း ခံရလိမ့်မည်။ အသက်တာတွင် မိသားစုနှင့် မိတ်ဆွေက ပထမလော (သို့) ကိုယ်တော် ပထမ ပေလော။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကို သာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန် (မဿဲ ၁၀း၃၇)။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မိတ်ဆွေ၊ မိသားစု၊ ညီအစ်ကို မောင်နှမများ ရှေ့မှာထားရမည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ခရစ်တော်နောက်လိုက်ရန် ဆုံးဖြတ်ချက်ချရဘို့နှင့် ညီအစ်ကိုများနှင့်အတူ နေရဘို့ နှစ်ခုကြားမှာ ခေါ်ခြင်းခံရသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ခရစ်တော်ဘက်မှာ နေရဘို့ မှန်သောဆုံးဖြတ်ချက်ကို ချရမည်။ အကယ်၍ ကျွန်ုပ်တို့သည် လူတိုင်း၏မိတ်ဆွေဖြစ်ချင်ပါက ဘယ်တော့မှ ဖိအုန်ရောက်မည် မဟုတ်။ နှစ်ပေါင်းများစွာ နောက်ပိုင်း ဣသရေလတို့သည် ဖိအုန်တောင်ကို အနိုင်ရသည့်အခါ အဓိကအားဖြင့် လေဝိအနွယ်များ ထိုအရပ်မှာ နေကြသည်။ ဒါဝိဒ်သည် နောင် နှစ်ပေါင်းများစွာ

အကြာတွင် ဇီအုန်တောင်ကို သိမ်းပိုက်ခဲ့သောအခါ လေဝိလူမျိုးတို့သာ ထိုနေရာမှာ အဓိက နေထိုင်ကြသည်။

ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ခရီးစဉ်နှင့် ပတ်သက်၍ ပထဝီအနေအထား အရ အဲဂုတ္တု မှ နေ၍ ဂတိတော် မြေနှင့် ဇီအုန်သို့ ခရီးပြုရခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာမှာ တစ်ဦးချင်းပြုရသော ခရီးစဉ်ပုံစံနမူနာ ဖြစ်သည်။ ခေါင်းဆောင်များအနေဖြင့် ကျွန်ုပ်တို့၏အသင်းတော်များကို ဇီအုန်သို့ ခေါ်ဆောင်ရန် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် ပညာရေးဆိုင်ရာ လေ့လာသင်ယူခြင်းမျှသာမဟုတ်ဘဲ အသက်တာ၏ နည်းလမ်းတစ်ခုဖြစ်သည်။

## ၁၀။ ဣသရေလတို့အတွက် မောရှေ၏ကြားခံ ဆုတောင်းခြင်း

နောက်ထပ် အချက်အနည်းငယ်နှင့် စပ်လျဉ်း၍ ခေါင်းဆောင်မှုပြုရာ ရင်ဆိုင်ရသည်။ ပြဿနာအချို့ကို တင်ပြလိုပါသည်။ ဣသရေလလူတို့၏ ရှုထောင့်ကနေ ရှုမြင်ဘို့နှင့် မောရှေ၏ ရှုထောင့်ကနေ ရှုမြင်ဘို့ဖြစ်သည်။

ခေါင်းဆောင်များ ရင်ဆိုင်ရသည့် အံ့သြရလောက်အောင် ကြောက် စရာကောင်းသော စုံစမ်းနှောင့်ယှက်ခြင်းကို နားလည်ရမည်။ ထိုစုံစမ်းခြင်းကို ထွက်မြောက်ရာကျမ်း ၃၂း၉–၁၀ တွင် ဖော်ပြသည်။– 'ဤလူမျိုးကို မောရှေအား မိန့်တော်မူ၏' ဘုရားသခင်က 'သူတို့ကို ဖျက်ဆီးပြီး သင့်ကိုကား ကြီးသောလူမျိုးဖြစ်စေမည်။' ဟုဆိုသည်။ သို့သော် မောရှေက သူ့အတွက် ပြုမည့်အရာထက် ဘုရားသခင်၏ လူတို့၌ ပြုရမည့်အပြုအမူကို သာ၍ စဉ်းစား သည်။ ဘုရားသခင်၏ ဂုဏ်ပြုခြင်းကို စဉ်းစားနေသည်။ ဤတွင် စစ်မှန်သော ခေါင်းဆောင်၏ စိတ်နေသဘောထားကို မြင်ရသည်။ မောရှေက သူ့ကို သူ့ လူတို့နှင့်အတူ ဖြစ်ကြောင်း ဖော်ပြသည်။ (ယေဇကျေလ ၂၀း၁၀–၁၇)။

မောရှေက ကုသရေလတို့အတွက် နောက်တစ်ဖန်ထပ်၍ ကြားခံ ဆုတောင်းခြင်း ပြုသည်။ – ထွက်မြောက်ရာကျမ်း ၃၂း၃၁–၃၂ 'ထာဝရဘုရား ထံတော်သို့ ပြန်သွား၍ ကျွန်ုပ်တောင်းပန်ပါ၏။ အိုဘုရားသခင်၊ ဤလူတို့သည် ပြစ်မှားသောအပြစ်ကြီးလှပါ၏။ မိမိတို့အဘို့ ရွှေဘုရားကို လုပ်ပါပြီ။ သို့သော်လည်း၊ သူတို့အပြစ်ကို လွှတ်ခြင်း၌ အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ်၊ ကိုယ်တော်စီရင်တော်မူသောစာရင်း၌ အကျွန်ုပ်နာမကို ချေတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏' ဟု လျှောက်၏။

ရောမဩဝါဒစာ ၉း၁–၃ တွင် ရှင်ပေါလုက ''ငါ့ကိုယ်ကိုကိုယ် သိသော စိတ်သည် ဤကျိန်ခြင်းကို ခံချင်လောက်အောင် စိတ်ရှိ၏။'' ဟု ဆိုသည်။

တစ်ခါတစ်ရံ ဘုရားသခင်က လူတွေပုန်ကန်ထကြွနေသည့်အခါ ဘုရားသခင်၏ အမျက်တော်ကို သူတို့ထံမှ ဖယ်ရှားရန် ခေါင်းဆောင်များ၏ ကြားခံ ဆုတောင်းခြင်းကို တောင်းဆိုသည်။

ခေါင်းဆောင်သည် ပရိသတ်ကို မိမိနှင့်အတူ ခေါင်းဆောင်ရမည်။ အိုး၊ မောရှေ ရင်ဆိုင်ခဲ့တဲ့ ပြဿနာပဲ။ အဲဒီထဲက တစ်ခုကတော့ (ခေတ္တ ခ၈) လက်ထောက်သင်းအုပ်တို့၏ အယူဝါဒ ယုံကြည်ချက်စွန့်လွှတ်ခြင်းဖြစ်ပြီး၊ မောရှေ၏အစ်ကို အာရုန်ပင်ဖြစ်သည်။ သို့ပေသော်လည်း မောရှေသည် ဤအရာအားလုံးထဲကနေ အောင်မြင်နိုင်ခဲ့သည်။ ဤပြဿနာအားလုံးကို ကျော်ဖြတ်နိုင်တာက ကြီးမားသောယောကျာ်းသားဖြစ်သည်။ များစွာသော လူတို့၏ စိတ်သဘောက 'ကောင်းပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဆက်လက်ပြီး တော့ သွားနေတာပါပဲ'။ မောရှေ၏ သဘောထားကတော့ 'ဘုရားသခင်၊ သူတို့ကို ပြန်ခေါ်လာပါ'။

ခေါင်းဆောင်တစ်ယောက်သည် ထပ်ဆင့်သော ဖိစီးမှုများကြောင့် အပိုကြေး ရရန် လိုအပ်သည်။ ထိုအရာကို စီးပွားရေးလောကတွင် အသိအမှတ် ပြုကြသည်။ စီမံအုပ်ချုပ်ခြင်း၌ အမြင့်ဆုံးရာထူးကို ရသောသူကို အပိုကြေး အများဆုံး ပေးရမည်။ အပိုကြေးအဖြစ် ကားများ၊ အိမ်များနှင့် နိုင်ငံရပ်ခြား ခရီးပြုဖို့ အခွင့်အရေးများရရှိမည်။ ဤအရာများ ကျွန်ုပ်တို့ ရရှိရမည်ဟု ဆို လိုခြင်း မဟုတ်ပါ။ ဝိညာဉ်ရေးရာအားဖြင့် ကျွန်ုပ်တို့၏ အပိုကြေးသည် ဘုရားသခင်နှင့် ဆက်နွယ်ခြင်းနှင့် သူ၏မျက်မှောက်တော် သာ၍ ခံစားခြင်း ဖြစ်သည်။ လေဝိလူတို့ကို ဂတိတော်မြေ အမွေမပေးပါ။ သူတို့၏ အမွေသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်။ (တရားဟော ၁ဝး ၉)

## ၁၁။ ဘုရားသခင်သည် မျက်နှာချင်းဆိုင် စကားပြောသည်။

မောရှေရရှိသော အပိုကြေးကတော့ ၊ လူတစ်ယောက်က သူ့မိတ်ဆွေအား စကားပြောသကဲ့သို့ ဘုရားသခင်က မောရှေအား မျက်နှာချင်းဆိုင်စကား ပြောသည်။ ထွက်မြောက်ရာကျမ်း ၃၃း၁၁ 'ထာဝရဘုရားသည် အဆွေ ခင်ပွန်းချင်းကို နှုတ်ဆက်တတ်သည်နည်းတူ၊ မောရှေနှင့် မျက်နှာချင်းဆိုင်၍ နှုတ်ဆက်တော်မူ၏။' ဘုရားသခင်အား မောရှေက တုံ့ပြန်ခြင်းကို ထွက်မြောက် ရာ ၃၃း၁၅ တွင် တွေ့ရသည်။ 'တစ်ဖန် မောရှေက၊ ကိုယ်တော်တိုင် မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှ ပို့တော်မမူပါနှင့်။' ထိုအရပ်တွင် ဘုရားသခင်၏မျက်မှောက်တော်သည် အမြဲတမ်းရှိရမည် ဆိုသည့် အချက်ကို

မောရှေ ကောင်းစွာ သိသည်။ ဘုရားသခင်၏ မျက်မှောက်တော် မပါဘဲ မည်သည့်အရာတစ်ခုကိုမျှ ကတိပြု တာဝန်မယူရန် အရေးကြီးသည်။

ထွက်မြောက်ရာကျမ်း ၃၃း၁၈ တွင် မောရှေက 'တစ်ဖန်တုံ၊ ကိုယ်တော်၏ ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏' ဟု လျှောက် ဆိုသည်။ မောရှေက သူ့အတွက် ဘာမျှ မတောင်းပါ။ ဘုရားသခင်၏ ဘုန်းတော်ကို မြင်ရဖို့ကိုသာ တောင့်တသည်။ ခေါင်းဆောင်တစ်ယောက် ကောင်းစွာ သိထားရမည့်အချက်က အသက်တာမှာ အလိုဆန္ဒ ပြုရမည့်အရာ တစ်ခုက – ခရစ်တော် ကိုယ်တိုင်ဖြစ်သည်။

ဆာလံ ၂၇း ၄ တွင် ဒါဝိဒ်မင်းကြီးက ' ထာဝရဘုရား၏တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍၊ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလို့ငှါ၊ ထာဝရဘုရား၏ အိမ်တော်မှာ တသက်လုံးနေရမည် အကြောင်းတည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကို ရှာရဦးမည်' ဟု ဆိုသည်။

ရှင်ဘုရင်အနေဖြင့် ဒါဝိဒ်သည် လူတစ်ယောက် တစ်ကယ်တမ်း တောင့်တ သည့်အရာအားလုံးကို ရရှိနိုင်သည်။ သို့သော်သူလိုချင်တာက ဘုရားသခင် ဖြစ်သည်။

အလားတူ နှလုံးသားအော်ဟစ်ခြင်းကို ဖိလိပ္ပိ ၃း၈ တွင် ရှင်ပေါလု ပြုသည်။ 'ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှ လောက်မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသော အရာကဲ့သို့ ငါထင်မှတ်၏' ဟု ဆိုသည်။

ယုံကြည်သူများ အထူးသဖြင့် ခေါင်းဆောင်များ၏ လိုအင်ဆန္ဒနှင့် ချစ်ခြင်း တို့သည် ဘုရားသခင်အပေါ်မှာ လုံးဝဉဿုံ မဟုတ်ပါက သူတို့သည် ဖျက်ဆီး ခံရမည်။ အကယ်၍ ခေါင်းဆောင်တစ်ယောက်၏ လိုအင်ဆန္ဒ အရှိဆုံးသည် ကြီးမားသောအသင်းတော်၊ လုပသောအဆောက်အဦး၊ ငွေကြေးများစွာ၊ ကျော်ကြားမှု၊ သို့မဟုတ် ဂုဏ်ရှိသောရာထူးဆိုပါက သူသည် ကေန်အမှန် ပျက်စီး ဆုံးရှုံးမှာ ဖြစ်သည်။

အမှန်စင်စစ် ကျွန်ုပ်တို့ လိုအင်ဆန္ဒ ရှိတာ ဘာလဲ။ နှုတ်ကပတ်တော်၌ ကောင်းကြီးမင်္ဂလာ အားလုံးကို ပိုင်ဆိုင်သောသူ လိုအင်ဆန္ဒ တစ်ခုတည်းသာ ရှိသည်။ သခင်ယေရှု ခရစ်တော် ဖြစ်သည်။ အသက်တာရဲ့ ကဏ္ဍတိုင်း မှာ စိတ်ပျက်နေပေမယ့် အောင်ပွဲခံနိုင်ဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ဝမ်းမြောက်ခြင်းနှင့် မျက်မှောက်တော်၏ ပြီးပြည့်စုံခြင်းကို ကျွန်ုပ်တို့ထံမှ မယူခိုင်းနိုင်။ မာရိနှင့် ပတ်သက်၍ သခင်ဘုရားက 'မာရိမူကား၊

ကောင်းသောအဘို့ကို ရွေးယူပြီ။ ထိုအဖို့ကို အဘယ်သူမျှ မနှုတ်မယူရာ' ဟုဆိုသည်။ (လုကာ ၁၀း၃၉–၄၂)

ခရစ်ယာန်အသက်တာ၌ အောင်မြင်သောသူ များစွာတို့နှင့် တွေ့ဆုံရသည့် အခွင့်ထူးကို ကျွန်ုပ်ရသည်။ သူတို့က ကျွန်ုပ်ကို ပြောပါသည်။ 'ကျွန်ုပ်တို့မှာ ပရိသတ်အများကြီးရှိတယ်။ အဖက်ဖက်မှာ တိုးပွားနေတယ်။ ဒါပေမယ့် ကျွန်ုပ်တို့အတွက် ဘယ်လိုမှအဓိပ္ပါယ် မရှိဘူး။ ကျွန်ုပ်တို့ တကယ် စိတ်ဝင်စားတာကတော့ ဘုရားသခင်နဲ့ တွေ့ဆုံဖို့ပဲ။ ခရစ်တော်ကိုသာ ကောင်းစွာ သိရမယ့်နည်းလမ်းဆိုရင် ဤအရာတွေအားလုံးကနေ ထွက်သွားနိုင်တယ်။' ဤသဘောထား ကျွန်ုပ်တို့ စိတ်နှလုံးထဲ၌ ရှိရမည်။ အဘယ်ကြောင့်ဆိုသော် အသက်တာမှာ အရာခပ်သိမ်းကို ဆုံးရှုံးနိုင်လို့ ဖြစ်သည်။ သို့ပေသော်လည်း အရာအားလုံး ကျွန်ုပ်တို့အတွက် ဘယ်လိုမှ အဓိပ္ပါယ် မရှိဘူးဆိုရင် ကျွန်ုပ်တို့ ဘာမျှ မဆုံးရှုံးပါ။

ယေရှုက ကမ္ဘာ မြေကြီးနှင့်ဆိုင်သော မည်သည့်အရာထူးကိုမျှ အမိအရ မကိုင်ဆွဲထားပါ။ ပေါလုက ''ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့၌ လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သော အမှုကို လုယူခြင်းအမှု ဟူ၍ မထင်မမှတ်လျက်ပင်၊'' ဖိလိပ္ပိ ၂း ၅–၆ ဟု ဆိုပါသည်။ ရာထူးကို အမိအရ မဆုပ်ကိုင်ပါနှင့်။ ဘာမျှ မဟုတ်ပါဘူး။ မပျောက်ဆုံးနိုင်သော အရာများသည် ကျွန်ုပ်တို့၏ လောင်ကျွမ်းနေသောလိုအင်ဆန္ဒနှင့် ပန်းတိုင် ဖြစ်ရမည်။ အရာခပ်သိမ်း ရှိနေသယောင်နှင့် အရေးကြီးဆုံးသောအရာ – ခရစ်တော်ကိုယ်တိုင် – မရှိဘဲ ဖြစ်နေမယ်နော်။

## ၁၂။ တောင်ပေါ်တွင် ဒုတိယအကြိမ် နေ့ည ၄၀ နေခြင်း

မောရှေသည် ဘုရားသခင်နှင့်အတူ တောင်ပေါ်တွင် ဒုတိယအကြိမ် ရက်ပေါင်း ၄၀ နေခဲ့သည်။ (ထွက် ၃၄း၂၈ နှင့် ၂၄း၁၂–၁၈) အခန်း ၃၄း၆ တွင် ကိုယ်တော်သည် မောရှေထံ မိမိကိုယ်ကို ပုံဖော်ပြခဲ့သည်။ ထိုဖော်ပြချက်တွင် ဘုရားသခင်က မိမိကို လူတို့သိစေလိုသောအချက်ငါးချက်ကို ပြသနေသည်။

၁။ ဘုရားသခင်သည် သနားတတ်သည်

၂။ ဘုရားသခင်သည် ကျေးဇူးပြုတတ်သည်

၃။ ဘုရားသခင်သည် စိတ်ရှည်သည်။

၄။ ဘုရားသခင်သည် ကောင်းမြတ်ခြင်း၌ ကြွယ်ဝသည်

၅။ ဘုရားသခင်သည် သမ္မာတရား၌ ကြွယ်ဝသည်။

ငါးခုတို့သည် ဘုရားသခင်၏အရေးကြီးဆုံးသော သဘောသဘာဝ ဂုဏ်ဒြပ် တို့ ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင်နှင့် လျှောက်လှမ်းသည့်အခါ ဤကဏ္ဍ ငါးခုကို အဓိက ထားရမည်။ ပထမဦးဆုံး ဘုရားသခင်သိစေချင်တာက သူသည် သနားကြင်နာသော ဘုရားဖြစ်ကြောင်းဖြစ်သည်။ ပထမဆုံး ဘုရားသခင်သည် သူ့သနားတတ် ကြောင်းကို သိစေလိုသည်။ ဘုရင်များကသာ ရာဇဝတ်သားကို လွှတ်ပေးလျက် သနားခြင်းပြသနိုင်သည်။ မောရှေတဲတော်တွင် ဘုရားသခင်အား အမြင့်ဆုံး ဖွင့်ပြချက်မှာ ဂရုဏာပလ္လင်ဖြစ်ပြီး၊ ပဋိညာဉ်သေတ္တာတော်ပေါ်မှာရှိသည်။ ထိုအရပ်၌ ငါသည် သင်နှင့် တွေ့၍၊ သက်သေခံချက်ထားသောသေတ္တာဖုံးပေါ်၊ ခေရုဗိမ် နှစ်ပါးစပ်ကြားမှာ သင်နှင့် နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးတို့၌ ဆင့်ဆိုသမျှတို့ကို စီရင်မည် (ထွက် ၂၅း၂၂)။

ကောင်းမြတ်ခြင်းဆိုသည်မှာ မကောင်းမှု မလုပ်နိုင်ခြင်းဖြစ်သည်။ တစ်ခါက ဘုရားသခင်သည် ကျွန်ုပ်အား ''ငါ့ကို တို့ထိပါ။ ငါဟာ လုံးဝကောင်းမြတ်တယ်။ မကောင်းတာကို မလုပ်နိုင်ဘူး'' ဟု ပြောသည်။ ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ (ယော ၁၄း၆)။ ဘုရားသည် သနားခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းရှိပြီး၊ ကောင်းမြတ်ခြင်းနှင့် သစ္စာတော် ကြွယ်ဝသည်။ ကျွန်ုပ်သည်လည်း ထို ငါးချက်ကို အဓိကထား ဦးစားပေးရှိစေမည်။

## ၁၃။ တဲတော်ကို ဆောက်လုပ်ခြင်း

မောရှေသည် တဲတော်ဆောက်လုပ်ခြင်းကိုထွက်မြောက်ရာကျမ်း ၃၆ တွင် အစပြုပြီး အခန်းကြီး ၄၀ တွင် ပြီးဆုံးသည်။ (ထွက်၊ ၄၀း၂၊ ၃၃) တဲတော်အတိုင်းအတာအသေးစိတ်ကို ထွက်၊ ၂၅း၈ တွင် အစပြုသော်လည်း ရွှေနွားသူငယ်ရုပ်အဖြစ်အပျက်နှင့် မောရှေ၏ကြားနေဆုတောင်းခြင်း (အခန်းကြီး ၃၂–၃၄)တို့အားဖြင့် နှောင့်ယှက်ခံ ရသည်။ တဲတော်စင်စစ်ကဘာလဲ။ ဘုရားသခင်ကျိန်းဝပ်ရန် တဲ (သို့) သန့်ရှင်းရာ နေရာဖြစ်သည်။ အသင်းတော်ကိုလည်း ကိုယ်စားပြုသည်။

သိနာတောမှာ စခန်းချနေစဉ်တွင် ပွဲတော်များနှင့် ယဇ်ပူဇော်ခြင်းများ အတွက် မိန့်မှာ ပြဋ္ဌာန်းချက်များကို ပေးခဲ့သလို ယဇ်ပုရောဟိတ်နှင့် စပ်ဆိုင်သော စည်းမျဉ်းများကိုလည်း မောရှေအားပေးခဲ့သည်။ ထွက်မြောက်ရာကျမ်း ၂၅း

၈ တွင် ဖော်ပြသည့်အတိုင်း တဲတော်သည် ဘုရားသခင်၏ သန့်ရှင်းရာနေရာ ဖြစ်သည်။ 'ငါသည် သင်တို့တွင် ကျိန်းဝပ်ရာတို့ သန့်ရှင်းရာဌါနကို လုပ်ကြစေ။'

ဤသရေလတို့၏ ခရီးစဉ် ခြေလှမ်းများကို မြို့ကြည့်ခြင်းသည် ကျွန်ုပ်တို့ အတွက် အကူအညီ ဖြစ်ပေမည်။ မောရှေသည် ပရိသတ်ကို အဲဂုတ္တု ပြည်မှ ခေါ်ထုတ်ခဲ့သည်။ ဝိညာဉ်ရေးရာအားဖြင့် ကယ်တင်ခြင်းအတွေ့အကြုံကို ကိုယ်စားပြုသည်။ ထို့နောက် ပင်လယ်နီမှတစ်ဆင့် ခေါ်ဆောင်သွားသည်။ ယင်းသည် ရေနှစ်ခြင်းကို ပုံဆောင်သည်။ ထိုမှနေ၍သိနာတောင်သို့ ခေါ်ဆောင် သွားသည်။ သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်းကို ဆိုလိုသည်။ ထို့နောက် အဓိကကျသောဖြစ်ရပ်သည် အသင်းတော်ကို တည်ဆောက်ခြင်းကို ကိုယ်စားပြုသော တဲတော်ဆောက်လုပ်ခြင်းဖြစ်သည်။

အသင်းတော် ပရိသတ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်းကို ခံရသည်။ ဘုရားသခင်၏ဝိညာဉ်တော် စီးယိုသည့်အချိန်သည် အသင်းတော် တည်ဆောက်ရန် အချိန်ဖြစ်သည်။ ဝိညာဉ်တော်သည် ထိုအရပ်၌ ရှိနေသော ကြောင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများအတွက် စောင့်ဆိုင်းပါ။ ဆောက်လုပ်ရန် ငွေကြေးများလည်း စီးဆင်းလာလိမ့်မည်။ ဘုရားသခင်က အတည်တကျတည်ဆောက်သည့်အထိ သေးငယ်သောအဆောက်အဦး အမျိုးမျိုးနှင့် နေအိမ်အုပ်စုငယ် ပုံစံ အနေအထားလေးတွေမှာလည်း ကျွန်ုပ်တို့ စခန်းချရမည်။

### ၁၄။ အာရုန်ကို ယဇ်ပုရောဟိတ်မင်းအဖြစ်ဆက်ကပ်ခြင်း

ဝတ်ပြုရာကျမ်းတွင် ဣသရေလလူမျိုးတို့အတွက် ထုံးတမ်း၊ ပညတ်များကို ပေးသည်။ ဝတ် ၈း၆ တွင် အာရုန်နှင့်သားများအား ဆက်ကပ်စေသည်။ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ အာရုန်နှင့် သူ၏သားတို့ကို ခေါ်ခဲ့၍ ရေချိုးပြီးလျှင်၊ မဆက်ကပ်မီတွင် ဝိညာဉ်ပိုင်းကို ဆေးကြောရမည်။ မောရှေက အာရုန်ကို ဘိသိက်ပေးသည်။ လိမ်းရန်ဆီကို အာရုန်ခေါင်း ပေါ်မှာလောင်း၍ သူ့ကိုသန့်ရှင်းစေခြင်းငှါ လိမ်းလေ၏ (ဝတ် ၈း၁၂)။ ဝိညာဉ်တော်ဘိသိက်ခြင်းက ကျွန်ုပ်တို့ကို သန့်ရှင်းစေ၍ အမှုတော်အတွက် ဆက်ကပ်ပေးသည်။

မောရှေ၏ ဂရုဏာတရား ရှိခြင်းကို ခေတ္တ ခဏ စဉ်းစားပါ။ အာရုန်သည် ဣသရေလ လူတို့အား ရုပ်တု ကိုးကွယ်ခြင်းနှင့် စပ်ဆိုင်သောအရာကို နွားသူငယ် ရုပ်အားဖြင့် မိတ်ဆက်ပေးသူဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားရုံမျှသာ

စဉ်းစားပါ။ ဘုရားသခင်အတွက် စိတ်နှလုံးအကြွင်းမဲ့ဖြစ်သော မောရှေသည် တောင်ပေါ်မှာ ဘုရားသခင်ထံမှ ဗျာဒိတ်တော်ကို ခံယူနေသည်။ မောရှေ တောင်ပေါ်မှာ ရှိနေစဉ် သူ့အစ်ကိုအရင်း သူ၏လက်ထောက်သင်းအုပ် သည် ကွာသရေလလူတို့ကို ရုပ်တုကိုးကွယ်ခြင်းထဲသို့ ဦးဆောင်နေသည်။ အာရုန်ကို ယဇ်ပုရောဟိတ်အကြီးအကဲအဖြစ် ခန့်ထားရခြင်းသည် ဘုရားသခင်၏ ကရုဏာနှင့် မောရှေ၏ ကရုဏာ မည်မျှကြီးမားကြောင်း ဖော်ပြနေသည်။

ဘုရားသခင်သည် ဆိုးဝါးစွာ အပြစ်ပြုမိသောသူလည်း အမှုတော်မြတ်ကို ပြန်လည်ပြုပြင်ခြင်းနှင့် ပြီးမြောက်ခြင်းငှါလည်း တတ်နိုင်သည်။ ကျွန်ုပ် အလေးအနက်ထားလိုသောအချက်သို့ ဦးတည်နေသည်။ ကျွန်ုပ်တို့ကို ကျော်ခိုင်းသွားသော လက်ထောက်သင်းအုပ် ရှိပေမည်။ သို့သော် ဘုရားသခင် က 'သူ့ကို ပြန်လက်ခံပါ။ သင်ခန်းစာ ကောင်းကောင်းရနေပြီ။ သူအမှန်တကယ် နောင်တရပြီ။' ဟု ပြောပါသည်။ သူ့ကို ပြန်လက်ခံ နိုင်ခြင်းသည် ကြီးမြတ်သော ခေါင်းဆောင်၏ အမှတ်အသား တစ်ခုဖြစ်သည်။ အရေးကြီးသော အကြောင်း ကိစ္စကတော့ ထိပ်ဆုံးမှာ ရောက်နေသောသူသည် ရှုံးနိမ့်သောသူကို မဖျက်ဆီး ပါ။ ဤတွင် မောရှေ၏ ကြီးမြတ်ခြင်းကို တွေ့ရသည်။

## ၁၅။ လူတို့ကို ရေတွက်ခြင်း

ထွက်မြောက်ရာကျမ်း ၄၀ တွင် မောရှေ၏ တဲတော်ကို တည်ဆောက်၍ ပြီးဆုံးကြောင်း တွေ့ခဲ့ပြီ။ ဝတ်ပြုရာကျမ်းတွင် ပွဲတော်များနှင့် ယဇ်ပူဇော်ခြင်း များကို ပြုစုတည်ထောင်သည်။ အာရုန်နှင့် သူ၏သားများကိုလည်း ယဇ်ပုရော ဟိတ် အရိုက်အရာအတွက် ဆက်ကပ်သည်။ မျိုးနွယ်စုတို့ကို သန်းခေါင်စာရင်း ကောက်ယူခြင်းကို သင်ပေးသော တောလည်ရာကျမ်းကို ယခု ရောက်လာပါပြီ။ ထို့နောက် တပ်စခန်းကို ဘုရားသခင်အားဖြင့် ဖွဲ့စည်းပြီး မျိုးနွယ်စုတစ်ခုစီသည် လွယ်ကူချောမောစွာ စနစ်တကျ ဂတိတော်မြေသို့ ချီတက်ရွေ့လျားနိုင်ခြင်းငှါ သူ့နေရာနှင့်သူရှိကြသည် (တောလည် ၂)။ လေဝိ အနွယ်သာလျှင် တဲတော်နှင့်စပ်ဆိုင်သောအမှုတော်ဆောင်ခြင်းငှါ ကျန်သော ကွာသရေလအနွယ်တို့မှ သီးသန့်ထားသည်။ (တောလည် ၁း၄၇–၅၄)

## ၁၆။ ပသခါပွဲကို စောင့်ရှောက်ခြင်း

ကွာသရေလလူမျိုးတို့ ပသခါပွဲကို ကျင်းပကြသည် (တော ၉) အီဂျစ်ပြည်မှ ထွက်သည်မှာ တစ်နှစ်ကြာ သွားပြီ။ ယခုသိနာတောင်၌ ရောက်သည်မှာ ၁၀–

လ ရှိပြီ (တော ၉း၁–၁၄) ခါနန်ပြည်နယ်စပ် ကာဒေရှဗာနာသို့ ဦးတည်ရန် ပြင်ဆင်ထားသည်။

**၁၇။ ဟောဗဗ်ကို အကူအညီတောင်းခြင်း**

တော ၁၀း၁၁–၁၃ တွင် ဣသရေလလူတို့ သိနာတောင်မှ ခါနန်ပြည်ဆီသို့ သွားကြသည်။ ဒုတိယနှစ်၊ ဒုတိယလရက် နှစ်ဆယ်မြောက်သောနေ့ရက်၌၊ မိုးတိမ်သည် သက်သေခံချက်တဲတော်မှကွာ မြောက်သည်ဖြစ်၍၊ ဣသရေလ အမျိုးတို့သည် သိနာတောင်မှခရီးသွားကြ၏။ နောက်တစ်ဖန် မိုးတိမ်သည် ပါရန်တော၌ တည်နေ၏။ ထိုသို့ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်တော်မူသည်အတိုင်း၊ ပထမခရီးသွားခြင်းကို ပြုကြ၏ (တော ၁၀း၁၁–၁၃)။ ဒုတိယနှင့် ဒုတိယလတွင် သိနာတောင်မှ ထွက်လာကြသည်။ ထို့ကြောင့် သိနာတောင်တွင် ၁၁ လခန့်နေကြသည်။

ဘုရားသခင်ကို ရင်းနှီးစွာ သိကျွမ်းသောမောရှေသည် ကဏ္ဍာ အသီးသီး တွင် ကျွမ်းကျင်သူများ၏ အကူအညီကို ယူသည်။ ဤနေရာတွင် မောရှေ၏ နှိမ့်ချသောစိတ်ထားကိုတွေ့ရသည်။ ဘုရားနှင့် မျက်နှာချင်းဆိုင် တွေ့သော ကြောင့် မည်သူ့အကူအညီမှ မလိုဟု သဘောမထားဘဲ နှိမ့်ချကြောင်းကို ပြသသည်။ နှိမ်ချမှုသာ သူတစ်ပါးကို မှီခိုနိုင်သည်။

လူတစ်ယောက်က အရာခပ်သိမ်းကို သိရန် မဖြစ်နိုင်ပါ။ အိုင်ဇက် နယူတန် သည် ၁၇ ရာစုတွင် နေထိုင်ခဲ့ပြီး အရာခပ်သိမ်းအကြောင်းအနည်းငယ်စီ သိသူဖြစ်သည်။ ထိုကာလတွင် အသိပညာကို အကန့်အသတ်နှင့်သာ ပေးထားသည်။ ယနေ့တွင် ထိုသို့ မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် အမှုတော် ဆောင်များသည် လက်မှုပညာသည်နှင့် နည်းပညာရှင်များ အပါအဝင် ကဏ္ဍာ အသီးသီးမှာ ကျွမ်းကျင်သူများကို တောင်းခံ ရမည်။

မည်သို့ဆိုစေ၊ ထိုအရာသည် ယနေ့မဖြစ်နိုင်တော့ပါ။ ကျွန်ုပ်တို့၌ အသင်းတော်ရှိသည့်အခါ ကျွန်ုပ်တို့လိုအပ်သော အထူးကျွမ်းကျင်သူများကို ပေးရန် ဘုရားသခင်ထံ ဆုတောင်းဖို့ လိုအပ်သည်။ လက်မှုပညာရှင်များ၊ အသံပိုင်းဆိုင်ရာ နည်းပညာရှင်များအပါအဝင်၊ ကျွန်ုပ်တို့ လိုအပ်သမျှကို ဘုရားသခင် ဖြည့်ဆည်းပေးနိုင်သည်။

တကယ်ကြီးမြတ်သော ပုဂ္ဂိုလ် မောရှေသည် တောလမ်းအကြောင်းကို သူ့ထက်သာ၍ သိသော Hobab အား သူ၏ မျက်စိအဖြစ် အမှီပြုရသည်။ မောရှေ၏ စိတ်သဘောထားများ အပေါ် အလေးအနက်စဉ်းစားဆင်ခြင်ကြပါစို့။

# အခန်း ၇

## သိနာတောင်မှ ကာဒေရှဗာသို့

### ၁။ ဘုရားသခင်၏ မီးက ညည်းတွားသူများကို ကျွမ်းလောင်ခြင်း

ဣသရေလလူမျိုးတို့သည် ဘုရားသခင် လုပ်ဆောင်ပေးသောအရာကို မေ့၍ ညည်းတွားကြပြန်သည်။ ထို့ကြောင့် ကိုယ်တော်က မီးနှင့် လောင်ကျွမ်းစေသည်။ တစ်ဖန် လူများတို့သည် အလိုတော်မရှိသော မြည်တမ်းခြင်းကို ပြုကြသဖြင့်၊ ထာဝရဘုရားသည် သူတို့စကားကိုကြား၍ အမျက်ထွက်တော်မူ၏။ ရှို့တော်မူသောမီးသည် သူတို့တွင်လောင်၍၊ တပ်အစွန်၌ရှိသောသူအချို့တို့ကို သေစေလေ၏။ လူများတို့သည် မောရှေအား အော်ဟစ်၍၊ မောရှေသည် ထာဝရဘုရားကို ဆုတောင်းသဖြင့် မီးငြိမ်းလေ၏။ ထာဝရဘုရား၏ မီးသည် သူတို့တွင် လောင်သောကြောင့်၊ ထိုအရပ်ကို တဗေရ ဟူသောအမည်ဖြင့် မှည့်လေ၏ (တောလည် ၁၁း၁–၃)။

### ၂။ ရောနှောသော လူစုက အသားကို တပ်မက်ခြင်း

တောလည် ၁၁း၄–၆ တွင်လည်း နောက်ထပ်ပြဿနာတစ်ခုကို တွေ့ရသည်။ ရောနှောသောလူစုသည် မန္နနှင့် မကျေနပ်ဘဲ အသားကို တပ်မက်ကြသည်။ ဣသရေလအမျိုးတို့နှင့် ရောနှောလျက်ပါသော တစ်ပါးအမျိုးတို့သည် တောင့်တသော စိတ်စွဲလမ်းကြ၏။ ဣသရေလ အမျိုးတို့သည်လည်း တစ်ဖန်ငိုကြွေးလျက် ငါတို့စားစရာဖို့ အမဲသားကို အဘယ်သူပေးလိမ့်မည်နည်း။ အဲဂုတ္တုပြည်၌ စိတ်ကြိုက်စားရသောငါးသား၊ သခွားသီး၊ ဖရဲသီး၊ ကြက်သွန်နီ၊ ဖြူ၊ အရိုင်းအမျိုးမျိုးတို့ကို အောက်မေ့၏။ ယခုမှာငါတို့အသက်သည် အားလျော့ပြီ။ ဤမန္နမှ တစ်ပါးတစ်စုံတစ်ခုကိုမျှ မမြင်ရဟုဆိုကြ၏ (တော ၁၁း၄–၆)။ ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား စားစရာပေးသော်လည်း သူတို့သည် အီဂျစ်ပြည်တွင် စားနေကျသခွားသီး၊ ဖရဲသီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် အသားကို တောင့်တကြသည်။

အင်္ဂလိပ်အစားအစာသည် အလွန်ပင် ရိုးရှင်းလှ၏။ သင်သည်

အဆီအနှစ်များသော အစာကိုနှစ်သက်သည်ဆိုလျှင် အင်္ဂလန်နိုင်ငံအတွက် ဘုရားသခင်၏ ခွဲခန့်ခြင်းခံရလိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်သည်။ ပြင်သစ် အစားအစာမှာမူ ထူးကဲကောင်းမွန်လှ၏။

လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်က ကျွန်ုပ် အင်္ဂလန်နိုင်ငံမှ ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ အင်္ဂလိပ်လူမျိုး တစ်ယောက်အနေနှင့် ကျွန်ုပ် အသားကျနေသောအစားအစာမှာ ရိုးစင်းသောအစားအစာဖြစ်သည်။ ရုတ်ချည်းဆိုသလို ကျွန်ုပ်ရှေ့၌ ယခင်က တစ်ခါမျှ မစားဘူးခဲ့သော အဆီအနှစ် ပြည့်ဝသည့် အစားအစာရောက်ရှိလာသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်၏ တောင့်တမှုမှာ အော်ဟစ်သည့် အစာမှာ ဘယ်အရာဖြစ်သည်ဟု သင်ထင် ပါသနည်း။ အင်္ဂလိပ် သီးစုံကိတ်မုန့်ပင်ဖြစ် သည်။ ထိုခံစားမှုမှာ ဆိုးရွားလှ၏။ ကျွန်ုပ်မှာ သီးစုံကိတ် စားချင်သောဆန္ဒအား အောင်မြင်ရန် ကြိုးစား နေခဲ့ရ သည်။ လွတ်မြောက်ခြင်းသည် အင်္ဂလိပ်သာသနာပြု အမျိုးသမီး တစ်ဦး အနေနှင့် ကျွန်ုပ်ထံရောက်ရှိလာခဲ့သည်။ သူမက ''ရှင်ဘာလိုအပ်နေသလဲ ကျွန်မသိတယ်။ ၄ နာရီ လက်ဖက်ရည် သောက်ချိန်လာနိုင်မလား။''ဟု ပြောဆိုဖိတ်ကြားခဲ့သည်။ ကျွန်ုပ်ရောက်သွားသောအခါ သူမက 'ရှင်ဘာ စားချင်နေသလဲ ကျွန်မသိတယ်' ဟုဆို၍ နံရံကပ်စင်ပေါ်မှ နှစ်သက်ဖွယ်ရာ အင်္ဂလိပ်သီးစုံကိတ်မုန့်ကို ချကျွေးခဲ့လေသည်။ ထိုအဖြစ်အပျက်ကို နယူးဇီလန် နိုင်ငံ၌ တစ်ခါပြန်ပြောခဲ့ရာ နောက်တစ်ကြိမ် ဝတ်ပြုအစီအစဉ်၌ ကျွန်ုပ်ရှေ့တွင် သီးစုံကိတ်မုန့်ဆယ့်တစ်ခု ရောက်ရှိလာခဲ့၏။ ယခုအခါဆိုလျှင် ကျွန်ုပ်ထိုနေရာသို့ ပြန်သွားတိုင်း သီးစုံကိတ်မုန့် အမြဲရှိနေပြီဖြစ်သည်။ ကျွန်ုပ်ဝေငှသော ဒေသနာတိုင်း ထိုကဲ့သို့ပင်ဝိညာဉ် အသီးသီးရန် ကျွန်ုပ်ဆန္ဒ ရှိလှသည်။

ရေခြားမြေခြားနိုင်ငံများ၌ ကျွန်ုပ်တို့လုပ်သော သင်တန်း၊ ဟောပြောပွဲများတွင် လူတိုင်းအတွက် အစားအစာ လုံလုံလောက်လောက် ပြင်ဆင်ပေးထားလေ့ရှိသည်။ မည်သို့ပင်ဆိုစေ တစ်ချို့သောနိုင်ငံများတွင် ထမင်းမပါဘဲ အသားနှင့် အသီးအရွက်များကိုသာ ပြင်ဆင်ပေးသောအခါများ တွင် ထိုနိုင်ငံမှ လူများအနေဖြင့် အစာစားပြီးသည်ဟူ၍ပင် မခံစားရပေ။ အစားအစာ တောင့်တမှုလိုအင်သည် နေရာတိုင်းတွင်တွေ့ရသော ပြဿနာ တစ်ခုဖြစ်သည်။

ကျွန်ုပ်၏ကျောင်းသားဟောင်းတစ်ယောက် Cameroons နိုင်ငံ၌ ထိုပြဿနာနှင့် ကြုံခဲ့သည်။ သူသည် သင်းအုပ်ဆရာ တစ်ယောက်အား အသင်းတော်တစ်ခုမှ အခြားတစ်ခုသို့ပြောင်းရွှေ့စေချင်ခဲ့သည်။ သို့သော် ထိုသင်းအုပ်ဆရာမှ ''Massa ကျွန်တော်မသွားနိုင်ဘူး။ အဲဒီမှာ သူတို့က

ကျွန်တော် ချက်သလို ချက်ပြုတ်ကြတာ မဟုတ်ဘူး'' ဟု ပြောခဲ့သည်။ ကျွန်ုပ်တို့ရှေ့၌ ချထားသော အစားအစာကို စားနိုင်ရန်အတွက် ကျွန်ုပ်တို့၏ အစားအစာ တောင့်တမှု လိုအင်ဆန္ဒများကို အောင်မြင်ရန် လိုအပ်သည်။ (၁ကော ၁၀း၂၇) ထိုနည်းဖြင့် သာလျှင် ကျွန်ုပ်တို့၏ ရေမြေခြားတိုင်းပြည်များ၌ လုပ်ဆောင်သော သာသနာပြုလုပ်ငန်းများ အောင်မြင်နိုင်ပေလိမ့်မည်။ အာဖရိကန် သာသနာပြုဆရာ ဖြစ်သော ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် ကိုးလတိုင်တိုင် ထမင်းကိုသာ စားခဲ့သည်။

မောရှေသည် ဣသရေလလူမျိုးတို့၏ အဆက်မပြတ်အပြစ်တင် ညည်းတွားခြင်းကို ကြုံရသည်။ ''ငါ ခံနိုင်ပါ့မလားမသိဘူး။ လူတွေက အမြဲ အပြစ်တင်လို့ စင်ပေါ်မတက်ချင်တော့ဘူး။ ဘာပဲလုပ်လုပ် သူတို့ မကျေနပ်ကြဘူး။ နောက်တစ်ရက် ထပ်ခံနိုင်ပါ့မလားမသိဘူး'' ဟု သင်းအုပ်များ ပြောတတ်ကြသည်။ မောရှေလည်းအလားတူ ကြုံရသောအခါ ဘုရားသခင်ထံ တင်ပြခဲ့သည်။

### ၃။ ထာဝရဘုရားထံအော်ဟစ်ခြင်း

''ထိုအခါလူများအသီးသီးတို့သည် မိမိတဲတံလး၌ မိမိအိမ်ထောင်နှင့် တကွ ငိုကြွေးကြသည်ကို မောရှေကြားရ၏။ ထာဝရဘုရားသည် ပြင်းစွာ အမျက်ထွက်တော်မူ၏။ အပြစ်ရှိသည်ကို မောရှေသိမြင်လျှင်၊– ဤလူအပေါင်း တို့ကို ထမ်းစေဟု သူ ဝန်ကို ကိုယ်တော်၏ ကျွန်အပေါ်မှာတင်၍ အဘယ် ကြောင့် အကျွန်ုပ်ကို ညှဉ်းဆဲတော်မူပါသနည်း။ အဘယ်ကြောင့် ရှေ့တော်၌ မျက်နှာ မရဘဲနေရပါသနည်း။ သူတို့ဘိုးဘေးများ၌ ကျိန်ဆိုတော်မူသောပြည်သို့ သွား၍ အထိန်းသည် နို့စို့သူငယ်ကို ဆောင်သကဲ့သို့၊ ဤလူတို့ကို ပိုက်ချီလျက် ဆောင်လော့ဟု အကျွန်ုပ်အား မိန့်တော်မူမည်အကြောင်း၊ ဤလူအပေါင်းတို့ကို အကျွန်ုပ်သည် ကိုယ်ဝန်ဆောင်ပါသလော။ ဖွားမြင်ပါသလော'' (တော ၁၁း၁၁–၁၂)။ မောရှေခက်ခဲသောနေရာတွင် ရောက်နေသည်။ လူတို့ ပြစ်တင် မြည်တမ်းနေကြပြီး ဘုရားသခင်လည်း သူတို့ကို စိတ်ဆိုးနေသည်။ ခေါင်းဆောင် မောရှေသည် ပြဿနာအလယ်မှာ ရှိသည်။ သူ့အတွက် ကြီးမားသောဝန်ထုပ် ဖြစ်သည်။

နှစ်ပေါင်းများစွာက ပြဿနာအလယ်တွင် ကိုယ်တော်သည် ကြိတ်ဆုံ ကျောက်နှစ်ခုကို ရုပ်ပုံဖြင့် ပြသည်။ တစ်ခုသည် တစ်ဖက်သို့ ဦးတည်နေပြီး ကျန်တစ်ခုသည် ဆန့်ကျင်ဖက်သို့ ဦးတည်နေသဖြင့် တိုက်မိတော့မှာ

သေချာသည်။ ကိုယ်တော်က သူသည် နာရီလက်တံအတိုင်း သွားနေပြီး ထိုင်နေရာမှ လူများသည် နာရီလက်တံပြောင်းပြန်သွားနေကြသည်ဟု ဆိုသည်။ ထို့ကြောင့် ကြိတ်ဆုံကျောက်နှစ်ခုအကြားတွင် သံလွင်သီးကလေး ကျိုးပဲ့သွားသည်ကို တွေ့ရသည်။ ကိုယ်တော်က ကျွန်ုပ်သည် ထိုသံလွင်သီးဖြစ်ပြီး ဖိချေခံရမှုဆီဆိုသော ဝိညာဉ်တော် ဘိသိတ်ခြင်း ထွက်လာသည်ဟု ဆိုသည်။ (ယာကုပ် ၅း၁၄) အဓိကသော့ချက်မှာ ဘိသိတ်ခြင်း စီးဆင်းစေရန်အတွက် ကျိုးပဲ့ရမည်။ ၂ကော ၁း၈ တွင် ပေါလုပြောသလို ဖိနှိပ်ခံရမည်။

## နို့တိုက်သောဖခင်၊ မိခင်များ

မောရှေက တော ၁၁း၁၂-၁၃ တွင်ပြောသည်မှာ သူတို့ဘိုးဘေးများ၌ ကျိန်ဆိုတော်မူသောပြည်သို့ သွားရာတွင်၊ အထိန်းသည် နို့စို့သူငယ်ကို ဆောင်သကဲ့သို့၊ ဤလူတို့ကို ရင်ခွင်၌ ပိုက်ချီဖို့ အကျွန်ုပ်အား မိန့်တော်မူမည် အကြောင်း၊ ဤလူအပေါင်းတို့ကို အကျွန်ုပ်သည် ကိုယ်ဝန်ဆောင်ပါသလော။ ဖွားမြင်ပါသလော။ ဤလူအပေါင်းတို့အား ကျွေးစရာဖို့ အမဲသားကို အကျွန်ုပ်သည် ဘယ်မှာ ရနိုင်ပါအံ့နည်း။ သူတို့က အကျွန်ုပ်တို့စားစရာဖို့ အမဲသားကို ပေးပါဟု ငိုကြွေးလျက် အကျွန်ုပ်ကို တောင်းကြပါ၏။ ဘုရားသခင်သည် အသင်းတော်တွင် နို့တိုက်ပြုစုသော ဖခင်၊ မိခင်များကို လိုအပ်သည်။ ရှင်ဘုရင်တို့သည် သင့်ကို ကျွေးမွေးစောင့်ရှောက်သော သင်၏ဘထွေး၊ မိဖုရားတို့သည် သင့်ကို မွေးစားသောအမိဖြစ်လိမ့်မည်။ သင့်ရှေ့မှာ ဦးညွှတ်ပြပ်ဝပ်၍ သင်၏ မြေမှုန့်ကို လျက်ကြလိမ့်မည်။ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကိုငင်း၊ ငါ့ကို မျှော်လင့်သောသူတို့သည် ရှက်ကြောက်ခြင်း မရှိကြောင်းကိုငင်း သင်သိလိမ့်မည် (ဟေရှာ ၄၉း၂၃)။

ကျွန်ုပ်အား ဘုရားသခင်သည် ကလေးငယ်များစွာကို ရူပါရုံဖြင့် ပြလျက် ပြောသည်မှာ ''လာမည့်နိုးထမှုတွင် လူများစွာ နိုင်ငံတော်ထဲသို့ မွေးဖွားလာကြလိမ့်မည်။ သူတို့ကို စောင့်ရှောက်မည်။ နို့တိုက်ဖခင်၊ မိခင်များကို ငါ လိုအပ်သည်။'' ကလေးများသည် များစွာ ဂရုစိုက်ရန် လိုသည်။ သဘာဝမှာ လိုပင် ဝိညာဉ်ပိုင်းမှာလည်းဖြစ်သည်။ (၁ကော ၁၅း၄၆) လေးငါးနှစ်သား ကလေး (သို့မဟုတ်) ဆယ်နှစ်၊ အနှစ်နှစ်ဆယ် လူငယ်တို့ထံ၌သာ ရရှိနိုင်သောအရာကို မွေးကင်းစ ကလေးထံမှ ကျွန်ုပ်တို့မျှော်လင့်၍မရနိုင်ပေ။ နိုးထမှုလှိုင်း အသစ်တစ်ခုရောက်ရှိလာနေပြီဖြစ်သည်။ ဘုရားသခင်မှ ' သင်တို့သည် များစွာသော မွေးကင်းစ ကလေးများအတွက် ပြုစုစောင့်ရှောက်

တတ်သော နို့တိုက်ဖခင်၊ မိခင်များကို ပြင်ဆင်ထားရမည်' ဟုပြောနေသည်။ သူတို့အတွက် ကျွန်ုပ်တို့ ဂရုပြုစောင့်ရှောက်ရမည်ဖြစ်ကြောင်း သတိပြုမှတ်သားရမည် ဖြစ်သည်။

**ဤလူတို့ကို ကျွန်ုပ် တစ်ယောက်တည်း မထမ်းနိုင်ပါ**

ဤလူအပေါင်းတို့ကို အကျွန်ုပ် တစ်ယောက်တည်း မဆောင်ရွက်နိုင်ပါ။ ဆောင်ရွက်ရသောဝန်လည်း လေးလွန်းပါ၏။ ထိုသို့ အကျွန်ုပ်၌ ပြုတော်မူလျှင် ၄င်း၊ စိတ်တွေ့တော်မူလျှင်၄င်း၊ အကျွန်ုပ်ကို အလျင်အမြန်သေစေတော်မူပါ။ ကိုယ်ဆင်းရဲကို ကိုယ်မသိမြင်ပါစေနှင့်ဟု ထာဝရဘုရားအား လျှောက်ဆို၏ (တော ၁၁း၁၄–၁၅)။ မောရှေသည် လူအားလုံးအတွက် ဝန်ထမ်းရ၍ မခံနိုင်သောကြောင့် သူ့အသက်ကို ရုပ်သိမ်းရန်ပင် တောင်းဆိုခဲ့သည်။ ထိုသို့ ပြုလုပ်သော အမှုတော်ဆောင်များစွာကို ကျွန်ုပ်သိပါသည်။ လူများစွာတို့သည် ဖိအားပေးမှုကို မသိဘဲ အလျင်စလို အမှုတော်ထဲဝင်ရောက်ကြပြီး စိတ်ပျက်ပြန်ကြသည်။

ဘုရားသခင်အတွက် တစ်စုံတစ်ခုလုပ်ဆောင်ရန် စိတ်အားထက်သန်သော လူများစွာသည် သူတို့ အမှုတော်ဆောင်နိုင်ရန်အတွက် အသင်းတော်တစ်ခု ပေးပါရန် ဘုရားသခင်အား တောင်းလျှောက်လေ့ရှိကြသည်။ မည်သို့ပင်ဆိုစေ ထိုကဲ့သို့ ခက်ခဲသောအခြေအနေများ သူတို့အား စောင့်ဆိုင်း နေကြောင်း ထိုသူတို့သတိမထားမိကြပေ။ ပဋိပက္ခဖြစ်ခြင်းမှာ အသင်းတော်အတွင်း၌သာ မဟုတ်ဘဲ မြို့ထဲအထိ စီးထွက်ပြန့်နှံ့သွားနိုင်သည်။ ကျွန်ုပ်တို့အား တစ်မြို့လုံးဆန့်ကျင်၍ မကျေနပ်မှုနှင့် ပစ်မှတ်ထားခြင်းကို ခံရနိုင်သည်။

မောရှေ၏အသက်တာသည် ခေါင်းဆောင်အတွက် ပုံစံဖြစ်သည်။ သင့်ကို ခေါင်းဆောင်ဖြစ်ရန် ခေါ်ပါက မောရှေလို ကြုံတွေ့ရမည်။ အသင်းတော်အတွင်း ပြဿနာသာမက ဖြောင့်မတ်ခြင်းအတွက် ရပ်တည်ရန် ဖိအားပေးခြင်းကိုလည်း ခံရသည်။ ကိုယ်တော့်အပေါ် အပြည့်အဝမှီခိုအားကိုးမှသာ အောင်မြင်နိုင်လိမ့်မည်။ ခေါင်းဆောင်ဖြစ်ရန် ခေါ်ခြင်းခံရပါက မောရှေ အသက်တာကို လေ့လာရန်လိုသည်။

**၄။ အသက်ကြီးသူ ခုနစ်ဆယ်ခန့် ထားခြင်း**

ဘုရားသခင်သည်မောရှေအား ခေါင်းဆောင်၏ ဝန်ထုပ်ကို ကိုင်တွယ်ရန် အဖြေကိုပေးသည်။ ထာဝရဘုရားကလည်း၊ သင်ကျွမ်းဝင်သော ဣသရေလ

အမျိုးအသက်ကြီးသူခုနစ်ကျိပ်တို့ကို၊ ငါ့ရှေ့မှာစုဝေးစေပြီးလျှင်၊ ပရိသတ်စည်းဝေးရာ တဲတော်သို့ခေါ်၍ သင်နှင့် အတူရပ်နေကြစေလော့။ ငါသည်လည်း ထိုအရပ်သို့ဆင်းသက်၍ သင်နှင့် နှုတ်ဆက်မည်။ သင့်ပေါ်မှာ ကိန်းဝပ်သော ဝိညာဉ်အချို့ကို ငါယူ၍ သူတို့ပေါ်မှာ တင်မည်။ ဤလူတို့ကို သင်တစ်ယောက်တည်းသာ ဆောင်ရွက်ရမည်မဟုတ်၊ ထိုအသက်ကြီးသူတို့သည် ဝိုင်းညီ၍ ဆောင်ရွက်ရကြမည် (တော ၁၁း၁၆–၁၇)။

ဤနေရာ၌ စိတ်ဝင်စားစရာ သမ္မာတရားတစ်ခုရှိသည်။ လုပ်ဆောင်စရာတစ်ခု (သို့မဟုတ်) အမှုတော်လုပ်ငန်း တစ်ခုကို ပြီးပြည့်စုံစေရန်အတွက် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဘီသိတ်ကို လိုအပ်သည့် ပမာဏအတိုင်း ပေးလေ့ရှိသည်။ ထို့ကြောင့် မောရှေတွင် ထိုလူစုများကို ခေါ်ဆောင်သွားရန် လုံလောက်သော ဘီသိတ်ရှိနေခဲ့သည်။ မည်သို့ ပင်ဆိုစေ မောရှေထံမှ ဝိညာဉ်အချို့ကိုယူ၍ အသက်ကြီးသောသူ (၇၀) အပေါ်သို့ သွန်းလောင်းခဲ့သည်။

ကျွန်ုပ်တို့၌ရှိသော သိုးစုမှာသေးငယ်လျှင် ဘီသိတ်မှာလည်း သေးငယ်နိုင်သည်။ သိုးစုကြီးလာသည်နှင့်အမျှ ထမ်းရွက်ရမည့် တာဝန်လည်း ကြီးမားလာသည့်အတွက် ကျွန်ုပ်တို့ ယူရသည့် တာဝန်နှင့်အမျှ ဘီသိတ် ခံစားရမှုမှာလည်း အပြန်အလှန်အားဖြင့် တိုးပွားလာသည်။

တမန်တော် ရှင်ပေါလုမှ ပြောခဲ့သည်မှာ 'သို့သော်လည်း ခရစ်တော်သည်ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးသီး ကိုယ်စီခံရကြပြီ' (ဖေက် ၄း၇) ထို့ကြောင့် ကျေးဇူးတော် (ဘုရားသခင်၏ တက်စွမ်းစေခြင်း)ကို ကျွန်ုပ်တို့၏ လုပ်ဆောင်ရန်တာဝန်နှင့် လျော်ညီစွာ ပေးအပ်ခြင်းခံရသည်။ ဘုရားသခင်သည် လိုအပ်သည့်အရာကို ပေးတော်မူသော ဘုရားဖြစ်သည်။

### ၅။ အခြားပရောဖက်များအပေါ် မောရှေ၏ ရက်ရောသော စိတ်သဘောထား

ထာဝရဘုရားသည် မိုးတိမ်ဖြင့် ဆင်းသက်၍ မောရှေနှင့် နှုတ်ဆက်တော်မူ၏။ မောရှေပေါ်မှာ ကိန်းဝပ်သော ဝိညာဉ်အချို့ကို ယူ၍ အသက်ကြီးသူ ခုနစ်ကျိပ်တို့ပေါ်မှာ တင်တော်မူသဖြင့်၊ ထိုဝိညာဉ်သည် သူတို့ပေါ်မှာ ကိန်းဝပ်သောအခါ၊ သူတို့သည် ပရောဖက်ပြု၍ မပြတ်မစဲဟောကြ၏ (တော ၁၁း၂၅)။ အသက်ကြီးသူ ၇၀ တို့သည် ပရောဖက်မောရှေအပေါ်မှာရှိသော ဘီသိတ်ခြင်းကို ရရှိသောအခါ သူတို့လည်း ပရောဖက်ပြုကြသည်။

ထိုလူစုဥ္စပါသော လေဒဒ်နှင့် မေဒဒ်တို့သည် စာရင်းဝင်သော်လည်း၊ တဲတော်သို့ မသွားဘဲ တပ်ထဲမှာနေရစ်စဉ်တွင် သူတို့ပေါ်မှာ ထိုဝိညာဉ် ကိန်းဝပ်သဖြင့် သူတို့သည်လည်း ပရောဖက်ပြု၍ တပ်ထဲမှာ ဟောကြ၏။ လုလင်တစ်ယောက်သည်လည်း မောရှေထံသို့ပြေး၍၊ လေဒဒ်နှင့် မေဒဒ်တို့သည် တပ်ထဲမှာ ပရောဖက်ပြု၍ ဟောပါ၏ဟု လျှောက်လျှင်၊ မောရှေ၏ လက်ထောက်ဖြစ်သော လုလင်နုန်၏ သားယောရှုက၊ သခင်မောရှေ၊ သူတို့ကို ဆီးတားတော်မူပါဟုဆိုသော်၊ (တော ၁၁း၂၆–၂၈) ယောရှုသည် လေဒဒ်နှင့် မေဒဒ်တို့ တပ်ထဲမှာ ပရောဖက်ပြုသောကြောင့် စိတ်ပျက်သွားသည်။ မောရှေအား ထိုသူတို့ ပရောဖက်ပြုခြင်းကို ဆီးတားရန် ပြောသည်။ '' ကိုယ်တော်ဘဲ ပရောဖက်ပြုရမှာ။ သူတို့မပြုရဘူး'' ယောရှုလို စိတ်သဘော ရှိသောအမှုတော်ဆောင်များစွာကို ကျွန်ုပ်တွေ့ဖူးပါသည်။ သင်းအုပ်သာလျှင် ပရောဖက်ပြုနိုင်သည်ဟု အသင်းတော်ကို သူတို့ပြောတတ်ကြသည်။

မောရှေကမူ သူတို့အပေါ် ရက်ရော၍ သဘောထားကြီးပေသည်။ မောရှေက၊ သင်သည် ငါ့အတွက်ငြူစူသော စိတ်ရှိသလော။ ထာဝရဘုရား၏ လူအားလုံးတို့သည် ပရောဖက်ဖြစ်ကြပါစေသော။ ထာဝရဘုရားသည် ဝိညာဉ်တော်ကို သူတို့ပေါ်မှာ တင်တော်မူပါစေသောဟု ဆိုပြီးမှ၊ တော ၁၁း၂၉ မောရှေသည် ဘုရားသခင်၏ လူအားလုံးကို ဘိသိတ်ခြင်းအောက်၌ ပရောဖက်ပြု စေလိုသည်။ စစ်မှန်သောအမှုတော်ဆောင်သည် အသင်းသား တိုင်းကို ပွင့်လန်းစေလိုပြီး သူတို့ထက် ပိုမိုမြင့်မားစွာ တက်လှမ်းစေလိုကြသည်။ ဆရာ၏ ရည်ရွယ်ချက်မှာ သူတို့ သင်ယူခဲ့ရသမျှကို ကျောင်းသားများအား ဝေငှပေးရန်ဖြစ်သည်။ ထိုသို့ပြုခြင်းအားဖြင့် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့သောအရာများ အပေါ်တွင် တည်ဆောက်လျက် ခေါင်းဆောင်များထက် နားလည်မှု မြင့်မားသောအခါ ဆရာအတွက်ဂုဏ်ယူစရာပင် ဖြစ်သည်။

**၆။ အသားကိုတပ်မက်သော သူတို့ သင်္ဂြိုလ်ခြင်းခံရသည်**

ဘုရားသခင်သည် ဣသရေလလူမျိုးတို့စားရန် ငုံးများကိုချပေးသည်။ ထိုအခါ ထာဝရဘုရားသည် လေကိုစေလွှတ်၍၊ ငုံးများကို ပင်လယ်မှ ဆောင်ခဲ့သဖြင့်၊ တပ်ပတ်လည်တစ်ရက်ခရီးစီကွာသော အရပ်တို့၌ မြေပေါ်မှာ ဒုနှစ်တောင်ခန့်မျှဆင်းစေတော်မူ၏။ လူများတို့သည် တစ်နေ့လုံး၊ တစ်ညဉ့်လုံး၊ နက်ဖြန်လည်းတစ်နေ့လုံးထ၍ ငုံးများကို စုသိမ်းကြ၏။ နည်းနည်းသိမ်းသော သူသည် ဆယ်ဟောမဲကို သိမ်းရ၏။ တပ်ပတ်လည်အရပ်ရပ်၌ ဖြန့်ထားကြ၏

(တော ၁၁း၃၁–၃၂)။

သို့သော် ထိုထောက်ပံ့ခြင်းသည် အသားကို တပ်မက်သူများအပေါ် တရားစီရင်ခြင်း ကျရောက်စေသည်။ သို့ရာတွင် ငုံးသားကို ကိုက်၍ မဝါးမှီ၊ ထာဝရဘုရားသည် သူတို့ကို အမျက်တော်ထွက်၍ အလွန်ပြင်းသော ဘေးနှင့် ဒဏ်ခတ်တော်မူ၏။ တောင့်တသောသူတို့ကို သင်္ဂြိုဟ်ရာ ထိုအရပ်ကို ကိဗြုတ်ဟတ္တဝါ ဟူသောအမည်ဖြင့် မှည့်လေ၏။ လူများတို့သည် ကိဗြုတ်ဟတ္တဝါ အရပ်မှထွက်ပြီးလျှင်၊ ဟာဇရုတ်အရပ်သို့ ရောက်၍နေကြ၏ (တော ၁၁း၃၃–၃၅)။

ကျွန်ုပ်တို့အနေနှင့် အာရုန်သည် သင်ခန်းစာရသွားခဲ့ပြီဟု တွေးကောင်း တွေးမိလိမ့်မည်။ လက်ထောက် သင်းအုပ်ဆရာသည် မိမိ၏သင်းအုပ်ဆရာမှ မိမိအား အမှုတော်ထဲ၌ ပြန်လည်နေရာပေးခြင်းအတွက် အစဉ်အမြဲ ကျေးဇူး တင်သော သဘောရှိနေသင့်သည်။ သို့သော် ထိုကဲ့သို့မဖြစ်ခဲ့ပေ။

## ၇။ အာရုန်နှင့် မိရိအံ၏ ဝေဖန်မှုကိုသည်းခံခြင်း

တောလည် ၁၂ တွင် မောရှေသည် သူ၏ အစ်ကို အာရုန်နှင့် အစ်မ မိရိအံ၏ ဝေဖန်မှုကို ခံရသည်။ မိရိအံသည် ပထမဆုံး ပြောဆိုခြင်း ခံရသူ ဖြစ်သည်။ ဖြစ်နိုင်သည်အကြောင်းရင်းမှာ မောရှေ၏ ဇနီးနှင့် ပတ်သက်သည့် အကြောင်းအရာဖြစ်နိုင်သည်။ မိရိအံသည် ဤကိစ္စ၌ အဓိကပြဿနာကို ဖန်တီးသောသူ ဖြစ်နိုင်ချေရှိသည်။ အကြောင်းမှာ သူမသည်သာ ဘုရားသခင်မှ နူနာအားဖြင့် ဆုံးမခြင်းခံရသောသူဖြစ်သည်။ သို့သော် အာရုန်သည် သူမပြုသင့်သော အမှုဖြစ်သည့် မိရိအံနှင့်အတူ ဝေဖန်ပြစ်တင်ခြင်းကိုပြုခဲ့သည်။ သူနှင့် အရင်းနှီးဆုံးသော သူနှစ်ယောက်သည် အဲသယောပိ မိန်းမကို ယူသော ကြောင့် သူ့ကို ဝေဖန်ကြသည်။

မောရှေ၏ ပထမဇနီး ဇိပေါရသေဆုံးသည်ဟု ယူဆရသည်။ သူ့အကြောင်း ကို ကျမ်းစာက မပြောတော့ပါ။ တဖန် မောရှေသည် အဲသယေပိ မိန်းမနှင့် လက်ထက်သည်။ ဤကျမ်းပိုဒ်သည် ဝေဝါး၍ တိကျမှု မရှိပါ။ အဲသယောပိ နိုင်ငံတွင် လူဖြူနှင့် လူမည်းများရှိသည်။ ထိုအရာသည် အလွန် ခက်ခဲသော စာပိုဒ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ထိုအရာပေါ်၌ မှတ်ချက် မပြုတော့ပါ။ အကြောင်းမှာ မောရှေ၏ နောက်ဇနီးသည် အမျိုးအနွယ်နှင့် ပတ်သတ်သော သက်သေသာဓက မည်မည်ရရ ရှိသောကြောင့် ဖြစ်သည်။ မိရိအံနှင့် အာရုန်က မောရှေကို ဝေဖန်သောကြောင့် ဘုရားသခင်သူတို့ကို စိတ်ဆိုးသည်။

မောရှေသည် သူတို့၏ ကဲ့ရဲ့ခြင်းကို သိမ်မွေ့သော စိတ်သဘော ဖြင့် တုန့်ပြန်သည်။ (တော ၁၂း၃) အာရုန်သည် ရွှေနွားသူငယ်ကိစ္စဖြစ်ပြီး နောက်တွင် သူ့ကို အမှုတော်၌ ပြန်ခန့်ထားခြင်းအတွက် မောရှေကို ကျေးဇူးတင်သင့်သော်လည်း မိရိအံက မောရှေအား ဝေဖန်ခြင်းတွင် ပါဝင်ပူးပေါင်းခဲ့သည်။

မောရှေအား သူတို့၏ဝေဖန်ခြင်းအပေါ် ဘုရားသခင် တုန့်ပြန်ပုံကို မှတ်သားသင့်သည်။ ထာဝရဘုရားကလည်း၊ ငါ့စကားကို နားထောင်ကြလော့။ သင်တို့တွင် ပရောဖက်ရှိလျှင်၊ ငါထာဝရဘုရားသည် ထိုသူ၌ ထူးဆန်းသော ရူပါရုံအားဖြင့် ကိုယ်ကိုပြမည်။ သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်။ အိမ်တော်တစ်အိမ်လုံး၌ သစ္စာစောင့်သောငါ့ကျွန် မောရှေသည် ထိုသို့မဟုတ်။ သူ၌ ဗျာဒိတ်ပေးသောအခါ၊ နက်နဲသောစကားအားဖြင့်မပေး၊ ကိုယ်တိုင်ကိုယ်ကျ ထင်ရှားစွာ ဗျာဒိတ်ပေးမည်။ သူသည် ထာဝရဘုရား၏ ပုံသဏ္ဍာန်ကို လည်းမြင်ရမည်။ သို့ဖြစ်၍ သင်တို့သည် ငါ့ကျွန် မောရှေကို အဘယ်ကြောင့် ပြစ်တင်ဝံ့သနည်းဟု မိန့်တော်မူလျှင်၊ အမျက်တော်ထွက်၍ ထာဝရဘုရား ကြွသွားတော်မူသဖြင့်၊ (တော ၁၂း၆–၉) ကိုယ်တော်သည် သူ၏ အမှုတော်ဆောင်များအား ဝေဖန်ခြင်းကို သူ့အပေါ် ဝေဖန်ခြင်းဟု ခံယူသည်။ (ထွက် ၁၆း၈၊ ၁သက် ၄း၈) ကျွန်ုပ်တို့သည် ခေါင်းဆောင်များအား ဝေဖန်ခြင်းကို သတိထားရမည်။

မိရိအံ နူနာစွဲသွားခဲ့သည်။ မောရှေမှာ ထပ်မံ၍ ဘုရားသခင် ဂရုဏာထားရန် တောင်းပန်ပေးခဲ့သည်။ အမှုတော်ဆောင်ခြင်း၏ ကြီးမားသော ဝန်တာများကို သင်တွေးမိပါရဲ့လား၊ ခေါင်းဆောင်ဆိုသည်မှာ မှားယွင်း၍မရ၊ ထိခိုက်အက်ကွဲတတ်သူဖြစ်၍မရ၊ လက်မြှောက်အရှုံးပေး၍ မရသောသူဖြစ်သည်။ ခေါင်းဆောင်ဆိုသည်မှာ ခိုင်ခံ့သောပင်မ ထောက်တိုင်တစ်ခုဖြစ်ရသည်။ သူသည် အဆုံးထိရင်ဆိုင်ဖြတ်သန်းရသောသူဖြစ်သည်။ တွေ့ကြုံရသည့် ပြဿနာများမှ ရှောင်ထွက်သွား၍ ရသောသူ မဟုတ်ပေ။ ထို့ကြောင့်ပင်လျှင် မှန်ကန်သောခေါင်းဆောင်မှုကို တည်ဆောက်ပြုစုရန် နှစ်ပေါင်းများစွာ ကြာလေ့ရှိခြင်းဖြစ်သည်။

ရှောလုသည် ဖေါက်ပြန်နောက်ဆုတ်နေသော်လည်း ဒါဝိဒ်သည် သူ့ကို မဝေဖန်ရန် သတိထားပြီး သတ်ခွင့် ရသည့်အချိန်တွင် မသတ်ခဲ့ချေ။ ဘုရားသခင်သည် မောရှေနှင့် အခြားပရောဖက်များကို လုံးဝခွဲခြား ထားသည်။ သူသည် မောရှေနှင့် တိုက်ရိုက်စကားပြောပြီး မျက်နှာကို မြင်ခွင့်ပေးသည်ဟု ပြောသည်။ (ထွက် ၃၃း၁၁)

ဘုရားသခင်သည် မောရှေကို ဝေဖန်ခြင်းအတွက် မိရိအံအား နူနာရောဂါဖြင့် တရားစီရင်ခဲ့သည်။ (တော ၁၂း၁၀) မိရိအံအားတရားစီရင်ခြင်းကို မောရှေမည်သို့ တုံ့ပြန်သနည်း။ ဝမ်းမြောက်ပါသလော။ တော ၁၂း၁၃ တွင် သူမကို ကျန်းမာစေရန် ဆုတောင်းပေးခဲ့သည်။ မိမိကို ဝေဖန်၍ တိုက်ခိုက်သူ အပေါ်ထားသည့် သဘောထားအားဖြင့် ကြီးမြတ်သော သူကိုသိနိုင်ပါသည်။

## ၈။ တော၏ရည်ရွယ်ချက်

**၁။ အသက်တာထဲရှိ အပြစ်ကို ဖြေရှင်းရန်** – ဘုရားသခင်သည် တောကန္တာရကို အသုံးပြု၍ ကျွန်ုပ်တို့ အသက်တာရှိ အပြစ်များကို ဖြေရှင်းပြုပြင်သည်။ ဝတ် ၂၃း၁၇ တွင် ပင်တေကုတ္တေနေ၌ ပူဇော်သောယဇ်တွင် အပြစ်ကို ပုံဆောင်သည့် တဆေးနှင့်ရောနှောနေသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်း ဗတ္တိဇံသည် အသက်တာ၏ အပြစ်အားလုံးကို မဖြေရှင်းပေးပါ။ တော အတွေ့အကြုံ၏ ဖိအားပေးမှုနှင့် စစ်ကြောခြင်းများသည် မယုံကြည်ခြင်း ညည်းတွားခြင်းနှင့် ဝေဖန်အပြစ်ရှာခြင်းဆိုသော ကဏ္ဍအမျိုးမျိုးရှိ အပြစ်များကို ပြုပြင်ပေးသည်။

အပြစ်ဒုစရိုက် သဘာဝနှင့်ပတ်သက်၍ လုပ်ဆောင်ရသော အပြစ်ဖြေရာ နေ့ပွဲ ဟုခေါ်သည်။ အခြားပွဲတော်တစ်ခုရှိ သည်။ ထိုပွဲတော်မှာ ယော်ဒန်မြစ်ကို ဖြတ်သော အချိန်၌ ဖြစ်ပျက်ခဲ့သည်။

**၂။ အသက်တာတွင် ယုံကြည်ခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းကို ထွက်ပေါ်စေရန်၊** လောဗန်အစရှိသော ကုန်သည်ရောင်းတတ်သော နံ့သာမှုန့်မျိုးကို မီးရှို့၍၊ ထသောမီးခိုးတိုင်သဏ္ဍာန်ရှိလျက် တောထဲကလာသော ထိုသူကား အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။ ရှောလမုန်မင်း၏ ယာဉ်ပုံတော်ကို ကြည့်ကြလော့။ သူရဲခြောက်ကျိပ်၊ ဣသရေလအမျိုး သူရဲအခြွေအရံရှိကြ၏ (ရှောလမုန် ၃း၆)။ ရှောလမုန် ၄း၁၂–၁၄ တွင် ပါသော အသီးကိုးမျိုးနှင့် အမွှေးနံ့သာ ကိုးမျိုးကို ဂလာတိ ၅း၂၂–၂၃ ပါ ဝိညာဉ် အသီးကိုးမျိုးကို နှိုင်းယှဉ်ကြည့်ပါက လော်ဗန်နှင့် မုရန်စေး၏ ဝိညာဉ်ရေးအရေးပါပုံကို နားလည်နိုင်သည်။ လော်ဗန်သည် ယုံကြည်ခြင်းနှင့် မုရန်စေးသည် နူးညံ့ခြင်းကို ပုံဆောင်သည်။ တောထဲတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ သူ့အပေါ် ယုံကြည်ခြင်း တိုးပွား စေရန် ပြုလုပ်နေသည်။ ထို့အပြင် မောရှေ၏ အသက်တာ တွင် တွေ့ရသလိုပင် ကိုယ်တော်သည် ကျွန်ုပ်တို့အသက်တာတွင် နူးညံ့ခြင်းကို ဖွံ့ဖြိုးစေလိုသည်။

**၃။ ဝိညာဉ်တော်တိုက်ပွဲတွင် ကျွန်ုပ်တို့အား ကျွမ်းကျင်သူများ ဖြစ်စေရန်** ထွက် ၁၇ တွင် ဣသရေလ လူမျိုးများသည် အာမလက် လူမျိုးတို့နှင့် ရင်ဆိုင် ရသည်။ ဂတိတော်ပြည်တွင် ရန်သူများကို နှိမ်နင်းဖို့ ပြင်ဆင်ရန် တောထဲတွင် စစ်တိုက်ဖို့ သင်ယူကြသည်။ အသက်တာတွင် ဘုရားသခင်သည် တောအတွေ့အကြုံများအားဖြင့် ဝိညာဉ်တိုက်ပွဲတွင် ကျွမ်းကျင်သူများ ဖြစ်စေလိုသည် (ဆာ ၁၈း၃၄)။ ငါ့လက်ကို စစ်မှု၌ လေ့ကျင့်စေခြင်းငှါ သွန်သင်တော်မူ၍၊ ကြေးဝါလေးကို ငါ့လက်ရုံးနှင့် ငါတင်နိုင်၏။ ညဉ့်အခါ စိုးရိမ်စရာ ရှိသောကြောင့်၊ လူတိုင်း မိမိပေါင်၌ မိမိဓားကို မြှောင်ထားလျက်ရှိ၏ (ရှောလမုန် ၃း၈)။

**၄။ ကျွန်ုပ်တို့အား နှိမ့်ချရန် ကန္တာရ၏ ရည်ရွယ်ချက် တစ်ခုမှာ ဣသရေလ လူမျိုးတို့အား နှိမ့်ချစေရန်ဖြစ်သည်။** သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သော စိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီးသော နှစ်လေးဆယ် ပတ်လုံး တော၌ ပို့ဆောင်တော်မူသောလမ်းခရီး တစ်လျှောက်လုံးကို အောက်မေ့ရမည် (တရားဟော ၈း၂၊ ၈း၁၆)။ ထိုအမှုအရာမှာ တောထဲ၌ ဘုရားသခင် ပေးသည့် မည်သည့်အရာနှင့်မဆို ကျွန်ုပ်တို့ ရောင့်ရဲမည်၊ မရောင့်ရဲ မည်ကို သိရန်ဖြစ်သည်။ (တရားဟော ၈း၁၆) ကျွန်ုပ်တို့နှင့် အသားမကျသော အစားအစာအတွက် ကျေနပ်လျှက် ကျေးဇူးတော်ကို ချီးမွမ်းတတ်သောသူ ဖြစ်လိမ့်မည်လော။

**၅။ မှောင်မိုက်ထဲမှ ဘဏ္ဍာကို ကျွန်ုပ်တို့အားပေးရန် မှောင်မိုက်၌ ရှိသောဘဏ္ဍာ၊ လုံခြုံစွာ ဝှက်ထားသော ဥစ္စာတို့ကို သင့်အား ငါပေးမည်။** သို့ဖြစ်၍၊ ငါသည် သင့်ကို နာမည်ဖြင့်ခေါ်သော ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား ဖြစ်တော်မူကြောင်းကို သင်သိရလိမ့်မည် (ဟေရှာ ၄၅း၃)။ တောထဲတွင် ကျွန်ုပ်တို့သည် မှောင်မိုက်သောကာလကို ပုံစံအမျိုးမျိုး ဖြင့် ကြုံရသည်။ မှောက်မိုက်ထဲတွင်သာ ဘုရားသခင် သွန်သင်နိုင်သောအရာ အချို့ရှိပါသည်။ ကိုယ်တော်သည် တောထဲ၌ မှောင်မိုက်၏ ဘဏ္ဍာကို ပေးလိုပါသည်။

**၆။ ကျွန်ုပ်တို့သည် ဘုရား၏ ရွေးချယ်ခြင်းခံရမလားသိရန်** – ငါသည် သင့်ကို စစ်ခဲ့ပြီ။ သို့သော်လည်း၊ ငွေကိုစစ်သကဲ့သို့မဟုတ်၊ ဒုက္ခမီးဖို၌ သင့်ကို စုံစမ်းခဲ့ပြီ (ဟေရှာ ၄၈း၁၀)။ တောသည် စစ်ဆေးသောနေရာ ဖြစ်သည်။ ငါကလည်း၊ အိုအရှင် ထာဝရဘုရား၊ အကျွန်ုပ်သည် မဟောပြောတတ်ပါ။

သူငယ်ဖြစ်ပါ၏ဟု လျှောက်လျှင်၊ (ယေရ ၂း၆) ယေရှုကလည်း ခေါ်တော်မူသောသူအများ ရှိသော်လည်း ရွေးချယ်တော်မူသောသူနည်းသည်ဟု ပြောပါသည်။

# အခန်း ၈

## ကာဒေရှဗာနာ

### ၁။ ပြည်တော်ကို ကြည့်ရှုရန် သူလျှို ဆယ့်နှစ်ယောက် စေလွှတ်ခြင်း။

တောလည်း ၁၃ နှင့် ၁၄ တွင် ဂတိတော်ပြည်နှင့် နယ်စပ်ဖြစ်သော ကာဒေရှ ဗာနာအကြောင်းပါဝင်သည်။ ဘုရားသခင်သည် မောရှေအား ပြည်တော်ကို စူးစမ်းဖို့ သူလျှိုဆယ့်နှစ်ယောက်စေလွှတ်ခိုင်းသည်။ ဣသရေလ အမျိုးတို့အား ငါပေးသော ခါနာန်ပြည်ကို စူးစမ်းစေခြင်းငှါ၊ မျိုးနွယ် အသီးသီး ထဲက ဆွေမျိုး သူကြီးဖြစ်သော သူတစ်မျိုးတစ်ယောက်စီ ရွေးကောက်၍ စေလွှတ်လော့ဟု (တော ၁၃း၂)။

သူလျှိုဆယ့်နှစ်ယောက်သည် ဂတိတော်ပြည်တွင် ရက်ပေါင်း ၄၀ နေခဲ့ကြ သည်။ ထိုသူတို့သည် ဇိနတောမှသွား၍ ဟာမတ်မြို့သို့ ရောက်သော လမ်းနား၊ ရဟောဘမြို့တိုင်အောင် ခါနာန်ပြည်ကို စူးစမ်းကြ၏။ တောင်မျက်နှာ၌ လျှောက်သွား၍ အာနက အမျိုးအဟိမန်၊ ရှေရှဲ၊ တာလမဲ နေသော ဟေဗြုန်မြို့သို့ ရောက်ကြ၏။ ဟေဗြုန်မြို့ကား၊ အဲဂုတ္တုပြည်၌ ဇောနမြို့မတည်မှီ ခုနစ်နှစ်က တည်သောမြို့ဖြစ်သတည်း။ ရှေကောလချိုင့်သို့ ရောက်လျှင်၊ အသီးတစ်ပြွတ်ပါသော စပျစ်နွယ်တစ်ခက်ကို ခုတ်၍ လူနှစ်ယောက်တို့သည် ထမ်းဘိုးနှင့် ထမ်းကြ၏။ သလဲသီး၊ သင်္ဘောသဖန်းသီး များကိုလည်း ဆောင် ခဲ့ကြ၏။ ဣသရေလ အမျိုးခုတ်ယူသော စပျစ်သီးပြွတ်ကို ထောက်၍၊ ထိုချိုင့် ကို ရှေကောလချိုင့်ဟူသောအမည်ဖြင့် မှည့်သတည်း။ ရက်လေးဆယ် လွန်မှ ခါနာန်ပြည်ကို စူးစမ်းသောအမှုပြီး၍ ပြန်လာကြ၏ (တော ၁၃း၂၁–၂၅)။

### ၂။ သူလျှိုဆယ့်နှစ်ယောက်၏ မကောင်းသောသတင်းပို့ချက်

သူလျှိုဆယ့်နှစ်ယောက်ပြန်လာသောအခါ ဆယ်ယောက်သည် မကောင်းသောသတင်းပို့ချက်ကို ယူလာသည်။ မောရှေအားလည်း၊ အကျွန်ုပ် တို့သည် ကိုယ်တော်စေလွှတ်သောပြည်သို့ ရောက်ခဲ့ပါပြီ။ အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည်စီးသောပြည် ဖြစ်ပါ၏။ ဤအသီးတို့ကား ထိုပြည်၌

သီးသော အသီးဖြစ်ပါ၏။ သို့ရာတွင် ထိုပြည်သူပြည်သား တို့သည် အားကြီးပါ၏။ ခိုင်ခံ့သောမြို့ကြီးနှင့်နေကြပါ၏။ ထိုမျှမက၊ အာနက အမျိုးတို့ကိုလည်း မြင်ရပါ၏ (တော ၁၃း၂၇–၂၈)။ ဂတိတော်ပြည်သည် ဘုရားသခင် ကတိပေးထားသလိုပင် နို့နှင့် ပျားရည်စီးသော ပြည်ဖြစ်သည်။ သူတို့က သူတို့၏ရန်သူများသည် ဘုရားသခင်၏ လူများထက်သာ၍ ကြီးမားသောကြောင့် ထိုမြေကို သိမ်းပိုက်ရန် မတတ်နိုင်ဟုပြောခဲ့ကြသည်။ ကျွန်ုပ်တို့အား ဘုရားသခင် အမွေပေးသောအခါ ထိုနေရာ၌ ယခင်ရှိနေသောသူများအား ဖယ်ထုတ်ရမည်မှာ အမှန်ပင်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား အမွေပေးသော အခါ ၎င်းကို သိမ်းယူဖို့ ဝိညာဉ်ရေးရန်သူများကို အောင်နိုင်ရမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုးများကို မကြောက်ရပါ။ ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်းမူကား၊ သင်တို့ဘက်၌ ရှိသော သူသည် လောကဘက်၌ရှိသောသူထက် သာ၍ ကြီးတော်မူ၏ (၁ယော ၄း၄)။

ကျွန်ုပ်တို့၏ အသက်တာ၌ ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ခြင်းရှိရန် လိုအပ်သည်။ ထာဝရဘုရားကို ကြောက်ရွံ့ခြင်းနှင့် ကြောက်လန့်တုန်လှုပ်ခြင်းမှာ ခြားနားပါသည်။ ဘုရားသဘောရှိသော ကြောက်ရွံ့ခြင်းမှာ ဘုရားသခင်အား ကျေနပ်စေခြင်းနှင့်အတူ ကိုယ်တော်ကို ဝမ်းနည်းစေမည့် မည်သည့် အကြောင်းအရာကို မဆို (သို့မဟုတ်) ကိုယ်တော်၏ ရည်ရွယ်ချက်နှင့် လွဲချော်စေမည့် အရာကို သတိပြုရှောင်ရှားခြင်းပင်ဖြစ်သည်။ ထိုအရာကို ကျွန်ုပ်တို့ နားလည်လျှင် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းနှင့် ကြောက်လန့်တုန်လှုပ်ခြင်း၏ ခြားနားသည့်သဘောကို နားလည်ပေးလိမ့်မည်။

တော ၁၄း၁–၄ တွင် သူလျှိုဆယ်ယောက်၏ သတင်းပို့ချက် အဆိုးကြောင့် လူပရိတ်သတ်ကြီး စိတ်ပျက်ကြသည်။ ထိုအခါ ပရိသတ်အားလုံးတို့သည် အသံကို လွှင့်၍မြည်တမ်းသဖြင့်၊ တစ်ညဉ့်လုံးငိုကြွေးကြ၏။ ဣသရေလ အမျိုး ပရိသတ်အားလုံးတို့သည်၊ မောရှေနှင့် အာရုန်ကို ပြစ်တင်သော စကားနှင့် မြည်တမ်းလျက်၊ ငါတို့သည် အဲဂုတ္တုပြည်၌ မသေပါလေ။ ဤတော၌ မသေပါလေ။ ငါတို့သည် ဓားဖြင့်သေ၍ သားမယားတို့သည် ရန်သူလက်သို့ ရောက်စေခြင်းငှါ၊ ထာဝရဘုရားသည် အဘယ်ကြောင့် ငါတို့ကို ဤအရပ်သို့ ဆောင်ခဲ့တော်မူသနည်း။ အဲဂုတ္တုပြည်သို့ ပြန်ကောင်းသည် မဟုတ်လောဟု မောရှေနှင့် အာရုန်အားဆိုပြီးမှ၊ တစ်ဖန် လူတစ်စုံ တစ်ယောက်ကို ချီးမြှောက်၍၊ အဲဂုတ္တုပြည်သို့ ပြန်ကြစို့ဟု တစ်ယောက်ကို တစ်ယောက်ဆိုကြ၏။

ပြဿနာကြုံတိုင်း ဣသရေလလူမျိုးတို့သည် အီဂျစ်ပြည်သို့ ပြန်လိုကြသည်။ သူတို့သည် အီဂျစ်ပြည်မှ ထွက်လာသော်လည်း အီဂျစ်ပြည်သည် သူတို့အထဲမှ မထွက်သေးပါ။

နှစ်အတော်အကြာက ဩစတြေးလျ အသင်းတော်တစ်ပါးတွင် လည်ပတ်ခဲ့စဉ် ထိုအသင်းတော်အတွက် တောလည်ရာမှ ဤကျမ်းပိုဒ်ကို သတိရစေသည်။ ဘုရားသခင်က သူတို့အတွက်ထားသော ရည်ရွယ်ချက် ရှိပြီး သူနှင့်အတူ ရှေ့ဆက်သွားစေလိုကြောင်း သူတို့ကို ကျွန်ုပ်ဆုံးမသွန်သင်ခဲ့သည်။ ထို့နောက် သင်းအုပ်က ဆုတောင်းဦးဆောင်သည်။ နောက်ဖြစ်လာသောအရာကို ကျွန်ုပ်မမေ့နိုင်ပါ။ အသင်းလူကြီးတစ်ယောက်ထ၍ ဆုတောင်းသည်မှာ ကိုယ်တော်ဘုရား ကျွန်ုပ်တို့ တောထဲမှာ ကျေနပ်ရောင့်ရဲနေကြပါသည်။ ရှေ့ဆက်မသွားလိုပါ။ ဤနေရာတွင် သက်တောင့်သက်တာ ရှိပါသည်။ ဤအသင်းလူကြီးမှာ မယုံကြည်သော ဝိညာဉ်ဆိုး ရှိပြီး သူသည် အသင်းတော် တခုလုံးအပေါ် အဆိုးဖက်မှ ဩဇာလွှမ်းမိုးခဲ့သည်။ တောထဲမှာလှည့်လည်စဉ် ဣသရေလလူမျိုးအပေါ်၌ရှိသော ထိုဝိညာဉ်သည် ဤအသင်းတော်မှ လူများအပေါ် လွှမ်းမိုးနေသည်။ နှစ်အတော် ကြာသောအခါ ထိုအသင်းတော်တွင် သင်းအုပ်အသစ်ခန့်ရန် ကျွန်ုပ် ရောက်သွားသည်။ ကျွန်ုပ်တရားဟောနေစဉ် ကိုယ်တော်က အသင်းတော်ရှိ လူတယောက်အား ကျွန်ုပ်၏ ခါးပတ်နှင့် ကျွန်ုပ်ကို ချည်နှောင်စေရန် မှာကြားသည်။ ''သင်တို့သည် သင်တို့ဆီသို့ ငါစေလွှတ်သော သင်းအုပ်တိုင်း၏ လက်ကို တုပ်နှောင်ကြသည်'' ဟု ကိုယ်တော်က အသင်းတော်ထံ ကြားပြောစေသည်။

ထို့နောက် လွန်ခဲ့သောခုနှစ်နှစ်က ဆုတောင်း စည်းဝေးပွဲကို ပြန်သတိရစေသည်။ ထိုအသင်း လူကြီးထဲမှ ဝိညာဉ်ဆိုးသည် သင်တို့ကို ဘုရားသခင်နှင့်အတူ ရှေ့ဆက်မသွားစေရန် ဟန့်တားခဲ့သည်။ ယခုတွင် ဘုရားသခင်သည် သင်တို့အား အခြားသင်းအုပ်ကို ခန့်ပေးနေသည်။ သူသည် ဤအသင်းတော်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်များထဲသို့ ပို့ဆောင်ခေါ်သွားလိမ့်မည်'' ဟု ကျွန်ုပ်ပြောလိုက်သည်။ ထိုအသင်းလူကြီးသည် အပေါ်ထပ်မှာထိုင်နေသည်ကို ကျွန်ုပ်ဂရုမပြုမိချေ။ ကျွန်ုပ်မသိခဲ့ပါ။ သိပါက အသင်းတော်တခုလုံး ရှေ့တွင် ပြောထုတ်မည် မဟုတ်ပါ။ အသင်းတော်တစ်ခုလုံး ငိုကြွေးကြပြီး သူတို့၏ သင်းအုပ်များကို ဟန်းတားခဲ့ကြောင်း ဝန်ခံကြသည်။ ဘုရားသခင်နှင့်အတူ ရှေ့ဆက်ရန် ဆက်ကပ်ကြသည်။ ထိုအချိန်မှစ၍ ၄င်းအသင်းတော်သည် ဝိညာဉ်တော်၏လှုပ်ရှားမှုကို ခံစားရသည်။

ကျွန်ုပ်ပြောပြလိုသည့်အရာမှာ ဣသရေလလူမျိုး၏ ခရီးစဉ်သည် ဒေသန္တရအသင်းတော်များ၌ ထပ်ကာထပ်ကာ အကြိမ်ကြိမ် တွေ့ကြုံကြသည့် အရာဖြစ်သည်။ အချို့သောအသင်းတော်များမှာ ခရီးစဉ်ကို ဆက်သွားကြပြီး နိုးထမှုနှင့် ပြည့်နေသော အသင်းတော်အချို့မှာမူ သူတို့ရှိနေသည့်နေရာတွင် ရပ်တန့်နေရန် ဆုံးဖြတ်တတ်ကြသည်။ ကယ်ရယ်စမတ်တစ် အဖွဲ့တစ်ဖွဲ့မှ ဧည့်သည်ဆရာကို တရားဟောရန် မဖိတ်ခင် ထိုဧည့်သည်ဆရာအား အသိပေးသည်မှာ 'ကျွန်တော်တို့ နက်နဲတဲ့အရာတွေ မကြားချင်ပါဘူး၊ ကယ်တင်ခြင်းနဲ့ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းပဲ ကြားချင်ပါတယ်။ သက်သေခံချက်တွေကိုပဲ ကြားချင်တာပါ၊' ဟူ၍ ဖြစ်သည်။ သေချာသည်မှာ ဘုရားသခင်သည် လူတို့အား မိမိမည်သည့် အဆင့်တွင်ရှိချင်သည်ကို ဆုံးဖြတ်ခွင့်ပေးထား ကြောင်းပင် ဖြစ်သည်။

## ၃။ ယောရှုနှင့် ကာလက်၏ စိတ်နေသဘောထား

သူလျှို ၁၂ ယောက်စလုံးမှာ အဆိုးမြင်ခြင်းမရှိကြပါ။ ယောရှုနှင့် ကာလက်တို့သည် ထူးခြားကြသည်။ သူတို့မှာ ယုံကြည်ခြင်းအပြည့်ရှိသည်။ ကာလက်ကလည်း ချက်ချင်း ချီသွား၍ ထိုပြည်ကို သိမ်းယူကြစို့။ အောင်နိုင် ကောင်းသည်ဟု ဆို၍ မောရှေရှေ့မှာ လူများတို့ကို ငြိမ်းစေ၏ (တော ၁၃း၃၀)။ ကာလက်သည် ဂတိတော်ပြည်ကို သူတို့ သိမ်းပိုက်နိုင်ကြောင်း ဘုရားသခင်၌ စိတ်ချမှုရှိသည်။ ငါ့ကျွန် ကာလက်မူကား ထူးခြားသောသဘောရှိ၍၊ ငါ့နောက်သို့ လုံးလုံး လိုက်သောကြောင့်၊ သူသွားခဲ့ပြီးသောပြည်သို့ သူ့ကို ငါဆောင်သွင်းသဖြင့်၊ သူ၏သားမြေးတို့သည် အမွေခံရကြလိမ့်မည် (တော ၁၄း၂၄)။

ခါနာန်ပြည်ကို စူးစမ်းသောလူစုထဲက နုန်၏သား ယောရှု၊ ယေဖုန္နာသား ကာလက်တို့သည် မိမိတို့အဝတ်ကို ဆုတ်၍၊ ဣသရေလအမျိုး အပေါင်းတို့အား ခေါ်လျက်၊ ငါတို့လျှောက်သွား၍ စူးစမ်းသောပြည်သည် အလွန်တစ်ရာ ကောင်းသော ပြည်ဖြစ်ပါ၏။ ထာဝရဘုရားသည် ငါတို့ကို နှစ်သက်လျှင်၊ နို့နှင့်ပျားရည်စီးသော ထိုပြည်သို့ ငါတို့ကို ဆောင်သွင်း၍ အပိုင်ပေးတော်မူလိမ့်မည်။ ထာဝရဘုရားကို မပုန်ကန်ကြပါနှင့်။ ထိုပြည်သူပြည်သားတို့ကို မကြောက်ကြနှင့်။ သူတို့သည် ငါတို့စားစရာဖို့ဖြစ်ကြ၏။ သူတို့၌ အမှီတကဲမရှိ။ ထာဝရဘုရားသည် ငါတို့ဘက်၌ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကို မကြောက်ကြ နှင့်ဟု ပြောဆိုလေသော်၊ (တော ၁၄း၆–၉) ကျွန်ုပ်တို့သည် ဘုရားသခင် နှစ်သက်သောအမှုကိုသာ ပြုလုပ်သင့်ပြီး ၄င်းသည် ဂတိတော်ကို

အမွေခံရရန် သော့ချက်ဖြစ်သည်။

**၄။ ကိုယ်တော်သည် မယုံကြည်သောသူတို့ကို ဖျက်ဆီးရန်ရှာသည်**

ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို နှစ်သက်အားရခြင်းမရှိဘဲ ဖျက်ဆီးလိုသည်။ ထာဝရဘုရားကလည်း၊ ဤလူမျိုးသည် ဘယ်မျှကာလ ပတ်လုံး ငါ့ကို မရိုမသေပြုကြလိမ့်မည်နည်း။ သူတို့၌ ငါပြခဲ့ပြီးသမျှသော နိမိတ်လက္ခဏာတို့ကို မြင်ရသော်လည်း၊ ဘယ်မျှကာလပတ်လုံး ငါ့ကို မယုံဘဲနေကြလိမ့်မည်နည်း။ သူတို့ကို ကာလနာဘေးဖြင့် ငါသည် ဒဏ်ခတ်၍ သား၏ အရာကို နုတ်မည်။ သူတို့ထက် သင့်ကို သာ၍ စည်ပင်သောအမျိုး၊ သာ၍တန်ခိုးကြီးသော အမျိုးဖြစ်စေမည်ဟု မောရှေအား မိန့်တော်မူ၏ (တော ၁၄း၁၁–၁၂)။ မောရှေသည် ဤကဏ္ဍတစ်ခုတွင် ဒုတိယအကြိမ် စစ်ဆေး ခံရခြင်းဖြစ်သည်။ (ထွက် ၃၂း၁၀)

မောရှေသည်လည်းလူတို့အား အတော်ပင် စိတ်ပျက်နေပြီဖြစ်သည်။ အကြောင်းမှာ သူတို့သည် မောရှေအား ဂတိတော်မြေထဲသို့ မဝင်ရောက် ရအောင် အဆီးအတားဖြစ်စေလိမ့်မည်ဖြစ်သည်။

ဆင်ခြင်ရန် နောက်တစ်ချက်မှာ ယောရှုနှင့် ကာလက်တို့သည်လည်း ဂတိတော်မြေထဲသို့ ဘုရားသခင်၏ အချိန်မတိုင်မီ ဝင်ရောက်နိုင်မည် မဟုတ်ပေ။ ဣသရေလလူမျိုးမှ သူတို့အားလည်း နောက်ပြန်ဆွဲထားကြသည်။ ကျွန်ုပ် သင့်အား နားလည်စေချင်သည်မှာ သင်သည် အသင်းတော်တစ်ပါး၏ သင်းအုပ်ဆရာတစ်ယောက်ဖြစ်လျှင် သင့်အထဲ၌ တောက်လောင်ခြင်း ရှိသော် ငြားလည်း၊ အသင်းတော်ရှိ ယုံကြည်သူများ၌ ထိုတောက်လောင်ခြင်းမျိုး ရှိနေ နိုင်မည် မဟုတ်ပေ။ အကယ်၍ သင်ထိုကဲ့သို့ကြုံရသည်ဆိုလျှင် သင်၏ အသင်းတော် ယုံကြည်သူများမှ သင့်ကို နောက်ပြန်ဆွဲထားခြင်းဖြစ်သည်။ သို့သော် သင်သည် သူတို့နှင့်အတူ ရှိနေပေးရပေမည်။ ခေါင်းဆောင်တစ်ဦး၌ ရှိရမည့် စရိုက်လက္ခဏာကို သင်မြင်ပါရဲ့လား။

ယခု ကျွန်ုပ်တို့ပြောနေသည်မှာ မောရှေ၊ ယောရှုနှင့် ကာလက်တည်း ဟူသော ကြီးမြတ်သော ဝိညာဉ်ရေးရာ ခေါင်းဆောင် (၃) ယောက်အကြောင်း ဖြစ်သည်။ မောရှေသည် နှလုံးခိုင်မာသော၊ ပုန်ကန်တက်သော သူများကြောင့် ကတိထားရာထဲသို့ မရောက်ခဲ့ပေ။ ယောရှု နှင့် ကာလက်မှာလည်း ထိုသူများ ကြောင့် (၃၈) နှစ်လုံးလုံးထပ်၍ တောထဲ၌ လှည့်လည်ခဲ့ရသည်။

### ၅။ ဘုရားသခင်၏ ဂုဏ်အသရေအတွက် အသနားခံခြင်း

ထွက်မြောက်ရာ (၃၂း၁၀–၁၄) အထဲ၌ရှိသော အဖြစ်အပျက်ကိုကြည့်လျှင် မောရှေသည် ကြီးသော အမျိုးဖြစ်စေမည့် အခွင့်အရေးကို ငြင်းပယ်၍ သူ၏ လူမျိုးအား ဘုရားသခင်မျက်နှာသာပေး၍ ခွင့်လွှတ်ရန်အတွက် တောင်းပန် ခဲ့သည်။ သူအား လွန်စွာ ဒုက္ခပေး၍ စိတ်ထိခိုက်စေသောသူများ အတွက် မောရှေတောင်းပန်နေခြင်းဖြစ်သည်။ မောရှေသည် ကာလတစ်လျှောက်လုံး၌ အမှန်ပင် အကြီးမြတ်ဆုံး လူသားထဲ၌ တစ်ဦးအပါအဝင်ဖြစ်သည်။

### ၆။ တောထဲမှကြုံရသော စစ်ကြောခြင်း ဆယ်ခုကို သုံးသပ်ခြင်း

ငါ့ဘုန်းတော်ကိုငှင်း၊ အဲဂုတ္တုပြည်မှစ၍ ဤတော၌ ထူးဆန်းသော တန်ခိုးတော်ကိုငှင်း မြင်ရသော လူအားလုံးတို့သည်၊ ငါ့စကားကို နားမထောင်၊ ဆယ်ကြိမ်တိုင်အောင် ငါ့ကို စုံစမ်းသောကြောင့်၊ (တော ၁၄း၂၂) တောထဲမှ က္လသရေလလူမျိုးတို့၏ စစ်ကြောခြင်းဆယ်ခုကို သုံးသပ်ကြည့်ရန် အရေးကြီးပြီး ခရစ်ယာန် အသက်တာတွင် အလားတူတွေ့ကြုံ ရလိမ့်မည်။

တောထဲ၌ စုံစမ်းစစ်ဆေးခြင်း ဆယ်ခုရှိခဲ့ပြီး က္လသရေလလူမျိုးမှာ ထိုဆယ်ခုစလုံးကို မအောင်မြင်ခဲ့ပေ။ ထို့နောက် ဘုရားသခင်သည် အမျက်ထွက်၍ သူ၏ငြိမ်ဝပ်ခြင်းချမ်းသာတည်းဟူသော ခါနန်ပြည်ထဲသို့ လုံးဝမဝင်ရဟု ကျိန်ဆိုခဲ့သည်။

စုံစမ်းစစ်ဆေးခြင်းတိုင်းသည် က္လသရေလူမျိုးတို့၏ တိုးတက်မှုအတွက် လေ့ကျင့်ခန်းထဲမှ ဖြစ်သင့်ခဲ့သော်လည်း ထိုသို့ဖြစ်ရမည့်အစား သူတို့တိုက်မိ၍ လဲစရာအဆီးအတားများ ဖြစ်ခဲ့ကြသည်။ ဝိညာဉ်တော် (ဘုရား မိုးတိမ်အားဖြင့် ရှိနေခဲ့သည်) မှ သူတို့အား အခက်အခဲတစ်ခုစီသို့ ဦးဆောင်လာခဲ့ခြင်းမှာ ဘုရားသခင်သည် သူတို့ဘက်မှ ခိုင်ခံ့စွာရပ်တည်၍ လွတ်မြောက်ခြင်းကို ပေးလျှက် သူတို့၏ယုံကြည်ခြင်းကို တိုးတက်ရန်ဖြစ်သည်။ က္လသရေလလူတို့ တောထဲ၌ ကြုံခဲ့ရသော စုံစမ်းစစ်ဆေးခြင်း ဆယ်ခုကို ပြန်၍ လေ့လာဆင်ခြင်ရန် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌လည်း ထိုကဲ့သို့ပင် တူညီသော စုံစမ်းစစ်ဆေးခြင်းများ ကြုံရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

**တောထဲမှာ ကြုံရသောစစ်ကြောခြင်းဆယ်ခု**

**၁။ လောက၏ဆန့်ကျင်မှု** ဆီးတားမှု ဣသရေလလူမျိုးတို့ အီဂျစ်ပြည်မှ ထွက်သောအခါ ဖါရော နောက်ကလိုက်လာပြီ။ ကျွန်ဘဝသို့ ပြန်ပို့ရန် ကြိုးစားသည်။ လောကီဆန်သော မိတ်ဆွေများနှင့် စုံစမ်းခြင်းများသည် ခရစ်ယာန်ဖြစ်ခါစတို့အား လောကသို့ ပြန်ဆွဲခေါ်နေသည်။

**၂။ ခါးသောရေ** မာရအရပ်တွင် ဣသရေလလူမျိုးတို့သည် ခါးသောရေနှင့်တွေ့ရသည်။ ယုံကြည်သူတိုင်းသည် ခါးသီးသောအတွေ့အကြုံနှင့် စိတ်ပျက်ခြင်းများ တွေ့ကြုံရမည်။ ခါးသီးခြင်းကို ကျော်လွှားရန် သော့ချက်မှာ မိမိ၏ ခါးသီးသောအတွေ့အကြုံကို ခရစ်တော်၏ကားတိုင်ဆီသို့ ယူလာရန်ဖြစ်သည်။

**၃။ ဆာလောင်ခြင်း။** တောထဲတွင် ဣသရေလလူမျိုးတို့သည် ဆာလောင်ခြင်း ကြုံရသည်။ ဤအရာက စီးပွားရေးစစ်ကြောမှုများကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့လည်း ငွေများစွာမရှိခြင်း (သို့) တကယ်လိုချင်သောအရာကို မရခြင်းဆိုသော စစ်ကြောမှုမျိုး တွေ့ကြုံရလိမ့်မည်။ မည်သို့ပင်ဆိုစေ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို အမှန်တကယ်ပင် တာဝန် ယူတော်မူပေသည်။

**၄။ ရေငတ်ခြင်း။** ဣသရေလတို့သည် တောထဲမှာ ရေငတ်ကြသည်။ ရေငတ်ခြင်းက ခြောက်ကပ်၍ ညည်းငွေ့ဖွယ်ရာအတွေ့အကြုံကို ပုံဆောင်သည်။ ကျွန်ုပ်တို့သည် ထိုအရာများကို အောင်မြင်စွာ ကျော်လွှန်ဖြတ်သန်းနိုင်ရမည်ဖြစ်သည်။

**၅။ ရုပ်တုကိုးကွယ်ခြင်း။** ထွက် ၃၂ တွင် သူတို့သည် ရွှေနွားသငယ်ကို လုပ်၍ ကိုးကွယ်ကြသည်။ ခရစ်ယာန် များစွာတွင် နှလုံးသားထဲမှာ ရုပ်တုများ ရှိနေကြသည်။ (ယေဇ ၁၄း၃) ဘုရားသခင်ကို အစားထိုးသောအရာ (သို့) ကိုယ်တော်ထက် ပိုချစ်ရသောအရာသည် ရုပ်တုဖြစ်သည်။ ကိုယ်တော်သည် ဤအရာ၌ ကျွန်ုပ်တို့ကို စစ်ဆေးလိမ့်မည်။ ဘဝဟောင်းကို နှစ်သက်မြတ်နိုးခြင်းသည်လည်း ဆိုးညစ်သောဒုစရိုက်ပင် ဖြစ်သည်။

**၆။ အခြေအနေများကြောင့် ညည်းတွားခြင်း။** ဣသရေလလူမျိုး တို့ သည် အခြေအနေများကို အမြဲညည်းတွားကြသည်။ ညည်းတွားခြင်းက ဘုရားသခင် ရှေ့တွင် မျက်နှာ မရစေပါ။ သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့ (ဖိ ၂း၁၄)။

**၇။ ကျေးဇူးမတင်ခြင်း။** ဣသရေလလူမျိုးတို့သည် ဘယ်တော့မှ

ကျေးဇူးတော် မချီးမွမ်းကြပါ။ ကိုယ်တော်ပေးသော မန္နအတွက် ကျေးဇူးမတင်ဘဲ ငုံ့ကို တောင့်တကြသည်။ ကျေးဇူးမတင်ခြင်းသည် ဖေါက်ပြန်နောက်ဆုတ်ခြင်း၏ ပထမအဆင့်ဖြစ်သည်(ရော ၁း၂၁)။ သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်း အုပ်စိုးစေ။ ထိုသို့အလိုငှါ သင်တို့သည် တစ်လုံး တစ်ကိုယ်တည်း၌ ခေါ်ထားခြင်းကို ခံရသည်ဖြစ်၍၊ ကျေးဇူးတော်ကို သိသောစိတ် ရှိကြလော့ (ကောလော ၃း၁၅)။

**၈။ အစားကြူးခြင်း။** ဣသရေလလူမျိုးတို့သည် ငုံးသားကို လွန်ကျူးစွာ စားသောက်ကြပြီး ကိုယ်တော်က သူတို့များစွာကိုသတ်ခဲ့သည်။ သူတို့သည် အစားအသောက်ကို ချစ်မြတ်နိုးကြပြီး သူတို့၏ အာသီသကို ဘုရားသခင်ထံ မဆက်သကြပါ။ ကျွန်ုပ်တို့သည် အစားလွန်ကျူး ခြင်း၊ အစာတပ်မက်ခြင်းနှင့် လွန်ကဲစွာ တပ်မက်ခြင်းအမျိုးမျိုးကို ရှောင်ရမည်။

**၉။ ဝေဖန်ခြင်း။** သူတို့သည် ခေါင်းဆောင်မောရှေနှင့်အာရုန်အပေါ် အမြဲ အပြစ်ရှာကြသည်။ အာရုန်နှင့် မိရိအံပင်လျှင် ဘုရားနှင့်မျက်နှာချင်းဆိုင် တွေ့ခဲ့သောမောရှေကို ဝေဖန်ကြသည်။ ကျွန်ုပ်တို့သည် ဝေဖန်ခြင်းကို အောင်မြင်ရမည်။ သင်တို့သည် စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သူတစ်ပါး၏ အမှု၌ စီရင်ခြင်းကို မပြုကြနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကို စီရင်ကြ၏။ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့် သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည် (မဿဲ ၇း၁–၃)။

**၁၀။ မယုံကြည်ခြင်း။** ပထမစုံစမ်းစစ်ဆေးခြင်း (၉) ခုကို အနှုတ်လက္ခဏာသဘောနှင့် တုန့်ပြန်ခဲ့ပြီးနောက် ဣသရေလလူမျိုး၏ အသက်ရှင်မှုပုံစံမှာ ထိုအတိုင်း အသားကျသွားတော့သည်။ ထို့နောက် ဂတိတော်မြေ၏ နယ်စပ်၌ရှိသော ကာဒေရှဗာနာအရပ်တွင် ကြုံရသည့် (၁၀) ခုမြောက် အရေးအကြီးဆုံး စုံစမ်းစစ်ဆေးမှုကို သူတို့ကျရှုံးခဲ့သည်။ သူလျှိုဆယ်ယောက်သည် လူတို့အား ကြောက်ရွံ့ခြင်းနှင့် မယုံကြည်ခြင်း ဖြစ်စေသည်။ သို့ဖြစ်၍၊ သူတို့သည် မယုံကြည်သောကြောင့်သာ မဝင်နိုင်သည် ကို ငါတို့သိမြင်ကြ၏ ဟေဗြဲ ၃း၁၉။ မယုံကြည်ခြင်းကို ယုံကြည်ခြင်းဖြင့် အောင်နိုင်ရမည်။

## ၇။ ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား သေစေရန် တောထဲသို့ ပြန်သွားစေသည်

သူတို့၏ မနာခံခြင်းအတွက် အပြစ်ဒဏ်မှာ ဂတိတော်ပြည်သို့မဝင်ရဘဲ တောထဲမှာ သေဆုံးရန် ဖြစ်သည်။ သင်တို့ကို ရေတွက်၍ စာရင်းယူသည် အတိုင်း၊ အသက်နှစ်ဆယ်လွန်သောသူ၊ ငါ့ကိုပြစ်တင်၍ မြည်တမ်းသော သူအားလုံးတို့သည် သေ၍ ဤတော၌ အသေကောင်ဖြစ်လျက် နေရစ်ကြလိမ့်မည်။ ငါသည် ဤမည်သောပြည်၌ သင်တို့ကို နေရာချမည်ဟုငါကျိန်ဆို၏။ ထိုပြည်သို့ ယေဖုန္နာ၏ သားကာလက်၊ နုန်၏ သားယောရှုမှတပါး အဘယ်သူမျှ မရောက်ရ။ ရန်သူလုယူရာ ဖြစ်လိမ့်မည်ဟု သင်တို့ဆိုသော သူငယ်တို့ကို ငါဆောင်သွင်း၍ သင်တို့ပယ်သောပြည်ကို သူတို့သည် သိရကြလိမ့်မည်။ သင်တို့မူကား ဤတော၌ အသေကောင်ဖြစ်လျက် နေရစ်ရကြလိမ့်မည်။ ဤတော၌ သင်တို့အသေကောင်များ ပျောက်ပျက်သည် တိုင်အောင်၊ ကိုယ်သားသမီးတို့သည် မိဘမှားယွင်းခြင်းအပြစ်များကို ဆောင်၍၊ ဤတော၌ နှစ်လေးဆယ်ပတ်လုံး လှည့်လည်ရကြလိမ့်မည်။ ထိုပြည်ကို စူးစမ်းရာ နေ့ရက်ပေါင်း ရက်လေးဆယ်နှင့်အညီ၊ တစ်ရက်ကို တစ်နှစ်ထား၍၊ နှစ်လေးဆယ်ပတ်လုံး ကိုယ်အပြစ်ကို ဆောင်လျက်၊ ငါစွန့်ပစ်ခြင်းကို သိရကြလိမ့်မည် တော ၁၄း၂၉–၃၄။ မကောင်းသော သတင်းကို ပြောသည့် သူလျှို ၁၀ ယောက်သည် ကပ်ဘေးဖြင့် သေဆုံးကြသည် (တော ၁၄း၃၇–၃၈)

အီဂျစ်ပြည်မှ ထွက်လာသော ထိုမျိုးဆက်မှာ လူနှစ်ဦးသာ (အသက် ၂၀ နှင့် အထက်) ဂတိတော်ပြည်သို့ဝင်ရပြီး ယောရှုနှင့် ကာလက်တို့ ဖြစ်ကြသည်။ သူတို့သည် ကာဒေရှဗာနာအရပ်၌ ဂတိတော်ပြည်သို့ဝင်ရန် အသင့်ဖြစ်ကြသော်လည်း ဣသရေလလူမျိုးတို့ကြောင့် နောက်ပြန်ဆွဲခြင်း ခံရသည်။ ခေါင်းဆောင်များသည် အသင်းသားများကြောင့် ဟန့်တားခံရ၍ ဂတိတော်ထဲသို့ ဝင်ရောက်ရန် နှောင့်နှေးတတ်သည်။ သို့သော် ခေါင်းဆောင်များသည် ထိုအကြောင်းရင်းကြောင့် အသင်းသားများကို မစွန့်ပစ်သင့်ပါ။ ယောရှုနှင့် ကာလက်တို့သည်လည်း ဣသရေလလူမျိုးတို့ကို မစွန့်ပစ်ဘဲ ဂတိတော်ပြည်သို့ ဝင်ရောက်ရေးကို ၃၈ နှစ်စောင့်ဆိုင်းခဲ့သည်။

### ၈။ စိတ်အထင်ဖြင့်တိုက်လှန်ခြင်း

ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား တောထဲသို့ပြန်လာရန် ပြောပြီးသောအခါတွင် လူများစွာတို့ နောင်တရပြီး ဂတိတော်ပြည်သို့

ဝင်ရောက်လိုကြသည်။ သို့သော် အလွန်နောက်ကျ သွားချေပြီ။ ဘုရားသခင်သည် သူတို့အား ဂတိတော်ပြည်သို့ ဝင်ရောက်ခွင့် မပေးတော့သော်လည်း အချို့တို့ ကြိုးစားကြည့်ကြရာ အာမလက်နှင့် ခါနန်လူမျိုးလက်ဖြင့် သေဆုံးကြသည်။ နံနက် စောစောထ၍ တောင်ပေါ်သို့ တက်ပြီးလျှင်၊ ငါတို့သည် ပြစ်မှားပြီ။ သို့သော်လည်း ယခုအသင့်ရှိပါ၏။ ထာဝရဘုရား ကတိထား တော်မူသောပြည်သို့ သွားပါမည်ဟု ဆိုကြသော်၊ မောရှေက၊ ထာဝရဘုရား၏ အမိန့်တော်ကို အဘယ်ကြောင့် လွန်ကျူး ကြသနည်း။ သင်တို့အကြံ မထမြောက်ရ။ မသွားကြနှင့်။ ထာဝရဘုရားသည် သင်တို့ဘက်၌ ရှိတော်မမူ။ သွားလျှင်ရန်သူ ရှေ့မှာရှုံးရကြလိမ့်မည်။ အာမလက် အမျိုးနှင့် ခါနာန် အမျိုးတို့သည် သင်တို့မရောက်မှီရောက်နှင့်သည်ဖြစ်၍၊ သင်တို့သည် ဓားဖြင့် ဆုံးကြလိမ့်မည်။ ထာဝရဘုရားထံတော်မှလွဲသွားသောကြောင့်၊ ထာဝရဘုရားသည် သင်တို့ဘက်၌ နေတော်မမူဟု ဆိုသော်လည်း၊ သူတို့သည် ခိုင်ခံ့သော စိတ်နှင့် တောင်ထိပ်ထက်သို့တစ်ဖန်တက်ကြ၏။ သို့ရာတွင်၊ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်နှင့်တကွ၊ မောရှေသည် တပ်ပြင်သို့ မထွက် မသွားဘဲ နေလေ၏။ ထိုအခါ တောင်ပေါ်မှာ ရှိနှင့်သော အာမလက် အမျိုးနှင့် ခါနာန် အမျိုးတို့သည် ဆင်းလာလျက်၊ ဣသရေလအမျိုးတို့ကို တိုက်၍ အောင်သဖြင့်၊ ဟောမာမြို့တိုင်အောင် လိုက်ကြလေ၏ (တော ၁၄း၄၀–၄၅)။

တစ်ဖန်တုံ၊ ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်ဟုဆိုသည်ဖြစ်၍၊ ဤမျှလောက်ကာလကြာပြီးမှ၊ ယနေ့ဟု ဒါဝိဒ်ကျမ်းစာ၌လာသောအခါ၊ တစ်စုံတစ်ခုသာ နေ့ရက်ကို သေချာစွာ မှတ်သားသတည်း (ဟေဗြဲ ၄း၇)။ ဣသရေလ လူမျိုး တို့သည် ဂတိတော်ပြည်သို့ ဝင်ရောက်လိုသော်လည်း နောက်ကျ သွားချေပြီ။ ဘုရားသခင်သည် သူ့စကားကို ကျွန်ုပ်တို့နာခံရန် ရက်ကန့် သတ်ထားပါသည်။

# အခန်း ၉

## ကာဒေရှဗာနာမှ ပိသဂါသို့

အခန်း ၉သည် ၃၈ နှစ်ကာလအကြောင်းဖြစ်သည်။ ဣသရေလလူမျိုးတို့သည် အီဂျစ်ပြည်မှ ထွက်လာပြီး ၂ နှစ်ခန့်အကြာတွင် ကာဒေရှဗာနာသို့ ရောက်ရှိကြသည်။ ကာဒေရှဗာနာတွင် ဆယ်ကြိမ်မြောက်ဖြစ်သော နောက်ဆုံးစစ်ဆေးချက်ကို ကျရှုံးကြသည်။ ဘုရားသခင်သည် ထိုမျိုးဆက်ကြောင့် အလွန် စိတ်ဆိုးလျက် ဂတိတော်ပြည်သို့ မဝင်ရဟု ကျိန်ဆိုသည်။ (ဆာ ၉၅း၈–၁၁၊ ဟေဗြဲ ၃း၇–၁၉) ကာဒေရှဗာနာမှ တောင်၏အဆုံး ပိသဂါတောင်၌ မောရှေသေဆုံးသည်အထိ သူတို့၏ ခရီးစဉ်သည် ၃၈ နှစ်ကြာမြင့်သည်။ (တရားဟော ၃၄–၁–၈)

### ၁။ ကောရပုန်ကန်ခြင်း

#### လူ နှစ်ရာငါးဆယ်တို့ ပုန်ကန်မှုတွင် ပါဝင်ခြင်း

တောလည်ရာ ၁၆ တွင် ကောရသည် ဒါသန်၊ အဘိရံ၊ ခေါင်းဆောင် ၂၅၀ နှင့် တကွ မောရှေနှင့် အာရုန်တို့အား ပုန်ကန်ခဲ့သည်။ သူတို့သည် မောရှေနှင့် အာရုန်နည်းတူ တန်းတူအခွင့်အရေးကိုလိုလားကြပြီး အဓိက ဇစ်မြစ်မှာ သူတို့၏ မနာလိုခြင်းဖြစ်သည်။ တောလည် ၁၆း၁–၃ တွင်၊ လေဝိအမျိုး၊ ကောဟတ်သား ဣဇဟာ၏သား ကောရသည်၊ ရုဗင်အမျိုးလျောဘ ၏သား ဒါသန်နှင့် အဘိရံ၊ ပေလက်၏သား ဩနတို့ကို ခေါ်ပြီးလျှင်၊– ပရိသတ်၌ ကျော်စော၍ ဂုဏ်အသရေရှိသောသူ၊ အစည်းအဝေး၌ မင်းပြုသော သူ၊ ဣသရေလအမျိုးသား နှစ်ရာငါးဆယ်နှင့်တကွ၊ မောရှေကို ပုန်ကန်၍၊– မောရှေနှင်အာရုန်တဘက်၌စုဝေးလျက်၊ သင်တို့သည် အမှုတော်ကို စောင့်လွန်း၏။ ပရိသတ် ရှိသမျှအပေါင်းတို့သည် သန့်ရှင်းကြ၏။ ထာဝရဘုရားသည် သူတို့တွင် ရှိတော်မူ၏။ သို့ဖြစ်၍သင်တို့သည် ထာဝရဘုရား၏ ပရိသတ်အပေါ်မှာ အဘယ်ကြောင့် ကိုယ်ကိုကိုယ်ချီးမြှောက်ရသနည်းဟု ဆိုလေ၏။

ကောရ၏ ပုန်ကန်မှုသည် အလွန်ကြီးလေသည်။ မောရှေကို ဦးတည် တိုက်ခိုက်သော်လည်း အမှန်မှာ မောရှေကို ခေါင်းဆောင် ခန့်ထားသော ဘုရားသခင်ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ဤဒါသန်၊ အဘိရံတို့သည် အခြားမဟုတ်၊ ကောရအပေါင်းအသင်းသည် ထာဝရဘုရားနှင့် ဆန့်ကျင်ဘက် ပြုသောအခါ၊ ပရိသတ်၌ ကျော်စောရ၍ မောရှေနှင့် အာရုန်ကို ဆန့်ကျင်ဘက် ပြုသော ဒါသန်၊ အဘိရံဖြစ်ကြသည် (တော ၂၆း၉)။

တမန်တော်ယုဒသည် ကောရနည်းတူ မှားယွင်းခြင်းကို သတိပေး ထားသည်။ သူတို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကာဣန နောက်သို့လိုက်ကြ၏။ အခကိုရခြင်းငှါ ဗာလမ်မှားယွင်းသကဲ့သို့ အလွန် မှားယွင်းခြင်းရှိကြ၏။ ကောရ၏ ငြင်းခုံခြင်းအပြစ်နှင့် ဖျက်ဆီးခြင်းသို့ ရောက်ကြ၏ (ယုဒ ၁း၁၁)။

ဘုရားသခင်သည် ခေါင်းဆောင်များအား ပုန်ကန်ခြင်းကို ရွံ့ရှာသည်။ ကောင်းကင်တွင် ဘုရားသခင်ကို မပုန်ကန်မှီ စာတန်၏ အမည်မှာ လူစီဖါ ဖြစ်သည်။ အိုနံနက်သား၊ မိုးသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သော သင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက် ဗျာဒိတ်တော် တောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ် ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံ ရှိလေပြီ (ဟေရှာ ၁၄း၁၂–၁၄)။

လူစီဖာသည် ဘုရားသခင်၏ ပလ္လင်ကို သိမ်းပိုက်ရန်ကြိုးစားခဲ့သောအခါ တည်တံ့ပြီးသောခေါင်းဆောင်မှုထဲတွင် ယုံကြည်ခြင်းကို ရုတ်လျော့စေခြင်းဖြင့် ကောင်းကင်သားတို့ကြားတွင် ကြီးမားသော ကွဲပြားမှုကို ဖြစ်စေခဲ့သည်။

ယခုထိုအရာသည် အလွန်အရေးကြီးသော သမ္မာတရားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ မျိုးဆက်တွင် ခေါင်းဆောင်မှုနှင့် အခွင့်အာဏာကို လေးစားမှုမရှိသော စိတ်ဝိညာဉ်တစ်မျိုးရှိနေသည်။ ယနေ့ အသင်းတော်ထဲတွင် သင်းအုပ်ဆရာအား နှိမ့်ချ ဆက်ဆံသည့် သဘောထား တစ်မျိုး ရှိလာသည်။ သင်းအုပ်ဆရာသည် အသင်းလူကြီးတစ်ဦး ဖြစ်သည်။ သို့သော် အသင်းလူကြီးအားလုံးသည် သင်းအုပ်ဆရာများ မဟုတ်ကြ ပေ။ မောရှေအား ကောရနှင့်အဆင့် တန်းတူထား၍ မရသကဲ့သို့ ကောရကိုလည်း မောရှေနှင့် အဆင့်တန်းတူထား၍ မရပေ။ မောရှေသည် ထိုအချက်ကို

(တောလည်ရာကျမ်း ၁၆း၉–၁၀) တွင် ပြင်းထန်စွာပြောခဲ့သည်။ 'သင်တို့သည် ထာဝရဘုရား၏ တဲတော်အမှုကို ဆောင်ရွက်ရန် ပရိတ်သတ်ရှေ့မှာရပ်လျက် သူတို့အမှုကိုလည်း စောင့်စေမည်။ အကြံရှိတော်မူသည်နှင့် ဣသရေလအမျိုး၏ ဘုရားသခင်သည် သင်တို့ကို အနီးအပါးသို့ခေါ်၍ နေရာချခြင်းငှါ ဣသရေလ အမျိုး ပရိသတ်နှင့် ခွဲထား၍ သင့်ကိုလည်းကောင်း၊ သင့်ညီအစ်ကို လေဝိသား အပေါင်းတို့ကိုလည်းကောင်း အနီးအပါး၌ နေရာချတော်မူသော ကျေးဇူးတော်ကို ပထီမဲ့မြင်ပြု၍ ယဇ်ပရောဟိတ်အရာကိုလည်း ရှာကြသည်တကား' တနည်း ဆိုရလျှင် ထိုသူတို့၌ ပြုစရာဝတ်၊ အမှုတော်လုပ်ငန်းရှိကြသည်။ သို့သော် ကောရသည် သူ့အား ဘုရားမပေးသော အမှုတော်လုပ်ငန်းရာထူးကို လိုချင် တပ်မက် ခဲ့သည်။

ထိုအမှုအရာသည် ယနေ့အသင်းတော်ထဲ၌ ကျယ်ပြန့်စွာ ကူးစက်ပြန့်နှံ့ နေသော ပြဿနာ တစ်ခုဖြစ်သည်။

လေဝိလူတို့သည် ဘုရားသခင်၏ အိမ်တော်ကို ကြည့်ရှုရန် အခွင့်အရေးကို ရရှိကြသည်။ အာရုန်အမျိုး ယဇ်ပုရောဟိတ်များကို ကူညီရန် ဘိသိတ်ခြင်း ခံရသည်။ သို့သော် အာရုန်အမျိုးသာ ယဇ်ပုရောဟိတ် ဖြစ်ခွင့်ရှိသည်။ (တော ၃း၅–၁၀) ဘုရားသခင်သာလျှင် ယဇ်ပုရောဟိတ်တာဝန် (သို့) ခေါင်းဆောင် တာဝန်ကို ခန့်ထားနိုင်သည်။ ''လူတို့တွင် ရွေးကောက်သောယဇ်ပုရောဟိတ်မင်း မည်သည်ကား၊ ပူဇော်သက္ကာကိုငှင်း၊ အပြစ်ဖြေရာယဇ်ကိုငှင်း ပူဇော်၍၊ လူတို့အတွက် ဘုရားဝတ်ကို ပြုစေခြင်းငှါ ခန့်ထားတော်မူသောသူဖြစ်၏။ ဘုရားသခင်သည် အာရုန်ကို ခေါ်တော်မူသကဲ့သို့ ခေါ်တော်မူသောသူမှတစ်ပါး၊ အဘယ်သူမျှ ထိုအရာမြတ်ကို မသိမ်းယူရ''(ဟေဗြဲ ၅း၁၊၄)။

ကမ္ဘာမတည်မီကတည်းကပင် ခရစ်တော်မှ မည်သူတို့သည် တမန်တော် များ၊ ပရောဖက်များ၊ သာသနာပြုများ၊ သင်းအုပ်ဆရာများ၊ ဆရာများ ဖြစ်လာ ရမည်ကို ကြိုတင်ရွေးချယ်ထားပြီး ဖြစ်ကြောင်း ကျွန်ုပ်တို့၏ အသိစိတ်ထဲ၌ ရှင်းလင်းစွာ နားလည်သဘောပေါက်ထားရပေမည်။ ထိုအမှုတော်ငါးရပ်ကို ဘုရားသခင်၏ ခေါ်ခြင်း၊ ခွဲခန့်ခြင်းမရှိဘဲ သင်ဆန္ဒရှိရန် သို့မဟုတ် ရယူရန် မဖြစ်နိုင်ပေ။ (ဖေတ် ၄း၁၁)

ပို၍ ရိုးစင်းအောင်ပြောရလျှင် ထိုအမှုတော်ကဏ္ဍငါးရပ်သည် လူခန့်ခွဲသော အရိုက်အရာမဟုတ်ဘဲ ဘုရားသခင် တစ်ပါးတည်းကသာ ခွဲခန့်ခြင်းဖြစ်သော ကြောင့် ထိုအမှုတော် ကဏ္ဍငါးရပ်တွင် အရည်အချင်းသတ်မှတ်ပေးထားခြင်း မရှိပေ။ သို့သော် သင်သည် အရည်အချင်းပြည့်မှီပါက သင်းထောက်သို့မဟုတ်

အသင်းလူကြီး အရိုက်အရာတို့အား လိုလားဆန္ဒရှိလျှင် ဖြစ်နိုင်ပါသည်။ ၁တိ ၃း၁–၇ တွင်ဖော်ပြထားသည်မှာ ''သင်းအုပ်အရာကို တောင့်တသောသူသည် ကောင်းသော အမှုအရာကို တောင့်တသည်ဟုသော စကားသည် မှန်သော စကားဖြစ်၏။ ထိုကြောင့်၊ သင်းအုပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွှတ်သောသူ၊ မယားတယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ကျေနွေစောင့်သောသူ၊ လျောက်ပတ်စွာ ကျင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမသြဝါဒ ပေးတတ်သောသူ ဖြစ်ရမည်။ စပျစ်ရည်နှင့် ပျော်မွေ့ခြင်း၊ သူတပါးကို ရိုက်ပုတ်ခြင်း၊ မစင်ကြယ်သော စီးပွါးကို တပ်မက်ခြင်း မရှိ၊ စိတ်ဖြည်းညှင်း သောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကို မတပ်မက်သောသူ ဖြစ်ရမည်။ မိမိအိမ်ကို ကောင်းမွန်စွာ အုပ်စိုး၍ သမ္မာသမာဓိရှိသည်နှင့်၊ မိမိသားသမီးကို ဆုံးမနိုင်သောသူ ဖြစ်ရမည်။ မိမိအိမ်ကိုမအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ပြုစုလိမ့်မည်နည်း။ မာနနှင့်ယစ်မူးလျက်၊ မာရ်နတ်၏ အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၍၊ ဘာသာဝင်လူသစ် မဖြစ်ရ။ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မာရ်နတ်ဘမ်းမိခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူဘို့ တွင် အသရေရှိသောသူ ဖြစ်ရမည်။ ပြင်ပလူတို့တွင် အသရေရှိသောသူ ဖြစ်ရမည်။' သင်းအုပ် အရိုက်အရာအတွက် အရည်အချင်းသတ်မှတ်ချက်ကို အထက်ပါကျမ်းပိုဒ်တွင် ဖော်ပြထားသည်။ သင်းထောက်များအတွက် အရည်အချင်း သတ်မှတ်ချက်မှာ ၁တိ ၃း၈–၁၃ တွင် ဖေါ်ပြထားသည်။

လူတစ်ယောက်သည် ရွေးချယ်ရန် တာဝန်ပေးခြင်းခံရလျှင် အရည်အချင်း သတ်မှတ်ချက်များကို သိထားရပေမည်။ ထို့ကြောင့် လူသည် အသင်းလူကြီးနှင့် သင်းထောက်အရိုက်အရာကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ သို့သော် အမှုတော်ကဏ္ဍ ငါးရပ်နှင့်ဆိုင်သောအရိုက်အရာအတွက် ရွေးချယ်ပိုင်ခွင့် မရှိပေ။

အမှုတော်ကဏ္ဍ ငါးရပ်အတွက် သိက္ခာတင်ဘိသိတ်ပေးခြင်းဟု ခေါ်သော ဆက်ကပ်ခြင်းအစီအစဉ်များမှာ ထိုသူများသည် ခရစ်တော်အားဖြင့် ခွဲခန့်ခြင်း ခံထားရပြီးဖြစ်ကြောင်း အသင်းတော်ခေါင်းဆောင်ပိုင်းမှ အသိအမှတ်ပြုခြင်းသာ ဖြစ်သည်။ ထိုအရိုက်အရာများကို လူမှ ခွဲခန့်ခြင်းမဟုတ်ဘဲ ဘုရားသခင် ခွဲခန့်ဘိသိတ်ပေးထားခြင်းကို လူသိရှင်ကြား အသိအမှတ်ပြုခြင်းသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းတာဝန် ခွဲခန့်ဆက်ကပ်အပ်နှံခြင်းအတွက်မူ လူတို့အား သင်းထောက်နှင့် အသင်းလူကြီးများနေရာ ခန့်အပ်တာဝန်ပေး ကြသည်။ ဘိသိတ်ပေးခြင်းမှာ ဘုရားသခင်ပြုသောအမှုဖြစ်ပြီး၊ နေရာပေး ခန့်အပ်ခြင်းသည် ကျွန်ုပ်တို့ လူပြုသောအမှုဖြစ်သည်။

မောရှေနှင့် အာရုန်က အသင်းသားများအတွက် တောင်းပန်ခြင်း

ငါသည်သူတို့ကို ချက်ချင်း ဖျက်ဆီးမည်ဟု မောရှေနှင့် အာရုန်အား မိန့်တော်မူလျှင်၊ (တော ၁၆း၂၁) မောရှေနှင့် အာရုန်သည် အသင်းသား များအတွက် အသနားခံကြသည်။ သူတို့က ပျပ်ဝပ်လျက်၊ အိုဘုရားသခင်၊ ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ဝိညာဉ်များကို အစိုးရတော်မူသော ဘုရားသခင်၊ လူတစ်ယောက် ပြစ်မှားသောအပြစ်ကြောင့်၊ ပရိသတ် အပေါင်း တို့ကို အမျက်ထွက်တော်မူမည်လော ဟု လျှောက်ဆိုလေ၏ (တော ၁၆း၂၂)။

**ကောရနှင့် ပုန်ကန်သူများကို ဖျက်ဆီးခြင်း**

ဘုရားသခင်သည် ကောရနှင့် ပုန်ကန်သူများကို ဖျက်ဆီးခဲ့သည်။ မိမိခံတွင်းကို ဖွင့်သဖြင့်၊ သူတို့နှင့် သူတို့အိမ်များကိုငှင်း၊ ကောရနှင့် ဆိုင်သမျှသောသူတို့နှင့် သူတို့ဥစ္စာရှိသမျှကိုငှင်းမျိုလေ၏။ ထိုသူတို့သည် ကိုယ်တိုင်မှစ၍ ဆိုင်သမျှသောသူတို့နှင့်တကွ၊ အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသက်၍၊ သူတို့အပေါ်မှာ မြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှ ပယ်ရှင်းခြင်းကို ခံရကြ၏။ သူတို့အော်ဟစ်သံကို ပတ်ဝန်းကျင်၌ရှိသော ဣသရေလအမျိုးတို့သည် ကြားလျှင်၊ ငါတို့ကိုလည်း မြေမျိုကောင်း မျိုလိမ့်မည်ဟု စိုးရိမ်လျက် ပြေးကြ၏။ နံ့သာပေါင်းကိုမီးရှို့၍ ပူဇော်သောသူ နှစ်ရာငါးဆယ်တို့ကိုလည်း၊ ထာဝရဘုရား ထံတော်က မီးထွက်၍ လောင်လေ၏ (တော ၁၆း၃၂–၃၅)။ ကောရနှင့် လူ ၂၅၀ တို့သည် မီးလောင်ခြင်း ခံရလျက် မြေကြီးကွဲပွင့်၍ သူတို့အားလုံး သေမင်းနိုင်ငံသို့ ရောက်သွားရသည်။

ကောရနှင့် နောက်လိုက်များအား တရားစီရင်ပြီး သောအခါ ဣသရေလ လူမျိုးတို့သည် သူတို့သေဆုံးခြင်းအတွက် မောရှေနှင့် အာရုန်ကို အပြစ်တင် ကြသည်။ ''နက်ဖြန်နေ့၌ ဣသရေလအမျိုးပရိသတ်အပေါင်းတို့က၊ သင်တို့ သည် ထာဝရဘုရား၏ လူတို့ကိုသတ်ကြပြီဟု ဆိုလျက်၊ မောရှေနှင့် အာရုန် တို့ကို အပြစ်တင်၍ မြည်တမ်းကြ၏'' (တော ၁၆း၄၁)။ ထိုအရာသည် အလွန်အမင်း အံ့ဩဖွယ်ရာဖြစ်သည်။ မြေကြီးကွဲပွင့်ခဲ့ပြီး မောရှေမှာ မြေကြီး ခွဲဖွင့်ပိုင်ခွင့်ကို ရသောသူ ဖြစ်သည်။

ထိုလူများ၏ စိတ်နေသဘောထားကို သင်မြင်ပါသလား။ ၄င်းတို့အနေနှင့် ဘုရားသခင်နှင့် မောရှေတို့သည် အပြင်းအထန်ကြမ်းတမ်းလွန်းသည်ဟု ခံစားကြသည်။ ၄င်းတို့သည် ဘုရားသခင်ရွေးကောက်ခံထားရသောသူမျ

ား ဖြစ်သည်။ ၄င်းတို့သည် လူရမ်းကား ဒုစရိုက်သမားများမဟုတ်ကြချေ။ သူတို့သည် အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသူများဖြစ်သည်။ အသင်းတော်တစ်ပါး၏ အခြေအနေများသည် တစ်ခါတစ်ရံ မည်မျှခက်ခဲသည်ကို သင်မြင်ပါရဲ့လား။ ဘုရားသခင်နှင့် မောရှေကို ဝေဖန်ခြင်းအားဖြင့် ၄င်းတို့ပြောနေသည့် ဆိုလိုရင်းမှာ ၄င်းတို့၌ ဘုရားသခင်ထက်ပို၍ ကြင်နာသနားတက်သော သဘော ရှိသည့် သဘော၏စံနမူနာပင်ဖြစ်သည်။

မှားယွင်းသော ဂရုဏာထားတက်သူတို့သည် မြင်တွေ့ပိုင်းခြားနိုင်ခြင်း ကင်းမဲ့လျက် ဘုရားသခင်ခွဲခန့်သော ခေါင်းဆောင်မှုအား အနှောက်အယှက် ပေးသောသူတို့နှင့် ပူးပေါင်းမိသောကြောင့် ဘုရားရွေးချယ်သော လမ်းကြောင်းမှ သွေဖည်၍ ပုန်ကန်ကြသောအမှုကိစ္စမျိုးမှာ မကြာခဏ ဖြစ်လေ့ရှိပေသည်။

## မောရှေသည် လူတို့အား ကပ်ဘေးမှ ထပ်မံ၍ ကယ်တင်ခဲ့သည်

တောလည်ရာကျမ်း ၁၆း၄၄–၅၀ တွင် ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ ''ထာဝရဘုရားကလည်း၊ ဤပရိသတ်တို့ကို ရှောင်၍ နေကြလော့။ ငါသည် သူတို့ကို ချက်ချင်းဖျက်ဆီးမည်ဟု မောရှေအား မိန့်တော်မူလျှင် သူတို့သည် ပျပ်ဝပ်လျက် နေကြ၏။ မောရှေကလည်း သင်သည် လင်ပန်းကိုကိုင်၍ ယဇ်ပလ္လင်ပေါ်က မီးကို ယူထည့်ပြီးလျှင်၊ လောဗန်ကိုလည်း တင်လျက်၊ ပရိသတ် ရှိရာသို့ အလျင်အမြန်သွား၍ အပြစ်ဖြေခြင်းကိုပြုလော့။ ထာဝရဘုရားထံတော်က အမျက်တော်ထွက်၍ ဘေးဥပဒ်ရောက်လျက်ရှိပြီဟု၊ အာရုန်အား မှာထားသည်အတိုင်း၊ အာရုန်သည် ယူ၍ ပရိသတ်ထဲသို့ ပြေးလေ၏။ ထိုအခါ လူတို့၌ ဘေးဥပဒ်ရောက်စရှိသည်ဖြစ်၍၊ လောဗန်ကို တင်သဖြင့် လူများတို့အဖို့ အပြစ်ဖြေခြင်းကိုပြု၏။ အသက်ရှင်သောသူ၊ သေသောသူ စပ်ကြားမှာ ရပ်နေ၍၊ ဘေးဥပဒ်ငြိမ်းလေ၏။ ကောရအမှုကြောင့် သေသောသူတို့ကို ထား၍ ထိုဘေးဥပဒ်ဖြင့် သေသောလူပေါင်းကား၊ တစ်သောင်းလေးထောင် ခုနှစ်ရာ ရှိသတည်း။ ထိုဘေးဥပဒ်ငြိမ်းမှ အာရုန်သည် ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၊ မောရှေထံသို့ပြန်လာ၏။''

မောရှေ၏စိတ်နေသဘောထားကို ကျွန်ုပ်တို့တွေ့ရပြန်သည်။ သူသည် ဣသရေလလူတို့အတွက် ထပ်မံ၍ ပြပ်ဝပ်ကာ ကြားခံတောင်းပန်ပေးခဲ့သည်။ ထိုကပ်ဘေးကြောင့် လူပေါင်း ၁၅၀၀၀ နီးပါးသေဆုံးခဲ့သော်လည်း မောရှေ၏ ကြားခံတောင်းပန်ခြင်းသည် များစွာသော အခြားလူများ၏အသက်ကို ချမ်းသာရာ ရစေခဲ့သည်။

## ၂။ အာရုန်၏ လှံတံ

တောလည်ရာ ၁၇ တွင် ဘုရားသခင်သည် လူမျိုး ၁၂ မျိုးခေါင်းဆောင်များအား အမည်တပ်ထားသော လှံတံနှင့် လာစေသည်။ အဖူးဖူးသော လှံတံသည် ယဇ်ပုရောဟိတ်အရာ၌ ဘုရားသခင် ရွေးချယ်သော လူမျိုးကို ပြသလိမ့်မည်။ ဘုရားသခင်သည် အာရုန်၏ လှံတံကို ရွေးချယ်ပြီး လေဝိအမျိုးကို ရွေးချယ်ကြောင်း ပြောပြသည်။

တခါတရံ ဘုရားသခင်သည် သူမည်သူ့ကို ရွေးချယ်ကြောင်းနှင့် မည်သူကို မရွေးချယ်ကြောင်း ရှင်းလင်းစွာ ပြောပြရသည်။ နက်ဖြန်နေ၌ သက်သေခံချက်တဲတော်အတွင်းသို့ မောရှေဝင်သောအခါ၊ လေဝိအမျိုးနှင့်ဆိုင်သော အာရုန်၏ လှံတံသည် အရွက်ထွက်လျက်၊ ငုံလျက်၊ ပွင့်လျက်။ ဗာတံသီးကို သီးလျက်ရှိ၏ (တော ၁၇း၈)။ ဘုရားသခင်ရှေ့မှောက်တွင် လှံတံ ၁၂ ခုကို ထားပြီးနောက်နေ့တွင် အာရုန်၏ လှံတံဖူးပွင့်၍ ဗာတံသီးသီးလေသည်။ ဤအရာသည် အလွန်ကြီးမားသော နိမိတ်လက္ခဏာဖြစ်သည်။ ဘုရားသခင်သည် သေနေသော တုတ်မှ အသက်ရှင်ခြင်းကို ထွက်ပေါ်စေပြီး ဖူးပွင့်လာသည်။ ဘုရားသခင်သည် သူ့ကို ယဇ်ပုရောဟိတ်မင်းအဖြစ် ရွေးချယ်သည့် လက္ခဏာဖြစ်သည်။ ထို့နောက် ဖူးပွင့်သော အာရုန်၏ လှံတံကို ပဋိညာဉ်သေတ္တာထဲ၌ သက်သေ ခံချက်အနေဖြင့် ထားသည်။

## ၃။ မိရိအံ သေဆုံးခြင်း

တော ၂၀း၁ တွင် မိရိအံ သေဆုံး၍ သင်္ဂြိုလ်ခံရသည်။ သက္ကရာဇ်လေးဆယ်၊ ပထမလ၌ ကျွသရေလအမျိုး ပရိသတ်အပေါင်းတို့သည်၊ ဇိနတောသို့ရောက်၍၊ ကာဒေရှအရပ်၌နေကြ၏။ ထိုအရပ်၌ မိရိအံသေ၍ သင်္ဂြိုဟ်လေ၏ (တော ၂၀း၁)။ တောလည် ၁၄ တွင် ကာဒေရှဗာနာ၌ ဂတိတော်ပြည်သို့ ဝင်ရန် ငြင်းဆန်သောကြောင့် ၃၈ နှစ် တောထဲတွင် လှည့်လည်ခြင်း အဆုံးသတ်သည်။

## ၄။ အပြစ်ကြောင့် မောရှေအမျက်ဒေါသထွက်ခြင်း

နောက်တဖန် ရေမရှိဖြစ်ပြန်သည်။ ပရိသတ်တို့ သောက်စရာ ရေမရှိသောကြောင့် မောရှေနှင့် အာရုန်တစ်ဖက်၌ စုဝေးကြလျက်၊ ထာဝရဘုရားရှေ့မှာ ငါတို့ညီအစ်ကိုများသေသောအခါ၊ ငါတို့လည်း မသေပါလေ (တော ၂၀း၂–၃)။ တောလည် ၁၆ တွင် ကောရနှင့် နောက်လိုက်များ သေဆုံးခြင်း

အတွက် မောရှေကို အပြစ်တင်ခဲ့ကြပြီး ယခုတွင် သူတို့နှင့်အတူ သေခဲ့လျှင် ကောင်းသားဟု တောင့်တကြသည်။ ဤက္လသရေလလူမျိုးတို့သည် အဘယ်မျှ အကြောင်းအရာများကို မလိမ့်တပတ် ပြောင်းလဲပြောဆို တတ်ကြောင်း သင်မြင်ပါသလား။ ပထမပိုင်းတွင် ထိုလူတို့ကို မောရှေ သတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြသည်။ ထို့နောက် ‘ငါတို့သည် ဘုရားသခင် ရှေ့တော်၌မသေပါလေ’ ဟု ပြောပြန်သည်။ သူတို့သည် ကိုင်တွယ်ရန် ခက်ခဲသော အလွန် ကတ်သီးကတ်သတ်နိုင်လှသည့်လူများ ဖြစ်သည်။ ကျွန်ုပ်အနေနှင့် ဤစာပိုဒ်များကို သင့်အား ဘုရားသခင်၏ လူတို့ မည်မျှ နှလုံးသားအရေဖျားလှီးခြင်းကို မခံယူနိုင်ကြကြောင်း သိရှိ ဆင်ခြင်နိုင်စေရန် အတွက်သာ ဝေငှနိုင်ပေသည်။

ဣသရေလလူမျိုးတို့သည် တောလည် ၂၀း၄–၅ တွင် မောရှေအား ဆက်လက်ဝေဖန်ကြသည်မှာ ငါတို့နှင့် ငါတို့တိရစ္ဆာန်များကို သေစေခြင်းငှါ၊ ထာဝရဘုရား၏ ပရိသတ်ကို ဤတောသို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ ငါတို့ကိုအဲဂုတ္တုပြည်မှထွက်စေ၍၊ ဤဆိုးသောအရပ်သို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ ဤအရပ်သည် လယ်လုပ်စရာမကောင်း၊ သင်္ဘောသဖန်းပင်၊ စပျစ်နွယ်ပင်၊ သလဲပင်စိုက်စရာ မကောင်း။ သောက်စရာရေမျှ မရှိဟု မောရှေကို ပြစ်တင်ကြ၏။ သူတို့သည် တောထဲတွင် ခက်ခဲသောအခြေအနေနှင့် အဆင်ပြေအောင် မနေတတ်ကြဘဲ နေရန်လည်း မဟုတ်ပါ။ ကာဒေရှဗာနာ၌ စကားတော်နားထောင်ခဲ့ပါက ဂတိတော်ပြည်တွင် ရှိနေကြမှာဖြစ်သည်။ စုံလင်သော အလိုတော်ထဲတွင် ရှိကြသောအခါ အဆီးအတား မှန်သမျှကို ကျော်လွှားနိုင်သော ကျေးဇူးတော်ရှိပြီး မနာခံသောအခါ အောင်မြင်ရန် ခက်ခဲပါသည်။

တောထဲတွင်ဆက်၍နေရန်ရွေးချယ်ဆုံးဖြတ်ခဲ့သူမှာ ဣသရေလလူမျိုးသာ ဖြစ်သည်။ ယခုအခါ ဣသရေလလူမျိုး ရေလိုအပ်သည်မှာ ဒုတိယအကြိမ် ဖြစ်သည်။ ပထမအကြိမ် ဣသရေလလူတို့ ရေလိုအပ်ခဲ့သောအခါ ဘုရားသခင် က ကျောက်ကို ရိုက်ရန်ပြောခဲ့သည်။ (ထွက် ၁၇း၆)

ဘုရားသခင်၏ နှုတ်ကပတ်တော် တစ်လျှောက်လုံး၌ ကျောက်သည် ခရစ်တော်ကို ပုံဆောင်သည်။ (၁ကော ၁၀း၄) ပထမအကြိမ်၌ ကျောက်ကို ရိုက်ခြင်းသည် ယေရှုခရစ်တော် ကားတိုင်ပေါ်၌ အသေခံရမည့်အရာကို ပုံဆောင်သည်။ ကျောက်သည် ခရစ်တော်ကို ပုံဆောင်ပြီး လှံတံသည် စီရင်ခြင်း လှံတံကို ပုံဆောင်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ လွန်ကျူးခြင်း အပြစ်များ

အတွက် ရိုက်နှက်ခံရခြင်းအားဖြင့် ရေငတ်၍ သေလုမျောပါး ဖြစ်နေသော လူသားမျိုးနွယ်ထံသို့ အသက်ရေစီးထွက်ခံစားရစေရန်အတွက် ဖြစ်သည်။ ဇာခရိ ၁၃း၇ ၌ သိုးထိန်းသည် အရိုက်အနှက်ခံရမည်ဖြစ်ကြောင်းကို ပြောထားသည်။ ''ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ အို ဓား၊ ငါ၏ သိုးထိန်း တစ်ဖက်၊ ငါ၏ အပေါင်းအဖော်ဖြစ်သောသူ တစ်ဖက်၌ နိုးလော့။ သိုးထိန်းကို ရိုက်သတ်လော့။ သို့ပြုလျှင် သိုးတို့သည် ကွဲလွင့်ရကြလိမ့်မည်။ သိုးသူငယ်တို့ပေါ်၌လည်း ငါသည် ငါ့လက်ကိုတင်ဦးမည်။''

ရေမရှိလို ကိုယ်တော် မည်သို့ ဖြေရှင်းပေးသနည်း။ တော ၂၀း၈ တွင် ဘုရားသခင်သည် မောရှေအား ကျောက်ကို စကားပြောရန် နှင့် ကျောက်က ရေကို ပေးမည့် အကြောင်းပြောသည်။ ထာဝရဘုရားကလည်း၊ လှံတံတော်ကို ကိုင်ယူ၍ သင်၏အစ်ကို အာရုန်ပါလျက်၊ ပရိသတ်များကို စုဝေးစေပြီး သူတို့ ရှေ့မှာ ကျောက်ကိုပြောလော့၊ ကျောက်သည် မိမိရေကို ပေးလိမ့်မည်။ ကျောက်ထဲက ရေကို ထွက်စေခြင်းဖြင့်၊ ပရိသတ်များနှင့် သူတို့တိရစ္ဆာန်များ တို့အား သောက်ဖို့ ရေကိုပေးရမည်ဟု၊ (တော ၂၀း၈)။

ဒုတိယအကြိမ် ၎င်းတို့ရေလိုအပ်သောအခါ မောရှေအား 'ကျောက်ကို မှာထားရန် တစ်နည်းအားဖြင့် စကားပြောထုတ်ရန်' သာ ညွှန်ကြားခြင်း ခံခဲ့ရသည်။ ကျွန်ုပ်တို့နားလည်ထားရန်မှာ ခရစ်တော်ကားတိုင်ပေါ်၌ အသေ ခံပြီးနောက် လိုအပ်သောအရာမှာ နှုတ်ကပတ်တော်ကို 'ပြောထုတ်' ရန်သာ ဖြစ်ပြီး ထိုအခါ အသက်၏စီးဆင်းခြင်းကို ခံရပေလိမ့်မည်။

မောရှေသည် စိတ်ဝိညာဉ်ထဲတွင် အလွန်ပင် ခံပြင်းစိတ်ပျက်သည်။ တောလည်ရာ ၂၀း၉–၁၁ တွင် တွေ့ရသည့် အတိုင်း သူသည် ကိုယ်တိုင် ဆုံးဖြတ်ခွင့် မရှိသောအမှုကို ပြုမူလုပ်ဆောင်ခဲ့သည်။ (တောလည်ရာ ၂၀း၉–၁၁)။ ''မောရှေအား မိန့်တော်မူသည်အတိုင်း မောရှေသည် လှံတံတော်ကို ထာဝရဘုရားရှေ့တော်ကယူ၍၊ အာရုန်ပါလျက်၊ ပရိသတ်တို့ကို ကျောက်ရှေ့မှာ စုဝေးစေပြီးလျှင် အချင်းသူပုန်တို့၊ နားထောင်ကြလော့။ ငါတို့သည် သင်တို့အဖို့ ဤကျောက်ထဲက ရေကိုထွက်စေရမည်လောဟု ဆိုလျက်၊ မိမိလက်ကို ဆန့်၍ ကျောက်ကို လှံတံနှင့် နှစ်ကြိမ် ရိုက်သဖြင့်၊ ရေသည် များစွာထွက်၍ လူပရိသတ် တို့နှင့် တိရစ္ဆာန်တို့သည် သောက်ရကြ၏။'' သူသည် ကျောက်ကို နှစ်ကြိမ် ရိုက်ခဲ့ပါသည်။ အဓိပ္ပါယ်မှာ ခရစ်တော်သည် နှစ်ကြိမ်အသေခံရမည့် သဘော ဖြစ်နေသည်။ မောရှေသည် ဘုရားသခင် သတ်မှတ်သည့် ပုံဆောင်ချက်ကို ဖျက်ဆီးခဲ့သည်။

ဘုရားသခင်၏ ပုံဆောင်ချက်သည် ဖျက်ဆီးခံခဲ့ရပြီး ဘုရားသခင်၏ လူသည်လည်း လိုက်နာရန် ပျက်ကွက်ခဲ့သည်။ သို့သော်လည်း ဘုရားသခင်၏ ကြီးမြတ်ခြင်း ဂရုဏာကို သတိထားကြပါ။ အကြောင်းမှာ ကျောက်ထဲမှ ရေစီးထွက်မြဲ စီးထွက်လာခဲ့ပေသည်။ ဘုရားသခင်သည် တစ်ခါတစ်ရံ နိမိတ်လက္ခဏာကို လုပ်ဆောင်နေသောသူ နာခံခြင်းမရှိသည့် အချိန်ပင်လျှင် နိမိတ်လက္ခဏာပြုပေလိမ့်မည်။ နိမိတ်လက္ခဏာတစ်ခုသည် တစ်စုံတစ်ယောက် ဘုရားသခင်၏ အလိုတော်ထဲတွင်ရှိကြောင်းကို သက်သေမထူနိုင်ပေ။

သခင်ယေရှုသည် မဿဲ ၇း၂၁–၂၃ တွင် ထိုအချက်ကို ညွှန်ပြခဲ့သည်။ ''သခင်၊ သခင် ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမကြဝါဒ ပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသော တန်ခိုးတို့ကိုပြုပါပြီ မဟုတ်လောဟု အများသော သူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြဟု ထိုသူတို့အား အတည့်အလင်းငါပြောမည်။ ကျွန်ုပ်တို့သည် အခြားသူများအား ထိကပါး ရိကပါးပြောခြင်း၊ လှောင်ပြောင်ခြင်း၊ ကြိမ်းမောင်းခြင်းများ ပြုခွင့်မရှိပေ။ အကြောင်းမှာ ကျွန်ုပ်တို့၏ မတူညီမှုများမှာ ဘုရားသခင်၏ ကျေးဇူးတော် ပြုပေးသော အမှုသာဖြစ်သည်။ ဧလိယ ထိုသို့ တစ်ကြိမ်ပြုခဲ့ဖူးသည်။ သို့သော် ထိုအရာသည် အလွန်မှားယွင်းသောအမှုဖြစ်ကြောင်း ထင်ရှားခဲ့သည်။ သူသည် ဆိုးသွမ်းသော မိဖုရား ယေဇဗေလထဲ၌ ရှိနေသော စာတန်ထံမှ ထွက်ပြေးခဲ့ရသည်။ (၃ရာ ၁၈း၂၇၊ ၁၉း၁–၃)

ကမ္ဘာမတည်မီ ကောင်းကင်၌ ပုန်ကန်မှုတစ်ခုဖြစ်ခဲ့သောအခါ လူစီဖာနှင့် ကောင်းကင်တမန် သုံးပုံတစ်ပုံ ကျဆင်းသွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ ဂရုဏာနှင့် ကျေးဇူးတော်အားဖြင့် ကောင်းကင်တမန် မင်းနှစ်ပါး ဂါဗြေလ၊ မိက္ခေလတို့နှင့်အတူ ကောင်းကင်တမန် သုံးပုံနှစ်ပုံမှာ မိမိတို့၏ အရိုက်အရာကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ သူတို့သည် ဘုရားသခင်ရှေ့၌ ငုံ့လျှိုးပြပ်ဝပ်လျှက် ဘုရားသခင်၏ ကျေးဇူးတော်ကို တောင်းပန်ခြင်းအားဖြင့် ပုန်ကန်ခြင်းနှင့်အတူ အကုန်အစင် စီရင်ရှင်းလင်းခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့် ရကြောင်း အပြည့်အဝ သဘောပေါက်ထားကြသည်။ ထို့ကြောင့်ပင်

တဲတော်ထဲတွင် ဂရုဏာပလ္လင်အပေါ်၌ ကောင်းကင်တမန်မင်းနှစ်ပါးအား ထုဆစ်ထားခြင်း ဖြစ်ပေသည်။ ဘုရားသဘောရှိသော ကောင်းကင်တမန်များမှာ ၄င်းတို့သည် ဘုရားသခင်၏ ကျေးဇူးနှင့် ဂရုဏာအားဖြင့် ချမ်းသာပေးခြင်း ခံထားရကြောင်း ကောင်းစွာသဘောပေါက်ကြသည်။

ဘုရားသဘောရှိသော ကောင်းကင်တမန်များသည် ကျဆင်းသွားသော မိမိတို့၏ လုပ်ဖော်ဆောင်ဖက်များအား ပြစ်တင်စွပ်စွဲခြင်း မပြုပေ။ ထိုနည်းတူပင် သင်သည် ယေရှုနာမ၌ နတ်ဆိုးထွက်ရန် အမိန့်ပေးသောအခါ တိုင်းထွာ ပြောဆိုသော အသုံးအနှုန်းများကို ရှောင်ရှားရပေမည်။ ကျွန်ုပ်ကြားဖူးသည့် ညီအစ်ကိုတစ်ဦး နတ်ဆိုးနှင်သည့်အဖြစ်အပျက်မှာ သူသည် နတ်ဆိုးများကို နှင်ထုတ်နေစဉ် ထိုနတ်ဆိုးများကို တိုင်းထွားသည့် စကားလုံးအမျိုးမျိုးဖြင့် ပြောဆိုကြိမ်းမောင်းသောအခါ နတ်ဆိုးတစ်ကောင်မှ 'ငါ့ကိုမဆဲနဲ့' ဟုပြန်၍ ပြောခဲ့လေသည်။

နတ်ဆိုးများ၊ ကျဆင်းသွားသော ကောင်းကင်တမန်များ သို့မဟုတ် စာတန်တို့အား စကားပြောသောအခါ မိမိ၌ မြင့်မြတ်ခြင်းသဘောနှင့် ပညာရှိ ရပေမည်။ ဥပမာအားဖြင့် ယုဒ ၁း၉ ၌ ကျွန်ုပ်တို့ဖတ်ရသည်မှာ ''ကောင်းကင် တမန်မင်း မိက္ခေလမူကား၊ မောရှေ၏ကိုယ်ကိုအကြောင်းပြု၍ မာရ်နတ်နှင့် ငြင်းခုံသောအခါ ကဲ့ရဲ့စွာသော ပြစ်တင်ခြင်းကို မပြုဝံ့ဘဲ၊ ထာဝရ ဘုရားသည် သင့်ကို ဆုံးမတော်မူစေသတည်း ဟူ၍သာ ပြောဆို၏။'' ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းသော လူသားတို့အပေါ် ထား ရှိသော စိတ်သဘောနှင့် ပတ်သက်၍ အထူးသဖြင့် အလွန်အမင်း အရွဲ့တိုက်၍ ပြောဆိုသောအခါများတွင်ပင် အထူးဂရုပြုရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် အစဉ်နူးညံ့သိမ်မွေ့သော သဘောရှိရပေမည်။ (ယော ၆း၁)

D.L. Moody သည် ချီကာဂို လမ်းပေါ်မှာ သွားနေစဉ် အရက်မူး သမားကား တယောက်မူးလျက်ထွက် လာသည်ကို တွေ့သောအခါ ကျေးဇူး တော်ကြောင့်သာ မဟုတ်ခဲ့လျှင် ဒွိုက် မူးဒီ ဒီလိုဖြစ်မယ်ဟု ပြောလိုက်သည်။ ဘုရားရဲ့ကျေးဇူးတော်ကြောင့်သာ ကျွန်ုပ်တို့က ခြားနားရခြင်းဖြစ်သည်။

## ၅။ မောရှေနှင့် အာရုန်တို့ ဂတိတော်ပြည်သို့ မဝင်ရပါ

မောရှေ၏ လုပ်ရပ်အတွက် ဘုရားသခင်သည် သူနှင့် အာရုန်ကို ဂတိတော်ပြည်သို့ ပို့ဆောင်ခွင့် မပေးတော့ချေ။ ထာဝရဘုရားကလည်း၊ သင်တို့သည် ငါ့ကို မယုံကြည်၊ ဣသရေလအမျိုးတို့ ရှေ့မှာ ငါ့ကို

မရှိသေသောကြောင့်၊ ဤပရိသတ်တို့အား ငါပေးသောပြည်သို့ ပို့ဆောင်ခွင့်ကို သင်တို့မရကြဟု မောရှေနှင့် အာရုန်တို့အား မိန့်တော်မူ၏ (တော ၂၀း၁၂)။ ဘုရားသခင်သည် ခေါင်းဆောင်များအတွက် စံနှုန်းမြင့်မားစွာထားသည်။ – ၄င်းတို့သည် အံ့ဖွယ်ထူးကဲလွန်းလှသည်။ မောရှေသည် ဣသရေလ လူမျိုးတို့အတွက် များစွာ အနစ်နာခံခဲ့ပြီး ကာဒေရှဗာနာ၌ သူတို့ နားမထောင်ခဲ့သောကြောင့် ဂတိတော်ပြည်သို့ မဝင်ခဲ့ရပါ။ သူတို့ကြောင့် သူ့အတွက် တန်ဖိုးအရှိဆုံး ဂတိတော်ပြည်နှင့် ဝေးခဲ့ရသည်။

မောရှေ လျှောက်လှမ်းခဲ့ရသည့် ခရီးလမ်းရှည်ကြီးအား စဉ်းစားကြည့်ပါ။ သူသည် ဖာရောဘုရင်၏ နန်းတော်ထဲတွင် အနှစ် (၄၀) ပြင်ဆင်ခြင်းခံရပြီး တောထဲတွင် နောက်ထပ်အနှစ် (၄၀) လေ့ကျင့်ခြင်းခံခဲ့ရသည်။ ထို့အပြင် သူကိုင်တွယ်ရသော လူများကြောင့် ကန္တာရတောထဲတွင် နောက်ထပ် အနှစ် (၄၀) လှည့်လည်ရပြန်သေးသည်။

မောရှေသည် ဂတိတော်ပြည်ထဲသို့ လွန်ခဲ့သည့် ၃၈ နှစ်ကပင် ဝင်စားသင့်ခဲ့ပြီဖြစ်သည်။ မည်သို့ပင်ဆိုစေ ဂတိတော်ပြည်ထဲသို့ ဝင်ရောက်ခွင့်တည်းဟူသော သူ့အဖို့ တန်ဖိုးအရှိဆုံးအရာကို ငြင်းပယ်ခံခဲ့ရသည်။ ကျောက်ထဲမှ ရေထွက်ရန် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ကျောက်ကို မှာထားရမည့်အစား မောရှေ ကျောက်ကို နှစ်ကြိမ်ရိုက်ခဲ့ခြင်း သည် မည်မျှပြင်းထန်သော အမှုအရာဖြစ်ကြောင်း ဣသရေလအမျိုးနှင့်တကွ လာမည့် မျိုးဆက်တိုင်းကို ဘုရားသခင် သွန်သင်ပြသခဲ့သည်။ ကျောက်ကို နှစ်ကြိမ်ရိုက်ခဲ့ခြင်းသည် ခရစ်တော်အနေနှင့် တစ်ကြိမ်ထက်ပို၍ အသေခံရမည့် သဘောဖြစ်နေပေသည်။

### ၆။ ဧဒုံလူမျိုးတို့က ဣသရေလလူမျိုးတို့ကို ဖြတ်သန်းခွင့်မပြု

တော ၂၀း၁၄–၂၁ တွင် မောရှေသည် ဧဒုံ ဘုရင်အား ပြည်ကို ဖြတ်သန်းခွင့်တောင်းသည်။ ဧဒုံကလည်း၊ သင်သည် ငါ့ပြည် အလယ်၌ မလျှောက်မသွားရ၊ လျှောက်သွားလျှင်၊ ဓားလက်နက်နှင့် ဆီးတားမည်ဟု ပြန်ပြော၏။ ဣသရေလအမျိုးတို့ကလည်း၊ မင်းလမ်းသို့သာ ရှောက်လိုက်ပါမည်။ ကိုယ်တိုင်မှစ၍ တိရစ္ဆာန်တို့သည် ကိုယ်တော့်ရေကို သောက်လျှင် အဖိုးကို ပေးပါမည်။ အခြားသောအမှုကို မပြုဘဲ၊ ခြေဖြင့်သွားရုံမျှသာ ပြုပါမည်ဟု ဆိုသော်လည်း၊ ဧဒုံက၊ သင်သည် လျှောက်၍ မသွားရဟု ဆိုလျက်၊ များစွာသော ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ဆီးတားခြင်းငှါ ထွက်လာ၏။ ထိုသို့ ဧဒုံသည် သူ၏ပြည်အလယ်၌ လျှောက်သွားခွင့်ကို

ကာလသရေလအား မပေးသောကြောင့်၊ ကာလသရေလသည် လွဲရှောင်လေ၏ (တော ၂၀း၁၈–၂၁)။

ဒေုံလူမျိုးတို့သည် ဧသော၏မျိုးဆက်ဖြစ်ပြီး (ကမ္ဘာ ၂၅း၃၀၊ ၃၆း၈) ဧသောသည် ယာကုပ်၏ အစ်ကိုဖြစ်ပြီး ကာလသရေလလူမျိုးမှာ ယာကုပ်၏ သားစဉ်မြေးဆက်များဖြစ်သည်။ ထို့ကြောင့် ဒေုံလူမျိုးများနှင့် ကာလသရေလ လူမျိုးများမှာ အမျိုးအရင်းများ ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေ ဒေုံလူမျိုး များသည် သူ၏ညီအစ်ကိုဖြစ်သော ကာလသရေလလူမျိုးအား ယင်းတို့ပိုင်နက် မြေတွင်းမှ ဖြတ်သန်းခွင့်မပေးခဲ့ပေ။ ဘုရားသခင်သည် ထိုအမှုကို အစဉ် မှတ်သားထားသည်။ အကယ်၍ သင့်အား ကူညီသင့်ပါလျက်နှင့် ကူညီရန် ငြင်းဆိုခဲ့ပါက ဘုရားသခင်သည် ထိုအမှုကို ထိုသူတို့တစ်ဘက်မှနေ၍ မှတ်သားထားပေသည်။

## ၇။ အာရုန်သေဆုံးခြင်း

အာရုန်သေဆုံးခြင်းကို တော ၂၀း၂၃–၂၉ တွင် မှတ်တမ်းတင်ထားသည်။ မောရှေသည် အာရုန်၏ အဝတ်ကို ချွတ်၍ သားလေဧာဇာကို ဝတ်စေပြီးမှ၊ အာရုန်သည် တောင်ထိပ်၌သေလေ၏။ မောရှေနှင့် လေဧာဇာတို့သည် တောင်ပေါ်ကဆင်းလာကြ၏။ အာရုန်သည် အနိစ္စရောက်ကြောင်းကို ပရိသတ်အပေါင်းတို့သည် သိမြင်သောအခါ၊ ကာလသရေလအမျိုးရှိသမျှတို့သည်၊ အာရုန်အတွက် ရက်သုံးဆယ်ပတ်လုံး ငိုကြွေးမြည်တမ်းခြင်းကိုပြုကြ၏ (တော ၂၀း၂၈–၂၉)။ အာရုန်သေဆုံးခြင်းက မောရှေအား သက်တူရွယ်တူမကျန်ရှိဘဲ ဖြစ်စေသည်။ လူကြီးမျိုးဆက် သေဆုံးသွားပြီး အာရုန်သေဆုံးခြင်းကြောင့် မောရှေအလွန်အထီးကျန်ရသည်။

## ၈။ ကာလသရေလလူမျိုးတို့စိတ်ဓါတ်ကျခြင်း

ကာလသရေလလူမျိုးတို့သည် ဟေမာအရပ်၌ ခါနန် လူမျိုးတို့ကို အောင်နိုင် ခဲ့သည်။ (တော ၂၁း၁–၃) တော ၂၁း၄ တွင် သူတို့ စိတ်ဓါတ်ကျ၍ တဖန် သခင်နှင့် မောရှေအား ပြစ်တင်မြည်တမ်းပြန်သည်။ ဟောရတောင်မှ ထွက်၍ ဒေုံပြည်ကို ဝိုင်းခြင်းငှါ၊ ဒေုံပင်လယ် လမ်းဖြင့် ချီသွားကြစဉ်၊ အသွား ခက်သောကြောင့်၊ လူများတို့သည် စိတ်အားလျော့ကြ၍၊ . . . .

လမ်းခရီးသည် အလွန်ခက်ခဲလာပြီး သူတို့၏ မနာခံခြင်း၏ ရလဒ်သာ ဖြစ်သည်။ ''ကောင်းသော ဉာဏ်ရှိသောသူသည် မျက်နှာရတတ်၏။

ပြစ်မှားသော သူတို့လမ်းမှုကား၊ ခက်သော လမ်းဖြစ်၏'' (သု ၁၃း၁၅)။ ''စိတ်နှလုံး ဖောက်ပြန်သောသူဖြစ်စေ၊ သူတော်ကောင်းဖြစ်စေ၊ မိမိအကျင့်တို့နှင့် ဝလိမ့်မည်'' (သုတ္တံ ၁၄း၁၄)။ သူတို့စိတ်ပျက်သောကြောင့် ဘုရားသခင်နှင့် မောရှေကို အပြစ်တင်ကြပြန်သည်။ သင်သည် ငါတို့ကို ဤတော၌ သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ၊ ရေလည်း မရှိ၊ ဤပေါ့ပျက်သော စားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့် မောရှေကို ဆန့်ကျင်ဘက်ပြု၍ ဆိုကြ၏ (တော ၂၁း၅)။ သူတို့သည် ဘုရားသခင်ပြင်ဆင်ပေးသော မန္နကို မထီမဲ့မြင်ပြုကြသည်။ ဘုရားသခင်ပြုသော နိမိတ်လက္ခဏာများကို မေ့လျော့ကြသည်။

အချို့သော သူတို့သည် ၎င်းတို့ ရွေးချယ်သော လမ်းဖြစ်သော်ငြားလည်း ထိုလမ်းကြမ်းတမ်းခက်ခဲသောအခါ ဘုရားသခင်အား ဆန့်ကျင်ပြောဆိုတတ်ကြသည်။

## ၉။ ကြေးဝါမြွေ

ဘုရားသခင်သည် ဣသရေလလူမျိုးကို မနှစ်သက်ဘဲ မီးမြွေကို စေလွှတ်၍ ဆုံးမခဲ့သည်။ လူများ သေဆုံးကြသည်။ ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလအမျိုးတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူများစွာ ကိုက်ခံရသဖြင့် သေကြ၏ (တော ၂၁း၆)။

ဣသရေလလူမျိုးတို့က မောရှေအား ပြောသည်မှာ ထိုကြောင့် လူများတို့သည် မောရှေထံသို့ လာ၍ အကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ကိုယ်တော်ကို ဆန့်ကျင်လျက် ပြောဆို၍ ပြစ်မှားပါပြီ။ ထာဝရဘုရားသည် မြွေများကို အကျွန်ုပ်တို့မှ ပယ်ရှားတော်မူမည်အကြောင်း ဆုတောင်းပါဟု လျှောက်လျှင်၊ မောရှေသည် လူများအဖို့ ဆုတောင်းလေ၏ (တော ၂၁း၇)။ သူတို့ဝေဖန်ပြီးနောက် မောရှေသည် သူတို့ကို ခွင့်လွှတ်ပြီး ဆုတောင်း ပေးသည်။ မောရှေတွင် စစ်မှန်သောခေါင်းဆောင် နှလုံးသားရှိသည်။ ခေါင်းဆောင်များသည် မိမိလူတို့ကို ခွင့်လွှတ်ရန်လိုသည်။

မီးမြွေများအတွက် ဘုရားသခင်၏ အဖြေကို တော ၂၁း၈–၉ တွင် တွေ့ရ သည်မှာ ထာဝရဘုရားကလည်း၊ မီးမြွေရုပ်ကိုလုပ်၍ တိုင်ပေါ်မှာ မြှောက် ထားလော့။ မြွေကိုက်ခံရသူတိုင်း ကြည့်ရှုလျှင် အသက်ချမ်းသာရလိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ မောရှေသည် ကြေးဝါဖြင့် မြွေလုပ်၍ တိုင်ပေါ်မှာ မြှောက်ထားပြီးလျှင်၊ မြွေကိုက်ခံရသူက ကြေးဝါမြွေကို

ကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏။

ဘုရားသခင်သည် မောရှေအား ကြေးဝါမြွေရုပ်ကို ပြုလုပ်၍ တိုင်ပေါ်တွင် ချိတ်ထားစေသည်။ ထိုမြွေကို ကြည့်သောသူများအသက်ရှင်သည်။ ယေရှုက ၄င်းကို ယော ၃း၁၄–၁၅ တွင် ကိုးကားထားသည်မှာ မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း။ ငယ် ၁၅ တွင် ယေရှုကို ကြည့်သော သူတို့သည် ကယ်တင်ခြင်းရရှိသည်။ ငါသည်လည်း မြေကြီးနှင့်ခွါ၍ မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ ငါဆွဲမည်ဟု မိန့်တော်မူ၏ (ယော ၁၂း၃၂)။

### ၁၀။ စမ်းရေတွင်း

တော ၂၁း၁၇–၁၈ တွင် ဖတ်ရသည်မှာ ထိုအခါ ဣသရေလအမျိုးက၊ အိုတွင်းရေ၊ ထွက်လော့။ ထွက်အောင် သီးချင်းဆိုကြလော့။ တရားမင်း စီရင်သည်အတိုင်း၊ မှူးမတ်တို့သည် ရေတွင်းကို တူးကြပြီ။ လူတို့တွင် အကဲအမှူးတို့သည် တောင်ဝှေးတို့နှင့် ရေတွင်းကို တူးကြပြီဟု သီချင်းဆိုလေ၏။ ဤ မထင်ရှား သေးငယ်သော အဖြစ်အပျက်ဟု ထင်မြင်ရသော အရာသည် ကြီးကျယ်လေးနက်သော ဝိညာဉ်ရေးရာ သက်ရောက်မှုနှင့် သမ္မာတရားတို့ ပါဝင်ချိတ်ဆက်နေပေသည်။ ဤကျမ်းပိုဒ်တွင် ရေတွင်းသည် ကယ်တင်ခြင်းကို ပုံဆောင်သည်။ သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ကယ်တင်ခြင်းစမ်းရေတွင်းတို့၌ ရေခပ်ရကြလိမ့်မည် (ဟေရှာ ၁၂း၃)။ ရေတွင်း နားမှ အမျိုးသမီးအား ယေရှု ပြောသည်မှာ ငါပေးသောရေကို သောက်သော သူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသော ရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလိုငှါ ထွက်သော စမ်းရေဖြစ်လိမ့် မည်ဟု မိန့်တော်မူ၏ (ယော ၄း၁၄)။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌ ရေတွင်းကိုထည့်ပေးသည်။

သို့သော် အဖြေဟံတူးသောရေတွင်းကို ဖိလိတ္တိ လူတို့က ပိတ်သလို ကျွန်ုပ် တို့၏ ရေတွင်းလည်း ပိတ်နိုင်ပါသည်။ သိုးစု၊ နွားစုများ၊ ကျွန်များနှင့် ပြည့်စုံ ကြွယ်ဝ၏။ ထိုကြောင့်၊ ဖိလိတ္တိလူတို့သည် သူ့ကို ငြူစူကြ၏။ အဘအာဖြဟံ လက်ထက်၌၊ အဘ၏ ကျွန်တို့တူးသောရေတွင်း ရှိသမျှတို့ကို မြေနှင့်

ဖို့ပိတ်ကြ၏ (ကမ္ဘာ ၂၆း၁၄–၁၆)။

ဖိလိတ္တိလူတို့သည် မနာလိုခြင်းကို ကိုယ်စား ပြုသည်။ မနာလိုခြင်းက ရေတွင်းကို ပိတ်နိုင်သည်။ ထိုအခါ ဣဇာက်သည်၊ အာဘအာဖြဟံ ကျွန်တို့ တူး၍၊ အာဘသေသောနောက်၊ ဖိလိတ္တိလူတို့ဖို့သောရေတွင်းတို့ကို တူးဖော်ပြန်၍၊ အထက်က အာဘသမုတ်သောအမည်ဖြင့် သမုတ်လေ၏။ ဣဇာက်ကျွန်တို့လည်း၊ ချိုင့်ထဲ၌ တူး၍ စမ်းရေတွင်းကို တွေ့ကြ၏။ ဂေရာအမျိုးနွားကျောင်းသားတို့ကလည်း ဤရေသည် ငါတို့ရေဖြစ်၏ဟု၊ ဣဇာက်၏နွားကျောင်းသားတို့နှင့် လုယက်ပြောဆိုကြ၏။ ထိုသို့အချင်းချင်း လုယက်ကြသောကြောင့်၊ ထိုရေတွင်းကို သောက်အမည်ဖြင့်မှည့်လေ၏။ နောက်တစ်ဖန် အခြားသော ရေတွင်းကို တူးပြကြ၏။ ထိုရေတွင်းကိုလည်း တစ်ဖန် လုကြသောကြောင့်၊ သိတန်နအမည်ဖြင့် မှည့်လေ၏ (ကမ္ဘာ ၂၆း၁၈–၂၁)။

ဣဇက်သည် ရေတွင်းတခုအား 'ရန်လိုခြင်း' ဟု အဓိပ္ပါယ်ရသော ' အီဇက်' အမည်ဖြင့်မှည့်ပြီး နောက်ကတွင်းအား 'မုန်းတီးခြင်း' ဟု အဓိပ္ပါယ်ရသော 'စစ်န' ဟု မှည့်သည်။ ရန်လိုခြင်းနှင့် မုန်းတီးခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေတွင်းများကို ပိတ်ဆို့နိုင်သည်။ အဓိက ပိတ်ဆို့သော အပြစ်မှာ မနာလိုခြင်း ရန်လိုခြင်းနှင့် မုန်းတီးခြင်းဖြစ်သည်။

ရေတွင်းပြန်ဖွင့်မည့်သော့ချက်နှစ်ခုကို တော ၂၁း၁၇–၁၈ တွင် တွေ့ရသည်။ ပထမသော့မှာ နှလုံးသာရေတွင်းကို သီချင်းဆိုရန်ဖြစ်သည်။ ထိုရေတွင်းတို့အား အသင်းတော်လူကြီးများအားဖြင့် သင်းအုပ်ဆရာ သို့မဟုတ် ဝိညာဉ်ရေးရာ အတိုင်ပင်ခံသောသူတို့၏ ညွှန်ကြားမှုအောက်၌ အသစ်တဖန်ပြန်လည် တူးဖော်ရမည်ဖြစ်သည်။ ထိုရေတွင်းတို့အား တောင်ဝှေးများ (အခွင့်အာဏာကို ကိုယ်စားပြုသည်)နှင့် ဘုရားသခင်၏ ပညတ်တော် သို့မဟုတ် နှုတ်ကပတ်တော် နှင့်အညီ တည်ကြည်ဖြောင့်မတ်ခြင်းတို့အားဖြင့် တူးဖော်ရမည်ဖြစ်သည်။ ထိုရေတွင်းများတူးဖော်ပြီးသောအခါ သူတို့အား ကျွန်ုပ်တို့ သီချင်း သီဆိုသည်နှင့်အမျှ ၄င်းတို့ပြည့်လျှံ ပွက်ထနေပေလိမ့်မည်။ ကျွန်ုပ်တို့ အသေအချာညွှန်းဆိုလိုသည့် ဝိညာဉ်ရေးရာ လေ့ကျင့်ခန်းတစ်ခုကို ဖေက် ၅း၁၉ တွင် တွေ့ရသည်။

ဤအရာသည် သူတို့၏အသက်တာအား ကဏ္ဍာရတောကို ဖြတ်သန်းနိုင်ပြီး ဂတိတော်ပြည်ထဲသို့ ဝင်ရောက်နိုင်စေခဲ့သည့် သော့ချက်ဖြစ်ပေသည်။

ကိုယ်တော်ကို ချီးမွမ်း၍ သီးချင်းဆိုသောအခါ အသက်ရေအမြစ်းဆင်း နေလိမ့်မည်။ ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးတို့ကို အချင်းချင်း

ပြောဆို ဖတ်ရွတ်၍၊ နူးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ သီဆိုကြလော့ (ဖေက် ၅း၁၉)။

ယောရှုနှင့် ကာလက်သည် ဝမ်းမြောက်သော စိတ်သဘောကို ထိန်းသိမ်းထားပြီး သူတို့ဝိညာဉ် ရေတွင်း မပိတ်ရန် ယုံကြည်ခြင်းကို ထိန်းသိမ်းကြသည်။ ၄င်းမှာ ဂတိတော်ပြည်သို့ရောက်ရှိစေသောသော့ချက် ဖြစ်သည်။ (တော ၁၄း၆–၉) ဒုတိယ သော့ချက်မှာ တော ၂၁း၁၈ တွင် ပါသည်။ တရားမင်းစီရင်သည့်အတိုင်း၊ မှူးမတ်တို့သည် ရေတွင်းကို တူးကြပြီ။ လူတို့တွင် အကဲအမှူးတို့သည် တောင်ဝှေးတို့နှင့် ရေတွင်းကို တူးကြပြီဟု သီချင်းဆိုလေ၏။ ဣသရေလ အသက်ကြီးသူတို့သည် ပညတ်တရားပေးသူ မောရှေ၏ လမ်းညွှန်မှုဖြင့် ရေတွင်းကို တူးကြသည်။ ဣသရေလ အသက်ကြီးသူသည် အသင်းတော် ခေါင်းဆောင်များကို ကိုယ်စားပြုသည်။ သင်၏ ဝိညာဉ်ရေတွင် ခမ်းခြောက်သွားပါက သင်၏ သင်းအုပ် (သို့) ဝိညာဉ်ခေါင်းဆောင်ထံသို့ သွား၍ အကူအညီ ရယူပါ။

## ၁၁။ ဗာလမ်၏ ဆိုးညစ်ခြင်း

တောထဲမှ ဂတိတော်ပြည်ဖြစ်သော ဇိအုန်တောင်သို့ရောက်ရှိရန် ဗာလမ်၏ ကျော့ကွင်းကို အောင်မြင်ရမည်။ ဗာလမ်သည် ဣသရေလလူမျိုးများစွာကို ဂတိတော်ပြည် မဝင်စေရန် ဆီးတားသည်။ ဗာလမ်အကြောင်းကို တော ၂၂–၂၅ တွင် တွေ့ရသည်။ သူသည် ဘုရားသခင်၏ ပရောဖက် ဖြစ်သော်လည်း ဖေါက်ပြန်ပြီး နတ်ဝိဇ္ဇာ အတတ်သို့စွဲသည်။ သူသည် သာမန်ပရောဖက် မဟုတ်ဘဲ ဘုရားသခင်က သူ့ကို ထင်ရှားပြသည်။ သို့သော် ငွေနှင့် ရာထူးကို တပ်မက်ခြင်းကြောင့် လဲကျခဲ့သည်။

သူသည် နှစ်ဘဝဖြင့် အသက်ရှင်သည်။ ဘဝအစပိုင်းတွင် ဘုရားသခင်ပေါ် ဆက်ကပ်၍ အံ့သြဘွယ်ရာဆုကျေးဇူးကို ရရှိသည်။ ဘုရားသခင်သည် ကိုယ်တိုင်ထင်ရှားပြခြင်းကို ခံရသည်။ ဘုရားသခင်သည်နတ်ဝင်သူများထံ မထင်ရှားပြပါ။ သူအသက်တာတွင် ဝိညာဉ်ရေး အရောအနှောရှိသည်။ တခါတရံ စစ်မှန်သောဘိသိက်ခြင်းဖြင့် လုပ်ဆောင်သည်။ တခါတရံ နတ်ဝိဇ္ဇာအတတ်ဖြင့် လုပ်ဆောင်သည်။ ဗာလမ်အသက်တာတွင် လောဘကြီးခြင်း၊ ရုပ်တု ကိုးကွယ်ခြင်း၊ အခြားသူများမေထုန်ကျူးလွန်စေရန်တိုက်တွန်းခြင်း နတ်ဝိဇ္ဇာအတတ်ပညာဖြင့်ပြခြင်း၊ ဘိသိတ်ခြင်းအမှန်နှင့် အမှား ရောစပ်ခြင်းတို့ကို တွေ့ရသည်။ ပေတရုက ဗာလမ်ကို မှားယွင်းသော ပရောဖက်ဟု

မြင်သည်။ သူတို့သည်သူ့မယားကို ပြစ်မှားသော ကိလေသာနှင့်ပြည့်စုံသော မျက်စိရှိ၍၊ ဒုစရိုက်ကို မပြုဘဲမနေနိုင်ကြ။ စိတ်နှလုံးမတည်ကြည်သောသူတို့ကို အပြစ်သို့သွေးဆောင်တတ်ကြ၏။ လောဘလွန်ကျူးခြင်း၌ ကျင်လည်၍၊ ကျိန်တော်မူခြင်း၏ သားဖြစ်ကြ၏။ ဖြောင့်မတ်သောလမ်းထဲက ထွက်၍ လွဲသွားသဖြင့်၊ ဗောသော်၏သား ဗာလမ်၏လမ်းကိုလိုက်ကြ၏ (၂ပေ ၂း၁၄–၁၅)။ သူတို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကာဣန နောက်သို့ လိုက်ကြ၏။ အခကို ရခြင်းငှါ ဗာလမ် မှားယွင်းသကဲ့သို့ အလွန် မှားယွင်းခြင်း ရှိကြ၏။ ကောရ၏ ငြင်းခုံခြင်း အပြစ်နှင့် ဖျက်ဆီးခြင်းသို့ ရောက်ကြ၏ (ယုဒ ၁း၁၁)။

ဗျာ ၂း၁၄ တွင် ဗာလမ်၏ အယူကို သူတပါး ရုပ်တုကိုးကွယ်ရန်နှင့် မေထုန်ကျူးလွန်ရန် သွေးဆောင်ခြင်းအဖြစ် တွေ့ရသည်။ သို့သော်လည်း ဣသရေလအမျိုးတို့သည် ရုပ်တုရှေ့မှာ ပူဇော်သော ယဇ်ကောင်ကို စားစေခြင်းငှါ၄င်း၊ မတရားသောမေထုန်ကို ပြုစေခြင်းငှါ၄င်း၊ ထိမိ၍ လဲစရာအရာကို သူတို့ရှေ့၌ ချထားမည်အကြောင်း ဗာလက်မင်းကို အကြံပေး သောသူတည်း ဟူသော ဗာလမ်၏အယူကို စွဲလမ်းသောသူတို့သည် သင်၏ နေရာ၌ ရှိကြသည်ဖြစ်၍၊ သင်၌ အနည်းငယ်သော အပြစ်တင်စရာရှိ၏။

ယောရှု ၁၃း၂၂ တွင် ဗာလမ်ကို အနာဂတ်ဟောသူနှင့် နတ်ဝိဇ္ဇာ သုံးစွဲသူဟု ခေါ်သည်။ ပရောဖက်လုပ်သော ဗောရသား ဗာလမ်ကိုလည်း၊ အသေခံသော သူတို့နှင့်ရော၍ ဣသရေလလူတို့သည် ထားနှင့်ကွက်မျက်ကြ၏။ ထို့ကြောင့် ဝိညာဉ်နှစ်မျိုး၏ လမ်းညွှန်မှုအောက်တွင်နေရန်ဖြစ်နိုင်ပြီး တစ်ခါတစ်ရံ ဘိသိက်ခြင်း အောက်၌အသက်ရှင်၍ တခါတရံ ဝိညာဉ်ဆိုး လက်အောက်၌ အသက်ရှင် နိုင်သည်။

ဗာလမ်၏ ပရောဖက်ပြုခြင်းအမှုသည် ကြီးမားသောအရှိန်အဝါ ရှိသော်ငြားလည်း အကြောင်းမလှစွာပင် သူသည် မတူညီသော ဝိညာဉ်တန်ခိုး လမ်းကြောင်း နှစ်ခုစလုံးနှင့် ပါဝင်ပတ်သတ်ခဲ့သည်။ ဗာလမ်၏ စိတ်နေ သဘော၏ ဦးတည်ချက်မှ ယိုယွင်းသွားခဲ့ပြီး ထို့ကြောင့်ပင်လျှင် သူသည် လမ်းကြောင်းမှန်မှ လွဲချော်သွားခဲ့သည်သာမက အခြားသူများကိုလည်း လမ်းမှားရောက်စေခဲ့သည်။

တော ၂၂း၁–၁၄ တွင် ဣသရေလလူမျိုးတို့သည် မောဘလွင်ပြင်၌ တပ်ချကြသည်။ မောဘလူမျိုးတို့က သူတို့ကို ကြောက်ကြသည်။ ထို့ကြောင့် မောဘဘုရင် ဗာလက်သည် ငွေပေးပြီး ဣသရေလလူမျိုးကို ဗာလမ်းအား

ကျိန်ဆဲစေသည်။ ၎င်းတို့အနေနှင့် ဗာလမ်အားကြီးမားသောဝိညာဉ်တန်ခိုးရှိသူဟု ရှုမြင်ကြသည်။ ဗာလမ်က ဘုရားသခင်ထံ မေးလျှောက်ရန် တစ်ညနေစေသည်။ ဘုရားသခင်က သူတို့နှင့် မလိုက်ရန်ပြောသည်။ ဗာလမ်အား ဣသရေလလူမျိုးကို သူမကျိန်ဆဲနိုင်ကြောင်း ပြောသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရား၏ကောင်းချီးခံစားရသောလူမျိုးဖြစ်သည်။

ဗာလက်မင်းသည် ပိုရာထူးကြီးသော သူတို့ကို စေလွှတ်လျက် ကမ်းလှမ်းပြန်သည်။ ငါသည် ကိုယ်တော်ကို အလွန်ချီးမြှောက်မည်။ ကိုယ်တော်တောင်းသမျှကိုပေးမည်။ သို့ဖြစ်၍ ကြွလာပါ။ ဤလူမျိုးကို ငါ့အဖို့ကျိန်ဆဲပါဟု မိန့်တော်မူကြောင်းကို ပြန်ပြောကြ၏ (တော ၂၂း၁၇)။ ငွေကြေးနှင့်ဂုဏ်ပြုခြင်း ခံလိုသောကြောင့် ဗာလမ်သည် ဘုရားသခင် စိတ်ပြောင်း၍ သူကိုသွားခွင့်ပြုရန် မျှော်လင့်သည် (တော ၂၂း၁၉)။

ညအချိန်၌ ထာဝရဘုရားသည် ဗာလမ်ရှိရာသို့လာ၍၊ ထိုလူတို့သည် သင့်ကိုခေါ်ခြင်းငှါလာလျှင်၊ သူတို့နှင့် အတူထ၍ လိုက်လော့။ သို့ရာတွင် ငါမှာထားသမျှ အတိုင်းသာပြုရမည်ဟု မိန့်တော်မူ၏။ နံနက်ရောက်မှ ဗာလမ်ထ၍ မြည်းကို ကုန်းနှီးတင်ပြီးလျှင်၊ မောဘအရာရှိတို့နှင့်အတူ လိုက်လေ၏။ ထိုသို့ လိုက်သောကြောင့်၊ ဘုရားသခင် အမျက်တော်ထွက်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့ကိုဆီးတားခြင်းငှါ လမ်း၌ရပ်နေ၏။ ထိုအခါ ဗာလမ်သည် မြည်းကိုစီး၍ ငယ်သားနှစ်ယောက်နှင့် သွားစဉ်တွင်၊ (တော ၂၂း၂၀–၂၂) ဗာလမ်သည် ငွေကြေးနှင့် ရာထူးလိုချင်သောကြောင့် သူတို့နှင့် လိုက်သွားသည်။ ဘုရားသခင်က မသွားရန်ပြောပြီးသား ဖြစ်သော်လည်း သူထပ်တောင်းလျှောက်သည်။ ဤတစ်ကြိမ်တွင် ဘုရားသခင်က စိတ်ဆန္ဒကြောင့် သွားခွင့် ပေးသော်လည်း သူ့ကို စိတ်ဆိုးပြီး လမ်းခရီးတွင် သတ်ရန်ရှာသည်။ ထိုသို့လိုက်သောကြောင့်၊ ဘုရားသခင်အမျက်ထွက်၍ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့ကို ဆီးတားခြင်းငှါ လမ်း၌ရပ်နေ၏။ ထိုအခါ ဗာလမ်သည် မြည်းကို စီး၍ ငယ်သား နှစ်ယောက်နှင့် သွားစဉ်တွင်၊– ထာဝရဘုရား၏ကောင်းကင်တမန်သည် ထားကို မိုးလျက်၊ လမ်း၌ ရပ်နေသည်ကို မြည်းသည် မြင်လျှင်၊ လမ်းလွှဲ၍ လယ်သို့ ဝင်လေ၏ (တော ၂၂း၂၂–၂၃)။

ဗာလမ်စီးသောမြည်းသည် ကောင်းကင်တမန် ဓားကိုင်သည်ကို မြင်သောကြောင့် ရှောင်လိုက်သည်။ ဗာလမ်က ကောင်းကင်တမန်ကို မမြင်သောကြောင့် သူ့မြည်း၏ ထူးဆန်းသောအပြုအမူကို စိတ်ဆိုးခဲ့သည်။ ဗာလမ်စိတ်ဆိုးလှသဖြင့်

ဘုရားသခင်သည် မြည်းကို စကားပြောစေသဖြင့် သူကလည်း ပြန်ပြောသည်။ ဘုရားသခင်သည် ဗာလမ်မျက်စိကို ဖွင့်၍ ကောင်းကင်တမန်ကိုမြင်စေသဖြင့် သူနိုမ့်ချလိုက်သည်။ ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ သင်၏ မြည်းကို သုံးကြိမ်တိုင်အောင် အဘယ်ကြောင့် ရိုက်သနည်း။ သင်သွားသော လမ်းသည် ငါနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် သင့်ကို ဆီးတားခြင်းငှါ ငါထွက်လာပြီ (တော ၂၂း၃၂)။

ဗာလမ်ကလည်း၊ အကျွန်ုပ် ပြစ်မှားပါပြီ။ ကိုယ်တော်သည်လမ်း၌ ကန့်လန့် နေတော်မူသည်ကို အကျွန်ုပ် မသိပါ။ ယခုမှာအလိုတော် မရှိလျှင် အကျွန်ုပ် ပြန်သွားပါမည်ဟု ထာဝရဘုရား၏ ကောင်းကင်တမန်အား ဆိုလျှင်၊ (တော ၂၂း၃၄) ဗာလမ်သည် ဣသရေလလူမျိုးကို ကျိန်ဆဲရန် ဗာလက်၏ လူတို့နှင့် မလိုက်သင့်ကြောင်းကို သူသိသည်။ သူမှားနေကြောင်းကို သိသည်။ ဗာလမ် အသက်တာအားဖြင့် ဘုရားသခင် အကျွန်ုပ်ကို ဘာစကားပြောသနည်း။ ဗာလမ်လိုပင် ခရစ်ယာန် များစွာတို့သည် အလိုတော် မဟုတ်မှန်းသိသော်လည်း ဘုရားသခင် လက်မခံမချင်း ဆက်မေးကြသည်။ ဘုရားသခင်သည် မိမိ လုပ်ချင် တာကိုလုပ်ပြီး ဘုရားဖေါ်ပြကြောင်းပြောသူများကို မနှစ်သက်ပါ။ ဘုရားသခင် ပရောဖတ်ပြုချက် သို့မဟုတ် ရူပါရုံနှင့်ပင်လျှင် အတည်ပြုခဲ့ကြောင်း ပြောလေ့ ရှိသည်။

ဘုရားသခင် ကျွန်ုပ်တို့အား သတိပေးလိုသည်မှာ အကယ်၍ ကိုယ်တော်၏ အလိုထက် ကျွန်ုပ်အလိုဆန္ဒကို ဦးစားပေးချင်သည်ဆိုလျှင် ကိုယ်တော်သည် ‘ လုပ်ပါ’ ဟု ပြောကောင်းပြောမည်ဖြစ်ရုံသာမက အတည်ပြုချက်များ ရရှိခွင့်ကို ပင် ပေးပေလိမ့်မည်။ သို့သော် ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ထဲ၌ ပိန်ကြုံခြင်းကိုလည်း သွင်းပေးပေလိမ့်မည်။

ဣသရေလလူမျိုးတို့သည် ဘုရား၏နည်းလမ်းကို အလိုမရှိခဲ့ကြပေ။ မိမိတို့၏ နည်းလမ်းနှင့်သာ အသက်ရှင်လျှောက်လှမ်းလိုကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ၄င်းတို့အလိုရှိသောအရာကို ပေးခဲ့သည်။ တော၌အလွန် တပ်မက်၍၊ လူဆိတ်ညံရာအရပ်၌ ဘုရားသခင်ကို စုံစမ်းကြ၏။ သူတို့ တောင်းသောဆုကို ပေးတော်မူ၏။ သို့သော်လည်း၊ သူတို့၌ ပိန်ကြုံခြင်းကို သွင်းပေးတော်မူ၏။ (ဆာလံ ၁ဝ၆း၁၄–၁၅)

ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကြောက်ရွံ့လျက် ကျွန်ုပ်တို့ အသက်တာ ထဲတွင်ကြုံတွေ့ရသော အမှုကိစ္စတိုင်း၌ ‘ကျွန်ုပ်၏အလိုအတိုင်း မဟုတ်ဘဲ ကိုယ်တော့်အလိုအတိုင်းဖြစ်ပါစေ’ ဟုရင်ဆိုင်ပြောနိုင်သူများဖြစ်ပါစေ။

သို့မဟုတ်လျှင် ဂတိတော်ပြည်သို့ ကျွန်ုပ်တို့ ဘယ်သောအခါမှ ဝင်ရလိမ့်မည် မဟုတ်ပေ။

ဘုရားသခင်က ဣသရေလလူမျိုးတို့ကို ကောင်းကြီးပေးထားကြောင်း ပြောသောကြောင့် ဗာလမ်သည် သူတို့ကို မကျိန်ဆဲနိုင်မှန်းသိသည်။ (ယောရှု ၂၄း၉–၁၀) သို့သော် ငွေကို တပ်မက်ခြင်း ပြင်းထန်နေသည်။ ထို့ကြောင့် မိမိမကျိန်ဆဲနိုင်သော ဣသရေလလူမျိုးအပေါ် တရားစီရင်ခြင်း ကျရောက်စေရန် ဗာလက်အား ပြောပြသည်။ မောဘမိန်းမများကို စေလွှတ်၍ ဣသရေလ လူမျိုးတို့နှင့် မှားယွင်းစေရန် ပြောပြသဖြင့် တရားစီရင်ခြင်း ကျရောက် စေခဲ့သည်။ မောဘမိန်းမနှင့် မှားယွင်းခြင်းသည် ရုပ်တုကိုးကွယ်ခြင်း ကိုလည်း ဖြစ်စေခဲ့သည်။ (တော ၂၅း၁–၅) ဣသရေလအမျိုးတို့သည်၊ ပေဂုရဘုရားအမှု၌ ထာဝရဘုရားကို ပြစ်မှားစေခြင်းငှါ၊ ဤမိန်းမတို့သည် ဗာလမ်ပေးသော အကြံကို လိုက်၍ ပြုကြသောကြောင့်၊ ထာဝရဘုရား၏ ပရိသတ်၌ ဘေးရောက် လေသည်တကား (တော ၂၅း၁–၅၊ ယုဒ ၁း၁၁၊ ၂ပေ ၂း၁၅–၁၆)။

သို့သော်လည်း ဣသရေလအမျိုးတို့သည် ရုပ်တုရှေ့မှာ ပူဇော်သော ယဇ်ကောင်ကို စားစေခြင်းငှါ၎င်း၊ မတရားသောမေထုန်ကို ပြုစေခြင်းငှါ၎င်း၊ ထိမိ၍ လဲစရာအရာကို သူတို့ရှေ့၌ ချထားမည်အကြောင်း ဗာလက်မင်းကို အကြံပေးသောသူတည်းဟူသော ဗာလမ်၏အယူကို စွဲလမ်းသောသူတို့သည် သင်၏နေရာ၌ ရှိကြသည်ဖြစ်၍၊ သင်၌ အနည်းငယ်သော အပြစ်တင်စရာရှိ၏ (ဗျာ ၂း၁၄၊ ရော ၁၄း၃၊ သုတ္တံ ၂၈း၁၀၊ မဿဲ ၁၈း၆)။

ယနေ့အသင်းတော်တွင် ဗာလမ်များရှိနေပြီး ဘုရားသခင်၏ စံချိန်ကို လျှော့ချလျက် လောကီဆန်ခြင်းကို အားပေးကာ အကျင့်စာရိတ္တပျက်ပြားခြင်း ဖြစ်သော မတရားမေထုန်၊ ကွာရှင်းခြင်းနှင့် ပြန်လည်လက်ထပ်ခြင်းကို အားပေး ကြသည်။ (မဿဲ ၁၉း၉၊ မာကု ၁၀း၁၂၊ ရော ၇း၁–၃) သူတို့သည် ယခင်က ဘိသိက်ခြင်းခံရသော အမှုတော်ဆောင်များဖြစ်သော်လည်း မှားယွင်းသော ဘိသိက်အောက်၌ အသက်ရှင်၍ မှားယွင်းသောသွန်သင်ချက်များပေးလာသည်။ ဂတိတော်ပြည်သို့ ရောက်ရန်အတွက် ဗာလမ်၏ ထောင်ချောက်ကို ကျော်လွှား ရမည်။ အကယ်၍ ကျွန်ုပ်တို့တည်ကြည်ဖြောင့်မတ်စွာ လျှောက်လှမ်းခြင်း မရှိလျှင် ကျွန်ုပ်တို့ဘုရားသခင်၏ တန်ခိုးတော်၌ မိမိ လုပ်ဆောင်သည့် အရှိန်အဟုန် ပမာဏနှင့် ထပ်တူကြသော စာတန်၏ လွှမ်းမိုးမှု အောက်၌ စတင်၍ လုပ်ဆောင်သူများ ဖြစ်လာနိုင်သည်။

ကျွန်ုပ်တို့အသက်တာ၏ ကန္တာရကို ဖြတ်သန်း၍ ဂတိတော်ပြည်သို့ ရောက်ရာလမ်းခရီးကို လျှောက်လျက် ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်း ပမာဏသို့ ရောက်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ဒုစရိုက်နှင့် ဗာလမ်ကဲ့သို့သော လူများ၏ နည်းလမ်းကို အောင်မြင်ရပေမည်။ သတိပြုရန်မှာ ဗာလမ်သည် ဣသရေလ လူမျိုး၏ ခရီးလမ်းဆုံး ဂတိတော်ပြည်သို့ ဝင်ရန်အဆင်သင့်ဖြစ်သော အချိန်၌ပေါ်လာခြင်းဖြစ်သည်။

## ၁၂။ မျိုးဆက်သစ်ကိုရေတွက်ခြင်း

တော ၂၆ တွင် မျိုးဆက်သစ်ကိုရေတွက်သည်။ နှစ်ပေါင်း ၄၀ တောထဲ လည်ပြီးမှ ဤစာရင်းကောက်ယူသည်။ ပထမအကြိမ်မှာ အီဂျစ်ပြည်မှ ထွက်ခါစတွင် သိနာတောင်၌ ကောက်ယူသည်ကို တောလည်ရာကျမ်း အခန်းကြီး (၁)တွင် တွေ့ရသည်။

ဒုတိယအကြိမ်ကောက်သောအခါ ပထမမျိုးဆက် အားလုံးသေဆုံးပြီး ကာလက်နှင့် ယောရှုသာ ကျန်သည်။မောရှေနှင့် ယဇ်ပုရောဟိတ် အာရုန်တို့သည်၊ သိနာတော၌ ဣသရေလအမျိုးတို့ကို စာရင်းယူ၍၊ ထိုစာရင်း၌ ဝင်သောသူတစ်ယောက်မျှ မပါ။ အကြောင်းမူကား၊ ထိုသူတို့သည် တော၌ အမှန်သေရကြမည်ဟု ထာဝရဘုရားမိန့်တော်မူပြီ။ ယေဖုန္နာ၏ သားကာလက် နှင့် နုန်၏သား ယောရှုမှတစ်ပါး၊ အရင်လူတစ်ယောက်မျှ အကြွင်းမကျန်ရ (တော ၂၆း၆၄–၆၅)။

## ၁၃။ ခေါင်းဆောင်သစ်ကိုရွေးချယ်ခြင်း

မောရှေကလည်း၊ ထာဝရဘုရား၏ ပရိသတ်တို့သည် အထိန်းမရှိသော သိုးကဲ့သို့မဖြစ်မည်အကြောင်း၊ ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ဝိညာဉ်ကို အစိုးရတော်မူသော ဘုရားသခင် ထာဝရဘုရားသည်၊ ဤပရိသတ်တို့ရှေ့၌ ထွက်ဝင်နိုင်သောသူ၊ ပြင်သို့ထုတ်ခြင်း၊ အတွင်းသို့သွင်းခြင်း၊ အမှုကို တတ်နိုင်သောသူတစ်စုံတစ်ယောက်ကို သူတို့ပေါ်မှာ ခန့်ထားတော်မူပါစေသော ဟု ထာဝရဘုရားအား လျှောက်လေ၏ (တော ၂၇း၁၆–၁၇)။မိမိနေရာ ဆက်ခံသူကို ဘိသိတ်၍ ခန့်အပ်ရန်မှာ ခေါင်းဆောင်တဦးအား ဘုရားသခင် ပေးသောတာဝန် ဖြစ်သည်။ ထိုသူက ရူပါရုံကို ဆက်လက် ရှင်သန်စေပြီး ဘုရားသခင်၏ လူတို့အား ဘုရားသခင်ပြင်ဆင်သမျှဆီသို့ ပို့ဆောင်ရန် ဖြစ်သည်။ ခေါင်းဆောင်သစ်သည် လူတို့အား ဘုရားသခင် ကတိပေးသော

အမွေဆီသို့ ပို့ဆောင်ရမည်။ ဂတိတော်နှင့် ဘုရားသခင်၏ အကြံတော် အပေါ်မူတည်၍ ဣသရေလလူမျိုးများကဲ့သို့ မျိုးဆက်များစွာ ကြာနိုင်သည်။ ယောရှုသည် ဣသရေလလူတို့ကို ဂတိတော်ပြည်သို့ ပို့သော်လည်း ဒါဝိဒ် ကသာလျှင် ဗိအုန်တောင်တွင် ဘုရားသခင်၏ ငြိမ်ဝပ်ခြင်းသို့ ပို့ဆောင်လျက် ရန်သူများနှင့် နယ်မြေ အားလုံးကို သိမ်းပိုက်ခဲ့သည်။

ခေါင်းဆောင်ပြောင်းလဲခြင်းကို ဘုရားသခင်ဆုံး ဖြတ်ရမည်။ ဘုရားသခင် သည် အသက် ၁၂၀ အရွယ်ရှိသော မောရှေအား သေဆုံးတော့မည်ကို ပြခဲ့သည်။

ယခင်က ကောရနှင့် နောက်လိုက်များသည် မောရှေ၏ ခေါင်းဆောင်မှုကို ဆွဲချ၍ နေရာယူဖို့ကြိုးစားခဲ့သည်။ သိုးများသည် စားကျက် တစ်ခုတည်း၌ အမြဲတမ်း အစာစား၍ မရနိုင်ပေ။ ထိုနည်းတူ ယုံကြည်သူများသည်လည်း လတ်ဆတ်သစ်လွင်သော သမ္မာတရားများကို စားသုံးရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက ယုံကြည်သူများသည် စဉ်ဆက်မပြတ်သော ခရစ်ယာန် အသက်တာ ရပ်တည်မှု၏ဦးတည်ရာ ပျောက်ဆုံးသွားပေလိမ့်မည်။ ဘုရားသခင်၏ လမ်းညွှန်မှုအောက်၌ မောရှေသည် ခေါင်းဆောင်သစ်အတွက် ဆုတောင်းခဲ့သည်။

**ခေါင်းဆောင်အတွက် အရည်အချင်းများ**

ခေါင်းဆောင်၏အရည်အချင်းကို တောလည် ၂၇း၁၇ တွင် တွေ့ရသည်။ မောရှေကလည်း၊ ထာဝရဘုရား၏ ပရိသတ်တို့သည် အထိန်းမရှိသော သိုးကဲ့သို့မဖြစ်မည်အကြောင်း၊ ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ဝိညာဉ်ကို အစိုးရတော်မူသော ဘုရားသခင် ထာဝရဘုရားသည်၊ ဤပရိသတ်တို့ရှေ့၌ ထွက်ဝင်နိုင်သောသူ၊ ပြင်သို့ထုတ်ခြင်း၊ အတွင်းသို့သွင်းခြင်း၊ အမှုကို တတ်နိုင်သော သူတစ်စုံတစ်ယောက်ကို သူတို့ပေါ်မှာ ခန့်ထားတော်မူပါ စေသောဟု ထာဝရဘုရားအား လျှောက်လေ၏။

ခေါင်းဆောင်အတွက်အရေးကြီးသော အရည်အချင်းကို တော ၂၇း၁၇ တွင် တွေ့ရသည်။

၁။ ခေါင်းဆောင်သည် မိမိလူတို့ရှေ့တွင် ဝင်ထွက်ရမည်။
၂။ ခေါင်းဆောင်သည် လူတို့ကို ဘုရားသခင်၏ ရည်ရွယ်ချက်ထဲသို့ ပို့ဆောင် ရမည်။

သိုးများသည် စားကျက်သစ်ကို လိုအပ်ပြီး သိုးထိန်းသည် သူတို့ကို

ထားခဲ့၍ စားကျက်သစ်ကို ရှာပေးသည်။ သိုးများသည် ခရစ်ယာန်ကို ပုံဆောင်သဖြင့် (ဟောရှာ ၅၃း၆၊ ယော ၁၀း၁၄) သင်းအုပ်များနှင့် ခေါင်းဆောင်များသည် အသစ်သော သမ္မာတရားဖွင့်ပြချက်၊ အတွေ့အကြုံနှင့် ဘီသိက်ခြင်းကို ရှာဖွေရမည်။

သိုးထိန်းသည် စားကျက်တွင် သိုးများကိုသေစေနိုင်သောအဆိပ်ပင်များ မရှိစေရန် စစ်ဆေးရမည်။ အလားတူပင် ခေါင်းဆောင်များသည် မှားယွင်းသော ဩဝါဒဖြင့် ဘုရား၏လူများ ဒုက္ခမရောက်ရန်သတိထားပြီး အသစ်သော သမ္မာတရားကို ရှာလျက်ဘက်မျှ သောသတင်းစကားကိုပေးနိုင်ရမည်။

သိုးထိန်းသည် စားကျက်သစ်ကိုတွေ့ပြီးသောအခါ သိုးတို့ထံပြန်သွား၍ စားကျက်သစ်သို့ ပို့ဆောင်သည်။ ခေါင်းဆောင်များသည် လူတို့ကို သမ္မာတရား ဟောင်းမှ အသစ်ဆီသို့ပို့ဆောင်ရမည်။ ၂ပေ ၁း၁၂ လိုပင် လက်ရှိ သမ္မာ တရား၌ မြဲမြံရမည်။ ခေါင်းဆောင်များသည် မိမိကိုယ်တိုင်သေချာ မစစ်ဆေး ရသေးသော သမ္မာတရားကို မသွန်သင်ရပါ။ အသင်းတော်ထဲသို့ ဩဝါဒလှိုင်း အသစ်ရောက်ရှိတိုင်း ဘုရားသဘောရှိသောလူများနှင့် ဆွေးနွေးတိုင်ပင် သင့်ပေသည်။

ယနေ့အသင်းတော်တွင်မှားယွင်းသောဩဝါဒများစွာရှိသည်။ ၎င်းတို့၏ အသီးကို စစ်ဆေးရမည်။ (၂တိ ၂း၆)

ဆာလံ ၇၈း၇၁–၇၂ တွင် ဒါဝိဒ်သည် ဣသရေလ သိုးထိန်းဖြစ်ကြောင်း ပြောနေသည်မှာ သားငယ် ရှိသော သိုးမတို့ကို ထိန်းခြင်းအမှုမှ နုတ်၍ မိမိလူ ယာကုပ်အမျိုးသား၊ အမွေတော် ဣသရေလလူတို့ကို ကျွေးမွေးစေခြင်းငှါ ခန့်ထားတော်မူ၏။ ထိုသူသည် ရိုးဖြောင့်သောသဘောရှိသည်အတိုင်း ကျွေးမွေး၍၊ ကျွမ်းကျင်လိမ္မာသောလက်နှင့် လမ်းညွှန်ပို့ဆောင်လေ၏။ အလားတူပင် ခေါင်းဆောင်များသည် လူတို့၌ နှလုံးသားဖြူစင်စွာဖြင့် နှုတ်ကပတ်တော် ကျွေးမွေးလျက် ဦးဆောင်ရမည်။

သိုးထိန်း၏ တာဝန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သိုးထိန်းသည်နှလုံးသားဖြောင့်မတ်ခြင်းဖြင့် သိုးကို ကျွေးမွေးရန်
၂။ သူ၏ကျွမ်းကျင်မှုဖြင့် သိုးကို လမ်းပြရန်
၃။ သိုးကိုစစ်ဆေးရန်
၄။ သိုး ဒဏ်ရာကို ဆေးကြောပေး၍ ဆီဖြင့် အနာကို ဘိသိက်ပေးရန်
၅။ သိုးတို့ကို စားကျက်သစ်သို့ ပို့ဆောင်ရန်
၆။ သိုးတို့ကို ကွယ်ကာဖို့ အသက်ကို စွန့်ရန်

ခေါင်းဆောင်သည် တည်ထောင်သူ၏ အဖွဲ့အစည်း တွင် ကြီးပြင်းလာသူ ဖြစ်ရမည်။ ယောရှုသည် မောရှေလက်အောက်တွင် သင်ယူသည်။ (ထွက် ၂၄း၁၃၊ ၃၃း၁၁) ဘုရားသခင်နောက်သို့ လုံးလုံးလိုက်သည်။ အာဖြဟံ စစ်တိုက်သောအခါ မိမိအိမ်မှလေ့ကျင့်ထားသူ ၃၁၈ ယောက်ကို ခေါ်သွားသည် (ကမ္ဘာ ၁၄း၁၄) တည်ထောင်သူ ခေါင်းဆောင်နှင့် ဝိညာဉ်အိမ်တခု တည်းတွင် ကြီးပြင်းလာသောသူတွင် စိတ်သဘော ရှုပါရုံနှင့် ပန်းတိုင် တူညီသည်။ ယောရှုမှာ ထိုအချက်များ အားလုံးရှိသည်။

ယောရှုအောက်ပါသတ်မှတ်ချက်များအား ပြည့်မှီခဲ့သည်။

၁။ သူမောရှေ၏ အစေခံအမှုထမ်းဖြစ်ပြီး မောရှေ၏ အနီးက ပြုစုပျိုးထောင်ခြင်းခံခဲ့ရသည်။

၂။ သူသည် အာမလက်လူမျိုးနှင့် တိုက်ပွဲကို တိုက်ခိုက်ခဲ့သည်။ ထိုသို့အားဖြင့် သူသည် ဝိညာဉ်တိုက်ပွဲများတွင် လေ့ကျင့်ခံခဲ့ရသည်။

၃။ သူသည် မောရှေနှင့်အတူ ဘုရားသခင်၏မျက်မှောက်တော်ထဲသို့ ဝင်ရောက်ခဲ့သည်။ တစ်ကြိမ်တွင်မူ မောရှေထွက်ခွာသွားပြီးချိန်တွင် ပင်လျှင် သူသည် ထိုမျက်မှောက်တော်ထဲ၌ နေရစ်ခဲ့ပေသည်။

၄။ သူသည် သူလျှိုဆယ့်နှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်ပြီး သတင်းကောင်းကို ပြန်၍ ယူဆောင်လာသူဖြစ်သည်။

၅။ သူသည် ပညတ္တိကျမ်းစာကို ကောင်းစွာကြည့်ရှုဖတ်ရွတ်သူဖြစ်သည်။ ထိုသို့အားဖြင့် သူသည် မှန်ကန်သော ရွေးချယ်မှုများကို ပြုခဲ့သည်။

၁တိ ၃း၁–၁၃ တွင်ပါဝင်သော အသင်းတော်လူကြီးများအတွက် သတ်မှတ်ချက်များအား အထက်ပါအချက်အလက်များနှင့် ပူးတွဲ၍ စေ့စေ့ လေ့လာရန် အထူးတိုက်တွန်းပေသည်။

## တာဝန်ပေးခြင်း

ယောရှုသည် ယဇ်ပုရောဟိတ်မင်း ဧလျာဇာနှင့် ပရိသတ် ရှေ့မှာရပ်စဉ် မောရှေသည် သူ့အပေါ် လက်တင်၍ တာဝန်ပေးသည်။ ဤအခမ်းအနားတွင် အရေးကြီးသော အရာ သုံးခုဖြစ်ပျက်သည်။

၁။ ဣသရေလလူမျိုးအားလုံးက ယောရှု၏ အခွင့်အဏာကိုလက်ခံသည် (တော ၂၇း၂၂)

၂။ ယောရှုသည် ခေါင်းဆောင်သစ်ဖြစ်ရန် ဘုရားသခင်ထံမှ ကျေးဇူးတော် ဝတ်လုံကိုရရှိသည်။

၃။ မောရှေသည် ယောရှု၏ ဉာဏ်ပညာဝိညာဉ်ကိုတည့်ပေးသည် (တရားဟော ၃၄း၉)

လက်တင်ခြင်း အခမ်းအနားသည် ကျမ်းစာထဲ၌ သတ်မှတ်ချက်တစ်ခု အနေနှင့် ထည့်သွင်းထားသော အရာမဟုတ်သောကြောင့် ထိုအမှုအရာ၏ အရေးကြီးပုံကို ကျွန်ုပ်တို့အနေနှင့် လွန်ကဲစွာ ပုံကြီးချဲ့ပြော၍မရပေ။

## ၁၄။ သေးငယ်သော အမွေကိုရွေးချယ်ခြင်း

တောလည် ၃၂ တွင် လူမျိုးနှစ်ခုခွဲက ယောဒန်မြစ် တဖက်တွင် အမွေရွေးချယ်ပုံ ပါဝင်သည်။ ရုဗင်ဂဒ်နှင့် မနာရှေ အမျိုးတဝက်သည် ဘုရားသခင်၏ အကောင်းဆုံးကို မရွေးချယ်ကြပါ။ (တော ၃၂း၃၃) သို့ဖြစ်၍ ကျွန်တော်တို့သည် ရှေ့တော်၌ မျက်နှာရလျှင်၊ ဤပြည်ကို ကိုယ်တော် ကျွန်တို့အား အပိုင်ပေးတော်မူပါ။ ကျွန်တော်တို့ကို ယော်ဒန်မြစ်တစ်ဖက်သို့ ပို့ဆောင်တော်မမူပါနှင့်ဟု လျှောက်ကြ၏ (တော ၃၂း၅)။ ဂတိတော်အစမှာ ဇီအုန်တောင်အပါအဝင် ယောဒန်မြစ်တဖက်ကမ်းတွင်ရှိသော်လည်း သူတို့သည် ရှိသောနေရာတွင်သာ နေလိုကြသည်။

ဒုတိယအကြောင်းဆိုးဆုံးနှင့် ကျေနပ်ကြသည်မှာ ယောဒန်မြစ်ရှေ့ဖက်တွင် စားကျက်ကောင်း၍ သိုးနွားများစွာ ရှိသောကြောင့်ဖြစ်သည်။ သူတို့နှလုံးသားသည် လောကအရာနှင့်ပြည့်နေသည်။ နှစ်ပေါင်းများစွာကြာ၍ ဣသရေလလူမျိုးကို ဘုရားသခင် တရားစီရင်သောအခါ ရုဗင်ဂဒ်နှင့် မနာရှေတို့သည် ပထမဆုံး သိမ်းသွားခြင်းခံရသည်။

ခေါင်းဆောင်တို့ ရင်နာရသောအရာတစ်ခုမှာ လူတို့သည် သူတို့ရရှိမည့် အမွေကို သတ်မှတ်ကြခြင်း ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတွင် လူတိုင်းသည် ဘုရားသခင်ပေးလိုသောအကောင်းဆုံးကို ရရှိကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အကောင်းဆုံးကို ရရန် ကြိုးစားကြရမည်။ ယေရှုခရစ်အားဖြင့် ငါ့ကို အထက်အရပ်မှ ဘုရားသခင် ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကို ရခြင်းငှါ၊ ပန်းတုံးတိုင်သို့ ငါအား သွန်ခွန်စိုက်ပြေး၍လိုက်၏ (ဖိ ၃း၁၄)။

## ၁၅။ မျိုးဆက်သစ်အားပညတ်တရားကို ထပ်ပြောပြခြင်း

တရားဟောရာကျမ်းသည် ဂတိတော်ပြည်သို့ ဝင်ခါနီး မျိုးဆက်သစ်အား မောရှေက တရားဟော၍ တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်။ အီဂျစ်ပြည်မှ ထွက်လာသောသူတို့မိဘများသည် တောထဲတွင် သေဆုံးကြသည်။ မောရှေ

သည် တရားဟောရာကျမ်း၌ အီဂျစ်ပြည်မှ ထွက်သည့် အချိန်ကစ၍ သူတို့၌ ဖြစ်ပျက်သမျှကို ပြန်လည်သုံးသပ်ထားသည်။ ခါနန်ပြည် အမွေတော်ပြည်ကို သိမ်းပိုက်ခြင်းဆီသို့ မျှော်ကြည့်လျှက် မျိုးဆက်သစ်၌ ဂတိတော်ပြည့်စုံခြင်းကို မြင်ရသည်။

ဂရိဘာသာဖြင့် တရားဟောရာကျမ်းသည်' ဒုတိယပညတ်' ဟု ဆိုလိုသည်။ ၄င်းသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ က သိနာတောင်တွင် ပေးခဲ့သော တရားကို ထပ်ကျော့ခြင်းဖြစ်သည်။ တရားဟောရာကျမ်း၌ မောရှေသည် ဤဒုတိယ မျိုးဆက်ကို ဂတိတော်မြေသို့ ဝင်ရန်ပြင်ဆင်သည်။

သတိပေးချက်များနှင့် ပြည့်ဝနေသည်။ ဘုရားသခင်သည် မိမိလူတို့အပေါ် ချပေးမည်။ ကောင်းကြီးကို ကြိုမြင်ပြီး လူများစွာတို့ မိမိအားမေ့လျော့မည်ကို တွေ့မြင်သည်။ ထို့ကြောင့် မောရှေသည် ဣသရေလတို့အား ဘုရားသခင်သည် သူတို့အား ကောင်းကြီးမင်္ဂလာထဲသို့ဝင်စားပြီးလျှင်လည်း ဘုရားသခင်အား မမေ့ရန် တိုက်တွန်းသည်။ ယောဒန်မြစ်တဖက် ဂတိတော်ပြည်သို့ ညွှန်ပြရုံသာမက ပိုင်ဆိုင်မှုကို ရရှိပြီးနောက် မည်သို့ထိန်းသိမ်းရမည်ကိုပါ ပြောဆိုသည်။ ဘုရားသခင်စကား နားမထောင်ပါက သူတို့အမွေခံသော ပြည်သည် သူတို့ကို အန်ထုတ်လိမ့်မည်။ (ဝတ် ၂၀း၂၂)

### တရားဟောရာကျမ်း၏ အခြေခံအောက်လိုင်း

၁။ နောက်ပြန်ကြည့်ခြင်း (တရားဟော အခန်း ၁–၁၁)
- က။ သိနာတောင်မှစသောခရီးစဉ် (တရားဟော ၁–၃)
- ခ။ သိနာတောင်မှစသေ ပညတ်တရားသုံးသပ်ချက် (တရားဟော ၄–၁၁)

၂။ ရှေ့ဆီသို့မျှော်ကြည့်ခြင်း (တရားဟော အခန်း ၁၂–၃၄)
- က။ နောက်ဆုံးစည်းမျဉ်းနှင့် ဂတိတော်ပြည်မဝင်မီ သတိပေးချက်များ (တရားဟော ၁၂–၃၀)
- ခ။ မောရှေ၏နောက်ဆုံးစကားနှင့် လုပ်ရပ်များ (တရားဟော ၃၁–၃၄)

### ၁၆။ မောရှေသေဆုံးခြင်း

တရားဟောရာကျမ်းသည် ယောဒန်မြစ်အရှေ့ဖက်၊ မောဘလွင်ပြင်တွင် အဆုံးသတ်သည်။ မောရှေသည် ဤနေရာတွင် မောရှေသည် ဣသရေလ လူမျိုးအား နောက်ဆုံး တရားဟောသည်။ ထို့နောက် မောရှေသည် ပိသဂါ တောင်သို့ တက်၏။ ၄င်းသည် ယေရိခေါနှင့် နီးပြီး ဂတိတော်ပြည်ကို

မြင်ရသည်။ (တရားဟော ၃၄း၁–၃) ထာဝရဘုရားကလည်း၊ ငါသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား၊ ကျိန်ဆို၍သင်၏ အမျိုးအနွယ်အား ငါပေးမည်ဟု ကတိထားသော ပြည်ကို ကြည့်လော့။ သင်သည် ကိုယ်မျက်စိနှင့် မြင်ရသော အခွင့်ကို ငါပေး၏။ သို့ရာတွင်ကူး၍ မသွားရဟု မိန့်တော်မူ၏။ ထိုသို့ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ ထာဝရဘုရား၏ ကျွန်မောရှေသည် မောဘပြည်၊ ထိုအရပ်၌ အနိစ္စရောက်၍၊ (တရားဟော ၃၄း၄–၆) ဘုရားသခင် ကိုယ်တိုင်က မောရှေကို သင်္ဂြိုလ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်း များစွာ ကြာပြီးနောက် အဆင်းသဏ္ဌာန် ပြောင်းလဲသောတောင်ပေါ်တွင် မောရှေ ထင်ရှားပြအုံးမှာဖြစ်သည်။ (မဿဲ ၁၇း၃၊ ယုဒ ၁း၉)

# အပိုင်း နှစ်

## ခါနန်ပြည်သို့ ကျော်ဖြတ်ဝင်ရောက်ခြင်း

# အခန်း ၁၀

## ခေါင်းဆောင်သစ် ယောရှု

အပိုင်းနှစ်တွင် ခေါင်းဆောင် ယောရှုဖြင့် ခါနန်ပြည် သို့ဝင်ရောက်ခြင်း ပါဝင်သည်။ ဣသရေလလူမျိုးတို့သည် ယောရှုလက်ထက်တွင် ဂတိတော်ပြည်ကို သိမ်းပိုက်သော်လည်း ရန်သူအပေါ် အပြည့်အဝ အောင်မြင်ခြင်း မရရှိသေးချေ။ ထို့ကြောင့် ယောရှုလက်ထက်တွင် အမွေကိုအပြည့်အဝ မရကြချေ။ ယောရှုသည် နှစ်ကြာရှည်စွာ အသီးသီးသော အမှုတော်ကိုရရှိပြီး တောထဲမှာ နှစ် ၄၀ နှင့် ဂတိတော်ပြည်မှာ နှစ် ၃၀ နေပြီး အသက် ၁၁၀ တွင် သေဆုံးသည်။

### ၁။ ငယ်စဉ်ဘဝ

ယောရှုကို သြရှေဟုလည်းခေါ်သည် (တော ၁၃း၁၆) ဟေဗြဲအခေါ် ဖြစ်သည်။ ဂရိဘာသာပြန်လျှင် 'ယေရှု' ဖြစ်သွားသည် (ဟေဗြဲ ၄း၈) နန်၏ သားဖြစ်ပြီး ဖေရိမ် လူမျိုးဖြစ်သည်။ အီဂျစ်ပြည်တွင် သူ၏ဣသရေလ ညီအစ်ကိုတို့နှင့် အတူ ဖာရောဧ၏ညှင်းပန်းမှုအောက်တွင် ကြီးပြင်းလာသည့်အတွက် ယောရှုသည် သူဦးဆောင်ရမည့် လူတို့၏ ချုပ်နှောင်ခြင်းနှင့် ဝိုကြွေးသံကို နားလည်သဘောပေါက်သည်။

### ၂။ အာမလက်လူတို့ကိုရင်ဆိုင်ရန် ဦးဆောင်ခြင်း

ထွက် ၁၇း၈-၁၆ တွင် ယောရှုသည် ကျမ်းစာတွင် ပထမဆုံး သူပေါ်လာချိန်တွင် စသောမျိုးဆက် အာမလက် လူတို့ကို စစ်တိုက်သည်။ ယောရှုကလည်း အာမလက်မင်းနှင့် လူများတို့ကိုဓားလက်နက်ဖြင့် လုပ်ကြံ

လေ၏ (ထွက် ၁၇း၁၃)။ အာမလက်တို့သည် ဇာတိလုပ်ရပ်ကိုပုံဆောင်သည်။ ယောရှုကဲ့သို့ပင် အမှုတော်ဆောင်တဦးသည် အသက်တာတွင် သူကိုတိုင် ဇာတိ၏ လုပ်ရပ်များကို ပြုပြင်ပြီးမှ အသင်းသားများကို တိုက်ခိုက်လာမည့် ရန်သူ၏ ရန်မှ ထိုသို့အားဖြင့် ယောရှုသည် သူဦးဆောင်ရတော့မည့် လူများ၏ ချည်နှောင်ခံရခြင်းနှင့် နှလုံးသားမှ ငိုကြွေးသံများအား အကျွမ်းတဝင်ရှိနေခဲ့သည်။ဤနေရာတွင် သိမှတ်ထားသင့်သည့်အချက်မှာ ထိုစစ်ပွဲသည် အဦးဆုံး ခေါင်းဆောင်ဖြစ်သော မောရှေ၏ ညွှန်ကြားချက်အောက်၌ တိုက်ခိုက်အောင်မြင် ခဲ့ကြောင်းပင်ဖြစ်သည်။

## ၃။ မောရှေ၏ အစေခံ (လက်ထောက်)

ယောရှုသည် မောရှေ၏လက်ထောက်အစေခံ (သို့မဟုတ် အမှုဆောင်) ဖြစ်ပြီး၊ မောရှေပညတ်တော်ရယူခဲ့သော တောင်ပေါ်သို့ မောရှေနှင့်အတူ သွားခဲ့သည် ထွက်မြောက်ရာကျမ်း ၂၄း၁၃။ ''မောရှေသည် မိမိလက်ထောက် ယောရှုနှင့်အတူ ထ၍ ဘုရားသခင်၏ တောင်တော်ပေါ်သို့တက်သွား၏။'' ယောရှု၌ အစေခံနှလုံးသားရှိပြီး မောရှေအား နှိမ့်ချစွာ စောင့်ဆိုင်းသည်။ အစေခံနှလုံးသား ရှိသော သူများကို ဘုရားသခင် က အမြဲတမ်းချီးမြှောက်သည်။

## ၄။ ဘုရားသခင်၏မျက်မှောက်တော်၌ ဆက်လက်တည်ရှိခြင်း

ထွက်မြောက်ရာကျမ်း ၃၃း၁၁ အရ၊ ယောရှုသည် မောရှေ ဘုန်းတော်ထင်ရှားရာတောင်ပေါ်မှထွက်သွား ပြီးသည့် နောက်တွင်လည်း ဘုရားသခင်၏ မျက်မှောက်တော်တွင် ဆက်လက်ရှိနေသည် ''ထာဝရဘုရားသည် အဆွေခင်ပွန်းချင်းကို နှုတ်ဆက်တတ်သည် နည်းတူ၊ မောရှေကို မျက်နှာချင်းဆိုင်၍ နှုတ်ဆက်တော်မူ၏။ မောရှေသည် တပ်ထဲသို့ပြန်ဝင်သောအခါ၊ သူ၏ လက်ထောက်နုန်၏ သားယောရှုမည်သော လုလင်သည် တဲတော်မှမထွက်ဘဲ နေ၏။'' ယောရှုသည် ဘုရားသခင်၏ မျက်မှောက် တော်၌ ဆက်လက်ရှိနေပြီး ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်သော ဆက်နွယ်မှုကို ရယူ၍ ရှာဖွေနေသည်။ ဘုရားသခင်၏ မျက်မှောက်တော်၌ ဆက်လက်တည်ရှိနေသည်နှင့်အမျှ ဘုရားသခင်သည် အုံ့ဩဖွယ်ရာအမှုများကို ယောရှုအသက်တာ၌ ထည့်ပေးအပ်နှံထားသည်။ ယောရှုအထဲ၌ ဘုရားသခင်က ''ထူးခြားသောသဘော'' နှင့် ယုံကြည်ခြင်းကို ထည့်ပေး၏ (တောလည် ၁၄း၆-၉၊ ၁၄း၂၃-၃၀)။

အမှုတော်ဆောင်ခြင်း၏အကောင်းဆုံး အစိပ်ပိုင်းဖွင့် ဆိုချက်ကတော့၊

ဘုရားသခင်၏ မျက်မှောက်တော်၌ ကျွန်ုပ်တို့အချိန်ယူသည့် အလျောက် ကျွန်ုပ်တို့နှလုံးသားထဲ၌ ဘုရားသခင် ထည့်ပေးသောအရာများပင်ဖြစ်သည်။ အမှုတော်ဆောင်ခြင်းသည် တရားပလ္လင်ပေါ်မှာ (သို့) လူ ၁၀၀၀၀ ရှေ့၌ ဟောပြောနေခြင်းထက် ဘုရားသခင် မျက်မှောက်တော်၌ နေခြင်းဖြင့်သာ၍ တိုးပွားသည်။ မှတ်စုများ၊ တရားဟောနည်းများ၊ ဖယားများ၊ လိုရင်း အချက်အလက်တို့ကို လေ့လာခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့အထဲ၌ ထည့်ထားပြီးသောအရာတို့ကိုဖော်ပြရန် အကူတန်ဆာပလာမျှသာ ဖြစ်သည်။ စစ်မှန်သောအမှုဆောင်ခြင်းသည် ဘုရားသခင်တပါးတည်းထံမှသာလာသည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နေစဉ် ကျွန်ုပ်တို့အထဲ၌ ထည့်ထားပြီးနှင့်သော သမ္မာတရားမျိုးစေ့သည် တရားဟောချက်များကို ကြားရသည့်အခါ ကျွန်ုပ်တို့ နှလုံးသားကို ထိတွေ့သောအရာများဖြစ်တတ်သည်။

### ၅။ ယောရှု၏ မရင့်ကျက်ခြင်း

ယောရှု၏မရင့်ကျက်ခြင်းကို စခန်းအတွင်း၌ ပရောဖက်ပြုနေသူများအား ကိုင်တွယ်ဖြေရှင်းသည့် အချိန်တွင် တွေ့ရသည် (တောလည် ၁၁း၂၅-၃၀)။ မောရှေကလွဲ၍ တခြားသူများကို ပရောဖက် မပြုစေလို။ မောရှေသည် သူတို့အပေါ်၌ ကျေးဇူးကရုဏာရှိသူလည်းဖြစ်ပြီး၊ ဤသို့ပြောပါသည်။ ‘‘ ထာဝရဘုရား၏ လူအပေါင်းတို့သည် ပရောဖက်ပြုကြ ပါစေသော။ ထာဝရ ဘုရားသည် ဝိညာဉ်တော်ကို သူတို့အပေါ်မှာ တင်တော်မူပါစေသော။’’ မောရှေသည် ဣသရေလပရိသတ်အားလုံးကို ပရောဖက် ဆုကျေးဇူးများနှင့် လှုပ်ရှားစေလိုသည်။ မောရှေသည် အသင်းတော်ခေါင်းဆောင်များသာ ဆု ကျေးဇူးရရှိဖို့မကန့်သတ်ထားစေချင်ပါ။ ခေါင်းဆောင်များသည် မိမိလူတို့၏ ဆုကျေးဇူးများနှင့် ပင်ကိုယ်စွမ်းရည် ကျွမ်းကျင်မှုတို့ကို တိုးပွားရန် ရှာဖွေနေရမည်။ သူတို့ကို နှိမ်နင်းထိန်းချုပ်မထားရ။ နောက်ဆုံးသောကာလတွင် ယောလအနာဂတ္တိကျမ်း ၂း၂၇-၂၈ မှာ ပရောဖက်ပြုထားသည့်အတိုင်း ဘုရားသခင်သည် သူ၏ ဝိညာဉ်တော်ကို လူမျိုးတကာတို့အပေါ် သွန်းလောင်း မည် – ‘‘ထိုနောက်မှ လူမျိုးတကာတို့ အပေါ်ငါ၏ ဝိညာဉ်တော်ကို သွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သော သူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ – ငါ၏အမှုကိုဆောင်ရွက်သော ယောကျ်ား မိန်းမတို့

အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်း၍၊ သူတို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြော ရကြလိမ့်မည်။'' ရှင်ပေါလုက ၁ကောရိန္သု ၁၄း၃၈–၃၉ တွင် ''ညီအစ်ကိုတို့၊ သင်တို့သည် ပရောဖက်ပြုခြင်းငှါ အလွန် အလိုရှိကြလော့။ – အခြားသော ဘာသာစကားဖြင့် ဟောပြောခြင်း အမှုတို့ကိုလည်း မမြစ်တား ကြနှင့်'' ဟု ပြောပါသည်။

## ၆။ ယောရှုနှင့် ကာလက်တို့သည် ကောင်းသောသတင်းစကားကို ယူဆောင်လာသည်။

ယောရှုနှင့် ကာလက်တို့သည် ဂတိတော်မြေမှ ကောင်းသော သတင်း စကားကို ပြန်ယူဆောင်လာသော သူလျှိုနှစ်ယောက်ဖြစ်ကြသည် (တောလည် ၁၄း၆–၁၀)။ အခြားသူလျှိုဆယ်ယောက်ကတော့ လူတို့အထဲ၌ ကြောက်ရွံ့ခြင်း နှင့် မယုံကြည်ခြင်းတို့ကိုထည့်သွင်း လှုံ့ဆော်ပြီး ဂတိတော်မြေကို အထင်သေး အမြင်သေးဖြစ်စေပြီး ဘုရားသခင်၏ အကြံအစည်တော်ထဲသို့ မဝင်နိုင် (တောလည် ၁၃း၃၁–၃၃၊ တရားဟော ၁း၂၈)။ ယောရှုနှင့် ကာလက်တို့ နှစ်ဦးသာ သူတို့၏ မျိုးဆက်တွင် ဂတိတော်မြေကို ဝင်ရောက်သူ ဖြစ်ကြသည် (တောလည် ၁၄း၂၉–၃၀)။

## ၇။ သူ၏အမွေကိုကြိုတင် မြည်းစမ်းရသည်။

ယောရှုသည်ကောင်းသောမြေကို အမှန်တကယ်မ ပိုင်ဆိုင်မီ ၃၈ နှစ်အရင် ကတည်းက မြည်းစမ်းရသည်။ ခေါင်းဆောင်တိုင်းသည် မိမိအတွက်သော်၄င်း၊ မိ မိဦးဆောင်ရမည့်သူများအတွက်သော်၄င်း၊ ဘုရားသခင်၌ ဘာရှိသလဲဆိုတာကို ကြိုတင် မြည်းစမ်းခံစားတတ်ဘို့လိုအပ်သည်။ ကျွန်ုပ်တို့၏ အမွေကိုကြိုတင် မြည်းစမ်းခြင်းက ရှည်ကြာ၍ ခြောက်သွေ့သော တောလမ်းခရီးထဲသို့ သွားရန် တွန်းပို့ သောအကူဖြစ်ပေလိမ့်မည်။

## ၈။ လူအများ၏အကဲဖြတ်ခြင်းကို ကြံ့ကြံ့ခံနိုင်သည်။

ယောရှုသည် အမှန်ဘက်၌ရပ်တည်ခြင်းကြောင့် ကျောက်ခဲဖြင့် ပစ်ပေါက် ခံရခြင်း နီးပါးဖြစ်သွားသည် (တောလည် ၁၄း၁၀)။ လူတိုင်းလူတိုင်း မှားသော လမ်းသို့ သွားကြသည့်အခါမှာလည်း၊ ယောရှုသည် ဘုရားသခင်အပေါ် သစ္စာရှိပြီး ဘုရားသခင်၏ အမြင့်ဆုံးသော စံနှုံးကိုလည်း ဆက်လက်ထိန်းသိမ်း နိုင်သည်။ ဤကား ယောရှု၏ အသက်တာနှင့် အမှုစရိုက်၏တံဆိပ်အမှတ်

အသားဖြစ်သည်။ လူများကို ကျေနပ်စေခြင်းထက် ဘုရားသခင်အား ကျေနပ် စေခြင်းသည် သူအတွက် သာ၍ အရေးကြီးသည်။ သူ့အသက်တာ၏ အဆုံး၌ပင်လျှင် ''ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရ ဘုရားကိုသာ ဝတ်ပြုမည်'' ဟု ဆို၏ (ယောရှု ၂၄း၁၅)။

**၉။ ခေါင်းဆောင်သစ်အဖြစ်ဆက်ကပ်ခြင်း**

တောလည်ရာကျမ်း ၂၇း၁၈–၂၃ တွင် ယောရှုသည် ဣသရေလတို့၏ ခေါင်းဆောင်သစ်အဖြစ် ဆက်ကပ်သည်– ''ထာဝရဘုရားကလည်း၊ ဝိညာဉ်တော်ကိုရသော နုန်၏သားယောရှုကိုခေါ်၍၊ သင်၏လက်ကို သူ့အပေါ်မှာတင်လော့။ ယဇ်ပုရောဟိတ် ဧလာဇာရှေ့၊ ပရိသတ် အပေါင်းတို့ ရှေ့၌ သူ့ကိုထား၍ မှာခဲ့လော့။ ဣသရေလအမျိုးသား အပေါင်းတို့သည် သူ၏ စကားကိုနားထောင်မည်အကြောင်း သင်၏ ဘုန်းအသရေအချို့ကို သူ့အပေါ်၌ တင်ထားလော့။ ထိုသူသည် ယဇ်ပုရောဟိတ် ဧလာဇာရှေ့မှာ ရပ်သောအခါ၊ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့တော်၌ ဥရိမ်စီရင် ဆုံးဖြတ်သောတရားအတိုင်း၊ သူ့အတွက်မေးမြန်းရမည်။ သူစီရင်သည်အတိုင်း၊ သူနှင့်အတူ ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည် ထွက်ဝင်ကြမည်ဟု ထာဝရဘုရားသည် မောရှေအား မှာထားတော် မူသည်အတိုင်း မောရှေပြု လျက်၊ ယောရှုကို ခေါ်၍ ယဇ်ပုရောဟိတ် ဧလာဇာရှေ့၊ ပရိသတ်အပေါင်းတို့ ရှေ့၌ ထားပြီးလျှင်၊ – သူ့အပေါ်မှာ လက်ကို တင်၍မှာခဲ့လေ၏။ ထိုသို့ ထာဝရဘုရားသည် မောရှေအားဖြင့် ပညတ်ထားတော်မူ၏။ ကျွန်ုပ် အတွေ့အကြုံအားဖြင့် ဤဆပ်ကပ်အပ်နှံခြင်းအမှုသည် မိမိအသက်တာကို အမှန်တကယ် ဆပ်ကပ်၍ တာဝန်ပေးခံရသော သူတို့အတွက် အရေးကြီး ကြောင်း သိရှိထားသည်။ အမှုတော်ဆောင်များ လုံးဝ အသွင်ပြောင်းလဲ၍ ရင့်ကျက်သွားခြင်းကို ဆက်ကပ်ခြင်းအခမ်းအနား၌ ကျွန်ုပ်တွေ့ဘူးသည်။ ဘုရားသခင်၏ အငန်းအတာသည် သူတို့၏ တစုံတခုသောလုပ်ငန်းအတွက် သူတို့အပေါ်သို့ သက်ရောက်လာပြီး၊ သူတို့၏ တာဝန်အသစ်ကို ဆောင်ရွက် နိုင်ခြင်းငှါ ဘုရားသခင်၏ ဖြစ်စေနိုင်စွမ်းကို သူတို့အား ပေးသည်။ ဤသို့ တွေးခေါ် စဉ်းစားခြင်းကို ဖေက်သြဝါဒစာ ၄း၇ က အတည်ပြုသည် – ''သို့သော်လည်း ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော် အသီးသီး ကိုယ်စီ ခံရကြပြီ။''

## ၁၀။ မောရှေကိုဆက်လက်နာခံသည်။

မောရှေသည် ဩဇာအာဏာရှိနေသမျှကာလ ပတ်လုံး သူ၏အမိန့်များကို ယောရှုလက်ခံသည်။ ဤအတိုင်းပင်၊ ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသားနှင့် မနာရှေအမျိုးသားတို့၏အမွေနှင့်ပတ်သက်၍ဖြစ်သည်။ တောလည်ရာကျမ်း ၃၂း၂၈–၂၉ မှာ ''ထိုအမှုကြောင့် မောရှေသည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သားယောရှုအစရှိသော ဣသရေလ အမျိုးသား အဆွေအမျိုး သူကြီးများတို့ကို ခေါ်၍၊ – ဂဒ်အမျိုးသားနှင့် ရုဗင် အမျိုးသားတို့သည် စစ်တိုက်ခြင်းငှါ အသီးအသီး လက်နက်ကိုင်လျက် ထာဝရဘုရား ရှေ့တော်၌ သင်တို့နှင့်အတူ ယော်ဒန်မြစ် တဘက်သို့ ကူးသွား၍ သင်တို့သည် ထိုပြည်ကို အောင်ပြီးလျှင် ထိုအမျိုးသားတို့အား ဂိလဒ်ပြည်ကို အပိုင်ပေးရကြ မည်'' ဟု ဖော်ပြသည်။

## ၁၁။ မောရှေနှင့် ဧလာဇာတို့က မြေကိုခွဲဝေသည်။

ယောရှုနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည် ဣသရေလတို့အား ခါနာန်ပြည်ကို ခွဲဝေပေးရန် တာဝန် ပေးအပ်ခြင်းခံရသည်။ ''အမျိုးသား တမျိုးလျှင် မင်းတပါးစီ ရွေး၍၊ ထိုမင်းတို့သည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏ သားယောရှုတို့နှင့် ဝိုင်းလျက် – ခါနန်ပြည်ကိုဝေ၍ သင်တို့အား အမွေပေးရကြမည် (တောလည် ၃၄း၁၇)။

ဤကား သစ္စာရှိသော ခေါင်းဆောင်များ၏ ကောင်းကြီးမင်္ဂလာနှင့် ထူးကဲသော အခွင့်အရေးဖြစ်သည်။ သစ္စာစောင့်သောသူတို့သည် မိမိတို့ အမွေနှင့် ခေါ်တော်မူခြင်းထဲသို့ သူတပါးအားတင်မြှောက်ရန် ထူးကဲသော အခွင့်အရေးကို ဘုရားသခင်က သူတို့အား ပေးထားသည်။ ဆာလံ ၄၅း၁၆ က ''ကိုယ်တော်၏ အဘများကိုယ်စားသားများကိုရ၍ မြေကြီးတပြင်လုံးတွင် မင်းအရာ၌ ခန့်ထားတော်မူလိမ့်မည်'' ဟု ဆိုပါသည်။

## ၁၂။ မောရှေ၏ အားပေးကူညီခြင်း

တရားဟောရာကျမ်း ၁း၃၈ တွင် ဘုရားသခင်က ယောရှုကိုအားပေးရန် မောရှေအား ညွှန်ကြားသည် – ''သင့်လက်ထောက်နုန်၏ သားယောရှုသည် ဝင်စားရမည်။ သူသည် ဣသရေလအမျိုးသားအမွေခံ စေမည့်သူဖြစ်သော ကြောင့်၊ သူ့ကိုအားပေးလော့။'' ငယ်ရွယ်သောသူတို့သည် မြေပုံဇယားမရှိ၊ လေ့လာဆန်းစစ်ခြင်း မရှိသောခေါင်းဆောင်ပိုင် တာဝန်ကိုစတင် လုပ်ဆောင်

သည့်အခါ ကူညီခြင်း၊ အားပေးခြင်းကို သူတို့လိုအပ်သည်။ မည်သည့်ခေါင်းဆောင်တဦး တယောက်မျှ လွန်ခဲ့ပြီးသောတိုးတက်မှုကိုနောက်ထပ်တဖန် မဖြစ်စေနိုင်။ ဘုရားသခင်၏ အသင်းတော်သည် လှုပ်ရှားလျက်ရှိ၏။ ဘုရားသခင်က ယောရှုအား ''ဤလမ်းသို့သင်တို့သည် တခါမျှမလိုက်ကြသေး'' ဟု ဆို၏ (ယောရှု ၃း၄)။ မျိုးဆက်သစ်တိုင်း၌ ယခင်မျိုးဆက်တို့နှင့်မတူ၊ ခြားနား၍ ဆန်းသစ်သော လုပ်ငန်းတာဝန်တရပ်ရှိသည်။ ကျွန်ုပ်တို့ ကြည့်ရှုစောင့်ရှောက်ရန် ဘုရားသခင်ယုံကြည်စွာ အပ်ထားသောလူများကို ဦးဆောင်နိုင်ခြင်းအလို့ငှါ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မှီခိုအားထားရမည်။ ထို့ကြောင့် ဝိညာဉ်ရေးရာခရီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကျွန်ုပ်တို့လက်တွင် အပ်ပေးခြင်းခံရသည့် လူစုသည် ဘုရားသခင်ကျေနပ်သည့် အတိုင်းအတာအထိ ပြည့်စုံသော အောင်မြင်ခြင်းကို ရရှိရန် ကျွန်ုပ်တို့သည် မှန်သောရဲရင့်ခြင်းနှင့် ဘုရားသခင်ကို လုံးဝဉဿုံ အမှီပြုခြင်းလိုအပ်ပေလိမ့်မည်။

မောရှေက တရားဟောရာကျမ်း ၃း၂၁–၂၂ မှာ ''ထိုအခါ ယောရှုကိုလည်း သင်၏ ဘုရားသခင် ထာဝရဘုရားသည် ဤရှင်ဘုရင်နှစ်ပါး၌ ပြုတော်မူသော အမှုအလုံးစုံကို သင်သည် ကိုယ်တိုင်မြင်ရပြီ။ ထို့အတူ၊ ထာဝရဘုရားသည် သင်ရောက်သမျှသော တိုင်းနိုင်ငံတို့၌ ပြုတော်မူလိမ့်မည်။ ထိုသူတို့ကို မကြောက်နှင့်။ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်ဘက်၌ စစ်ကူတော်မူမည်'' ဟု ယောရှုကိုပြော၏။ နောက်ထပ်တဖန် ဘုရားသခင်က မောရှေအား ယောရှုကို အားပေးရန်ပြောသည် – တရားဟော ၃း၂၈ ''သို့ရာတွင် ယောရှုကို မှာခဲ့၍အားပေးလော့။ မစထောက်ပင့်လော့။ သူသည် ဤလူမျိုးရှေ့မှာသွား၍ သင်မြင်ရသောပြည်ကိုအမွေခံစေမည်ဟုငါ့အား မိန့်တော်မူ၏။''

### ၁၃။ ပရိသတ်တို့ကခေါင်းဆောင်သစ်၏ဦးဆောင်မှုကို ထောက်ခံသည်။

ယောရှုမှတ်စာ ၁း၁၆–၁၈ အရ ဣသရေလ ပရိသတ်တို့သည် ယောရှု၏ ဦးဆောင်မှုကို လိုလိုလားလားလက်ခံထောက်ခံကြသည်။ ''ထိုသူတို့ကလည်း၊ ကိုယ်တော်မှာထားတော်မူသမျှကို ကျွန်တော်တို့ပြုပါမည်။ စေလွှတ်တော်မူသမျှသော အရပ်သို့သွားပါမည်။ အရာရာတို့၌မောရှေ၏စကားကို နားထောင်သည်နည်းတူ ကိုယ်တော်စကားကိုလည်း နားထောင်ပါမည်။ သို့ဖြစ်၍ ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် မောရှေနှင့်အတူရှိသကဲ့သို့ ကိုယ်တော်နှင့်အတူ ရှိတော်မူပါစေသော။ အာဏာတော်ကို ဆန့်၍၊ မှာထားတော်မူသမျှသော စကားကိုနားမထောင်သောသူမည်သည်ကား၊ အသေသတ်ခြင်းကိုခံစေရမည်။

သို့ဖြစ်၍ အားယူတော်မူပါ။ ရဲရင့်ခြင်း ရှိတော်မူပါဟု ယောရှုအား ပြန်လျှောက်ကြ၏။'' ခေါင်းဆောင်သစ်သည် အားပေးမှုကို လိုအပ်သည်သာမက၊ ပရိသတ် ကလည်း ခေါင်းဆောင်သစ်ကို ထောက်ခံရမည်။ မောရှေသည် ယောရှုနှင့် ပတ်သက်၍ ပြုသကဲ့သို့ လိုအပ်သည့် ယုံကြည်စိတ်ချမှုကို ခေါင်းဆောင်ဟောင်း များကသာ အမှန်တကယ် ပေးနိုင်သည်။

တဖန် မောရှေသည် သွား၍ ဣသရေလအမျိုးသား အပေါင်းတို့အား ဟောပြောသည်ကား၊– ငါသည် ယနေ့အသက်တရားနှစ်ဆယ်စေ့ပြီ။ သင်တို့ ရှေ့မှာ ထွက်ဝင်ခြင်းငှါ နောက်တဖန် မတတ်နိုင်။ ထာဝရဘုရား ကလည်း၊ သင်သည် ယော်ဒန်မြစ်ကို မကူးရဟု မိန့်တော်မူပြီ။ – သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ရှေ့မှာကူး၍၊ ထိုပြည်သား အမျိုးမျိုး တို့ကို ဖျက်ဆီးတော်မူသဖြင့်၊ သူတို့နေရာကို သင်တို့ဝင်စားရကြလိမ့်မည်။ ထာဝရ ဘုရားအမိန့်တော်အတိုင်း၊ ယောရှုသည်လည်း သင်တို့ရှေ့မှာ ကူး ရလိမ့်မည်။– ထာဝရဘုရားသည်လည်း၊ အာမောရိရှင် ဘုရင်ရှိဟုန်နှင့် သြဃ တို့၌၄င်း၊ ဖျက်ဆီးတော်မူသော သူတို့ပြည်၌၄င်း ပြုသကဲ့သို့၊ ထိုပြည်သား အမျိုးမျိုးတို့၌ ပြုတော်မူလိမ့်မည်။ – ထာဝရဘုရား သည် သူတို့ကို သင်တို့၌ အပ်တော်မူ သဖြင့် ငါမှာထားသမျှသော ပညတ်တို့အတိုင်း၊ သူတို့၌ပြုရကြ လိမ့်မည်။ – အားယူ၍ ရဲရင့်ခြင်းရှိကြလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကို မကြောက်ကြနှင့်။ ထာဝရဘုရားသည် သင်တို့ ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင် ကြွတော်မူမည်။ သင်တို့ကို စွန့်တော်မမူ၊ ပစ်ထားတော်မမူဟု ဟောပြော၏။– တဖန် ယောရှုကို ခေါ်၍၊သင်သည် အားယူ၍ ရဲရင့်ခြင်းရှိလော့။ အကြောင်း မူကား၊ ထာဝရဘုရားသည် ဤလူတို့အားပေးခြင်းငှါ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့ သင်သည် သူတို့နှင့်အတူ သွား၍ အမွေခံစေ ရမည်။– သင့်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍ သင်နှင့် ရှိတော်မူလိမ့် မည်။ သင့်ကိုစွန့်တော်မမူ၊ ပစ်ထားတော်မမူ။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်ဟု ဣသရေလအမျိုးသားအပေါင်းတို့ရှေ့မှာ ပြောဆို၏။ (တရားဟော၊၃၁း၁–၈)။

### ၁၄။ အမိန့်ပေးကွပ်ကဲသူ ပြောင်းလဲခြင်း

တရားဟောရာကျမ်း ၃၁း၁၃–၁၄ မှာ၊ ဘုရားသခင် က မောရှေနှင့် ယောရှုအား သူ့ရှေ့မှောက်တွင် လာရန် ညွှန်ကြားသည် – ''ထာဝရဘုရား ကလည်း၊ သင်သည် သေရသောအချိန်နီးပြီ။ ယောရှုကိုခေါ်၍ ပရိသတ် စည်းဝေးရာတဲတော်သို့ ချဉ်းကပ်လော့။ သူ့ကိုငါမှာထားမည်ဟု မောရှေအား

မိန့်တော်မူသည့် အတိုင်း၊ မောရှေနှင့် ယောရှုသည် သွား၍ ပရိသတ်စည်းဝေးရာ တဲတော်သို့ ချဉ်းကပ်ကြ၏။ ထာဝရဘုရားသည် တဲတော်တွင် မိုဃ်းတိမ်တိုင်၌ ထင်ရှားတော်မူ၍၊ မိုဃ်းတိမ်တိုင်သည် တဲတော်တံခါးဝ အပေါ်မှာတည်နေ၏။''

မောရှေသည် ဣသရေလတို့အား မိန့်မှာချက်ကို ယောရှုသို့ လွှဲပြောင်းပေးရမည်ဖြစ်သောကြောင့် ယောရှုခေါင်းပေါ်၌ မိမိလက်ကို တင်လျက် လုပ်ငန်းတာဝန်နှင့် ဘိသိက်ကို ယောရှုအား လက်ဆင့်ကမ်းသည်။ တရားဟောရာကျမ်း ၃၄း၉ တွင် ဤသို့ဖတ်ရသည် – ''နုန်၏သား ယောရှုသည် အထက်က မောရှေ၏ လက်တင်မင်္ဂလာကို ခံရသဖြင့်၊ ပညာသဘောနှင့် ပြည့်စုံသောသူဖြစ်၍၊ ဣသရေလ အမျိုးသားတို့သည် ယောရှု၏ စကားကိုနားထောင်လျက် မောရှေအား ထာဝရဘုရား မိန့်တော် မူသည့်အတိုင်း ပြုကြ၏။'' ထို့နောက် ယေရှုသည် ဝိညာဉ်တော်နှင့်ပြည့်လေ၏။

### ၁၅။ ဘုရားသခင်သည် သူ့အား တိုက်ရိုက်စကား ပြောသည်။

ယခုယောရှုသည် ခေါင်းဆောင်သစ်ဖြစ်လာပြီ။ ဘုရားသခင်သည် သူ့အား တိုက်ရိုက်စကားပြောပြီး၊ ပြီးစီးပြီးမြောက်ရန် ခေါ်ထားသောအလုပ်အတွက် တိကျသောညွှန်ကြားချက်များကိုပေးသည် –

အောက်ပါညွှန်ကြားချက်များကို ယောရှုမှတ်စာ ၁း၁–၉ တွင် အမျိုးအစားခွဲသည်။

(၁) ခေါင်းဆောင်ဟောင်းအနိစ္စရောက်ကြောင်း ဖော်ပြချက် (ယောရှု ၁း၁)။
(၂) ယောရှုသည် ထ၍ယော်ဒန်မြစ်တဘက်သို့ ကူးရန် မိန့်မှာချက် (ယောရှု ၁း၂)။
(၃) သူနင်းသမျှသောမြေကိုသူ့အားပေးမည်ဆိုသော ဂတိတော် (ယောရှု ၁း၃)။
(၄) သူ၏အသက်တာတလျှောက်လုံး၌ သူ့ကိုဆန့်ကျင်ပြီး မည်သူမျှ မရပ်နိုင်ဆိုသော ဂတိတော် (ယောရှု ၁း၅)။
(၅) ဘုရားသခင်သည် မောရှေနှင့်အတူရှိသကဲ့သို့ သူနှင့်လည်း အတူရှိမည်ဆိုသော ဂတိတော် (ယောရှု ၁း၅)။
(၆) ဘုရားသခင်သည် သူ့ကိုမစွန့်၊ ပစ်၍မထား ဟူသော ဂတိတော် (ယောရှု ၁း၅)။
(၇) အားယူ၍ ရဲရင့်ခြင်းရှိရန် အလေးအနက် တိုက်တွန်းခြင်း (ယောရှု ၁း၆–၇)။
(၈) ဘုရားသခင်၏ ပညတ်ချက်ရှိသမျှကို စောင့်ရှောက်ရန် အလေးအနက်

တိုက်တွန်းခြင်း (ယောရှု ၁း၇–၈)။

(၉) ဘုရားသခင်၏ ပညတ်တော်ကျမ်း၌ ရေးထားသမျှကို နေ့ညမပြတ်ဆင်ခြင်အောက်မေ့ရန် အလေးအနက်တိုက်တွန်းခြင်း (ယောရှု ၁း၈)။

ခေါင်းဆောင်များသည် ဘုရား၏ နှုတ်ကပတ်တော်ကို ဆင်ခြင်အောက်မေ့၍ အချိန် ရှိရမည်။

**နိဂုံး**

ယောရှုကဲ့သို့သောယောက်ျား၊ မိန်းမတို့ကို ယနေ့ ဘုရားသခင် လိုအပ်လျက်ရှိသည်။ ဘုရားသခင်သည် မိမိအသင်းတော်ကို ဤနောက်ဆုံးသောကာလတွင် အမွေခံခြင်းသို့ ခေါ်ဆောင်မည်ဖြစ်ရာ၊ သူ့၏ လူများကို ထိုအမွေထဲသို့ ဦးဆောင်ဦးနိုင်မည့် ယောရှုများကို ရှာဖွေလျက်နေသည်။ ယောရှုသည် ကန္တာရတောထဲတွင် စစ်ဆေးခြင်းများ၌ သစ္စာရှိရန် ဂတိတော်ပြည်၏အသီးကို မြည်းစမ်းခဲ့သော လူတို့အားကိုယ်စားပြုသည်။

# အခန်း ၁၁

## ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်း

### ၁။ ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်း၏အရေးပါမှု

ဣသရေလတို့၏ ခရီးစဉ်၌ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည်ကြီးမားသောအလှည့်အပြောင်း ဖြစ်သည်။ သူတို့အတွက် အရာရာ၌ နေ့သစ်ဖြစ်နေသည့်အသက်ကြီးသူတို့နှင့် ခေါင်းဆောင်တို့သည် သေဆုံးကြပြီဖြစ်ရာ၊ မျိုးဆက်သစ်နှင့် ခေါင်းဆောင်သစ်များပေါ်ထွက်လာသည်။ တောလမ်းခရီး၏ စုံစမ်းစစ်ဆေးခြင်းပြီးဆုံးသွားပြီး ဂတိတော်မြေသည် သူတို့အား စောင့်နေသည်။ ယော်ဒန်မြစ်ကို သူတို့ဖြတ်ကူးသည့်အခါ ဘုရားသခင်၏ ဂတိတော်ထဲသို့ အားပါးတရ တိုးဝှေ့ခုန်လွှားရမှာဖြစ်သည်။ ယော်ဒန်မြစ်ကို ဖြတ်သန်းခဲ့ပြီးသောအခါ သူတို့၏စိတ်နေစိတ်ထားမှာ လုံးဝဥဿုံ ပြောင်းလဲခဲ့သည်။ သူတို့ အဲဂုတ္တုသို့ ထပ်မံ၍ ပြန်လှည့်ချင်သည့်ဆန္ဒမရှိတော့ပေ။ သူတို့နှလုံးသားနှင့် စရိုက်လက္ခဏာထဲတွင် တစ်စုံတစ်ခုဖြစ်ပျက်သွားခဲ့သည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးပြီးသည့်အခါ သူတို့၏ အစားအစာ (ဓါတ်စာ)လည်း ပြောင်းသွားသည်။ မန္နမုန့်လည်း ပြတ်သွားပြီး၊ ခါနာန်ပြည်၌ ဖြစ်သောအသီးအနှံကို စားရကြသည် (ယောရှု ၅း၁၂)။ သူတို့၌ အသစ်သော စိတ်လှုပ်ရှားမှုနှင့် မျှော်လင့်ခြင်းများ ရှိသည်။ အသစ်သောခွန်အားနှင့် သတ္တိတို့လည်း သူတို့၏ ရန်သူများကို အနိုင်ရခြင်းငှါ အားအင်တိုးစေသည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် သူတို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သော ဇိအုန်တောင်သို့ ရောက်ရန် ကြီးမားသော ခြေလှမ်းဖြစ်သည်။

### လက်ဝါးကပ်တိုင်မှာ အသေခံသည့်အသက်တာ

ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်းသည် ယုံကြည်သူများအနေနှင့် အသက်တာအတွက် ကြီးမားသော ဝိညာဉ်ရေးရာ အရေးပါမှုရှိသည်။ ဣသရေလတို့၏ ခရီးစဉ်သည် ၁ကော ၁၀း၁၁ မှာ ဖော်ပြသည့်အတိုင်း ယုံကြည်သူများ၏ ဝိညာဉ်ရေးရာပုံဆောင်ချက် ခရီးစဉ်ပုံစံဖြစ်ကြောင်း သတိရပါ။ ''ထိုအကြောင်းအရာ ရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါ ထိုသူတို့၌ ရောက်ကြ၏။

ကပ်ကာလ အဆုံးတွင်ဖြစ်သော ငါတို့ကို ဆုံးမစရာဘို့ ကျမ်းစာ၌ရေးထားလျက် ရှိသတည်း။''ယောရှု မှတ်စာ ၃း၁၆–၁၇ တွင် ယော်ဒန်မြစ်ရေသည် စပါးရိတ်ရာကာလတွင် အာဒံမြို့တိုင်အောင် လျှံလေ့ရှိသည်။ ''ယော်ဒန်မြစ်နားသို့ ရောက်၍ ခြေဖဝါးတို့သည် လျှံသောရေကို နင်းသောအခါ စပါးရိတ်ရာကာလ၌ ထိုမြစ်ရေသည် ကမ်းတလျှောက်လုံးကို လျှံလေ့ရှိသော်လည်း မြစ်ညာက စီးလာသောရေသည် တန့်ရပ်၍ ဝေးသောအရပ်၊ ဇာရတန်မြို့နားမှာရှိသော အာဒံမြို့တိုင်အောင် ပုံ့ပုံ့ကြွလျက်နေ၏။ လွင်ပြင်အိုင် တည်းဟူသော သောဒုံအိုင်သို့ စီးသွားသောရေသည်လည်း အကုန်အစင်ဖြတ်၍ လူများတို့သည် ယေရိခေါမြို့သို့ ရှေ့ရှုကူးကြ၏။''

ယော်ဒန်မြစ်ရေသည် စပါးရိတ်ရာကာလ၌ အာဒံမြို့အထိ လျှံလျှက်ရှိနေခဲ့သည်။ သူတို့ယော်ဒန်မြစ်ကို ဖြတ်သန်းရာလမ်းကြောင်းနှင့် အာဒံမြို့၏ ဆက်စပ်မှုမှာ အမှန်ပင် အရေးပါသောအချက် တစ်ခုဖြစ်သည်။ အကြောင်းမှာ အာဒံသည် ကျွန်ုပ်တို့၏ အပြစ်နှင့်ပြည့်သော လူဟောင်းဖြစ်ခြင်းသဘောကို ပုံဆောင်သည်။

ဣသရေလလူမျိုးတို့ အဲဂုတ္တုမှ ထွက်ခွာလာပြီးနောက် သူတို့ အဲဂုတ္တုပြည်၏ အပြင်သို့ရောက်ရှိခဲ့သော်လည်း သူတို့အထဲမှ အဲဂုတ္တုပြည်ကို နှစ်သက်စွဲလမ်းမှုမှာ ထွက်မသွားခဲ့ပေ။ သို့စေကာမူ ယော်ဒန်မြစ်ကို ဖြတ်သန်းပြီးသောအခါ ထိုအချက်မှာ အလွန်ခြားနားသွားခဲ့သည်။ ဣသရေလလူတို့သည် ဂိလဂါလမြို့၌ အရေပြားလှီးခြင်းကို ခံခဲ့သည်။ အရေပြားလှီးခြင်းမှာ နှလုံးသားအရေပြားလှီးခြင်းနှင့် ကျွန်ုပ်တို့ မွေးရာပါအရာများကို ဖြတ်ထုတ်ပစ်ခြင်းကို ပုံဆောင်သည်။ (တရားဟော ၃၀း၆) ထို့ကြောင့် ယော်ဒန်မြစ်ကို ဖြတ်သန်းခြင်းသည် 'အပြစ်၌သေခြင်း' အားဖြင့် ကျွန်ုပ်တို့၏ လူဟောင်း အာဒံသဘောသည် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်၌ အသေခံသည့်အတွေ့အကြုံကို ကိုယ်စားပြုသည်။

အစောပိုင်း၌ ဖော်ပြခဲ့သလို ဝိညာဉ်အရာ၌ ပင်လယ်နီသည် ရေဗတ္တိဇံကို ကိုယ်စားပြုသည်။ ကောလောသဲ ၂း၁၁–၁၃ တွင် ပေါလုရှင်းလင်းစွာ ပြောခဲ့သည်မှာ ရေဗတ္တိဇံမှာ 'ဒုစရိုက်အပြစ်နှင့်လည်းကောင်း၊ ဇာတိပကတိ၏ အရေပြားလှီးခြင်းကို မခံသောအပြစ်၌လည်းကောင်း သေလျှက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေရန် သင်တို့အပြစ်ရှိသမျှကို လွှတ်တော်မူခြင်း' ပုံဆောင်ချက်ဖြစ်သည်။ ပေါလုက ရောမ ၆း၄ တွင်လည်း ကျွန်ုပ်တို့သည် ဗတ္တိဇံအားဖြင့် ခရစ်တော်နှင့်အတူ မြုပ်နှံသင်္ဂြိုဟ်ခြင်းကို

ခံခြင်းအားဖြင့် အသစ်သော အသက်၌ ကျင်လည်နိုင်ရန်ဖြစ်သည်ဟုပြောခဲ့သည်။ အကြောင်းမလှစွာပင် ကျွန်ုပ်တို့သည် အသစ်သော အသက်၌ ကျင်လည် လျှောက်လှမ်းသင့်သော်လည်း အချိန်တော်တော်များများ၌ ကျွန်ုပ်တို့ ထိုသို့ အသက်မရှင်ကြပေ။

ရေဗတ္တိဇံသည် အပြစ်ဒုစရိုက်ကို အောင်မြင်နိုင်ရန် ပုစ္ဆာများအတွက် ပြီးပြည့်စုံသောအဖြေ မဟုတ်ပေ။ ရေဗတ္တိဇံသည် အပြစ်ဒုစရိုက်၏ ကိုယ်ခန္ဓာကို တရားဝင် ချွတ်ပယ်သောအပြုအမူဖြစ်သည်။ ထိုအရာ၏ အမှန်တကယ် ပြီးပြည့်စုံသောအတွေ့အကြုံမှာ ယော်ဒန်မြစ်ကိုဖြတ်သန်းသော အချိန်တွင်မှ ရရှိလာသည်။

ယော်ဒန်မြစ်၌ ဘုရားသခင်သည် သူတို့နှလုံးသားထဲမှ အဲဂုတ္တုပြည်ကို နှစ်သက်စွဲလမ်းခြင်းအား ဖယ်ရှားပေးခဲ့သည်။ သူတို့သည် ဤလောကကို ပုံဆောင်သော အဲဂုတ္တုပြည်သို့ ပြန်သွားရန် ထပ်၍ ဆန္ဒမရှိတော့ပေ။ ယောရှု ၅း၈–၉ ၌ ကျွန်ုပ်တို့ဖတ်ရသည်မှာ ''လူအပေါင်းတို့သည် အရေဖျားလှီး မင်္ဂလာကို ခံပြီးမှ၊ အနာမပျောက်မီတိုင်အောင် တပ်ထဲ၌ နေကြ၏။ ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ယနေ့ ငါပယ်ရှင်းပြီဟု ယောရှုအားမိန့်တော်မူ၏။ သို့ဖြစ်၍ ထိုအရပ်ကို ဂိလဂါလဟု ယနေ့တိုင်အောင်ခေါ်ဝေါ်သတည်း။''

ထို့ကြောင့် ယော်ဒန်မြစ်ကို ဖြတ်သန်းခြင်းသည် ဘုရားသခင်မှ အပြစ်တရား၏ တန်ခိုးကို ချိုးဖျက်၍ လောကကိုချစ်သောစိတ်အား ရှင်းလင်းပေးခြင်းကို ပုံဆောင်သည်။ ထိုအရာသည် 'အရွယ်ရောက်သူ၏ အရေပြားလှီးခြင်း' ဖြစ်သည်။ ထိုအချက်သည် ရောမ ၆း၆ အတွေ့အကြုံနှင့် တူညီသည်။ ထိုအရာကို ၄င်းကျမ်းပိုဒ်တွင် တွေ့ရသောသော့ချက် စကားလုံး များဖြစ်သည့် သိခြင်း၊ ထင်မှတ်ခြင်း၊ ဆက်သပေးအပ်ခြင်း စသည့်စကားလုံးများ အားဖြင့် ဆက်လက်လေ့လာကြမည်ဖြစ်သည်။

## (၁) ကျွန်ုပ်တို့သည် အပြစ်တရား၌ သေခြင်းကို သိခြင်း

ရောမ ၆း၆ ၏ အတွေ့အကြုံဖြစ်သော ''အပြစ်တရား၌ သေခြင်း'' ကို ယော်ဒန်မြစ်ဖြတ်ကူးခြင်းက ကိုယ်စားပြုကြောင်း အတည်ပြုပြီးခဲ့သည့် အတိုင်း ''ထိုမှတပါး၊ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ အပြစ်တရား၏ အစေကိုမခံစေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကို

ဖျက်ဆီးမည့်အကြောင်းတည်း။'' လက်ဝါးကပ်တိုင် ပေါ်မှာ ခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးနှုတ်သည်သာမဟုတ်ဘဲ၊ ကျွန်ုပ်တို့အပြစ်၏ သဘောသဘာဝ တို့ကို ကိုင်တွယ်ဖြေရှင်းပြီး ဖျက်ဆီးပစ်ရန် (သို့) အကျိုးသက်ရောက်မှု မရှိခြင်းတို့ကို ဖြစ်စေသည်။ ကျွန်ုပ်တို့၌ရှိသော အပြစ်တရား၏ စရိုက် သဘာဝသည် ဖျက်ဆီးခြင်းခံရပြီး သို့မဟုတ် လှုပ်ရှားလုပ်ဆောင်နိုင်ခြင်း မရှိတော့ပေ။ ဤကား အလွန် အရေးကြီးသောဝိညာဉ်ရေးရာ အတွေ့အကြုံ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကယ်တင်ခြင်း၊ ရေနှစ်ခြင်းခံခြင်း၊ ဝိည ာဉ်တော်၌နှစ်ခြင်းခံခြင်းပင်လျှင် ကျွန်ုပ်တို့အသက်တာ၏ အပြစ်အားလုံးနှင့် ချည်နှောင်ခြင်း အားလုံးတို့ကို ကိုင်တွယ်ဖြေရှင်းမည်မဟုတ်။

အပြစ်မှကင်းရှင်းကြောင်းကို သိရန် ပထမခြေလှမ်းသည် ကျွန်ုပ်တို့၏ လူဟောင်း (ဇာတိပကတိသဘော)သည် လက်ဝါးကပ်တိုင်၌ ခရစ်တော်နှင့်အတူ အသေခံပြီဖြစ်ကြောင်းကို အတွေ့အကြုံအားဖြင့်သိဘို့ ဖြစ်သည်။ ရောမ ၆း၆ မှာပါသည့် ''သိခြင်း''သည် ဂရိစကားလုံး ''ginosko'' ဖြစ်ရာ၊ ''အတွေ့အကြုံ အားဖြင့်သိခြင်း'' ဟုဆိုလိုသည်။ ကျွန်ုပ်တို့၌ရှိသော အပြစ်တရား၏ စရိုက်သဘာဝသည် ဖျက်ဆီးခြင်းခံရပြီး သို့မဟုတ် လှုပ်ရှားလုပ်ဆောင်နိုင်ခြင်း မရှိတော့ပေ။ ကျွန်ုပ်တို့၏ အပြစ်နှင့် ပြည့်နေသော ဇာတိသဘောသည် ခရစ်တော်နှင့်အတူ လက်ဝါး ကပ်တိုင်မှာ အသေသတ်ခြင်း ခံပြီးကြောင်းကို သီအိုရီအားဖြင့်သိခြင်း မဟုတ်။ အတွေ့အကြုံအားဖြင့် သိခြင်းဖြစ်သည်။ ဘုရားသခင်နှင့်အတူတကွ ဖြစ်ခြင်းဖြင့် ကျွန်ုပ်တို့၏ လူဟောင်းဖြစ်သော ဇာတိသဘောသည် မည်သို့မျှ အကျိုး သက်ရောက်မှု မရှိတော့ကြောင်းကို တွေ့ကြုံခံစားဘို့ဖြစ်သည်။

ဤအတွေ့အကြုံကို ရှင်ပေါလုက ဂလာတိ ၂း၂၀ တွင် ပြောထားပါသည်။ ''ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သောအသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။'' ဤအတွေ့အကြုံကဲ့သို့ပင်ရှိရန် ဘုရားသခင်ကို ရှာရမည်။ သို့မှသာကျွန်ုပ်တို့လည်းအပြစ်ကို အစေခံနိုင်ရန် ဖြစ်သည်။ ဂလာတိ ၆း၁၄ တွင်လည်း ရှင်ပေါလုက ''ငါဖြစ်လျင်၊ ငါတို့ သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတစ်ပါး၊ အဘယ်အရာ၌မျှ ဝါကြွားခြင်း မရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည်

ငါ့အဘို့ ရိုက်ထားခြင်းကို ခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏'' ဟု ဆိုပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘုရားသခင်သည် ကျွန်ုပ် အသက်တာ၏ကိစ္စများစွာတို့ကို ကိုင်တွယ်ဖြေရှင်းနေသည်။ ''အပြစ်တရား၌ သေခြင်း''ကို ပြောနေသည်။ ဘုရားသခင်က ကျွန်ုပ်ကို မေးပါသည်။ တချို့ကိစ္စများကို လက်မြှောက်အရှုံးပေးရန် ဆန္ဒ ရှိမရှိ မေးပါသည်။ တချို့အရာက ဘုရားသခင်ကိုပေးထုတ် လိုက်ဘို့ လွယ်သော်လည်း တချို့အရာတွေကတော့ ခက်ခဲပါသည်။ ထိုအရာသည် ကျွန်ုပ်တို့ ကြီးထွားခြင်းအားဖြင့် ရရှိလာသည့်အရာ တစ်စုံတစ်ခုမဟုတ်။ ယုံကြည်ခြင်းအားဖြင့် ဝန်ခံခြင်း သို့မဟုတ် ရယူခြင်းပြုနိုင်သည့်အရေး တစ်စုံတစ်ခုမဟုတ်ပေ။ ထိုအရာသည် ကြီးမြတ်သောဘုရားသခင်နှင့် ချိန်းချက်လျက် တွေ့ဆုံခြင်းတစ်ခု ကရနီကုန်းကားတိုင်ပေါ်၌ ကိုယ်တော်ပြု ခဲ့သောအမှုကို တိကျရှင်းလင်းစွာ ဖွင့်ပြခြင်းခံရသောအရာ တစ်ခုဖြစ်သည်။ ထိုအတွေ့အကြုံကို ကျွန်ုပ်တို့ ရရှိလာသောအခါ ကျွန်ုပ်တို့ ဘဝအသက်တာ၌ ကြီးမားသောခြားနားမှု ဖြစ်လာသည်။ တမနက် ကျွန်ုပ်၏ ရုံးခန်းထဲမှာရှိနေစဉ် ခရစ်တော်သည် လက်ဝါးကပ်တိုင်မှာ ကျွန်ုပ်ကို ကျောပေးပြီး နေတာကို ကျွန်ုပ်ရူပါရုံမြင်လိုက်သည်။ ရူပါရုံထဲ၌ ကျွန်ုပ်ကို ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ မြှောက်ထားသည်။ လူတွေကခရစ်တော်ကို ကာရံထားတာကို ကျွန်ုပ်မြင်သည်။ ခရစ်တော် အသက်ထွက်ချိန်၌ ဗိမာန်တော်ရှိ စုတ်ပြဲသွားသော ကုလာကာကိုလည်း မြင်သည်။ ပြီးတော့ ရူပါရုံရပ်သွားပြီး ကျွန်ုပ်အခန်းထဲသို့ ကျွန်ုပ်ပြန်ဝင် လာခဲ့သည်။

ကျွန်ုပ်၏ အတွင်းဆုံးထဲကနေပြီး ဂလာတိ ၂း၂၀ မှ စကားလုံးများ ထွက်လာသည်။ ''ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ'' ထိုအချိန်၌ ကျွန်ုပ်၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီးဖြစ်ကြောင်းကို သိလိုက်သည်။ ယေရှုသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်နီးပါးက၊ အသေခံသည့်အခါ ကျွန်ုပ်၏ အပြစ်များကို ယူဆောင်သွားသည်သာမကဘဲ ကျွန်ုပ်၏ လူဟောင်းနှင့်ဆိုင်သော ဇာတိသဘောတို့ကိုလည်း ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ခွန်အား၊ အောင်မြင်ခြင်းနှင့် မဖော်ပြနိုင်သော ငြိမ်သက်ခြင်းသည် ကျွန်ုပ်၏ နှလုံးသား၌ ပြည့်နေသည်။ ကျွန်တော်ကဲ့သို့ပင် ရူပါရုံနှင့် အတွေ့အကြုံရစေချင်ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အပြစ်၏သဘော သေခြင်းနှင့်ဆိုင်သော မေးခွန်းနှင့် ပတ်သတ်၍ ရက်အတော်အတန်ကြာ ကျွန်ုပ်အပေါ်၌ လွှမ်းခြုံလှုပ်ရှားနေခဲ့သည်။ မည်သို့ဆိုစေ

ရောမဝါဒစာ ၆း၆ ၏ စစ်မှန်ခြင်းနှင့် အပြစ်နှင့်ဆိုင်သော သင်၏ ဇာတိသဘော တို့သည် လက်ဝါးကပ်တိုင်၌ အသေခံပြီးဖြစ်ကြောင်း ဗျာဒိတ်ရူပါရုံ သင်ရရှိဘို့ အရေးကြီးသည်။ ထိုဗျာဒိတ်ရူပါရုံက ဤလောက၏ စုံစမ်းနှောက်ယှက်ခြင်းနှင့် သင်အသက်တာ၏ နေ့စဉ်တပ်မက်ခြင်းတို့ကို တွန်းလှန်ရန် ကူညီမစ ပေလိမ့်မည်။

လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းခံရသော ကျွန်ုပ်တို့၏ အပြစ်နှင့် ဆိုင်သောဇာတိကို ကိုင်တွယ်ဖြေရှင်းရန် အနာငြိမ်းခြင်းကို ခရစ်တော်က ပြင်ဆင်ခဲ့ကြောင်း ၁ပေ ၂း၂၄ တွင် တွေ့ရသည်။ ''ငါတို့သည် အပြစ်နှင့် ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ။'' ပေတရုက အတိတ်ကာလထိပြသော ကြိယာကိုသုံးထားသည်။ ''သင်တို့သည် အနာပျောက်လျက်ရှိကြ၏။'' ကျွန်ုပ်အနာငြိမ်းခြင်းအတွက် ပေးပြီးသားဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ယင်းနှင့်သက်ဆိုင်လျော်ကန်ရမည်။ ဘုရားသခင်သည် သင့်အား မတူညီသောကျမ်းချက်များနှင့် မတူညီသောအခြေအနေများကို ပေးနိုင်သည်။

ဤအရာသည် ကယ်တင်ခြင်းနှင့်စပ်ဆိုင်၍လည်း မှန်ကန်ပါသည်။ ခရစ်တော်သည် ကမ္ဘာလောကတခုလုံး၏အပြစ်များအတွက် အသေခံသည် မှတ်သော်လည်း လူတိုင်းကယ်တင်ခြင်းမရပါ။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်းက သူတို့နှလုံးသားထဲ၌ ယေရှုကိုလက်မခံသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ခရစ်တော်သည် လက်ဝါး ကပ်တိုင်ပေါ်၌ ပေးဆပ်ခဲ့ပြီးဖြစ်သော်လည်း၊ ကျွန်ုပ်တို့ ကိုယ်တိုင် လက်တွေ့ မခံစား မတွေ့ကြုံမချင်း၊ ကျွန်ုပ်တို့ကယ်တင် ခြင်းမရပါ။ ဤနိယာမ အတိုင်းပင်၊ အပြစ်တရား၌ သေခြင်းဆိုသည့် အချက်နှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင် ပေါ်မှာ အသေခံပြီ။ သို့သော် ရောမဩ ဝါဒစာ ၆း၆ မှာ ဖော်ပြသကဲ့သို့ကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်၌ ရိုက်ထားခြင်းကိုခံရသော်လည်း ကျွန်ုပ်တို့သည် အပြစ်တရား၌ သေခြင်းကို ကိုယ်တိုင် မတွေ့ကြုံမခြင်း အပြစ်၏သဘော သဘာဝတို့ဖြင့် ချည်နှောင်ထား ခံရဆဲဖြစ်သည်။ ''အကြောင်းမူကား၊ ငါတို့သည် နောက်မှအပြစ်တရား၏ အစေကို မခံ စေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကို ဖျက်ဆီးမည့်အကြောင်းတည်။''

ရောမသြဝါဒစာ ၆း၆ ကို တွေ့ကြုံခံစား ရပြီးနောက်၊ အပြစ်တရား အပေါ်၌ ကျွန်ုပ်တို့သည် တန်ခိုးရှိပြီး အပြစ်ကို နောက်နောင် ဘယ်သောအခါ၌မျှ အစေမခံတော့ကြောင်းကို ထင်ရှားစေသော သရုပ်သကန် (ပုံသက်သေ) ဖြစ်သည်။ အဲဒါက အပြစ်ကို ဘယ်တော့မှ မကျူးလွန်နိုင်တော့ပါဟု ဆိုလိုခြင်း မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အပြစ်နှင့် စပ်ဆိုင်သောအရာများကို အောင်မြင်ရန် အသစ်သောတန်ခိုးနှင့် ခွန်အားရရှိခြင်းသာဖြစ်သည်။

ကျွန်ုပ်တို့၌ ဤအတွေ့အကြုံအားဖြင့် ရရှိလာသော အသိရှိလာသောအခါ၌ ကျွန်ုပ်တို့လူဟောင်းမှ လွတ်မြောက်ခြင်းကို ရရှိပေသည်။ ထို 'သိခြင်း' သည် ကျွန်ုပ်တို့ဘုရားသခင်နှင့် သစ္စာရှိစွာ လျှောက်လှမ်းသောအခါ၌ ရရှိလာသည်။ဣသရေလတို့သည် ယော်ဒန်မြစ်ကိုဖြတ်ကူးပြီး အရေဖျား လှီးခြင်းကို ခံပြီးနောက် ယေရိခေါမြို့ကို အနိုင်ရသော်လည်း အာဣမြို့ကို ရှုံးနိမ့်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ တပ်စခန်း၌ အပြစ်ရှိလို့ ဖြစ်သည်။ ထို့ကြောင့် ဤအသက်တာ၌ ဘယ်တော့မှ မမှားနိုင်ဘူး၊ အပြစ်မပြုနိုင်ဘူးဆိုသည့်နေရာကို ဘယ်တော့မှ ကျွန်ုပ်တို့ မရောက်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့လူဟောင်း၏ သဘောသဘာဝများကို ငြင်းဆန်လေလေ ကျွန်ုပ်တို့အထဲ၌ရှိသော ခရစ်တော်၊ ကျွန်ုပ်တို့၏ လူသစ်ကို အစာကျွေးပြီး သာ၍ ခွန်အားနှင့်ပြည့်လာပြီး မှန်သောအရာကို ပြုဘို့သာ၍ လွယ်ကူ လာလေလေ ဖြစ်သည်။ များစွာသော ခရစ်ယာန်တို့သည် ဒုတိယမွေးခြင်း၊ ရေနှစ်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်း စသည်တို့ကို ခံပြီးသည့် နောက်ပိုင်း အပြစ်၏ချည်နှောင်ခြင်းကိုခံရကြသည်။ ကောရိန္သု ယုံကြည်သူ တို့သည် ဒုတိယမွေးခြင်းခံပြီး သူများ၊ ရေနှစ်ခြင်း ခံပြီးသူများ၊ သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်းခံပြီးသူများ၊ ဝိညာဉ်တော် ဆုကျေးဇူးများဖြင့် လှုပ်ရှားနေသူများဖြစ်ကြသော်လည်း ရှင်ပေါလုက ၁ကော ၃း၁၊၃ တွင် သူတို့ကို ''ဇာတိပကတိလူ'' လို့ပြောပါသည်။ သူတို့သည် ''အပြစ်တရား၌ မသေပါ။'' ယော်ဒန်မြစ်ဖြတ်ကူးခြင်းကို ဝိညာဉ်ရေးရာအားဖြင့် သူတို့မတွေ့ကြုံ မခံစားရပါ။

သူတို့အထဲမှ များစွာသောသူတို့သည် မိမိတို့ ကိုယ်ပိုင်အသက်တာ၏ 'ယော်ဒန်မြစ်' အတွေ့အကြုံကို လိုအပ်နေခဲ့ကြသည်။ ရှင်ပေါလုသည် ကောရိန္သု အသင်းတော်အား ဣသရေလလူမျိုးတို့ ကျရှုံးလျက် သေဆုံးခဲ့ကြသကဲ့သို့ မဖြစ်စေရန် သတိပေးခြင်းကိုပင်ပြုခဲ့သည်။

**(၂) ကျွန်ုပ်တို့သည် အပြစ်တရား၌သေခြင်းကို ထင်မှတ်ခြင်း**

'သိခြင်း' သည် လူဟောင်းကို ကားတိုင်ပေါ်၌ တင်သော ပထမ ခြေလှမ်းဖြစ်၏။ သန့်ရှင်းခြင်းနှင့် လျှောက်လှမ်းရာ၌ ဒုတိယ ခြေလှမ်းသည် အပြစ်တရား၌ သေခြင်းကို ကျွန်ုပ်တို့ထင်မှတ်ရမည်။ ရှင်ပေါလုက ရောမသြဝါဒစာ ၆း၁၁ တွင် ''ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည်ဟူ၍၎င်း၊ ဘုရားသခင် နှင့်ဆိုင်သော အရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည် ဟူ၍၎င်း၊ ကိုယ်ကိုကိုယ် ထင်မှတ်ကြလော့'' ဟု ဆိုပါသည်။ ဂရိစကားလုံးကို ဘာသာပြန် ထားသည့် ''ထင်မှတ်ခြင်း''သည် ''logizomai'' ဖြစ်ပြီး၊ ''တခုခုကို ပြီးစီး သွားပြီလို့ ထင်မှတ်ခြင်း'' ကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် အပြစ်တရား၌ သေပြီဖြစ်ကြောင်းကို သိရှိနားလည်ပြီးနောက်ပိုင်း၊ နေ့ရက်စဉ်တိုင်း အပြစ်ကို အောင်မြင်သည့် အသက်တာမှာ ကျွန်ုပ်တို့ လျှောက်လှမ်းရမည်။ စာတန်သည် ကျွန်ုပ်တို့ကို နေ့စဉ်နေ့တိုင်စုံစမ်း နေဦးမှာ ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အပြစ်တရား၌ သေကြောင်းကို ကျွန်ုပ်တို့ ထင်မှတ်ရမည်။ ကျွန်ုပ်တို့သည် အပြစ်မှ ကင်းရှင်းကြောင်းနှင့် ဇာတိ၏အလိုသို့ မလိုက်ရန် မိမိကိုမိမိ သတိပေး ရမည်။ ဣသရေလတို့သည် ယော်ဒန်မြစ်၌ ကြီးမားသော အောင်မြင်ခြင်းကို ရရှိခဲ့ပြီး ထိုမှတဆင့် ဆက်သွား၍ ယေရိခေါမြို့ကို ထိန်းချုပ်အောင်မြင် နိုင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်း အာဣမြို့သို့ ရောက်သောအခါ အာခံ၏ အပြစ်ကြောင့် ရှုံးနိမ့်ခဲ့ရသည်။ မေးခွန်းက ဤသို့မေးပါသည်။ ''ယောဒန် အတွေ့အကြုံကို သင်ရရှိပြီးသောအခါ ထိုအတွေ့အကြုံကိုသင် ဆုံးရှုံးနိုင်ပါသလား။'' အဖြေက – ''ဟုတ်ကဲ့။ ဆုံးရှုံးနိုင်ပါသည်။''

ဣသရေလတို့သည် ပင်လယ်နီကိုဖြတ်သန်းသည့်အခါ၊ ယော်ဒန်မြစ်မှ ကျောက်တုံး ၁၂ တုံးကို ယူပြီး မြစ်၏နောက်ဘက်ကမ်းတွင် အောက်မေ့သတိ ရရန် အမှတ်အသားအဖြစ်တည်ထားခဲ့သည်။ ''သင်တို့က၊ ထာဝရဘုရား၏ သေတ္တာတော်သည် ယော်ဒန်မြစ်ကိုကူးသောအခါ၊ သေတ္တာတော်ရှေ့မှာ မြစ်ရေပြတ်လေသည်ဟု ပြန်ပြောရကြမည်။ ထိုသို့ ဤကျောက်တို့သည် အစဉ်အပြတ် ဣသရေလအမျိုးသားအောက်မေ့စရာဘို့ ဖြစ်ကြလိမ့်မည်ဟု ယောရှုမှာထားသည့်အတိုင်း၊ ''(ယောရှုမှတ်စာ ၄း၇)။

ဣသရေလတို့သည် ယော်ဒန်မြစ်၌ ကြီးမားသော အောင်မြင်ခြင်းကို ရရှိခဲ့ပြီး ထိုမှတဆင့် ဆက်သွား၍ ယေရိခေါမြို့ကို ထိန်းချုပ်အောင်မြင်နိုင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းအာဣမြို့သို့ရောက်သောအခါ အာခံ၏ အပြစ်

ကြောင့် ရှုံးနိမ့်ခဲ့ရသည်။ ဤကျောက်တုံး ၁၂ တုံးသည် ယော်ဒန်မြစ်အတွေ့အကြုံကို ဣသရေလတို့ ပြန်လည်အောက်မေ့ သတိရ ရန်ဖြစ်သည်။ သူတို့လုပ်ဆောင်ရမည့်အရာများကို မှန်ကန်စွာလုပ်ဆောင်ပြီးသောအခါ ဣသရေလလူမျိုးတို့သည် မိမိတို့၏ လူဟောင်း အပြစ်သဘောသဘာဝကို ရှင်းလင်းသုတ်သင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိမှတ်သားခဲ့ကြရသည်။ အပြစ်တရားသည် သူတို့အား အစိုးရရန် အခွင့်မရှိတော့ပေ။ ထိုနည်းတူစွာဘဲ၊ ကျွန်ုပ်တို့သည် အပြစ်တရား၌ သေကြောင်း ဗျာဒိတ် ရူပါရုံကို ရပြီးသည့်နောက် အပြစ်တရား၌ သေပြီဟု နေ့စဉ်နေ့တိုင်း မိမိကိုမိမိ သတိပေးရမည်။ ရောမဩဝါဒစာ ၆း၆ အတွေ့အကြုံ ဖြင့် ကျွန်ုပ်တို့သည် အပြစ်တရား၌ သေခြင်းကို သိနားလည်းပြီး ကျွန်ုပ်တို့၏ လူဟောင်း ဇာတိကို လက်ဝါးကပ်တိုင်၌ ရိုက်ထားစေပြီး၊ အပြစ်တရား၌ သေခြင်းကို ထင်မှတ်ခြင်းက ထိုနေရာ၌ ရှိစေသည် (ရောမ ၆း၁၁)။

### (၃) ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းသို့ ကိုယ်ကိုကိုယ်အပ်နှံခြင်း

'သိခြင်း' အတွေ့အကြုံပြီးသည့်နောက်တွင် 'ထင်မှတ်ခြင်း' သို့မဟုတ် ပြီးစီးပြီဟု မှတ်ယူခြင်း၊ ထိုနောက်တွင် ကျွန်ုပ်တို့၏ ကိုယ်အင်္ဂါများကို ဘုရားသခင်အား 'ဆက်သပေးအပ်ခြင်း' ပြုရန် တန်ခိုးရရှိလာသည်။ ဤသန့်ရှင်းခြင်းနှင့်အပြစ်မှ ကင်းရှင်းခြင်းကို လျှောက်လှမ်းရာတွင် တတိယခြေလှမ်းသည် ကိုယ့်ကိုကိုယ် ဖြောင့်မတ်ခြင်းသို့ အပ်နှံခြင်းဖြစ်သည်။ ရှင်ပေါလုက ရောမဩဝါဒစာ ၆း၁၂–၁၄ တွင် ''ထိုကြောင့် သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာ၏ တပ်မက်ခြင်းအလိုသို့လိုက်ရသည်တိုင်အောင်၊ အပြစ်တရားကို ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်။ သင်တို့၏ ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်ဖြစ်စေ၍၊ အပြစ်တရားအားမဆက်ကြနှင့်။ သေခြင်းမှ ထမြောက်၍ အသက်ရှင်သောသူကဲ့သို့၊ ဘုရားသခင်အား ကိုယ်ကိုကိုယ် ဆက်ကြလော့။ ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက်ဖြစ်စေ၍၊ ဘုရားသခင်အား ဆက်ကြလော့။ သင်တို့သည် ပညတ်တရားလက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ'' ဟု ဆိုပါသည်။

ရှင်ပေါလုက ရောမ ၆း၁၉ တွင် ''ထိုသို့ငါဆိုသော်၊ သင်တို့သည် ဇာတိပကတိအတိုင်း ဉာဏ်နည်းသောကြောင့်၊ လောကီဝေါဟာရအားဖြင့် ဆိုသတည်း။ သင်တို့သည် မိမိတို့ကိုယ်အင်္ဂါများကို အဓမ္မအလိုငှါ ညစ်ညူးခြင်း

တရား၊ အဓမ္မတရား၌ သွင်း၍ ကျွန်ခံစေဘူးသည်နည်းတူ၊ ယခုမှာ ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလို့ငှါ ဖြောင့်မတ်ခြင်းတရား၌ သွင်း၍ ကျွန်ခံစေကြလော့'' ဟု ဆိုပါသည်။ ကျွန်ုပ်တို့သည် အပြစ်တရား၌ သေကြောင်းကို အတွေ့အကြုံအားဖြင့် သိပြီးနောက်ပိုင်း၌ စုံစမ်းနောက်ယှက်ခြင်း ခံရတိုင်း ခံရတိုင်း ကျွန်ုပ်တို့သည် အပြစ်တရား၌ သေကြောင်းကို ထင်မှတ် စပြုလာပြီး၊ အပြစ်တရားသို့ ကိုယ်ကိုကိုယ်မအပ်နှံဘို့ ကျွန်ုပ်တို့ ရွေးချယ်ရမည်။ ယင်းအစား၊ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းသို့ အပ်နှံရမည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် အမှန် (သို့) အမှားသို့ အပ်နှံမှာလား။ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့ပြုရမည့်ရွေးချယ်မှုဖြစ်သည်။

သန့်ရှင်းခြင်းသည် အမြဲတမ်းတွက် ရွေးချယ်စရာတစ်ခု၊ တိုက်ပွဲတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့ယော်ဒန်မြစ် အတွေ့အကြုံ ပြီးသောအခါ အပြစ်တရားသည် ကျွန်ုပ်တို့အပေါ်၌ အစိုးရခြင်းမရှိတော့သည့်အတွက် ကျွန်ုပ်တို့၌ ရွေးချယ်ရန် အစွမ်းတန်ခိုးအသစ်ကို ရရှိလာသည်။ မှတ်သားထားရန်မှာ ယော်ဒန်မြစ်ကို ဖြတ်ပြီးသောအခါ ဣသရေလလူမျိုးသည် အဲဂုတ္တုပြည်သို့ ပြန်သွားရန် ဘယ်သောအခါမှ ဆန္ဒမရှိတော့ပေ။ သူတို့၏ အာဒံ သဘောသဘာဝမှာ ရှင်းလင်းသုတ်သင် ခံခဲ့ရပြီဖြစ်သည်။ သူတို့၏အသွေးအသားသည်လည်း အရေပြားလှီးခြင်းခံခဲ့ရပြီဖြစ်သည်။ ထိုနေ့၌ပင် ဘုရားသခင်သည် သူတို့အထဲမှ အဲဂုတ္တုနှင့်ပတ်သတ်သော အပြစ်တင်စရာအခွင့်ကို ဖယ်ရှားပေးခဲ့သည်။ (ယောရှု ၅း၈–၉)။

**ကျွန်ုပ်တို့ယော်ဒန်မြစ်ကို ဘယ်လိုရောက်နိုင်သလဲ**

ဣသရေလတို့သည် အဲဂုတ္တုပြည်မှ ဗိအုန်သို့သွားသောသူတို့၏ ခရီးစဉ်တွင်၊ ဂတိတော်မြေသို့ဝင်ရောက် နိုင်ခြင်းအလို့ငှါ ယော်ဒန်မြစ်ကို ဖြတ်ကူးရသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့သည်လည်း ဤကမ္ဘာလောကမှ ကောင်းကင်ဆိုင်ရာ ဗိအုန်တောင်သို့ သွားသော ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ ခရီးစဉ်တွင် ဗိအုန်တည်းဟူသောအမွေမြေ ဂတိတော်ပြည်သို့ရောက်ရန် ယောဒန်မြစ်ကို ဖြတ်ကျော်ရမည်။ ထို့ကြောင့် 'ယော်ဒန်မြစ်ကို ယခု ဖြတ်ကူးကြစို့' ဟုပြောခြင်းမှာ သဘာဝကျပါသည်။ သို့သော် ပြဿနာမှာ ကျွန်ုပ် ယော်ဒန်မြစ်နားသို့မရောက်ဘဲ ယော်ဒန်မြစ်ကို ဖြတ်သန်းမသွားနိုင်ပေ။ ကျွန်ုပ်တို့အား ဘုရားသခင် ထိုနေရာသို့ ခေါ်ဆောင်သွားမှသာ ရောက်ရှိနိုင်သည်။ နေ့အချိန်၌ မိုးတိမ် (သို့မဟုတ်) ညအချိန်၌ မီးတိုင်မရွေ့ဘဲ

ဣသရေလလူမျိုးတို့ မရွေ့လျားနိုင်ပေ။ ဤသမ္မာတရားသည် ကျွန်ုပ်တို့ နှလုံးသားထဲ၌ စွဲမြဲစွာ မှတ်သားထားသင့်သောအရာဖြစ်သည်။

တောလမ်း၌ စုံစမ်းခြင်းကို ကျွန်ုပ်တို့မအောင်မြင်မချင်း ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယော်ဒန်အတွေ့အကြုံသို့ခေါ်ဆောင်မည်မဟုတ်။ ဤသည်ကား၊ ကျွန်ုပ်တို့သည် တရက်ပြီးတရက်၊ တပတ်ပြီးတပတ်၊ တလပြီး တလ၊ တနှစ်ပြီးတနှစ် ဘုရားသခင်နှင့်အတူလျှောက်လှမ်းရခြင်း အကြောင်းရင်း ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းခြင်းသည် ''အို ဘုရားသခင်၊ ကျွန်ုပ်၏ ယောဒန်သို့ ကျွန်ုပ်ကို ခေါ်ဆောင်ပါ'' ဖြစ်ရမည်။

များစွာသော ဣသရေလတို့သည် ယော်ဒန်မြစ်သို့ မရောက်ကြပါ။ တောလမ်းခရီး၏ စုံစမ်းခြင်းကို သူတို့ ရှုံးနိမ့်သည်။ သူတို့၏ မယုံကြည်ခြင်းနှင့် ခိုင်မာသော နှလုံးသား၏ သဘောထားတို့သည် ဘုရားသခင်ထံမှ မျက်နှာသာ ရခြင်းမှ အဟန့်အတားဖြစ်စေသည်။ အကျိုးဆက်အားဖြင့်၊ တောလမ်းခရီး၌ သူတို့သေကြသည်။ သူတို့၏ မယုံကြည်ခြင်းပုံသက်သေကို ဓမ္မသစ် ယုံကြည်သူ တို့သည် မလိုက်မိမည်အကြောင်းသတိပေးထားသည် (ဟေဗြဲ ၃း၇–၄း၁၁၊ ၁ကော ၁၀း၁–၁၅)။

တချို့ခရစ်ယာန်တို့သည် တောလမ်းခရီး၌ အမြဲတမ်း တဝဲလည်လည် ဖြစ်နေကြသည်။ စကားနားမထောင်ခြင်းနှင့် မိမိအလိုက သူတို့အသက်တာ တလျှောက်လုံး၌ ရည်ရွယ်ချက်မရှိ တဝဲလည်လည် ဖြစ်စေသည်။ ဤတွင်း ထဲမှာပင် သင်ကျသွားစရာမလို။ သင်၏ အသက်တာ၌ ဘုရားသခင်၏ မျက်နှာသာရခြင်းအလို့ငှါ သင့်အထဲ၌ နူးညံ့၍ နားထောင် နာခံတတ်သော နှလုံးသားရှိလာဘို့ ဘုရားသခင်ထံဆုတောင်းပါ။

ယောရှုနှင့်ကာလက်သာလျှင် သူတို့မျိုးဆက်ထဲမှ ဂတိတော်မြေသို့ ဝင်ရောက်နိုင်သောသူဖြစ်ကြသည်။ သူတို့၌ 'အခြားသောဝိညာဉ်' ရှိနေခဲ့သည်။ သူတို့၌ ယုံကြည်ခြင်းနှင့် ဝမ်းမြောက်ခြင်းဝိညာဉ် ရှိနေခဲ့သည်။ သူတို့၌ ရှင်လန်းသောဝိညာဉ်ရှိရာ၊ ''ထာဝရဘုရားသည် ငါတို့ကို နှစ်သက်လျှင်၊ နို့နှင့်ပျားရည်စီးသော ထိုပြည်သို့ ငါတို့ကို ဆောင်သွင်း၍ အပိုင်ပေးတော်မူမည်'' ဟု ပြောဆို၏။

သူတို့သည် ဘုရားသခင်၏ မျက်မှောက်တော်၌ နေပြီး၊ သူတို့အထဲ၌ နူးညံ့၍ ယုံကြည်သောနှလုံးသားတိုးပွားစေခြင်းငှါ ဘုရားသခင်ကို အခွင့်ပေး ကြသည်။ ဤကား၊ တောလမ်းခရီးတလျှောက်ဖြတ်ကျော်ပြီး ဂတိတော်မြေသို့ ဝင်ရောက်နိုင်သော တခုတည်းသောနည်းလမ်းဖြစ်သည်။ ယော်ဒန်သို့

ဖြတ်လမ်းမရှိပါ။ ထို့ကြောင့် ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး ဂတိတော် မြေထဲသို့ ဝင်ရောက်နိုင်သည့် အဓိကသော့ချက်များကို ယောရှုနှင့် ကာလက်တို့ အသက်တာအားဖြင့် သင်ယူကြပါစို့။

## ၂။ အရေဖျားလှီးခြင်း၏ အရေးကြီးခြင်း

ဣသရေလတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး ဂိလဂါလကို ရောက်လာရာ ယော်ဒန်မြစ်မှ ကျောက်တုံး ၁၂ တုံးကို ယူပြီး အောက်မေ့စရာ အမှတ်အသားအဖြစ် တည်ထားကြောင်း ယောရှုမှတ်စာ ၄း၁၉–၂၀ တွင် မှတ်တမ်းတင်ထားသည်။ ''ပဌမလ၊ ဒဿမနေ့ရက်တွင် လူများတို့သည် ယော်ဒန်မြစ်ထဲက တက်လာ၍၊ ယေရိခေါ်မြို့ အရှေ့ဘက်နားမှာ၊ ဂိလဂါလ အရပ်၌ တပ်ချကြ၏။ ယော်ဒန်မြစ်ထဲက ထုတ်ယူသော ကျောက် တဆယ်နှစ်လုံးကို ယောရှုသည် ဂိလဂါလအရပ်၌ စိုက်ထား၏။''

ဂိလဂါလ၌ ဘုရားသခင်က ငယ်ရွယ်သော မျိုးဆက်တို့ကို အရေဖျားလှီးရန် ယောရှုအား ညွှန်ကြားသည်။ အဘယ်ကြောင့်ဆိုသော် တောလမ်းခရီး၌ အရေဖျားလှီးခြင်းကို သူတို့မိဘများက မပြုပေးခဲ့ပါ။ ယောရှုမှတ်စာ ၅း၂–၅ တွင် ဤသို့ဖတ်ရသည်။ ''ထိုအခါထာဝရဘုရားသည် ယောရှုကိုခေါ်၍ . . . ။ တော၌ ခရီးသွားရာတွင် ဘွားမြင်သောသူအပေါင်းတို့မူကား၊ အရေဖျား လှီးမင်္ဂလာကို မခံရကြသေး။''

ကာယပိုင်းဆိုင်ရာ အရေဖျားလှီးခြင်းသည် သားယောကျ်ားလေး တစ်ယောက်၏ မွေးရာပါအင်္ဂါ၏အသားကို လှီးဖြတ်ခြင်းဖြစ်သည်။ ဝိညာဉ်ရေးရာ အရေဖျားလှီးခြင်းသည် အာဒံ၏ အပြစ်နှင့်ပြည့်ဝသော၊ ကျွန်ုပ်တို့၏ မွေးရာပါ ဇာတိတပ်မက်ခြင်းကို ဖြတ်တောက်ပစ်ခြင်းဖြစ်သည်။ ထိုအမှုသည်ဘုရား သခင် ဝိညာဉ်တော်၏ ဓါးအားဖြင့် ကျွန်ုပ်တို့ နှလုံးသားထဲ၌ လုပ်ဆောင်ပေး ခဲ့သော ရွေးနှုတ်ခြင်းအမှုတစ်ခုဖြစ်သည်။ ထိုအမှုသည် ကျွန်ုပ်တို့အတွင်း ဝိညာဉ်အသက်တာ၏ နယ်ပယ်များကို ပိုင်းခြားစစ်ဆေးလျှက် ရှင်းလင်း သုတ်သင်ပေးသော သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ အရေဖျားလှီးခြင်းမခံသောပုဂ္ဂိုလ်သည် မသန့်ရှင်းဟု သတ်မှတ်ပြီး ဂျူးတို့နှင့်ဆိုင်သော ယုံကြည်ခြင်း ဓလေ့ထုံးတမ်းများနှင့် ကောင်းကြီးမင်္ဂလာများကို ပါဝင်ဆင်နွှဲ ခံစားခွင့်မရှိ။ ဝိညာဉ်ရေးရာ အရေဖျား လှီးခြင်း ကင်းမဲ့မှုသည် အပြစ်နှင့်ဆိုင်သော တပ်မက်ခြင်း၊ နည်းလမ်း၊ စဉ်းစားပုံ စဉ်းစားနည်းနှင့် တုံ့ပြန်မှုစသည့် ကျွန်ုပ်တို့၏ မွေးရာပါ ဇာတိသဘောများကို

မဖြတ်တောက် (သို့) မဖယ်ရှားခြင်းကို ကိုယ်စားပြုသည်။

ကမ္ဘာဦးကျမ်း ၁၇း၁၀–၁၁ တွင် ဘုရားသခင်က အာဗြဟံနှင့်သူ၏ အနွယ် တို့ကို ပဋိညာဉ်၏ လက္ခဏာသက်သေဖြစ် အရေဖျားလှီးမင်္ဂလာခံရန် အမိန့် ပေးသည်။ ''သင်နှင့်တကွ သင့်နောက်၌ သင်၏ အမျိုးအနွယ်သည် ... ငါနှင့် သင်တို့ပြုသော ပဋိညာဉ်၏လက္ခဏာသက်သေဖြစ်ရလိမ့်မည်။'' ဂတိတော်မြေ အပါအဝင် အာဗြဟံ၏ ကောင်းကြီးမင်္ဂလာများကို အမွေခံရခြင်း အလို့ငှါ အရေဖျားလှီးခြင်း လိုအပ်သည်။ ဤကား၊ ဣသရေလတို့သည် ဘုရားသခင်အား ကြည်ညိုလေးစားချစ်ခင်ခြင်းလက္ခဏာသက်သေဖြစ်သည်။ ဂတိတော်ပြည်အပါအဝင်ဖြစ်သော အာဗြဟံ ရရှိခဲ့သည့်ဂတိတော်များကို အမွေခံရရန် အရေပြားလှီးခြင်းမှာ လိုအပ်သောအရာဖြစ်သည်။ ထိုအမှုသည် ဣသရေလလူမျိုး၏ ဘုရားသခင်အား အပ်နှံဆက်ကပ်ခြင်းလက္ခဏာ (သို့မဟုတ်) ကိုယ်စားပြုသောအမှတ်အသားဖြစ်သည်။ ယုံကြည်သူ တစ်ယောက်သည် မိမိနှလုံးသားထဲ၌ အရေပြားလှီးခြင်း မခံမချင်း သူခံရမည့် အမွေကို မရရှိနိုင်ပေ။

**အရေဖျားလှီးခံနှလုံးသား၏သက်သေရှစ်ခု**

**၁။ လိုက်လျော၍အပ်နှံသောနှလုံးသား၊ ထိုနှလုံးသားမှာ သန့်ရှင်းသော ဝိညာဉ်တော် (သို့မဟုတ်) ကိုယ်တော်စေလွှတ်သောသူတို့အား မဆီးတားသော နှလုံးသားဖြစ်သည် ဟု ဤတရားဟောရာကျမ်း ၁၀း၁၆ က ဆိုပါသည်။** ''သို့ဖြစ်၍ ... ခိုင်မာသောလည်ပင်း မရှိစေနှင့်။'' ခိုင်မာသောလည်ပင်းဆိုတာ အလျှော့မပေး ခေါင်းမာ သော၊ ကွေးညွှတ်၍ မရသော၊ မနာခံလိုသော စသည်တို့ ဖြစ်သည်။ အရေဖျား လှီးခံနှလုံးသားသည် ဘုရားသခင်အား လိုက်လျော၍ အပ်နှံ တတ်သည်။

ကျွန်ုပ်တို့ ခေါင်းမာသောသူများဖြစ်နေလျှင် ဂတိတော်များကို အမွေခံရမည်မဟုတ်ပေ။

တမန်တော်ဝတ္ထု ၇း၅၁–၅၂ တွင်လည်း ကျွန်ုပ်တို့ ထိုအရာကို တွေ့ရသည်။

သတေဖန်၏ ပရိတ်သတ်များသည် သူ့အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် ပြောသောစကားများကို မုန်းတီး၍ လက်မခံခဲ့ကြပေ။ သခင်ဘုရား၏ စကားတော်ကို တန်ဖိုးမထားပဲ ငြင်းပယ်သော နှလုံးသားကို

ကိုယ်တော်ငြင်းပယ်ပေလိမ့်မည်။ (၁ရာ ၁၅း၂၆)

**၂။ နှိမ့်ချသော၊ ကျိုးပဲ့သော၊ နောင်တရသော နှလုံးသား။** ဘုရားသခင်က ဝတ်ပြုရာကျမ်း ၂၆း၄၀–၄၁ တွင် ''သို့ရာတွင် သူတို့သည် ငါ့ကို ပြစ်မှား၍ ငါ့ကိုဆန့်ကျင်ဘက်ပြုသောကြောင့် ငါသည်သူတို့ကို ဆန့်ကျင်ဘက် ပြု၍ သူတို့ပြည်သို့ ပို့ဆောင်သော အကြောင်းများနှင့်တကွ၊ ကိုယ်အပြစ်၊ ဘိုးဘေးတို့ အပြစ်များကို တောင်းပန်လျှင်၄င်း၊ အရေဖျား လှီးခြင်းကို မခံသော မိမိတို့နှလုံးကို နှိမ့်ချ၍ မိမိတို့အပြစ်ကြောင့် ခံရသော ဒဏ်ကို ဝန်ခံလျှင်၄င်း'' ဟုပြောပါသည်။ အရေဖျားလှီးခြင်းကို မခံသော နှလုံးသား သည် မိမိအပြုအမူအတွက် တာဝန်ယူရန် ငြင်းဆန်ပြီး၊ သူတပါး၏ ဆိုဆုံးမ ခြင်းနှင့် ပြုပြင်ပေးခြင်းကို လက်မခံပဲ သူတပါးကို အပြစ်တင်လျက် နောင်တရရန် ငြင်းပယ်သည်။ ကျွန်ုပ်တို့သည် အရေပြားလှီးခြင်းမခံပဲ မွေးဖွားလာခြင်းကြောင့် ထိုသို့တုန့်ပြန်ခြင်းမှာ ပုံမှန်ဖြစ်သော်လည်း ကျွန်ုပ်တို့ အပြုအမူများ မှားယွင်းခြင်း ကို လက်ခံရမည်ဖြစ်ပြီး မိမိဒုစရိုက်ပြုခြင်းအတွက် တာဝန်ရှိကြောင်း ဝန်ခံရပေမည်။ ဆာလံကျမ်း ၅၁း၁၇ အရ ဒါဝိဒ်၌ နှိမ့်ချ၍ နောင်တရသော နှလုံးသားရှိသည် – ''ဘုရားသခင် နှစ်သက်တော်မူသော ယဇ်မူကား ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင် ကိုယ်တော်သည် ကျိုးပဲ့ ကြေမွသောနှလုံးကို ငြင်းပယ်တော် မမူတတ်ပါ။

**၃။ လူ၏ချီးမွမ်းခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ ချီးမွမ်းခြင်း** (သို့မဟုတ်) ထောက်ခံခြင်းကို ရှာဖွေသောနှလုံးသား၊ ရောမသြဝါဒစာ ၂း၂၈– ၂၉ တွင် ရှင်ပေါလုက ဤသို့ပြောပါသည် ''အတွင်းအားဖြင့် ယုဒ လူဖြစ်သောသူသည် ယုဒလူ မှန်၏။ အရေဖျားလှီး ခြင်းလည်း ကျမ်းဟောင်း တရားအားဖြင့် မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စပ်ဆိုင်၏။ ထိုသို့ အရေဖျားလှီးခြင်းကိုခံသောသူ၏ အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင်အလိုတော်နှင့် ဆိုင်သတည်း။'' အရေဖျားလှီးခြင်း ခံသော နှလုံးသား၏ အခြားသက်သေ အထောက်အထားကတော့၊ လူတို့ထံမှ မဟုတ်ဘဲ၊ ဘုရားသခင်ထံမှ ထောက်ခံခြင်း၊ ချီးမွမ်းခြင်းနှင့် ဂုဏ်ပြုခြင်းတို့ကို ရှာခြင်း ဖြစ်သည်။ ဘုရား၏ချီးမွမ်းခြင်းထက် ကျွန်ုပ်တို့သည်မိသားစု၊ မိတ်ဆွေ သူငယ်ချင်းများ၊ ဂုဏ်အသရေရှိ လူကြီးများ (သို့) လောက၏ ထောက်ခံခြင်းကို ရှာဖွေနေလျှင်ကျွန်ုပ်တို့၏နှလုံးသားများအရေပြားမလှီးထားပါ။ အချို့သော သူတို့သည် အပြစ်တင်ခံရခြင်း၊ အရှက်ကွဲခြင်းနှင့် မိမိအားသူတပါးတို့မှ ဘုရား စကားနားမထောင်သူဟူ၍ နားလည်မှုလွဲခြင်းခံရမည်ကို အလွန် စိုးရိမ်

ကြောက်ရွံ့တတ်ကြသည်။ (မဿဲ ၁၀း၃၂–၃၉၊ ယောဟန် ၁၂း၄၂–၄၃ တွင် ကြည့်ပါ)။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အဓိကဗဟိုပြုသောသူများ ဖြစ်ရမည် (ဆာလံ ၂၇း၄)။

ရှင်ယောဟန် ၁၂း၄၂–၄၃ အရ လူတို့ချီးမွမ်းခြင်းကို ရှာခြင်းသည် များစွာသော လူတို့၏ ပြဿနာဖြစ်နေသည် – ''သို့သော်လည်း အရာရှိအများတို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏။ တရားဇရပ်မှ ဖာရိရှဲတို့သည် နှင်ထုတ်မည်ကိုစိုးရိမ်သောကြောင့် ထင်ရှားစွာဝန်မခံကြ။ အကြောင်းမူကား၊ ဘုရားသခင်ပေးတော်မူသောဘုန်းအသရေထက် လူတို့ပေးသော ဘုန်းအသရေကို သာ၍ နှစ်သက်ကြ၏။'' ယေရှုက ယောဟန် ၅း၄၄ တွင် ''အချင်းချင်းပေးသော ဘုန်းအသရေကိုသာခံ၍၊ ဘုရားသခင် သာလျှင် ပေးတော်မူတတ်သော ဘုန်းအသရေကိုအလိုမရှိသော သင်တို့သည် အဘယ်သို့ ယုံကြည်နိုင်မည်နည်း'' ဟု ပြောပါသည်။

**၄။ ဘုရားသခင်ကိုဝိညာဉ်၌ ဓလေ့ထုံးတမ်း အစဉ်အလာ** (သို့မဟုတ်) ထောင်လွှားသောစိတ်၏ ဆီးတားခံရခြင်းမရှိဘဲ ဝိညာဉ်တော်၏ လွတ်ခြင်းထဲမှ ဘုရားသခင်အား ကိုးကွယ်နိုင်ခြင်းသည် ဝိညာဉ်အရေပြား လှီးခံရခြင်းကို ဖော်ပြနေသော အံ့သြဖွယ်ထင်ရှားသည့် အမှုဖြစ်သည်။ ဓလေ့ထုံးတမ်း အစဉ်အလာသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုများကို လုံးဝလက်မခံဘဲ ငြင်းဆန်နေပြီဆိုပါက ထိုအရာသည် အရေပြား လှီးမခံခြင်း၏ ပုံစံတစ်ခု ဖြစ်နေနိုင်ပေသည်။ အချို့သော ယုံကြည်သူများသည် လက်ခုပ်တီးခြင်း၊ လက်မြှောက်ခြင်း၊ ဘုရားသခင်ရှေ့တော်၌ ကခုန်ခြင်းနှင့် ဝိညာဉ်တော် စီးဆင်းခြင်းထဲ၌ ကိုးကွယ်ခြင်းတို့အား အလေးအနက်မထားရှောင်ရှားကြသည်။ ကျွန်ုပ်တို့မှတ်သားထားရမည်မှာ အဖဘုရားကို ကိုးကွယ်သူတို့သည် နာမ်ဝိညာဉ်နှင့် ၄င်းသစ္စာနှင့် ၄င်းကိုးကွယ်ရန် အဖအလိုရှိကြောင်း ပင်ဖြစ်သည်။

ယေရှုဘုရားမှ စစ်မှန်သော ကိုးကွယ်ခြင်း၏ အဓိက အနှစ်အရသာကို ယောဟန် ၄း၂၂–၂၄ တွင် ဖော်ပြခဲ့သည်။ ''သင်တို့သည် ကိုယ်မသိသော အရာကို ကိုးကွယ်ကြ၏။ ငါတို့သည် ကိုယ်သိသောအရာကို ကိုးကွယ်ကြ၏။ အကြောင်းမူကား၊ ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏။ ကိုးကွယ်သောသူ မှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၄င်း၊ သစ္စာတရားနှင့်၄င်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိ

တော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။''

**၅။ ဘုရားသခင်ကို စိတ်ဝိညာဉ်အားဖြင့် ကိုးကွယ်၍၊ ဇာတိကို မကိုးစားခြင်းသည်** ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ဝိညဉ်တော်ဓါးသည် နှလုံးသားထဲသို့ ထိုးဖောက်ကြောင်း အသေချာဆုံး သက်သေအထောက်အထားဖြစ်သည်။

ဖိလိပ္ပိသြဝါဒစာ ၃း၃ တွင် အရေဖျားလှီးခြင်းခံနှလုံးသား၏ အမြင်ရှုထောင့်ကို ဤသို့ဖော်ပြသည် ''ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍၊ ဇာတိ၌ ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက် သောသူဖြစ်၍ မှန်သောအရေဖျားလှီးခြင်းကိုခံသော သူ ဖြစ်ကြ၏။'' အရေဖျားလှီးခြင်း ခံနှလုံးသား၏ ပဌမသက်သေသည် ဘုရားသခင်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်းကိုးကွယ်နိုင်စွမ်းဖြစ်သည်။

ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ရမည့် အချိန်ကာလသည် လာ၍ ယခုပင် ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်၊ နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်းကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။'' ဘုရားသခင်သည် သူ့အား နံဝိညာဉ်နှင့်သော်၎င်း၊ သစ္စာတရားနှင့်သော်၎င်း ကိုးကွယ်မည့် စစ်မှန်သောကိုးကွယ်သူတို့ကို ရှာလျက်နေ၏။ ကျွန်ုပ်တို့၏ နှလုံးသားသည် အရေဖျားလှီးခြင်းကို ခံပြီးမှသာလျှင် ဘုရားသခင်အား အမှန်တကယ် ကိုးကွယ်နိုင်မည် ဖြစ်သည်။

မည်သည့်အရာသည် သမ္မာတရား၊ မည်သည့်အရာသည် လွဲချော်မှုဖြစ်သည်ကို ၎င်းတို့ဆုံးဖြတ်နိုင်သည်ဟု တွေးထင်နေကြသော်လည်း အမှန်မှာ ၎င်းတို့မဆုံးဖြတ်နိုင်ပေ။ ကျွန်ုပ်တို့ မည်သည့်အရာကိုမဆို ဘုရားသခင်၏ ဂရုဏာတော်အားဖြင့်သာ ပိုင်းခြားနားလည်နိုင်ပေလိမ့်မည်။

**၆။ ဘုရားသခင်ကို ချစ်ခြင်းနှင့်ပြည့်လျှံနေသော နာခံခြင်း နှလုံးသား**သည် ဘုရားသခင်ထံမှ အရေပြားလှီပေးခံရခြင်း၏ ရလဒ်တစ်ခုဖြစ်သည်။ တရားဟောရာ ၃၀း၆–၈ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ . . . ''သင်သည် အသက်ရှင်မည်အကြောင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေခြင်းငှါ၊ သင့်နှလုံးနှင့်သင့်အမျိုး၏ နှလုံးအရေဖျားကို

လှီးဖြတ်တော်မူလိမ့်မည်။ သင့်ကို မုန်း၍ညှဉ်းဆဲသောသင်၏ ရန်သူတို့ပေါ်၌ အထက်ကဆိုခဲ့ပြီးသော ကျိန်ခြင်းအမင်္ဂလာရှိသမျှတို့ကို သက်ရောက်စေတော်မူလိမ့်မည်။ သင်သည် ပြန်လာလျက် ထာဝရဘုရား၏စကားတော်ကို နားထောင်၍၊ ယနေ့ငါမှာထားသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်လိမ့်မည်။''

ကျွန်ုပ်တို့ ဘုရားသခင်အား အခွင့်အရေးပေးလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတွင်းလူထဲမှ ဆိုးညစ်ခြင်းအား အကုန်အစင် ဖြတ်တောက်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်အား စိတ်နှလုံးအကြွင်းမဲ့ချစ်နိုင်ပေလိမ့်မည်။ ဝိညာဉ်တော်၏ဓါးသည် ကျွန်ုပ်တို့အား ကျဆင်းခြင်း၏ ချည်နှောင်မှုထဲမှ အမှန်တကယ် လွတ်မြောက်စေခြင်းအားဖြင့် ကိုယ်တော်အား နာခံနိုင်စွမ်းရှိလာစေသည်။

**၇။ အရေပြားလှီးခြင်း ခံပြီးသော ခရစ်ယာန်များမှာ** မိမိတို့အား ထိုးနှက်တိုက်ခိုက်သောသူများအား ခွင့်လွှတ်၊ ဖြေလွှတ်ပေးနိုင်သောသူများ ဖြစ်သည်။ မာကြောသည့် ယုံကြည်သူများမှာမူ အခြားသူများအား မိမိ အသက်တာထဲမှ ထုတ်ပယ်ပစ်လိုက်ခြင်းအားဖြင့် ပြန်လည် အပြစ်ပေးရန်သာ စဉ်းစားလေ့ရှိသည်။ ယေရှုကိုယ်တော်တိုင်မှ လင်မယား ကွာရှင်းခြင်း၏ အကြောင်းရင်းမှာ 'မာကြောသောနှလုံးသား' ဖြစ်ကြောင်း ပြောခဲ့သည်။ (မဿဲ ၁၉း၇–၈ မာကု ၁၀း၄–၆) မာကြောသော နှလုံးသားသည် ခွင့်လွှတ်နိုင်ခြင်းမရှိဘဲ မုန်းတီးခြင်း အာဃာတကို မှတ်သားလျက် ထွေးပိုက်ထားတက်သည်။

## ကျွန်ုပ်တို့၏အမွေမှာအဘယ်နည်း

ဣသရေလလူမျိုးသည် အရေပြားလှီးခြင်း မခံရလျှင် ဂတိတော်ပြည်ကို အမွေခံရမည် မဟုတ်ဘဲ အာဗြဟံရရှိထားသော ဂတိတော်များကိုလည်း မျှဝေခံစားရမည်မဟုတ်ပေ။ ထိုနည်းတူ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ အမွေပြည့်စုံခြင်းတည်းဟူသော (ခေါ်ခြင်း၊ တိုင်းပြည်တစ်ပြည်၊ အမှုတော်လုပ်ငန်းတစ်ခု၊ လူစုတစ်စု သို့မဟုတ် အကျွမ်းတဝင်တော်စပ်မှုတစ်ခု) တို့အားရရှိခံစားရဖို့ရန် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အရေပြားလှီးခြင်းကို တွေ့ကြုံခံစားထားရမည်ဖြစ်သည်။ ဣသရေလလူတို့၏အမွေမှာ ရင်းနှီးဆက်ဆံသော တော်စပ်မှုဖြစ်သည်။

ကျွန်ုပ်တို့၏ အသက်တာ၌ အရေပြားလှီးခြင်းခံသော နှလုံးသားမရှိလျှင် ဘုရားသခင်၏ အမွေပြည့်စုံခြင်းသို့ ဝင်ရောက်နိုင်မည်မဟုတ်သလို ဘုရားသခင်

၏ မျက်မှောက်တော်၌လည်း နေရာကျနိုင်လိမ့်မည် မဟုတ်ကြောင်း နားလည်ထားရပေမည်။ ဘုရားသခင်သည် ထိုအရာကို ယေဇကျေလ ၄၄း၉ ၌ ရှင်းလင်းစွာ ပြောထားသည်။ ''အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးတို့တွင် နေ၍ အရေဖျားလှီးခြင်းကို မခံသောစိတ်နှင့် အရေဖျား လှီးခြင်းကို မခံသောကိုယ်ရှိသော တပါးအမျိုးသည် ငါ၏ သန့်ရှင်းရာဌာနထဲသို့ မဝင်ရ။''

အရေပြားလှီးမခံခြင်းသည် မသန့်ရှင်းခြင်းကို ကိုယ်စားပြုသည်။ ဘုရားသခင်၏ မျက်မှောက်ထဲသို့ လာရောက်ရန် ဇာတိအသွေးအသားနှင့် စိတ်နှလုံး၏ အညစ်အကြေးအားလုံး ဖြတ်တောက် စွန့်ပစ်ရန် လိုအပ်သည်။ (၂ကော ၇း၁) ဒါဝိဒ်မင်းက ဆာလံ ၁၄း၃ တွင် ဤသို့မေးခွန်းထုတ်ထားခဲ့သည်။ ''လူအားလုံးတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း ဆွေးမြေ့ ယိုယွင်းခြင်း ရှိကြ၏။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ။ တစ်ယောက်မျှမရှိ။ အဖြေကို ၁၄း၄–၅ တွင်တွေ့ရသည်။ ''မုန့်ကိုစားသကဲ့သို့ ငါ၏လူတို့ကို ကိုက်စား၍၊ ထာဝရဘုရားကို ပဌနာမပြုသော အဓမ္မလူအပေါင်းတို့သည် မသိဘဲ နေရကြ သလော။ သို့ဖြစ်၍ အလွန်ကြောက်လန့်ကြလိမ့်မည်။ အကြောင်းမူကား၊ ဘုရားသခင်သည် ဖြောင့်မတ်သောလူမျိုးဘက်၌ ရှိတော်မူ၏။''

အဲဂုတ္တုမှထွက်လာသော မျိုးဆက်သည် ဂတိတော်ပြည်နှင့် မထိုက်တန်ကြောင်း မိမိတို့ကိုယ်ကို အဆုံးအဖြတ်ပေးခဲ့ကြသည်။ ကန္တာရတောထဲ၌ စုံစမ်းခြင်းများကို ၎င်းတို့ကျရှုံးခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် ဂတိတော်ပြည်သို့ မည်သည့်အခါမျှ ဝင်ရောက်ရတော့မည်မဟုတ်ကြောင်း ကာဒေရှဗာနာ အရပ်၌ ဘုရားသခင်သည် အမြတ်ထွက်၍ ကျိန်ဆိုခဲ့သည်။ ၎င်းတို့သည် ၃၈ နှစ်လုံးလုံး ရည်ရွယ်ချက်မဲ့စွာ သေဆုံးသည်အထိ တောထဲတွင်လျှောက်သွားနေခဲ့ကြရသည်။

ထို့နောက် ဂတိတော်ပြည်သို့ဝင်ရောက်ရန် ထိုက်တန်သည်ဟု ဘုရားသခင်မြင်သည့် အခြားသော မျိုးဆက်တစ်ခုထွက်ပေါ်လာသည်။ သူတို့သည် ကန္တရတောထဲ၌ ကြုံရသည့်စုံစမ်းခြင်းများကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အာဒံ၏သဘောနှင့် 'အဲဂုတ္တု၏အပြစ်တင်စရာအခွင့်' ကို သုတ်သင်ရှင်းလင်း၍ ဖယ်ရှားပေးခြင်းခံရသော ယော်ဒန်မြစ်၌ ဘုရားသခင်သည် သူတို့အား ပုံသဏ္ဍာန်ပြောင်းလဲခြင်း အတွေ့အကြုံကို အပ်နှင်းပေးခဲ့သည်။ သူတို့၏အသွေးအသားမှာ အရေပြားလှီးခြင်းခံရပြီး ထိုအမှုအားဖြင့် သူတို့သည်

လူဟောင်းသဘောအပေါ်၌ ကြီးမားစွာ အောင်မြင်ခြင်းရရှိလျှက် သူတို့၏ အမွေခံရာ ပြည်၌ရှိသော ရန်သူများအား တိုက်ခိုက်ရန် တက်စွမ်းနိုင်ခဲ့ကြသည်။

**အပြစ်ဖြေရာနေ့**

ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်းသည် အပြစ်တရား၌ သေခြင်းကို ကိုယ်စားပြုကြောင်း အတည်ပြုပြီးခဲ့သည် နည်းတူ ဂိလဂါလသည် နှလုံးသားအရေဖျားလှီးခြင်းကို ကိုယ်စားပြုသည်။ ထိုကြောင့် ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် ဣသရေလတို့၏ ဆဋ္ဌမပွဲဖြစ်သော အပြစ်ဖြေရာနေ့ကိုလည်း ပုံဆောင်ပြီးတိုင်းနိုင်ငံ၏ အပြစ်နှင့် သက်ဆိုင်သည်။ အပြစ်ဖြေရာနေ့ကို သတ္တမလ၏ ဆယ်ရက်မြောက်နေ့၌ ပြုလုပ်သည်။ ဣသရေလတို့သည် ပထမလ၌ ပသခါပွဲကျင်းပချိန်တွင် ယော်ဒန်မြစ်ကို ဖြတ်ကူးသည် (ယောရှု ၄း၁၉၊ ၅း၁၀)။ ဣသရေလတို့သည် ယော်ဒန်မြစ်ကိုဖြတ်ကူးသည့်အခါ အပြစ်ဖြေရာနေ့ကို တသွေမတိမ်း တိတိကျကျ ကျင်းပခဲ့သည်တော့မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ၊ နှုတ်ကပတ်တော်အရ ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်းသည် အပြစ်ဖြေရာနေ့ကို ပုံဆောင်နိုင်သည်။

ဤနေ့သည် အပြစ်နှင့် ဒုက္ခဝေဒနာကို ဆေးကြောရာနေ့ဖြစ်သည်။ ဝတ်ပြုရာကျမ်း ၁၆း၂၉–၃၀ ''သင်တို့သည် အစဉ်အလာအတိုင်းစောင့်ရသော ပညတ်တော်ဟူမူကား၊ အမျိုးသားချင်းဖြစ်စေ၊ သင်တို့တွင်တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ သတ္တမလဆယ်ရက်နေ့၌ အလုပ်ကို အလျင်းမလုပ်၊ ခြိုးခြံစွာကျင့်လျက်နေရကြမည်။ အကြောင်းမူကား၊ သင်တို့သည် ထာဝရဘုရားရှေ့တော်၌ အပြစ်ရှိသမျှတို့နှင့် ကင်းစင်မည်အကြောင်း၊ ထိုနေ့ရက်၌ ယဇ်ပုရောဟိတ်သည် သင်တို့ကို စင်ကြယ်စေခြင်းငှါ အပြစ် ဖြေခြင်းကို ပြုရမည်။''

ဝတ်ပြုရာကျမ်း ၂၃း၂၇–၂၉ တွင်လည်း အပြစ်ဖြေရာနေ့ကို ဖော်ပြသည် ''သတ္တမလ၊ ဒသမနေ့သည်လည်းအပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာကျင့်ရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရမည်။ ထိုနေ့၌ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့ဘုရားသခင်ထာဝရ ဘုရားရှေ့တော်၌ ကိုယ်အပြစ်ဖြေခြင်းကို ပြုရသော နေ့ ဖြစ်၏။ ထိုနေ့၌ ခြိုးခြံစွာမကျင့်သောသူမည်သည်ကား၊ မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။''

ယခုအသင်းတော်သည် ဤ (၆) ခုမြောက် ပွဲတော်အချိန်ကို ဝင်ရောက်

ခဲ့ပြီဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ထိုပွဲတော်သည် ၁၉၇၃ ၌ Yom Kippur စစ်ပွဲနှင့်အတူ အစပြုခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားသခင်သည် အလိုဆန္ဒရှိသောသူများအား တဲတော်ပွဲတည်းဟူသော နောက်ဆုံးနှင့် အကြီးမြတ်ဆုံး ပွဲတော်ထဲသို့ ခေါ်ဆောင်သွားရန် ၎င်းတို့၏နှလုံးသားထဲ၌ နက်နဲသော အတွင်းပိုင်းသန့်ရှင်းစေခြင်းနှင့် အရေပြားလှီးခြင်းကို ပြုလုပ်နေခဲ့ပြီဖြစ်သည်။ အခြားမည်သည့်မျိုးဆက်တွင်မှ ဣသရေလလူမျိုးခရီးစဉ်ကို အသင်းတော်အားဖြင့် အပြည့်အဝ တွေ့ကြုံခံစားရရန်မဖြစ်နိုင်ခဲ့ပေ။

နူတ်ကပတ်တော်က ကျွန်ုပ်တို့အား ပြောထားသည့်အတိုင်း ''ဇာတိပကတိ ကိုယ်သည် ရှေ့ဦးစွာ ဖြစ်၏။ နောက်မှ ဝိညာဏကိုယ်ဖြစ်၏ (၁ကော ၁၅း၄၆)။ ဣသရေလ၌ ဖြစ်ပျက်နေသောအကြောင်းအရာတို့သည် ဘုရားသခင် ဝိညာဉ်ရေးရာ ဣသရေလဖြစ်သော အသင်းတော်၌ပြုသောအမှုများနှင့် မကြာခဏ အပြိုင်ဖြစ်နေတတ်သည် (ဂလာတိ ၆း၁၆)။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဇနီးတို့သည် ၁၉၇၃၊ Yom Kippur စစ်မဖြစ်မီ လေးတင်၌ ဗိအုန်တောင် ပေါ်သို့ ရောက်ကြသည်။ Yom Kippur သည် ဟေဗြဲဘာသာစကား၌ အပြစ် ဖြေရာနေ့ကို ဆိုလိုသည်။ ဘုရားသခင် သည် အချုပ်အချာအာဏာပါလျက် ကျွန်ုပ်တို့အား အလည်အပတ် ကြွလာပြီး၊ စစ်ပွဲသည် မကြာမီ စတော့မည်၊ ဣသရေလသည် ဆုတ်ခွါသွားလိမ့်မည်ဟု ပြောသည်။ ဘုရားသခင်က အသင်းတော်သည် ဝိညာဉ်ရေးရာ၌ အပြစ် ဖြေရာနေ့သို့ ဝင်ရောက်နေ ပြီဟု ကျွန်ုပ်တို့ အားပြောသည်။

မပြည့်စုံသေးသော ဝိညာဉ်ဆိုင်ရာဖြစ်ရပ်များ ကိုလည်း ဖော်ပြသည်။ ယင်းတို့အနက် ဣသရေလ တိုင်းနိုင်ငံတကွဲတပြားဖြစ်ပြီး နောက်ဆုံးသော ကာလ၌ ယေရုရှလင်မြို့ဝန်းကျင်၌ သွေးထွက်သံယိုမှုများ လည်းဖြစ်မည်ဟု ဖော်ပြသည်။ ဘုရားသခင်က၊ ၁၉၇၃ ခုနှစ်၊ ဣသရေလနိုင်ငံ၏ ၂၅ နှစ် မြောက်နှစ်ပတ်လည် အခမ်းအနားတွင် ချီတက်ကြသောလူငယ်များသည် ဘေးဒုက္ခကြီးကာလကို ကြုံတွေ့ရမည်ဟုလည်း ပြောသည်။

ဘုရားသခင်က ကျွန်ုပ်တို့ အား ''မြင့်သောအရပ်ရှိ အပြစ်များကို ငါ ဖော်ထုတ်မည်။ ထို့နောက် ငါ့အသင်းတော်ရှိ အပြစ်ကို လှစ်လှပ်ပြမည်'' ဟု ပြောပါသည်။ Watergate အရှုပ်တော်ပုံကာလက သမ္မတ Nixon ကို ပြုတ်လဲစေသည်။ နောက်နှစ် ၁၉၇၄ ခုနှစ်တွင်၊ ကမ္ဘာ့ခေါင်းဆောင်အယောက် ၃၀ ခန့်ပြုတ်လဲ သွားသည်။ ထိုအထဲတွင် ပြင်သစ်နိုင်ငံ သမ္မတ Pompidou နှင့် ဂျာမဏီနိုင်ငံ၏ အကြီးအကဲ Chancellor Willy Brandt တို့လည်း

ပါသည်။

ထို့နောက် သခင်ဘုရားပြောသည်မှာ 'ထိုအမှုပြီးလျှင် ငါ့အသင်းတော်ထဲ၌ ရှိသော ဒုစရိုက်ကို ငါဖော်ပြမည်။' သံဝေဂ ရဖွယ်ရာပင်။ ဤအမှုသည် ယနေ့အသင်းတော်၌ ဖြစ်ပျက်နေခဲ့ပြီဖြစ်သည်။ နေရာတိုင်း၌ ကျွန်ုပ်တို့ ထိုအရာကိုတွေ့ရသည်။ အသင်းတော်သည် နက်နဲသောသန့်ရှင်းစေခြင်း အချိန်ကာလတစ်ခုတည်း၌ ရောက်ရှိနေသည်။ ထိုအချိန်သည် အရေပြား လှီးခြင်းခံရန် ငြင်းဆန်သူတို့အတွက် ဒုစရိုက်အပြစ်ထင်ရှားရာ အချိန်ကာလ တစ်ခုဖြစ်သည်။ (မဿဲ ၁၀း၂၆) ယေရှုက လုကာ ၁၂း၂ တွင် ပြောခဲ့သည်မှာ ''ဖုံးထားလျက် ရှိသမျှတို့သည် ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ ရှိသမျှ တို့သည်လည်း ထင်ရှားလိမ့်မည်။'' ၁၉၈၁ ခုနှစ် New Zealand ၌ အမှုဆောင် နေစဉ် ကောင်းကင်တမန်နှစ်ပါး ကျွန်ုပ်ထံအလည်အပတ်ရောက် လာပါသည် – ကောင်းကင်တမန်တပါးက လက်ထဲမှာ ဓါးအကြီးကြီး ကိုင်ထားသည်။ ဓါး၏အရင်းပိုင်း၌ ''အရေဖျားလှီးခြင်း'' ဟု ရေးထားသည်။ အခြားကောင်းကင် တမန်က ''အမိန့်ပေးသူ'' ဟု ရေးထားသော စလွယ်ကို ဝတ်ထားသည်။ ဘုရားသခင်က ကျွန်ုပ်အား ''ငါ့လူတို့၏ နှလုံးသား များကို အရေဖျားလှီးခြင်းငှါ ငါလာ၏။ ထိုအမှုကို ခေါင်းဆောင်များနှင့် ငါအစပြုမည်။ အရေဖျား လှီးခြင်းတည်းဟူသော ငါ၏ဓားကိုကြား၍ မိမိကိုယ်မိမိ အပ်နှံသော သူတို့သည် ငါ့နှင့်အတူ လှုပ်ရှားလျက်ရှိမည်။ သို့ဖြစ်စေကာမူ၊ မိမိနှလုံးသား များကို အရေဖျားလှီးခြင်းငှါ ငါ့အား အခွင့်မပေးသူကို ငါ၏ကောင်းကင်တမန် ''အမိန့်ပေးသူ'' အားဖြင့် စီရင်ခြင်းခံရမည်။

အသင်းတော်တခုလုံးအနေဖြင့်သော်၄င်း၊ အသင်းတော်၏ အသင်းသား တဦးချင်းအနေဖြင့်သော်၄င်း၊ သတ္တမပွဲဖြစ်သောသကေနေပွဲကို မဝင်ရောက်မီ၊ ကျွန်ုပ်တို့ အသက်တာ၌ နှံ့စပ် စေ့စပ်သေချာစွာ အသေးစိတ်သန့်ရှင်းစင်ကြယ် စေခြင်းအမှုကိုပြုရန် ဘုရားသခင်အား ကျွန်ုပ်တို့ အခွင့်ပေးရမည်။

# အခန်း ၁၂

## ရှင်ဘုရင် သုံးဆယ့်တစ်ပါး

ယောရှု ၁၂း၉–၂၄ သည် ဣသရေလလူမျိုးတို့ ဇိအုန်တောင်၌ ငြိမ်ဝပ်ခြင်း ချမ်းသာနှင့် ဆိုင်သော အထက်မှ ခေါ်တော်မူခြင်းအား ဝင်ရောက်ခံစားဖို့ရန် မောင်းထုတ်ရမည့် ဘုရင် ၃၁ ပါးကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဣသရေလလူတို့သည် ဂိလဂါလမြို့၌ အရေပြားလှီးခြင်းခံပြီးနောက်တွင် ထိုဘုရင်များနှင့် စစ်တိုက်ရန်အတွက် အစွမ်းကို ရရှိခဲ့သည်။

ထိုဘုရင် ၃၁ ပါးမှာ ကျွန်ုပ်တို့၏ သခင်ခရစ်တော် အုပ်စိုးရမည့်အစား ဇာတိသဘောအုပ်စိုးနေဆဲဖြစ်သော နန်းထိုင်ရာ နယ်မြေများကို ပုံဆောင်သည်။ ထိုရန်သူများအား ဘုရားသခင်၏ ဓါးဖြင့် ရှင်းရှင်းလင်းလင်း ဖျက်ဆီးပစ်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက ထိုရန်သူတို့သည် ကျွန်ုပ်တို့အား ငြိမ်ဝပ်ချမ်းသာထဲသို့ မဝင်ရောက်နိုင်ရန် တားဆီးပေလိမ့်မည်။ ကျွန်ုပ်တို့သည် ပြီးပြည့်စုံသော အောင်မြင်ခြင်းကို ခံစားရမည်မဟုတ်သလို ဇိအုန်တောင်ကိုလည်း ပိုင်ဆိုင်ရလိမ့်မည်မဟုတ်ပေ။

ဘုရားသခင်သည် သူ၏တစ်ဘက်နှင့် ဆန့်ကျင်လျှက် မိမိကိုယ်ကို ချီးမြှောက်သော မြို့ရိုးမြို့ပြနှင့် စိတ်အာရုံများကို နှိမ်နင်းအနိုင်ယူရန် အလိုတော်ရှိပေသည်။ တမန်တော် ရှင်ပေါလုက ကျွန်ုပ်တို့သည် အသွေးအသား ရှိသော ရန်သူနှင့် ဆိုင်ပြိုင်စရိုက်လုန်ရသည်မဟုတ်ဘဲ အထွဋ်အမြတ် အာဏာ စက်တို့နှင့် ဆိုင်ပြိုင်တိုက်လုန်ရသည်ဟု ပြောခဲ့သည်။ (၂ကော ၁၀း၄–၅)

၃၁–ပါးသောဘုရာင်တို့မှာ အောက်ပါတို့ဖြစ်သည်။

ယေရိခေါ မင်းကြီးတပါး ဗေသလမြို့အနားမှာ အာဣမင်းကြီးတပါး၊ ယေရုရှလင် မင်းကြီးတပါး၊ ဟေဗြုန်မင်းကြီးတပါး၊ ယာမုတ်မင်းကြီးတပါး၊ လာခိရှ မင်းကြီးတပါး၊ ဧဂလုန် မင်းကြီးတပါး၊ ဂေဇာ မင်းကြီးတပါး၊ ဒေဗိရ မင်းကြီးတပါး၊ ဂေဒါ မင်းကြီးတပါး၊ ဟောမာ မင်းကြီးတပါး၊ အာရဒ် မင်းကြီးတပါး၊ လိဗန မင်းကြီးတပါး၊ အဒုလံ မင်းကြီးတပါး၊ မက္ကဒါ မင်းကြီးတပါး၊ ဗေသလ မင်းကြီးတပါး၊ တာပွာ မင်းကြီးတပါး၊ ဟေဖာ မင်းကြီးတပါး၊ မာဒုန် မင်းကြီးတပါး၊ အာဖက် မင်းကြီးတပါး၊ လာရှရုန်

မင်းကြီးတပါး၊ မာဒုန် မင်းကြီးတပါး၊ ဟာဇော် မင်းကြီးတပါး၊ ရှိမရုန် မင်းကြီးတပါး၊ အာခရှပ် မင်းကြီးတပါး၊ တာရက် မင်းကြီးတပါး၊ မေဂိဒ္ဒေါ မင်းကြီးတပါး၊ ကေဒေရှ မင်းကြီးတပါး၊ ကရမေလတောင်ပေါ်မှာ ယောကနမ် မင်းကြီးတပါး၊ ဒေါရပြည်နယ်မှ ဒေါရ မင်းကြီးတပါး၊ ဂိလဂါလပြည်မှ ဂေါအိမ် မင်းကြီးတပါး၊ တိရဇမင်းကြီး တပါး၊ မင်းကြီးပေါင်းသုံးဆယ်တပါးတည်း။''

အောက်ပါရှင်ဘုရင်များနှင့်ပတ်သက်၍ အနက်အဓိပ္ပါယ်ပြန်ဆိုခြင်းသည် Rev. A. B. Simpson ၏ သတင်းစကား၌ အခြေခံသည်။ ဘုရင် ၃၁ ပါး ကိုယ်စားပြုနိုင်သည်များကို ခိုင်းနှိုင်း၍ ရှင်းပြခြင်း ဖြစ်သည်။

ဘုရင် ၃၁ ပါးနှင့်ပတ်သက်သော ဤသတင်းစကား တရားဟောချက်သည် တောလမ်းခရီးကို ဖြတ်သန်းလာခဲ့ပြီး ယော်ဒန်မြစ်ကို ဖြတ်ကူးပြီးသော ယုံကြည်သူများအတွက်ဖြစ်သည်။ ဤကား ရင့်ကျက်ခြင်းအတိုင်းအတာတခုကို ပိုင်ဆိုင်သူအတွက် ဖြစ်သော်လည်း၊ မိမိအသက်တာ၊ မိမိနှလုံးသားထဲ၌ အောင်မြင်အနိုင်ယူရန် ကဏ္ဍာရှိလျက်နေဆဲသူများအတွက်ဖြစ်သည်။

### ဘုရင် ၁ - မိမိအလိုဆန္ဒ

မိမိအလိုဆန္ဒသည် လူတယောက်၏ အကြီးမားဆုံး ရောဂါဖြစ်သည်။ မိမိအသက်တာ၏ ပလ္လင်ပေါ်၌ ဘုရားသခင်မထိုင်ဘဲ ကိုယ်တိုင်ထိုင် နေသည်။ များစွာသောခရစ်ယာန်တို့သည် မိမိကိုယ်ပိုင် ရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များကို ပြုကြသည်။ ဘုရားသခင်၏ အလိုတော်ကို ဘုရားသခင်အား မေးရမည့်အစား၊ မိမိအကြံအစည်ကို ဘုရားသခင်ကို ပြောပြီး ကောင်းကြီးပေးရန် တောင်းခံကြသည်။

ဖြေဆေးကတော့၊ ဘုရားသခင်အလိုတော်ရှာရန်သာဖြစ်သည်။ ဂေသရှေမန် ဥယျာဉ်၌ ယေရှုက ခမည်းတော်အား ပြောသကဲ့သို့ပြောရန်ဖြစ်သည် ''အိုအဘ၊ အလိုတော်ရှိလျှင်၊ ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ်ပါစေသော။'' ရှင်ယောဟန် ၅း၃၀ တွင် ယေရှုက ''ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ငါသည် ကြားသည်အတိုင်း စီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။ အကြောင်းမူကား ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏ အလိုသို့လိုက်၏'' (လုကာ ၂၂း၄၂) ဟု ပြောပါသည်။

## ဘုရင် ၂ – မိမိကိုယ်မိမိအလိုလိုက်ခြင်း

မိမိကိုယ်မိမိအလိုလိုက်ခြင်းသည် မိမိကိုယ်မိမိ အာရုံစိုက်ခြင်းကိုသာ ဖြစ်စေသည်။ ဤပုဂ္ဂိုလ်၏ အနှစ်သက်ဆုံးကတော့ သူ့ကိုယ်သူသာလျှင် ဖြစ်သည်။ အချင်းချင်းစကားပြောဆိုရာ၌ သူ့အကြောင်း၊ သူ့အတွေ့အကြုံ၊ သူ့၏အောင်မြင်ခြင်းစသည်တို့ကို ပြောပြီးစကားဝိုင်းကိုသူတဦးတည်း မှုပိုင်လုပ်တတ်သည် ရှင်ပေါလုက ဤသို့ပြောပါသည် ''ကိုယ်အမှုအရာ ကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ် ကြလော့'' (ဖိလိပ္ပိ ၂း၄)။ ''ကိုယ်တိုင် ကိုယ်ကို မချီးမွမ်းဘဲ၊ သူတပါးချီးမွမ်းပါလေစေ'' (သုတ္တံ ၂၇း၂၊ ၂ကော ၁၂း၂–၅)။ ကျွန်ုပ်တို့၏ ပထမတာဝန်က ဘုရားသခင်ကို အာရုံစိုက်ဘို့ ဖြစ်သည်။ ထို့နောက် မိမိကတော့ မြင်ကွင်းထဲမှ ထွက်လိုက်ပါ။

ဗတ္တိဇံဆရာ ယောဟန်သည် လူတိုင်းအား ခရစ်တော်ကို ညွှန်ပြသကဲ့သို့ ကျွန်ုပ်တို့လည်း ခရစ်တော်ထံသို့သာ အမြဲတမ်းညွှန်ပြနေရမည်။ ရှင်ယောဟန် ၃း၂၆–၂၈၊ ၃၀ မှာ ''ယောဟန်ထံသို့ လာ၍ အရှင်ဘုရား၊ ယော်ဒန်မြစ် တဘက်၌ ကိုယ်တော်နှင့်တကွရှိ၍ ကိုယ်တော်သက်သေပေးသောသူသည် ဗတ္တိဇံကို ပေးလျက်နေ၏။ ထိုသူထံသို့လူအပေါင်းတို့သည် ရောက်ကြပါ၏ဟု လျှောက်ကြလျှင်၊ ယောဟန်က ကောင်းကင်ဘုံမှ ပေးတော်မမူလျှင်၊ လူသည် အဘယ်အရာကိုမျှ မခံနိုင်ရာ။ ငါသည် ခရစ်တော်မဟုတ်။ ခရစ်တော်ရှေ့၌ စေလွှတ်သောသူဖြစ်သည်ဟု ငါဆိုသည်ကိုသင်တို့သည် ငါ၏သက်သေဖြစ် ကြ၏။ ထိုသခင်သည် တိုးပွားခြင်း ရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်း ရှိရမည်'' ဟု ပြောပါသည်။

## ဘုရင် ၃ – မိမိအဘို့သာရှာဖွေခြင်း

မိမိအသက်တာ၏တတိယကဏ္ဍာသည် မိမိအဘို့သာ ရှာဖွေတတ်သော စိတ်နေသဘောထားဖြစ်သည်။ နပိုလီယံကပြောခဲ့ဘူးပါသည် ''ငါ့ကို အကျိုးပြုမည့် လူများကိုသာ ငါဂရုစိုက်သည်။'' မည်သူကိုမဆိုစက်ဆုပ်သည်၊ မိမိအခွင့်ကောင်းရဘို့ရန် သူတပါးကို အသုံးချခြင်းအပြစ်ဘယ်တော့မှ မပြုရ။ ၁ကော ၁၃း၅ က ''ကိုယ်အကျိုးကိုမရှာတတ်'' ဟု ပြောပါသည်။ စစ်မှန်သော ချစ်ခြင်းမေတ္တာသည် တကိုယ်ကောင်းမဆန်၊ သူတပါး၏ လိုအပ်ချက်ကို ဦးစားပေးစဉ်းစားတတ်သည်။ ဖိလိပ္ပိသြဝါဒစာ ၂း၂၀– ၂၁ မှာ ရှင်ပေါလုက တိမောသေကိုပြောပါသည် ''အကြောင်းမူကား၊ ထိုသူသည် သင်တို့အကျိုးကို ကြည့်ရှုချင်သောစေတနာစိတ်ရှိ သကဲ့သို့

စိတ်သဘောတူသော သူတယောက်မျှ ငါတို့၌မရှိ။ လူခပ်သိမ်းတို့သည် ယေရှုခရစ်၏အကျိုးကိုမရှာ၊ ကိုယ်အကျိုးကိုသာ ရှာကြ။''

## ဘုရင် ၄ – မိမိကိုယ်မိမိကျေနပ်ခြင်း

လောဒိကိအသင်းတော်ရှိလူတို့သည် သူတို့ကိုယ် သူတို့ ဝိညာဉ်ရေးရာ၌ အထွက်အထိပ်ရောက်နေပြီဟု ထင်ကြသည် (ဗျာဒိတ်ကျမ်း ၃း၁၇)။ သူတို့၌ အားလုံးရှိနေသည်ဟုထင်ကြသည်။ ဤကား မျက်ကန်းဖြစ်ခြင်း၊ လှည့်ဖြားခြင်း သာဖြစ်ပြီး ကြီးထွားခြင်းမရှိဘဲ ရပ်တန့်သွားသည် (၁ကော ၈း၂၊ ဂလာတိ ၆း၃)။ မိမိကိုယ်မိမိ ကျေနပ်ခြင်းသည် ဘုရားသခင်ကိုတောင့်တခြင်း၊ ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်ခြင်းတို့နှင့်လုံးဝ ဆန့်ကျင်သည် (ဆာလံ ၄၂း၁–၂၊ မဿဲ ၅း၆)။ တမန်တော်ပေါလုက ဖိလိပ္ပိ ၃း၁၃–၁၄ တွင် ''ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုမူသော အမှုတခု ဟူမူကား၊ နောက်ကျသော အရာတို့ကိုမမှတ်ဘဲ၊ ရှေ့၌ ရှိသောအရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သော ဆုကို ရခြင်းငှါ၊ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏'' ဟု ပြောပါသည်။ စဉ်ဆက်မပြတ်သော ရူပါရုံနှင့် တိုးပွားနေသော ရူပါရုံမရှိပါက ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာလျှောက်လှမ်းရာ၌ မိမိကိုယ်မိမိ ကျေနပ်လာပြီး ဦးတည်ရာမရှိ အာရုံပျံ့လွင့်နေပေလိမ့်မည်။ သုတ္တံကျမ်း ၂၉း၁၈ က ''ဗျာဒိတ်တော် မရှိလျှင်၊ လူတို့သည် အကျိုးနည်းဖြစ် ကြ၏'' ဟု ဆိုပါသည်။

## ဘုရင် ၅ – မိမိကိုယ်မိမိဂုဏ်တင်ခြင်း

ရှင်ပေါလုက ဂလာတိ ၅း၂၆ တွင် မိမိကိုယ်မိမိ ဂုဏ်ယူဝါကြွားခြင်းကို သတိပေးသည် ''အချည်းနှီးသော ကျော်စောကိတ္တိကိုတပ်မက်ခြင်း၊ အချင်းချင်း ချုပ်ချယ်နှောင့်ရှက်ခြင်း၊ အချင်းချင်း ငြူစူခြင်းတို့ကို ရှောင်၍ နေကြကုန်အံ့။'' သူသည် ဤအကြောင်းအချက်ကို ဖိလိပ္ပိ ၂း၃ တွင်ထပ်ဆင့် ဖေါ်ပြခဲ့သည်။ ''ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော် စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက် သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။'' တိုင်းပြည်ထဲ၌ အလျင်မြန်ဆုံးကြီးထွားနေသော အသင်းတော် (သို့) အအောင်မြင်ဆုံးသောအမှုတော်ဆောင်လုပ်ငန်း (သို့) မည်သည့်နေရာ၌မဆို

ဆင့်ပွားအသင်းတော်များရှိခြင်းစသည်တို့၌ လူတို့သည် ဝါကြွားကြပြီး ဝမ်းနည်းဘွယ်သောအမှားများကို ပြုနေကြသည်။ တချို့အသင်းတော်တို့သည် မိမိတို့ ပြည်နယ်၌ အတော်ဆုံး၊ အကောင်းဆုံးသီချင်းသည် များရှိနေခြင်းကို ဝါကြွားကြသလို၊ တချို့ဧဝံဂေလိဆရာမ များကလည်း သူတို့ရရှိထားသည့် ဝိညာဥ်တော် ဆုကျေးဇူးများနှင့် ပတ်သက်၍ ဘယ်သောအခါ၌မျှ သူတို့မမှားပါဟု ဝါကြွားနေကြသည်။

ရှောလမုန်က သူ့ထက်အရင်အဦးဖြစ်သော သူများထက် မိမိသည် သာ၍ ကောင်းသည်၊ သာ၍ကြီးမြတ်သည်ဟု အခိုင်အမာ ပြောဆိုသည် (ဒေသနာ ကျမ်း ၁း၁၆)။ ပေတရုက ရဲဝံ့စွာဖြင့် ပြောသည်မှာ ညီအစ်ကို အားလုံးက သခင်ဘုရားကို စွန့်လွှတ်သော် လည်း မိမိကတော့ဘယ်တော့မှ သခင်ဘုရားကို ဘယ်တော့မှ မစွန့်လွှတ်ပါဟုပြောပါသည် (မဿဲ ၂၆း၃၃)။ အချည်းနှီးသော ဝါကြွားခြင်း၊ ကြွားလုံးထုတ်ခြင်းသည် ဘုရင်တကာ တို့၏ဘုရင်ဖြင့် အစားထိုး ဖယ်ရှားရမည့်အတွင်းဘုရင်ကို ပြသနေခြင်းဖြစ်သည်။ ယေရမိအနာဂတ္တိကျမ်း ၉း၂၃–၂၄ မှာ တွေ့ရသည့်အတိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်၌သာ ဝါကြွား ရမည်ဖြစ်သည်– ''ထာဝရဘုရားမိန့်တော်မူသည် ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီးသောသူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါကြွားသောသူမည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားဖြစ်ကြောင်း တည်းဟူသော၊ ငါ့သဘောကိုသိနားလည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။''

## ဘုရင် ၆ – မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု

မိမိကိုယ်မိမိယုံကြည်စိတ်ချ၍ ပီတိဖြစ်နေသော ဘုရင်သည် သူ့ကိုယ်ပိုင် စိတ်၊ ကိုယ်ပိုင် စီရင်ဆုံးဖြတ်ခြင်းတို့ကိုသာ ကိုးစားသည်။ မိမိကိုယ်မိမိ မှီခို အားထားသူဖြစ်သည်။ မည်သူ့ကိုမှ အလိုမရှိဟုထင်သည်။ အဘယ်ကြောင့် ဆိုသော် သူဘာလုပ်နေတယ်ဆိုတာ သူသိသည်။ အရာခပ်သိမ်းတို့သည် သူ့၏ ချုပ်ကိုင်မှု၌ ရှိပြီး၊ သူ့၏ပြဿနာတို့ကို သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းနိုင်သည်ဟု သူထင်သည်။ သူသည် မိမိကိုယ်တိုင် လုပ်သောလူဖြစ်ပြီး အဖြေတွေအားလုံး သူ့မှာရှိသည်ဟု သူထင်သည်။ ဤကားယေရှုက သူ့ခမည်းတော်အပေါ် သန့်ရှင်းစွာမှီခိုနေခြင်းနှင့် ဆန့်ကျင်သည်။ ယေရှုက ရှင်ယောဟန်

၅း၁၉ တွင် ''ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော် ပြုတော်မူသောအမှုကို သားတော်သည်မြင်၍သာပြု၏။ မိမိအလို အလျောက်အဘယ်အမှုကိုမျှမပြုနိုင်။ ခမည်းတော် ပြုတော်မူသမျှအတိုင်း သားတော်လည်း ပြု၏။'' ရှင်ယောဟန် ၅း၃၀ တွင်လည်း ယေရှုက ''ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်'' ဟုဆိုပါသည်။

## ဘုရင် ၇ - မိမိကိုယ်မိမိသတိမူခြင်း

မိမိကိုယ်မိမိသတိမူခြင်းတည်းဟူသော ဘုရင်သည် မိမိကိုယ်မိမိ ပြော နေသည့်အရာအားလုံး (သို့) မိမိကိုယ်မိမိ၌ပြုသမျှအရာအားလုံးတို့နှင့် ဆက်စပ် သည်။ လက်ဟန်ခြေဟန် အကြည့် စကားလုံးတခုစီတို့ကို သေသေချာချာ လေ့လာသည်။ လူတိုင်းက သူ့အကြောင်းစဉ်းစားတယ်၊ သူ့အကြောင်း ပြောသည်ဟု ထင်မြင်ယူဆသည်။ သူ့ကိုယ်ပိုင်စိတ်ကူးထဲမှာ အကျဉ်းသား ဖြစ်နေသည်။ လူတွေက မိမိအကြောင်း စဉ်းစားဘို့ အနိုင်နိုင်ဖြစ်နေသည်ဟု သိရှိခြင်းက သက်သာရာရရှိခြင်းဖြစ်သည်။ အမှန်တရားကတော့၊ သူတို့လည်း ကိုယ့်လိုပါဘဲ၊ သူတို့အကြောင်း သူတို့ စဉ်းစားနေတာပါ။

## ဘုရင် ၈ - မိမိသာလျှင်အရေးကြီးခြင်း

တင်မြှောက်ခြင်းခံရသည့် ဤဘုရင်ကတော့ မိမိအတ္တမာန၊ အတ္တဂုဏ်ကို ပုံကြီးချဲ့နေခြင်းဖြစ်သည်။ သူ့၏အရေးပါပုံ၊ သူ့၏ကြီးကျယ်ကြီးမြတ်ခြင်းတို့ကို သူတပါးကအရေးမလုပ် လျစ်လျူရှုသည့်အခါ စိတ်ဆိုးတတ်သည်။ နှစ် အနည်းငယ်သာ ပညာသင်ယူ သင်တန်းတက်ပြီးသူများစွာသော ယုံကြည်သူ တို့သည် သူတို့၏ ဆရာများ၊ သင်းအုပ်များထက်ပိုတော် တတ်ပြီဟု ထင်တတ် ကြသည်။ အချို့တို့သည် မိမိတို့၏ ခေါင်းဆောင်များကိုပြုပြင်ရန် ဘုရားသခင်၏ အထူးတမန်များဖြစ်သည်ဟု ဆိုပြီး လှည့်ဖြားခြင်းထဲ၌ နစ်မျောနေကြသည် (ဩဗဒိအနာဂတ္တိကျမ်း ၁း၃)။

## ဘုရင် ၉ - မိမိကိုယ်မိမိအရေးမကြီးသကဲ့သို့ ဖယ်ပစ်ခြင်း

မိမိကိုယ်မိမိ၌ ဝါကြွားခြင်းသည် ဆိုးသောအမှု ဖြစ်သကဲ့သို့ မိမိကိုယ်မိမိ သိက္ခာချခြင်းသည်လည်း ဆိုးသောအမှုဖြစ်သည်။ မိမိကိုယ်မိမိ စဉ်ဆက်မပြတ် သိက္ခာချခြင်း (သို့) မိမိချွတ်ယွင်းချက်၊ အားနည်းချက် အပေါ် အာရုံစိုက်နေ ခြင်းသည် မကောင်းပါ (ရောမ ၇း၂၄) ဤကား မိမိ၏ စိတ်အာရုံကို

စိုးမိုးပြီး ဘုရားသခင်၌ အာရုံစိုက်ခြင်းကို ဟန့်တားသည်။ ဖိလေမုန် ၁း၆ က ကျွန်ုပ်တို့အား အလေးအနက် တိုက်တွန်းသည်မှာ ''သူတပါးတို့သည် ယေရှုခရစ်အဘို့အလို့ငှါ ငါတို့၌ ကောင်းသော အရာရှိသမျှတို့ကို ဝန်ခံမည် အကြောင်းဆုတောင်းပဌနာပြု၏။'' သင့်အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်ပြုသည့် ကောင်းသောအမှု အားလုံးအတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ဂုဏ်ပြုချီးမွမ်းလိုက်ပါ။

အကယ်၍ ကျွန်ုပ်တို့၌ မိမိကိုယ်မိမိ အားဖြစ်စေ သော ထင်မြင်ချက်မရှိပါက သူတပါးကိုလည်း အားဖြစ်စေမည့်ထင်မြင်ချက်လည်းရှိ မည်မဟုတ်ပါ။ ဘုရားသခင်က သူ့ရှေ့မှာ ကျွန်ုပ်တို့ ဘယ်လောက် တန်ဘိုးရှိသလဲဆိုတာကို ကျွန်ုပ်တို့အား ကောင်းစွာ စိတ်အာရုံခံစားစေချင်ပါသည်။ ကောင်းမွန်သော ဝိညာဉ်ရေးရာ ကျန်းမာခြင်းအတွက် မိမိကိုယ်မိမိ လက်ခံခြင်းသည် အရေးကြီး သည်။ သူတပါးကို ချစ်နိုင်ဘို့ရန် ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ပထမဦးစွာ ချစ်ရမည် (ရှင်မဿဲ ၂၂း၃၉)။

## ဘုရင် ၁၀ – မိမိသာလျှင် မှန်သည်

မိမိသာလျှင် မှန်သည်ဟု ထင်မြင်တတ်သော ဘုရင်သည် သူ့၏ ရပိုင်ခွင့်ကို တောင်းဆိုပြီး၊ သူ့၏ ရာထူးဂုဏ်ပုဒ်ကို ကာကွယ်တတ်သည်။ သူ့၏ အမြင်ရှုထောင့်သာလျှင် မှန်သည်ဟုဆိုပြီး သူသာလျှင် ဖြောင့်မှန်သည်ဟု ဆိုသည်။ သေသည်တိုင်အောင် ဖြစ်သည်။ ဤဘုရင်သည် သူတပါးကို ပေးရမည့်အစား သူအသက်သာလျှင် အသေခံလိုက်မည်။ ''ပါးတဘက်ကို ပေးလော့'' ဆိုသော စကားသည် ယနေ့အတွက် ဖြစ်ကြောင်း သူနားလည် သဘော မပေါက်ပါ။ မတရားမှုတို့သည် ဘုရားသခင်၏ ပလ္လင်တော်သို့ သာ၍ နီးစေခြင်းငှါ ဘုရားသခင်ပြုသောအမှုဖြစ်ကြောင်းကိုလည်း သူမယုံ (ကမ္ဘာ ၅၀း၂၀)။ ယေရှုက မဿဲ ၁၆း၂၄ တွင် ''ထိုအခါ ယေရှုက၊ ငါ၌ ဆည်းကပ် လိုသောသူ ဖြစ်လျှင်။ ကိုယ်ကို ကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရမည်'' ဟု ဆိုပါသည်။

တချို့ခရစ်ယာန်များ ဤသင်ခန်းစာကို ဘယ်သောအခါ၌မျှ သဘော မပေါက်၊ မသင်ယူပါ။ ယေရှုသည် လူ့ဇာတိခံယူပြီး ကြွလာခြင်း၏ အစီအစဉ်အကြံသည် ကျွန်ုပ်တို့၏ ရပိုင်ခွင့်များကို စွန့်လွှတ်ကျောခိုင်းဘို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထက် သာ၍ ကောင်းသလား။ A.B.Simson ကပြောပါသည်။ ''ကျွန်ုပ်တို့၏ အသက်တာနှင့် ကျွန်ုပ်၏

အမှုဆောင်ခြင်း၌ ဘုရားသခင် ပေးသောကောင်းကြီး မင်္ဂလာများသည် လူတွေက ကျွန်ုပ်မကောင်းကြောင်း ပြောခြင်းကြောင့် သော်၎င်း၊ ထိုသို့ပြောရန် ထိုသူတို့ကို အခွင့်ပေးနိုင်ခြင်းငှါ ဘုရားသခင် ကျွန်ုပ်အား ပြုခြင်းသော်၎င်း ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကျွန်ုပ် ယုံကြည်ပါသည်။''

### ဘုရင် ၁၁ - မိမိကိုယ်မိမိအထိမခံခြင်း

မိမိကိုယ်မိမိ အထိမခံခြင်းသည် အစာအန ကောက်တတ်ခြင်း၊ စိတ်ဆက်၍ ဒေါသထွက်လွယ်ခြင်း၊ မကျေမနပ်ဖြစ်ခြင်း၊ စိတ်အနှောက်အယှက်ဖြစ်ခြင်း စသည်တို့ဖြစ်ပြီး၊ မိမိကိုယ်မိမိ အလွန်ကာကွယ်တတ်သည်။ ထိုသို့ဖြစ်ခြင်းသည် မိမိခံစားမှုကို အရမ်းသတိမူတတ်ပြီး၊ မိမိက သူတပါးကို နာကျင်အောင် ပြုသည့်အခါ၌မူ မသိတတ်ပေ။ အလွန်အမင်း အထိမခံဖြစ်တတ်သောသူတို့သည် သူတပါးအား အထေ့အငေါ့ စကားများဖြင့် သူတပါးအား ဂရုမစိုက်။ သူတပါး၏ ခံစားမှုကို စာနာထောက်ထားခြင်း မရှိတတ်။ သူတို့၏ စကားများ အားဖြင့် သူတို့ကို သူတို့ မည်မျှနာကျင်စေကြောင်းသူတို့မသိ (ရောမ ၂း၁)။

### ဘုရင် ၁၂ - မိမိကိုယ်မိမိသာမြင်ခြင်း

''ထိုအမှုကိုပြုရန် တနည်းသာရှိသည်'' ဟု တင်းကျပ်စွာ အခိုင်အမာ ဆိုတတ်သောဘုရင်ဖြစ်သည်။ ဤဘုရင်သည် အရာရာကို မိမိတစ်ဦးတည်း၏ အမြင်ဖြင့်သာ ကြည့်တတ်သော ဘုရင်တစ်ပါးဖြစ်သည်။ဤ တမန်တော်ပေတရုသည် ဤပြဿနာနှင့် ရုန်းကန်ခဲ့ရပြီး ပြောသည်မှာ ''ကျွန်ုပ်ဘယ်တော့မှ . . .'' (မဿဲ ၁၆း၂၂၊ ၂၆း၃၃၊ ယောဟန် ၁၃း၈၊ တမန် ၁၀း၁၄)။ နောက်ပိုင်းမှာတော့ သူနောင်တရဘို့သာ ဖြစ်သည်။ ယောဘ၏ သူငယ်ချင်း သုံးယောက်တို့သည် ယောဘ၏ အမှောင်ကျခြင်းနှင့် ပတ်သက်၍ သူတို့၏ အတွေးအခေါ်ဆိုင်ရာကို အနည်းငယ်မျှ အတိမ်အစောင်း မခံ။ ယောဘ၏ အမှောင်ကျခြင်းကို အကြံပေးရန်၊ နှစ်သိမ့်ရန် သူတို့အရည်အချင်း မပြည့်မှီပါ။ အဘယ်ကြောင့် ဆိုသော် ယောဘခံရသော စုံစမ်းခြင်းကို ဘယ်တုန်း ကမှ မြင်လည်းမမြင်ဘူး၊ ကြားလည်း မကြားဘူး၊ တွေ့ကြုံဘူးခြင်းလည်း မရှိသောကြောင့် ဖြစ်သည်။ သို့သော် သူတို့က ''ဒါကို ဒီနည်းနဲ့ဘဲ လက်ခံရမယ်''ဟု ဇွတ်ပြောကြသည်။ ဤကား တချို့သောပြဿနာများ၏ လက္ခဏာသဘောထားဖြစ်သည်။ ယင်းက အကြံပြုတာက အကြောင်းအရာကို သိထားပြီးသားဖြစ်ခြင်းသည် အရာခပ်သိမ်းကို သိနိုင်ခြင်းဖြစ်သည်။ ဘယ်တော့မှ

မမှားနိုင်ဆိုသော စိတ်နေသဘောထားကို ကိုယ်စားပြုသည့် ဆန့်ကျင်ဘက်အားဖြင့် စစ်မှန်သောပညာသည် အသက်တာနှင့်ပတ်သက်၍ ကျယ်ပြန့်သော ရှုထောင့်ကိုဖြစ်စေပြီး အခြားပြောင်းလဲရွေးချယ် လုပ်ဆောင်စေနိုင်သည်။

## ဘုရင် ၁၃ – မိမိ၏စဉ်းစားခံစားခြင်း၌သာ အာရုံစိုက်ခြင်း

မိမိအသက်တာ ဤဘုရင်သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေး၊ အတွေ့အထိ အာရုံနှင့်ခံစားမှုတို့ကိုသာ အလေးထားစဉ်းစားစေသည်။ ဤဘုရင် သည် ရောမ ၇း၁၈၊၂၄ ကဲ့သို့သော ကျမ်းပိုဒ်များတွင် အဓိက ဖေါ်ပြထားသောသူဖြစ်သည်။ ''ငါ့ထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသောအရာ တစ်စုံတစ်ခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်းမူကား၊ ငါသည် ကျင့်ချင်သောစိတ်ရှိသော်လည်း၊ ကောင်းစွာ ကျင့်တတ်သောအခွင့်ကိုရှာ၍ မတွေ့နိုင်။ ငါသည် ငြိုငြင်သောသူဖြစ်ပါတကား။ ဤအသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်မည်နည်း။'' ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် မိမိ၏ အတွေးထဲတွင်သာ ကြည့်ရှုနစ်မြုပ်နေတက်သောသူဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား မိမိကိုယ်မိမိ ဆန်းစစ်ပြီး မိမိပြဿနာများကို မိမိစိတ်ဖြင့် တွက်ချက်ဘို့ ဘယ်သောအခါ၌မျှ မပြောပါ။ ယေရမိအနာဂတ္တိကျမ်း ၁၇း၉ မှာ ''စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ်၏။ အလွန် ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံး သဘောကို အဘယ်သူသိနိုင်သနည်း'' ဟု ဆိုပါသည်။ ကျွန်ုပ်တို့စိတ်ထဲ၌ ဘာရှိသလဲဆိုတာ ကျွန်ုပ်တို့မသိပါ။ ဘုရားသခင်သာလျှင် သိပါသည်။ ၁ရာချုပ် ၂၈း၉ တွင် ဒါဝိဒ်က ရှောလမုန်ကို ပြောသည်မှာ ''ငါ့သား ရှောလမုန်၊ သင့်အဘ၏ ဘုရားသခင်ကိုသိလော့။ စုံလင်သောနှလုံးကြည်ညိုသော စိတ်သဘောနှင့် ဝတ်ပြုလော့။ ထာဝရဘုရားသည် ခပ်သိမ်းသောစိတ်နှလုံးတို့ကို စစ်၍ အကြံအစည် ရှိလေသမျှတို့ကို သိတော်မူ၏။ ကိုယ်တော်ကို ရှာလျှင် အတွေ့ခံတော်မူမည်။ ကိုယ်တော်ကို စွန့်လျှင် သင့်ကို အစဉ်အမြဲ စွန့်တော်မူမည်။'' ကျွန်ုပ်တို့သည် မိမိစဉ်းစား ခံစားခြင်း၌သာ အလွန်အကျွံ အာရုံမစိုက်ရ။ ကျွန်ုပ်တို့၏ နှလုံးသားများကို ဘုရားသခင် ရှာဖွေရန် ဘုရားသခင်ကို အခွင့်ပေး ရမည်။

သခင်ဘုရားသည်သာ ကျွန်ုပ်တို့၏ နှလုံးသားကို စစ်ဆေးသောသူဖြစ်ပြီး ကိုယ်တော်၏အချိန်ရောက်သောအခါ ကျွန်ုပ်တို့သိရန် လိုအပ်သည်များကို ပြသမည်ဖြစ်သည်။ ထိုအချိန်မတိုင်မီအထိ ကျွန်ုပ်တို့သည် သခင်ဘုရားကို အကြွင်းမဲ့ ယုံကြည်လျှက်၊ ငြိမ်သက်ခြင်းနှင့်အတူ ဝမ်းမြောက်ခြင်းကို နှလုံးထဲ၌

သိုထားလျှက်ရှိနေသင့်ပေသည်။ (သုတ္တံ ၃း၅–၆)

**ဘုရင် ၁၄ – မိမိကိုယ်မိမိချစ်ခြင်း**

ဤဘုရင်သည် မိမိအတွက်သာအသက်ရှင်ပြီး၊ သူ့ကိုယ်ပိုင် အသက်တာ၊ ကိုယ်ပိုင်အချိန်၊ မိမိပိုင်ဆိုင်မှုတို့အပေါ် အဆင်မပြေဖြစ်ခြင်းတို့ကို မကျေမနပ်ဖြစ်ပြီး လက်သင့်ခံလိုခြင်းမရှိပါ။ မိမိအသက်ကို သူတပါးတို့အား ရက်ရောစွာ ပေးသော ဘုရားသခင်၏ သဘောသဘာဝနှင့် ဘယ်လောက် ဆန့်ကျင်လိုက်သလဲ။ ယောဟန် ၃း၁၆ က ပြောပါသည် ''ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။'' ခရစ်တော်သည် အဆင်ပြေချောမွေ့သောလမ်းကို ဘယ်သော အခါမှ မရွေးချယ်ခဲ့ပါ။

အချို့ခရစ်ယာန်တို့သည် မိမိကိုယ်ကို ချစ်ခြင်းကြောင့် အမှုတော်ဆောင်ခြင်းသို့၄င်း၊ နိုင်ငံခြား တိုင်းတပါး၌သာသနာပြုခြင်းသို့၄င်း သွားရန် ငြင်းဆိုကြသည်။ သူတို့သည် သူတို့အသက်နှင့် လုံခြုံမှုကို ချစ်ကြသည်။ သို့သော် ထိုသို့ပြုခြင်းဖြင့် နှစ်ခုစလုံးကို သူတို့ ဆုံးရှုံးကြသည်။ ယေရှုက မဿဲ ၁၉း၂၉ မှာ '' အကြင်သူသည် ငါ၏နာမကြောင့် အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယားတည်းဟူသော တပါးပါးကို စွန့်၏။ ထိုသူသည် အဆတရာသော အကျိုးကိုရ၍ ထာဝရအသက်ကို အမွေခံရလတံ့'' ဟု ပြောပါသည်။ ယေရှုက ရှင်မာကု ၈း၃၄–၃၅ တွင် ''ထိုအခါ တပည့်တော်တို့နှင့် ပရိသတ်များကို ခေါ်တော်မူပြီးလျှင်၊ အကြင်သူသည် ငါ၌ ဆည်းကပ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါး ကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၄င်း၊ ဧဝံဂေလိတရားကြောင့်၄င်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်ဟု ပြောပါသည်။ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့ အသက်တာအတွက် ဘုရားသခင်၏ အလိုတော်ရှိရာ၌ တွေ့ရသည်။ ပျော်ရွှင်ခြင်းသည် ဘုရားသခင် မျက်မှောက်တော်ကျိန်းဝပ်ရာ၌ရှိသည် (ဆာလံ ၁၆း၁၁)။ မြေကြီးပေါ်၌ အလုံခြုံဆုံးသော နေရာသည် ဘုရားသခင်အလိုတော်သည်သာ အဓိက ဖြစ်သောနေရာမှုဖြစ်သည်။

**ဘုရင် ၁၅ – တကိုယ်ကောင်းဆန်၍ မိမိကိုယ်မိမိသာ ချစ်ခင်နှစ်သက်ခြင်း**

ရှင်လုကာ ၆း၃၂း၃၃ တွင် ယေရှုက ''သင်တို့ကို ချစ်သောသူတို့အား

ချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူးတင် သနည်း။ ဆိုးသော သူတို့သည် ကိုယ်ကို ချစ်သောသူတို့အား ချစ်တုံ့ပြန်ကြသည် မဟုတ်လော။ သင်တို့ကို ကျေးဇူး ပြုသောသူတို့ကိုသာ ကျေးဇူးပြုလျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူ တို့သည် ဤမျှလောက်ပြုကြသည်မဟုတ်လော့'' ဟု ဆိုပါသည်။ ကျွန်ုပ်တို့ကို ကျေးဇူးပြုသောသူကိုသာ ကျေးဇူးပြုမည်ဆိုပါက၊ ကျွန်ုပ်တို့သည် သာမန် ခရစ်ယာန်များဖြစ်သည်။ အပြစ်သားများပင်လျှင် သူတို့ကို ချစ်သော သူများကို ချစ်ကြသည်။ ကျွန်ုပ်တို့ကို ထောက်ခံချီးမွမ်းသော သူများကိုသာ ကျွန်ုပ်တို့ ကျေးဇူးတင်တတ်တာလား။ ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်းသည် ကျဉ်းမြောင်း ပြီး ဂိုဏ်းဂဏစိတ်ရှိသော အုပ်စုနယ်ပယ် အတိုင်းအတာ တခုဘဲလား။ လူပေါင်း ၃၀၀ ရှိသော အသင်းတော်၌ လူ ၃၀ နှင့်သာ ခင်မင်သလား။ ဘုရားသခင်၏ လူတို့ကို ချစ်နိုင်ခြင်းအလို့ငှါ ကျွန်ုပ်တို့၏ နှလုံးသားများကို ချဲ့ရန် ဘုရားသခင် အလိုရှိသည်။

### ဘုရင် ၁၆ – တကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်

ယေရှုက ရှင်လုကာ ၆း၃၄–၃၅ တွင် ''သူတပါးအား ဥစ္စာချေးငှါး သောအခါ ဆပ်ပေးလိမ့်မည်ဟု မျှော်လင့်လျက် ချေးငှါးလျှင် အဘယ် ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ကျေးဇူးဆပ်ခြင်းကိုခံလို၍ ဆိုးသော သူချင်းတို့အား ချေး၌ါးတတ်သည်မဟုတ်လော။ သင်တို့မူကား ရန်သူကို ချစ်ကြလော့။ ကျေးဇူးပြု ကြလော့။ တစုံတခုကို ရမည်ဟု မျှော်လင့်ခြင်းမရှိဘဲ ချေးငှါးကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုး ကြီးလိမ့် မည်။ အမြင့်ဆုံးသော ဘုရား၏ သားဖြစ်ကြလိမ့်မည်'' ဟုဆိုပါသည်။

ဤမည်သောဘုရင်သည် မိမိကိုသူတပါးထက် မြင်သာအောင် သူတပါးကို လက်ခံသည်ထက် ကိုယ့်ကို လက်ခံလာအောင် တကိုယ်ကောင်းဆန်စွာ ပြုကြ သည်။ အလှူအတန်းပြုခြင်းသည် တစုံတခုကိုပြန်ရယူ လိုခြင်းဖြစ်သည်။ အချို့သောသူတို့သည် သာ၍ များစွာ ပြန်ရမည်ဟု မျှော်လင့်လျက် ဘုရားသခင် အား များစွာသောငွေကိုပေးလှူကြသည်။ ယနေ့ ကြွယ်ဝခြင်းနှင့် ဆိုင်သော တရားဟောချက် အတော်များများသည် ' ဘုရင်းသခင်ကိုပေးပါ ကိုယ်တော်က သင့်ကို ခုနှစ်ဆ ပြန်၍ ပေးလိမ့်မည်' ဟူသည့် စိတ်နေသဘောထားကို လှုံ့ဆော်နိုးဆွပေးနေသည်။

ဘုရားသခင်ထံမှ သာ၍ များစွာပြန်ရမည်ဟု ရည်ရွယ်ချက်ဖြင့် မည်သည့် အရာကိုမျှ ဘုရားသခင်အား ဘယ်တော့မှမပေးရ။ ဘုရားသခင်သည်

ကေနံအမှန် ရက်ရောသောဘုရားဖြစ်ပြီး သူ၏ လူတို့ကို ကောင်းချီး ပေးခြင်းငှါလည်း နှစ်သက်သောဘုရားဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် တကိုယ်ကောင်း ဆန်သော ရည်ရွယ်ချက်ဖြင့် မပေးရ။ အမှုတော်ဆောင် များသည် သူတို့အသင်းတော်၏ အများသော အစည်းအဝေး များကို ပိုက်ဆံ တောင်းခံခြင်း၌ အသုံးမပြုရ။ ကျွန်ုပ်တို့၏ နှလုံးသားနှင့် ရည်ရွယ်ချက်များကို ဘုရားသခင်အား ဖော်ပြပြီး မိမိကို သန့်ရှင်းစင်ကြယ်စေရန် တောင်းခံ ရမည်။ ဘုရားသခင်၏ နှုတ်ကပတော်သည် အတွေးများ၊ ပြင်းပြသောဆန္ဒများနှင့် နှလုံးသား၏ ရည်ရွယ်ချက်ကိုသိမြင်စေသူဖြစ်သည် (ဟေဗြဲ ၄း၁၂)။

## ဘုရင် ၁၇ - တကိုယ်ကောင်းဆန်သော တောင့်တမှု

တကိုယ်ကောင်းဆန်သောတောင့်တမှုသည် သူတပါးဥစ္စာပစ္စည်းကို လိုချင် တပ်မက်ခြင်း၊ အောင်မြင်သောသူဖြစ်ခြင်းငှါ အလိုရှိခြင်းနှင့် လုံခြုံမှု ပိုင်ဆိုင်ခြင်းငှါ ဆန္ဒရှိခြင်းဖြစ်သည်။ သူတို့သည် သူတပါးအား လွှမ်းမိုးပြီး အာဏာတန်ခိုးရှိခြင်းငှါ ထင်ရှားသောသူများ နှင့် ရင်းနှီးသောမိတ်ဆွေဖြစ်ခြင်းကို မကြာခဏရှာတတ် ကြသည်။ အချို့တို့သည် ချမ်းသာကြွယ်ဝမှု၊ ဂုဏ်၊ ဩဇာ၊ တန်ခိုးစသည်တို့အတွက် တစုံတခုသောမိသားစုထဲသို့ဝင်နိုင်ခြင်းငှါ တစ်စုံ တစ်ဦးသော ပုဂ္ဂိုလ်ကို လက်ထပ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နှုတ်ထွက်စကားနှင့် အပြုအမူတို့က မည်သည့်အရာကို တိုက်တွန်းနေကြောင်း သိမြင်နိုင်ရန် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကို စစ်ဆေးရမည်။ ဘုရားသခင်အား ''အမှန်အားဖြင့် ကျွန်ုပ်သည် ဤအရာကို အဘယ်ကြောင့်လိုအပ်သလဲ'' လို့မေးပါ။

## ဘုရင် ၁၈ - တကိုယ်ကောင်းဆန်သော ရွေးချယ်မှု

တကိုယ်ကောင်းဆန်သော ရွေးချယ်မှုဘုရင်သည် ဘုရားသခင်၏ ပြည့်စုံသောအလိုတော်ကို မမေးမြန်းဘဲ၊ သူ့လိုအပ်တာကိုပဲ ဘုရားပြောသည်။ မိမိအသက်တာ၏ ဤကဲ့သို့သော ခံတပ်သည် ကျွန်ုပ်တို့၏ အလိုကိုသာ ပြုလုပ်စေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်အတို့အလို့ငှါ ဘုရားသခင် ဖန်ဆင်းထားခြင်းဖြစ်သည် (ဗျာဒိတ် ၄း၁၁)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင် အနှစ်သက်ဆုံးသော ရွေးချယ်မှုက ဘာလဲလို့ ကိုယ်တော်ကို အမြဲတမ်းမေးရမည်။

အကယ်၍ ကျွန်ုပ်တို့သည် မိမိဖန်ဆင်းရှင်၏ ပျော်ရွှင်သာယာခြင်းတို့ကို

မယူဆောင်နိုင်ပါက ကျွန်ုပ်တို့သည် အချည်းနှီးအသက်ရှင်နေသည်။ ကျွန်ုပ်ကို ဖန်ဆင်းခြင်း၏ရလဒ်ကတော့ ကျွန်ုပ်တို့သည် ဝမ်းမြောက်သောသူများဖြစ်ပြီး၊ ထိုဖန်ဆင်းရှင်အားလည်း ပျော်ရွှင်ခြင်း၊ နှစ်လိုဘွယ်ရာတို့ကို ပြုလုပ်ရန်ဖြစ်သည်။ ဒါဝိဒ်က ဆာလံ ၄၀း၈ တွင် ''အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်၏အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏'' ဟုဆိုပါသည်။ အသက်တာသည် ရွေးချယ်မှုများနှင့် ပြည့်နေပြီး၊ ကျွန်ုပ်တို့သည် မိမိအသက်တာ ရွေးချယ်မှု၏ အရေအတွက် ပမာဏသာဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ရွေးချယ်ပေးရန် သူ့အား အခွင့်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် သူသာလျှင် အကောင်းဆုံးကို သိသည်။

ဟေရှာယ ၅၅း၈–၉ တွင် ''ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည် လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်၄င်း၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်၄င်း သာ၍ မြင့်၏'' လို့ ကျွန်ုပ်တို့ ဖတ်ရသည်။ ကျွန်ုပ်တို့အတွက် ရွေးချယ်ပေးရန် ဘုရားသခင်ကို အခွင့်ပေးရမည်။ ဤကဲ့သို့ရွေးချယ်ခြင်းတွင် အိမ်ထောင်ဘက်ကို ရွေးချယ်ခြင်းလည်း ပါဝင်သည်။ ခရစ်ယာန် အတော်များများသည် ဤအချက်၌ ဘုရားသခင်ကို နာခံခြင်းမရှိကြပေ။

**ဘုရင် ၁၉ – တကိုယ်ကောင်းဆန်သော သာယာမှု**

ကျွန်ုပ်တို့သည် မိမိ၏ ဘဝကြင်ဖော်ကို ဘုရားသခင်မှ ရွေးချယ်ခွင့်ပြုရပေမည်။ အကြောင်းမှာ ထိုသို့ပြုခြင်းသည် ပျော်ရွှင်ဖွယ်ရာ၊ ချောမွေ့သော အိမ်ထောင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေသော အိမ်ထောင်အဖြစ် အမှန်တကယ်ပင် ဆောင်ကြဉ်းပေးပေလိမ့်မည်။ ကိုယ်တော် သည်သာ အရာခပ်သိမ်းကို အသိဆုံးဖြစ်သောကြောင့် ကိုယ်တော်ကိုသာ ကျွန်ုပ်တို့အတွက် ရွေးချယ်ပေးရန် အခွင့်ပေးရပေမည်။ အနောက်တိုင်း နိုင်ငံများနှင့်ဆိုင်သော လူ့ဘောင်အဖွဲ့အစည်းသည် လူတို့အား မိမိအနေဖြင့် ကောင်းသည်ဟု ခံစားသည့် မည်သည့်အရာကို မဆိုပြုရန် အားပေးပြီး၊ ကာမဆိုင်ရာ သာယာမှုတို့ကို အားပေးအားမြှောက် လုပ်သည်။ ပေါလုက၊ နောက်ဆုံးသော နေ့ရက်ကာလတွင် လူတို့သည် ''ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ် ခံစားခြင်းကို သာ၍ နှစ်သက် သောသူ'' (၂တိ ၃း၄) ဖြစ်ကြ

လိမ့်မည်ဟု ဆိုပါသည်။ အားကစား၊ မော်တော်ကား၊ အဝတ်အစား၊ ဝါသနာ စသည်တို့သည် ရုပ်တုများဖြစ်နိုင်သည်။ များစွာသော ခရစ်ယာန်တို့သည် မရောင့်ရဲမတင်းတိမ်နိုင်သော အာသာဆန္ဒ၏ သာယာမှု အတွက် ကျေးကျွန်ခံနေကြသည်။ ဤအမှုသည် လူတစ်ဦးမိမိ၏ ဇာတိသဘောကို ကျေနပ်စေခြင်းဖြစ်သည်။

အမေရိကန်တော်တော်များများသည် ဖလော်ရီဒါသို့ ရွှေ့ပြောင်းလိုကြခြင်းမှာ ဘုရားသခင်၏အလိုကို ဆောင်ချင်သောကြောင့်မဟုတ်ဘဲ အပူပိုင်းဒေသ၏ ရာသီဥတုထဲ၌ရှိသော သက်တောင့်သက်သာ ဘဝတစ်ခုကို ရရှိလိုသောကြောင့်သာဖြစ်သည်။ အချို့သောသူတို့သည် အငြိမ်းစားယူသောအရွယ်၌ရှိရမည့် စိတ်နေစိတ်ထားမျိုးအား ငယ်ရွယ်သောအချိန်၌ ပင်လျှင် မိမိတို့ဘဝထဲသို့ ချဉ်းနင်းဝင်ရောက်လာရန် အခွင့်ပေးကြသည်။

စစ်မှန်သောသာယာမှုကို ဘုရားသခင်၏ မျက်မှောက်တော်ရှိရာ၌ သော် ၄င်း၊ သူ့၏ အလိုတော် စုဝေးရာ၌သော်၄င်း တွေ့ရသည်။ ''အထံတော်၌ စုံလင်သောဝမ်းမြောက်ခြင်းရှိပါ၏'' ဆာလံ ၁၆း၁၁။ ထိုစကားနှင့်အတူ ဆာလံ ၄၅း၇ ၌ရေးထားသည်မှာ ''ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်၍ မတရားသောအမှုကို မုန်းတော်မူ၏။ ထိုကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏ ဘုရားသခင်သည် ကိုယ်တော်၏ အပေါင်းအဖော်တို့ထက်၊ ကိုယ်တော်ကို ချီးမြှောက်၍ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူပြီ။''

## ဘုရင် ၂၀ – တကိုယ်ကောင်းဆန်သောပိုင်ဆိုင်မှု

ဤရှင်ဘုရင်၌လောဘကြီးသောစိတ်ဝိညာဉ်ကို ရှင်းလင်းစွာမြင်ရသည်။ နောက်ဆုံးသေတမ်းစာတခုကို ဖတ်ခြင်းသည် ဖုံးကွယ်ထားသော မကောင်းမှု ဒုစရိုက်ကို လူတဦး၏ နက်ရှိုင်းသော အတွင်းနှလုံးသားထဲကနေ မျက်နှာပြင်သို့ ပေါ်လာစေနိုင်သော သေချာသည့် နည်းလမ်းတခုဖြစ်သည်။ မိသားစုဖြစ်ခြင်း၊ မိတ်ဆွေဖြစ်ခြင်းတို့သည် သေတမ်းစာတခုအပေါ် ခါးသီးသော အငြင်းပွားမှုများကြောင့် ပျက်စီးရသည်။ ယေရှုက သာ၍များသော အမွေဥစ္စာကို ရခြင်းငှါ အငြင်းပွားသောသူကို အားမပေးပါ။ သခင်ဘုရားက ထိုသူ၏ နှလုံးသားထဲ၌ တပ်မက်သောသဘောကို တွေ့သည်။ (လုကာ ၁၂း၁၂–၁၅)။

ယေရှုက ပျော်ရွှင်မှုကို ကျွန်ုပ်တို့မည်မျှများစွာ စုဆောင်းထားခြင်းနှင့် မတိုင်းတာရန် သတိပေးသည်။ လူတို့ဆုပ်ကိုင်ထားသောအရာတို့သည် ဘယ်သောအခါ၌မျှ မည်သည့် ကျေနပ်မှုကိုမျှ မပေးနိုင်။ ကျွန်ုပ်တို့သည်

တကိုယ်ကောင်းဆန်သော သဘောနှင့် မိမိရရ ဆုပ်ကိုင်ထားရန် ကြိုးစားသော အရာခပ်သိမ်းကို အနေးနှင့်အမြန်လက်လွှတ်ဆုံးရှုံးမည်ဖြစ်သည်။ မတရားသဖြင့် လှည့်စားခြင်းနှင့် ရယူသော ချမ်းသာခြင်းနှင့် ပိုင်ဆိုင်မှုတို့သည် အသီးမသီးသော လူမိုက်အဖြစ် အဆုံးသတ်ရမှာဖြစ်သည် (ယေရမိအနာဂတ္တိကျမ်း ၁၇း၉-၁၁)။ ကျွန်ုပ်တို့၏လက်များသည်လည်း ဘာကိုမျှ ဆုပ်ကိုင်မထားပဲ အမြဲပင်ဖွင့်ထားနိုင်ပါစေ။

### ဘုရင် ၂၁ - တကိုယ်ကောင်းဆန်သော ကြောက်ရွံ့ခြင်းနှင့်ကရုစိုက်မှု

ဤဘုရင်သည် မိမိကိုယ်မိမိ ထိန်းသိမ်း စောင့်ရှောက်ခြင်းကို ပုံဆောင်သည်။ သူ့ကိုယ်သူ အလွန်ကာကွယ်ပြီး ပြင်းထန်သော ပြဿနာများ အတွက် ဘုရားသခင်က သူ့ကို ဂရုစိုက်စောင့်ရှောက်ရန် ဘုရားသခင်ကို ကိုးစားတတ်သည်။ သူတွေးသည်မှာ 'ဘုရားသခင် ငါ့ကို ဂရုစိုက်ပေးမှာမဟုတ်ပါဘူး။ သို့မဟုတ် ဘုရားကငါ့ကို ကျရှုံးခွင့်တောင် ပေးကောင်းပေးလိမ့်မယ်။' တချို့ ကြောက်ရွံ့ ခြင်းတို့သည် မာန်မာနနှင့် လူရူးလူမိုက်ဟု အထင်ခံရမှာ ကြောက်ရွံ့ခြင်းတို့မှ ဖြစ်ပေါ်လာသည်။ ဤများစွာသော အချိန်၌ လူတို့သည် တစုံတခုအတွက် လနှင့် ချီပြီး စိုးရိမ်တတ်ကြသည်။ သူတို့ စိုးရိမ်နေသည့် ကိစ္စဖြစ်လာတော့မှ ဘာမျှမဟုတ်ပါလားဆိုတာတွေ့ရသည်။ အကယ်၍ ကျွန်ုပ်တို့၏ တစုံတခုသော ကြောက်ရွံ့ခြင်းသည် မာန်မာန၌ အမြစ်တွယ်နေပါက၊ ထိုသို့ချည်နှောင်ခံရခြင်းကို နှိမ့်ချခြင်းဖြင့် ချိုးဖျက်နိုင်သည်။ ကြောက်ရွံ့ခြင်းနှင့် ဤအသက်တာကို ကရုစိုက်နေခြင်းသည် ဘုရားသခင်၏ ဂတိတော်များကို အမွေခံခြင်းမှ ကျွန်ုပ်တို့ကို တားမြစ်သည်။

### ဘုရင် ၂၂ - တကိုယ်ကောင်းဆန်သော ဝမ်းနည်းပူဆွေးမှု

တွေးတောစဉ်းစားသည့်အရာမှာ 'ငါဟာမိုက်မဲသူနဲ့တူနေလိမ့်မယ် သို့မဟုတ် ငါ အောက်ကျနောက်ကျ နိုင်နေလိမ့်' ဟူ၍ ဖြစ်နိုင်သည်။တကိုယ်ကောင်းဆန်သောဝမ်းနည်းပူဆွေးမှုဘုရင်သည် ဘုရားသခင်နှင့် သူတပါးတို့သည် မိမိကို ဂရုမစိုက် ဆိုပြီး ဘုရားသခင်ကိုသော်၄င်း၊ သူတပါးကိုသော်၄င်း၊ လျင်မြန်စွာ စွပ်စွဲခြင်းကိုဖြစ်စေသည်။ မိမိကိုယ်ကို ဒုက္ခပေးခြင်းမှရရှိလာသော ဝမ်းနည်းခြင်း သို့မဟုတ် မာနကို ချိုးဖဲ့ခံရခြင်းမှရရှိလာသော ဝမ်းနည်းခြင်းတို့သည် ဤဘုရင်၏ ရလဒ်တစ်ခုဖြစ်သည်။ ဤဝမ်းနည်းပူဆွေး ခြင်းတို့သည် ကျွန်ုပ်တို့မျှော်လင့် နေသောအရာများ မပြည့်စုံခြင်း၏ ရလဒ်ဖြစ်သည်။

ဘုရားသခင် ကျွန်ုပ်တို့အား ရရှိစေရန် မရည်ရွယ်ထားသည့်အရာများကို မျှော်လင့်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မှတ်သားထားရန်မှာ အကယ်၍ ဘုရားသခင်သည် အစီအစဉ်တစ်ချို့ သို့မဟုတ် ဦးတည်ရာတစ်ချို့ကို ဖျက်ဆီးခဲ့လျှင် ထိုသို့ပြုရခြင်းမှာ ဘုရားသခင်သည် ဂရုဏာထားခြင်းဖြစ်သည်။ အကြောင်းမှာ ကိုယ်တော်၌ သာ၍ကောင်းသောအရာတစ်ခု ရှိနေသောကြောင့်ပင်။ အကယ်၍ ဘုရားသခင်က ကျွန်ုပ်တို့လိုချင်သောအရာကို မပေးပါက သူ့၌ သာ၍ ကောင်းသောအကြံရှိလို့ သာဖြစ်သည်။ ဘုရားသခင် အလိုတော်နှင့် ညီသောဝမ်းနည်းပူးဆွေးခြင်းသည် အသက်ကို ရရှိစေပြီး မိမိအတွက် ပူဆွေးခြင်းသည် သေခြင်းကို ယူဆောင်လာကြောင်း သတိရပါ။ ''အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့် ယှဉ်သောနောင်တစိတ်တည်း ဟူသော၊ မပြောင်းလဲနိုင်သော နောင်တစိတ်ကို ပြုပြင်တတ်၏။ လောကီဝမ်းနည်းမှုကား၊ သေခြင်းကို ပြုပြင်တတ်၏'' (၂ကော ၇း၁၀)။

## ဘုရင် ၂၃ – တကိုယ်ကောင်းဆန်သောကိုယ်ကျိုးစွန့်ခြင်းနှင့် ငြင်းဆိုချက်

တကိုယ်ကောင်းဆန်သော ကိုယ်ကျိုးစွန့်ခြင်းနှင့် ပတ်သက်၍ ၁ကော ၁၃း၃ တွင် ပေါလုက ပြောသည်မှာ ''သူတပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း၊ မေတ္တာမရှိလျှင် ငါ၌ အကျိုးမရှိ။'' ကျွန်ုပ်တို့၏ ဥစ္စာများကို ဆင်းရဲသားတို့အား ကျွေးမွေးရန် ပေးနိုင်ပါသည်။ မာတုရများကဲ့သို့ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများကို မီးရှို့ခြင်းငှါပင် ပေးအပ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ သဘောထားသည် မေတ္တာ မဟုတ်ပါက မည်သည့် အရာမျှရရှိမည်မဟုတ်ပါ။ တချို့လူတို့သည် တကိုယ် ကောင်းဆန်သော ရည်ရွယ်သဘောထားနှင့် အစာရှောင်ကြသည်။ လူတစ်ယောက်သည် ရက် ၄၀ အစာရှောင်ကောင်း ရှောင်လိမ့်မည်။ သို့သော် ထိုသို့ပြုခြင်းမှာ ဘုရားနှင့်သာ၍ နီးစေရန် မဟုတ်ဘဲ၊ စံချိန်မှတ်တမ်းတစ်ခုကို ကျော်လွန်ဖို့ရန် (စံချိန်ချိုးဖို့) သို့မဟုတ် လူသိထင်ရှား အတွေ့အကြုံတစ်ခု ရရှိရန်အတွက် ဖြစ်နိုင်သည်။ အချို့သော မိမိကိုယ်ကိုငြင်းပယ်ခြင်းသဘောများမှာ ဘာသာတရားကိုင်းရှိုင်းကြောင်း ပြလိုခြင်းသာ ဖြစ်နေတတ်သည်။ သင်၏စိတ်နေသဘောထားမှန်ကြောင်း သေချာရန်စစ်ဆေးပါ။ သူတို့၏ ကိုယ်ကျိုးစွန့်အနစ်နာခံ ခြင်းကို ကြွားဝါရန် အစာရှောင်ခြင်းကို ပြုကြသည်။ ပုံပြင်လေး တခုရှိပါသည်။ လူတယောက်သည် အမြင့်ဆုံးသော ရာထူးရာခံနှင့်

၂၅ နှစ်တိုင်တိုင် မိသားစုဇစ်မြစ် မျိုးရိုးတို့ဖြင့် အကန့်အသတ် လုပ်ကာ နေထိုင်ခဲ့သည်။ ဤသို့ပြုခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးရသနည်း။ ထိုအမှုအရာသည် မည်သည့်အကျိုးရလဒ်ကို ရရှိခဲ့ပါသနည်း။ ထိုအမှုအရာသည် ထိုသူထံသို့ လူတို့၏အာရုံ စူးစိုက်ခံရခြင်းကို ရရှိစေကြောင်း ရှင်းလင်းစွာ တွေ့ရပေသည်။ သူသည် မိမိဖြောင့်မတ်ခြင်းကို ကိုးစားခြင်းနှင့် မိမိအား သူတစ်ပါး အာရုံစိုက်ခြင်း၌ ဗဟိုပြုခြင်း၏ အဓိက အကြောင်းရင်း ကိုယ်တိုင် ပြန်၍ ဖြစ်လာသည်။

**ဘုရင်၂၄ – တကိုယ်ကောင်းဆန်သောအကျင့်သီလနှင့် ကိုယ်ကျင့်တရား**

တကိုယ်ကောင်းဆန်သော အကျင့်သီလနှင့် ကိုယ်ကျင့်တရားသည် ဟေရှာယ ၆၅း၅ မှာတွေ့ရသည့် စိတ်သဘောထားကိုဖြစ်စေသည် ''သူတို့ ကလည်း သင်သည် အသီးအခြားနေလော့။ ငါ့ထံသို့ မချဉ်းနှင့်။ ငါသည် သင့်ထက်သာ၍ သန့်ရှင်းသည်ဟု ဆိုတတ်၏။ ထိုသို့သောသူတို့သည် ငါ့နှာခေါင်း၌ မီးခိုးကဲ့သို့၎င်း၊ အစဉ်လောင်သောမီးကဲ့သို့၎င်းဖြစ်ကြ၏။'' ဝိညာဉ်ရေးရာ မာန်မာန၌ အမြစ်စွဲသော တကိုယ် ကောင်းဆန် အကျင့်သီလ ရှိသော သူတို့သည် သူတပါး ထက် မိမိက သာ၍ ကောင်းသည်ဟု ထင်တတ်ကြသည်။ သူတို့၏စိတ်သဘောထားသည် ''သူတပါးထက် သာ၍ သန့်ရှင်းသည်'' ဟု ထင်တတ်သည်။ အဘယ်ကြောင့်ဆိုသော်သူတို့၏ မြင့်မားသော စံချိန်စံနှုန်း ယုံကြည်ချက်တို့ကြောင့်ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့အား သူတပါးနှင့် ခပ်လှမ်းလှမ်း အေးတိအေးစက်ဖြစ်စေသည်။ ဂျူးတို့သည် တပါးအမျိုးသား တို့နှင့် အတူတကွမစား၊ အပေါင်းအသင်း မလုပ်ကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့ ကိုယ်သူတို့ သူတပါးထက်သာ၍ ကောင်းသည် ဟု ထင်သောကြောင့် ဖြစ်သည်။ အကယ်၍ ဂျူးတို့သည် တပါးအမျိုးသား တို့နှင့် ကူးသန်း ရောင်းဝယ်ရေးကြောင့် အဆက်အသွယ် အထိအတွေ့ဖြစ်ပါက သူတို့လက်များကို သေချာစွာ ဆေးကြောကြသည် (တမန် ၁၀း၂၈၊ ၁၁း၃)။ ထိုဘုရင်ကို သုတ်သင်ရန်လိုအပ်သည် သို့မဟုတ် လျှင် သူသည် လူပေါင်း များစွာကို ကျွန်ုပ်တို့ အသင်းတော်များသို့ မရောက်ရှိ လာစေရန် ဆီးတား ပေလိမ့်မည်။

**ဘုရင် ၂၅ – မိမိသာလျှင်ဖြောင့်မတ်သည်**

မိမိသာလျှင် ဖြောင့်မတ်သည်ဆိုသော ဘုရင်သည် ကျွန်ုပ်တို့၏

ကောင်းမှုကုသိုလ်နှင့် ဘုရားသခင်အား ရိုသေကိုင်းရှိုင်းခြင်း တို့ကြောင့် မိမိဖြောင့်မတ်သည်ဟု ထင်စေသည်။

ထိုအမှုအရာသည် ကျွန်ုပ်တို့အား မိမိတို့၏ဆက်ကပ်ခြင်း၊ အဖိုးအခ ပေးခြင်း၊ ကာမဂုဏ်လိုက်စားမှု ရှောင်ကြဉ်ခြင်း၊ တသီးတသန့်နေခြင်း အစရှိသောအရာများအားဖြင့် မိမိကိုယ်ကိုမိမိ သဘောကျစေရန် လုပ်ဆောင်သည့် စိတ်နေသဘောထားကို ဆောင်ကြဉ်းလာသည်။ ထိုစိတ်ထား ရှိခြင်းအားဖြင့် ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့ ကြိုးစားအသက်ရှင်ခြင်းမရှိသော အခြားသူတို့အား အထင်အမြင်သေးပိုင်ခွင့်ရှိသကဲ့သို့သော ခံစားမှုမျိုး ဝင်ရောက်လာတတ်သည်။ သန့်ရှင်းသောအသက်တာကို အသက်ရှင်ရန်အတွက် ကျွန်ုပ်တို့ ဘက်မှကြိုးစားအားထုတ်မှု လိုအပ်သည်မှန်သော်လည်း နားလည်ထားရမည့်အချက်မှာ အကယ်၍ ကျွန်ုပ်တို့အထဲ၌ ဖြောင့်မတ်ခြင်း သို့မဟုတ် သန့်ရှင်းခြင်း ရှိနေခဲ့လျှင် ထိုသို့ရှိနေခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်ကြောင်းပင်။ ထို့ကြောင့် ကျွန်ုပ်တို့၌ ထုတ်ဖော် ဝါကြွားစရာမည်သည့်အကြောင်းမျှမရှိပေ။

ရှင်ပေါလုက ဖိလိပ္ပိ ၃း၉ တွင် ဤသို့ပြောခဲ့သည်။ ''ပညတ်တရားအားဖြင့် ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ ခရစ်တော်ကို ယုံကြည်ခြင်း အားဖြင့်ရသော ဖြောင့်မတ်ခြင်း တည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင် ပေးသောဖြောင့်မတ်ခြင်းကို ငါကိုးစား၏။ '' ယေရှုဘုရားကိုယ်တိုင်သည်လည်း ထိုအမှုအရာနှင့်ပတ်သက်၍ လုကာ ၁၈း၉–၁၄ တွင် ပြောထားခဲ့သည်။ ယောဘသည် ဘုရားနှင့်အပြစ်တင်စရာ အခွင့်ရှိသော်လည်း သူကိုယ်တိုင်နှင့် မဟုတ်၊ သူ၏ မိမိဖြောင့်မတ်ခြင်းကို ကိုးစားခြင်းအားဖြင့် ကိုယ့်ကိုကိုယ် လှည့်စားခြင်းကြောင့် ဖြစ်သည်။ (ယောဘ ၁၇း၁–၆၊ ၃၂း၁၊ ၃၅း၂)။ ကျွန်ုပ်တို့၌ ရှိသော ဖြောင့်မတ်ခြင်းမှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသာဖြစ်သည်။ (ဟောရှာယ၊ ၅၄း၁၇၊ ၆၄း၆)

## ဘုရင် ၂၆ – တကိုယ်ကောင်းဆန်သော သန့်ရှင်းစင်ကြယ်ခြင်း

အတိတ်က ကျိုးကြောင်းညီညွတ်၍ တရားဝင် အတွေ့အကြုံတခုသည် ကျွန်ုပ်တို့အတွက် ရုပ်တုတခု ဖြစ်လာသည့်အခါ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အတူ ဆက်လက်လျှောက်လှမ်းဘို့ ပျက်ကွက်သွားသည်။ လူတို့သည် လွန်ခဲ့ပြီးသောအတွေ့အကြုံများဖြင့် ဝန်းရံနေသည့်အခါ ဘုရားသခင်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းတို့သည် ရပ်တန့်သွားသည်။ ကျွန်ုပ်တို့ အထဲ၌

အစဉ်စီးဆင်းနေသည့် အသစ်သော အသက်ရှိရမည်။ အဘယ်ကြောင့်ဆိုသော် မည်သည့် အတွေ့အကြုံတခုထဲကမျှ ကျွန်ုပ်တို့ကို မရင့်ကျက်စေနိုင်။ ကျွန်ုပ်တို့သည် စဉ်ဆက်မပြတ်ကြီးထွားနေပြီး အတွေ့အကြုံသစ်များကို တချိန်လုံး ရရှိရမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့ခန်းခြောက်သွားမည်။ ဖိလိပ္ပိ ၃း၁၂–၁၄ မှာ ရှင်ပေါလုက ဘုရားသခင်နှင့်အတူ ၂၈ နှစ်လျှောက်လှမ်းရသော်ငြား လည်း အောင်မြင်မှုကို ရပြီဟု မဆိုလိုပါဟု ပြောပါသည် ''ထိုသို့ ဆိုသော် အကျိုးကို ခံရပြီ၊ စုံလင်ခြင်းသို့ရောက်ပြီဟု ငါမဆိုလို။ အကြင် အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် ငါ့ကိုကိုင်ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှါ ငါပြေး၍ လိုက်သေး၏။ ညီအစ်ကိုတို့ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ် မထင်သော် လည်း၊ ငါပြုသောအမှုတခုဟူမူကား နောက်ကျသောအရာတို့ကို မမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ် အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူ ခြင်းနှင့်ဆိုင်သောဆုကို ရခြင်းငှါ၊ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏။''

## ဘုရင် ၂၇ – တကိုယ်ကောင်းဆန်သောအလှူဒါန

အသင်းတော် (သို့) အဖွဲ့အစည်းတခုအား များစွာသောငွေပမာဏကို ပေးလှူသောသူများရှိသည်။ သူတို့၏ပေးလှူခြင်းကိုကြိုးဖြင့် ချည်နှောင်ထားသည်။ ဆိုလိုသည်မှာ – သူတို့သည် ထိုအလုပ်ကိုချုပ်ကိုင်ထား ချင်သည် (သို့) သူတို့၏ အကြံဉာဏ်နှင့် ယုံကြည်ချက်ကိုသာဖြစ်စေချင်သည်။ အချို့က လည်း လူထု၏ အသိအမှတ်ပြုခြင်း (သို့) လူတို့၏ ချီးမွမ်းခြင်းကို ရခြင်းငှါ ပေးကမ်းကြသည်။ ယေရှုက ရှင်မဿဲ ၆း၁–၄ တွင် ''လူများတို့ မြင်စေခြင်းငှါ ကိုယ်သီလအကျင့်ကို သူ့ရှေ့မှောက်၌ မကျင့်မည်အကြောင်း သတိပြုကြလော့။ သို့မဟုတ်ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘထံမှ အကျိုးကို မခံမရကြ။ ထို့ကြောင့် သင်သည် အလှူဒါနကိုပေးသောအခါ လျှို့ဝှက်သောသူတို့သည် လူများအချီးအမွမ်းကိုခံလို၍ ပွဲသဘင်လမ်း ခရီး၌ မိမိတို့ရှေ့မှာ တံပိုးခရာမှုတ်စေသည်နည်းတူ မပြုနှင့်။ ငါအမှန်ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့အကျိုးကို ရကြပြီ။ သင်သည် အလှူဒါနကိုပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှါ၊ လက်ျာလက် ပြုသည်အမှုကို လက်ဝဲလက်မျှမသိစေနှင့်။ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတံ့'' ဟုပြောပါသည်။

## ဘုရင် ၂၈ – တကိုယ်ကောင်းဆန်သောခရစ်ယာန်အလုပ်

ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုကို အမှုတော်ဆောင်ခြင်းက အစားထိုးနေရာယူရန် ဘယ်သောအခါ၌မျှ ဘုရားသခင်မရည်ရွယ်ပါ။ အမှုတော်ဆောင်ခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ ရုပ်တုမဖြစ်ရ။ ကလေးငယ်တယောက်သည် သူ၏ကစားစရာများကို ယူသွားပစ်လိုက်သည့်အခါ စူပုတ်သောမျက်နှာပေးကိုပြသကဲ့သို့ မရင့်ကျက်သော ခရစ်ယာန်တို့သည် သူတို့၏ အမှုဆောင်ခြင်းကို ဘုရားသခင်က ခေတ္တခဏယူပစ်လိုက်သည့်အခါ စိတ်ကောက်တတ်ကြသည်။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်ကို အရေးကြီးဆုံးဖြစ်စေပြီး ပထမဦးဆုံး အမိအရလိုက်ရှာရမည့်အရာဖြစ်စေရမည် (ဆာလံ ၂၇း၄)။ အကယ်၍ ဘုရားသခင်မှ ကျွန်ုပ်တို့အားစကားပြောရန် ကာလတစ်ခုအတွက် ကျွန်ုပ်တို့၏ အမှုတော်လုပ်ငန်းမှ ခေတ္တဘေးဖယ်ခဲ့လျှင် ကျွန်ုပ်တို့ငြူစူလျက် အောင်မြင်ခြင်းကို အဆုံးအရှုံးခံမည်လား။

ဖေက်အသင်းတော်မှ လူတို့သည် ဘုရားသခင်၏ အလုပ်၌ အလွန်အလုပ်များလာသည့်အခါ ဘုရားသခင်နှင့် သူတို့၏ ဆက်နွယ်ခြင်းကို လျစ်လျူရှုလာကြောင်း ဗျာဒိတ် ၂း၁–၄ တွင်တွေ့ရသည် ''ဖေက်မြို့၌ရှိသော အသင်းတော်၏ တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ လက်ျာလက်၌ ကြယ်ခုနစ်လုံးကို ကိုင်၍၊ ရွှေမီးခွက် ခုနစ်လုံးအလယ်၌ သွားလာသောသူ၏ အမိန့်တော်ကား၊ သင်အကျင့်ကျင့်ခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ သည်းခံခြင်းကို ငါသိ၏။ သင်သည် မတရားသောသူတို့ကို လက်မခံနိုင်ကြောင်းကို၄င်း၊ တမန်တော် မဟုတ်ဘဲ၊ တမန်တော်ဖြစ် ယောင်ဆောင်သောသူတို့ကို စစ်ဆေး၍ လှည့်ဖြားသောသူဖြစ်သည်ဟု သိကြောင်းကို၄င်း၊ ခန္တီနှင့် ပြည့်စုံ၍ ငါ၏ နာမ ကြောင့် ဆင်းရဲခံ၍ အားမလျော့ကြောင်းကို၄င်း ငါသိ၏။ သို့သော်လည်း သင်သည် ရှေ့ဦးစွာသော ချစ်ခြင်း မေတ္တာလျော့ပြီဟု သင်၌ အပြစ်တင်စရာရှိ၏။''

## ဘုရင် ၂၉ – တကိုယ်ကောင်းဆန်သော ဆုတောင်းခြင်း

များစွာသော ခရစ်ယာန်တို့၌ တကိုယ်ကောင်းဆန်သော ဆုတောင်းခြင်း အသက်တာရှိကြသည်။ သူတို့၏ ဆုတောင်းခြင်းအားလုံးတို့သည် ဘုရားသခင်သည် မည်သူမည်ဝါ ဖြစ်ကြောင်းရှာရမည့်အစား မိမိတို့ လိုချင်သည့်အရာ၊ ဘုရားသခင်က သူတို့အတွက် ဘာလုပ်ပေးရမည်၊ သူတို့ကို ဘာပေးရမည်

စသည့်အရာများ၌သာ အာရုံစိုက်ကြသည်။ ဥာဏ်ပညာကို ရခြင်းငှါ ဆုတောင်း ရသကဲ့သို့ မှန်ကန်သောအရာများအတွက် ကျွန်ုပ်တို့ဆုတောင်း ရမည် (ယာကုပ် ၁း၅)။ မည်သို့ဆိုစေ၊ ကျွန်ုပ်တို့ ဆုမတောင်းမီကတည်းက ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဘုရားသခင် သိနှင့်ပြီးသာ ဖြစ်ပါသည် (မဿဲ ၆း၃၂)။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အသက်တာကို ဘုရားသခင်၌သာ အာရုံပြုရမည်။ ပျောက်သောသားက ''အဘ၊ အကျွန်ုပ်ကို ပေးပါ'' ဟု ပြောသည်။ သို့သော် သူ၏ ဥစ္စာများကို ဖြုန်းတီးပြီးသည့်အခါ ''အဘ၊ အကျွန်ုပ်ကို ထားတော်မူပါ'' ဟု ပြောပါသည်။ တနည်းအားဖြင့် ''အဘ ဖြစ်စေချင်သောသားဖြစ်စေပါ'' (လုကာ ၁၅း၁၂၊၁၉)။ ယနေ့၏ ကြီးမွား ချမ်းသာခြင်း ဘာကို အလေးထားသလဲ ဆိုရင် ''ကျွန်ုပ်ကိုပေးပါ၊ ကျွန်ုပ်ကို မြန်မြန်အဖြေပေးပါ၊ ကျွန်ုပ်၏ ပြဿနာများမှ အလွယ်ကူဆုံးထွက်ပေါက်ကို ပေးပါ၊ ထောက်ပံ့ခြင်းနှင့် ကောင်းကြီးမင်္ဂလာ များပေးပါ'' စသည်တို့ကို အထူး အလေးထားပြောသည်။ ဘယ်လိုဘဲဆိုဆို ''ကျွန်ုပ်ကို ဖြစ်စေတော်မူပါ'' ဟု အလေးထားပြောဘို့တော့ ပျက်ကွက်နေသည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း သည် ''ဘုရားသခင်၊ ကျွန်ုပ်၏ အခြေအနေများသည် သာယာသည်ဖြစ်စေ၊ မသာယာသည်ဖြစ်စေ၊ ကျွန်ုပ် ရှာနေသော အဖြေများ ချက်ချင်းရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ထာဝရနိုင်ငံတော်နှင့် ထိုက်တန် သောသူဖြစ်စေတော်မူပါ၊ အို ဘုရားရှင် ကိုယ်တော့်ကို ကျေနပ်အားရစေရန် ကျွန်ုပ်ဘာလုပ်ရမည်နည်း'' ဟု ကျွန်ုပ်တို့ ဆုတောင်းရမည်။

## ဘုရင် ၃၀ – တကိုယ်ကောင်းဆန်သောမျှော်လင့်ခြင်း

ဤဘုရင်သည် လက်တွေ့မကျသော မျှော်လင့်ခြင်းများနှင့်အတူ အိမ်မက် ကမ္ဘာထဲ၌ နေထိုင်သည်။ လူ့နှလုံးသားသည် ကျော်ကြားသောသူ၊ ချမ်းသာ သောသူဖြစ်လာရန်သော်၎င်း၊ သူတပါးပိုင်ဆိုင်သည့်အရာကို တပ်မက်ခြင်း ဖြင့်၎င်း စိတ်ကူးအိပ်မက်များ မက်တတ်ကြသည်။ ဘုရားသခင်က သူ့လူတို့ အား လက်ရှိ အခြေအနေတွင် ရောင့်ရဲတင်းတိမ်ပြီး ကျေးဇူးတင်တတ်သော သူများဖြစ်ရန် သင်ယူစေချင်သည် – ဖိလိပ္ပိ ၄း၁၁ တွင် ရှင်ပေါလုက ''ထိုသို့ ငါဆိုသော်၊ ကိုယ်တိုင်ဆင်းရဲခြင်းကိုရည်မှတ်၍ ဆိုသည်မဟုတ်။ အကြောင်းမူကား၊ ငါသည် တွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသော စိတ်ရှိအံ့သောငှါ သင်မိပြီ'' ဟု ဆိုသည်။ ကျွန်ုပ်တို့ မျှော်လင့်သောအရာသည် ဘုရားသခင်က ကျွန်ုပ်တို့ အားပေးရန် ဆန္ဒရှိသောအရာဖြစ်ကြောင်း သေချာ

အောင် ကျွန်ုပ်တို့ပြုရမည် (ဆာလံ ၆၂း၅)။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည် ဘုရားရှင်က ကျွန်ုပ်တို့အတွက် ဆန္ဒရှိသောအရာဖြစ်ရမည် (၁ပေတရု ၁း၂၁)။

## ဘုရင် ၃၁ – ကျွန်ုပ်တို့၏အသက်တာတခုလုံး

ကျွန်ုပ်တို့အသက်တာအပါအဝင်၊ ကျွန်ုပ်တို့၌ ရှိသမျှတို့သည် ဘုရားသခင် ပေးထားတာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာတခုလုံးကို ဘုရားသခင်၏ ယဇ်ပလ္လင်၌ တင်ထားရမည်။ ရှင်ပေါလုက တမန်တော် ၂၀း၂၄ တွင် ''သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ယှဉ်သော ဧဝံဂေလိတရား ကို သက်သေခံစေခြင်းငှါ၊ သခင်ယေရှု၏ လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာ အမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည့် အကြောင်း၊ ထိုညှင်းဆဲခြင်းအမှုတစုံတခုကိုမျှ ငါသည် ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ'' ဟု ဆိုပါသည်။ ယောရှုမှတ်စာ ၁၈း၂–၃ တွင်လည်း ''ထိုအခါ ကာလရေလအမျိုးခုနစ်မျိုးတို့သည် အမွေမြေကို မခံရသေးသည်ဖြစ်၍ ယောရှုက သင်တို့ဘိုးဘေးများ၏ ဘုရားသခင် ထာဝရဘုရားပေးတော်မူသော မြေကို သင်တို့သည် မသိမ်းမယူဘဲ အဘယ်မျှ ကာလပတ်လုံးနေကြလိမ့်မည်နည်း'' ဟုလည်း ကျွန်ုပ်တို့ဖတ်ရသည်။ အမှန် စင်စစ်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သက်ဆိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ လုပ်ချင်သည့်အရာကို ကျွန်ုပ်တို့ မလုပ်နိုင်။ ၁ကော ၆း၁၉–၂၀ မှာ ''အဘယ်သို့နည်း။ သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကိုငှင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော် မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာ နှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှား စေကြလော့'' ဟု ဆိုပါသည်။

# အခန်း ၁၃

## မပြည့်စုံသောအောင်မြင်ခြင်း

### ၁။ ဂတိတော်မြေကို သိမ်းပိုက်ခြင်း၌ ပေါ့လျော့ခြင်း

ယောရှု၏ခေါင်းဆောင်မှုအောက်၌ ဣသရေလတို့သည် သူတို့အမွေကို အပြည့်အဝမရပါ။ ခါနာန်ပြည်ကို သိမ်းပိုက်ရာ၌ သူတို့သည် ပေါ့လျော့နေကြသည်။ ဤဝမ်းနည်းဘွယ်ရာအကြောင်းအရာကို ယောရှုမှတ်စာ ၁၃း၁ တွင် ဖတ်ရသည် ''ယောရှုသည် အို၍ အသက်ကြီးရင့်သောအခါ၊ ထာဝရဘုရားက သင်သည် အို၍အသက်ကြီးရင့်ပြီ။ သိမ်းယူရမည့် မြေလည်း အများကျန်သေး၏'' ဟု ကျွန်ုပ်တို့ဖတ်ရပါသည်။ ယောရှုမှတ်စာ ၁၈း၂-၃ တွင်လည်း ဤသို့ ဖတ်ရပါသည် ''ထိုအခါ ဣသရေလအမျိုးခုနစ်မျိုးတို့သည် အမွေမြေကို မခံရသေးသည်ဖြစ်၍ ယောရှုက သင်တို့ဘိုးဘေးများ၏ ဘုရားသခင် ထာဝရဘုရားပေးတော်မူသောမြေကို သင်တို့သည် မသိမ်းမယူဘဲ အဘယ်မျှကာလပတ်လုံး နေကြလိမ့်မည်နည်း။''

ဟေဗြဲ ၄း၈ က ယောရှုသည် ဣရေလတို့ကို ပြီးပြည့်စုံသော ချမ်းသာခြင်းထဲသို့ မခေါ်ဆောင်နိုင်ဟု ဆိုပါသည် ''ယောရှုသည် ထိုသူတို့ကို ချမ်းသာပေးသည် မှန်လျှင် ထိုနောက် အခြားသော နေ့ရက်ကို အဘယ်သို့ ဆိုဘွယ်ရှိသနည်း။'' ဣသရေလတို့သည် တပိုင်းတစအောင်မြင်ခြင်း၌ အခြေချရန် ကျေနပ်နေကြသည်။ ဤသည်ကား လူ့နှလုံးသား၏ မှန်ကန်ချက်လည်း ဖြစ်သည်။ များစွာသော ခရစ်ယာန်တို့သည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရာ၌ တစုံတခုသော ကုန်းပြင်မြင့်၊ တောင်ကလပ်သို့ ရောက်ကြပြီး၊ ထိုနေရာတွင် နေထိုင်ရန် ရောင့်ရဲကြသည်။ ဣသရေလတို့သည် သူတို့အမွေနှင့် ပတ်သက်၍ သူတို့ရန်သူများကို ကိုင်တွယ်ဖြေရှင်း ခြင်းမပြု။ သူတို့သည် ရန်သူများနှင့် အပေးအယူ သဘောတူညီချက်ပြုလုပ်ကာ၊ သူတို့နှင့် မဟာမိတ်ဖွဲ့ပြီး၊ မိမိတို့အမွေခံမြေပေါ်တွင် ရန်သူတို့နှင့် အတူပူးပေါင်းရန် ရောင့်ရဲ

တင်းတိမ်နေ ကြသည်။ ဤကား သူတို့၏ ပျက်စီး ဆုံးရှုံးမှုဖြစ်သည်။ သူတို့၏ နောက်ဆုံး ပန်းတိုင်ဖြစ်သော ဗိအုန်ကို မသိမ်းပိုက်ပါ။ ယေဗုသိ လူတို့သည် ထိုနေရာကို သိမ်းပိုက်ထိန်းသိမ်းထားသည်။ ယောရှု မှတ်စာသည် ဤအကြောင်း အရာဖြင့် အဆုံးသတ်သည် ''ထိုနောက်မှ ထာဝရဘုရား၏ ကျွန်နုန်၏သား ယောရှုသည် အသက်တရာတဆယ်ရှိသော် အနိစ္စရောက်လေ၏။ ယောရှု လက်ထက် ကာလပတ်လုံး ဣသရေလအမျိုးသား တို့သည် ထာဝရဘုရားကို ဝတ်ပြုကြ၏။ ထာဝရဘုရားသည် ဣသရေလ အမျိုးအဘို့ ပြုတော်မူသမျှတို့ကို သိ၍ ယောရှုမရှိသည် နောက်အသက်ရှင် သေးသောအသက်ကြီးသူတို့ လက်ထက်၌လည်း ထာဝရဘုရားကို ဝတ်ပြုကြ၏'' (ယောရှု ၂၄း၂၉၊ ၃၁)။

## ၂။ တရားသူကြီးမှတ်စာ၏အချိန်ကာလ

တရားသူကြီးမှတ်စာသည် ဣသရေလရာဇဝင် သမိုင်း၌ ယောရှုသေပြီး ချိန်မှစ၍ ရှမွေလ၊ ရှောလုနှင့် ဒါဝိဒ်တို့အသက်ရှင်နေသည့် ကြားကာလကို ခြုံငုံမိပြီး အကောင်းဆုံး ဖော်ပြသောကျမ်းဖြစ်သည်။ တရားသူကြီး မှတ်စာသည် ဣသရေလတို့အကြောင်းကို ယောရှု သေသည့်အချိန်မှစပြီး ရှမွေလ အချိန်တိုင်၊ နှစ်ပေါင်း ၃၅၀ ခန့်ကာလကို ဆက်လက်၍ စီကာပတ်ကုံး ပြော ပြသည်။

တရားသူကြီးများအချိန်ကာလ၌ ဘုရားသခင်သည် ဣသရေလတို့ ဂတိတော်မြေ၌ အခြေချပြီးသည့်အခါ သူတို့နှလုံးသားထဲ၌ ဘာရှိသလဲ ဆိုတာကိုသိဘို့ သူတို့ကို စစ်ဆေးသည်။ ကျွန်ုပ်တို့အသက်တာ၌ ဤကဲ့သို့ သော အချိန်ကာလကို ကျွန်ုပ်တို့လည်း ဖြတ်သန်းရမည်။ ကျွန်ုပ်တို့ သိသော အရာနှင့် ကျွန်ုပ်တို့၌ ရှိသောအရာများအားဖြင့် ကျွန်ုပ်တို့ ဘာလုပ်မလဲဆိုတာကို သိဘို့၊ ဘုရားသခင်သည် မိမိကိုယ်မိမိ ကျွန်ုပ်တို့ထံမှ တခါတရံ ဆုတ်ခွာ တတ်သည်။ ဤကဲ့သို့သောအမှုကို ဟေဇကိမင်း အသက်တာ၌ တွေ့ရသည်။

၂ရာဇဝင်ချုပ် ၃၂း၃၁ တွင် ဘုရားသခင်သည် ဟေဇကိ မင်းအား စစ်ဆေးရန် အချိန်တချိန် ဟေဇကိ မင်းထံမှ ကိုယ်တိုင်ဆုတ်ခွာကြောင်းကို ကျွန်ုပ်တို့ ဖတ်ရသည် ''သို့ရာတွင် နိုင်ငံတော်၌ဖြစ်သော အံ့ဘွယ်သောအမှုကို မေးမြန်းစေခြင်းငှါ ဗာဗုလုန်မင်းတို့သည် သံတမန်ကိုစေလွှတ်တော်မူသော အမှုမှာ ဟေဇကိမင်း၏ သဘောကို အကုန်အစင်သိခြင်းငှါ၊ ဘုရားသခင်သည် စုံစမ်း၍ အလွှတ်ထားတော်မူ၏။'' ၂ရာဇဝင်ချုပ် ၃၂း၂၅ တွင် တွေ့ရသည့် အလျောက် ဘုရားသခင်ကို ရိုသေကိုင်းရှိုင်းသော ဟေဇကိ မင်းသည်

ဤစစ်ဆေးခြင်းကို ရှုံးနိမ့်ခဲ့သည် ''သို့ရာတွင် ဟေဇကိသည် မိမိခံရသော ကျေးဇူးတော်နှင့် အထိုက်အလျောက်မကျင့်၊ ထောင်လွှားသောစိတ်ရှိ၏။ ထို့ကြောင့် သူ၌၄င်း၊ ယုဒပြည်နှင့် ယေရုရှလင်မြို့၌၄င်း၊ အမျက်တော်ထွက်လေ၏။'' သို့ပေသော်လည်း ထောင်လွှားခြင်းကြောင့် ဘုရားသခင် အပြစ်ပေးခြင်းကို ခံရပြီးသည့်နောက်၊ သူ့၏ နှလုံးသားကို ဘုရားသခင် ရှေ့၌ နှိမ့်ချသည်။ ''သို့ရာတွင် ဟေဇကိသည် မိမိစိတ် ထောင်လွှားသောအပြစ်ကြောင့်၊ ယေရုရှလင်မြို့သား တို့နှင့်တကွ ကိုယ်တိုင်ကိုယ်ကို နှိမ့်ချသောကြောင့်၊ လက်ထက်တော်ကာလတွင် ထာဝရဘုရား၏ အမျက်တော် မသက်ရောက်'' (၂ရာဇဝင်ချုပ် ၃၂း၂၆)။ တရားသူကြီးမှတ်စာမှရရှိသော နာကျင်ဖွယ် သင်ခန်းစာများအားဖြင့် ကျွန်ုပ်တို့အသက်တာလမ်းခရီးကို ဤလောက (အီဂျစ်ပြည်) မှ ဇိအုန်သို့ရောက်သည့်တိုင်အောင် ဘုရားသခင်ရှေ့၌ နှိမ့်ချခြင်းနှင့် လျှောက်လှမ်းကြပါစို့။ ကျွန်ုပ်တို့သည် ထိုသူတို့ထဲမှ အချို့တို့ လုပ်ဆောင်သည်ထက်ပို၍ မိမိကို ဂရုတစိုက် ပြုမူအသက်ရှင်ရပေလိမ့်မည်။ ထိုမျှမက ကျွန်ုပ်တို့၏အမွေနှင့် ကျွန်ုပ်တို့သားမြေးစဉ်ဆက်၏ အမွေကို မထိခိုက်စေရန် ကောင်းမွန်သော ဘုရင်ဟေဇကိ ပြုသကဲ့သို့ ဂရုတစိုက်ပြုရန် လိုအပ်ပေသည်။

တရားသူကြီးမှတ်စာသည် ဣသရေလတို့က ယောရှု၏ မိန့်မှာချက်များကို နားထောင်နာခံခြင်း အကြောင်းဖြင့် အစပြုသည်။ ရန်သူများကို ဂတိတော်မြေမှ နှင်ထုတ်စပြုသော်လည်း သူတို့အားလုံး ကို အနိုင်မယူနိုင်။ တရားသူကြီး မှတ်စာ ၁း၁ ၌ ကျွန်ုပ်တို့ဖတ်ရသည်မှာ ''ယောရှုအနိစ္စရောက် သော နောက်၊ ဣသရေလအမျိုးသားတို့က အကျွန်ုပ်တို့တွင် အဘယ်သူသည် ခါနနိလူတို့ ရှိရာသို့ ရှေ့ဦးစွာ ချီသွားရပါမည်နည်းဟုထာဝရဘုရားအား မေးလျှောက်ကြလျှင်။''

ယခုအခါ ကျွန်ုပ်တို့သည် ၄င်းတို့အမျိုးအနွယ်တစ်ခုချင်းစီအား ယခု အမူအရာ နှင့် ပတ်သတ်သော အချက်များကို သိရှိ၍ သဘောကျသိမှတ်ရန် အလို့ငှာ လေ့လာကြမည်။

(၁) ယုဒအနွယ် (တရားသူကြီးမှတ်စာ ၁း၁၉) ''ထာဝရဘုရားသည် ယုဒနှင့်အတူရှိတော်မူ၍ သူသည် တောင်ပေါ်မှာနေသောသူတို့ကို နှင်ထုတ်လေ၏။ ချိုင့်သားတို့ကို မနှင်ထုတ်နိုင်။ အကြောင်းမူကား၊ သူတို့သည် သံရထား ရှိကြ၏။''

(၂) ဗယ်္ာမိန်အနွယ် (တရားသူကြီးမှတ်စာ ၁း၂၁) ''ဗယ်္ာမိန် အမျိုးသား

တို့သည် ယေရုရှလင်မြို့၌နေသော ယေဗုသိလူတို့ကို မနှင်ထုတ်ဘဲ၊ သူတို့သည် ယနေ့တိုင်အောင် ဗင်္ယာမိန်အမျိုးသားတို့နှင့်အတူ ယေရုရှလင်မြို့၌ နေကြ သတည်း။''

(၃) မနာရှေအနွယ် (တရားသူကြီးမှတ်စာ ၁း၂၇) ''မနာရှေအမျိုးသည် ဗက်ရှန်မြို့ရွာများ၊ တာနက်မြို့ ရွာများ၊ ဒေါရမြို့ရွာများ၊ ဣဗလံမြို့ရွာ၊ မေဂိဒ္ဒေါမြို့ရွာများ၌နေသောသူတို့ကို မနှင်ထုတ်ဘဲ ခါနနိလူတို့သည် အနိုင်နေကြ၏။''

(၄) ဧဖရိမ်အနွယ် (တရားသူကြီးမှတ်စာ ၁း၂၉) ''ထို့အတူ ဧဖရိမ်အမျိုးသည် ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ်ဘဲ သူတို့သည် ဂေဇာမြို့၌ ရောနှောလျက်နေကြ၏။''

(၅) ဇာဗုလုန်အနွယ် (တရားသူကြီးမှတ်စာ ၁း၃၀) ''ထိုအတူ ဇာဗုလုန်အမျိုးသည် ကိတရုန်မြို့သား၊ နဟာလောလမြို့သားတို့ကို မနှင်ထုတ်ဘဲ ခါနနိလူတို့သည် ရောနှောလျက်နေ၍ အခွန်ပေးကြ၏။''

(၆) အာရှာအနွယ် (တရားသူကြီးမှတ်စာ ၁း၃၁–၃၂) ''ထိုအတူ အာရှာအမျိုးသည်အက္ကောမြို့သား၊ ဇိဒုန်မြို့သား၊ အာလပ်မြို့သား၊ အာခဇိပ်မြို့သား၊ ဟေလဗမြို့သား၊ အာဖိတ်မြို့သား၊ ရဟောဘမြို့သားတို့ကို မနှင်ထုတ်ဘဲ အာရှာအမျိုးသားတို့သည် ခါနနိလူတို့နှင့် ရောနှော၍နေကြ၏။''

(၇) နဿလိအနွယ် (တရားသူကြီးမှတ်စာ ၁း၃၃) ''ထို့အတူ နဿလိအမျိုးသည် ဗက်ရှေမက်မြို့သား၊ ဗေသနတ်မြို့သားတို့ကို မနှင်ထုတ်ဘဲ၊ ပြည်သားခါနနိ လူတို့နှင့်ရောနှော၍ နေကြ၏။ သို့ရာတွင် ဗက်ရှေမက် မြို့သား၊ ဗေသနတ်မြို့သားတို့သည် အခွန်ပေးလျက် နေကြ၏။''

(၈) ဒန်အနွယ် (တရားသူကြီးမှတ်စာ ၁း၃၄–၃၅) ''အာမောရိလူတို့သည်လည်း ဒန်အမျိုးသားတို့ကို တောင်ပေါ်သို့ နှင်သဖြင့်၊ ချိုင့်ထဲမှာနေရသော အခွင့်ကို မပေးကြ။ အာမောရိလူတို့သည် ဟေရက်တောင်ပေါ်မြို့၊ အာဇလုန်မြို့၊ ရှာလဗိမ်မြို့၌ အနိုင်နေကြ၏။ သို့ရာတွင် ယောသပ်အမျိုးသား တို့သည် အားကြီးသဖြင့် အာမောရိလူတို့သည် အခွန်ပေးရကြ၏။ ရုဗင်အနွယ်နှင့် ဂဒ်အနွယ်တို့သည် ဂတိတော်မြေ၏ အပြင်ဘက်၊ ယော်ဒန်မြစ် ကမ်းတဘက်၌ နေရာကျကြ၏။ ရှိမောင်အနွယ်နှင့် လေဝိအနွယ်တို့ကို မြေနေရာ သတ်မှတ်ပေးထားခြင်းမရှိ (ကမ္ဘာ ၄၉း၅–၇)။ ရှိမောင်အနွယ်တို့သည် ယုဒအနွယ်တို့နှင့် ရောနှောနေထိုင်ပြီး၊ လေဝိအနွယ်တို့သည် အခြားအနွယ်များ၌ ကွဲပြား ပြန့်လွင့်သွားကြသည်။

**၃။ ဘုရားသခင်၏ပြစ်တင်ကြိမ်းမောင်းခြင်း**

တရားသူကြီး ၂း၁–၃ ၌ ကျွန်ုပ်တို့အား ဂိလဂါလမြို့ (သန့်ရှင်းစင်ကြယ်စေသောအရပ်)မှ ဗောခိမ်မြို့ (ငိုကြွေးရာအရပ်) သို့လာသော ကောင်းကင်တမန် အကြောင်းကို ပြောပြထားသည်။ သူက ဣသရေလ အမျိုးသားတို့အား ထိုပြည်သားတို့နှင့် မိဿဟာယ မဖွဲ့ရန်သတိပေးခဲ့သည်။

တရားသူကြီးမှတ်စာ ၂း၁–၃ တွင် ဣသရေလလူ တို့သည် မိမိတို့ရန်သူများကို ချေမှုန်းသတ်ဖြတ်ရမည့် အစား၊ ထိုရန်သူတို့နှင့် အပေးအယူညှိနှိုင်း သဘောတူညီမှုရယူခြင်းကြောင့် ဘုရားသခင်က ဣသရေလတို့အား အပြစ်တင်ကြိမ်းမောင်းသည် ''ထာဝရဘုရား၏ တမန်တော်သည် ဂိလဂါလမြို့မှ ဗောခိမ်မြို့သို့လာ၍ သင်တို့ ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်သို့ အဲဂုတ္တုပြည်မှ သင်တို့ကို ငါဆောင်ခဲ့ပြီ။ သင်တို့နှင့် ငါဖွဲ့သော ပဋိညာဉ်ကို ငါမဖျက်၊ အစဉ်အမြဲစောင့်မည်။ သင်တို့သည် ဤပြည်သားတို့နှင့် မိဿဟာယ မဖွဲ့ရ။ သူတို့ယဇ်ပလ္လင် တို့ကို လှဲချရမည်ဟု ငါဆိုသော်လည်း သင်တို့သည် ငါ့စကားကို နားမထောင်ကြ။ အဘယ်ကြောင့် ဤသို့ပြုကြသနည်း။ တဖန် ငါဆိုသည်ကား ဤပြည်သားတို့ကို သင်တို့ရှေ့မှ ငါ မနှင်ထုတ်။ သူတို့သည် သင်တို့ဘက်၌ မုဆိုးလုပ်လျက်၊ သူတို့ဘုရားတို့သည်လည်း သင်တို့၌ ကျော့ကွင်း ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။''

ဘုရားသခင်သည် ဣသရေလတို့အား ပြီးပြည့်စုံ သော အောင်ပွဲကိုမပေး။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏ အသံတော်ကို နားထောင်နာခံဘို့ရန် စဉ်ဆက်မပြတ် ငြင်းဆိုခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူ့လူတို့၏ အသက်တာ၌ ငြင်းခုံစရာအကြောင်းကိစ္စ များကို တချိန်ပြီးတချိန် ပြောပြသည်။ အကယ်၍ ကျွန်ုပ်တို့သည် သူ၏ သတိပေးခြင်းများကို ဆက်တိုက် ဂရုမစိုက်ငြင်းဆန်နေပါက၊ ကျွန်ုပ်တို့ကို အနေအထား အတိုင်းမပြောင်း လဲဘဲ ရှိနေရန် သူအခွင့်ပေးလိမ့်မည်။ ဣသရေလအမျိုးသည် စစ်မှန်သောနောင်တ မရှိဘဲ ဘုရားသခင်အား ထပ်မံ၍ စွန့်ခွာကြပြန်သည်။ ဘုရားသခင်သည် သူ့အား တုံ့ပြန်မှုပေးပြီး သူ့၏ ကျေးဇူးတော်အားဖြင့် ပုံသဏ္ဌာန် ပြောင်းလဲရန် ကျွန်ုပ်တို့ အတွက် နေ့တနေ့ကို ကန့်သတ်သည် (ဟေဗြဲ ၄း၇)။ ဘုရားသခင်သည် ဧသောအတွက် နောင်တရရန် အချိန်ကို ကန့်သတ်ထားသော်လည်း သူသည် နောင်တမရသောအခါ သူရွေးချယ်ထားပြီးသော စကားနားမထောင် သည့်လမ်းသို့ လျှောက်ရန်

ဘုရားသခင်က ခွင့်ပြုလိုက်သည်။ ဤအကြောင်းကို ဟေဗြဲ ၁၂း၁၆–၁၇ တွင် ရှင်းလင်းစွာ မြင်တွေ့ရသည် ''မတရားသော မေထုန်၌ မှီဝဲသော သူမရှိစေခြင်းငှါ၎င်း၊ တနပ်စာအဘိုးနှင့် သားဦးအရာကို ရောင်းသော ဧသောကဲ့သို့ ဘုရားတရားကို မရိုမသေပြုသောသူမရှိစေခြင်းငှါ၎င်း၊ သတိနှင့် ကြည့်ရှုကြလော့။ သင်တို့သိသည်အတိုင်း၊ ဧသောသည် နောက်မှ ကောင်းကြီးမင်္ဂလာကို အမွေခံခြင်းငှါ အလိုရှိသောအခါ ငြင်းပယ်ခြင်းကိုခံရ၏။ မျက်ရည်ကျ၍ ကောင်းကြီးမင်္ဂလာကို အလွန်ရှာသော်လည်း မိမိအဘ၏ စိတ်ပြောင်း လဲခြင်း အခွင့်ကို မတွေ့မရ။'' ထို့ကြောင့် ကျွန်ုပ်တို့အသက်တာကို ဘုရားသခင် ကိုင်တွယ်သည့်အခါ ဘုရားသခင်အား တုံ့ပြန်မှုပေးရန် ကျွန်ုပ်တို့ လျှင်မြန်ရမည်။

ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဂိလဂါလမြို့မှ ဗောခိမ်မြို့သို့ ဤသတင်းစကားကို ဣလသရေလတို့အား ပြောရန်သွားသည်။ ဗောခိမ်၏ အနက်ကား ''မျက်ရည်ကျခြင်း၊ ငိုခြင်း''ဖြစ်သည်။ ယောရှုလက်ထက်တွင် ဂိလဂါလမြို့၌ သူတို့သည် ဘုရားသခင်နှင့် အလွန်စွဲမက်ဘွယ်ကောင်း လောက်အောင် တွေ့ဆုံခဲ့သည်။ သို့သော် ယခု၊ ဗောခိမ်မြို့တွင် ဘုရားသခင်၏ အသံတော်ကို နားမထောင်ဘဲ နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့သည်။ ဘုရားသခင်သည် ဣလသရေလတို့အား အပြစ်တင်ကြိမ်း မောင်းပြီးနောက် ဘုရားသခင်ရှေ့မှာ သူတို့မျက်ရည်ကျ ငိုယိုကြသော်လည်း၊ အမှန်တကယ် နောင်တမရ၊ ဘုရားသခင်ကို တဖန်စွန့်လွှတ်ကြသည် (တရားသူကြီးမှတ်စာ ၂)။

မည်သို့ပင်ဖြစ်စေ အကယ်၍ ဘုရားသခင်သည် အဖန်တလဲလဲ မသိကျိုးကျွံ အပြုခံရပြီး လူတို့သည် မိမိတို့၏ ချည်နှောင်ခြင်းနှင့် ဒုစရိုက်များကို နှစ်သက်စုံမက်ရန် ရွေးချယ်ပါက ကိုယ်တော်သည် သူတို့အား လွတ်မြောက်ခြင်းအတွက် ကျေးဇူးတော်ကို မပေးအပ်တော့သည့် အချိန်ကာလရောက်လာပေသည်။ သူတို့သည် မိမိတို့၏ အချုပ်အနှောင်များထဲ၌ ပိတ်လှောင်ခြင်း ခံရပေလိမ့်မည်။

ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ဘုရားသခင်နှင့်အတူ မိတ်သဟာရ ဖွဲ့ရာအရပ်တည်းဟူသော ဂိလဂါလသို့ ပြန်လည်နိုင်ရန် ကျွန်ုပ်တို့အား ငိုကြွေးခြင်းအထိ ပို့ဆောင်သည့်နောင်တတရား၏ ဝိညာဉ်နှင့် ဆုကျေးဇူးကို အလွန်ပင်လိုအပ်လှပေသည်။ အသွေးအသားဇာတိ (သို့မဟုတ်) နတ်ဆိုးနှင့် မိတ်ဖွဲ့ခြင်း (သို့မဟုတ်) အပေးအယူလုပ်ခြင်းမရှိစေရန် လုပ်ဆောင်

ပေးပေလိမ့်မည်။

မျက်ရည်ကျငိုယိုခြင်းဖြင့် မလုံလောက်။ ကျွန်ုပ်တို့သည် ကေန်အမှန် နောင်တရရမည်။ ကေန်အမှန် နောင်တရသော ဝိညာဉ်ကသာ ကျွန်ုပ်တို့ကို အပေးအယူလုပ်ခြင်းနှင့် မှားယွင်းသောမိတ်ဖွဲ့ခြင်းတို့မှ ကာကွယ်နိုင်မည် ဖြစ်သည်။ ရှင်ပေါလုက ၂ကော ၇း၁၀–၁၁ မှာ ''အဘယ်သို့ နည်းဟူမူကား၊ ဘုရားသခင်၏ အလိုတော်နှင့် ညီသောဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့် ယှဉ်သောနောင်တစိတ်တည်း ဟူသော မပြောင်းလဲနိုင်သော နောင်တစိတ်ကို ပြုပြင်တတ်၏။ လောကီဝမ်းနည်းခြင်းမူကား၊ သေခြင်းကို ပြုပြင်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့်ညီသော သင်တို့၏ ဝမ်းနည်းခြင်းသည် သင်တို့၌ အဘယ်သို့သော သတိပြုခြင်း၊ ကိုယ်အပြစ်ကိုဖြေခြင်း၊ အမျက်ထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အလွန်တောင့်တ ခြင်း၊ ငါ၏အကျိုးအလို့ငှါ စိတ်အားကြီးခြင်း တရားသဖြင့် ဒဏ်စီရင်ခြင်းတို့ကို ပြုပြင်သည်ကို ကြည့်ရှုကြလော့။ သင်တို့သည် ဤအမှု၌ အပြစ်ကင်းသည်ကို အရာရာအားဖြင့် ထင်ရှားပြကြပြီ'' ဟု ဆိုပါသည်။

### ၄။ မဟာမိတ်ဖွဲ့ခြင်း

ခရစ်ယာန်များအတွက် သင်ယူရန် အရေးကြီးဆုံးသော သင်ခန်းစာသည် မှန်ကန်သောမဟာမိတ်ဖွဲ့ခြင်းကို ပြုရန်ဖြစ်သည်။ မှားယွင်းသော မဟာမိတ်ဖွဲ့ခြင်းသည် ကြောက်မက်ဘွယ်ကောင်းသော အကျိုးဆက်ကို ဖြစ်စေသည်။ ခါနာန်ပြည်၌ နေထိုင်ကြသောသူတို့သည် ကျော့ကွင်းဖြစ်နေသည်။ ကာလေဗ တို့သည် သူတို့ကြား၌ နေထိုင်သည် သာမကဘဲ၊ မယုံကြည်သူ၊ ရုပ်တုကိုးကွယ် သူတို့နှင့် ထိမ်းမြားခြင်းကိုပင် ပြုကြသည်။ တရားသူကြီးမှတ်စာ ၃း၅–၇ တွင် ကျွန်ုပ်တို့ မှတ်ရသည်မှာ ''ဣသရေလ အမျိုးသားတို့သည် ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့တွင် နေထိုင်၍ သူတို့သမီးနှင့် စုံဘက်ခြင်းကိုပြုလျက် မိမိတို့သမီးကို ပေးစားလျက်၊ သူတို့ ဘုရားများကို ဝတ်ပြုကြ၏။ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက်ကိုပြု၍ မိမိတို့ ဘုရားသခင်ထာဝရဘုရားကို မေ့လျော့သဖြင့်၊ ဗာလ ဘုရားများ၊ အာရှရပင်များကို ဝတ်ပြုသောကြောင့်။'' ရုပ်တုကိုးကွယ်ခြင်း သည် တိုင်းပြည်သို့ရောက်ရှိလာပြီး ရလဒ်အနေဖြင့်၊ ဘုရားသခင်သည် ဣသရေလတိုင်းနိုင်ငံကို စီရင်သည်။ ဤကဲ့သို့သော အပြစ်ကို ဖြောင့်မတ်သော ဘုရင် ယောရှဖတ်မင်းလက်ထက်တွင်လည်း တွေ့ရသည်။ ဖြောင့်မတ်သော

ယောရှဖတ်မင်းသည် ဣသရေလတို့၏ ဆိုးညစ်သော ဘုရင် အာဟပ်နှင့် မဟာမိတ်ဖွဲ့သည် (၂ရာချုပ် ၁၈း၁–၃)။ ရလဒ်ကတော့ ယေရှဖတ်သား ယဟောရံသည် အာဟပ်နှင့် ယေဇဗေလတို့၏ သမီးနှင့် ထိမ်းမြားကာ၊ ဘုရားသခင်၏ ပညတ်တော်များကို ဆန့်ကျင်သော လမ်းကို လျှောက်သည် (၂ရာချုပ် ၂၁း၄–၆)။ ၂ရာချုပ် ၁၉း၂ တွင် ယောရှဖတ်သည် အာဟပ်နှင့် မဟာမိတ်ဖွဲ့ခြင်းကြောင့် ယောရှဖတ်ကို ဘုရားသခင်က အပြစ်တင် ကြိမ်းမောင်းသည် ''ဟာနန်သား ပရောဖက် ယေဟုသည်၊ ယောရှဖတ်မင်းကြီးကို ခရီးဦးကြိုပြုခြင်းငှါ ထွက်သွား၍ မင်းကြီးသည် မတရားသောသူတို့ကို မစသင့်သလော။ ထာဝရဘုရားကို မုန်းသောသူတို့ကို ချစ်သင့်သလော့။ ယခုပြုသောအမှုကြောင့်၊ ထာဝရဘုရား၏ အမျက်တော်သည် မင်းကြီးအပေါ်သို့ သက်ရောက်လေပြီ။''

မှားယွင်းသော မဟာမိတ်ဖွဲ့ခြင်းသည် အနာဂတ်မျိုး ဆက်များအတွက် အကြီးအကျယ် ဖျက်ဆီးသော အကျိုးဆက်ကိုရရှိစေသကဲ့သို့ မှန်သော မဟာမိတ်ဖွဲ့ခြင်းသည် အံ့သြဘွယ်ရာ ကောင်းလောက် အောင်ကောင်းမွန်သော ကောင်းကြီးမင်္ဂလာများကိုယူ ဆောင်လာနိုင်သည်။ ဆာလံကျမ်း ၁း၁–၂ မှ သတိပေး ဆုံးမစကားကိုလည်း ကျွန်ုပ်တို့သင်ယူကြပါစို့ ''မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏လမ်းတွင် မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့၏ အစည်းဝေး၌ မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။'' ဆာလံကျမ်း ၁း၁ တွင် မိတ်သဟာယဖွဲ့ခြင်း အဆင့်သုံးဆင့် တွေ့ရသည်။

(၁) လမ်းလျှောက်လျက် – ဖြောင့်မတ်ခြင်းလမ်းကို စွန့်၍မတရားသောသူတို့ဘုရားတရားမရှိသောသူ၏ အကြံဉာဏ် (သို့) လမ်းညွှန်ခြင်းကို ခံယူခြင်း အဓိပ္ပါယ်ကို ဆောင်သည်။
(၂) မတ်တတ်ရပ်လျက် – မကောင်းမှုဒုစရိုက်များကို အလေ့အထသဖွယ် အပြစ်သားတို့၏ လုပ်ရပ်များကို ပွင့်ပွင့်လင်းလင်း ထောက်ခံကျင့်သုံးခြင်းကို ဆိုလိုသည်။
(၃) ထိုင်နေလျက် – ဝိညာဉ်ရေးရာနှင့်စပ်ဆိုင်သော အမှုများကို မထီလေးစားပြုပြီး မှန်ကန်သောစီရင်ချက်ကို မစွမ်းဆောင်နိုင်အောင် စိတ်ပိုင်းဆိုင်ရာကို ယူပစ်ခြင်းကို ပုံဆောင်သည်။

သုတ္တံကျမ်း ၁၃း၂၀ မှာ တွေ့ရသကဲ့သို့ ကျွန်ုပ်တို့သည် မိမိနှင့်အတူလျှောက်လှမ်းသော သူတို့နှင့်တူလာသည် ''ပညာရှိတို့နှင့် ပေါင်းဘော်သော

သူသည် ပညာရှိတတ်၏။ လူမိုက်တို့နှင့် ပေါင်းဘော် သော သူမည်သည်ကား၊ ပျက်စီးတတ်၏။'' ပေါလုက ၁ကော ၁၅း၃၃ တွင် သတိပေးပါသည် ''အလွဲ မယူကြနှင့်။ မကောင်းသောသူတို့နှင့် ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသော အကျင့်ဓလေ့ယိုယွင်းတတ်၏။'' စည်ပိုင်းထဲရှိ ပုပ်နေသော ပန်းသီးတလုံးသည် ကောင်းသောပန်းသီးများကို ပျက်စီးစေမည်။ သို့သော် ကောင်းသော ပန်းသီးများသည် မကောင်းသောပန်းသီးကို ကောင်းအောင် မလုပ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် မဖြောင့်မှန်သူများနှင့် မိတ်ဆွေဖွဲ့ပါက ထိုသူတို့၏ ဖျက်ဆီးခြင်း ကို ကျွန်ုပ်တို့ခံရပေမည်။ မယုံကြည်သူများနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုသာမက ယုံကြည်သူများနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှု၌လည်း သက်ဆိုင်သည်။ တဦးတယောက်သည် ခရစ်ယာန်တယောက်ဖြစ်ရုံမျှနှင့် ဘုရားတရား ကြည်ညိုသူဟု တွေးထင်ပြီး မိမိကိုယ်မိမိ မလှည့်ဖြားရ။ တရားသူကြီး မှတ်စာ ၂း၂၀–၂၃ မှာ ထာဝရဘုရားသည် ဣသရေလတို့စကား နာမထောင်ခြင်း ကြောင့် စိတ်ဆိုးသည် ''ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်၊ ဤလူတို့သည် ငါ့စကားကို နားမထောင်။ သူတို့ ဘိုးဘေးတို့နှင့် ငါဖွဲ့သော ပဋိညာဉ်ကို ဖျက်သောကြောင့်၊ ယောရှု သေသော နောက် ကျန်ကြွင်းရစ်သော လူမျိုးတစုံတမျိုးကို သူတို့ရှေ့မှ နောက်တဖန် ငါမနှင်ထုတ်။ သူတို့ ဘိုးဘေးတို့သည် ထာဝရဘုရား၏ လမ်းတော်သို့ လိုက်ခြင်းငှါ စောင့်ရှောက် သကဲ့သို့ သူတို့သည် စောင့်ရှောက် မည်လော၊ မစောင့်ရှောက်မည်လောဟု ကျန်သေးသော လူမျိုးအားဖြင့် ဣသရေလအမျိုးကို ငါစုံစမ်းမည်ဟု မိန့်တော်မူသည်နှင့်အညီ ထိုလူမျိုးကို ယောရှုလက်၌ မအပ် အလျင်အမြန် မနှင်ထုတ်ဘဲနေတော်မူ၏။''

အကျိုးဆက်ရလဒ်အားဖြင့်၊ ဣသရေလတို့သည် သူတို့၏ ပြည့်စုံလင်သော အမွေကို ဘယ်သောအခါ၌မျှ မပိုင်ဆိုင်ခဲ့ကြောင်းကို တရားသူကြီးမှတ်စာ ၁း၁–၄ တွင် တွေ့ရသည် ''ခါနာန်ပြည်၌တိုက်သောစစ်မှုရှိသမျှတို့ကို မသိသော ဣသရေလအမျိုးသားအပေါင်းတို့ကို စုံစမ်းခြင်းငှါ၄င်း၊ စစ်မှုကိုမသိသော ဣသရေလအမျိုးသား အစဉ်အဆက်တို့သည် စစ်အတတ်ကိုသင်၍ တတ်စေခြင်းငှါ၄င်း၊ ထာဝရဘုရားချန်ထားတော်မူသော လူမျိုးများဟူမူကား၊ ဖိလိတ္တိမင်းငါးပါး အစရှိသော ခါနနိလူအမျိုးမျိုး၊ ဇိဒုန်လူ၊ ဗာလဟေရမုန် တောင်မှစ၍ ဟာမတ်လမ်းဝတိုင်အောင် လေဗနုန်တောင်ပေါ်မှာနေသော ဟိဝိလူတို့သည် ကျန်ကြွင်းကြ၏။ ထာဝရဘုရားသည် မောရှေအားဖြင့် ဘိုးဘေး တို့ကိုမှာ ထားတော်မူသော ပညတ်များအတိုင်းကျင့်မည် မကျင့်မည်ကို

ထင်ရှား စေခြင်းငှါ၊ ဣသရေလအမျိုးကို စုံစမ်းဘို့ရာဖြစ်သတည်း။''

ထိုအမှုအရာသည် ဒါဝိဒ်မှ ဣသရေလအမျိုးအား စုံလင်သော ငြိမ်ဝပ်ခြင်း ချမ်းသာသို့ ခေါ်ဆောင်သွားရန် ချန်ထားအပ်နှံခြင်းခံရသည်။ ဤအကြောင်း အရာကို နောက်တစ်ခန်း၌ ထပ်မံ၍လေ့လာကြမည်။ များစွာသော လူတို့သည် ဆိုးညစ်သောသူများနှင့် မိတ်ဆွေဖွဲ့ခြင်းကြောင့် သူတို့အသက်တာ၌ ဆယ်စု နှစ်ပေါင်းများစွာ ချည်နှောင်ခြင်းခံရသည်။ ဇာတိ၏ လုပ်ရပ်များနှင့် ရာသက်ပန် တိုက်ပွဲများကို ရင်ဆိုင်ရသည်။ ယင်းအပြစ်ကပင် သူတို့၏ သားသမီးများကို စဉ်ဆက်မပြတ် နှောင့်ယှက်နေတာကို သူတို့ တွေ့ရသည်။ ဟောရှေ အနာဂတ္တိကျမ်း ၁၄း၉ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ ''အဘယ်သူသည် ပညာရှိ သနည်း။ ထိုသူသည် ဤအရာတို့ကို နားလည်လိမ့်မည်။ အဘယ်သူ သည် ဉာဏ်ကောင်းသနည်း။ ထိုသူသည် ဤအရာတို့ကို သိရလိမ့်မည်။ ထာဝရဘုရား၏ လမ်းတော်တို့သည် ဖြောင့်ကြ၏။ ဖြောင့်မတ်သော သူတို့သည် လိုက်ကြလိမ့်မည်။ အဓမ္မလူတို့မူကား ထိုလမ်းတို့၌ ထိမိ၍လဲကြလိမ့်မည်။'' အကယ်၍ကျွန်ုပ်တို့သည် ဆိုးညစ်သော သူများနှင့် မိတ်ဆွေဖွဲ့ပါက သူတို့၏ လွဲမှားသောအကြံပေးခြင်းဖြင့် မနားတမ်း နှောင့်ယှက်ခြင်းကို ကျွန်ုပ်တို့ခံရ ပေမည်။

# အပိုင်း သုံး

## ဇိအုန်တောင်ကို အမွေဆက်ခံခြင်း

# အခန်း ၁၄

## ရှိလောမြို့

### ၁။ ရှိလောရာဇဝင်သမိုင်း

ဣသရေလတို့သည် ယော်ဒန်မြစ်ကိုဖြတ်ကူးပြီး ဂတိတော်မြေသို့ ဝင်ရောက်ပြီးနောက်၊ သူတို့၌ အလွန်အရေးပါသောမြို့ကြီးသုံးမြို့ရှိရာ ရှိလောမြို့၊ ဟေဗြုန်နှင့် ဇိအုန်တို့ဖြစ်သည်။ သူတို့၏ ပထမဦးဆုံးသော မြို့တော်သည် ရှိလောမြို့ဖြစ်ပြီး၊ ယောရှုမှတ်စာ ၁၈း၁ တွင် ကျွန်ုပ်တို့ ဤသို့ဖတ်ရပါသည် ''ဣသရေလအမျိုး ပရိသတ်အပေါင်းတို့သည်၊ ရှိလောမြို့မှာ စည်းဝေး၍ ပရိသတ် စည်းဝေးရာတဲတော်ကို တည်ထောင်ကြ၏။ သူတို့ရှေ့မှာတပြည်လုံး နှိမ့်ချလျက်ရှိ၏။'' ရှိလော၏ အဓိပ္ပါယ်မှာ မထင်မရှားဖြစ်သော်လည်း ဝိညာဉ် ရေးရာအရ ဤစကားလုံးသည် ''ငြိမ်သက်နိုင်သော'' ဟူသည့်အနက် ရှိသည် (ဟေရှာယ ၈း၆)။ အင်္ဂလိပ်ကျမ်းစာ (KJV) ထဲတွင် ''ညင်သာစွာစီးသော ရှိလောချောင်း'' ဟု ဖော်ပြပြီး၊ ဆိုလိုသည်မှာ ဘုရားသခင် ကိန်းဝပ်တော်မူရန် နှစ်သက်ဖွယ်နေရာအဖြစ် အသုံးပြုထားသည်။ ဝိညာဉ်သဘောရပြောရလျှင် ကောင်းကြီးမင်္ဂလာနေရာပင်ဖြစ်သည်။ ဤအရာအားလုံးတို့သည် ယဇ်ပုရောဟိတ် ဧလိ၏ ကာလမှာ ဣသရေလလူမျိုးများ ယုံကြည်ခြင်း၌ ရွေ့လျော့ချိန်ကတည်းကပင် ပြောင်းပြန်ပြောင်းလဲသွားခဲ့သည်။ ဤအဖြစ်ကို နောက်ပိုင်း၌ ထပ်မံတွေ့ရဦး မည်ဖြစ်သည်။ ရှိလောမြို့သည် ဣသရေလတို့ ဂတိတော်မြေ ဝင်ရောက် ပြီးနောက် မောရှေ၏ တဲတော်ကိုတည်ထောင်ရန် ဘုရားသခင် ရွေးချယ်

ထားသောမြို့ဖြစ်ပြီး ယေရုရှလင်မြောက်ဘက်မိုင် သုံးဆယ်ခန့်တွင် တည်ရှိ သည်။ တဲတော်သည် ဂိဗောင်မြို့သို့ သယ်ဆောင်သည့်တိုင်အောင် ထိုနေရာတွင် ရှိသည် (၁ရာချုပ် ၁၆း၃၉)။

မောရှေ၏တဲတော်သည် ဣသရေလတို့ ဂတိတော်မြေကို ဝင်ရောက်ချိန်မှ စ၍ လူဦးရေတိုးပွားပြည့်နှက်သည့် လေလက်ထက်တိုင်အောင် ရှိလောမြို့တွင် နှစ်ပေါင်း ရာချီ၍တည်ရှိနေသည် (ယောရှု ၁၈း၁၊ ၁ဓမ္မဇဝင် ၁–၅၊ ဆာလံကျမ်း ၇၈း၅၅–၆၈)။ ရှိလောမြို့သည် ဣသရေလတို့အတွက် ဘာသာရေးနှင့် ဆိုင်သော ဗဟိုနေရာဖြစ်ပြီး ဧဖရိမ်အနွယ်တို့အားပေးထားသော နယ်မြေ ဖြစ်သည်။ ယောသပ်၏ အမွေတစိတ်တဒေသ ဖြစ်သည်။ ယောရှုသည် ဧဖရိမ် အနွယ်မှ ဖြစ်ပြီး၊ ယောသပ်၏သားဖြစ်သည် (တောလည်ရာကျမ်း ၁၃း၈)။ ထို့ကြောင့် ရှိလောမြို့သည် ဣသရေလတို့၏ ခေါင်းဆောင်ယောရှု၏ အမွေ မြေပေါ်တွင်တည်ရှိနေခြင်း ကြောင့်တဲတော်အတွက် သဘာဝကျကျ ရွေးချယ် ထးသောနေရာဖြစ်သည်။

ရှိလောမြို့သည် အရေးကြီးသော ဆုံးဖြတ်ချက် များကို ဆုံးဖြတ်ရာ နေရာ လည်း ဖြစ်သည်။ ထိုနေရာတွင် ဣသရေလအနွယ်တို့အား အမွေကို ခွဲဝေသည်။ ဘုရားသခင်၏ ဝတ်ပြုရာတဲတော်နှင့် မျက်မှောက်တော်ကို ရှိလောမြို့၌ တွေ့ရှိခဲ့ရသည်။ ယောရှုမှတ်စာ ၁၈း၈–၁၀ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ ''ထိုလူတို့သည် ထ၍ သွားသဖြင့်၊ ယောရှုကလည်း၊ တပြည်လုံးသို့ရောက်၍ ရေးသားပြီးလျှင် ငါ့ထံသို့ပြန်လာကြလော့။ ရှိလောမြို့မှာထာဝရဘုရား ရှေ့တော်၌ သင်တို့အဘို့ စာရေးတံပြုမည်ဟု ပြည်ကို ရေးသားခြင်းငှါ သွားသောသူတို့ကို မှာထားသည် နှင့်အညီ သူတို့သည် တပြည်လုံးသို့ရှောက် သွားသဖြင့်၊ မြို့ရွာ ရှိသည်အတိုင်း စာ၌ ခုနှစ်ပိုင်းပိုင်း၍ ရေးသားပြီးမှ ယောရှုနေရာ ရှိလောတပ်သို့ ရောက်လာ ကြ၏။ ယောရှုသည် ရှိလောမြို့မှာ ထာဝရဘုရား ရှေ့တော်၌ စာရေးတံပြု၍ ဣသရေလအမျိုးသားအသီးအသီးတို့အား မြေကို ပိုင်းခြားလေ၏။''

## ၂။ ဘုန်းတော်သည် ရှိလောမြို့မှ ခွါထွက်ခြင်း

ယောရှု၏ ကြီးမားသော ခေါင်းဆောင်မှုနှင့် ဘုရားသခင်၏ မျက်မှောက် တော်တို့ ကြုံတွေ့နေရလင့်ကစား ဘုရားသခင်၏ လူတို့သည် မပြီးပြတ်သော အောင်မြင်မှုများ ဖြင့်သာ ကျေနပ်ရောင့်ရဲခဲ့ကြသည်။ ဇိအုန်မြို့တည်းဟူသော အကြီးဆုံးအမွေကို မသိမ်းပိုင်၊ အမွေအဖြစ်မရဘဲ ကျန်ရစ်ခဲ့သည်။ ထိုမှုမက ဣသရေလလူမျိုး များစွာတို့မှာ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် ရုပ်တု

ကိုးကွယ်ခြင်းဖြင့် ရင်နာစရာ ဖြစ်ခဲ့သော်လည်း ဤအကြောင်းအရာများ၏ လေဝိလက်ထက်တွင် ဖြစ်ပျက်ခဲ့ပေသည်။

ဣသရေလလူမျိုးတို့၏ သမိုင်းတွင် လေဝိလက်ထက်သည် အမှောင်မိုက်ဆုံး ကာလတစ်ခုဖြစ်လေသည်။ ဓမ္မရာဇဝင်ပထမစောင်၏ အစတွင် ရှိလောမြို့ရှိ ဘုရားသခင်၏ အိမ်တော်ကို ဝိညာဉ်သဘောနှင့် ကြည့်လျှင် ယုတ်ညံ့မှုအမျိုးမျိုးကို ဖော်ပြခြင်းဖြင့် အစပြုထားသည်။ လေဝိ၏ သားတို့သည် မာရ်နတ်၏ သားများဟုပင် အမည်တပ်ခံရပြီး ဘုရားသခင်ကို မသိရှိခဲ့ကြချေ။ ထိုသူတို့၏ အစေခံတို့သည် ဘုရားသခင်အား ပူဇော်ထားသော ပူဇော်သက္ကာတို့ကို မိမိတို့အဘို့ သိမ်းပိုက်ရယူကြ၏။ လေဝိ၏သားတို့ မိုက်မဲပုံမှာ ပရိသတ်စည်းဝေးရာ တဲခါးဝ၌ စုဝေး နေကြသောအမျိုးသမီးများကိုပင် မဖွယ်မရာပြစ်မှား ကြသည်။ မိမိ၏သားတို့ကို ဆုံးမသော်လည်း လေဝိသည် သူတို့ကို ယဇ်ပုရောဟိတ်လုပ်ငန်းမှ မနှုတ်ထွက်စေခဲ့ပါ။ ထိုကြောင့် ဘုရားသခင် ကိုယ်တိုင် လေဝိကို ဆုံးမလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ထက် သူ့သားတို့ကို ချီးမြှောက်မိလေပြီ။

ဤသို့ဖြင့် ဘုရားသခင်သည် ရှမွေလကို ရွေးချယ်ခဲ့ရသည်။ ထိုသူမှာ ဘုရားသခင်အနေဖြင့် အိမ်ပေးခြင်းခံရမည့်သူအပေါ်မှာ သစ္စာရှိသော ယဇ်ပုရောဟိတ် လုပ်ရန်ဖြစ်သည်။ မိဘနှင့် ခေါင်းဆောင်များတို့၊ လေဝိတို့ သားအဖတို့အသက်တာကို ကြည့်ခြင်းဖြင့် သတို့၏အမှားကို ပြန်မကျော့ မိစေရန် ကျွန်တော်တို့ သင်ခန်းစာ ယူအပ်ပေသည်။ ဘုရားသခင်သည် လေဝိသာမက သူ၏အမျိုးများကိုပါ ယဇ်ပုရောဟိတ်အရာမှ ဖြုတ်ချပစ် လေသည်။ သူ့အမျိုးထဲ၌ နောက်ဆုံးယဇ်ပုရောဟိတ်ဖြစ်ခဲ့သူမှာ အာဗျာသာဖြစ်၍ ဘုရင် ရှောလမုန် ကိုယ်တိုင် ဖယ်ရှင်းခဲ့သောသူဖြစ်သည်။ ထိုမျှမက ယောသပ်အမျိုးတစ်နွယ်လုံးကိုလည်း ဘုရားသခင်က ငြင်းဆန်သည့်အထိ ဖြစ်ခဲ့ရသည်။ ရှိလောမြို့သည် ယောသပ်အမျိုးသားတို့နေရာ၌ရှိသောကြောင့်၊ ထိုအမျိုးသားတစ်ရပ်လုံး ညစ်ညမ်းခဲ့ရသည်။ ထိုအရာကြောင့်ပင် ဘုရားသခင် သည် ဤအမျိုးသားတို့ကို မည်သို့ ဖြစ်စေသည်ကို ဆာလံ ၇၈း၆၇–၇၁ ၌ ဖတ်ရပါသည်။

သို့ရာတွင်၊ ယောသပ်၏ တဲတော်ကို ငြင်းပယ်၍ ဧဖရိမ်အမျိုးကို ရွေးတော် မမူ။– ယုဒအမျိုးကို၎င်း၊ ချစ်တော်မူသော ဇိအုန်တောင်ကို၎င်း ရွေးတော်မူ၏။ သန့်ရှင်းရာဌာနတော်ကို အထွဋ်ကဲ့သို့တည်ဆောက်၍၊ မြေကြီးကဲ့သို့ အစဉ်မြဲ စေတော်မူ၏။ ကျွန်တော်မျိုး ဒါဝိဒ်ကို သိုးခြံများထဲက ရွေးယူတော်မူ၏။

သားငယ်ရှိသောသိုးမတို့ကို ထိန်းခြင်းအမှုမှ နှုတ်၍၊ မိမိလူတည်းဟူသော ယာကုပ် အမျိုးသား၊ အမွေတော်တည်းဟူသော ဣသရေလ လူတို့ကို ကျွေးမွေး စေခြင်းငှါ ခန့်ထားတော်မူ၏။

ထိုအမျိုးသားတို့သည် နောင်တ မရသောကြောင့် ဘုရား၏ ဝိညာဉ်တော်သည် ဖေရိမ်အမျိုးသားတို့ထံမှ ခွာသွား၍ ထိုသူတို့အဖြစ်မှာ ဆိုးသွားတော့သည်။ ဤအရာကို ဟောရှေအနာဂတ္တိကျမ်း၌ ရှင်းလင်းစွာ တွေ့ရသည်။

ကမ္ဘာဦးကျမ်း ၄၉း၁၀ တွင် ယာကုပ်နှင့် ယုဒတို့အတွက် ပရောဖက်ပြုချက်ဖတ်ရသည်။ ''ရှိလော မရောက်မှီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှ၄င်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှ၄င်း မတွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။ ဤကျမ်းချက်တွင်ရှိသော ရှိလောသည် မေရှိယ (ခရစ်တော်) ကို ရည်ညွှန်းကြောင်းသိရသည်။ ဘုရားသခင်မြင်သည်မှာ ရှိလောဆုံးရှုံးသွားမည့်ဟူသည်အချက်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော် ဆင်းသက်လာမည့် ယုဒကို ရွေးကောက်တော်မူသည်။ ဤဖြင့် ယုဒအမျိုးသည် အခြားအမျိုးအနွယ်တို့ကြားတွင် မြင်သာထင်ရှားသောနေရာကို ယူမည်အကြောင်းဖြစ်သွားသည်။

### ၃။ ရှိလောအားဖြင့် ယုံကြည်သူများအတွက် သင်ခန်းစာ

ယနေ့ယုံကြည်သူများအတွက် အရေးကြီးသော အမှန်တရားကို ရှိလောကိုလေ့လာရာ၌ တွေ့ရသည်။ ရှိလောဆိုသည်မှာ နေရာတစ်ခု (သို့) အနေအထားတစ်ခုကို ဆိုလိုသည်။ ယုံကြည်သူများအနေဖြင့် မည်သည့်နေရာ၌ အခြေချနေထိုင်မည်ကို၄င်း၊ မည်သည့်နေရာ၌ အမွေခံစရာရှိလိမ့်မည်ကို၄င်း ဆိုလိုသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို တစ်ချိန်ချိန်မှာ ကြီးကြီးမားမား အသုံးပြုနိုင်သည်။ သို့ရာတွင် ဘုရားသခင်နှင့် လျှောက်လှမ်းရာ၌ မမှန်ကန်ပါက ကျွန်တော်တို့ကို ရှိလောမြို့ကဲ့သို့ လုပ်ပစ်နိုင်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဘေးဖယ်ခြင်း (ထိုမျှမက ကျွန်တော်ကို စီရင်ခြင်း) ခံရပြီး၊ သူရဲ့ မျက်မှောက်တော်နှင့် အလိုတော်အတိုင်း အသက်ရှင်သော ယုံကြည်သူများကို ရှာဖွေ၍ ဇိအုန်တိုင်အောင် သွားရောက်ကာ သူရွေးချယ်သောနေရာ၌ အခြေစိုက်စေပါလိမ့်မည်။

# အခန်း ၁၅

## ဟေဗြုန်

### ၁။ ဒါဝိဒ် အသက်တာနိဒါန်းပျိုးခြင်း

ဣလသရေလလူမျိုးတို့၏ ခရီးစဉ်တလျှောက်တွင် မောရှေနှင့် ယောရှုတို့၏ အပြင် ဒါဝိဒ်သည် တတိယမြောက် ခေါင်းဆောင်ကြီး ဖြစ်ခဲ့သည်။ သူသည် ဣလသရေလလူမျိုးတို့ကို ဇိအုန်သို့အရောက်ပို့ဆောင်ပေးခဲ့သည်။ ဒါဝိဒ်မှာ ယုဒလူမျိုးအဝင်ဖြစ်သည်။ အဘယ်ကြောင့် ယုဒအမျိုးကိုမှ ဘုရားသခင် အသုံးပြုသနည်းဆိုသော် ထိုမျိုးသည်သာ ရာဇပလ္လင်ကို အမွေခံရန် ဂတိတော်များ ရရှိထားသောကြောင့် ဖြစ်သည်။ ထို့အပြင် ဇိအုန်တောင်နှင့် ဟေဗြုန်တို့သည်လည်း ယုဒလူမျိုးတို့၏ မြေနေရာဒေသတွင် ရှိလေသည်။

ဇိအုန်ကို မသိမ်းပိုက်ခင် ဒါဝိဒ်သည် ဟေဗြုန်၌ ဘိသိက်မှုခံရပြီး ထိုနေရာ၌ ပင်လျှင် ခုနစ်နှစ်ခွဲ နန်းစံပြီးသားဖြစ်သည်။ ဣလသရေလလူမျိုးတို့၏ ခရီးစဉ်သည် ဟေဗြုန်ကို ဖြတ်သန်းကျော်လွှားပြီးမှသာ ဇိအုန်ရောက်ရသည်။ သို့ဖြစ်၍ ဟေဗြုန်သည် ဇိအုန်အရောက်ပို့ပေးသည့် ခြေနင်းတုံး (ခုတုံး) ဖြစ်ရာ ကျွန်တော်တို့သည်လည်း ဟေဗြုန်နှင့်ဆိုင်သည် သတင်းစကားကို ရင်ဆိုင် မှသာလျှင် ဇိအုန်သို့ရောက်ရှိနိုင်မည်ဖြစ်သည်။ ဤတွင် ဟေဗြုန်ကား မည်သည့်အရာကို ပုံဆောင်ထားပါသနည်း။

### ၂။ ဟေဗြုန်၏ ဝိညာဉ်ရေးရာ ထူးခြားချက်

ယုံကြည်သူများအတွက် ဟေဗြုန်နှင့် စပ်ဆိုင်သောဝိညာဉ်ရေးရာ အဓိပ္ပါယ်များကို နားလည်ခြင်းငှါ အာဗြဟံ၊ စာရာ၊ ဣဇက်၊ ရေဗက္ကာ၊ ယာကုပ်၊ ကာလက်နှင့် အာခသတို့အပါအဝင် ဟေဗြုန်နှင့် ဆက်စပ်သော ကျမ်းစာထဲမှ လူတို့ကို ပထမဦးဆုံး ကျွန်ုပ်တို့စဉ်းစားရမည်။

**ပွားများခြင်းအရင် ခွဲခွာခြင်း**

ဟေဗြုန်နှင့်ပထမဦးဆုံးဆက်စပ်သူကတော့ အာဗြဟံဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁၃း၁၈ တွင် အာဗြဟံသည် ဟေဗြုန်မြို့၌ နေထိုင်သည်ဟု ပြောပါသည်။ ''တဖန် အာဗြဟံသည် တဲကိုပြောင်း၍ ဟေဗြုန်မြို့ မံရေသပိတ်တောသို့ ရောက်မှနေရာကျ၍၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကိုတည်လေ၏။''

ကမ္ဘာဦးကျမ်း ၁၃း၉ မှာ မှတ်တမ်းတင်ထားသည့် အရ၊ အာဗြဟံသည် ဟေဗြုန်မြို့သို့မသွားမီ လောတနှင့် လမ်းခွဲသည်– ''မြေတပြင်လုံးသည် သင့်ရှေ့မှာ ရှိသည် မဟုတ်လော့။ ငါနှင့်ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့ သွားလျှင် ငါသည် လက်ျာဘက်သို့ သွားမည်။ သင်သည် လက်ျာဘက်သို့သွားလျှင် ငါသည် လက်ဝဲဘက်သို့သွားမည်ဟုဆို၏။'' ဤသို့ လောတထံမှ ခွဲခွာခြင်း၏ရလဒ်ကို ကမ္ဘာဦးကျမ်း ၁၃း၁၄–၁၇ တွင်တွေ့ရသည်– ''လောတသည် အာဗြဟံနှင့်ခွာ၍ သွားပြီးမှ ထာဝရဘုရားသည် အာဗြဟံကို ခေါ်၍ သင်ရှိသောအရပ်ကတောင်၊ မြောက်၊ အရှေ့၊ အနောက်သို့ မျှော်ကြည့်လော့။ သင်သည်မြင်သောမြေ တပြင်လုံးကို သင်နှင့် သင်၏ အမျိုးအနွယ်အား ငါသည် ကာလအစဉ်အမြဲပေးမည်။ သင်၏ အမျိုးအနွယ်ကို မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။ သို့ဖြစ်၍ လူသည် မြေမှုန့်ကို ရေတွက်နိုင်လျှင် သင်၏ အမျိုးအနွယ်ကို ရေတွက်နိုင်လိမ့်မည်။ သင်ထ၍ မြေကို အလျားအားဖြင့်၄င်း၊ အနံအားဖြင့်၄င်းရှောက်သွားလော့။ သင့်အား ငါပေးမည်ဟု မိန့်တော်မူ၏။''

လောတထံမှ အာဗြဟံ ခွဲထွက်သွားခြင်းသည် ဟေဗြုန်၏ကောင်းကျိုးချမ်းသာခံစားရန် ကြိုတင်လုပ်ဆောင်ချက်ဖြစ်သည်။ သူ၏ ကြီးစွာသော ရက်ရောခြင်း (လောတကို ဦးစားပေး ရွေးချယ်စေခြင်း) ပြုပြီး နောက်ပိုင်းတွင် ဘုရားသခင်သည် အာဗြဟံအား များပြားတိုးပွားခြင်းဆိုင်ရာ ဂတိတော်များ ပေးကြောင်းတွေ့ရသည်။ ဤကောင်းကြီးမင်္ဂလာများကို မိမိနှင့် ရှုပါရုံနှင့် ခေါ်ခြင်း၌ မတူညီသော သူထံမှ ခွဲထွက်ပြီးမှသာ ရောက်ရှိလာခြင်းဖြစ်သည်။

ဤနိယာမကို ကာလက်နှင့်ယာကုပ်တို့၏ အသက်တာများ၌လည်း တွေ့ရှိရသည်။ ထိုသူတို့မှာ ဟေဗြုန်နှင့် ဆက်နွယ်မှုရှိခဲ့ ကြသည်ကို ထိုနေရာ၌ မြှုပ်နှံခဲ့ကြခြင်း၌တွေ့ရသည်။ ကာလက်သည် ကာရှမေလနှင့် ကင်းကွာ၍ ယာကုပ်မှာမူ ဧသောထံမှ ခွဲထွက်လာခဲ့ သည်။ ကာလက်သည် အဆတစ်ရာ ဘုရားထံယူဆောင်လာခြင်းကို ပုံဆောင်ပါသည် (ကမ္ဘာဦး ၂၆း၁၂–၁၄)။ သူ့ကို ဂတိတော်များအား အမွေခံရသူတို့၏ ပုံဆောင်ချက်ဖြစ်သည်။ မြောက်မြား

စွာသော လူတို့မှာ ရွှေကဲ့သို့တန်ဖိုးကြီးသော အခွင့်အရေးနှင့် ကတိများရရှိသော်လည်း လက်လွတ်ဆုံးရှုံးခဲ့ကြသည်။

ယာကုပ်သည် ဘုရားသခင်နှင့် နပန်လုံးပြီးအနိုင်ယူကာ သူ၏နာမည်ကို ‘ဣသရေလ’ အဖြစ်သို့ ပြောင်းသွားရသည်။ ၎င်း၏ အဓိပ္ပါယ်မှာ ‘‘ဘုရားသခင်၏ (အိမ်ရှေ့) မင်းသား’’ ဖြစ်သည်။ လူဦးရေ (၇၀) မျှနှင့်သာ အဲဂုတ္တုပြည်ကို ဆင်းသွားခဲ့သော်လည်း လူအုပ်ကြီးတစ်ခုအဖြစ် ပြန်လာ ခဲ့ရသည်။ ၎င်းသည် မောရှေလက်ထက်၌ ဖြစ်သတည်း။ ဤတွင် သဘာဝလွန် ထူးခြားသော တိုးပွားများပြားခြင်းတွေ့ရသည်။ ဤသို့ဆိုသော် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့သည် အသီးသီးသော ခွဲခွာမှုများ အသက်တာ၌ တွေ့ကြုံကြချည်းပင် ဖြစ်သည်။ ထို့ကြောင့် ဟေဗြုန်၏ သတင်းစကားဆိုသည်မှာ သီးသန့် ခွဲထွက်ပြီး၊ ထို့နောက် တိုးပွားများပြားခြင်းပင် ဖြစ်သည်။

### နှလုံးသားအကြွင်းမဲ့နှင့် အပ်နှံခြင်း

ဟေဗြုန်သည် စိတ်နှလုံးအကြွင်းမဲ့အကြောင်းကိုလည်း ပြောပြနေသည်။ ကာလက်မှာ စိတ်နှလုံးအကြွင်းမဲ့နှင့် ထူးခြားသော သဘောရှိ၍ ဟေဗြုန်ကို အမွေခံရသည်။ ထာဝရဘုရား၏ နောက်တော်ကို လုံးလုံးလျားလျား လိုက်လျှောက်သည်ကို ယောရှု ၁၄း၁၃–၁၄ ၌ ဖတ်ရှုနိုင်သည်။ ‘‘ထိုအခါ ယောရှုသည် ကောင်းကြီးပေး၏။ ဟေဗြုန်ပြည်ကိုလည်း ယေဖုန္နာ၏သား ကာလက်သည် ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားနောက်တော်သို့ လုံးလုံး လိုက်သောကြောင့်၊ ဟေဗြုန်ပြည်သည် ယနေ့တိုင်အောင် ကာလက်၏ အမွေမြေဖြစ်သတည်း။’’

နောက်ပိုင်းတွင်မူ ဒါဝိဒ်သည် ဟေဗြုန်ပြည် နယ်နိမိတ်ကို ရရှိခဲ့သည်။ ဒါဝိဒ်သည် ထာဝရဘုရား စိတ်တော်နှင့် တွေ့သောသူဖြစ်၍၊ စိတ်နှစ်ခွမရှိပါ။ ဒါဝိဒ်ကဲ့သို့သော လူစားမျိုးသည် ဟေဗြုန်ပြည်ကို၎င်း၊ ထိုပြည်၏ ပုံဆောင်ချက်များကို ပိုင်ဆိုင်နိုင်ပြီး ထို့မှတစ်ဆင့် ခရီးဆုံးဖြစ်သော ဇိအုန်ကို ဆက်လက်ရောက်သွားနိုင်မည်ဖြစ်သည်။

ဟေဗြုန်ပြည်နှင့် ဆက်စပ်မှုရှိသော အမျိုးသမီးအချို့အကြောင်းလည်း စိတ်ဝင်စားဖွယ် လေ့လာနိုင်သည်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ကျွန်တော် ကုတင်နားမှာ ဘုရားသခင် မတ်တတ်ရပ်ခဲ့ဖူးသည်။ သူက ကျွန်တော့်ဆီမှာ ‘‘အကယ်၍ သင့်မှာ သားတစ်ယောက်ရှိပြီးတော့ ထိုသား အတွက် လက်ထပ် ရမည့် မိန်းမမျိုး၏ အရည်အချင်းမှာ ဘယ်အရာတွေ

ဖြစ်မည်နည်း'' ဟု မေးမြန်းခဲ့လေသည်။ တစ်ပြိုက်နက်တည်း ကျွန်တော့် စိတ်ထဲတွင် အရည်အချင်းစာရင်း ပေါ်လာခဲ့သည်။ ထိုအခါ ''သင့်သား၏ မိန်းမမျိုးအတွက် အရည်အချင်းများစွာ လိုချင်သည်ဆိုလျှင် ငါ့သားတို့အတွက် မိန်းမရွေးပေးတဲ့ နေရာမှာ မည်မျှလောက် ငါသတိထားသည်ကို သဘော ပေါက်ပြီ မဟုတ် လား'' ဟု ဘုရားသခင် ဆက်ပြောခဲ့သည်။ ထိုသို့ဖြင့် ဘုရားသခင်သည် ကျွန်တော်ကို ကျမ်းစာသင်ပေးပါတော့သည်။

ဘုရားသခင်ဖော်ပြသည့် အမျိုးသမီးများတွင် ပထမဆုံးမှာ အာခံသ ဖြစ်သည်။ ဟေဗြုန်ကို သိမ်းပိုက်သော ကာလက်၏ သမီးဖြစ်သည်။ ပထမဆုံး တရားသူကြီး (ခေါင်းဆောင်) ဩသံယေလနှင့် ပေးစားထိမ်းမြားသောသူ ဖြစ်သည် (တရားသူကြီး ၁း၁၂–၁၃)။ ဩသံယေလဆိုသူမှာ ရူပါရုံရှိ၍ ရှေ့တိုး ချီတက်ရန် ဆုံးဖြတ်ထားသူဖြစ်သည်။ အာခသကို လက်ထပ်နိုင်ရန် တောင်ကုန်းမြို့ကို အနိုင်သိမ်းပိုက်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ထိုမိန်းမသည် ဩသံယေလကို သူ့ရူပါရုံရောက်ရန် တွန်းပို့ခဲ့ခြင်းဖြစ်သည်။ ထိုမျှမက သူ့ဖခင်ထံမှ လယ်ကွက်ကိုတောင်းခံရန် သူ့ယောကျ်ားကို တိုက်တွန်း ပြီး သူကိုယ်တိုင်လည်းဖခင်ဖြစ်သူထံမှာ ''စမ်းရေတွင်းကိုလည်း ပေးတော်မူပါဦး'' ဟု ထပ်မံပူဆာခဲ့သေးသည် (တရားသူကြီး ၁း၁၄–၁၅)။

မိန်းမတစ်ယောက်သည် သူ၏ခင်ပွန်းကို တစ်နည်းမဟုတ် နောက်တစ်နည်း ဖြင့် ဘုရားသခင်၏အကြံအစည်နှင့်အညီဖြစ်ရန် (သို့မဟုတ်) လွဲရန် စွမ်းဆောင်နိုင်သည် ကြီးလေးသောတန်ခိုးရှိပေ၏။ ဥပမာကြည့်ပါက ယေဇဗေလသည် မိမိခင်ပွန် အာဟပ်အား မှားယွင်းသော လမ်းကြောင်းသို့ တွန်းပို့၍ ဆိုးသွမ်းညစ်ညူးသူဖြစ်ရန် လှုံ့ဆော်ပေးလေ့ရှိသည် (၃မင်္ဂရာဇဝင် ၂၁း၂၅)။ အာခသကိစ္စတွင် သူ၏ ''လင်နှင့်တိုင်ပင်ပြီးမှ'' လယ်ကွက်တောင်းရန် တွန်းပို့ခဲ့သည် (တရားသူကြီး ၁း၁၄–၁၈)။ သတိချပ်စေလိုသည်မှာ မိန်းမတို့ သည် မိမိတို့ ခင်ပွန်တို့ကို တစ်နည်းမဟုတ် တစ်လမ်းဖြင့် အားပေး တိုက်တွန်း နေကြသည်။

ကျွန်တော်ထံ ဘုရားသခင်ထပ်ဖော်ပြသည်မှာ ''ငါသည် ရုသကို မေရှိယ မျိုးရိုးတွင် ပါဝင်ရန် ရွေးချယ်ခဲ့သည်'' ဟူ၍ဖြစ်သည်။ ထိုအချိန်တွင် ဘုရားနှင့် ပြောခဲ့သမျှတို့မှာ အလွန်းထူးဆန်းလှပါသည်။ လက်ထပ်ထိမ်းမြားခြင်းကို ဘုရားသခင်အနေဖြင့် အလေးအနေက် သဘောထားသည်ကို ကျွန်တော် သိခဲ့ရသည်။ မှန်ကန်သော တရားတခုခုကို ဘုရားသခင် လာရောက် ပြောပြသောအခါ အံ့ဩစရာချည်းဖြစ်ပေသည်။ ထိုအရာကပင် သင့်၏

အတွေးအခေါ်နှင့် အသက်တာကို ပြောင်းလဲပြုပြင်တတ်သည်။

မေရိုယမျိုးရိုးကိစ္စနှင့် ဟေပြုန်နှင့်ပတ်သက်သော အခြားအမျိုးသမီး တစ်ချို့ကို ဆက်လက်လေ့လာကြပါစို့။ ဤအရာနှစ်ခုနှင့် ပတ်သက်သော မိန်းမတစ်ယောက်မှာ စာရာ ပင်ဖြစ်သည်။ သူသည် ဟေပြုန်အရပ်မှာ သင်္ဂြိုဟ်ခြင်းခံခဲ့ရသူဖြစ်သည်။ ကျမ်းစာ၌ရှိသော အမျိုးသမီးအားလုံးအနက် စာရာ တစ်ယောက်တည်းသာ နာမည်ပြောင်းခြင်းခံခဲ့ရသူလည်းဖြစ်သည်။ သူ၏နာမည်ကို စာရဲ့မှ စာရာသို့ ပြောင်းသွားသည်။ စာရာကို ''လူမြောက်မြားစွာတို့၏ မင်းသမီး'' ဟူ၍ အဓိပ္ပါယ်ရသည်။ အာဗြဟံမှာမူ လူမျိုးများစွာတို့၏ ဖခင်ဖြစ်သွားတော့မည်ဖြစ်သည်။ ထိုကြောင့် စာရာလည်း အလားတူ အမည်နာမရှိရန်လိုအပ်သလို အာဗြဟံရှိသော ရုပ်ပါရုံမျိုးလည်း ရှိရပေမည်။ ကျွန်တော်တို့လည်းပဲ အောက်ပါအတိုင်း ဘုရားသခင်ကို တောင်းခံကြမလား။ ''ကျွန်တော်ပြောင်းလဲချင်ပြီ။ စာရာကဲ့သို့ ဖြစ်စေပါ။ အာခသလိုဖြစ်စေပါ။ အို – ကိုယ်တော်ဘုရား ရုသလိုဖြစ်စေပါ။ ကျွန်တော် ကိုယ်တိုင်ကောင်းကြီးဖြစ်စေပါ၊ စိတ်နှလုံးအကြွင်းမဲ့နှင့် ကိုယ်တော် အတွက်ဖြစ်စေပါ။''

ဣဇာက်အတွက် သတို့သမီး ရှာပုံတော်တွင် သတိကြီးစွာ ရွေးချယ်ရကြောင်း ဆင်ခြင်ကြည့်ကြပါစို့ ဣဇာက်သည် အာဗြဟံ၏ အမွေခံသားဖြစ်သည်။ လျောဇာကိုယ်တိုင် ဘုရားသခင်ထံ ဖြစ်ခဲ့သောလက္ခဏာ (သို့) အတည်ပြုခြင်းကို တောင်းခံခဲ့သည်။ ''အကြောင်းသတို့သမီးကို ကျွန်ုပ် သောက်ခြင်းငှါ သင်၏ ရေဘူးကို ချပါဟုဆိုသော်၊ သောက်ပါ၊ သင်၏ ကုလားအုပ်တို့ကိုလည်း ရေတိုက်ပါမည်ဟု ပြန်ဆိုသောသတို့သမီးသည် ကိုယ်တော်၏ ကျွန် ဣဇက်ဘို့ခန့်ထားတော်မူသောသူ ဖြစ်ပါစေသော။ ထိုသို့ အားဖြင့် အကျွန်ုပ်၏ သခင်၌ ကျေးဇူးပြုတော်မူကြောင်းကို အကျွန်ုပ် သိရပါမည်ဟု လျှောက်ဆို၏'' (ကမ္ဘာဦး ၂၄း၁၄)။

ဤအရာသည် လက္ခဏာတစ်ခုဖြစ်ဖွယ် မရှိလှပေ။ ကုလားအုတ် တစ်ကောင်တည်းကပင် အချိန် (၁၀) မိနစ်အတွင်းတွင် ရေဂါလံပေါင်း (၃၀) (သို့) ၁၂၀ လီတာ သောက်သုံးနိုင်သည်။ လျောဇာတွင် ကုလားအုပ် (၁၀) ကောင်းပါသွားကတည်းကပင် ရေဂါလံပေါင်း ၃၀၀၀ (၁၂၀၀ လီတာ) လိုအပ်ပြီမဟုတ်လော။ အကယ်၍ ရေဗက္က၏ ရေပုံးမှာ ၂–၃ ဂါလံသာ ဆန့်ပါက (၈–၁၂ လီတာ)၊ ရေတွင်းထဲမှာ အကြိမ် ၁၀၀ မက ရေခပ်ယူရပါမည်။ သူနှလုံးသားသည် ကုလားအုပ် ၁၀ ကောင်ကို ရေတိုက် ရလောက်အောင်

ရက်ရောနိုင်လှသည်။ သူသည် စစ်ကြောခြင်းခံနေရမှန်းတောင် သိမည် မဟုတ်ပေ။ ကျွန်တော်တို့လည်း ထိုကဲ့သို့ပင် ဖြစ်တတ်ပေလိမ့်မည် မဟုတ်လော။ ဤသည် သမရိုးကျအလုပ်တစ်ခုဖြစ်၍ ထိုသို့သော် သမရိုးကျကိစ္စများနှင့်သာ ဘုရားသခင်သည် ကျွန်တော်တို့ကို စစ်ကြောသည်။

ရေဗက္ကမသိလိုက်သည်မှာ ဘုရားသခင်သည် သူ့ကို စစ်ကြောနေသည် စောင့်ကြည့်နေသည် ဟူသည့်အချက်ပင်။ စစ်ကြောခြင်းကို လွန်မြောက်သွားပြီးနောက် သူသည် မေရှိယမျိုးရိုးအဝင် ဖြစ်၍ ဟေဗြုန်အရပ်ကို အမွေခံခဲ့ရသည်။ သူသည် အစေခံ ဧလျာဇာ၏ စကားကို တုံ့ပြန်နေခြင်းသည် သူ့အနေဖြင့် ဟေဗြုန်မှာ နေရမည်၊ မနေရမည်ကို အဆုံးအဖြတ်ပေးသော တုံ့ပြန်ခြင်းဖြစ်နေမှန်း မသိခဲ့ချေ။ အလားတူစွာ ဘုရားသခင်သည် ကျွန်တော်တို့ အရည်အချင်းပြည့်မှီ၊ မမှီကို စစ်ကြောချိန်တွင် မရိပ်မိ တတ်ကြချေ။ စိတ်နှလုံးအကြွင်းမဲ့ဟု ဆိုရာတွင် ကျွန်တော်တို့နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ (သို့) သဘာဝအလျောက် ခင်မင်ရင်းနှီးပြီးသား အရာမှန်သမျှကို မနှမြောသော စွမ်းရည်ကိုဆိုလိုသည်။ အကယ်၍ ဘုရားသခင်အနေဖြင့် ဘယ်အရာတစ်ခုကို မဆို လက်လွှတ်ဆုံးရှုံး ခံလိုက်ပါဟု ပြောဆိုလာပါက အသာတကြည်စွန့်လွှတ်နိုင်သည့် စိတ်ထားမျိုးဖြစ်သည်။ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှိနေပါက အရာရာကို ဘုရားသခင်ထံပြန်လည် ပေးအပ်၊ လွှတ်ထားနိုင်ကြမည်ဖြစ်သည်။ ထိုသို့ ဘုရားကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ လုပ်နိုင်ပါလိမ့်မည်။ ဘုရားသခင်၏ လက်ညှိုးတော်သည် ကျွန်တော်တို့ အသက်တာနှင့်ဆိုင်သော အရာကို ထိုးပြ၊ ညွှန်ပြသော အချိန်ရှိတတ်သည်။ ဤသို့ ဘုရားသခင်လုပ်လာပါက သင့်ကို ကျွန်တော်အားပေးလိုသည်မှာ ''ဟုတ်ကဲ့၊ ကိုယ်တော်။ ကိုယ်တော်လက်ညှိုး ထိုးပြသည် ဤအရာကို အခုချက်ချင်း ကိုယ်တော်ထံ လက်လွှတ်ပါပြီ'' ဟု ပြောနိုင်ပါစေ။

ယခုပြောနေသည့်စိတ်နှလုံးအကြွင်းမဲ့လုပ်ရပ်သည် လူလွှတ်အမျိုးသမီးများ လုပ်ရန်သာမဟုတ်ပေ။ လက်ထပ်ပြီးသော အမျိုးသမီးများအတွက်ပါ အကျုံးဝင်ပါသည်။ အိမ်ထောင်ရှင်မများအနေဖြင့် ''ငါစိတ်နှလုံးအကြွင်းမဲ့ ရှိနေပါသလား'' ဟူ၍ ကိုယ့်ကိုကိုယ် ဆန်းစစ်သင့်ပေသည်။ မေးခွန်းထုတ်သင့်သည်မှာ ''ငါ့ယောကျ်ားအပေါ် ဘုရားပေးတဲ့ ရူပါရုံပြည့်စုံစေရန် ငါပါရမီဖြည့်ဖက်လား'' ငါက ဘုရားအတွက်ဖြစ်သလား။ သို့မဟုတ် ငါစိတ်နှလုံးအကြွင်းမဲ့မရှိနေဘဲ လောကအရာတွေတောင့်တနေခြင်းကြောင့် ငါ့ယောကျ်ားကို ဘုရားမျှော်မှန်းထားသည့် ခေါ်ခြင်းတရားကနေ လွှဲစေမိပြီလား။'' အစရှိသည်ဖြင့်

မိမိကိုယ်ကိုမေးရပါမည်။

အမှန်ပြောရလျှင် စိတ်နှလုံးအကြွင်းမဲ့ရှိခြင်းကို ခင်ပွန်းသည်ဖြစ်စေ၊ မိန်းမဖြစ်စေ လက်တွေ့အသုံးချနိုင်ပါသည်။ အမှုတော် ငါးသွယ်အနက်တစ်ခုခု အတွက် မိန်းမသည် ဘုရားခေါ်ခြင်းကို ခံရပါက (ဖေက် ၄း၁၁–၁၆ ကြည့်နိုင်သည်)။

ခင်ပွန်းသည်အနေဖြင့် ဘုရားအတွက် စိတ်နှလုံးအကြွင်းမဲ့ အထောက်အမ ဖြစ်ရပါမည်။ ခရစ်တော်၏ တရားစီရင်သည့် ပလ္လင်ရှေ့မှောက်တွင် ကျွန်တော်တို့ အသက်တာအတွက် အသီးသီး အစစ်ဆေးခံရကြမည်ဖြစ်သည်။ လင်မယားတို့ သည်လည်း မိမိအိမ်ထောင်ဖက်သည် ဘုရားခွဲခန့်ထားသည့်အမှုအရာ ဆောင်ရွက်ရာ၌ ပါရမီပြည့်ဖြစ်သလော (သို့) ဆွဲချပြီး အတားအဆီးဖြစ်သလော။ မိမိတို့၏ ဆန္ဒကြောင့် စိတ်နှလုံးအကြွင်းမဲ့ရှိသလော၊ မရှိသလော၊ အစရှိသဖြင့် စစ်ဆေးခြင်းရှိမည်ဖြစ်သည်။ အပြောင်းအလဲ တစ်ခုခုမလုပ်မိပါက အိမ်ထောင်ဖက်အနေဖြင့် ခရစ်တော်၏ တရားစီရင်ရာပလ္လင်တွင် အစစ်ဆေး ခံရချိန်တွင် ပစ်မှတ်လွဲနိုင်သည်။

## လက်ထပ်ထိမ်းမြားခြင်း

ကျွန်တော်တို့အသက်တာအတွက် မိမိလက်ထပ်သော ဘဝကြင်ဖော်မှာ အလွန်အရေးကြီးသည်။ ဘုရားသခင်၏ ခေါ်ခြင်းအမှုတူရန် လိုအပ်ရုံမက ဘဝကြင်ဖော်သည် စိတ်ချရသောသူ၊ အထောက်အမပြုနိုင်သူနှင့် သစ္စာစောင့်သူဖြစ်ရပါမည်။ ဘုရားသခင်သာလျှင် အဆုံးထိမြင်နိုင်စွမ်းရှိသည်။ ကြည့်ကောင်းသော ရုပ်သဏ္ဍာန်ရှိ၍သော်လည်း၊ အပြောအဆို ချိုသာသော်လည်း၊ ထိုယောကျ်ား (သို့) ထိမိန်းမသည် ဘဝခရီးတစ်လျှောက်တွင် အဘယ်သို့ ပြုမူမည်ကို ဘုရားသခင်သာလျှင် သိထားနှင့်သည်။ ထိုသူပြုမူသည့်အတိုင်း လင်မယားနှစ်ဦးသားတို့၏ အဆုံးစွန်ဆုံးသော ဘဝကံကြမ္မာကို အဆုံးအဖြတ်ပေးမည်မှာ အမှန်ဖြစ်ပေသည်။ လူတစ်ဦး၏ ခေါ်ခြင်းဆိုင်ရာ အမှုတော်လုပ်ငန်း၌ မည်သူသည် ဘုရားခေါ်ခြင်းကို ဖြည့်စွမ်းမည်ကို၎င်း၊ မည်သူသည် အထောက်အမအဖြစ် ရပ်တည်မည်ကို၎င်း၊ ဘုရားသခင် တပါးတည်းသာ သိတော်မူသည်။ ထို့ကြောင့် ဘဝကြင်ဖော်ရွေးရာတွင် မိမိရွေးချယ်မှုကို ဘုရားလက်၌ အပ်နှံပြီး ရွေးချယ်တတ်ရန် ဘုရားကို ဆုတောင်းရပါမည်။ ဤသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိမိသည် အမှုတော် ငါးဖြာအတွက် ခေါ်ခြင်းခံရ၊ မခံရ သိအောင် လက်တွေ့အသုံးပြုနိုင်

ပေးသည်။

မိမိကိုယ်ကို ဘဝလမ်းကြောင်းပေါ်မှာ အခြေမခိုင်၊ ဂဏာမငြိမ်၊ မတည်ငြိမ်နိုင်သော မိန်းကလေးတစ်ယောက် သိခဲ့ဖူးသည်။ စိတ်ကုန်နေချိန်မှာပင် သူ့အတွက် အင်းအားဖြစ်မည်ဟု ထင်ရသော ယောကျ်ားတစ်ယောက်ကို ရှာတွေ့ခဲ့သည်။ လက်ထပ်ပြီးမှသာ မျှော်လင့်ထားသလို မဖြစ်လာသည့်အပြင် ထိုမိန်းကလေးသည်သာ အားမာန်တိုင်ကြီးဖြစ်လာပါတော့သည်။ ထိုစုံတွဲ၏ အဆုံးသတ်ကိုတော့ ကျွန်တော်မသိပါ။ ထိုမိန်းကလေးသာ သူလက်ထပ်ရမည့်သူအတွက် ဘုရားသခင်ကို မေးမြန်းစုံစမ်းပါက အခြားယောကျ်ားတစ်ယောက်နှင့် လက်ထပ်ရန် ဖြစ်ကောင်းဖြစ်နိုင်သည်။ ထို့ကြောင့် ဘုရားသခင်ထံ မေးလျှောက်ပါ။ သတိချပ်ရမည့်အချက်မှာ လှပခြင်းသည် အရေခွံ (အပြင်သဏ္ဍာန်)နှင့် သိရသော်လည်း၊ စိတ်နှလုံးကိုမူ ဘုရားသခင်သာ သိမှတ် တော်မူသည်။

**အစတွင်မြုံခြင်း၊ နောက်ပိုင်းတွင် သားသမီးထွန်းကားခြင်း**

အစောပိုင်းတွင်ဖော်ပြပြီးသော အမျိုးသမီးများတွင် အများစုသည် သားသမီးမထွန်းကားခင် အမြုံများဖြစ်ခဲ့ကြသည်။ ဟေဗြုန်သည် မြုံခြင်းနှင့် ဆက်နွယ်သော်လည်း အသီးသီးခြင်းသို့ပို့ဆောင်သည်။ ဘုရားသခင်သည် ထိုသူတို့ကို မပွားများစေခင်မှာ သူတို့သည် ဝိညာဉ်ရေးရာ၌ မြုံနေကြသည်။ ထိုသို့သော အချိန်အတောအတွင်း အသက်တာ၌ နက်ရှိုင်းစွာ သန့်ရှင်းရေးက နေရာယူသည်။ ကျမ်းစာတွင် အမြုံမများတို့သည် မှတ်သားရလောက်အောင် သားယောကျ်ားများ မွေးဖွားသန့်စင်ပေးသည်ကို တွေ့ရသည်။ ထိုသူတို့မှာ စာရာ၊ ရေဗက္က၊ ရာခေလ၊ ရှံဆုန်၏ မိခင်နှင့် လေဝိဇာက်တို့တည်း ဝိညာဉ်ရေးရာ ဟေဗြုန်အရပ်ဖြစ်သူများကို မီးဖြင့် မြုံသောကာလတစ်လျှောက် စစ်ဆေးခြင်းခံရကြလိမ့်မည်။

ဘုရားသခင်၏ အချိန်ကာလရောက်သောအခါ အမြုံများကို သားသမီးထွန်းကားစေကြောင်း ဟေရှာယ ၅၄း၁–၃ တွင် ဖတ်ရသည်။

''သားမဘွားသော အမြုံမ၊ ဝမ်းမြောက်လော့။ သွားသွားခြင်းဝေဒနာကို မခံသေးသော မိန်းမ၊ ကြွေးကြော်အော်ဟစ်လော့။ အကြောင်းမူကား စွန့်ထားသော မိန်းမသည် လင်ရှိသော မိန်းမထက်သာ၍ များသော သားတို့ကို ဘွားမြင်ပြီဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်၏ တဲရာကို ကျယ်စေလော့။ သင်၏နေရာမျက်နှာကြက်ကို ကြက်ဦးလော့။ နှမြောသော စိတ်မရှိနှင့်။

ကြီးတို့ကို ရှည်စေဦးလော့။ တိုင်တို့ကို မြဲစွာ စိုက်လော့။ အကြောင်းမူကား၊ သင်သည် လကျ်ာဘက်၊ လက်ဝဲဘက်၌ တိုးပွားလိမ့်မည်။ သင်၏ အမျိုးအနွယ်သည် တပါးအမျိုးသားတို့ကို အမွေခံရ၍ သူတို့၏ ဆိတ်ညံသော မြို့တို့၌ နေကြလိမ့်မည်။''

**အရေဖျားလှီးခြင်းမင်္ဂလာ**

ဟေဗြဲန်ကို အမွေခံရာ၌ တိုးပွားများပြားခြင်းနှင့်ဆိုင်သော ဂတိတော်များ၏ မျက်နှာပြင်တစ်ခုမှာ အရေဖျားလှီးခြင်းဖြစ်သည်။ အာဗြဟံအား ဘုရားသခင် ဂတိတော်ပေးသည်မှာ ''သင်နှင့်တကွ သင့်နောက်၌ သင်၏ အမျိုးအနွယ်သည် ငါ့ရှေ့မှာ စောင့်ရှောက်ရသောငါ၏ ပဋိညာဉ်ဟူမူကား သင်တို့တွင် သားယောကျ်ားတိုင်း ငါသည် သင့်ကို အလွန်ပွားများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ အမျိုးအနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။ ငါသည် သင်၏ ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု သင်နှင့်သင်၏ အမျိုးအနွယ်အစဉ်အဆက်တို့၌ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည် (ကမ္ဘာဦး ၁၇း၆–၇)'' ဟူသတည်း။ သို့ရာတွင် အသီးသီးခြင်းနှင့် တိုးပွားများပြားခြင်းဆိုင်ရာ ဂတိတော်များကို လက်ခံရရှိနိုင်ရန်အတွက် အာဗြဟံနှင့်သူ၏ မျိုးစေ့ (နောင်လာနောက်သား) တို့သည် အရေဖျားလှီးခြင်းခံရပေမည် (ကမ္ဘာဦး ၁၇း၁၀–၁၁)။

ဂျော်ဒန်မြစ်ကို ကူးမြောက်ပြီး ဂိလဂါအရပ်၌ အရေဖျားလှီးခြင်း ခံရသောသူတို့သည် အဆိုပါဂတိတော်များကို စတင်အမွေခံရပြီဖြစ်သည်။ ကံမကောင်းစွာဖြင့် သန့်ရှင်းသူအချို့တို့သည် အရေဖျားလှီးခြင်းခံရမည့်နယ်ကို ကျူးကျော်သောကြောင့် တဆင့်နိမ့်အမွေကိုသာ ခံရ၍ အခြေချခဲ့ရသည် သို့ရာတွင် ဝိညာဉ်ရေးနှင့်ဆိုင်သော ဟေဗြဲန်ကို ရောက်ရှိမည့်သူများသည် နှလုံးသားအရေဖျားလှီးခြင်းမင်္ဂလာကို အပြည့်အဝ ဆက်ကပ်အပ်နှံကြရမည်။

အစောပိုင်း၌ ဖော်ပြပြီးသည့်အတိုင်း ကောင်းကင်တမန်တစ်ပါးသည် ဓားကို ဓားအိမ်မှ ထုတ်ထားလျက်ရှိသည်ကို နယူးဇီလန်၌ ရူပါရုံအဖြစ် မြင်ခဲ့သည်။ ထိုဓား၏ ထိပ်ဖျား၌ ''အရေဖျားလှီးခြင်း'' ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ဘုရားသခင်ပြောပြသည်မှာ ''တိုးပွား၍အသီးသီးလိုသူမှန်သမျှသည် ဘုရားသခင်ရှေ့တော်၌ နှလုံးသားကို ဖွင့်ဟဖော်ထုတ်ပြီး နှလုံးသားကို အရေဖျားလှီးခြင်းခံရန် လိုလိုလားလား ဆန္ဒရှိရမည်'' ဟူသတည်း။ နှလုံးသားကို အရေဖျားမလှီးထားပါက တိုးပွားများမြားခြင်းဆိုင်ရာ ပဋိညာဉ်နှင့်

မပတ်သက် တော့ပါ။

**အာဗြဟံကောင်းကြီးကို ဝင်ရောက်ခံစားခြင်း**

ကာလက်သည် ဟေဗြုန်အရပ်ကို တွေ့မြင်သောအခါ ''ဤတောင်ကို ကျွန်ုပ်အားပေးပါ'' ဟု ဟစ်ကြော်ခဲ့လေ၏ (ယောရှု ၁၄း၁၂)။ အို – အဘယ်ကြောင့် တောင်တစ်လုံးကို တောင်းဆိုနေသနည်း။ အဘယ်ကြောင့် ဆိုသော် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့သည် ထိုဟေဗြုန်တောင်ပေါ်တွင် သင်္ဂြိုဟ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဟေဗြုန်တောင်သည် ပဋိညာဉ်ဆိုင်ရာ ဆက်နွယ်မှုကို ဖော်ပြနေသည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ခံရသော ဂတိတော်အားလုံးကို ပြည့်စုံပါသည်။ ကာလက်တောင်း ဆိုသည်မှာ မြေကြီးတောင်ကို တောင်းဆိုခြင်း မဟုတ်ပါ။ ''ဤတောင်'' ဆိုသည်မှာ အာဗြဟံနှင့်ဆိုင်သော ကောင်းကြီးအားလုံးကို ရည်ညွှန်းသည်။ ကာလက်ပြောနေသည်မှာ ထိုကောင်းကြီးအားလုံးကို ဝင်ရောက်ခံစားလိုကြောင်း ဖော်ပြသည်။

**စာတန်၏ ခြေကုပ်စခန်းတို့ကို ဖြိုချခြင်း**

ဂါဇာမြို့ကြီး၏ တံတိုင်းတံခါးကြီးကို ဖြုတ်ထုတ်၍ ဟေဗြုန်အရပ်သို့ သယ်ဆောင်သွားခဲ့သည်။ တရားသူကြီး ၁၆း၃ ၌ တွေ့ရသည်မှာ ''ရှံဆုန်သည် သန်းခေါင်တိုင်အောင် အိပ်ပြီးမှ သန်းခေါင်းအချိန်၌ထ၍ မြို့တံခါးရွက်တို့ကို တံခါးတိုင်၊ ကန့်လန့်ကျင်နှင့်တကွ ယူ၍ ပခုံးပေါ်မှာ တင်လျက် ထမ်းသွား၍ ဟေဗြုန်မြို့ရှေ့ တောင်ပေါ်၌ ပစ်ထားလေ၏'' ဟူ၍ဖြစ်သည်။ မြို့တံခါး ဟူသည်မှာ ထိုမြို့၏ အင်းအားနှင့် ခြေကုပ်စခန်းဖြစ်သည်။ ထို့ကြောင့် ဟေဗြုန်သည် စာတန်၏ ခြေကုပ်စခန်းတို့ကို ဝါးမျိုခြင်းကို ဖော်ပြသည်။ ကျွန်တော်တို့၏မြို့များကို ကြီးစိုးနေသော ဝိညာဉ်တန်ခိုးတို့အား အသင်းတော် အနေဖြင့် ချိုးဖောက်ပစ်ရန် ဘုရားသခင်အလိုတော် ရှိသည်။ ရှင်မဿဲ ၁၆း၁၈ တွင် မိန့်ဆိုထားသည်မှာ ''ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။'' ဆိုလိုရင်းက စာတန်၏ ခြေကုပ်စခန်းများသည် ဆုံးရှုံး၍ ခရစ်တော်၏ အသင်းတော် ရှေ့မှောက်၌ အပ်နှံရန်ဖြစ်သည်။

## တိုးချဲ့ထွင်ခြင်း

ဒါဝိဒ်သည် ဟေဗြုန်၌ ဘုရင်ဖြစ်လာခဲ့သည်။ ထိုနေရာ၌ ဒါဝိဒ်ဘိသိပ်ခြင်း ခံယူနေစဉ် ထိုပြည်တစ်ခုလုံးအုပ်ချုပ်ရန် အခွင့်အာဏာ ရရှိသွားသည်။ ယုဒအပေါ်၌ ဘုရင်ဖြစ်ခဲ့သည်။ နောက်တစ်ကြိမ်သိဘိပ်ခံရသောအခါ၊ ဣသရေလတစ်မျိုးသားလုံးကို အုပ်ချုပ်ရန် အခွင့်အာဏာရရှိသွားသည်။ အမှန်တကယ်ပြောရမည်ဆိုလျှင်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဘိသိပ်ခြင်း ခံရာတွင် လူအုပ်စုများအပေါ်၌ ဖြစ်ပျက်ခဲ့သည်။ တိုးပွား များပြားခြင်း၊ ပေါင်းစည်းခြင်း၊ တိုးချဲ့ခြင်းကိုဆိုလိုသည်။ ဟေဗြုန်၌ ဒါဝိဒ်ခံခဲ့သည့်အတိုင်း တိုးချဲ့ခြင်းအတွက် ဘိသိပ်မှုရှိသည်ကိုသိရသည်။

## ခိုလှုံရာမြို့

ဟေဗြုန်သည် ခိုလှုံရာမြို့တစ်မြို့ဖြစ်သည်။ ၁ရာဇဝင်ချုပ် (၆ရာ) ၆း၅၇ ၌ 'ပြေး၍ မှီခိုရာ ဟေဗြုန်မြို့မှတစ်ပါး၊ ယုဒခရိုင်ထဲက လိဗနမြို့နယ်၊ ယတ္တိရမြို့နှင့် မြို့နယ်၊ ရှေတမောမြို့နှင့် မြို့နယ်'' ဟုဆိုထားသည်။ ဟေဗြုန်မြို့သား မှန်လျှင် ဒုက္ခအထိရောက်နေသူအား အမြဲတံခါးဖွင့်ပေးသည်။ ကျွန်တော်တို့သည် ရက်ရောက်သောမျက်စိအမြင်မျိုးရှိရမည့် ကျွန်တော်တို့၏ လက်ကို ဖြန့်ထားလျက် ဘုရားသခင်၏ ထောက်ပံ့ခြင်းအတွက် လမ်းကြောင်း ဖြစ်စေရမည်။ အများစုပြောကြသည်မှာ ''ရှိချိန်မှာဆို ပေးချင်ပါတယ်'' ဖြစ်သည်။ သို့ရာတွင် ရှိပြီးသားအရာကို ပေးကြည့်ပါက ပေးစရာ ပိုမို ရှိမည် ဖြစ်သည်။ အပေးကမ်းဆုံးသောသူများကို များသောအားဖြင့် ချမ်းသာ သူများအဖြစ် မသတ်မှတ်ကြပါ။ ကျွန်တော်သိသည် လူတစ်ယောက်သည် သူ့နာမည်ဖြင့် ငွေတစ်ကျပ် ရှိခဲ့သည်။ သို့တိုင်အောင် သိန်းနှင့်ချီသော ငွေသည် သူ့အားဖြင့် စီးဆင်းနေကျဖြစ်သည်။ ကျမ်းစာ၏ နိယာမမှာ – ''သူတပါးအား ပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်၊ (လုကာ ၆း၃၈) ဟူ၍ဖြစ်သည်။ ရှိနေသူကို ကျွန်တော်တို့ တတ်နိုင်သည့် နည်းလမ်းဖြင့် ကူညီလိုစိတ်ရှိရမည် – နှစ်သိမ့်ခြင်း၊ မေတ္တာပြခြင်း၊ အစားအစာနှင့် တည်းခို နေထိုင်စရာ အစရှိသည်ဖြင့် ကူညီတတ်ရမည်။

## စင်ကြယ်သော ကိုးကွယ်ခြင်းနှင့်သွန်သင်ခြင်း

ဟေဗြုန်သည် ယဇ်ပုရောဟိတ်မြို့တစ်မြို့ဖြစ်သည်။ ယဇ်ပုရောဟိတ် ဆိုသည်မှာ ဣသရေလအမျိုး၏ ဆရာများဖြစ်ကြသည်။ ဟေဗြုန်မြို့တွင်

ဆရာမြောက်မြားစွာထွက်ရှိသည်။ ယဇ်ပုရောဟိတ်အမှုတော်လုပ်ငန်းတွင် တရားဟောခြင်းနှင့် ပညတ်တော်ကို သွန်သင်ပေးရုံနှင့် မပြီးသေးပါ။ သူတို့သည် ချီးမွမ်းခြင်းနှင့် ဝတ်ပြုခြင်းကို ဦးဆောင်ညွှန်ကြားသူများလည်းဖြစ်သည်။ ဟေဗြုန်မြို့ကဲ့သို့သော ယဇ်ပုရောဟိတ်မြို့များသည် ဘုရားလူတို့ကို စစ်မှန်သော ဝတ်ပြုခြင်းသို့ ဦးဆောင်သွားနိုင်သည့် အမှုတော်လုပ်ငန်းများကို မွေးထုတ်ရာ နေရာဖြစ်သည်။ ဟေဗြုန်မြို့သားဖြစ်ပါက စင်ကြယ်သော ကိုးကွယ်ခြင်းနှင့် တေးဂီတ ကဏ္ဍာများ၌ ပိုင်နိုင်ကျွမ်းကျင်သည့် အပြင် အသွင်အပြင်လည်း ကောင်းရပေမည်။

## ကျွန်တော်တို့၏ "ဣဇက်" ကို ပူဇော်ခြင်း

ဟေဗြုန်၏ အသွင်သဏ္ဌာန်မှာ စိတ်နှလုံးအကြွင်းမဲ့ဖြစ်သည်။ အာဗြဟံ၏ နှလုံးသားအကြံအစည်နှင့် တောင့်တမှုမှာ ဘုရားအလိုတော်ကို ဖြည့်ဆည်းရန်သာဖြစ်သည်။ အာဗြဟံသည် ဘုရားသခင်၏ ခေါ်ခြင်းတရား၌ ကျွမ်းလောင်ခဲ့ပါသည်။ တိုင်းနိုင်ငံ (သို့) လူမျိုးများစွာတို့၏ ဖခင်ဖြစ်ရန် ခေါ်ခြင်းခံခဲ့သူဖြစ်သည်။ သို့တိုင်အောင် သူ့မှာ သားမရသေးပါ။ ထိုဂတိတော် ပြည့်စုံလာရန် ဝေးသထက်ဝေးကွာဟန် ရှိသည်။ နောက်ဆုံးမှာ အာဗြဟံအသက် (၁၀၀) ရှိမှသာ သားဣဇာက်မွေးဖွားလာတော့သည်။ အာဗြဟံကို စစ်ကြောစုံစမ်းရန် ဘုရားသခင်သည် "ထိုသားကို ငါ့အားပြန်ပေးပါ" ဟု တောင်းဆိုသည်။ ထိုတောင်းဆိုမှုသည် အာဗြဟံအတွက် တစ်သက်တာမှာ ရှိရှိသမျှကို တောင်းဆိုရာ ရောက်သည်။ သူ၏ခေါ်ခြင်းတရား၊ အမှုတော်လုပ်ငန်း၊ ဂတိတော်များနှင့် စောင့်စားခဲ့သမျှကို လက်လွတ်လိုက်ရမည့်သဘောဖြစ်သည်။ ဟေဗြုန်မြို့သားဆိုသည်မှာ အချစ်ခင်ရဆုံးအရာကို လက်လွတ် အရှုံးပေးနိုင်ရမည်။ ထိုလူမျိုးလူစားများသာလျှင် ဇိအုန်အရောက်သွားမည်သူများဖြစ်သည်။

ဤအမှန်တရားနှင့် ရင်းနှီးကျွမ်းဝင်နိုင်စေရန် ဘုရားသခင်သည် ကျွန်တော်အား သူ့နှလုံးတော်ကို ပြခဲ့ဖူးသည်။ သခင်ယေရှုနှင့် ဘုရားသခင်တို့သည် ဂရုတစိုက်၊ မြတ်မြတ်နိုးနိုး ဖန်ဆင်းခဲ့သော ကမ္ဘာမြေကြီးရှေ့တွင် သခင်ယေရှု မတ်တတ်ရပ်နေသည်ကို မြင်ရသည်။ သူတို့သည် လှပသော ကမ္ဘာကြီးကို ဖန်ဆင်းသည်သာမက ဘုန်းကြီးသောရာဇပလ္လင်များနှင့် ကောင်းကင်၏ ထယ်ဝါ ခမ်းနားသော အရာအားလုံးကိုလည်း ဖန်ဆင်းခဲ့ကြသည်။ သို့သော် အချိန် ကျရောက်လာသောအခါ ခမည်းတော်သည် သားတော်အား "လူသား

တစ်ယောက်ဖြစ်သွားပြီး လောကအပြစ်အတွက် အသေခံရန် စွန့်လွှတ်နိုင်မည်လော'' ဟု ပြောလိုက်ရသည်။

ဖိလိပ္ပိ ၂း၆–၈ ဖော်ပြသည်မှာ ခရစ်တော်သည် စွန့်လွှတ်စွန့်စားရန် လိုလား ကြောင်းသိရသည်။ ''ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ဆောင်လျက် လူကဲ့သို့သော အဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏'' ဤ ကျမ်းချက်၏ မူရင်းအဓိပ္ပါယ်ကို ဂရိကျမ်းစာဖော်ပြချက်မှာ ယေရှုသည် အရာရာကို လိုလိုလားလားစွန့်လွှတ်သည်ဟု ပြောထားသည်။ သူ၏ ဘုရားနှင့် တန်းတူဖြစ်ခြင်း၏ မကိုင်ဆုပ်မထားကြောင်းသိရသည် (၂ကော ၈း၉၊ ၅း၂၁ ကို ကြည့်နိုင်သည်)။

''ကျွန်တော် (၁၀) နှစ် ကြာကာလပတ်လုံး အလုပ်လုပ်ခဲ့ပါပြီ၊ ကိုယ်တော်'' ဟု ပြောသောအခါ ''ထိုအရာအားလုံး လက်လွှတ်လိုက်ပါတော့'' ဟု ဘုရား ပြန်ပြောခဲ့ပါတယ်။ ''ဟုတ်ကဲ့၊ ကိုယ်တော်'' လို့ ကျွန်တော် နှလုံးသား ပါပါနှင့် ပြောနိုင်သောအခါ ကျွန်တော့် နှလုံးသားထဲမှာ ''ဘုရားသခင်၏ အစေခံ ကျွန်ဖြစ်ရန် ကျွန်ုပ်လွှတ်လပ်သွားပြီ'' ဟူသည့် သီချင်း ထွက်ပေါ်လာ တော့သည်။ လောလောလတ်လတ် ဤအဖြစ်အပျက်ကို ဘုရားသခင်ပြန်လည် သတိရစေ၍ ''ထိုအရာတို့ကို သင်မစွန့်လွှတ်ခဲ့လျှင် ငါ့အစေခံဖြစ်လာမှာ မဟုတ်ဘူး'' ဆိုပြီး စကားပြောခဲ့ပါသေးသည်။

ဇဝ်ဂေလိဆရာတစ်ဦးဖြစ်သော ဖိလိပ္ပုကို ရှမာရိမြို့ နိုးထမှုကို ထားရစ်ခဲ့ပြီး သဲကန္တာရ၌ သေိယောပိအမတ်နှင့်တွေ့ရန် စေလွှတ်ခြင်းခံခဲ့ရသည်။ ဤသည် အမှန်တကယ်ပို၍ အောင်မြင်ခြင်းဖြစ်ကြောင်း ရလဒ်အနေဖြင့် သေိယောပိမြို့၌ အသင်းတော် တည်ထောင်ဖြစ်သွားသည်။

ဟောပြုန်သည် စိတ်နှလုံးအကြွင်းမဲ့ကို ပြောနေသည်။ ဆိုလိုသည်မှာ အရာရာကို ပေါ့ပါးစွာ ကိုင်တွယ်ပြီး၊ ဤတွင် ဘုရားသခင်ပေးသမျှပင်လျှင် ပါဝင်သည့် အာပြဟံအနေဖြင့် ဣဇာက်ကို ယဇ်ပူဇော်ရန် မည်မျှပေးဆပ် ခဲ့ရမည်နည်း။ သားဣဇာက်ကိုသာ လက်လွှတ်ခြင်းမက သူ၏ ခေါ်ခြင်းတရားကို ပါ စွန့်လွှတ်ရာရောက်သည်။ ဂတိတော်များသည် ဣဇာက်၌ပြည့်စုံရန် ဖြစ်သည်။ အာပြဟံနည်းတူ ဟောပြုန်သား ပီသကြပါစို့။ စိတ်နှလုံးအကြွင်းမဲ့

ရှိနေခြင်းသာလျှင် ဟေဗြုန်ကောင်းကြီးများကို ဆောင်ကျဉ်းပေးမည် ဖြစ်သည်။ ဒါဝိဒ်သည် ဟေဗြုန်၌ ဘိသိပ်ခံရသည်ကို သတိရပါ။ ဟေဗြုန်၏ကောင်းကြီးကို အပြည့်အဝ ဝင်ရောက်ခံစားပြီးမှသာ ဇိအုန်ကို ချီတက်၍ သိမ်းပိုက်နိုင်ခဲ့သည်။

အလွန်ရှင်းလင်းချက်တစ်ခုမှာ ဟေဗြုန်ကို လက်တွေ့မခံစားရခင် ဇိအုန်ကို မရောက်ရှိနိုင်ပါ။ စိတ်နှလုံးအကြွင်းမဲ့ရှိသူသာလျှင် ဇိအုန်ရောက်ရှိနိုင်သည်။ ဤသည် ဣဇာက်ကို ပူဇော်ခြင်း – နှစ်လိုဖွယ် ပိုင်ဆိုင်မှုများ၊ ခေါ်ခြင်းတရား (သို့) အမှုတော်လုပ်ငန်းကို လက်လွှတ်ဆုံးရှုံးခြင်းကို ဆိုလိုသည်။ ကျွန်တော်တို့ သဘောပေါက်ရမည်အရာမှာ ကျွန်တော်တို့ မည်သည်အရာကို ခင်တွယ်သည်ကို ဘုရားသခင် ကောင်းစွာသိရှိထားသည်။ သူသည် ထိုအရာမျိုးကို တောင်းဆို မည်ဖြစ်သည်။ ထိုကြောင့် မည်သည့်အရာကိုမဆို လက်ဖြင့် မကိုင်ဆုပ်ဘဲ – ဝိညာဉ်အရာဖြစ်စေ၊ ဘဘာဝအရာဖြစ်စေ – သံယောဇဉ် မတွယ်သင့်ပေ။

## ဟေဗြုန်သတင်းစကားအကျဉ်းချုပ်

ဟေဗြုန်သတင်းစကားသည် ဇိအုန်အရောက်သွားရန် သော့ချက်ပင်ဖြစ်သည်။ ယောရှုလက်ထက်၌ ရှိလောမြို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အံ့သြဖွယ်လှုပ်ရှားမှု တွေ့ကြုံခဲ့သည့် ယောဒန်မြို့ကို ကူးမြောက်ပြီးသူများအနေဖြင့် ဘုရားသခင်ထဲ၌ အတိုင်အတာတစ်ခုထိ ခရီးတွင် ရောက်ရှိခဲ့ကြသည်။ ယနေ့တွင်လည်း အချို့လူတို့မှာ အလားတူ ဖြစ်နေသည် အမျိုးသား၊ အမျိုးသမီးအများစုတို့သည် သဲကန္တရကို ဖြတ်သန်းပြီး ယောဒန်မြစ်ကိုပင် ကျော်လွှန်နိုင်ကာ အောင်မြင်ခြင်းနှင့် ကောင်းကြီးနှင့် ယှဉ်သော အမှုတော်လုပ်ငန်းအထိ ခရီးနှင်လာခဲ့ကြသည်။ ကံမကောင်းစွာဖြင့် နှလုံးသား၏ ကဏ္ဍာများ၌ ဝိညာဉ်တော်ဓားဖြင့် ထိတွေ့မှုမရှိသောကြောင့် အချို့သော သူများမှာ အပြစ်ထဲ၌ ကျဆင်းသွားတတ်ကြသည်၊ အချို့မှာ သူတို့၏ လမ်းကြောင်းမှန်ပေါ်မှ သွေဖယ်၍လွဲသွားတတ်ကြသည်။

ရိုးစင်သောအချက်တစ်ခုမှာ ကျွန်တော်တို့သည် ဆက်လက်၍ ခရီးမနှင်တော့ပါက အမှန်ပြောရလျှင် နောက်ပြန်ဆုတ်ခြင်းပင် ဖြစ်သည်။ သတ်မှတ်ပြီးသားနေရာအထိအရောက်လှမ်းနိုင်မည် သော့ချက်မှာ အသက်တာထဲ၌ ဘုရားသခင်၏ လက်ညှိုးတော်တင်သည့် အရာကို အဆက်မပြတ် တုံ့ပြန်ရန် ဖြစ်သည်။ ‘‘ဟုတ်ကဲ့၊ ကိုယ်တော်’’ ဟု ပြောဆို တုံ့ပြန်နိုင်သည့်အခါတိုင်းတွင် ပြုပြင် ပြောင်းလဲခြင်းသည် စိတ်နှလုံးထဲ၌ နေရာယူလေ့ရှိသည်။ သို့သော် ‘‘

မဟုတ်သေးဘူး၊ ကိုယ်တော်'' ဟု ပြောသောအခါတိုင်တွင် ကျွန်တော်တို့မှာ ကြီးထွားမှု ရပ်တန့်သွားသည်။ အမှန်မှာ ကျွန်တော်တို့ တပ်ဆုတ်ခြင်းပင်။ ကာလရှည်ကြာသရေလအမျိုးသားများစုမှာ တောကို ရှောင်ဖယ်၍ အပေးအယူလုပ်ကာ ရန်သူများနှင့်ပင် အခြေချနေထိုင်ခဲ့ကြသည်။ ထိုသူတို့သည် ဖိအုန်ထိအရောက်သွားရန် ရပ်တန့်သွားသည့်အပြင် ရှိလောမြို့၌ စတင်ခံစားပြီးသား ကောင်းကြီးများကိုပင် ဆုံးရှုံးသွားတော့သည်။ သတိချပ်ရမည်မှာ နိုင်ငံတော် (သို့) ကောင်းကြီး မင်္ဂလာများကို ရရှိလင့်ကစား ထိုအရာတို့ကို စောင့်ထိန်းနိုင်၊ မနိုင်သေချာသွားရန် စစ်ကြောခြင်းကို ကျွန်တော်တို့ ခံရဦးမည်ဖြစ်သည်။ အကယ်၍ ရှောလုသာ ဤစစ်ကြောခြင်းကို ကျော်လွှားပါက သူ၏နိုင်ငံတော်ကို ဆက်လက်စောင့်ထိန်း ခွင့်ရမည် မလွဲပေ (၁ဓမ္မရာဇဝင် ၁၃း၁၃–၁၄ ကြည့်ရှုနိုင်သည်)။

ဟေပြုန်ကမူ အရေဖျားလှီးခြင်းမင်္ဂလာခံရာအရပ်ဖြစ်သည်။ ဤအရပ်သည် စိတ်နှလုံးအကြွင်းမဲ့ရှိသူများအတွက်ဖြစ်သည်။ ကျွန်တော်တို့ ဝိညာဉ်တော်၏ တောကို ရင်ဆိုင်ရသည့်နေရာ၊ ကိစ္စမျိုးစုံတွေ့ဆုံရာနေရာပင်ဖြစ်သည်။ အကယ်၍သာ ဘုရားသခင်သည် သူ့အလုပ်ပြီးစီးအောင် နှလုံးသား၌ ကျွန်တော်တို့ ခွင့်ပြုလိုက်ပါက ကျွန်တော်တို့သည် ဖိအုန်အထိ ရှေ့ဆက်ခရီးတွင်မည် ဖြစ်သည်။

**ဟေပြုန်ကို ကိုယ်စားပြုချက်များ**

- တိုးပွားများပြားခြင်းမတိုင်ခင် ခွဲခွာနေရခြင်း – မိမိ၌ရှိသော ရုပ်ပါရုံနှင့် ခေါ်ခြင်း တရားမရှိသည့် မိသားစုနှင့် အပေါင်းအသင်းတို့ထံမှ အာဗြဟံ ခွဲထွက်လာ ခဲ့ရသည်။
- အပ်နှံခြင်းနှင့် စိတ်နှလုံးအကြွင်းမဲ့ရှိခြင်း – ဤတွင် အသေးအမွှား ကိစ္စရပ်များ၌ပင် သစ္စာရှိခြင်း ပါဝင်ကာ စိတ်ထားမှန်ကန်အောင် ထိန်းသိမ်းခြင်း ဖြစ်သည်။
- လက်ထပ်ထိမ်းမြားခြင်း – ဘဝကြင်ဖော်ကို ဘုရားသခင်ကို ကိုယ်တိုင် ရွေးခွင့်ပေးမှသာလျှင် ကောင်းကြီးမင်္ဂလာများနှင့် ကွယ်ကာလုံခြုံခြင်းများ ကျွန်တော်တို့ရရှိခံစားလာမည်ဖြစ်သည်။ လက်ထပ်ထိမ်းမြားပြီးသည်နှင့် ကျွန်တော်တို့သည် မိမိဘဝ ကြင်ဖော်၏ ခေါ်ခြင်းတရားကို လှမ်းကမ်း နိုင်ရန် ကျွန်တော်တို့ဘက်မှာ ဘုရားအတွက် စိတ်နှလုံးအကြွင်းမဲ့ ကူညီပေး ရပေမည်။

မိမိကိုယ်ကို မဆက်ကပ်သော မိန်းမသည် သူ့ယောကျာ်း၏ ခေါ်ခြင်း

တရားကို ဖြည်းဆည်းရာ၌ အနှောင့်အယှက် ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ပင် ယောက်ျားသည် ဘုရားသခင်၏ မြင့်မြတ်သော ခေါ်ခြင်းကို မပြည့်စုံရန် အတားအဆီးဖြစ်နေပါက ဘုရားသခင်နှင့် စာရင်းရှင်းရမည်ဖြစ်သည်။

- အရင် မြုံခြင်း၊ နောက်မှ အောင်မြင်ခြင်း (အသီးသီးခြင်း) – မြုံခြင်းသည် နှလုံးသား၌ နက်ရှိုင်းသော သန့်စင်ခြင်း အလုပ်လုပ်ပေးခြင်းဖြစ်သည်။
- အရေဖျားလှီးခြင်း – ဤသည် ဘုရားသခင်၏ စကားတော်နှင့် ထိပ်တိုက် ရင်ဆိုင်ခြင်းကို ဆိုလိုသည်။
- အပြဟံ၏ကောင်းကြီးမင်္ဂလာ ဝင်ရောက်ခံစားခြင်း – ဤအရာကို စိတ်နှလုံးအကြွင်းမဲ့ရှိသူများသာ ပိုင်ဆိုင်နိုင်သည်။
- စာတန်၏ ခြေကုပ်စခန်းများ ဖြိုချခြင်း – အသင်းတော်သည် ဝိညာဉ်ဆိုး တို့၏ တန်ခိုးများကို ဖြိုခွင်းရန် ဘုရားသခင် အလိုတော်ရှိ၏။
- တိုးချဲ့ကြီးထွားခြင်း – ဟေဗြုန်အရပ်၌ တိုးချဲ့ကြီးပွားခြင်းအတွက် ဘိသိပ်မှု ရှိသည်။
- ခိုလှုံရာမြို့ – ဟေဗြုန်သည် ဆင်းရဲသောသူ၊ လိုနေသူတို့အား စေတနာကို ပြသ၍ လက်ကမ်းကူညီသည့်အရပ်ဖြစ်သည်။
- စင်ကြယ်သောကိုးကွယ်ခြင်းနှင့် သွန်သင်ခြင်း – လောကီဆန်သော တေးဂီတကို ရှောင်ကြဉ်ကာ သူတပါးတို့အား စင်ကြယ်သော ဝတ်ပြု ကိုးကွယ်ခြင်းနှင့် ချီးမွမ်းခြင်းသို့ခေါ်ဆောင်ခြင်းနှင့် သွန်သင်ပေးခြင်း တို့သည် ဘုရားသခင်နှင့် လျှောက်လှမ်းရန်အတွက် အရေးကြီးသော သော့ချက်ပင်ဖြစ်သည်။
- ကျွန်တော်တို့၏ ''ဣဇာက်'' ကို ပူဇော်ခြင်း – ဟေဗြုန်ရောက်သောအခါ ဘုရားသခင်တောင်းဆိုပါက ကျွန်တော်တို့၏ အကြိုက်ဆုံး ပိုင်ဆိုင်မှုများ ဖြစ်စေ၊ ခေါ်ခြင်းတရားပင်လျှင်ဖြစ်စေ၊ လိုအပ်ပါက အမှုတော်ကိုပင် လက်လွှတ်ရပေမည်။ ကျွန်တော်တို့၌ ရှိသမျှသောအရာတို့သည် ဘုရား သခင်ချေးငှားပေးသောအရာများသာဖြစ်သည်။

# အခန်း ၁၆

## ဇိအုန်တောင်

### ၁။ ဇိအုန်၏ သမိုင်းရာဇဝင်

ကျွန်တော်တို့သည် နောက်ဆုံးသောကာလတွင် အသက်ရှင်နေကြပြီး ဤအသင်းတော်ကာလသည် ကုန်ဆုံးလုနီးပြီ။ ဣသရေလအမျိုးတို့၏ သဲကန္တာရခရီးစဉ်မှာ အလွန်ကြာရှည်ခဲ့သည်။ အကယ်၍ သူတို့သာ ဘုရားသခင်ကို နာခံခဲ့လျှင် ထိုထက် တိုတောင်းသော နှစ်နှစ်ခန့်မျှ ခရီးစဉ်ဖြစ်သွားလိမ့်မည်။

ဤနောက်ဆုံးသောနေ့ရက်များတွင် လူတို့အနေဖြင့် ယောဒန်မြစ်ဆီ ရောက်လာရန်နှင့် ကျော်ဖြတ်သွားရန် အချိန်ကြာမြင့်မည်ဟု မထင်သင့်ပါ။ ခေါင်းမာသော ခေါင်းဆောင်များအတွက် ဤခရီးစဉ်သည် ပို၍ အချိန်ကြာမြင့်ကာ အတွေ့အကြုံမျိုးစုံ ကြုံရဦးမည်ဖြစ်သည်။ သဲကန္တာရ၏ ခက်ခဲကြမ်းတမ်းမှု အားလုံး သင်ယူကြရပေမည်။ ၁၉၇၃ ခုနှစ်ကတည်းက အသင်းတော်သည် အပြစ်ဖြေရာနေ့ကို ရှေ့ရှု၍ ခရီးနှင် လာခဲ့သည်။ ထိုအချိန်ကစ၍ အရေးဖျား လှီးသည့်စာကို လူတို့၏နှလုံးသားများ၌ စေလွှတ်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ဤနောက်ဆုံးသောကာလ၌ပင် ဘုရားသခင်သည် သူ့အသင်းတော်ကို အဲဂုတ္တုမှ ဇိအုန်သို့ အရောက်လျှင်မြန်စွာ ခရီးစဉ်ပြီး စီးစေမည်ဖြစ် သည်။

အာဗြဟံသည် ဟေဗြုန်ကို တည်ဆောက်တည်ထောင်သူဖြစ်သည်။ ဧည့်သည်အာဂန္တုတစ်ဦးအနေဖြင့် သူသည် ထိုဂတိတော်ပြည်၌ နေထိုင်ခဲ့သည်။ ကမ္ဘာပေါ်မှာရှိသော ဇိအုန်အရပ်အထိ သူကိုယ်တိုင် မရောက်သွားသော်လည်း သူ့မှာ ကောင်းကင်ဆိုင်ရာ ဇိအုန်ကို ရူပါရုံရှိခဲ့သည် (ဟေဗြဲ ၁၁း၉–၁၀၊ ၁၂း၂၂)။ အာဗြဟံသည် ဇိအုန်သွားနိုင်မည့် အချိန်ကာလအပိုင်း အခြားတွင် အသက်မရှင်ခဲ့သည်ကို သိမှတ်ရပေမည်။ တခါတရံ လူအချို့သည် မိမိတို့၏ ကာလကို ကျော်လွန်၍ ရူပါရုံရှိတတ်ကြ သည်။

ကမ္ဘာပေါ်ရှိ ယေရုရှလင်မြို့လယ်တွင် ဇိအုန်တည်းဟူသော ဇိအုန်တောင် တည်ရှိပါသည်။ ဤသည် ကောင်းကင်ဘုံရှိ ဇိအုန်တည်ရှိရာ ကောင်းကင် ယေရုရှလင်ကို ပြည့်သွန်နေသည်။

ဗျာဒိတ် ၂၁း၁၀–၂၃ ၌ ယောဟန်ပြောကြားချက်အရ ထိုမြို့တော်သည် ဘုရားသခင်၏ ဘုန်းတော်နှင့် တောက်ပလျက်ရှိ သည်။ ကျောက်သလင်းကဲ့သို့ လင်းလက်ကြောင်းတွေ့ရသည်။ ဗျာဒိတ် ၂၁း၁၈ တွင် အလင်းဖောက်နိုင်သည့် ဖန်သားကဲ့သို့သော ရွှေစင်အကြောင်း ဖတ်ရသည်။ ထိုဖော်ပြချက်၏ ဆိုလိုရင်းမှာ ယိုယွင်းပျက်စီးမှုနှင့် ကင်းလွတ်ခြင်းပင်ဖြစ်သည်။ အတွင်းအပြင် ထိုးဖောက်မြင်သာသည့် အသွင်ရှိသည်။ ၄င်းကဲ့သို့ ပွင့်လင်းမြင်သာမှုရှိသော လူစားမျိုးများကသာ ထိုမြို့တော်၌ နေရကြမည်ဖြစ်သောကြောင့် ဘုရားသခင် သည် ထိုကဲ့သို့ဖြစ်သူတို့အား ရှာဖွေနေပါသည်။

ဗျာဒိတ် ၂၁း၁၂ မှာ နံပါတ် ဂဏန်း (၁၂) တွေ့ရသည်။ ဤကိန်းဂဏန်း သည် အုပ်ချုပ်မှု နံပါတ်ဖြစ်ပြီး ဇိအုန်မြို့တွင် ဘုရား၏ အုပ်စိုးမှုအောက်၌ ရှိသူများသာ နေထိုင်ကြရမည်ဖြစ်သည်။ ဇိအုန်က အုပ်စိုးခြင်းအကြောင်း ပြောပြသည်။ ဇိအုန်သည် အမှီအခို မရှိ၊ တစ်ကောင်ကြွက်သမားများ (သို့) စည်းကမ်းမဲ့သူများအတွက် မဟုတ်ပေ။ သို့သော် ဘုရားသခင်၏ ခြံခတ်ခြင်း၊ နာဖားကြိုးတပ်ခြင်းနှင့် ထမ်းပိုးတင်ခြင်း လက်ခံသူများအတွက်သာဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အုပ်ချုပ်ခြင်းခံသူများအတွက် ဖြစ်သည်။

ဇိအုန်၏ အသေးစိတ်အကြောင်းအရာကို ကြည့်ကြပါစို့။ ကျမ်းစာကို ကြည့်သောအခါ ပရောဖက်ပြုချက်အားလုံးနီးပါးတို့သည် နောက်ဆုံးသော ကာလ၏ အသင်းတော်နှင့် စပ်ဆိုင်သောအရာများဖြစ်၍ ဇိအုန်၏သားသမီးများ အကြောင်းဖြစ်ကြောင်း တွေ့ရသည်။

ဇိအုန်သည် ဒါဝိဒ်၏ မြို့တော်၊ ဒါဝိဒ်သည် ဘုရားစိတ်တော်နှင့် ထိတွေ့သောသူဖြစ်သည်။ ဒါဝိဒ်သည် တတိယအကြိမ် ဟေဗြုန်၌ ဘိသိပ်ခြင်း ခံယူပြီး အချိန်တွင် ဇိအုန်မြို့ကို သိမ်းပိုက်ခဲ့သည်။ ဘုရားသခင်သည် ကျွန်တော်ကို အမြဲတမ်းလိုလို သဲ့သဲ့ပြောသံကြားရသည်မှာ ဇိအုန်သို့ မထွက်ခွာ သွားခင် ဟေဗြုန်မြို့သား ဝီသခြင်းအရင် ကျရောက်သည်ဟူသည့်အချက် ဖြစ်သည်။

## တောင်သုံးလုံး

ကုလသရေလအမျိုးတို့၏ ခရီးစဉ်တစ်လျှောက်တွင် တောင်သုံးလုံး ဖြတ်ကျော် ခဲ့ကြသည်။ တောင်ဟုဆိုရာတွင် တန်ခိုး၊ အခွင့်အဏာနှင့်ရာထူးကို ဆိုလိုသည်။ ပထမတောင်မှာ သိနာတောင်ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်းကို ကိုယ်စားပြုထားသည်။ သိနာတောင်၌ တိုက်ခိုက်သိမ်းပိုက်ရမည့် နေထိုင်သူ

မရှိပါ။ ဤတောင်ကို သိမ်းပိုက်ရန် တိုက်ခိုက်ရမည့် အင်အားကြီးလူများမရှိပါ။ ဝိညာဉ်တော်နှစ်ခြင်းခံယူခြင်းသည် တိုက်ပွဲမဟုတ်ပါ။ ကျန်ရှိနေသေးသည့် တောင်နှစ်လုံးစလုံးတွင် နေထိုင်ပြီးသား လူများရှိပါသည်။ ဟေဗြုန်တောင်နှင့် ပတ်သက်၍ ကာလက်က ''ဤတောင်ကို ပေးပါ'' ဟု ပြောရာတွင် အင်အားကြီး အာနက လူမျိုးကို အောင်မြင်ရန် ဆိုလိုခြင်း ဖြစ်သည်။ အင်အားကြီးအရာတစ်ချို့ကို အနိုင်မယူမချင်း ကျွန်တော် တို့သည် ဟေဗြုန်ကို မပိုင်ဆိုင်နိုင်ပါ။ ဇိအုန်တောင်ကမူ သိမ်းပိုက်ရန် ပို၍ ခက်ခဲသည်၊ နောက်ဆုံး ခြေကုပ်စခန်းဖြစ်သည်။ ထိုဇိအုန်တောင်တွင် ယေဗုသိ လူမျိုးများနေထိုင်ကြသည်။ ထိုသူတို့ကို မောင်းထုတ်ဖယ်ရှားရာတွင် ကြီးမားသောတိုက်ပွဲ ဆင်နွှဲရသည်။ အကြောင်းမှာ ယေဗုသိအမျိုးတို့သည် အင်အားကုန်ဆုံးသည် အထိ တိုက်လှန်သောကြောင့်ဖြစ်သည်။

## ၂။ ဝိညာဉ်ရေးရာ ဇိအုန် – စည်းလုံးခြင်းအရပ်

ကတိပေးသောတိုင်းပြည်ရှိ လူမျိုးခုနှစ်မျိုးတွင် ယေဗုသိတို့သည် နောက်ဆုံးအမျိုးဖြစ်၍ သုတ္တံ ၆း၁၆–၁၉ ၌ ပါရှိသော ရန်သူအမျိုးအစားဖြစ်သည်။ ခုနှစ်မျိုးမြောက် ရန်သူသည် ညီအစ်ကိုအချင်းချင်းကြားတွင် သွေးကွဲရန် သွေးထိုး (မျိုးစေ့ကြဲ) သူများဖြစ်သည်။ ယေဗုသိအမျိုးသည် ကွဲပြားခွဲခြားခြင်းကို ဖြစ်စေသူများကို ပုံဆောင်ထားသည်။ သွေးကွဲစေသော အကြောင်းရင်းများသည် အောင်မြင်ရန် အခက်ခဲဆုံးအရာဖြစ်သည်။ သို့ရာတွင် ရန်သူတစ်ဘက်၌ ရှုပ်ရှုပ်ရှုံ့ရှုံ့တိုက်ခိုက်ရပ်တည်သူက အောင်မြင်သွားသည်။ သို့ဖြစ်ရာ ထိုရန်သူကို ဇိအုန်မှ သုတ်သင်ပယ်ရှင်းပြီးနောက်ပိုင်းတွင် အလွန်အသက်ပါသော စည်းလုံးခြင်းနေရာဖြစ်သွားတော့သည်။

''ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဖော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။ အာရုန်၏ ခေါင်းပေါ်မှာ လောင်းလျက်၊ သူ၏ မုတ်ဆိတ်သို့ထိ၍ လည်စွပ်တိုင်အောင် ကျသော နံ့သာဆီကဲ့သို့ ဖြစ်၏။ ဟေရမုန်တောင်နှင့် ဇိအုန်တောင်ရိုးပေါ်သို့ ကျသော နှင်းကဲ့သို့ ဖြစ်၏။ ထိုသို့နေကြသောအရပ်၌ထာဝရဘုရားသည် အစဉ်အမြဲအသက်ရှင်ခြင်းအခွင့် တည်းဟူသော ကောင်းကြီးမင်္ဂလာကို စီရင်တော်မူ၏။'' (ဆာလံ ၁၃၃း၁–၃) သို့ဖြစ်ရာ၊ ဇိအုန်တောင်သည် စည်းလုံးညီညွတ်ခြင်းရှိသော နေရာဖြစ်လာတော့သည်။

အကယ်၍ အဆိုပါအမြင်နှင့် ကျမ်းစာကို တောက်လျှောက်ကြည့်ရှုပါက

ကျွန်တော်တို့အောင်မြင်ခြင်းရနိုင်သည့် နယ်ပယ်သည် ကျွန်တော်တို့၏ အကြီးမားဆုံးအားသာချက်ဖြစ်ကြောင်း တွေ့ရှိရပေမည်။ သွေးကွဲခြင်းကို ပုံဆောင်သည့် ယေဗုသိအမျိုးကို ကျွန်တော်တို့ ကျော်ဖြတ်သောအခါ ညီအစ်ကို အချင်းချင်း စည်းလုံးခြင်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုစည်းလုံးခြင်းသည် အာရုန်နှင့် သူ့သားတို့ကို ဘိသိပ်ရာ၌ အသုံးပြုသော သူ့သားတို့ကို နံ့သာ ဆီမျိုးနှင့်ဆက်စပ်မှုရှိသည် (ထွက်မြောက်ရာ ၃၀း၂၃–၂၅)။ ထိုဘိဘိပ်ခြင်း မျိုးဖြင့် ဘုရားသခင်အမှုတော်ဆောင်မည့်သူများကိုလည်း ဘိသိပ်ရသည်။

ဤနံ့သာဆီ၌ ပါဝင်သည့်ပစ္စည်းများမှာ အလွန်အရေးပါသည် –

(၁) မုရန် သည် နူးညံ့သိမ်မွေ့ခြင်း (သို့) မိမိကိုယ်ကို မိမိ၌ သေခြင်းကို ဖော်ပြသည်။

(၂) သစ်ကြံပိုးသည် ကောင်မြတ်ခြင်းပုံဆောင်သည်။ ကောင်းခြင်းတကာနှင့် ပြည့်စုံခြင်းမျိုးဖြစ်၍ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ပြည့်ဝရန်၊ သူတပါးပေါ်၌ ဆိုးသောအရာမလုပ်နိုင်ခြင်းကို ရည်ညွှန်းသည်။

(၃) ကြံမွှေးသည် ဖြည်ညှင်းခြင်းကို ပုံဆောင်သည်။ ဒါဝိဒ်သည် '' သည်ခံတော်မူခြင်းအားဖြင့် (ဖြည်းညှင်စွာပြုခြင်း) အကျွန်ုပ်သည် ချီးမြှောက်ခြင်းသို့ ရောက်ပါ၏။'' (ဆာလံ ၁၈း၃၅)

(၄) သစ်ကြံပိုးတစ်မျိုးသည် နိမ့်ချခြင်းနှင့် မျက်ရည်ကိုပုံဆောင်သည်။

(၅) သံလွင်ဆီသည် ငြိမ်းချမ်းရေး၊ ငြိမ်သက်ခြင်းကိုဆိုလိုသည်။

ဤပါရမီအားလုံး (နူးညံ့ခြင်း။ ကောင်းမြတ်ခြင်း၊ ဖြည်းညှင်းခြင်း၊ နိမ့်ချခြင်းနှင့် ငြိမ်သက်ခြင်း) တို့သည် ကျွန်ုပ်တို့အသက်တာ၌ ထင်ရှားနေရပါမည်။ ထိုအရာအားလုံးသည် စည်းလုံးခြင်း၌ ပါဝင်သောအရာများ ဖြစ်ပေသည်။

အကယ်၍သာ ထိုနံ့သာဆီမျိုးထည့်သော ဗူး (သို့) ပုလင်းကို ကျွန်တော်တို့ အပေါ်သို့ ထားခြင်း၊ ထိုနံ့သာဆီးကို လောင်းချ၍ လိမ်းပေးခြင်း ခံရပါက ကျွန်တော်တို့သည် တမဟုတ်ချင်းပင် ပုံစံပြောင်းလဲသွားပေလိမ့်မည်။ ထိုသို့ မထင်မိစေနှင့် – နံ့သာဆီသည် ထိုပုံစံနှင့် အလုပ်မလုပ်ပါ။ တခါတရံ ဖြစ်တတ် သည်မှာ ဘိသိပ်ခြင်းရချိန်မှာ ပျော်စရာကောင်းပေမယ့် ဘိသိပ်ခြင်း ရပ်သိမ်းလျှင် ကျွန်တော်တို့ချည်းပဲ ကျန်ရစ်၍ ပျော်စရာမဟုတ်တော့ပေ။ မည်သို့ပင် ဖြစ်စေကာမူ ကျွန်တော်တို့သည် ဤပါရမီများနှင့် အသက်ရှင်ရန် ဘုရားသခင် အလိုတော်ရှိသည်။

## အသရေ၏ ပြည့်စုံခြင်း

''အသရေတင့်တယ်ခြင်းပြည့်စုံရာ'' ဟု ဆာလံ ၅၀း၂ ၌ ဖော်ပြသည်။ ဤကျမ်းပိုဒ်၏ အခြားကျမ်းပြိုင်တစ်ပိုဒ်မှာ ဆာလံ ၄၈း၂ ဖြစ်၍ ဇီအုန်အကြောင်းကို ''မြေကြီးတပြင်လုံး ရွှင်လန်းရာ ဇီအုန်တောင်ထိပ်သည် အဆင်းလှပေ၏'' ဟု ပါရှိသည်။ ဇီအုန်သည် ပြီးပြည့်စုံခြင်းအဆင့်ရှိသည်။ ဇီအုန်သည် ယေရှု၏ တင့်တယ်ခြင်းဖြစ်ကာ သူ့သန့်ရှင်သူများအားဖြင့် ထွန်းတောက်သည့် အသရေ၏ ပြည့်စုံခြင်းဖြစ်သည်။

တင့်တယ်ခြင်း၏ ပြည့်စုံခြင်းသည် ''စိတ်တစ်သဘောတည်းသာရှိခြင်း'' နှင့် ဆက်စပ်သည်။ ဒါဝိဒ်သည် ဇီအုန်၏ ဘုရင်ဖြစ်သည်။ သူသည် ဘုရင်တကာတို့၏ ဘုရင် ပုံဆောင်သည်။ ဆာလံ ၂၇း၄ ၌ ''ထာဝရဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလို့ငှါ ထာဝရဘုရား၏ အိမ်တော်မှာ တသက်လုံးနေရမည်အကြောင်းတည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကို ရှာဦးမည်'' ဟု ဒါဝိဒ်ဆိုထား၏။ ဤတွင် အသရေ၏ပြည့်စုံခြင်းသည် စိတ်သဘောတစ်ခုတည်းရှိရာမှ ပေါက်ဖွားလာကာ – ဆန္ဒတစ်တည်းဟူသော ဘုရားသခင်၏ လှပခြင်းကို ဖူးမြော်ရန်နှင့် ဗိမာန်တော်၌ ရှာဖွေရဦးမည်ဟူသည့် စိတ်ဆန္ဒဖြစ်သည်။

## ဘုရားသခင်နှစ်သက်သော ကိန်းဝပ်ရာနေရာ

ဇီအုန်သည် ဘုရားသခင်ကိန်းဝပ်သောနေရာဖြစ်သည်၊ ထိုကြောင့် မတုန်မလှုပ်ရာ (ဆာလံ ၁၂၅း၁)။ ၁၉၄၇ ခုနှစ်တွင် ဣသရေလအမျိုးများ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြန်လည်ရပ်တည်လာသောအခါ ကနဦးပိုင်ဆိုင်သည့် အရာပြန်ရသည့်အရာမှာ ဇီအုန်ဖြစ်သည်။ ယေရှုရှလင်မြို့ကြီး၏ အခြားနေရာဒေသကို ပြန်လည်ရရှိရန် အချိန်ကြာမြင့်စွာ စောင့်ရသော်လည်း ဇီအုန်ကိုမူ အဦးဆုံးရရှိထားသည်။ ထို့အပြင် ယေရှုရှလင်ကို နောက်ဆုံး သိမ်းပိုက်မည့် ဒုတိယအကြိမ် ခရစ်တော်မကြွခင်မှာ ယေရှုရှလင်သည် ရန်သူလက်၌ ကျရှုံးသော်လည်း ဇီအုန်သည် မကျရှုံးပါ (ဇာခရိ ၁၄း၁–၃)။

''ထာဝရဘုရားသည် ဇီအုန်မြို့ကို ရွေးကောက်၍ အမြဲနေတော်မူရာဘို့ အလိုတော်ရှိသည် . . .'' (ဆာလံ ၁၃၂း၁၃)။ ဇီအုန်သည် မျက်မြင်ကိုယ်ထည်တော်တန်းဖြစ်သော်လည်း ဝိညာဉ်ရေးရာတော်ကိုလည်း ပြောခြင်းဖြစ်သည်။ ဘုရားသခင် ကိန်းဝပ်သောနေရာ ဖြစ်သည်။ ဆာလံ ၈၇း၂ ၌ ''ထာဝရဘုရားသည် ယာကုပ်၏နေရာအပေါင်းတို့ထက် ဇီအုန်တံခါး

တို့ကိုသာ၍ နှစ်သက်တော်မူ၏''ဟု ဖော်ပြထားသည်။ ထို့ကြောင့် ဣသရေလ တို့ကို ကြည့်သောအခါ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ မည်မျှလောက် ခံစားရကြသည်ကိုတွေ့နိုင်သည်။ ထိုသို့ဆိုရာတွင် သူတို့သည် ဘုရားသခင်ကို ဖက်တွယ်၍ ဘုရားထံမှ ကောင်းကြီးမင်္ဂလာ ရရှိခြင်းဖြစ်သည်။ ယာကုပ်အမျိုး နေသမျှနေရာများထက် ဇိအုန်တံခါးတို့ကို ပိုမို နှစ်မြှပ်ကြောင်း သိရသည်။ ယောသပ်အားဖြင့် ဖေရိမ်အမျိုးသည် သီးသန့်ကောင်း ကြီးမင်္ဂလာရရှိသည်။ ဟေမြုန်လည်း အထူးကောင်းကြီးမင်္ဂလာခံရသည်။ ဣသရေလတိုင်းပြည် တစ်ခုလုံးတွင် ဘုရားရှိခိုးရာနေရာ အသီးသီးတို့၌ မိမိတို့ ဦးစားပေးအသုံးပြုသော ဝတ်ပြုပုံစံအမျိုးမျိုး ကိုယ်စီရှိကြသည်။ ထိုအရာ အားလုံး၏ အထက်မှာ ဇိအုန်ကို ပိုမို နှစ်သက်သည်ဆို၏။ ကျွန်တော်တို့သည် ဇိအုန်အထိအရောက်သွားရန် ခေါ်ခြင်း ခံသူများဖြစ်ကြသည်။

### မရေတွက်နိုင်သော ကောင်းကင်တမန်အုပ်စု

ဇိအုန်သည် ကောင်းကင်ဘုံရှိ ယေရုရှလင်ကို ပြောနေကြောင်း ကျွန်တော်တို့ ပြောပြီးသွားပါပြီ။ ထိုကောင်းကင်နှင့် ဆိုင်သော ဇိအုန်မြို့မှာ ကြီးမားသည့် ကောင်းကင်တမန်အုပ်စုရှိသည်ကို ''သင်တို့သည် ဇိအုန်တောင် သို့၎င်း၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့သို့၎င်း၊ အတိုင်းမသိများစွာသော ကောင်းကင်တမန် တို့၏ စည်းဝေးခြင်းသို့၎င်း'' (ဟေဗြဲ ၁၂း၂၂) ၌ ဖော်ပြထားသည်။ ကျွန်တော် စိတ်နှလုံးအကြွင်းမဲ့နှင့်ယုံကြည်သည့်အရာတစ်ခုမှာ ကောင်းကင်တမန်များ ပေါ်လာခြင်းကို လက်တွေ့ကြုံရကြပေမည်။ သူတို့ကို ကျွန်တော်တို့လိုအပ်သည်။ သူတို့သာ မရှိခဲ့ပါက ကျွန်တော်တို့အနေဖြင့် ဘာမှလုပ်နိုင်မည်မဟုတ်ပါ။ ကောင်းကင်ဗိုလ်ခြေစစ်သည်များလာရောက်မချီတက်ပါက မြေကြီး စစ်သည် တို့ကို အောင်မြင်မည်မဟုတ်ပေ။ စစ်သည်တော် နှစ်ဖွဲ့သည် အတူတကွ ချီတက်ကာ ဇိအုန်ကို ကျွန်တော်တို့ထံအရောက်ယူလာပေးကြမည်ဖြစ်သည်။ ကျွန်တော်တို့ ဇိအုန်ရောက်သွားမည်ဟု ပြောသောအခါခါ ကောင်းကင်နိုင်ငံထဲသို့ ဝင်ရောက်မည့် အကြောင်းပြောနေခြင်းဖြစ်သည် ဤကမ္ဘာကြီး၌ ရှိနေလျက်ပင် ဝိညာဉ်လောကကို ရောက်သွားကြမည်ဖြစ်သည်။

## နှစ်ဆသော ဝေစု

ဇီအုန်ဆိုသည်မှာ အသင်းတော်၏ သားဦးဟု သိရသည် (ဟေဗြဲ ၁၂း၂၃)။ မူရင်းဘာသာ ဂရိစကားအရ ထို ''သားဦး'' သည် အများကိန်းဖြင့် ရေးသားထားသည်။ ထိုသူတို့သည် နှစ်ဆသော ဝေစုရထားသော လူများဖြစ်ကြသည်။ အဆိုပါ နှစ်ဆသော ဝေစုဟုပြောသောအခါ လေဝိရဲ့တောင်းဆိုသည့် ဘုရားသခင်၏ ဝိညာဉ်တော်နှစ်ဆကို ရည်ညွှန်းနေပါသည် (၄ဓမ္မရာဇဝင် ၂း၉)။နောက်တစ်ဖန် နှစ်ဆသောဝေစုရရှိရန် တောင်းဆိုမှုသည် ဘုရားသခင်ကိုယ်တိုင် ကျွန်တော်တို့အထဲမှာ မွေးဖွား (ထည့်ပေး) မည်ဖြစ်သည်။ ယခုလက်ရှိ ဘီသိပ်ခြင်းနှင့် အမှုတော်လုပ်ငန်းနှင့်မျှသာ မရောင့်ရဲကြစို့နှင့်။ ကျွန်တော်တို့ ရရှိပြီးသား နက်ရှိုင်းမှုဖြင့် မတင်းတိမ်သင့်သေးပါ။ ကျွန်တော်တို့မှာ ရှိပြီးသားအရာ၏ အဆနှစ်ဆကို တောင်းခံရန်မဟုတ်ဘဲ ကျွန်တော်တို့အတွက် လေယကဲ့သို့ ဖြစ်သော၊ သခင်ယေရှုခရစ်၏ ဝိညာဉ် နှစ်ဆကို တောင်းခံရပေမည်။ ယေရှုမိန့်တော်သည်မှာ ''. . . ထိုထက်သာ၍ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်၊ အကြောင်းမူကား ငါသည် ခမည်းတော်ထံသို့ သွား. . .'' ဖြစ်သည် (ယောဟန် ၁၄း၁၂)။ ကျွန်တော်တို့ သဘောပေါက်ရမှာက ကမ္ဘာပေါ်မှာရှိ တိုင်းနိုင်ငံလူမျိုးအသီးသီးတို့၏ လိုအပ်ချက်များကို နှစ်ဆသော ဝေစုထက် နည်းပါးသည့်ဝေစုဖြင့် ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပေ။ ''သားဦး'' အသင်းတော်မှန်လျှင် နှစ်ဆသောဝေစုကလွဲလို့ မည်သည့်အရာနှင့်မျှ ကျေနပ်ရောင့်ရဲနိုင်မည် မဟုတ်ပါ။

## ပြည့်စုံစေပြီးသားလူ့ဝိညာဉ်များ

ဇီအုန်သည် မိမိဝိညာဉ်ကို ပြည့်စုံစေခြင်းခံပြီးသူများအတွက် နေရမည့် အိမ်တော်ဖြစ်သည်။ ကျွန်တော်တို့သည် ကောင်းကင်ဇီအုန်သားများကဲ့သို့ ဘုရားရှင်၏ ပြုပြင်ပြီးသား ဝိညာဉ်ရှိကြသူများဖြစ်ရကြမည်။ ထိုသို့ဖြစ်ရန် ဘုရားသခင်၏ အလိုတော်ရှိပေသည်။ နှစ်အတော်အတန်ကြာတုန်းက ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းကို ရူပါရုံ၌ ကျွန်တော်မြင်ခဲ့ဖူးသည်။ သခင်ဘုရားသည် မိမိအသင်းတော် (ယုံကြည်သူများ) နှင့်တကွ ကောင်းကင်မှ ဆင်းကြွချိန်တွင် မြေကြီးပေါ်ရှိ အသင်းတော်သည် သူ့သခင်အား တွေ့ဆုံရန် တက်ကြွသွားသည်။ ကျွန်တော် သတိထားမိသည်မှာ ဆင်းကြွလာသည့် အသင်းတော်နှင့် တက်ကြွသွားသည့် အသင်းတော်တို့မှာ ဆင်တူယိုးမှား ဖြစ်ကြသည်။ နှစ်ခုစလုံးသည် ဘုန်းတော်နှင့်ပြည့်ဝကာ သူတို့၏

ဝိညာဉ်တို့သည် လည်း ပြည့်စုံခြင်းရောက်ပြီးသားဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့၏ ဝိညာဉ်သည် ပြည့်စုံစေခြင်းခံရရန် လိုအပ်ပေသည်။

## အံ့ဖွယ်လွတ်မြောက်ခြင်းနှင့်တန်ခိုးတို့၏နေရာ

တခဏမျှ ဟေဗြုန်နှင့် ဇိအုန်တို့ကို နိုင်ယှဉ်ကြည့်လိုသည်။ ဟေရှာယ ၂၅း၇ တွင် ''လူခပ်သိမ်းတို့ကို ဖုံးသော မျက်နှာဖုံးကိုငှင်း၊ ခပ်သိမ်းသော လူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငှင်း ဤတောင်ပေါ် (ဇိအုန်) မှာ ပယ်တော်မူလိမ့်မည်''ဟု ပါရှိသည်။ ရှံဆုန် အနေဖြင့် မြို့တံခါးတို့ကို ဖြုတ်ထုတ်၍ ဟေဗြုန်ကို ယူသွားကြောင်း သတိချပ်မိမည်ဖြစ်သည်။ ဤတွင် ဟေဗြုန်သည် မြို့တံခါးတို့နှင့် ပတ်သက်ဆက်နွယ်မှုရှိပေသည်။ တနည်းအားဖြင့် ဆိုသော ဟေဗြုန်၏ တန်ခိုးသည် မြို့ကြီးများကို ခရစ်တော်အတွက် သိမ်းပိုက်ခြင်းဖြစ်ပြီး ဇိအုန်ကမူ တနိုင်ငံလုံး၊ တစ်တိုင်းပြည်လုံးကို သိမ်းပိုက်ခြင်း ဖြစ်သည်။ ဤသည် ဟေဗြုန်တန်ခိုးနှင့် ဇိအုန်တန်ခိုးတို့၏ ကွာခြားချက်ပင် ဖြစ်သည်။ ဇိအုန်တန်ခိုးသည် တိုင်းနိုင်ငံကို ဘုရားထံသို့ ပြောင်းရွှေ့သွား နိုင်စေသည်။

ဇိအုန်မှာ လွတ်မြောက်ခြင်းထွက်လာကြောင်း သြဗဒိ ၁း၁၇–၂၁ ၌ ဤသို့ ဖတ်ရသည်။ ''ဇိအုန်တောင်ပေါ်မှာ ဘေးလွတ်သောသူ အချို့ရှိကြလိမ့်မည်၊ သန့်ရှင်းသောအရပ်ဖြစ်လိမ့်မည်။ ယာကုပ်အမျိုးသည် မိမိပိုင်ထိုက်သော မြေကို ပိုင်လိမ့်မည်။ ယာကုပ် အမျိုးသည် မီး၊ ယောသပ်အမျိုးသည် မီးလျှံ၊ ဧသော အမျိုးသည် အမှိုက်ဖြစ်လျက် မီးညှို၍ လောင်သဖြင့်၊ ဧသောအမျိုးသား မကျန်ကြွင်းရ။ ထာဝရဘုရားမိန့်တော်မူပြီ။ တောင်မျက်မှာသားတို့သည် ဧသော၏ တောင်ကိုငှင်း၊ မြေညီသောအရပ်သားတို့သည် ဖိလိတ္တိပြည်ကိုငှင်း၊ ဧဖရိမ်လယ်ပြင်နှင့် ရှမာရိ လယ်ပြင်ကိုငှင်း၊ ဗင်္ယာမိန်အမျိုးသည် ဂိလဒ်ပြည် ကိုငှင်း သိမ်းယူကြလိမ့်မည်။ သိမ်းသွားခြင်းကို ခံရ၍၊ခါနန်လူတို့ တွင်ရှိသော ဣသရေလအမျိုးအလုံးအရင်းသည် ဇရတ္တာမြို့တိုင်အောင်ငှင်း သိမ်းသွားခြင်းကို ခံရ၍ သေဖရဒ်ပြည်၌ရှိသော ယေရုရှလင်မြို့သားတို့သည် တောင်မျက်နှာ မြို့ရွာတို့ကိုငှင်း သိမ်းယူကြလိမ့်မည်။ ဧသော၏တောင်ကို တရားစီရင်ခြင်းငှါ ကယ်တင်သော သူတို့သည် ဇိအုန်တောင်ပေါ်သို့တက်ကြလိမ့်မည်။ တိုင်းနိုင်ငံသည်လည်း ထာဝရဘုရား၏ နိုင်ငံတော်ဖြစ်လိမ့်သတည်း။''

ကယ်တင်ရှင်များ (ကယ်လွတ်သူများ) သည် ဇိအုန်တောင်မှ ထွက်လာ ကြောင်းတွေ့ရသည်။ တရားဟောဆရာဖြစ်ခြင်းနှင့် ကယ်တင်သော

 

သူတို့ကားမှာ ကွာဟမှုကြီးစွာရှိပေသည်။ ကျွန်တော်တို့ ခေတ်ကြီးတွင် ကယ်တင်သောသူများ လိုအပ်လျက်ရှိသည်။ ဩဗဒိထဲမှာ ပြောထားသည့် ဇီအုန်သားတို့သည် ဧသောသားတို့ သိမ်းပိုက်ပြီးသားအရာတို့ကို ထပ်မံ သိမ်းပိုက်ကြောင့် သတိထားမိပေလိမ့်မည်။ တနည်းဆိုသော ဇီအုန်သားတို့သည် သားဦးအရာကို ရောင်းစားသောသူတို့၏ ပိုင်ဆိုင်မှုများကို အပိုင်သိမ်းမည်ဟု ဆိုနိုင်သည်။

**ဘုရား၏ဘုန်းတော်တည်ရာအရပ်**

ဆာလံ ၁၀၂း၁၆ မှာ ''ထာဝရဘုရားသည် ဇီအုန်မြို့ကို တည်ထောင်၍ ဘုန်းတော်နှင့်တကွ ထင်ရှားတော်မူလိမ့်မည်'' ဟု တွေ့ရသည်။ ပဋိညာဉ်သေတ္တာတော်သည် လယ်ကွင်းထဲ၌ နှစ်ပေါင်းရှည်ကြာစွာ ပစ်ထားခြင်းခံရသည် (ဆာလံ ၁၃၂း၆)။ သို့ရာတွင် ဒါဝိဒ်က ဇီအုန်ကို သိမ်းပိုက်ပြီးနောက် ဇီအုန်တောင်ပေါ်မှာ တဲတစ်ဆောင်ဆောက်၍ ''ဒါဝိဒ်၏ တဲတော်'' ဟု သီရ၍ ပဋိညာဉ်သေတ္တာကို ထိုတဲတော်၌ ထားလေ၏။ ပဋိညာဉ် သေတ္တာတော်သည် ဘုရားသခင်၏ မျက်မှောက်တော်ကို ကိုယ်စားပြုထားသည်။ သူ့ဘုန်းတော်ကိုလည်း ကိုယ်စားပြုထားသည်။ အကြောင်းမှာ ဘုရားသခင်၏ ရှဲကီးနား (Shekinah) ဘုန်းတော်သည် ပဋိညာဉ်သေတ္တာကို ဖုံးလွှမ်း ထားသောကြောင့်ဖြစ်သည်။

ဒါဝိဒ်တဲတော်၌ မောရှေလက်ထက်က တဲတော်မှာကဲ့သို့ ကုလားကာမရှိပါ။ ထိုသို့ ထားရှိခြင်းသည် ယဇ်ပုရောဟိတ်မှလွဲ၍ အဘယ်သူမျှအသန့်ရှင်းဆုံး အခန်း၌ ဘုရားဘုန်းတော်ကို မြင်တွေ့နိုင်ခြင်းမှာ ကာကွယ်ဟန့်တားရန် ဖြစ်သည်။ ဒါဝိဒ်ကမူ ဘုရားသခင်၏ မျက်မှောက်တော်သို့ ပွင့်ပွင့်လင်းလင်း ဝင်ရောက်ချဉ်းကပ်ရန်၊ ပဋိညာဉ်သေတ္တာရှေ့၌ ထိုင်ရန်နှင့် ဘုရားဘုန်းတော် ခံစားရန် ဤသို့ ကုလားကာမထားရှိပေ။ ထို့ကြောင့် မြင်နိုင်သော ဘုရား ဘုန်းတော်သည် ဇီအုန်နှင့် ဆက်စပ်လျက်ရှိသည်။

သမိုင်းတစ်လျှောက်ကိုကြည့်ပါက ဘုရားသခင်၏ ဘုန်းတော်ဖော်ပြရန် မတူညီသော အချိန်ကို ဘုရားသခင် ရွေးချယ်ခဲ့ကြောင်းတွေ့ရသည်။ သို့သော် ဤနောက်ဆုံးသော ကာလ၏ နေ့ရက်တွင်မူ သူ၏ မြင်သာနိုင်သော တန်ခိုးဖြင့် သူ့အသင်းတော်နှင့် လူတို့ကို ဖုံးလွှမ်းမည်ဖြစ်သည်။ ဟေရှာယ ၄း၅ ၌ ဖတ်ရသည်မှာ ဘုရားသခင်၏ ဘုန်းတော်သည် ဇီအုန်အပေါ်မှာသော်၄င်း၊ ဇီအုန်၌ရှိသော အသင်းတော်တိုင်း၌ ကြွဆင်းလာမည်ဟူ၍ဖြစ်သည်။ ''

ထာဝရဘုရားသည်လည်း ဇိအုန်တောင်မှာ ရှိသမျှသော အိမ်များနှင့် စည်းဝေးရာ ပရိသတ်များအပေါ်တွင် နေ့အချိန်၌ မိုးတိမ်နှင့် မီးခိုးကိုင်း၊ ညဥ့်အချိန်၌ မီးလျှံအလင်းကိုင်း ဖန်ဆင်းတော်မူ၍ မြတ်သောအရာ အလုံးစုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏ ဘုန်းတော် အပြည့်အဝ ခံစားလိုလျှင် ဇိအုန်နှင့် ဘုရားသခင်၏ အကောင်းဆုံးသောအရာ အတွက် ရှုပါရုံရှိသည့်အသင်းတော်မျိုးတွင် ဘုရားကျောင်းတက်လိုက်ပါ။

ဘုရားသခင်၏ မြင်နိုင်သော ဘုန်းတော်ဆိုင်ရာ ဂတိတော်ကို နောက်ဆုံးသောကာလရှိ ယုံကြည်သူများအတွက် အဖန်တလဲလဲ ဖော်ပြသည်ကို တွေ့ရသည်။ ဟေရှာယ ၆၆း၁–၂ မှာ ''ထာဝရဘုရားမိန့်တော်မူသည်ကား ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သော် ဗိမာန်ကို ငါအဖို့တည်ဆောက်ကြမည်နည်း။ အဘယ်အရပ် သည် ငါကျိန်းဝပ်ရာ အရပ်ဖြစ်သနည်း။ ဤအရာအလုံးစုံတို့သည် ငါကိုယ်တိုင် ဖန်ဆင်းသောကြောင့်ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်'' ဟု ဖတ် ရပါသည်။ ထို့ကြောင့် ဝိညာဉ်ရေးရာ ဇိအုန်၌ရှိသမျှသူတို့အဖို့ ဘုန်းတော်ပြည့် သည် နေ့ရက်သည် စောင့်ကြနေသည်ကို ခွန်အားယူကြပါစို့။

## ဆုတောင်းရာနေရာ

အကယ်၍ ကျွန်တော်တို့သည် ဘုရားသခင်အား ဆုတောင်းလိုစိတ်၊ မျက်နှာတော်ကို ဖူးမြော်လိုစိတ်မရှိပါက၊ထိုသို့သော ဆန္ဒစိတ်ထဲ၌ မွေးမြူပေးရန် ဘုရားသခင်ကို ဆန္ဒပြင်းပြစွာ ဆုတောင်းအပ်ပေသည်။ ဘုရားသခင်၏ သန့်ရှင်းရာတောင်တည်းဟူသော ဇိအန်တော်၌ နေထိုင်ရန်လိုအပ်သည် အရည်အချင်း အချို့တို့ကို ဆာလံ ၂၄း၁–၄ မှာ တွေ့ရသည်။ ဆာလံ ၂၄း၆ မှာ ဇိအုန်တောင်၌ နေထိုင်သူများသည် ဘုရားသခင်၏ မျက်နှာတော်ကို ဖူးမြော်ရန် ဆက်ကပ်ထားသူများပင်ဖြစ်ကြောင်း ပြောပြထားသည်။ ''ထိုသူသည် ထာဝရဘုရားကို ရှာသောအမျိုး၊ မျက်နှာတော်ကို ရှာသောယာကုပ်အမျိုး ဖြစ်သတည်း။''

ဘုရားသခင်၏ ဆွဲခေါ်ခြင်းနှင့် နုတ်ကပတ်တော်ကို ကျွန်တော်တို့ဘက်က လိုလိုလားလား တုံ့ပြန်ရန်လိုအပ်သည်။ ဟေရှာယ ၅၆း၇ တွင် ''ငါ၏ သန့်ရှင်းသော တောင်သို့ ငါဆောင်ခဲ့၍ ငါ၏ ပဋ္ဌနာအိမ်၌ ဝမ်းမြောက်စေမည်။ သူတို့ မီးရှို့ရာယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံမည်။

ငါ့အိမ်ကို လူအမျိုးမျိုး ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့'' ဟူ၍ ဖတ်ရပါသည်။ ဇိအုန်တောင်သည် ဆုတောင်းရာနေရာမျက်နှာတောင်ကို ရှာသော အရပ်ဖြစ်သွားသည်။

မင်းကြီးဒါဝိဒ်သည် ဆုတောင်းအားကြီးသူဖြစ်၍ ဆာလံ ၁၀၉း၄ ၌ '' အကျွန်ုပ်၏ မေတ္တာအတွက် သူတို့သည် ရန်ဘက်ပြုကြပါ၏။ အကျွန်ုပ်မူကား ပဌနာပြုလျက်နေပါ၏'' ဟု ပြောထားပါသည်။ ဆာလံ ၁၇း၈ မှာလည်း ဘုရားသခင်ဆွဲခေါ်သောအခေါ် တုံ့ပြန်ရန် အရေးကြီးကြောင်း ဒါဝိဒ်ပြောပြသည်မှာ ''ငါ့မျက်နှာကို ရှာကြလော့ဟူသော အမိန့်တော်ကို ရှေ့တော်၌ အကျွန်ုပ်သည် သတိပြုလျက် အိုထာဝရဘုရား၊ ကိုယ်တော်၏ မျက်နှာတော်ကို ရှာပါမည်'' ဟူ၍ဖြစ်သည်။ ဘုရားသခင်ကို ဆာငတ်တောင့်တခြင်းသည် ကြီးစွာသော ကောင်းကြီးမင်္ဂလာပင်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်လာစေရန် ဘုရားသခင်အား ကျွန်တော်တို့ဆုတောင်းရကြပါမည်။ ထိုမှာသာ ၁သက် ၅း၁၇ ၌ ရှင်ပေါလုပြောထားသကဲ့သို့ ''မခြားမလပ် ဆုတောင်းပဌနာ ပြုကြလော့'' ဟူသည့် အမိန့်ကို နာခံနိုင်မည်ဖြစ်သည်။

## ဘုရားသခင်၏ ပညတ်တော်အရပ်

ဟေရှာယ ၂း၃ တွင် ''များပြားသောသူတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏ တောင်တော်၊ ယာကုပ် အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှင့်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှင့် ပေါ်ထွက်လိမ့်မည်'' ဟု ဖတ်ရသည်။ ဓမ္မသစ်ကျမ်း၏ အနှစ်ချုပ်မှာထာဝရဘုရား၏ ပညတ်တော်သည် စိတ်နှလုံးအသားပြားပေါ်၌ ရေးထွင်းမည်ဟူ၍ ဖြစ်သည်။ ဤအရာမှာ ကျွန်တော်တို့ ဝိညာဉ်ရေးရာ ဇိအုန်ကိုလာရင်း ပြည့်စုံသွားပြီဖြစ် သည်။

## နောက်မိုးရွာသောအရပ်

– ဘုရားသခင်၏ ဝိညာဉ်တော်သွန်းလောင်းခြင်း

ယောလ ၂း၂၃ ၌ ''အိုဇိအုန်မြို့သားတို့ ဝမ်းမြောက်၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားကို အမှီပြုလျက် ရွှင်လန်းကြလော့။ အကြောင်းမူကား ဓမ္မဆရာကိုပေးတော်မူ၍ အစအဦး၌လည်း အရင်မိုးနှင့် နောက်မိုးကို

သင်တို့အပေါ်မှာ ရွာစေတော်မူမည်'' ဟု ရေးသားထားသည်။ ဣသရေလအမျိုးတို့သည် အရင်းမိုးနှင့်နောက်မိုးအပေါ်မှာသာ အားထားကြရသည်။ ဤသို့ဖြစ်ရကား အစောပိုင်းကာလ ပင်တေကုတ္တေနေ့၌ သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်းခြင်းနှင့် တဲတော်ပွဲအချိန်ကာလမှာ ကြီးစွာသော ဝိညာဉ်တော်သွန်းလောင်းခြင်းတို့၏ ပြည့်စုံခြင်းကို ပုံဆောင်ထားသည်။ ထိုအရာတို့သည် အသင်းတော်ကို ရင့်ကျက်ခြင်းသို့ ပို့ဆောင်မည်ဖြစ်သည် (ယာကုပ် ၅း၇)။

## ဇိအုန်သည် အသန့်ရှင်းဆုံးဌာနကိုကိုယ်စားပြုခြင်း

ဒါဝိဒ်၏ လက်ထက်တွင် မောရှေ၏ တဲတော်သည် ဂိဗောင်တွင် ရောက်ရှိနေသည် (၅ရာ ၁၆း၃၉၊ ၂၁း၂၉)။ သို့ရာတွင် ဒါဝိဒ်သည် ပဋိညာဉ်သေတ္တာတော်ကို ဇိအုန်တော်သို့ ယူဆောင်ပြီး ဒါဝိဒ်၏ တဲတော်ဟု သိရသည့် တဲအတွင်း၌ ထားခဲ့သည်။

ထို့ကြောင့် ပရိသတ်စည်းဝေရာတွင် သန့်ရှင်းသောဌာနတို့မှာ ဂိဗောင်၌ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အသန့်ရှင်းဆုံးဌာနနှင့် ပဋိညာဉ်သေတ္တာတော်သည် ဇိအုန်၌ရောက်ရှိပြီဖြစ်သည်။ ပရိသတ်စည်းဝေးရာနှင့် သန့်ရှင်ရာဌာနတို့သည် ဂိဗောင်၌၄င်း၊ အသန့်ရှင်းဆုံးဌာနသည် ဇိအုန်၌ အသီးသီးရှိနေကြသည်။

၆ရာဇဝင် ၁း၃–၆ ၌ ဆိုထားသည်မှာ ''တော၌ ထာဝရဘုရား၏ကျွန် မောရှေ လုပ်ခဲ့သော ဘုရားသခင်၏ ပရိသတ်စည်းဝေးရာ တဲတော်သည် ဂိဗောင်မြို့တွင် မြင့်သောအရပ်၌ရှိသည်ဖြစ်၍ ထိုအရပ်သို့ ပရိသတ်အပေါင်းတို့နှင့်အတူ သွားတော်မူ၏။ ဘုရားသခင်၏ သေတ္တာတော်ကိုကား ဒါဝိဒ်ပြင်ဆင်သောအရပ်၊ ယေရုရှလင်မြို့၌ ဆောက်နှင့်သောတဲသို့ ကိရိယတ်ယာရိမ်မြို့မှ ဆောင်ခဲ့သော်လည်း၊ ဟုရသားဖြစ်သော ဥရိ၏သား ဗေဇလေလ လုပ်ခဲ့သော ကြေးဝါ ယဇ်ပလ္လင်ကို ထာဝရဘုရား၏ တဲတော်ရှေ့မှာ ထားသောကြောင့် ရှောလမုန်နှင့် ပရိသတ်တို့သည် ထိုယဇ်ပလ္လင်သို့သွားကြ၏။ ထိုသို့ပရိသတ်စည်းဝေးရာတဲတော်ရှေ့၊ ထာဝရဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ်ပလ္လင်သို့ ရှောလမုန်ရောက်၍ ထိုပလ္လင်ပေါ်မှာ မီးရှို့ရာယဇ် တစ်ထောင်ကို ပူဇော်လေ၏။''

ကားတိုင်ပေါ်၌ ယေရှုအသေခံစဉ်တွင် ဗိမာန်တော်အတွင်းရှိ ကုလားကာ ကွဲသွားခြင်းသည် လူတကားဝင်နိုင်ရန်အတွက် အသန့်ရှင်းဆုံးဌာနကို ဖွင့်ပေးခြင်းဟု ပုံဆောင်လေ၏။ ''ထိုအခါ ဗိမာန်တော်၏ ကုလားကာသည်

အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏''ဟု မဿဲ ၂၇း၅၁ ၌ဖော်ပြပါသည်။ သို့ပါသောကြောင့် ကုလားကာ၏ အတွင်းပိုင်းတွင်ပင် ကျွန်တော်တို့ဝင်နိုင်ပြီဖြစ်သည်။ ဟေဗြဲ ၁၀း၁၉–၂၀ ၌ ပြောထားသည်မှာ ''ထို့ကြောင့် ညီအစ်ကိုတို့ ယေရှု၏ ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာအားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနတော် ထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ ဝင်ရသော အခွင့်ရှိ . . .'' ဟူ၍ဖြစ်သည်။ ထိုကြောင့် ဝိညာဉ်ရေးရာ ဇီအုန်၌ လာရောက်ပြီး ကိုးကွယ် ဝတ်ပြုခြင်းသည် ယေရှုခရစ်တော်နှင့်အတူ အသန့်ရှင်းဆုံးဌာနတော်၌ အတူတကွ ဝင်ရောက်ခြင်းနှင့် အတူတူပင်ဖြစ်သည်။

### ၃။ ဇီအုန်၌ မွေးဖွားခြင်း

ဆာလံ ၈၇ တခန်းတည်း၌ပင် ဆာလံဆရာသည် ဇီအုန်၌ မွေးဖွားခြင်း အကြောင်းကို (၃) ကြိမ်တိုင်တိုင် ဖော်ပြထားသည်။ ''ဇီအုန်မြို့ကိုလည်း၊ လူအမျိုးမျိုး တို့သည်။ ထိုမြို့၌ မွေးဖွားကြပြီ။ အမြင့်ဆုံးသော ဘုရားသည် ထိုမြို့ကို ကိုယ်တော်တိုင် မြဲမြံစေတော်မူပြီဟု ပြောဆိုကြလိမ့်မည် (ဆာလံ ၈၇း၅)။ ဝိညာဉ်ရေးရာ၌ ဇီအုန်တွင် မွေးဖွားရပေမည်။ အတိအကျ မဖော်ပြ နိုင်သည်တိုင်အောင် အတွင်းပိုင်း၌ မွေးဖွားခြင်းမျိုးဖြစ်သည်။ ကျွန်တော်တို့ အထဲ၌ ဝိညာဉ်တော်ဖြင့် နေရာယူကိုယ်ဝန်ဆောင်ထားခြင်းဖြင့် ကျွန်တော် တို့သည် ဇီအုန်အတွက် ဖန်းဆင်းထားမှန်း သိရှိနိုင်ကြမည်ဖြစ်သည်။

ထိုရူပါရုံကို ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်မွေးဖွားစေသောအခါ ဇီအုန်သည် ကျွန်တော်တို့၏ အိမ်တော်၊ အသက်တာ၏ ခရီးဆုံးပန်းတိုင်ဖြစ်သွားသည်။ ထိုဖြစ်ခြင်းမှ ကျွန်တော်တို့ မလွှဲရှောင်နိုင်သကဲ့သို့ ထိုဖြစ်ခြင်းကို ရပ်တန့် စေနိုင်မှာလည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ဇီအုန်အတွက် ဖန်ဆင်ခြင်းခံရသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် အနားယူ၍ မရပါ။ အကြောင်းရင်းမှာ ဇီအုန်ရောက်မှသာ အနားယူနိုင် ကြမည်ဖြစ်သည်။

ဇီအုန်၌ မွေးဖွားသည်ဟုဆိုရာဝယ် ဘုရားသခင်၏ အုပ်စိုးခြင်းရှိနေသေး၏။ ဘုရားသခင်သည် ထိုက်တန်သည်ဟု ယူဆသူများကို ဇီအုန်အထဲ၌ ရွေးကောက်တော်မူသည်ကို ကျမ်းစာအားဖြင့် ရှင်းလင်းစွာ သိနိုင်သည်။ ရှင်ပေါလုအနေဖြင့် ''ထို့ကြောင့် သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို

နောင်တရခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း၊ ဗတ္တိဇံတရားကို သွန်သင်ခြင်း၊ လက်ကိုတင်ခြင်း၊ သေလွန်သောသူတို့၏ ထမြောက်ခြင်း၊ ထာဝရစီရင်ဆုံးဖြတ်ခြင်းတည်းဟူသော မူလအဖြစ်ကို ငါတို့သည် ပြန်၍ မတည်ဘဲ၊ ခရစ်တော်၏ ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့ကို ထား၍ စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့။ ဘုရားသခင်အခွင့်ပေးတော်မူ လျှင် ငါတို့သည် ထိုသို့ပြုကြမည်'' ဟု သွန်သင်ထားသည်။ ''ဘုရားသခင်အခွင့်ပေးတော်မူလျှင်'' ဟု ပြောသောအခါ ရှင်ပေါလုအနေဖြင့် ဘုရားသခင်၏ အုပ်စိုးခြင်း ကျေးဇူးတော်ကို ပြသပေးမှသာလျှင် ကျွန်တော်တို့သည် စုံလင်ရာသို့ ဆက်လက်သွားရောက်နိုင်မည်ဖြစ်သည်။

ဟေဗြဲ ၁၂း၁၈–၂၁ ၌ ရှင်ပေါလုက သိနာတောင်ကို ရည်ညွှန်းထားကြောင်း တွေ့ရသည်မှာ ''သင်တို့သည် လက်နှင့် တွေ့နိုင်သောတောင်သို့. . . (မလာကြပါ)'' ဟူ၍ ဖော်ပြထားသည်။ ဟေဗြဲ ၁၂း၂၂ တွင်မူ ''သင်တို့သည် ဇိအုန်တော်သို့ (လာကြပြီ)'' ဟု ဖော်ပြပြန်သည်။ ရှင်ပေါလု ပြောချင်သော အရာမှာ ကျွန်တော်တို့သည် သိနာတောင်သို့ သွားရန် ခေါ်ခြင်းမခံရပါ၊ သဲကန္တာရတွင် နေမြဲနေရန်လည်းမဟုတ်ပါ။ ရှိလောမြို့မှာ ရှိနေရန်လည်း ခေါ်ထားခြင်းမခံရပါ။ ဟေဗြုန်၌နေခဲ့ရန်လည်း မဟုတ်သေးပါ။ သို့သော် ဟေဗြုန်နှင့်ဆိုင်သော သတင်းစကားကိုတော့ အသက်တာ၌ ရရှိမှသာလျှင် ဇိအုန်အတွက် အရည်အချင်းပြည့်လာနိုင်မည်ဖြစ်သည်။ ဒါဝိဒ်သည် အစတွင် ဟေဗြုန်မြို့၌နေရ၍ ဆက်သွားနိုင်ရန် ဘိသိပ်ခြင်းကို စောင့်ယူရသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အဆုံးစွန်းဆုံးသော ခေါ်ခြင်းတရားသည် ဇိအုန်တောင် အထိရောက်သွားရန်ဖြစ်သည်။

အကယ်၍ ရိုးရိုးသားသား မေးလျှောက်ကြည့်ပါက ကျွန်တော်တို့သည် ခရီးစဉ်၏ မည်သည့်နေရာရောက်ရှိပြီးဖြစ်သည်ကို ဘုရားသခင်ဖော်ပြပေးပါလိမ့်မည်။ ကျွန်တော်တို့ ဘယ်နေရာရောက်ရှိနေစေကာမူ ဇိအုန် ရူပါရုံကိုသာ ဘုရားသခင်ပေးလိုသည်မဟုတ်ဘဲ ထိုဇိအုန်သည် ကျွန်တော်တို့အထဲ၌ မွေးဖွား စေလိုသောဘုရားဖြစ်သည်။

ဇိအုန်ဆိုင်ရာ ရူပါရုံအကြောင်းကို ဒါဝိဒ်၏ စကားအားဖြင့် အကျဉ်းချုပ် သိရှိနိုင်သည်။ ဒါဝိဒ်သည် ဇိအုန်တည်ထောင်သူဖြစ်၍ ဆာလံ ၂၇း၄ တွင် ''ထာဝရဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလိုငှါ၊ ထာဝရဘုရား၏ အိမ်တော်မှာတစ်သက်လုံးနေရမည် အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီး''

ဟု ဆိုထားပါတယ်။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဘုရားကို ချစ်ရမည်ကိုဆိုလိုသည်။ ထိုဆန္ဒသည် သူကို ဖူးမြော်လိုစိတ်ရှိစေမည်ဖြစ်သည်၊ သူ၏ တင့်တယ်ခြင်းကို ငေးကြည့်လိုစေမည်၊ သူနှင့်အတူ နေချင်စိတ်ဖြစ်ပေါ်စေမည်ဖြစ်သည်။ ခရစ်တော်နှင့် ဤသို့သော် ဆက်ဆံပေါင်းသင်းမှုရှိပါက ဇိအုန်ကို ဦးတည် နေပြီဖြစ်သည်။

တမန်တော် ရှင်ပေါလုသည် ဖိလိပ္ပိ ၃း၇ တွင် ''သို့သော်လည်း ငါ၏ အကျိုးစီးပွားကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှား၏။ ထိုမျှမက ငါ၏ သခင်ယေရှုခရစ်ကို သိသော ပညာသည် အဘယ်မျှလောက် မြတ်သည်ကို ထောက်၍ ခပ်သိမ်းသောအရာ တို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏'' ဆိုပြီး ရှင်းပြထားပါတယ်။ ဇိအုန် ရူပါရုံဆိုသည်မှာ ခရစ်တော်ကို ရရှိပိုင်ဆိုင်ခြင်းနှင့် ကောင်းကင် သတို့သားအတွက် နှလုံးရွှင်မြူးခြင်းဖြစ်ရာ ရှောလမုန် ဂ၊း၁၀ ၌ ဖော်ပြသကဲ့သို့ ဖြစ်သည်။ ''ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါ့အလိုသို့လည်း လိုက်တော်မူတတ်၏။ ခရစ်တော်၏အမှုတော်ဆောင် တစ်ယောက်ဖြစ်နေခြင်း၊ နေရာတကာမှာလူမျိုးတကာကို သွန်သင်ခြင်း၊ ခံယူချက်မြင့်မား၍ လိမ္မာ ပါးနပ်ခြင်း၊ အသင်းတော်အစီအစဉ် ကောင်းမွန်ခြင်း၊ ဖြောင့်မတ်စွာ အသက်ရှင်ခြင်း၊ (သို့မဟုတ်) ကောင်းမှုပြုခြင်းတို့ဖြင့် မလုံလောက်သေးပါ။ ဖေက်အသင်းတော်မှာ ဤအရာအလုံးစုံရှိနေသော်လည်း အရေးကြီးတကာ အရေးကြီးဆုံးဖြစ်သော သခင်ဘုရားအပေါ် ရှေ့ဦးမေတ္တာလျော့သွားသည် ဟူသည် ပြစ်ချက်ရှိသေးသည် (ဗျာဒိတ် ၂း၁–၄)။

ဤစာအုပ်ကို ဖတ်နေချိန်တွင်၊ ဤသတင်စကားအားဖြင့် ဘုရားသခင်က သင့်ကို တို့ထိနေလျှင်၊ ဇိအုန်အရပ်၌ ဝိညာဉ်ရေးရာ တစ်ဖန်မွေးဖွားလိုလျှင်၊ ချက်ချင်းစာဖတ်ခြင်းကို ရပ်နား၍ ဆုတောင်းလိုက်ပါ။ ဘုရားသခင်သည် ဇိအုန်ရူပါရုံကို နှလုံးသားထဲ၌ မွေးဖွားစေမည့်အကြောင်းဆုတောင်းပါ ။ ဤသို့ဖြင့် ဘုရားသခင်၏နိုင်ငံတော်တွင် ဒုတိယအကောင်းဆုံးနေရာမှာ နေရာမကျ အောင် လုပ်ပါ။

ဤရိုးရှင်းသော ဆုတောင်းချက် (သို့) ဝိညာဉ်တော်နိုးဆော်ပေးသလို ဆုတောင်းစေချင်ပါသည်။ ''သခင်ယေရှု၊ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်ပါ၏။ ဇိအုန်၌ဝိညာဉ်ရေးရာ မွေးဖွားခြင်းခံလိုပါ၏။ အကြောင်းမှာ ထိုနေရာ၌ ကိုယ်တော်ရှိနေသောကြောင့်ဖြစ်သည်။ ထိုအရာကို ယုံကြည်ခြင်းဖြင့် ရယူသိမ်းပိုက်ပြီး ကျွန်တော့်အသက်တာ၌ ထိုအရာကိုပဲ လိုချင်နေကြောင်း

ဝန်ခံပါ၏။ သခင်ယေရှု၊ ကိုယ်တော့်၏ အကောင်းဆုံးကို ကျွန်တော်လိုချင်ပါ၏။ ကိုယ်တော့်အကျင့်စာရိတ္တနှင့် သဘောသဘာဝကို ကျွန်ုပ်နှလုံးသားထဲ၌ ရှင်သန်းဖွံ့ဖြိုးစေပါ။ ထိုသို့ဖြင့် ထာဝရကာလပတ်လုံး ဇိအုန်နှင့် ကိုယ်တော်နှင့် အတူ နေရပါမည်။''

ဤရူပါရုံသည် ကြီးထွားတိုးတက်နိုင်သည့် သဘောရှိသည်။ ခရစ်ယာန် အသက်တာ၌ ကြီးထွားတိုးတက်မှုရှိသကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် အကယ်၍ ဘုရားသခင်သည် သင့်နှလုံးသားထဲ၌ ထည့်သွင်းမွေးဖွား စေပြီဖြစ်ပါက ဤသည် အစပိုင်းသာ ရှိသေးသည်။ ထိုသတင်းစကားကို ကိုယ်ကိုတိုင် လေ့လာ၍ ကိုယ်တိုင်ကြုံတွေ့ခံစားခြင်းဖြင့် ၎င်းကို အပြည့်အဝ ပြုစုပျိုးထောင် လိုက်ပါ။

## ၄။ ဇိအုန်နှင့် သကေနေပွဲ

ဤနောက်ဆုံးသောကာလတွင် အသင်းတော်သည် ဇိအုန်တောင်သို့ လာသည့်အခါ သကေနေပွဲဖြစ်မည်။ ဟေရှာယ ၃၃း၂၀ တွင် ''ငါတို့ပွဲခံရာမြို့၊ ဇိအုန်မြို့ကို ကြည့်ရှုလော့။ တိုင်တခုမျှမရွေ့၊ ကြိုးတခုမျှ မပြတ်၊ ငြိမ်ဝပ်သော နေရာ ယေရုရှလင်မြို့ကို ကိုယ်မျက်စိနှင့် မြင်ရလိမ့်မည်'' ဟု ဖတ်ရသည်။

နှုတ်ကပတ်တော်၌ ဇိအုန်တောင်နှင့် ယေရုရှလင်မြို့ ယေရုရှလင်တို့သည် သကေနေပွဲနှင့် ဆက်စပ်နေသည်။ ဒါဝိဒ်မင်းကြီးသည် ပဋိညာဉ်သေတ္တာတော်ကို သယ်ဆောင်သွားပြီး၊ ယင်းအတွက် ပြင်ဆင်ထားသော တဲ၌ ထားသော်လည်း၊ သူ၏ ဆန္ဒကတော့၊ ဘုရားသခင်၏ မျက်မှောက်တော်သည် အတည်တကျ နေရာရရှိဘို့ဖြစ်သည်။ ဘုရားသခင်က သူ့အတွက် ဗိမာန်တော်ကို ဒါဝိဒ် မဆောက်ရ၊ သားတော် ရှောလမုန်ကသာ ဆောက်ရမည်ဟု ဒါဝိဒ်အား ပြောသည် (၂ဓမ္မ ၇း၁–၁၃)။ ရှောလမုန်သည် သူ၏ နန်းစံစတုတ္ထနှစ် တွင် ဗိမာန်တော်ကို တည်ဆောက်စပြုပြီး၊ ခုနှစ်နှစ်ကြာ ပြီးနောက် ပြီးစီးသည်။

၃ဓမ္မရာဇဝင် အခန်းကြီး ၈ တွင် သတ္တမလ၌ သကေနေပွဲကျင်းပစဉ် ရှောလမုန် ဗိမာန်တော်ကို ဆက်ကပ်ကြောင်း ဖော်ပြသည်။ ၃ဓမ္မရာဇဝင် ၈း၁–၂ တွင် ''ထိုအခါ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို ဇိအုန် မည်သော ဒါဝိဒ်မြို့မှ ဆောင်ခဲ့လိုသော၄်၊ ရှောလမုန်သည် ဣသရေလ အမျိုး အသက်ကြီးသူ အပေါင်းတို့နှင့် ဣသရေလအဆွေ အမျိုးအသီးအသီးကို အုပ်သော ခေါင်းမင်းအပေါင်းတို့ကို ယေရုရှလင်မြို့ ရှင်ဘုရင်ထံသို့ ခေါ်တော်မူ သည်အတိုင်း၊ ဣသရေလလူ အပေါင်းတို့သည် သတ္တမလ၌ လုပ်သောပွဲ

အတွင်းတွင် ရှောလမုန်မင်းကြီးထံသို့ စုဝေးရောက်လာကြ၏'' ဟု ဆိုသည်။

၃ဝမ္မရာဇဝင် ၈း၅–၈ တွင် ယဇ်ပုရောဟိတ်တို့သည် ပဋိညာဉ်သေတ္တာတော်ကို ဇိအုန်တောင်မှ ယေရုရှလင်မြို့သို့သယ်ဆောင်သွားပြီး ရှောလမုန်ဗိမာန်တော်၏ အသန့်ရှင်းဆုံးသောဌာန၌ ထားသည်။ ''ရှောလမုန်မင်းကြီးမှစ၍ က္ကသရေလပရိသတ် အပေါင်းတို့သည် မရေမတွက်နိုင်။ အတိုင်းမသိ များစွာသော သိုးနွားတို့ကို သေတ္တာတော်ရှေ့မှာ ယဇ်ပူဇော်ကြ၏။ ယဇ်ပရောဟိတ်တို့သည်လည်း ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို အိမ်တော်အတွင်းသို့သွင်း၍ အလွန် သန့်ရှင်းရာဌာနတည်းဟူသော ဗျာဒိတ်ဌာန တော်ထဲမှာ ခေရုဗိမ် အတောင်တို့ အောက်၊ သူ့နေရာ၌ ထားကြ၏။ ခေရုဗိမ်တို့သည် မိမိအတောင် နှစ်ဘက်ကို သေတ္တာတော်နေရာ အပေါ်မှာ ဖြန့်၍ သေတ္တာတော်နှင့် ထမ်းဘိုးတို့ကို လွှမ်းမိုးလျက်ရှိ ကြ၏။ ထမ်းဘိုးတို့ကို ဆွဲထားသဖြင့် ထမ်းဘိုးများတို့သည် ပြင်ခန်းမ၌ မထင်။ သန့်ရှင်းရာဌာန ဗျာဒိတ်ဌာနတော်၌ သာထင်၍ ယနေ့တိုင်အောင် ရှိကြ၏။''

ယဇ်ပရောဟိတ်တို့သည် ပဋိညာဉ်သေတ္တာ၏ အမှုတော်ကို ဆောင်ရွက်လျက် ရပ်၍ မနေနိုင်ကြ။ ပဋိညာဉ်သေတ္တာသည် သူ၏ နောက်ဆုံးရှိရမည့်နေရာကို ရောက်လာပြီ။ ဘုရားသခင်၏ ဗိမာန်တော်သည် ဘုန်းတော်နှင့်ပြည့်လျက် တန်ခိုးတော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို မဆောင်ရွက်နိုင်ဟု ၃ဝမ္မရာဇဝင် ၈း၁ဝ–၁၁ တွင် ဖော်ပြသည်။ ''ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရာဌာနထဲက ထွက်ကြသောအခါ ထာဝရဘုရား၏ အိမ်တော်သည် မိုယ်းတိမ်နှင့် ပြည့်၏။ ထိုသို့ ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော်နှင့် ပြည့်လျက်၊ မိုယ်းတိမ်တော်ကြောင့် ယဇ်ပရောဟိတ်တို့သည် အမှုတော်ကိုဆောင်ရွက်လျက်ရပ်၍ မနေနိုင်ကြ။''

ဒါဝိဒ်သည် က္ကသရေလတို့ကို နားနေချမ်းသာခြင်း၊ ညီညွှတ်ခြင်းနှင့် ဘုန်းတော်ထဲသို့ခေါ်ဆောင်လာသည်။ ရှောလမုန်သည် ထိုဘုန်းတော်ကို မြေကြီးပေါ်ရှိ တိုင်းနိုင်ငံများတွေ့ကြုံခံစားရန် ယေရုရှလင်သို့ ယူဆောင်လာသည်။ ရှောလမုန်၏ ဗိမာန်၌ တည်ရှိနေတော်မူသော ဉာဏ်ပညာနှင့် ထိုဘုန်းတော်ကို တိုင်းနိုင်ငံရှိ လူမျိုးတကာတို့သည် သက်သေခံခြင်းငှါ လာကြလိမ့်မည် (၃ဝမ္မ ၁ဝး၁–၉၊ ၄း၂၉–၃၁)။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ ခရီးစဉ်၏ ပန်းတိုင်သည် ဘုန်းတော်သို့ငှင်း၊ ရင့်ကျက်ခြင်းသို့ငှင်း၊ နားနေခြင်းချမ်းသာသို့ငှင်း ရောက်လာရန် ဖြစ်သည်။ ဘယ်လိုဘဲဖြစ်ဖြစ်၊ ဘုရားသခင်၏ ဘုန်းတော်ကို တိုင်းနိုင်ငံများသို့ သယ်ဆောင်သွားရမည်။

ဣသရေလတို့၏ သတ္တမမြောက်နှင့် နောက်ဆုံး ဖြစ်သော ပွဲတော်သည် သင်္ကေနေပွဲ ဖြစ်သည် (ဝတ်ပြုရာကျမ်း ၂၃း၃၄-၄၄)။ အပြစ်ဖြေရာနေ့၏ ငါးရက်နောက်ပိုင်း၊ သတ္တမလ ဆယ်ငါးရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံးကျင်းပ ရသောပွဲဖြစ်သည်။ ပွဲ၏ ပထမနေ့တွင် သစ်ခက်တဲများကို ဆောက်ပြီး ဣသရေလတို့သည် ထိုသစ်ခက်တဲများတွင် ခုနစ်ရက်ပတ်လုံးနေရသည်။ ဣသရေလတို့သည် သူတို့၏ မြေအသီးအနှံများကို ရိတ်သိမ်းသောပွဲဖြစ်ပြီး ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်သည်။

ကာလအားဖြင့် လာမည့် မိလေနိကာလကို ကိုယ်စားပြုသည်။ ထိုကာလသည် ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများအပေါ်၌ ခရစ်တော်၏ နောက်ဆုံးနှင့် အကြီးမားဆုံးအုပ်စိုးသောကာလဖြစ်ပြီး နှစ်ပေါင်း ၁၀၀၀ ကြာမည်။ ဤအကြောင်းကို ဇာခရိအနာ ဂတ္တိကျမ်း အခန်းကြီး ၁၄ က အတည်ပြုသည်။ ဇာခရိအနာဂတ္တိကျမ်း အခန်းကြီး ၁၄ ကို အခန်းငယ် ၁ နှင့် ၂ မှာ အာရပ် စစ်တပ်သည် ယေရုရှလင်မြို့ကို ဝိုင်းရံတိုက်ခိုက်သည်ဟု အစပြုသည်။ အခန်းငယ် ၃ မှစ၍ ၁၅ တိုင်အောင် ခရစ်တော်၏ ဒုတိယကြွလာ ခြင်းကို ဖော်ပြသည်။ အခန်းငယ် ၁၆ တွင် မိလေနိအကြောင်းကို ဖတ်ရသည်။ ''ယေရုရှလင်မြို့ကို တိုက်လာသော လူမျိုးအပေါင်းတို့တွင် ကျန်ကြွင်း သမျှသော သူတို့သည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုးကွယ်၍ သင်္ကေနေပွဲခံအံ့သောငှါ မြို့တော်သို့ နှစ်တိုင်းအစဉ် တက်လာကြလိမ့်မည်။''

ဤအကြောင်းအရာက မိလေနိကာလအတွင်း နှစ်စဉ် ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများသည် ရှင်ဘုရင် ယေရှုကို ကိုးကွယ်ရန် ကိုယ်စားလှယ် အသီးသီး ကို ယေရုရှလင်သို့ စေလွှတ်ရမည်။ နှစ်စဉ်သင်္ကေနေပွဲ ကျင်းပချိန်၌ဖြစ်မည်။ ဇာခရိအနာဂတ္တိကျမ်း ၁၄း၁၇-၁၉ တွင် အကယ်၍ သင်္ကေနေပွဲကို ကျင်းပစောင့်ထိန်းရန် ကိုယ်စားလှယ်မလွှတ်သော တိုင်းနိုင်ငံ၌ ထိုနှစ်တွင် မိုးမရွာခြင်းဖြင့် ဒဏ်ခတ်ခြင်းခံရမည်ကို ဆက်လက် ဖော်ပြပါသည်။ ထို့ကြောင့် ခရစ်တော် အုပ်စိုးသော မိလေနိကာလသည် သင်္ကေနေပွဲကျင်းပချိန်ဝန်းကျင်၌ ဖြစ်ကြောင်း ထင်ရှားသည်။ ဤပွဲသည် ခရစ်တော် ဒုတိယအကြိမ် မကြွလာမီ၊ အသင်းတော်၌ ဝိညာဉ် ရေးရာပြည့်စုံခြင်းလည်း ဖြစ်မည်။ ဖြစ်လာမည့် မိလေနိကာလ၌ ဣသရေလတိုင်းနိုင်ငံသည် သူ၏နေရာကို ရယူ၍ ဘုရားသခင်၏ ပြင်ဆင်ခြင်းကို ခံရသကဲ့သို့ အသင်းတော်သည်လည်း ဝိညာဉ်ရေးရာ အားဖြင့် ပြင်ဆင်ခြင်းကိုခံရမည်။ ဤနောက်ဆုံးသော ကာလ၌

အသင်းတော်အပေါ်သို့ ဘုရားသခင်၏ ဝိညာဉ်တော် သွန်းလောင်းခြင်းကို သကေနေပွဲအားဖြင့် ပရောဖက်ပြုဖော်ပြနေသည်။
သကေနေပွဲ၏အဓိကရှုထောင့်ခုနှစ်ခုရှိသည်။

(၁) နိုးထခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းပွဲ
(၂) စုသိမ်းပွဲ (သိုထားပွဲ)
(၃) ဝမ်းမြောက်ရွှင်လန်းခြင်းပွဲ
(၄) ဘုန်းတန်ခိုးတော်ပွဲ
(၅) စည်းလုံးညီညွတ်ခြင်းပွဲ
(၆) နားနေချမ်းသာခြင်းပွဲ
(၇) ခရစ်တော်၏ပေါ်ထွန်းတော်မူခြင်းပွဲ

## နိုးထခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းပွဲ

တဲတော်အမည်နာမသည် ဟေဗြဲစကားလုံး sukkah မှ ဆင်းသက်လာပြီး ''သစ်ခက်တဲ (သို့) တဲဟု အဓိပ္ပါယ်ရသည်။ ဤအမည်နာမကို ဤပွဲအတွက် ပေးရန် ဘုရားသခင် မိန့်မှာခဲ့ခြင်းဖြစ်သည်။ ဝတ်ပြုရာကျမ်း ၂၃း၄၂ တွင် ဘုရားသခင်က ဣသရေလတို့အား ဤပွဲကို ကျင်းပနေသော ခုနစ်ရက်လုံးတွင် တဲတော် (သို့) တဲ၌ နေရန် အမိန့်ပေးခဲ့သည်။ ''ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောအခါ၊ သစ်ခက်တဲ၌ နေစေကြောင်းကို သင်တို့အမျိုးအစဉ်အဆက်တို့သည် သိမှတ်မည်အကြောင်း ဣသရေလ အမျိုးသားအပေါင်း တို့သည် သစ်ခက်တဲ၌ ခုနစ်ရက်ပတ်လုံး နေရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင်ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။'' ''sukkah'' ၏ မူရင်းစကားလုံးသည် ''suk'' ဖြစ်ပြီး ဆီနှင့် ဖုံးအုပ်ရန်၊ ဆီနှင့် ဘိသိက်ပေးရန်'' ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် သကေနေပွဲ၏ ဝိညာဉ်ရေးရာ အဓိပ္ပါယ်သည် နောက်ဆုံးသောကာလ၌ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်ဘိသိက် ဖုံးအုပ်ခြင်းအောက်၌ ရှိနေမည်ဟု ဆိုလိုသည်။

ဟေရှာယနာဂတ္တိကျမ်း ၂၅း၇ တွင် ဇိအုန်မှနေ၍ ဘုရားသခင်သည် ဖျက်ဆီးမည်ဟု ဖတ်ရသည်။ ''လူခပ်သိမ်းတို့ကို ဖုံးသောမျက်နှာဖုံးကို၎င်း၊ ခပ်သိမ်းသောလူမျိုးတို့ကို ဖုံးလွှမ်းသောတင်းတိမ်ကို၎င်း၊ ဤတောင်ပေါ်မှာ ပယ်တော်မူလိမ့်မည်။'' တိုင်းနိုင်ငံများအပေါ်၌ ဖုံးအုပ်သောစာတန်၏ အာဏာစက်တန်ခိုးများ ချိုးဖျက်ခြင်း အဓိပ္ပါယ်ဖြစ်သည်။ အသင်းတော်သည်

ယခင်နိုးထမှုများ၌ ရိတ်ခနဲမြင်လိုက်ရသည်။ Welsh နိုးထမှုအတွင်း၊ အသင်းတော်စည်းဝေးများ၌ ဘိသိက်စီးဆင်းသည်သာ မဟုတ်ဘဲ လူအစုအဝေး တစ်ခုလုံးအပေါ်သို့ စီးဆင်းနေခြင်း ဖြစ်သည်။ ဤရာစု အစောပိုင်း၌ ဘုရားသခင်၏ ဝိညာဉ်တော်ကို ခိုင်မာစွာ ယုံကြည်ထားသော ဆွိဒင်နိုင်ငံ တစ်ခုလုံးအပေါ်သို့ ဤနိုးထမှုကို ဘုရားသခင် ပေးခဲ့သည်။ အရိပ်အငွေ့မြင်ရသော ဤအရာများကို ဖြစ်လာမည့်နိုးထမှုတွင် သာ၍ ကြီးမားစွာ တွေ့ရမည်။

ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ဖုံးအုပ်ခြင်းခံရမည့် လူအစု အဝေးများ၊ မြို့များ၊ တိုင်းနိုင်ငံများ၌ ဖြစ်လာမည့်နိုးထမှုနှင့် ပတ်သက်၍ များစွာသော လူတို့၌ ရူပါရုံရှိကြသည်။ လူတို့သည် လမ်းများပေါ်၌ လဲကျပြီး ဘုရားသခင်၏ ခွင့်လွှတ်ခြင်းအတွက် အော်ဟစ်ငိုယို တောင်းခံကြမည်။ ဤနောက်ဆုံးသော ကာလ၌ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော် ဘိသိက်အောက်၌ရှိနေသည်သာမက၊ တိုင်းနိုင်ငံ တစ်ခုလုံးသည် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော် ဖုံးအုပ်ခြင်းကို ခံရမည်။

သကေနေပွဲသည် ဘုရားသခင်ကို ကျောခိုင်းသွားသော သူတို့ကို ပြန်လည်တည်ဆောက်ခြင်း အချိန်လည်းဖြစ်မည်။ ဧဧရ၏ အချိန်၌ သကေနေပွဲကို ဖေရိမ်တံခါး၌ ကျင်းပကြောင်းကို နေဟမိမှတ်စာ ၈း၁၆ တွင် တွေ့ရသည်။ ''လူများတို့သည် ထွက်သွား၍ သစ်ခက်တို့ကို ဆောင်ခဲ့ပြီးလျှင် အိမ်မိုးပေါ်မှာ၎င်း၊ မိမိဝင်းထဲ၊ ဗိမာန်တော်တန်တိုင်းထဲမှာ၎င်း၊ ရေတံခါး လမ်းနှင့် ဖေရိမ်တံခါးလမ်းမှာ၎င်း သစ်ခက်တဲများကို လုပ်ကြ၏။''

ဖေရိမ်သည် ဘုရားသခင်ကို ကျောခိုင်းသွားသော ဣသရေလအနွယ် ဖြစ်သည်။ မည်သို့ဆိုစေ၊ ဘုရားသခင်သည် နောက်ဆုံးသော ကာလနိုးထမှု၌ ကျောခိုင်းသွားသော လူများစွာတို့ကို ပြန်ထူမ တည်ဆောက်မည်ဖြစ်သည်။ တရားဟောရာကျမ်း ၃း၁၀ တွင် သကေနေပွဲသည် လွှတ်ပေးခြင်းနှင့် လွတ်လပ်ခြင်း အချိန်ဖြစ်ကြောင်း တွေ့ရသည်မှာ ထားသည်ကား၊ ခုနစ်နှစ်စေ့၍ ကျွန်များကို လွှတ်ခြင်းငှါ ချိန်းချက်သောနှစ်၊ သကေနေပွဲ ခံချိန်ရောက်မှ။''

## စုသိမ်းပွဲ (သိုထားပွဲ)

သကေနေပွဲကို ထွက်မြောက်ရာကျမ်း ၂၃း၁၆ ''လယ်လုပ်၍ အသီးအနှံကို သိမ်းစရိသည်ကာလ သိမ်းပွဲကို၎င်း၊ လယ်လုပ်၍ အသီးအနှံကို သိုထားသည် ကာလ၊ နှစ်လည်သောအခါ သိုထားပွဲကို၎င်း၊ ခံရမည်'' တွင် ''သိုထားပွဲ''

ဟုလည်း ခေါ်သည်။ ''နှစ်လဲသောအခါ'' (နှစ်ကုန်ချိန်) ဟုဖော်ပြသည်။ ဤအချက်နှင့်ပတ်သက်၍ ရှင်းပြခြင်းကို က္လသရေလတို့သုံးသောပြက္ခဒိန်နှစ်ခုတွင် တွေ့ရသည်။ တစ်ခုက၊ ဘာသာရေးဆိုင်ရာ နှစ်များအတွက် ဖြစ်ပြီး၊ နောက်တစ်ခုကတော့ သူတို့ ပြည်တွင်းလူမှုရေး (သို့) စိုက်ပျိုးရေးဆိုင်ရာ နှစ်များအတွက်ဖြစ်သည်။

သူတို့၏ဘာသာရေးဆိုင်ရာပြက္ခဒိန်အရ၊ ဤပွဲသည် သတ္တမလတွင်ဖြစ်ပြီး၊ ပြည်တွင်းလူမှုရေး (သို့) စိုက်ပျိုးရေးဆိုင်ရာ ပြက္ခဒိန်အရ နှစ်ကုန်ဆုံးချိန်၌ဖြစ်သည်။ တစ်နှစ်တာလုံး၏ ကောက်ပဲသီးနှံများကို စုသိမ်း သိုထားရာ ကာလဖြစ်သည်။

က္လသရေလတို့အတွက် ဤပွဲသည် နှစ်ကုန်ဆုံးချိန်၌ ကျရောက်ပြီး၊ ဤပွဲ၏ ဝိညာဉ်ရေးရာပြည့်စုံခြင်းသည် အသင်းတော်ကာလ၏ အဆုံး၌ဖြစ်မည်။ ဤကာလ၌ ဝိညာဉ်များကို အားကြီးစွာ စုသိမ်းခြင်းဖြစ်မည် (မဿဲ ၁၃း၃၉၊ ၄၇၊ ဟေရှာယ ၆၀း၁–၇၊ ယာကုပ် ၅း၇–၈)။ ဤကာလ၏ အဆုံး၌ အသင်းတော်သည် ကြွယ်ဝသော စုသိမ်းခြင်းကိုဖြစ်စေမည့်နိုးထမှု ဖြစ်လိမ့်မည်။

## ဝမ်းမြောက်ရွှင်လန်းခြင်းပွဲ

ဝတ်ပြုရာကျမ်း ၂၃း၄၀ တွင် က္လသရေလတို့အား ပြောထားသည်မှာ ''သင်တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ ခုနှစ်ရက်ပတ်လုံး ရွှင်လန်းခြင်းကို ပြုရကြမည်။'' ဤပွဲတော်အတွင်း၌ ဘုရားသခင် ၏ မျက်မှောက်တော်တွင် တွေ့ရသည့် ပြည့်ဝစုံလင်သော ဝမ်းမြောက်ခြင်းထဲသို့ ဝင်ရောက်ခြင်းကို ပြောနေခြင်းဖြစ်သည် (ဆာလံကျမ်း ၁၆း၁၁)။ ဇေရုနှင့် နေဟမိတို့အချိန်၊ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်သည့်အခါ ဘုရားသခင်၏ လူတို့သည် ငိုကြွေးဝမ်းနည်း ခြင်းမပြုရန် တိုက်တွန်းထားသည် (နေဟမိမှတ်စာ ၈း၉–၁၀)။ ဤ ကျွန်ုပ်တို့အချိန်အတွက် ပရောဖက်ပြုခြင်း ဖြစ်သည်။ သကေနေပွဲ ခံချိန်အတွင်း အချိန်ကာလတိုင်းအတွက် ''ထာဝရဘုရား၏ ဝမ်းမြောက်ခြင်းသည် သင်၏ခွန်အား'' ဆိုသော် စကားလုံးကို ပေးခဲ့သည်။ ဤအချိန်၌ လူတို့သည် ကြီးစွာသောဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်ကြသည် (နေဟမိမှတ်စာ ၈း၁၇)။

တရားဟောရာကျမ်း ၁၆း၁၃–၁၄ မှာ ''စပါးနှင့် စပျစ်ရည်ကို သိမ်းယူပြီးမှ ခုနှစ်ရက်ပတ်လုံး သကေနေပွဲကို ခံရကြမည်။ ထိုပွဲခံစဉ်၊ ကိုယ်တိုင်မှ စ၍

သားသမီး၊ ကျွန်ယောက်ျား မိန်းမ၊ သင့်နေရာ၌ တည်းခိုသော လေဝိသား၊ ဧည့်သည်အာဂန္တု၊ မိဘမရှိသောသူ၊ မုတ်ဆိုးမတို့သည် ရွှင်လန်းခြင်းကို ပြုရကြမည်ဟု'' ဟု ဆိုပါသည်။

ပြောင်းဖူးသည် ပေါင်မုန့်အမျိုးအစားဖြစ်၍ နှလုံးကိုအားဖြည့်ပေးသည်။ ဤပွဲတော်မှာ ဆီနှင့် စပျစ်ရိတ်သိမ်းပြီးခါစတွင် ကျရောက်၍ သခင်ဘုရား၏ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ပြောပြနေသည်။ (လုကာ ၁၅)။ ဇိအုန်၌ ငိုကြွေးသူတို့အား ဘုရားသခင်သည် ဝမ်းမြောက်ခြင်းဆီကို ပေးတော်မူ၏။ စပျစ်ရည်သစ်တည်းဟူသော သူ့၏ ဝိညာဉ်တော် နှင့် ကျွန်ုပ်တို့ကို ပြည့်စေချင်သည်။ ယေရှု၏ စစ်မှန်သောဝမ်းမြောက်ခြင်းကို အသင်းတော် တစ်ဝှမ်းလုံး အနှံ့အပြားတွေ့ရမည်။ ထို့အပြင်၊ ထိုဝမ်းမြောက်ခြင်း သည် ဤနောက်ဆုံးသော ကာလ၌ ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေဖို့ ခွန်အားကို ကျွန်ုပ်တို့အား ပေးမည်။

## ဘုန်းတန်ခိုးတော်ပွဲ

သကေနေပွဲတော်၏ အခြားရှုထောင့်တစ်ခုကတော့ နောက်ဆုံးသော ကာလ၏ အဆုံး၌ အသင်းတော်ကို ဖုံးအုပ်မည့်ဘုရားသခင်၏ ဘုန်းတန်ခိုးတော် နှင့် စပ်ဆိုင်၍ ပရောဖက်ပြုထားခြင်းဖြစ်သည်။ ဤအကြောင်းကို ဟဂ္ဂဲအနာဂတ္တိ ကျမ်း အခန်းကြီး နှစ်တွင် ဖတ်ရသည်။ အခန်းငယ် တစ်တွင် ''သတ္တမလ နှစ်ဆယ်တစ်ရက်နေ့တွင်၊ ပရောဖက်ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ်ကပတ် တော်ရောက်လာ၍'' ဟု ဖတ်ရသည်။ သကေနေပွဲ၏ နောက်ဆုံးနှင့် အစည်းကားဆုံးနေ့တွင် ဖြစ်သည်။ ဤနေ့အတွက်ပေးသော သတင်းစကား သည် ''နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ ကြီးလိမ့်မည်'' (အခန်းငယ် ၉)။

နောက်ဆုံးသောကာလ၌ အသင်းတော်၏ ဘုန်းတန်ခိုးသည် ကနဦး အသင်းတော်ပေါ်မှာရှိသော ဘုန်းတန်ခိုးထက်သာ၍ ကြီးမည်။ ကနဦး အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်းတည်းဟူသော ပင်တေကုတ္တေ ကောင်းကြီးမင်္ဂလာကို ရရှိခဲ့သည်။ သို့သော် ဤနောက်ဆုံးသော ကာလ၌ အသင်းတော်သည် သကေနေပွဲတော်၏ ကောင်းကြီးမင်္ဂလာကို တွေ့ကြုံ ခံစားရမည်ဖြစ်သည်။

၂ရာချုပ် ၅း၃ တွင် ရှောလမုန် ဗိမာန်တော်ကို ဤအချိန်၌ ဆက်ကပ်ကြောင်းပြောသည်။ အခန်းငယ် ၁၃ နှင့် ၁၄ ၌ ဗိမာန်တော်ကို

ဆက်ကပ်သည့်အခါ ဗိမာန်တော်သည် ထာဝရဘုရား၏ ဘုန်းတော်နှင့် ပြည့်လျက် နေ၏။ သီချင်းဆိုသောသူတို့နှင့် ဝိုင်းလျှင်၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ ထောမနာပြုခြင်းငှါ၊ တညီတညွတ်တည်း အသံပြိုင်လျက်၊ ကောင်းမြတ်တော်မူသည်။ ကရုဏာတော် အစဉ်အမြဲတည် သည်ဟု တံပိုးခွက်ကွင်းအစရှိသော တူရိယာမျိုးနှင့်တကွ၊ အသံကိုလွှင့်၍ ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းကြသောအခါ၊ ထာဝရဘုရား၏ အိမ်တော်သည် မိုယ်းတိမ်နှင့်ပြည့်၏။ ထိုသို့ဘုရားသခင်၏ အိမ်တော်သည် ထာဝရဘုရား၏ ဘုန်းတော်နှင့်ပြည့်လျက်၊ မိုယ်းတိမ်တော်ကြောင့် ယဇ်ပုရော ဟိတ်တို့သည် အမှုတော်ကိုဆောင်ရွက်လျက် ရပ်၍ မနေနိုင်ကြ။ ထင်ရှားတော် မူသော ဘုန်းတော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆက်လက် မဆောင်ရွက်နိုင်။

ဟေရှာယအနာဂတ္တိကျမ်း ၄း၅ တွင် ''ထာဝရ ဘုရားသည်လည်း၊ ဇိအုန်တောင်မှာရှိသမျှသော အိမ်များနှင့်စည်းဝေးရာ ပရိသတ်များအပေါ်တွင် နေ့အချိန်၌ မိုယ်းတိမ်နှင့် မီးခိုးကိုဌင်း၊ ညဉ့်အချိန်၌ မီးလျှံအလင်းကိုဌင်း ဖန်ဆင်းတော်မူ၍၊ မြတ်သောအရာ အလုံးစုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်'' ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ သကေနေပွဲ၌ ရှောလမုန် ဗိမာန်တော်သည် ထာဝရဘုရား၏ ဘုန်းတော်နှင့် ပြည့်သကဲ့သို့၊ ဤနောက်ဆုံးသောကာလ၌ ဝိညာဉ်ရေးရာ ဇိအုန်၌ တည်နေသောအသင်းတော်များအပေါ်တွင် ဘုရားသခင်၏ ဘုန်းတော်ကို မြင်တွေ့ရလိမ့်မည်။

တရုတ်နိုင်ငံ၊ အာဖရိကနိုင်ငံနှင့် အခြားနိုင်ငံများစွာ တို့၌ ဖြစ်လာမည့် နိုးထမှု၌ ဘုရားသခင်ပြုမည့်အရာကို မြင်ဖို့ရန် ဝိညာဉ်တော်သည် ကျွန်ုပ်ကို ခေါ်ဆောင်သွားသည်။ အသင်းတော်ပေါ်၌ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားခြင်းကို ကျွန်ုပ် မြင်တွေ့ရသည်။ ဣသရေလတို့သည် ပင်လယ်နီကို မဖြတ်သန်းမီ၊ ဘုရားသခင်က သူတို့ကို ကာကွယ်သကဲ့သို့ ဘုရားသခင်၏ ဘုန်းတော်သည် သူ၏ လူတို့ကို ပုံမှန်ထက် လွန်ကဲစွာ ကာကွယ်နေခြင်းကို ကျွန်ုပ်တွေ့ရသည်။ ဘုရားသခင်၏ လူတို့အပေါ်၌ သူ၏ ဘုန်းတော်သည် ဘယ်တော့သက်ရောက်မည်နည်း။ မှောင်မိုက်သည် ကမ္ဘာမြေကြီးကို ဖုံးအုပ်သည့်အခါလို့ ဟေရှာယက ဖော်ပြသည်။ (ဟေရှာယ ၆၀း၁-၃)။ ကျွန်ုပ်တို့သည် ကြယ်များနှင့် တူကြောင်း၊ ကြယ်များကို ညအခါ တွေ့ရကြောင်း ကျွန်ုပ်တို့သိသည်။ ညအခါ မှောင်လေလေ၊ ကြယ်သည် သာ၍ တောက်ပစွာ လင်းလက်လေလေ ဖြစ်သည်။ ထိုကြောင့် အမှောင်ထုသည် ကမ္ဘာမြေကြီးသို့

လာနေစဉ်၊ ဘုရားသခင်၏ ဘုန်းတော်သည်လည်း သန့်ရှင်းသူများထံသို့ လာနေသောကြောင့် ကျွန်ုပ်တို့ ရွှင်လန်းဝမ်းမြောက်နိုင်သည်။

**စည်းလုံးညီညွတ်ခြင်းပွဲ**

ဤပွဲတော်ကာလအတွင်း ဣသရေလလူအားလုံး တို့သည် စုဝေးရန် ယေရုရှလင်သို့လာကြပြီး သစ်ခက်တဲများတွင် နေရသည်။ ဤပွဲကို အတူတကွ ဆင်နွဲမည်ဆိုသော တူညီသည့် ရည်ရွယ်ချက် သူတို့အားလုံးစိတ်ထဲ၌ရှိသည်။ သူတို့အပေါ်၌ ဘုရားသခင်၏ ကောင်းမြတ်ခြင်းတို့ အားလုံးအတွက် ဘုရားသခင်ကို ရိုသေကိုင်းရှိုင်းသော ယုံကြည်သူများ၏ ကိုယ်ခန္ဓာနှင့် စည်းလုံးညီညွတ်သော တိုင်းနိုင်ငံ တစ်ခုအဖြစ် မတူညီမှုခြားနားချက်အလုံးစုံကို မေ့ပျောက်ပြီး ထာဝရ ဘုရား၌ ရွှင်လန်းဝမ်းမြောက်ရသောအချိန် ဖြစ်သည်။

ဤပွဲနှင့်ပတ်သက်၍ သတိပြုမိထိုက်စရာဖြစ်ရပ် ဆန်းတစ်ခုကတော့ ပြန်လည်တည်ဆောက်ခြင်း ခေတ်ကာလအတွင်း၌ ဤပွဲကို ကြီးစွာသော စည်းလုံးညီညွတ်ခြင်းနှင့် ကျင်းပခြင်းပင်ဖြစ်သည်။ နေဟမိမှတ်စာ ၈း၁ တွင် ''သတ္တမလရောက်မှ မြို့ရွာအရပ်ရပ်၌နေသော ဣသရေလအမျိုးသား လူအပေါင်းတို့သည် လာ၍ ရေတံခါးလမ်းတွင် စည်းဝေးကြ၏'' ဟု ဆိုသည်။ ပြန့်လွင့်နေသော ဂျူးတို့သည် ဤအချိန်၌ လူတစ်ဦးကဲ့သို့ ညီညွတ်နေသည်။ နေဟမိမှတ်စာ အခန်းကြီး (၈) က ကျမ်းတတ်ဆရာ ဧဇရသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသေးစိတ်ရှင်းပြပြီး၊ ဣသရေလတို့သည် ဤပွဲကို မည်သို့ ကျင်းပကြောင်း ဆက်လက်ပြောသည်။ သူတို့သည် သစ်ခက်တဲ များတွင် စည်းလုံးစွာ နေထိုင်ကြသည် (နေဟမိ ၈း၁၆)။ ရှောလမုန်လက်ထက်၌ ဤပွဲကို ကျင်းပသည့်အခါ ကြီးမားသော စည်းလုံးညီညွတ်ခြင်းဖြင့်လည်း အမှတ်အသားပြုသည်။

၂ရာချုပ် ၅း၁၃ တွင် ''သီချင်းဆိုသော သူတို့နှင့် ဝိုင်းလျက်၊ ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ ထောမနာပြုခြင်းငှါ တညီတညွတ် တည်း၊ အသံပြိုင်လျက်၊ ကောင်းမြတ်တော်မူသည်။ ကရုဏာ အစဉ်အမြဲတည် သည်ဟု တံပိုးခွက်ကွင်းအစ ရှိသော တူရိယာမျိုးနှင့်တကွ၊ အသံကို လွှင့်၍ ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းကြသောအခါ ထာဝရဘုရား၏ အိမ်တော်သည် မိုယ်းတိမ်နှင့် ပြည့်၏'' ဟု ဆိုသည်။ ရှောလမုန်လက်ထက်၌ ထာဝရဘုရား၏ ဘုန်းတော်ကို ယူဆောင်လာသော စည်းလုံးညီညွတ်ခြင်း ကဲ့သို့ပင်၊ ကျွန်ုပ်တို့အချိန်၌လည်း စည်းလုံးညီညွတ်ခြင်းသည် ဘုရားသခင်၏

ဘုန်းတော်ကို သူ အသင်းတော် သို့ ယူဆောင်လာမည်။

မိလေနီကာလအတွင်း၌ သကေနေပွဲသည် အဓိက အရေးအကြီးဆုံး ပွဲဖြစ်မည် (ဇာခရိအနာဂတ္တိကျမ်း ၁၄)။ ဤကာလ၌ ယေဇကျေလပရောဖက် ပြုထားသည့်အတိုင်း က္လသရေလနှင့် ယုဒသည် ဘုရားသခင် လက်၌ တစ်ခုတည်းသော တုတ်ချောင်းဖြစ်လာမည် (ယေဇကျေလ ၃၇း၁၆–၂၈)။ ယေဇကျေလ အနာဂတ္တိကျမ်း ၃၇း၂၂ တွင် ဘုရားသခင်က ''ထိုပြည်တွင် က္လသရေလတောင်တို့ အပေါ်၌ လူတစ်မျိုးတည်းဖြစ်စေ၍ ရှင်ဘုရင် တစ်ပါးတည်းသာလျှင် ထိုသူအပေါင်းတို့ကို စိုးစံရလိမ့်မည်။ နောက်တဖန် သူတို့သည် လူနှစ်မျိုးမဖြစ်ရ။ နှစ်တိုင်းနှစ်ပြည်ကွဲပြားလျက် မရှိရ'' ဟု ကတိပေးပါသည်။

ဤအချက်နှင့်ပတ်သက်၍ ဝိညာဉ်ရေးရာပြည့်စုံခြင်းသည် အသင်းတော် အတွက် ဖြစ်ပြီး၊ သကေနေပွဲအတွင်း ဖြစ်မည်။ နောက်ဆုံးသော ကာလ၏ နိုးထမှု၌ လူတို့သည် ဂိုဏ်းဂဏကွဲပြားခြားနားမှုတို့ကို ကရုမစိုက်တော့ဘဲ၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေခြင်းငှါ ဘုရားသခင်၏ ဘုန်းတော် အတွက် အတူတကွ သွားလာလုပ်ရှားမည်။ ဟေရှာယ အနာဂတ္တိကျမ်း ၅၂း၈ က ဝိညာဉ်ရေးရာ ဇိအုန်၌ နေသောဘုရားသခင်၏ လူတို့သည် တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင်လျက် ဘုရားသခင်ကို အတူတကွ ကိုးကွယ် ကြမည်ဟု ကတိပေးပါသည်။ သင်၏ကင်းစောင့်တို့၏ အသံကို နားထောင်ကြ လော့။ သူတို့၏အသံကိုလွှင့်၍၊ ရွှင်လန်းသောအသံနှင့် တညီတညွတ်တည်း ကြွေးကြော်ကြ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် ဇိအုန်မြို့သို့ ပြန်လာ တော်မူကြောင်းကို ကိုယ်တိုင် မြင်ရကြ၏။

## နားနေချမ်းသာခြင်းပွဲ

နားခိုချမ်းသာခြင်းသည် ဤပွဲနှင့်အတူ မရှိမဖြစ် ဒွန်တွဲလျက်နေသည်။ ခုနှစ်နံပါတ်သည် နားနေခြင်းကို ပြောသည်။ ဘုရားသခင်ပင်လျှင် ခုနှစ်ရက် မြောက်သောနေ့တွင် သူ့အလုပ်တွေအားလုံးကနေအနားယူသည် (ကမ္ဘာဦးကျမ်း ၂း၂)။ ဤပွဲသည် တစ်နှစ်တာ၏ သတ္တမမြောက်ပွဲဖြစ်ပြီး၊ သတ္တမလတွင် ခုနှစ်ရက်ပတ်လုံး ကျင်းပသည်။ စုံလင်သော ဝိညာဉ်ရေးရာ နားခိုခြင်းထဲသို့ ဝင်လာခြင်းကိုဆိုလိုသည်။ ဤပွဲ၏ အခြားထူးခြားသည့် အချက်ကတော့၊ ပွဲ၏ ပထမနေ့နှင့် အဋ္ဌမမြောက်နေ့ (ပွဲပြီးသည့် နောက်တစ်နေ့) တို့သည် နှစ်ရက်လုံး ဥပုသ်နေ့ဖြစ်သည်။ မည်သည့်ကာလ ပိုင်းဆိုင်ရာ အလုပ်ကိုမျှ

မလုပ်ဘဲ၊ နားရသောနေ့ဖြစ်သည် (ဝတ်ပြုရာကျမ်း၂၃း၃၅–၃၆)။ ဂျူးလူမျိုးတို့သည် ရိတ်သိမ်းခြင်းကို ပြီးဆုံးပြီး၊ သူတို့လုပ်အား၏ အသီးများကို မြင်ရပြီးနောက်၊ ဤပွဲတော်အတွင်းတွင် နားနေခြင်းချမ်းသာထဲသို့ ဝင်ရောက်ခြင်းဖြစ်သည်။

နောသေဘော်သည် သကေနေပွဲကျင်းပစဉ်ကာလ ဖြစ်သော သတ္တမလတွင် နားလေ၏ (ကမ္ဘာဦးကျမ်း ၈း၄)။ နောက်ဆုံးသောကာလ၏ သကေနေပွဲကျင်းပစဉ်ကာလတွင် ဘုရားသခင်၏ သန့်ရှင်း သူတို့သည် နာနေခြင်းချမ်းသာထဲသို့ ဝင်ရောက်မည့် အကြောင်း ဖော်ပြနေသော အလွန်အရေးပါ၍ သိသာထင်ရှားသော ပရောဖက်ပြုခြင်းဖြစ်သည်။ ထပ်ဆင့်၍ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်သည် ရှောလုမုန်လက်ထက်သကေနေပွဲ ကျင်းပချိန်၌ ယင်း၏ နောက်ဆုံးနားနေရန် နေရာကို ရောက်လာသည်။

ဟေဗြဲသြဝါဒစာ ၄း၉ တွင် တမန်တော်ပေါလုက ''ထိုကြောင့် ဘုရားသခင်၏ လူတို့အဘို့ အလို့ငှါ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏'' ဟု ပြောပါသည်။ ဘုရားသခင်သည် ပင်တေကုတ္တေနေ့၌ သူ၏ဝိညာဉ်တော်ကို အသင်းတော်အပေါ်သို့ သွန်းလောင်းသည့် အချိန်ကာလအတွင်း၌ ပေါလုအသက်ရှင်ခဲ့သည်။ ဤအမှုသည် ဘုရားသခင်၏ ကြီးမားသောလုပ်ရှားမှုဖြစ်သော်လည်း ဘုရားသခင်သည် သူ၏ အသင်းတော်အတွက် သိုထားသော အရာရှိနေဆဲဖြစ်သည်။ ဤပွဲကို ဝိညာဉ် ရေးရာအားဖြင့် ဆင်နွဲကျင်းပချိန်၊ နောက်ဆုံးသော ကာလ၏ နိုးထမှုဖြစ်နေစဉ် ကာလအတွင်း ခရစ်တော်၏ ကိုယ်ခန္ဓာသည်ပင်ပန်းကြီးစွာ အလုပ်လုပ်ရခြင်း တို့မှ ရပ်တံ့ပြီး နားနေဘို့ရန် လာလိမ့်မည်။

### ခရစ်တော်၏ပေါ်ထွန်းတော်မူခြင်းပွဲ

ဤပွဲသည်လည်း သခင်ယေရှုသည် မိမိကိုမိမိ အသစ်သော နည်းလမ်းများဖြင့် သူ၏ လူတို့အား ထင်ရှားဖော်ပြသော အချိန်ဖြစ်သည်။ ယေရှုသည် ဘုန်းပွင့်တော်မူသော တောင်ပေါ်၌ ဘုန်းတော်ထင်ရှား ခြင်းသည် သကေနေပွဲ ပြည့်စုံသည့်ကာလအတွင်း အသင်းတော်၌ ဖြစ်မည့်အရာကို ပုံဆောင်ခြင်းဖြစ်သည်။ ပေတရုက ထိုအရပ်၌ သူတို့နေနိုင်ခြင်းငှါ၄င်း၊ မောရှေ၊ ဧလိယတို့နှင့်အတူ ခရစ်တော်၏ ဘုန်းတော်ကို ခံစားနိုင်ခြင်းငှါ၄င်း၊ တဲဆောက်လိုသည်။ ဗျာဒိတ်ကျမ်း အခန်းကြီး ၁၁ တွင် နောက်ဆုံးသော ကာလ၌ ဤသက်သေခံနှစ်ဦး ဖြစ်သော မောရှေနှင့် ဧလိယတို့သည် တဖန်ထင်ရှားဦးမည်ဖြစ်သည်။

သို့သော် သာ၍ အရေးကြီးတာက ဘုန်းပွင့်တော်မူသော ခရစ်တော်ကို သူ၏ သန့်ရှင်းသူတို့အကြား၌ ထင်ရှားခြင်းကို ကျွန်ုပ်တို့စောင့်မျှော်သည်။

ကျွန်ုပ်တို့ သခင်သည် ကောင်းကင်ဘုံမှနေ၍ ဒုတိယအကြိမ်ကိုယ်ကာယအားဖြင့် ပြန်မကြွလာမီ၊ သူ၏ အသင်းတော်အထဲ၌၄င်း၊ သူ၏ အသင်းတော်အားဖြင့်၄င်း၊ သာ၍ကြီးမားသော နည်းလမ်းများဖြင့် မိမိကိုမိမိ ထင်ရှားမည်။ ရှင်ယောဟန် ခရစ်ဝင် ၇း၂ တွင် ဂျူးတို့၏ သကေနေပွဲ အချိန် ရောက်ကြောင်း ဖတ်ရသည်။ ရှင်ယောဟန်ခရစ်ဝင် ၇း၁၀ တွင် ''ညီတော်တို့သွားပြီးမှ ကိုယ်တော်သည် ထိုပွဲသို့ မထင်မရှားကြွတော်မူ၏'' ဟု ဖတ်ရသည်။ ရှင်ယောဟန် ခရစ်ဝင် ၇း၁၄ က ''ထိုပွဲခံစဉ်တွင်၊ ယေရှုသည် ဗိမာန်တော်သို့ တက်၍ ဆုံးမဩဝါဒ ပေးတော်မူ၏'' ဟု ပြောသည်။ နောက်ဆုံး၊ ရှင်ယောဟန် ခရစ်ဝင် ၇း၃၇ မှာ ''ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သော နေ့မြတ်၌ ယေရှုသည် ရပ်၍ ကြွေးကြော်တော်မူသည်ကား'' ဟု ဖတ်ရသည်။ ခရစ်တော်သည် သကေနေပွဲကျင်းပနေစဉ် တစ်လျှောက်လုံး မိမိကိုယ်မိမိ သာ၍သာ၍ ကြီးမားသောနည်းများဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြနေခြင်းသည် ဤနောက်ဆုံးသောကာလ၌ အသင်းတော်၌ သူပြုမည့်အမှုများကို ဖော်ပြနေသော လက္ခဏာဖြစ်သည်။

မည်သည့်အရာနှင့်တူမည်ကို ကျွန်ုပ်အနည်းငယ် မြည်းစမ်းမိပါသည်။ လွန်ခဲ့သော နှစ်များစွာက ညီလာခံတစ်ခု၌ အခြားအမှုတော်ဆောင်များနှင့် အတူ စင်မြင့်ပေါ်တွင် ကျွန်ုပ်ထိုင်နေသည်။ တခြားအမှုတော်ဆောင် တစ်ယောက် တရားဟောတာကို ကျွန်ုပ်တို့ နားထောင်နေပါသည်။ ရုတ်တရက် ဘုရားသခင်ပေါ်လာပြီး စင်မြင့်ပေါ်သို့ တက်လာသည်။ ထို့နောက် ကျွန်ုပ်ထိုင်သည့်နေရာကို တည့်တည့် လျှောက်လာသည်။ ကျွန်ုပ်ငုံ့ကြည့်လိုက်သည့်အခါ ကျွန်ုပ်လက်များကို မတွေ့ရတော့ဘဲ၊ သံရိုက်ထားခြင်းကြောင့် ဒဏ်ချက်ရာနှင့် ဖြစ်သော သူ့လက်များကိုသာ မြင်သည်။ ကျွန်ုပ်အဝတ်အစားကိုလည်း မတွေ့ရဘဲ၊ သူ၏ဖြူဝတ်လုံကိုသာ တွေ့သည်။

တရားဟောသောသူကိုကြည့်သည့်အခါ ကျွန်ုပ်သည် သူ့အား ဘုရားသခင်၏ မျက်စိဖြင့် ကြည့်နေပြီး၊ ဘုရားသခင်၏ နားနှင့်နားထောင်နေသည်။ ဤအမှုတော်ဆောင်နှင့်ပတ်သက်၍ ဘုရားသခင် ခံစားသည့်အရာကို ကျွန်ုပ်နှလုံးသားထဲ၌ လည်း ခံစားရသည်။ အဲဒီလိုဖြစ်တာ နှစ်မိနစ်ခန့်သာကြာပါသည်။ သို့သော် သင့်အထဲ၌ ခရစ်တော်ရှိဘို့ ဆိုတာဘာကိုဆိုလိုကြောင်း အသစ်သောနည်းလမ်းဖြင့် ကျွန်ုပ်နားလည်လာသည်။ ဘုရားသခင်၏

နှုတ်ကပတ်တော်က ပြောထားသည့်အရာကို ကျွန်ုပ်တို့တွေ့ကြုံ ခံစားနိုင်ကြောင်း ယုံကြည်ကြပါစို့။ ''သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှနှင့်အညီ ပြည့်စုံကြပါမည် အကြောင်း'' (ဧဖက် ၃း၁၉)။ ဤနောက်ဆုံးသော ကာလ၌ ခရစ်တော်နှင့် သူ၏ ပြည့်စုံတော်မူခြင်း သည် သူ၏လူတို့အထဲ၌၄င်း၊ လူတို့အားဖြင့်၄င်း မြင်ရမည်၊ ထင်ရှားစေရမည်။ ဘုရားသခင်ကို ချီးမွမ်းကြလော့။

## ၅။ ဇိအုန်၌နေထိုင်နိုင်ရန် လိုအပ်သော အရည်အချင်းများ

ဇိအုန်၌ နေရန် အရည်အချင်းတဆယ့်ငါးခုကို ဆာလံကျမ်း ၁၅ နှင့် ၂၄ တွင် ဖော်ပြထားသည်။ ဒါဝိဒ်က ဘုရားသခင်၏ သန့်ရှင်းသော တောင်ဖြစ်သော ဇိအုန်၌ မည်သူနေနိုင်မည်နည်းဟု ဘုရားသခင်ကိုမေးပါသည်။ ''အိုထာဝရဘုရား၊ တဲတော်၌ အဘယ်သူသည် တည်းရပါမည်နည်း။ သန့်ရှင်းသော တောင်တော်ပေါ်မှာ အဘယ်သူသည် နေရပါမည်နည်း။'' ဆာလံကျမ်း ၁၅း၂–၅ မှာ သန့်ရှင်းသောဝိညာဉ်တော်က ဒါဝိဒ်၏ မေးခွန်းကို ဇိအုန်မှာ နေနိုင်မည့် အရည်အချင်း ၁၁ ခုဖြင့် ဖြေပါသည်။ ''ဖြောင့်မတ်သော အကျင့်၊ တရားသောအမှုကို ပြုကျင့်၍ သစ္စာစကားကို စိတ်နှလုံးပါလျက် ပြောထသော၊ သူတစ်ပါး၏ အသရေကို ပျက်စေခြင်းငှါ ပြောဆိုခြင်း၊ ကိုယ်နှင့် စပ်ဆိုင်သောသူ၏ အကျိုးကို ပြစ်မှားခြင်း၊ ကိုယ်နှင့် စပ်ဆိုင်သော သူကိုလည်း ကဲ့ရဲ့ ခြင်းကို ရှောင်ထသော ဆိုးယုတ်သောသူကို အယုတ်ဟု ထင်မှတ်လျက် ထာဝရဘုရားအား ကြောက်ရွံ့သောသူကို ရိုသေထသော ကိုယ်အကျိုး ပျက်ရသော်လည်း ကိုယ်ကျိန်ဆိုသော သစ္စာဂတိကို မဖျက်၊ ကိုယ်ငွေကို ချေး၍ အတိုးမယူ၊ အပြစ်မရှိသောသူ၏ တဘက်မှ တံစိုးကိုမခံဘဲ ကျင့်သောသူသည် လှုပ်ရှားခြင်းနှင့် အစဉ်အမြဲ ကင်းလွတ်လိမ့်သတည်း။''

ဆာလံကျမ်း ၂၄း၃–၄ တွင် နောက်ထပ် အရည်အချင်း လေးခုကိုတွေ့ရသည်။ ''ထာဝရဘုရား၏ တောင်တော်ပေါ်သို့ အဘယ်သူသည် တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌ အဘယ်သူသည် ရပ်နေရမည်နည်း ဟူမူကား၊ သန့်ရှင်းသောလက်နှင့် ဖြူစင်သော နှလုံးရှိသောသူ၊ မုသာကို မမှီဝဲမဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကို မပြုသောသူသည်'' ဤဆာလံကျမ်း များကို ဒါဝိဒ်သည် ဇိအုန်တောင်သို့ ပဋိညာဉ်သေတ္တာကို သယ်ဆောင်သွားသည့် အခါ ရေးသောဆာလံဖြစ်သည် (၂ဓမ္မ ၆း၁–၁၆၊ ၁ရာချုပ် ၁၅း၁–၁၆း၆)။

ဒါဝိဒ်သည် ယေဗုသိအမျိုးထံမှ ဇိအုန်တောင်ကို သိမ်းပိုက်ပြီးနောက် ထိုတောင်ပေါ်တွင် ပဋိညာဉ်သေတ္တာတော်ကို ထားရှိလေ၏။ ထိုအချိန်မှစ၍ ထိုနေရာ၌ ဘုရားရှင်ကိန်းဝပ်သောကြောင့် ထိုတောင် သန့်ရှင်းသွားသည် (၂ရာဇဝင် ၆း၆–ရ၊ ၅ရာဇဝင် ၁၁း၄–၉၊ ၁၆း၁)။ ဘုရားသခင်၏ကိန်းဝပ်ရာ ထိုတောင်သည် ဘုရားသခင်၏ မျက်မှောက်တော်နှင့် ပြည့်ဝလျက်တည်ရှိသည်။

ထာဝရဘုရား၏ တောင်ပေါ်သို့အဘယ်သူသည် တက်ရမည်နည်း၊ သန့်ရှင်းရာ ဌာနတော်၌ အဘယ်သူသည် ရပ်နေမည်နည်း'' ဟူသောဒါဝိဒ်၏ ဟစ်ကြွေးသောအသံကို ပရောဖက်တို့အားဖြင့်လည်း ကြားရသည်မှာ ''ငါတို့တွင် အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း'' (ဟေရှာယ ၃၃း၁၄ ကြည့်ပါ) ဟူ၍ဖြစ်သည်။ ငါတို့တွင် အဘယ်သူသည် လောင်သော ကျောက်ပေါ်၌ ရပ်နေနိုင်မည်နည်း။ အဘယ်သူသည် လောင်သောမီးထဲ၌ နေနိုင်မည်နည်း။ အဆိုပါမေးခွန်းများအတွက် ဒါဝိဒ်၏ ဆာလံ ၂၄း၄ အရ ပြောကြားချက်မှာ အရေးကြီးသည် အရည်အချင်းများဖြစ်ကြသည်။ ''သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူ၊ မုသာကို မမှီဝဲ မဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကို မပြုသောသူသည် ထာဝရဘုရား၏ လက်တော်မှ ကောင်းကြီးမင်္ဂလာကို၎င်း၊ ကယ်တင်တော်မူသော ဘုရားသခင်၏ လက်တော်မှ ဖြောင့်မတ်ခြင်းတရားကို၎င်း ခံရလိမ့်မည်။'' ဤနေရာတွင် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဟု မပြောဆိုထားပါ။ ဖြောင့်မတ်ခြင်းတရားကို ဆာတော် ခင်မွတ်သောသူတို့ဆီ ပေးအပ်သည့် ဖြောင့်မတ်ခြင်းသာဖြစ်သည် (မဿဲ ၅း၆)။

ဆာလံ ၂၄း၆ ၌ ဆက်လက်၍ ''ထိုသူသည် ဘုရားသခင်ကို ရှာသော အမျိုး၊ မျက်နှာတော်ကို ရှာသော ယာကုပ်အမျိုးဖြစ်သတည်း'' ဟု ရေးထားသည်။ သို့သော် သန့်ရှင်ဖြူစင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို ကြိုးကြိုးစားစား ရှာဖွေရပါမည်။ ယေဇကျေလအနေဖြင့် ဤအချက်ကို ထိထိမိမိပြောသည်မှာ ''စိတ်နှလုံးအသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏ တရားလမ်းသို့ လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်'' ဟု (ယေဇကျေလ ၃၆း၂၆–၂၇) မှာ ဖော်ပြထားသည်။ ဆက်လက်ပြီး ထပ်မံပြောဆိုသည်မှာ ''ဣသရေလအမျိုးအဘို့ ဤအမှုကို ငါပြုရမည် အကြောင်း၊ သူတို့သည် ငါ့ကိုတောင်းပန်ရကြမည်''

ဟု (ယေဇကျေလ ၃၆း၃၇) မှာဆို၏။ ဤအရာတို့သည် နေရင်းထိုင်ရင်းနဲ့ သူ့အလိုအလျောက် ဖြစ်လာသည်မဟုတ်၊ သူတို့ကိုယ်တိုင် ရှာဖွေရကြမည်ဖြစ်သည်။ ဘုရားသခင်ထံ အကြိမ်ကြိမ်ပူဆာနေရပါမည်။

ဤအရာများကို လျစ်လျူရှုသူများထံ ထိုကောင်းကြီးမင်္ဂလာများ မရောက်ရှိနိုင်ပါ။ သို့ရာတွင် ဘုရားသခင်ကို စိတ်အားထက်သန်စွာ အော်ခေါ်ကာ ''ကိုယ်တော်ဘုရား၊ ကိုယ်တော်ဘုန်းတော်ကိုပြပါ'' ဆိုပြီး တောင်းဆိုသူများထံ ရောက်ရှိနိုင်သည်။ ဤကောင်းကြီး မင်္ဂလာတို့သည် ဘုရားကို ရှာဖွေသည့် မျိုးဆက်အတွက်ဖြစ်သည်။ ဘုန်းကြီးသောဘုရင် ဝင်ရောက်တော်မူရန် မိမိနှလုံးသားတံခါးကို ဖွင့်ပေးသောမျိုးဆက်အတွက် ဖြစ်ပေသည်။

# နိဂုံး

**၁။ ခရစ်တော်ကို ရယူရန် ဆက်လက်ကြိုးစားပါ**

နိဂုံး၌ ဣသရေလခရီးစဉ် အဲဂုတ္တမှ ဇီအုန်ထိခရီးစဉ် အဆုံးသတ်ရာတွင် ကျွန်ုပ်အမှုတော်ဆောင်စဉ်၊ လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က အမှုတော်လုပ်ငန်း၌ ရရှိသောရူပါရုံကို ပြန်လည်ပြောပြလိုသည်။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၏ ဆင်ခြေဖုံးရှိ အသင်းတော်ငယ် တပါးတွင်၊ ကျွန်ုပ်သည် စင်မြင့်ပေါ်တွင် ထိုင်လျက် စကားပြောရန် ကျွန်ုပ်ကို ခေါ်မည့် အချိန်ကို စောင့်နေသည်။ ထိုအချိန်အတောအတွင်း၌ ဘုရားသခင်ထံမှ သတင်းစကားကို မရရှိသေးပါ။ သတင်းစကားတခုခုတော့ပေးရန် ဘုရားသခင်ကို အကြီးအကျယ် ဆုတောင်းနေသည်။

ယောကျ်ားတစ်ယောက် ယခုအချိန်တွင် လမ်းချော်နိုင်သည့် လမ်းတစ်လမ်း အပေါ်၌ လျှောက်လှမ်းသည်ကို ကျွန်ုပ်မြင်ဖူးသည်။ တဖြည်းဖြည်းချင်းဆိုသလို သူသည် အခြားကုန်းမြင့်တစ်နေရာရောက်ရှိကာ ထိုကုန်းမြင့်တွင် အရင်ချိုင့်ဝှမ်း နှစ်ခုတို့ထက် သာလွန်သော တန်ခိုးအသွင်ရှိသည့် ချိုင့်ဝှမ်းတစ်ခု ရှိထားသည်။ ထိုချိုင့်ဝှမ်းတွက် လူအုပ်ကြီးလည်းရှိနေကာ ခရီးသွားသူကို လှမ်းကြည့်၍ အော်ဟစ်သည်မှာ ဒီအချိုင့်ဝှမ်းထဲဆင်းလာခဲ့၊ ငါတို့မှာ ဘုရားကောင်းကြီး အမှန်တကယ်ရှိသည်။ တစ်ချိန်တည်းမှာပင် မြင့်သောအရပ်ကလာသည့် အသံမှာ ''သူတို့ပြောတာ မှန်ပါစေတော့။ ဆင်းသွားပြီး ထိုချိုင့်ဝှမ်းမှာ သွားနေကြပါ။ သင်ကတော့ ပိုမြင့်ရာကို လာခဲ့ပါ'' ဟူသတည်း။

ဘယ်ဘက်တွင် ခမ်းနားထည်ဝါသော အခြားချိုင့်ဝှမ်း တခုရှိရာ၊ ပထမ ချိုင့်ဝှမ်းထက် သာ၍ များစွာ လှပသည်။ ထိုချိုင့်ဝှမ်း၌ များစွာသော လူအုပ်ကြီး ရှိရာ၊ ထိုသူကိုမြင်တာနှင့် ''ကျွန်ုပ်တို့၏ ချိုင့်ဝှမ်းထဲသို့ လာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများစွာ ကျွန်ုပ်တို့၌ရှိသည်'' ဟု အော်ကြသည်။ ထိုနောက် ဟိုးအမြင့်ကနေ အသံတခုကြားရတာက ''သူတို့ ပြောတာမှန်တယ်။ ဒါပေမဲ့ ချိုင့်ဝှမ်းထဲကို ဆင်းသွားရင် အဲဒီနေရာမှာဘဲ သင်ရှိနေမယ်။ ပိုမြင့်တဲ့နေရာကို လာပါ။''

ထိုသူသည်ယင်းလမ်းကြောင်းအတိုင်း ဆက်လျှောက်သွားသည်ကို

ကျွန်ုပ် တွေ့ရသည်။ ဤအချိန်မှာတော့ ယင်းလမ်းကြောင်းသည် အလွန် မတ်စောက် လာသည်။ နောက်ဆုံး၌ ထိုသူသည် အခြားကုန်းမြင့် တခုသို့ ရောက်လာသည်။ ထိုကုန်းမြင့်၌ ယခင်နှစ်ခုထက်သာ၍ ကြီးကျယ် ခမ်းနားပြီး ဂုဏ်ကျက်သရေ ရှိသော တောင်ကြားရှိသည်။ ထိုပြင် ထိုခရီးသည်ကို ကြည့်ပြီး ''ကျွန်ုပ်တို့သည် ကောင်းကြီးမင်္ဂလာကို ကေန်အမှန် ရခြင်းအလို့ငှာ ကျွန်ုပ်၏ တောင်ကြားသို့ ဆင်းလာပါ။'' ဟု အော်ဟစ်ကြသည်။ သို့သော်

တဖန်အထက်က ကြားရသော အသံက ''သူတို့ပြောတာမှန်တယ်။ ဒါပေမဲ့ ထိုနေရာကို ဆင်းသွားလိုက်ပါ။ အဲဒီမှာ သင်ကျန်နေရမည်။ သင်သာ၍ မြင့်ရာကိုလာပါ။'' သူသည် တောင်ပေါ်သို့ ဆက်တက်သည်။

ဤအချိန်မှာတော့၊ ဘယ်လိုဘဲ ဖြစ်ဖြစ်၊ တက်ရတာ ထင်ထားတာထက် သာ၍ ခက်ခဲသည်။ တချို့အချိန်တွေမှာ လက်နှင့် ဒူးတို့ဖြင့် တွားသွားရသည်။ နောက်ဆုံးမှာတော့၊ များစွာသော အားစိုက်ခြင်းနှင့် ဖွဲတို့ကြောင့် တောင်ထိပ်ကို ရောက်သွားသည်။ တောင်ထိပ် ပေါ်မှာ ဘာမျှ မရှိ။ သို့သော်စိတ်ရှည်စွာဖြင့် စောင့်နေသည့်အခါ သခင်ယေရှုခရစ်တော် ပေါ်လာသည်။

နှစ်များကျော်လွန်ပြီးနောက်၊ ဤရုပါရုံကို အနက်ပြန်ရာ၌ ဘုရားသခင်သည် ဆက်လက်အလင်းပေးသည်။ ပထမချိုင့်ဝှမ်းသည် ကယ်တင်ခြင်းချိုင့်ဝှမ်းကို ကိုယ်စားပြုပြီး၊ ဝမ်းမြောက်ခြင်းနှင့် အလင်းရောင်ကို ကိုယ်စားပြုသည်။

(ရှင်ဘုရင် ဒါဝိဒ်သည် (ကိုယ်တော့်) ကယ်တင်ခြင်းကြောင့် ဝမ်းမြောက်ခြင်းကို သုံးနှုန်းထားပါတယ်။) ဒုတိယချိုင့်ဝှမ်း သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံကို ကိုယ်စားပြုသည်။ (ကျွန်တော်တို့ရဲ့ နားခိုမည်နေရာ၊ (သို့) ပန်းတိုင်ကို ကိုယ့်ကိုကိုယ် မဖန်တီးရပါဘူး။ သိနာတောင်က အဖြစ်အပျက်နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ ထိုနေရာမှာ ဘုရားသခင်က ဣသရေလအမျိုးသိမှာ ''သင်တို့သည် ကာလအချိန်စေ့အောင် ဤတောင်၌ နေကြပြီ'' လို ပြောထားပါသည် (တရားဟော ၁း၆)။ တတိယ ချိုင့်ဝှမ်းကတော့ သကေနေပွဲနှင့် နောက်ဆုံးသော ကာလ၏ ကြီးမားသောနိုးထမှုကို ကိုယ်စားပြုသည်။

(ကျွန်တော်တို့၏ နားခိုရာနေရာ (သို့) ပန်းတိုင်အဖြစ် ဤအရာကိုလည်း (တတိယချိုင့်ဝှမ်း) မဖြစ်စေရပါဘူး၊ သာ၍မြင့်သော ကုန်းမြေသို့အရောက် ကျွန်တော်တို့သွားရပေမည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်တောင်ထိပ် တိုင်အောင် တက်ရပါမည်။ ထိုနေရာ၌ ယေရှုကို ဖူးတွေ့ပါလိမ့်မည်။

ချစ်သော ညီအစ်ကိုမောင်နှမတို့၊ ခရစ်တော်သာလျှင် ကျွန်တော်တို့ရဲ့ ပန်းတိုင်ဖြစ်စေကြပါစို့။ သူ့ကောင်းကြီးတို့ကို ပန်းတိုင်မဖြစ်စေကြပါနှင့်။ (ဖိလိပ္ပိ ၃း၈ ထဲမှာ ပြောထားသည် ခရစ်တော်ကို ရရှိပိုင်ဆိုင်သူများထဲမှာ ကျွန်တော်တို့ ပါဝင်ကြပါစို့။ နှစ်ပေါင်းများစွာ ကျွန်တော်နှင့် ကျွန်တော်မိန်းမတို့အတွက် ကောင်းကြီးမင်္ဂလာနှင့် ခွန်အားဖြစ်စေခဲ့သော ဤရုပါရုံလေးသည် မိတ်ဆွေတို့ အတွက် ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်သော မိသာဟာယဖွဲ့ခြင်းတည်းဟူသော ဘုရားသခင်၏ မြင့်မားသော ခေါ်ခြင်းတရားသို့ အရောက်လှမ်းနိုင်ကြစေကြောင်း ခွန်အားနှင့်လှုံ့ဆော်မှု ဖြစ်ပါစေ။

## ၂။ သင်၏ ခရီးစဉ်၌ သင် ဘယ်မှာလဲ

ကျွန်ုပ်တို့ မိမိကိုယ်မိမိမေးရမည့် မေးခွန်းသည် ''ဘုရားသခင် ကျွန်ုပ်၏ ဝိညာဉ်ရေးရာ ခရီးစဉ်၌ ကျွန်ုပ် ဘယ်မှာလဲ။ နောက်တဆင့် ကျွန်ုပ်ကို ခေါ်သွား ချင်တဲ့နောက်ထပ်ခြေလှမ်းကဘာလဲ'' ဖြစ်သည်။ ယခုပင် ရပ်တံ့၍ သင့်ကိုယ်ပိုင် ခရီးစဉ်၌ သင်ဘယ်မှာလဲဆိုတာ ဘုရားသခင်ဖော်ပြဘို့ တောင်းခံပါ။

အကယ်၍ သင်သည် သခင်ယေရှုခရစ်တော်ကို သင့်၏ ကိုယ်ပိုင် ကယ်တင်ရှင်အဖြစ် မသိပါက၊ သင့်အပြစ်များကို ဝန်ချတောင်းပန်ပြီး၊ သင်၏ နှလုံးသားထဲ၌ ယေရှုလာဘို့၊ သင့်ကို ခွင့်လွှတ်ဘို့၊ သင့်အပြစ်များကို ဆေးကြောစင်ကြယ်စေဘို့၊ သင့်ကိုထာဝရ အသက်ပေးဘို့ သင်၏ သခင်နှင့် ကယ်တင်ရှင်ဖြစ်ဘို့ ဆုတောင်းပါ။ ရောမဩဝါဒစာ ၁၀း၉–၁၀ က ''အဘယ်သို့ နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏'' ဟု ဆိုသည်။ အကယ်၍ ခရစ်တော်ကို သင်၏ ကယ်တင်ရှင် အဖြစ် သင်သိသော်လည်း သင်လျှောက်ရမည်ဟု သင်သိသည့်အတိုင်း သူနှင့်အတူ သင်မ လျှောက်လှမ်းပါ။ ဤအခွင့်ကောင်းကိုယူ၍ သင်၏ အသက်တာကို တဖန်ပြန်လည် ဆက်ကပ်ပါ။

သင်သည် ခရစ်တော်ကို သင့်၏ ကယ်တင်ရှင် အဖြစ် သင်သိသော် လည်း၊ ရေနှစ်ခြင်းမင်္ဂလာကို တခါမျှမခံဘူးသေးဘူးဆိုပါက၊ ရေနှစ်ခြင်းခံရန် သင်၏ သင်းအုပ်ဆရာကို တောင်းခံပါ။ နောက် မကျသေးပါဘူး။ အကယ်၍ သင်၌ အသင်းတော်မရှိပါက သင့်ဒေသ၌ ကျမ်းစာကို ယုံကြည်၍ ကောင်းမွန် သော အသင်းတော်ကို ရှာပြီး ထိုအသင်းတော်မှ သင်းအုပ်ဆရာက သင့်ကို ရေနှစ်ခြင်းပေးရန် တောင်းဆိုပါ။

အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်းကို တခါမျှ မခံဘူးဘူးဆိုရင် ယနေ့သည် ထိုနှစ်ခြင်းကို ရယူဘို့ဖြစ်သည်။ အခြားသော ဘာသာစကား ပြောခြင်းသည် သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူးတပါး ဖြစ်သော်လည်း လူဘက်က ပါဝင်ရသောအရာများလည်းရှိသည်။ ကျွန်ုပ်တို့သည် အသံထွက် အောင် စကားပြောရမည်။ အဲဒါက ကျွန်ုပ်တို့ အပိုင်း။ သို့သော် စကားလုံးများကို ဝိညာဉ်တော်က ပေးခြင်းဖြစ်သည်။ တမန်တော်ဝတ္တု ၂း၄ က ''ဝိညာဉ်တော် သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည် အတိုင်း

အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏'' ဟု ဆိုသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ဝင်လာ၍ ကျွန်ုပ်တို့အားဖြင့် ဆီးကြိုချင်သည်။ မိမိဘာသာစကားဖြင့် ဘုရားသခင်ကို ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းဖြင့် အစပြုခြင်းသည် ကောင်းသော အကြံဖြစ်သည်။ ထိုနောက် ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့၏ အသံများကို ဘုရားသခင်ထံအပ်နှံပြီး ဘာသာစကားသစ် ပြောခြင်းဖြင့် အစပြုပါ။ ဘာပြောရမည်ဆိုတာ ကျွန်ုပ်တို့ စဉ်းစားစရာမလို။ စိတ်ထဲမှာ စကားလုံးများကို စီစရာလည်း မလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နားမလည်နိုင်သော ဘာသာစကားဖြစ်လို့ဘဲ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ ဦးနှောက်နှင့် အသိဉာဏ်တို့ကို ဖြတ်သန်ပြီး ကျွန်ုပ်တို့အားဖြင့် စကားပြောသည်။ စကားလုံးများကို လုပ်ယူစရာမလို။ သူတပါး၏ အခြားသော ဘာသာစကားကိုလည်း တုခိုးရန်မကြိုးစားရ။

အကယ်၍သင်သည် ဝိညာဉ်တော်နှင့် ပြည့်ဝသော်လည်း သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးများ လုပ်ဆောင်မှုပါက၊ သင့်အသက်တာ၌ ဝိညာဉ်တော်ဆုကျေးဇူးများ အသစ်တဖန် ပြန်လည်ဆန်းသစ်ရန် ဘုရားသခင်ထံဆုတောင်းပါ။ ၁ကောရိန္တု ၁၄း၁ တွင် ရှင်ပေါလုက ''ချစ်ခြင်းမေတ္တာကိုမှီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန် အလိုရှိသည်တွင်၊ ပရောဖက်ပြုရသောအခွင့်ကို သာ၍ လိုချင်သော စိတ်ရှိကြလော့'' ဟု ဆိုသည်။

အကယ်၍ ယခုသင်သည် တောလမ်းခရီး၌ ရှိသည်ဆိုပါစို့။ မညည်းတွားနှင့်။ လက်မြှောက် အရှုံးမပေးပါနှင့်။ ဣသရေလတို့သည် မာရအရပ်၌ ခါးသောရေနှင့် တွေ့ရသကဲ့သို့ ခါးသော အတွေ့အကြုံ ကို ဖြတ်သွားနေတာ ဖြစ်ကောင်း ဖြစ်ပေမည်။ သို့မဟုတ် ငွေကြေးလိုအပ်ချက် ကိုယ်ကာယပိုင်းဆိုင်ရာ လိုအပ်ချက်တို့ကို တွေ့ကြုံနေရတာလည်းဖြစ် နိုင်သည်။

ဘုရားသခင်ကို မီး၌ ကျေးဇူးတင်ခြင်း၊ ချီးမြှောက်ခြင်းတို့ကို ဆက်လက်ပြုလုပ်ပါ (ဟေရှာယ ၂၄း၁၅)။ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့် (သုတ္တံကျမ်း ၃း၅–၆)။ ဤသို့ပြုလိုက်သည်နှင့်၊ ဘုရားသခင်သည် သင့်တောလမ်းခရီးစမ်းသပ်စစ်ဆေးခြင်းမှ သင့်ကို အောင်မြင်ခြင်းနှင့် ခေါ်ဆောင်ပြီး သင်သည် အောင်မြင်သောသူထက် အောင်မြင်သူဖြစ်လာမည် (ရောမသြဝါဒစာ ၈း၃၇)။

သင်သည် ဘုရားသခင်၌ ရင့်ကျက်ပြီး အမှုတော်ဆောင်လည်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် သင့်နှလုံးသားသန့်ရှင်းစင်ကြယ်စေဘို့နှင့် နှလုံးသား

အရေဖျားလှီးခဘို့ လိုအပ်နေဆဲဖြစ်သည်။ ထိုနောက် သင်သည် ယော်ဒန်မြစ်၌ ရောက်နေသည်။ သင့်နှလုံးသား အရေးဖျားလှီးရန် ဘုရားသခင်အား အခွင့်ပေးပါ (တရားဟောရာကျမ်း ၁၀း၁၆၊ ၃၀း၆)။ သင့်အသက်တာ၌ ပြည့်စုံလင်သော အောင်မြင်ခြင်းကို ရခြင်းငှါ သင့်အသက်တာ၏ အတွင်းရန်သူ၊ အပြင်ရန်သူ အားလုံးကို ရှင်းပစ်လိုက်ပါ။

သင်သည် တချိန်တခါ၌ သင့်ကိုယ်ပိုင်အသက်တာ၌သော်၄င်း၊ သင့် အမှုဆောင်ခြင်း၌ ၄င်းနိုးထမှုကို တွေ့ကြုံခံစားကောင်း ခံစားရပေမည်။ ထိုနိုးထမှုသည် အဆုံးသတ် မဟုတ်ကြောင်း မမေ့ပါနှင့်။ ခရစ်တော်၌ မဆုံးသတ်ရန် လမ်းကြောင်းသာဖြစ်သည်။ ခရစ်တော်ကို မရမချင်း ကြိုးစားရန် ဆက်ပြေးပါ။

သင်သည် ကုလားကာအတွင်းထဲသို့ဝင်ပြီး ဘုရားသခင်၏ မျက်မှောက် တော် ထင်ရှားခြင်းကို တွေ့ကြုံပြီး၊ ဘုရားသခင်ကိုလည်း ရီးနီးစွာ သိကောင်းသိ ပေလိမ့်မည်။ သို့ဖြစ်စေကာမူ သင့်ခရီးစဉ် အဆုံးမဟုတ်သေးပါ။ ဘုရားသခင်၏ ဘုန်းတော်ကို ကမ္ဘာမြေကြီးပေါ်ရှိ တိုင်းနိုင်ငံများသို့ သင်သယ်ဆောင် သွားရမည်။

ဤအမှုကို သင်ဆောင်ရွက်နေပြီဆိုပါက သင့်ရဲ့ခရီးအဆုံးကို သင်မရောက် သေးပါ။ ရှင်ပေါလုက ဖိလိပ္ပိသြဝါဒစာ ၃း၁၂–၁၃ တွင် ''ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို။ အကြင်အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို ကိုင်ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှါ ငါပြေး၍ လိုက်သေး၏။ ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ် မထင်သော်လည်း၊ ငါပြုသော အမှုတခုမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကို လှမ်းကမ်း၍'' ဟု ဆိုပါသည်။ သင့်ကိုယ်ပိုင် အသက်တာ၌ ခရစ်တော်ကို နေ့ရက်စဉ်တိုင်းသာ၍ ရင်းနှီးကျွမ်းဝင်ခြင်း ငှါသင်သည် ကြိုးစား၍ ဆက်လက်ပြေးရမည်။ ဘုရားသခင်နှင့်အတူ လုပ်ရှားနေရန် အဓိကသော့ချက်သည်၊ ဘုရားသခင်က ကျွန်ုပ်တို့ အသက်တာ၏အမှုကိစ္စများကို ကိုင်တွယ် ဖြေရှင်းသည့်အခါ ''ဟုတ်ကဲ့'' ဟု အမြဲတမ်းပြောရန် ဖြစ်သည်။

ဤနောက်ဆုံးသောကာလတွင် သင့်ကို၄င်း၊ အသင်းတော်ကို၄င်း ဝိညာဉ် ရေးရာ ဖီအုန်သို့ ဘုရားသခင် ခေါ်သွားချင်သည်။ ဣသရေလတို့၏ အဲဂုတ္တုပြည်မှ ဂတိတော်မြေသို့ ခရီးစဉ်သည် နှစ်နှစ်သာဖြစ်ရမည်ဖြစ်သော် လည်း၊ ဣသရေလတို့သည် ကာဒေရှဗာနာ အရပ်တွင် ဘုရားသခင်စကား

ကို နားမထောင်ကြ။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ့အား နားထောင်နာခံခြင်း၌ လျှောက်လှမ်းသည်နှင့်အမျှ ကျွန်ုပ်တို့၏ ခရီးစဉ်ကို တိုးပွားလျှင်မြန်ခြင်းငှါ ကူမနိုင်သည်။

သင့်ဝိညာဉ်ရေးရာ ခရီးစဉ်၏ မည်သည့်နေရာဘဲ ရောက်ရောက်၊ ဆက်လက်ကြိုးစားသွားဘို့ သင့်အား ဘုရားသခင် အလိုရှိသည်။ ခရစ်ယာန်အသက်တာ တလျှောက်လှမ်းခြင်း၌ ကုန်းပြင်မြင့်လေးဘဲ မဖြစ်နှင့်၊ စိတ်ဓါတ်မကျနှင့်၊ သို့မဟုတ် မိမိကိုယ်မိမိ မကျေနပ်နှင့်။ ဆက်၍ ကြိုးစားပြေးပါ။ ဤသည်ကား၊ ကျွသရေလတို့၏ ခရီးစဉ်ကို လေ့လာသည့်အခါ အခြေခံကျသော အဓိကအချက်ဖြစ်သည်။ သင်၏ ဝိညာဉ်ရေးရာ ခရီးစဉ်သည် ကောင်းကင်မရောက် မချင်း မပြီးဆုံးသေးပါ။

ကျွသရေလတို့၏ ခရီးစဉ်နှင့် ယုံကြည်သူတို့၏ ဝိညာဉ်ရေးရာ ခရီးစဉ်ကို လေ့လာခြင်းသည် သင့်အား ကောင်းကြီးမင်္ဂလာနှင့် ခွန်အားဖြစ်စေပြီး၊ ခရစ်တော်ကို ရခြင်းငှါ ဖိအုန်တောင်သို့ဆက်လက်ကြိုးစားပြေးနိုင်မည့် အကြောင်း ကျွန်ုပ်ဆုတောင်းပါသည်။ ချစ်သော စာဖတ်ပရိသတ်အားလုံးကို ဘုရားသခင်ကြွယ်ဝစွာ ကောင်းကြီးပေးပါစေ။

♛♛♛♛♛

# နောက်ဆက်တွဲ (က)

**ဣသရေလတို့ခရီးစဉ်၏ လိုရင်းအချုပ်**

၁။ မောရှေ၏အသက်တာ

ကံ။ သူ့အသက်တာအစောပိုင်း

(၁) သူ၏မျိုးစဉ်ဆက်စာရင်း (ထွက် ၂း၁)။

(၂) မွေးဘွားခြင်း (ထွက် ၂း၂)

(၃) ဖာရောမင်း၏ နန်းတော်၌ ကြီးပြင်းခြင်း (တမန် ၇း၂၂)။

(၄) အဲဂုတ္တုလူမျိုး၏သားဖြစ်ခြင်းကို ငြင်းပယ်ခြင်း (ဟေဗြဲ ၁၁း၂၄)။

(၅) သူ၏လူတို့ကို ကာကွယ်ခြင်း (ထွက် ၂း၁၁)။

(၆) အဲဂုတ္တုပြည်မှထွက်ပြေးခြင်း (ထွက် ၂း၁၅)

ခ။ အရေဖျသဲကန္တာရ၌

(၁) ယေသရော၏ သမီးများကို ကူညီသည် (ထွက် ၂း၁၇)။

(၂) ဇိပေါရနှင့် လက်ထပ်ထိမ်းမြားသည် (ထွက် ၂း၂၀)။

(၃) တောလမ်းခရီး၏ ရည်ရွယ်ချက် (ထွက် ၂း၂၂)။

(၄) ဘုရားသခင်၏ ရွေးချယ်ခံရခြင်း (ထွက် ၃း၁၁)။

ဂ။ အဲဂုတ္တုသို့ပြန်သွားသည်။

(၁) လောင်နေသော ချုံပုတ် (ထွက် ၃း၂–၄း၁၇)။

(၂) စားခန်းစရပ်၌ အရေဖျားလှီးခြင်း (ထွက် ၄း၂၄–၂၅)။

(၃) အာရုန်ကိုတွေ့သည် (ထွက် ၄း၂၇–၂၈)။

(၄) အသက်ကြီးသူတို့ကို စုဝေးသည် (ထွက် ၄း၂၉–၃၁)။

ဃ။ အဲဂုတ္တု၌

(၁) ဖာရောမင်း၏ငြင်းပယ်ခြင်းအစ (ထွက် ၅း၁–၄)။

(၂) ဝန်ထုပ်ကိုတိုးမြှင့်ခြင်း (ထွက် ၅း၅–၁၉)။

(၃) ဣသရေလတို့၏ ငြင်းပယ်ခြင်း (ထွက် ၅း၂၀)။

(၄) တဖန် ဣသရေလတို့သည် နားမထောင် (ထွက် ၆း၉)။
(၅) ဖာရောဘုရင်၏ ဘုရားအရာ၌ ခန့်ထား၏ (ထွက် ၇း၁–၁၁း၃)။
(၆) ဝိဇာဆရာတို့နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း (ထွက် ၇း၁၀–၁၃)။
(၇) ကပ်ဘေးဆယ်ခု (ထွက် ၇း၁၄–၁၂း၂၉)။
(၈) ပသခါပွဲကို တည်ထောင်ခြင်း (ထွက် ၁၂း၁–၂၉)။
(၉) ပင်လယ်နီသို့ ခရီးစဉ် (ထွက် ၁၂း၃၁)။
(၁၀) ဖါရောဘုရင်လိုက်ခြင်း (ထွက် ၁၄း၅–၁၂)။

 င။ ပင်လယ်နီမှ သိနာတောသို့
(၁) ပင်လယ်နီကိုဖြတ်ကျော်ခြင်း (ထွက် ၁၄း၁၃–၃၁)။
(၂) မောရှေ၏သီချင်း (ထွက် ၁၅း၁–၂၂)။
(၃) ခါးသောရေ (ထွက် ၁၅း၂၃)။
(၄) ကျွန်ုပ်တို့အနာကို ငြိမ်းစေသော ထာဝရဘုရား (ထွက် ၁၅း၂၆)။
(၅) ဧလိမ်ရွာ (ထွက် ၁၅း၂၇)။
(၆) အစာလိုအပ်ခြင်း (ထွက် ၁၆း၁–၃၆)။
(၇) ရေလိုအပ်ခြင်း (ထွက် ၁၇း၁)။
(၈) အာမလက်တို့နှင့် စစ်တိုက်ခြင်း (ထွက် ၁၇း၈–၁၆)။
(၉) ကိုယ်စားလှယ် (ထွက် ၁၈)။

စ။ သိနာတောင် (ထွက် ၁၉း၂ မှ တောလည် ၁၀း၁၀)။
(၁) သိနာတောင်သို့ခရီးတို (ထွက် ၁၉း၁)။
(၂) ဘုရားသခင်၏ မျက်မှောက်တော်သို့ ခေါ်ခြင်းခံရ။
(၃) လူတို့ကိုသန့်ရှင်းစင်ကြယ်စေခြင်း (ထွက် ၁၉း၉–၂၅)။
(၄) မောရှေသည် ပညတ်တော်ကို လက်ခံရယူသည် (ထွက် ၂၀း၂၃)။
(၅) ဣသရေလတို့နှင့် ပဋိညာဉ်ကို အတည်ပြုခြင်း (ထွက် ၂၃း၂၀–၃၃)။
(၆) တောင်ပေါ်၌ ရက်ပေါင်းလေးဆယ် (ထွက် ၂၄း၁၂)။
(၇) တဲတော်ပုံစံ (ထွက် ၂၅း၃၁)။
(၈) ရွှေနှင့် သွန်းသောနွားသငယ် (ထွက် ၃၂)။
(၉) ပညာတော်ကျောက်ပြားကို ချိုးဖဲ့ခြင်း (ထွက် ၃၂း၁၉)။
(၁၀) လေဝိအမျိုးသားတို့သည် ခေါ်ခြင်းကို တုံ့ပြန်သည် (ထွက် ၃၂း၂၆–၂၈)။

(၁၁)မောရှေသည် ဣသရေလလူတို့အတွက် ကြားနေဆုတောင်းပေးခြင်း (ထွက် ၃၂း၃၀–၃၂)။

(၁၂) ဘုရားသခင်သည် သူ့အား မျက်နှာချင်းဆိုင် စကားပြောသည် (ထွက် ၃၃း၁၁၊ ၃၄း၆)။

(၁၃) တောင်ပေါ်၌ ဒုတိယအကြိမ် ရက်ပေါင်း လေးဆယ် (ထွက် ၃၄း၂၈)။

(၁၄) သူ၏မျက်နှာကို ဖုံးအုပ်သည် (ထွက် ၃၄း၂၉–၃၅)။

(၁၅) တဲတော်ကိုတည်ဆောက်ခြင်း (ထွက် ၃၆–၄၀)။

(၁၆) အာရုန်ကို ယဇ်ပုရောဟိတ်အဖြစ် ဆက်ကပ်ခြင်း (ဝတ်ပြု ၈)။

(၁၇) လူတို့ကို ရေတွက်ခြင်း (တောလည် ၁)။

(၁၈) ပသခါပွဲကို စောင့်ထိန်းခြင်း (တောလည် ၉)။

(၁၉) ဟောဗပ်၏ အထောက်အမရယူသည် (တော ၁၀း၂၉)။

ဆ။ သိနာတောင်မှ ကာဒေရှဘာနာသို့

(၁) မြည်တမ်းသောသူတို့ကို ဘုရားသခင်၏ မီးသည် လောင်လေ၏ (တောလည် ၁၁း၁–၃)။

(၂) ရောနှောသောလူအုပ်သည် အသားကို တောင့်တစွဲလန်းကြ၏ (တောလည် ၁၁း၄–၆)။

(၃) ဘုရားသခင်ထံသို့ အော်ဟစ်ခြင်း (တော ၁၁း၁၁–၁၅)။

(၄) အသက်ကြီးသူ ခုနစ်ဆယ်တို့ကို ခန့်ထားခြင်း (တော ၁၁း၁၆–၂၅)။

(၅) အခြားပရောဖက်များအား မောရှေ၏ ရက်ရောသော သဘောထား (တောလည် ၁၁း၂၅–၃၀)။

(၆) အသားအတွက် တပ်မက်စွဲလန်းသောသူတို့ကို သင်္ဂြိုလ်သည် (တောလည် ၁၁း၃၁–၃၅)။

(၇) အာရုန်နှင့် မိရိအံတို့၏ ပြစ်တင်ဝေဖန်ခြင်းကို ကြံ့ကြံ့ခံသည် (တောလည် ၁၂)။

(၈) တောလမ်ခရီး၏ ရည်ရွယ်ချက်

ဇ။ ကာဒေရှဘာနာ

(၁) မြေကိုကြည့်ရန် သူလျှိုဆက်နှစ်ယောက်ကို စေလွှတ်ခြင်း (တော ၃း၁၄)။

(၂) သူလျှိုဆယ်ယောက်ပြောသော မကောင်းသတင်း (တော ၁၃း၃၁–

၃၃)။

(၃) ယောရှုနှင့် ကာလက်တို့၏ စိတ်သဘောထား။

(၄) ဘုရားသခင်သည် မယုံကြည်ခြင်းကို ဖျက်ဆီးဘို့ ရှာနေသည် (တော ၁၄း၁၁–၁၂)။

(၅) ဘုရားသခင်၏ ချီးမြှောက်ခြင်းအတွက် အသနားခံခြင်း (တော ၁၄း၁၅–၂၀)။

(၆) တောလမ်းခရီး၌ စုံစမ်းစစ်ဆေးခြင်း ဆယ်ခုကို ပြန်လည်သုံးသပ်ခြင်း။

(၇) ဣသရေလတို့သည် တော၌သေရန် ဘုရားသခင် ပြန်အပ်လိုက်သည် (တော ၁၄း၂၁–၃၇)။

(၈) အတင့်ရဲလွန်းခြင်းနှင့် ဖက်ပြိုင်သည် (တော ၁၄း၃၉–၄၅)။

၁။ ကာဒေရှဘာနာမှပိစဂသို့

(၁) ကောရ၏ ပုန်ကန်ခြင်း (တော ၁၆)။

(၂) အာရုန်၏ လှံတံ (တော ၁၇)

(၃) မိရိအံ သေဆုံးခြင်း (တော ၂၀း၁)။

(၄) အပြစ်ပြုရန် ဆွပေးသည် (တော ၂၀း၇)။

(၅) ဂတိတော်မြေသို့ မောရှေနှင့် အာရုန်မဝင်ရ (တော ၂၀း၁၂)။

(၆) ဧဒုံသည် ဣသရေလတို့ကို ဖြတ်သွားခွင့်မပြု (တော ၂၀း၁၄–၂၁)။

(၇) အာရုန် သေဆုံးခြင်း (တော ၂၀း၂၃–၂၉)။

(၈) ဣသရေလတို့ စိတ်ဓါတ်ကျလာသည် (တော ၂၁း၄)။

(၉) ကြေးဝါးဖြင့် လုပ်ထားသော မြွေ (တော ၂၁း၉)။

(၁၀) ရေပန်းထွက်နေသော ရေတွင်း (တော ၂၁း၁၆–၁၇)။

(၁၁) ဗာလမ်၏ ဆိုးညစ်ခြင်း (တော ၂၂း၂၅)။

(၁၂) မျိုးဆက်သစ်ကို ရေတွက်သည် (တော ၂၆)။

(၁၃) ခေါင်းဆောင်သစ် ရွေးသည် (တော ၂၇း၁၅–၁၇)။

(၁၄) ညံ့ဖျင်းသောအမွေကို ရွေးခြင်း (တော ၃၂)။

(၁၅) မျိုးဆက်သစ်အား ပညတ်တော်ကို တဖန်ထပ်၍ ပြောသည် (တရားဟော ၅–၁၁)။

(၁၆) နောက်ဆုံးသောကာလအတွက် ပရောဖက်ပြုနှုတ်မြွက်စကား (တရားဟော ၂၉–၃၁)။

(၁၇) တံပိုးမှုတ်ပွဲ
(၁၈) မောရှေသေဆုံးခြင်း (တရားဟော ၂၄)။

၂။ ခါနာန်သို့ ဖြတ်ကျော်ဝင်ရောက်ခြင်း

က။ ခေါင်းဆောင်သစ်ယောရှု

(၁) သူ၏အစောပိုင်းအသက်တာ
(၂) အာမလက်တို့ကို တိုက်ရာ၌ ဣသရေလတို့ကို ဦးဆောင်သည် (ထွက် ၁၇း၈–၁၆)။
(၃) မောရှေ၏အစေခံ
(၄) ဘုရားသခင်၏ မျက်မှောက်တော်၌ မပျောက် မပျက်ရစ်ဝဲနေခြင်း (ထွက် ၃၃း၁၁)။
(၅) သူ၏မရင့်ကျက်မှု (တော ၁၂း၂၅–၃၀)။
(၆) သူနှင့် ကာလက်တို့သည် ကောင်းသော သတင်းကို ယူလာသည် (တော ၁၄း၆–၁၀)။
(၇) သူ၏အမွေကို မြည်းစမ်းရသည် (တော ၁၃း၁၆–၂၇)။
(၈) လူတို့၏ထင်မြင်ယူဆချက်များကို ကြံ့ကြံ့ခံနိုင်သည် (တော ၁၄း၁၀)။
(၉) ခေါင်းဆောင်သစ်အဖြစ် ဆက်ကပ်သည် (တော ၂၇း၁၈–၂၃)။
(၁၀) မောရှေကို ဆက်လက်နာခံသည် (တော ၃၂း၈–၉)။
(၁၁) ယောရှုနှင့် လေဝိအာတို့ မြေကိုခွဲဝေခြင်း (တော ၃၄း၁၇)။
(၁၂) မောရှေသည် သူ့ကို အားပေးသည် (တရားဟော ၁း၃၈)။
(၁၃) သူ၏ခေါင်းဆောင်မှုကို ပရိသတ်က ထောက်ခံသည် (တရားဟော ၃၁း၃–၈)။
(၁၄) ခေါင်းဆောင်အပြောင်းအလဲ (တရားဟော ၃၁း၁၄–၁၅)။
(၁၅) ဘုရားသခင်သည် သူ့ကို တိုက်ရိုက်စကား ပြောသည် (ယောရှု ၁း၁–၉)။

ခ။ ယော်ဒန်ကိုဖြတ်သွားခြင်း

(၁) ယော်ဒန်မြစ်၏အရေးပါမှု
(၂) အရေဖျားလှီးခြင်း၏အရေးကြီးခြင်း

ဂ။ ဘုရင်သုံးဆယ့်တပါး

ဘုရင် ၁ – မိမိ အလို
ဘုရင် ၂ – မိမိကိုယ်မိမိ အလိုလိုက်ခြင်း
ဘုရင် ၃ – မိမိအဘို့သာ ရှာဖွေခြင်း
ဘုရင် ၄ – မိမိကိုယ်ကိုမိမိ ကျေနပ်ခြင်း
ဘုရင် ၅ – မိမိကိုယ်မိမိ ချီးမြှောက်ခြင်း
ဘုရင် ၆ – မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်း
ဘုရင် ၇ – မိမိကိုယ်မိမိ သိသောစိတ်
ဘုရင် ၈ – မိမိသာ အရေးကြီးခြင်း
ဘုရင် ၉ – မိမိကိုယ်မိမိ တန်ဘိုးလျှော့ချခြင်း
ဘုရင် ၁၀ – မိမိသာ အပြစ်ကင်းခြင်း
ဘုရင် ၁၁ – မိမိကိုယ်မိမိ အထိမခံခြင်း
ဘုရင် ၁၂ – မိမိကိုယ်မိမိသာ မြင်ခြင်း
ဘုရင် ၁၃ – မိမိတွေးခေါ်ခံစားမှု၌သာ အာရုံစိုက်ခြင်း
ဘုရင် ၁၄ – မိမိကိုယ်မိမိ ချစ်ခြင်း
ဘုရင် ၁၅ – တကိုယ်ကောင်းဆန်သော ချစ်ခင်နှစ်သက်မှု
ဘုရင် ၁၆ – တကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်
ဘုရင် ၁၇ – တကိုယ်ကောင်းဆန်သော ဆန္ဒ
ဘုရင် ၁၈ – တကိုယ်ကောင်းဆန်သော ရွေးချယ်မှု
ဘုရင် ၁၉ – တကိုယ်ကောင်းဆန်သော သာယာမှု
ဘုရင် ၂၀ – တကိုယ်ကောင်းဆန်သော ပိုင်ဆိုင်မှု
ဘုရင် ၂၁ – တကိုယ်ကောင်းဆန်သော ကြောက်ရွံ့ခြင်းနှင့်ဂရုစိုက်မှု
ဘုရင် ၂၂ – တကိုယ်ကောင်းဆန်သော ဝမ်းနည်းမှု
ဘုရင် ၂၃ – တကိုယ်ကောင်းဆန်သော အနစ်နာခံမှုနှင့် ငြင်းပယ်ခြင်း
ဘုရင် ၂၄ – တကိုယ်ကောင်းဆန်သော သီလနှင့် ကိုယ်ကျင့်တရား
ဘုရင် ၂၅ – တကိုယ်ကောင်းဆန်သော ဖြောင့်မတ်ခြင်း
ဘုရင် ၂၆ – တကိုယ်ကောင်းဆန်သော သန့်ရှင်း စင်ကြယ်မှု
ဘုရင် ၂၇ – တကိုယ်ကောင်းဆန်သော ကောင်းမှုကုသိုလ်
ဘုရင် ၂၈ – တကိုယ်ကောင်းဆန်သော ခရစ်ယာန် အလုပ်များ
ဘုရင် ၂၉ – တကိုယ်ကောင်းဆန်သော ဆုတောင်းခြင်း
ဘုရင် ၃၀ – တကိုယ်ကောင်းဆန်သော မျှော်လင့် ခြင်း

ဘုရင် ၃၁ – ကျွန်ုပ်တို့အသက်တာတခုလုံး

ဃ။ မပြည့်စုံသော အောင်မြင်ခြင်း

(၁) ဂတိတော်မြေကို သိမ်းပိုက်ရာ၌ ပေါ့လျော့ခြင်း

(၂) တရားသူကြီးမှတ်စာ

(၃) ဘုရားသခင်၏ ပြစ်တင်ကြိမ်းမောင်းခြင်း

(၄) မိတ်ဆွေဖွဲ့ခြင်း

၃။ ဖိအုန်တောင်ကို အမွေခံခြင်း

က။ ရှိလော

(၁) ရှိလောမြို့၏ ရာဇဝင်သမိုင်း

(၂) ဘုရားသခင်၏ ဘုန်းတော်သည် ရှိလောမှ ထွက်ခွာသွားသည်။

(၃) ယုံကြည်သူများအတွက် ရှိလောမှ သင်ခန်းစာ

ခ။ ဟေဗြုန်

(၁) ဒါဝိဒ်၏ အသက်တာနှင့် မိတ်ဆက်ခြင်း

(၂) ဟေဗြုန်၏ ဝိညာဉ်ရေးရာ အရေးပါမှု

ဂ။ ဖိအုန်တောင်

(၁) ဖိအုန်ရာဇဝင်သမိုင်း

(၂) ဖိအုန်၌ မွေးဘွားခြင်း

(၃) ဖိအုန်၏ ဝိညာဉ်ရေးရာ အရေးပါမှု

(၄) သကေနေပွဲ

(၅) ဖိအုန်၌ နေထိုင်ရန် အရည်အချင်းများ

ဃ။ နိဂုံး

(၁) ခရစ်တော်ကို ရခြင်းငှါ ကြိုးစားပြေးလော့

(၂) သင်၏ ခရီးစဉ်၌ သင်ဘယ်မှာလဲ

♛♛♛